
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၈၁ ခုနှစ် ရုပ်ရှင်လော ၁၅ ရက်နေ့တွင် ထောင်ထွက်လာသည့်

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်

ချစ်ပုံဇာတ်လမ်း

အမှတ် ၃၀၀ ဒီဇင်ဘာ ၂၀၁၄

စာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အမှုဆောင် စာတည်း
မသီတာ(စိမ်းလဲ့)

ရွှေပန်းချီ
ဇော်ဝင်း
(ဓာတ်မျှောသီး)
ဆန်နီညိမ်း
ဖေညွန့်ဝေ၊ မုတ်သုံ
မြင့်မောင်ကျော်
မျိုးမြင့်၊ လှမြင့်ဆွေ
လင်းဇေယျာ
ဝင်းအောင်၊ မောင်နိုး
ရိုးအောင်၊ အောင်ကျော်
ဖေသစ်ညီ၊ ထွန်းအုံ
Win Iszudia

မျက်နှာဖုံးဓာတ်ပုံ
မွှားလေး(Studio Book)
ရွှေဒိုင်း
နိုင်ဇော်ထွန်း
ဖြိုးဦးဝိုင်
ရွှေဓာတ်ပုံ
ကိုလင်း(Studio K)
လင်းနိုင်စိုး
ရွှေစာစီစာပြု
နိုင်ရွှန်းအား
စိမ်းလဲ့ခံ
မိုးမိုးမြင့်
စာပြ
ကျော်နိုင်ဝင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com







ရုပ်စုံမဂ္ဂဇင်း

အမှတ်၃၀၁၊ ဒီဇင်ဘာ၊ ၂၀၁၄

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်


သူတို့အရေး

၄။ နေအောင်သန်းထွန်း
ရွှေမင်းသား၊ ရွှေမင်းသမီး

၁၀။ လင်းနိုင်ဦး
ရုပ်ရှင်ဟာ
ကျွန်တော်တို့ရဲ့
သခိုင်းပဲလို့
ပြောတဲ့ နေတိုး

**One Minute Interview**

၂၀။ ဘို၊ လင်းနိုင်ဦး
ဆောင်ရင့်မာ(ကျောင်းကုန်း)
ဓဝ(စီးပွားရေးတက္ကသိုလ်)
စိုင်းစိုင်းခမ်းလှိုင်
ဝေလ

ရွှေရုပ်ရှင်

၂၈။ မိုးကျော်ထွန်း
ကိုတင့်တို့
ရှုပါရပ်ကွက်

နိုင်ငံတကာစာမျက်နှာ

၃၆။ ဘို
မိခင်လောင်းတို့အတွက်
ဖတ်ရှင်

၄၆။ စာနည်းညီညီမိုး
ချစ်လိုက် ထိုးလိုက်
မုန်းလိုက် ဖျက်လိုက်

၅၈။ ရီတာအောင်၊ NY၊
အိုလစ်ဗီယာဝိုင်းလ်ဒ်

၆၂။ ရာပြည့်
အားလုံးကို
ပျော်ရွှင်စေချင်ခဲ့သူ
Robin Williams

လူမှုဝန်းကျင်

၇၀။ လင်းနိုင်ဦး
မြူမြူကျော်သိန်းရဲ့
ပဉ္စမမြောက်
တစ်ကိုယ်တော်
Love of Musicals Show

၇၂။ လင်းနိုင်ဦး
ဆု ၁၀ ဆုချီးမြှင့်ခဲ့တဲ့
Shwe FM ရဲ့
ငါးနှစ်ပြည့်နှစ်ပတ်လည်ပွဲ

အင်တာဗျူး

၈၀။ ဝင်းငြိမ်း
မိမာယာ(သို့မဟုတ်)
အေးအေးသင်းနှင့် တွေ့ဆုံခြင်း

ရွှေဝတ္ထု

၁၀၆။ နေအေးနေအေး
ကောင်းကင်နီ

၁၁၂။ သံလျှင်ကိုး၊ မော်လမြိုင်၊
ကလေးငယ်ငယ်
ဘာစားပြီးပြီလဲ

၁၄၆။ လှမိုးသစ်၊ ကျောက်ဆည်၊
ပွင့်ဦးကြွေမှဖြင့်ကွယ်

၁၅၄။ မြနှင်းရွှေ
သွေးဆိုးသူ

၁၆၀။ ဓဝ၊ စီးပွားရေးတက္ကသိုလ်၊
သက်တံရောင်တံလျှပ်

၁၆၆။ မေစန္ဒာနေအေး
မျှားယူနေရတဲ့ လရောင်

၁၇၄။ မိုးရန်နိုင်
ရာမညဝတီထိပ်ထား

၁၈၀။ မောင်သစ်ဂျိုင်း
ချုပ်ရိုးဆောင်း သံစဉ်

၁၈၈။ ထွန်းဘောက်လွင်
၊သချာ၊
ခေတ်ပြိုင်ခံစားချက်များ

၂၀၀။ လဲ့ဝင်းကြည်၊ ချို၊
တောင်စွယ်မှာ
နေမကွယ်လည်း

၂၀၆။ ချစ်ထက်ဟန်
အလင်းတစ်ခု၏
အမှောင်ခြမ်း

၂၁၂။ ကိုချစ်
ကုထုံးသစ်ကို
ရှာဖွေတွေ့ရှိခြင်း

၂၁၈။ ကျိုက်စကောဆင်မိုး
သေနာ

၂၂၄။ သူတာအောင်
ကိုယ်တော်ကြီးရေးတဲ့ဖူးစာ

၂၃၀။ ကိုမောင်ငွေသိန်း
၊မွေးလှ၊
ဆူးချက်တဲ့ဖဝါး
အသွားခက်တဲ့လမ်း


www.burmeseclassic.com

www.burmeseclassic.com


ရွှေခဲလုံးသား
လင်းယုဉ်ဦး ၈၈။
၊မြို့သစ်ကလေး၊
မြစ်တစ်စင်းရဲ့အားစာခံ
ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
မအောင်သင်း ၉၄။
သေကိန်းဆိုက်တဲ့ည
ရသစာတမ်း
နတ်မျိုး ၁၂၄။
အမိနဲ့နှင့်
သူ၏ရပ်ဝန်းဒေသ
ရွှေအခန်းဆက်ဝတ္ထုရှည်
မြင့်သန်း ၁၃၀။
မရန်းတောဆီက
အရမ်းချောတဲ့
မမဂျမ်းတော
ရွှေဝတ္ထုရှည်စ/ဆုံး
ခင်သန္တာ ၂၃၆။
မျှော်လင့်ခြင်း
ဟင်းလင်းပြင်
ရွှေသုတ
မေပွင့်ဦး ၆၆။
ဘီဇဝဋ္ဌာဒေသများသို့(၂)
မောင်ခင်မင်၊ဓနုဖြူ၊ ၁၀၂။
စကားသမုဒ္ဒရာထဲမှာ(၆)
မောင်သန်းဆွေ ၁၁၈။
၊ဟားဝယ်၊
စာတ်သဘင်မှ
အပျိုတော်
မိချစ်မေ ၁၄၂။
ငါတို့
ရောက်မကျသေးပါဘူး
ထန် ၁၉၄။
ကျွန်တော်
ရောက်သွားတဲ့
အောက်စဖို့ဒ်တက္ကသိုလ်


အယ်ဒီတာအဖွဲ့- တိုက် (၂၀/၂၃) အခန်း (၃-၀၃) ၅၂ လမ်း (အောက်ဘလောက်) ပုဇွန်တောင်မြို့နယ် ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅ **Email : nyeinfamily@gmail.com,** မျက်နှာဖုံး အတွင်းဖလင်ပြင်ဆင်ခြင်း အတွင်းပုံနှိပ်သူ- ဦးညွန့်လှိုင် (၀၂၂၅၃) မြမာလှပုံနှိပ်တိုက် အမှတ် ၁၁၁ ရွှေတောင်ကြား ၅ လမ်း ပြင် ရပ်ကွက်၊ ဗဟန်း တောင်ဒဂုံ ရန်ကုန်မြို့။ ထုတ်ဝေသူ- ဦးညွန့်လှိုင် (၃၇၁၀)၊ အမှတ် ၁၃၃ လမ်း ၄၀ ကုန်သည်လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖြန့်ချိရေး - မြမာလှစာပေ အမှတ် ၁၃၃ လမ်း ၄၀ ကုန်သည်လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀ စာတိုက်သေတ္တာအမှတ် ၁၂၅
**E-mail : zabutalu@gmail.com, Available at : iTune Store**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အနုပညာပျိုးခင်း-၂ အမျိုးသမီးသရုပ်ဆောင် ရွေးချယ်

ထိပ်သီးအမျိုးသားသရုပ်ဆောင်များဖြစ်ကြတဲ့ လူမင်း၊ ခန့်စည်သူ၊ နေတိုး၊ ပြေတီဦး၊ မြင့်မြတ်တို့နဲ့ ဒါရိုက်တာ ဝိုင်းတို့ စုစည်းထားတဲ့ အနုပညာပျိုးခင်းအဖွဲ့က ဒုတိယအကြိမ်အဖြစ် အမျိုးသမီးသရုပ်ဆောင်များ ရွေးချယ်ခဲ့ကြပါတယ်။ ပထမအကြိမ်က ရွေးချယ်ခဲ့တဲ့ ရွှေမှုံရတီ၊ အိချောပို၊ ယုသန္တာတင်တို့လိုပဲ ဒီနှစ်မှာလည်း နောက်ဆုံးဆန်ခါတင်အဖြစ် ပိုင်ဖြိုးသု၊ ရွှေသမီး၊ ရတနာဗိုတို့ကို ရွေးချယ်လိုက်ပါတယ်။ အနုပညာပျိုးခင်း-၂ ရဲ့ အမျိုးသမီးသရုပ်ဆောင် ၃ ဦးတို့ကို ရုပ်ရှင်လောက၊ စာနယ်ဇင်းလောကနဲ့ မိတ်ဆက်ပေးတဲ့ပွဲကို နိုဝင်ဘာလ ၁၁ ရက်နေ့ညက ရန်ကုန်မြို့ ပြည်လမ်းမှာရှိတဲ့ တော်ဝင်ဂါးဒင်းဟိုတယ် မင်္ဂလာခန်းမမှာ ကျင်းပခဲ့ပါတယ်။ ❑













www.burmeseclassic.com

www.burmeseclassic.com



# သုတိုအရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၃၀၁၊ ဒီဇင်ဘာ၊ ၂၀၁၄

တေးသံရှင် မေဆွိနဲ့ တေးသံရှင် ဖြူ

## ABBA သီချင်းတွေဆိုမယ့် မေဆွိ

ကမ္ဘာကျော် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ABBA အဖွဲ့ရဲ့ နာမည်ကြီး တေးသီချင်းများကို မေဆွိနဲ့ တေးသံရှင်များက ABBA Night ဆိုတဲ့ခေါင်းစဉ်နဲ့ ရန်ကုန်မြို့ Sky Star Hotel မှာ နိုဝင်ဘာလ ၂၉ ရက်နေ့ည ကျင်းပမှာဖြစ်ကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲတစ်ရပ် နိုဝင်ဘာလ ၃ ရက်နေ့က မီကာဆာဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ ဒီပွဲကို Yoshio Entertainment မှ ဦးစိန်ဇော်သန်းက စီစဉ်တင်ဆက်မှာ ဖြစ်ပါတယ်။ ABBA သီချင်းများကို သီဆိုရာမှာ မေဆွိနဲ့အတူ တေးသံရှင် ဖြူ၊ ဂရေ့စ်၊ သဉ္ဇာ၊ စုးနစ်၊ ဖိုးထောင်တို့က သီဆိုကြမှာဖြစ်ပြီး တီးခတ်ပေးမှာကတော့ ဂီတမျုး မြတ်မင်း ဦးဆောင်တဲ့ Singing for Flying က တီးခတ်ပေးမှာဖြစ်ပါတယ်။ ABBA ချစ်သူများ ပျော်ပျော်ပါးပါးဆင်နွှဲနိုင်ဖို့အတွက် ဝင်ခွင့်လက်မှတ်များကို ကျပ် ၅၀၀၀၀ နဲ့ ရောင်းချကာ VIP လက်မှတ်များကို ကျပ် ၁ သိန်းအောက် သတ်မှတ်ရောင်းချပေးမယ်လို့ သိရပါတယ်။

□




www.burmeseclassic.com


www.burmeseclassic.com

# အာဘွား
# ပရိုမိုးရှင်းပွဲ ကျင်းပ

သရုပ်ဆောင်၊ အဆိုကျော် ဝိုင်းစုခိုင်သိန်းရဲ့ *အာဘွား* စီးရီးကို MTV အဖြစ် ရိုက်ကူးထားတဲ့ DVD များကို Excellent Creation က တင်ဖြန့်ချိတဲ့အထိမ်းအမှတ်အဖြစ် နိုဝင်ဘာလ ၁ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်က ရန်ကုန်မြို့ ဒဂုံစင်တာမှာ ကျင်းပခဲ့ပါတယ်။ ဝိုင်းစုခိုင်သိန်းနဲ့အတူ ဂီတမောင်နှမများ သာရောက်ဖျော်ဖြေပေးကြပါတယ်။ *အာဘွား* DVD မှာ ဝိုင်းစုခိုင်သိန်းနဲ့ နာမည်ကြီး သရုပ်ဆောင်မော်ဒယ်လ်များ ဝင်ဝင်သရုပ်ဆောင်ကြပြီး ဒါရိုက်တာ သုံးပေါင်၊ ဝင်းလွင်ထက်၊ အောင်မြတ်၊ နေမင်း၊ အာကာ၊ မောင်ရဏီတို့က ရိုက်ကူးပေးထားကြတာ ဖြစ်ပါတယ်။ *အာဘွား* တေးစီးရီးက ဝိုင်းစုခိုင်သိန်းရဲ့ တစ်ကိုယ်တော် တတိယမြောက် စီးရီးဖြစ်ပါတယ်။ ❑



နီ့မြင့်လွင်လည်း
သာရောက်ဖျော်ဖြေခဲ့ပါတယ်



ပရိသတ်ကို
တေးသီချင်းများနဲ့
ဖျော်ဖြေခဲ့တဲ့
ဝိုင်းစုခိုင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

# အေးပေါင်းမခလိုက်ရတဲ့ ည

မော်ဒင်းထွဋ်ရဲ့ တေးဂီတအဖွဲ့ဖြစ်တဲ့ Emperor နှစ် ၃၀ ပြည့်ပွဲကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ဝင်းအတွင်းမှာ အေးပေါင်းခေတ်ညဖြစ်တဲ့ တန်ဆောင်မုန်းလပြည့် နိုဝင်ဘာလ ၆ ရက်နေ့က ကျင်းပမယ်လို့ စီစဉ်ထားခဲ့ပေမဲ့ အင်္ဂါရက်ပိုင်းက မြန်မာတစ်နိုင်ငံလုံးမှာ ရာသီဥတုမကောင်းဖြစ်ပြီး အဆက်မပြတ် မိုးများ ရွာသွန်းနေတာကြောင့် ဖျော်ဖြေမှုအားလုံး မဆောင်ရွက်နိုင်ခဲ့ကြပါဘူး။ မိုးများကြားမှာပဲ Emperor တေးဂီတအဖွဲ့က တီးများဆောင်းတော တီးခတ်ပေးခဲ့ကြပြီး ဂီတညီအစ်ကို များကလည်း လာရောက်သီဆိုပေးခဲ့ကြပါတယ်။ မိုးလေကင်းလွတ်သွားတဲ့ နိုဝင်ဘာလ ၇ ရက်နေ့ညမှာ စိတ်မကြေပွဲအဖြစ် ထပ်မံဖျော်ဖြေရာ Underground တေးဂီတ အဖွဲ့ ၁၈ ဖွဲ့တို့က Emperor တေးဂီတအဖွဲ့ကို ဂုဏ်ပြုတဲ့အနေနဲ့ လာရောက် တီးခတ်ဖျော်ဖြေပေးခဲ့ကြပါတယ်။

❑




ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း

မိုးထဲလေထဲမှာ
ရော့ခ်ပရိသတ်များနဲ့ မော်ဒင်းထွဋ်



ဖွဲ့ကျင်းပရာသို့ ရောက်ရှိလာတဲ့ မော်ဒင်းထွဋ်ကို ရော့ခ်ပရိသတ်များက အားပါးတရ ကြိုဆိုခဲ့ကြပါတယ်

www.burmeseclassic.com

www.burmeseclassic.com



သားသမီးရတနာတစ်ဦး ထပ်မံတိုးပွားလာတော့မယ့် ပြေတီဦးတို့ မိသားစု

# ဒုတိယမြောက် ရင်သွေးရတော့မယ့် အိန္ဒြာကျော်ဇင်နဲ့ ပြေတီဦး

သမီးဦးရတနာကလေးဖြစ်တဲ့ ပြေသုဒြာအတွက် အဖော်ရနိုင်မယ့် နောက်ထပ်ရင်သွေးကလေးတစ်ဦး လွယ်ထားရပြီ ဖြစ်တယ်လို့ အိန္ဒြာကျော်ဇင်က သူ့ဖေ့စ်ဘွတ်ခ်စာမျက်နှာထက်မှာ ပရိသတ်များအားအသိပေးခဲ့သလို ပြေတီဦးကလည်း ရင်းနှီးတဲ့ မိတ်ဆွေများကို ပြောကြားခဲ့ပါတယ်။ အိန္ဒြာကျော် ဇင်က သမီး ပြေသုဒြာ ကိုယ်ဝန်ရှိစဉ်မှာ နောက်ဆုံး ရိုက်ကူးခဲ့တဲ့ **အမြူးရောင်ရဲတိုက်** မှာ နေတိုး၊ ပြေတီဦးတို့နဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ပါတယ်။ **အမြူးရောင်ရဲတိုက်** က ၂၀၁၃ ခုနှစ် အကယ်ဒမီစာရင်းဝင် ဆန်ခါတင်ကားတစ်ကားဖြစ်တာကြောင့် ဝါရင့်အကဲဖြတ်သူများက တည်ငြိမ်စွာသရုပ်ဆောင်ခဲ့တဲ့ အိန္ဒြာကျော်ဇင် အမျိုးသမီးသရုပ်ဆောင် ထူးချွန်ဆု ဆွတ်ခူးရရှိနိုင်တယ်လို့ ခန့်မှန်းနေကြပါတယ်။ ❑

# ပြေတီဦးပညာရေးဖောင်ဒေးရှင်း ကျောင်းသားများ ရွေးချယ်

အခြေခံပညာအထက်တန်းစာမေးပွဲကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ခဲ့ကြပြီး ဆေးတက္ကသိုလ်ဆက်တက်ဖို့ အခက်အခဲရှိတဲ့ ကျောင်းသူကျောင်းသားများကို ပြေတီဦး ပညာရေးဖောင်ဒေးရှင်းက စတုတ္ထမြောက်နှစ်အဖြစ် လျှောက်ထားတဲ့ကျောင်းသူကျောင်းသားများကို နိုဝင်ဘာလ ၁၂ ရက်နေ့ညမှာ ရွေးချယ်ခဲ့ပါတယ်။ မူလက ဆေးကျောင်းသူကျောင်းသား ၁၀ ဦးကိုသာ ရွေးချယ်ခဲ့တာဖြစ်ပေမဲ့ ယမန်နှစ်ကစပြီး စက်မှုတက္ကသိုလ်ကျောင်းသူကျောင်းသား ၂ ဦး၊ ဆေးတက္ကသိုလ်ကျောင်းသား ၈ ဦးရွေးချယ်ခဲ့ရာက ဒီနှစ်မှာတော့ ဥပဒေကျောင်းသား ၂ ဦးကိုပါ ဖြည့်စွက်ရွေးချယ်ခဲ့ပါတယ်။ ပြေတီဦးပညာရေးဖောင်ဒေးရှင်း က ရွေးချယ်တဲ့ ကျောင်းသူကျောင်းသားများအပြင် ပြင်ပက အလှူရှင်များကလည်း ရွေးချယ်ထောက်ပံ့မှုပေးနေတာ ဖြစ်ပါတယ်။ ■



၂၀၁၃ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့တဲ့ ပြေတီဦးပညာရေးဖောင်ဒေးရှင်းထောက်ပံ့ငွေပေးအပ်ပွဲမှာ ကျောင်းသားတစ်ဦးကို ထောက်ပံ့ငွေပေးအပ်နေတဲ့ ပြေတီဦးတို့ဇနီးမောင်နှံ

**အောင်သန့်ထွန်း**

www.burmeseclassic.com

www.burmeseclassic.com

အနုပညာချင်း တူပေမဲ့ အင်အားကြီးတဲ့ အနုပညာ
ကျွန်တော်တို့ မြန်မာနိုင်ငံကို ဝင်ရောက်လာတယ်
ဥပမာ ဆောင်းဦးရွက်ကြွေ ချစ်သက်ဝေ လို့ ပြောရမှာပေါ့
အဲဒီတုန်းက ကိုသားကြီး ရှိသေးတယ်
အဲဒီအချိန်မှာ အွန်စော၊ ဌွန်စော ဖြစ်သွားတယ်
ဘာလို့ဖြစ်လဲဆိုတော့ သူတို့က အချိန်ယူပြီးတော့ တည်ဆောက်တာလေ

ရုပ်ရှင်ဟာ

# ကျွန်တော်တို့ရဲ့ သမိုင်းလို့ဆိုတဲ့ နေတိုး

လင်းနိုင်ဦး

ဓာတ်ပုံ - မြှားလေး(Studio Book)



ရုပ်ရှင်ဘက်မှာ ထိပ်တန်းရောက်နေတဲ့ [illegible]

နေတိုးကို Cover Story အဖြစ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မော်ဒယ်လ်လုပ်တယ်။ မော်ဒယ်လ်လုပ်ရင်းနဲ့ ကျော်ကာရာအိုကေခေတ်မှာ ဗီစီဒီ ရိုက်ဖြစ်တယ်။ ပြီးတော့ ကြော်ငြာတွေ ရိုက်ဖြစ်ရင်းနဲ့ အနုပညာလောကကို ရောက်လာတာပါ။ စစဦးဆုံးကတော့ သီချင်းဆိုတာပါ။

**သီချင်းနဲ့ ဝင်ရောက်လာပေမဲ့ ဘာဖြစ်လို့ ရုပ်ရှင်နဲ့ အောင်မြင်သွားတယ်လို့ ပြောလို့ရမလဲ။**

ကံကြောင့်လည်း ပါပါတယ်။ ကျွန်တော်က အနုပညာကို ဝါသနာပါတယ်။ အနုပညာနဲ့ဆိုင်တဲ့အရာမှန်သမျှ စိတ်ဝင်စားတဲ့အခါကျတော့ သရုပ်ဆောင်၊ မော်ဒယ်လ်ခေတ်ဆိုတော့ သရုပ်ဆောင် လို တယ် ဆို တာနဲ့ ကြော်ငြာသရုပ်ဆောင်ရွေးပွဲတွေကို သွားတယ်။ ဇာတ်ကားသစ်ရိုက်မယ်ဆိုရင်လည်း သွားတာပဲ။ အဲဒီလိုမျိုးနေရာတွေမှာ ရွေးချယ်ခံရတော့ သရုပ်ဆောင်ဘက်မှာ ပိုရိုက်ဖြစ်လာလို့ အားသာတဲ့ဘက်ကို ရောက်သွားတာပါပဲ။

**ပထမဦးဆုံး ရိုက်ဖြစ်တဲ့ အကြောင်းနဲ့ ဂျော်လီဆွေနဲ့ သားများ ဗီဒီယိုထုတ်လုပ်ရေးနဲ့ ရှေ့ပိုင်းက အရိုက်များခဲ့တာလည်း ပြောပြပေးပါဦး။**

အစပိုင်းကတော့ ကျွန်တော်ကြော်ငြာရိုက်တယ်။ ဒါရိုက်တာက ဦးစင်ရော်မောင်မောင်ပါ။ မက်စ်လီမွန် ကြော်ငြာမှာ ကိုဌေးမင်းထွန်း၊ ဆုပန်ထွာတို့နဲ့ ရိုက်ဖြစ်တယ်။ အဲဒါပြီးတော့ ကိုနေထက်(နေထက်လင်း)နဲ့ ကားတွေရိုက်ဖြစ်တယ်။ ကိုနေထက်နဲ့က သုံးကား ရိုက်ဖြစ်တယ်။ အဲဒါပြီးတော့ မင်း ခေါင်း ဆောင်လုပ်ပြီး ရိုက်လို့ရတဲ့ အနေအထားရှိနေပြီ။ ကိုယ့်ဟာကိုယ် လုပ်ကြည့်ပါလား ဆိုတော့ အိမ်ကပဲ ကျွန်တော့်ကို ကိုယ်တိုင် ပရိုဂျူဆာလုပ်ပြီး ဗီဒီယိုသုံးကား ရိုက်ဖြစ်တယ်။ ဒါရိုက်တာ ဥက္ကာဗိုနဲ့ပါ။ အဲဒီသုံးကားပြီးတော့ ဖြန့်တဲ့အခါ ဂျော်လီဆွေနဲ့သားများက ဖြန့်တယ်။ သူတို့နဲ့ဖြန့်ပြီးတော့ သူတို့ ရိုက်ဖို့ စာချုပ်ဆက်ချုပ်ဖြစ်တယ်။ အဲဒါကြောင့် ရိုက်ဖြစ်ခဲ့တာပါ။

**ကိုနေထက်နဲ့ ဘယ်လိုကြောင့် စ,ရိုက်ဖြစ်သွားတာလဲ။ ဘယ်နေရာက စပြီး သရုပ်ဆောင်ခဲ့ရတာလဲ။**

ကိုနေထက်နဲ့ရိုက်တော့ ကျွန်တော်က ဒုတိယမင်းသားပါ။ ကိုနေထက်က နှစ်ယောက် ဇာတ်လမ်းကောင်းကောင်းလေးတွေ လုပ်ပေးတယ်။ ကိုယ်လုပ်ချင်တဲ့ပုံစံမျိုးတွေ သူ့ကို ပြောပြတဲ့အချိန်မျိုးမှာ သူက လက်ခံပြီးရိုက်ပေးတယ်။ ကျွန်တော့်ရဲ့လက်ဦးဆရာတစ်ယောက်လို့ပြောရမယ်။ ပြီးတော့ ဂျော်လီဆွေနဲ့သားများနဲ့ရိုက်တဲ့အခါ ဒါရိုက်တာလည်းစုံပါတယ်။

**ရုပ်ရှင်ကျတော့ ဘယ်သူနဲ့ စ,ရိုက်ဖြစ်တာလဲ။**

ကျွန်တော် ရုပ်ရှင်ကင်မရာနဲ့ မှတ်မှတ်ရရ ဆုံဖြစ်ဖူးတာက **အိပ်မက်ရာသီ** ဇာတ်ကားပါ။ ကိုသားကြီးနဲ့ အုပ်စုနဲ့ကားပါ။ ဦးမီးပွားရိုက်တဲ့ အဲဒီကားမှာ ကျွန်တော် မော်ဒယ်လ်လုပ်နေတဲ့အချိန် သတို့သားအရံလိုတယ်ဆိုတာနဲ့ ဝင်ရိုက်လိုက်တာ။ အဲဒီမှာ ရုပ်ရှင်ကို စ,မြင်ဖူးတာပဲ။ ဈေးကွက်အတန့်အသင့် ရလာတဲ့အချိန် စ,ရိုက်ဖြစ်တဲ့ကားပါ။ ဦးမီးပွားပဲ စိုင်းစိုင်းနဲ့ **မင်္ဂလာပါ** ဆိုတဲ့ကားပါ။ ပထမဦးဆုံးကားကြီးပေါ့။

**ဘယ်နှကားလောက် ရိုက်ပြီး နှစ်ဘယ်လောက်ကြာမှ အကယ်ဒမီ ရခဲ့တာလဲ။**

အကယ်ဒမီကတော့ ၂၀၀၉ မှာ **မိုးညအိပ်မက်မြူ** နဲ့ ရခဲ့တာပေါ့နော်။

**အဲဒီနှစ်မှာ နေတိုးက မှန်းစရာ ဇာတ်ကား သုံးကားလောက် ဖြစ်နေတဲ့အတွက် မိုးညနဲ့ ရမယ်လို့ မျှော်လင့်ခဲ့တာလား။ မိုးည ရဲ့ ကာရိုက်တာနဲ့ ဘာကြောင့်**


ပေးလိုက်ရတာလဲလို့ ကျွန်တော် မြန်မြင်တာက အဲဒီတုန်းက ဇာတ်ကောင် ခပ်ဆိုးဆိုးတွေကို ပေးတဲ့အချိန် မဟုတ်သေးဘူး။ ဟာသဇာတ်ရုပ်တွေကိုလည်း မပေးသေးဘူး။ **မာစီရှိုး** ကားဆိုရင် ပိုပြီး ခက်ခဲတဲ့ အပိုင်းမှာပါတယ်။ **ဓော်တာ** ကနေသည် ဆိုလည်း မြန်မာ့ရိုးရာ အကတစ်ခုနဲ့ အောက်ခြေလူတန်းစားဘဝမှာ လုပ်ရတဲ့ ကာရိုက်တာပါ။ ပေးချင်လည်း ပေးလို့ရတယ်။ အဲဒီနှစ်မှာပဲ အကျိုးပြုလို့ပြောလို့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကားကလည်း ကောင်းတယ်
မင်းသား မင်းသမီးတွေကလည်း ချောတယ်ဆိုတော့
သူတို့ကိုရီးယားဖက်ရှင်ဘက်ကို ရောက်သွားတယ်
အဲဒီတော့ မင်းသားတွေတောင်
ကိုရီးယားဖက်ရှင်
လိုက်ဝတ်ရမလိုလို ဖြစ်သွားတယ်
အဲဒါကြောင့် အောင်မြင်ခြင်း
ကျဆုံးခြင်းက
ကိုယ်နဲ့ပဲ ဆိုင်တယ်ဆိုတဲ့
သဘောပါပဲ



www.burmeseclassic.com

www.burmeseclassic.com

ကြိုးကြာတောင်ပံခတ်သံလည်း ရှိတယ်။ ဆရာတစ်ယောက်ရဲ့ အရုပ်ရုပ်မှု တွေ့ပါတယ်။ အဲဒီနှစ်က တော့ ဇာတ်ကောင်တွေ အများအားဖြင့်တဲ့နှစ်ပါ။ လျှော့လိုက်တော့ ဒီဇာတ် ကျော် မြင်ကြည့်တဲ့အချိန်မှာ ရိုးရိုးမှာ ပြကြတယ်။ ဇော်ဇော်လို့လည်း ကြိုက်တော့ကြိုက်တယ်။ မိုးညို ရဲ့ အရုသာကို ပိုပြီး ရုပ်ရှင်ဆန်တယ်လို့ ကျွန်တော် မြင်တယ်။ သူမှာ ပြည့်စုံမှု ပိုများတယ်။ ဇာတ်ကလည်း စာရေးဆရာကြီးတစ်ယောက်ရဲ့ဂန္ထဝင်ဝတ္ထု။ ကျွန်တော်တို့တောင် မကြည့်ခဲ့ဖူးတဲ့ မင်းသားတွေ ရိုက်ခဲ့တယ်။ ဒီကားကို ကျွန်တော် မကြည့်ခဲ့ဖူးဘူး။ ဝတ္ထုကိုဖတ်လိုက်တဲ့အချိန်မှာ ရုပ်ရှင်နဲ့ ရိုက်ပြလို့ မရတဲ့အကြောင်းအရာလေးတွေ ရှိနေတယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး ပေါ်လွင်အောင်ပေါ့။ အဲဒါတွေကို တွေ့ရတဲ့အခါကျတော့ ဝတ္ထုဖတ်ပြီးတဲ့အချိန်မှာ ဇာတ်ညွှန်း ထပ်လာပေးတယ်။ ဇာတ်ညွှန်းထဲမှာ ဒါရိုက်တာ လုပ်ထားတာက အိုက်တင်ပိုင်းကို ဦးစားပေးပြီးတော့ ဇာတ်ကောင်ရဲ့ စိတ်ဇာတ်က ဘယ်တော့မှလွတ်လပ်ပေါ့ပါးပြီးတော့ သွက်လက်နေတဲ့သူတစ်ယောက်မဟုတ်ဘူး။ သူ့စိတ်ထဲမှာ တွေဝေမှုတွေနဲ့ သူ့မျက်နှာမှာ စကားတွေ အများကြီးပြောနေတယ်။ ပါးစပ်က အသံမထွက်ဘဲ မျက်နှာကို ကြည့်လိုက်တာနဲ့ ဒီလူက ဘာပြောချင်တယ်ဆိုတာ သိတဲ့ပုံမျိုး

ရှိတယ်။ အိုက်တင်တွေ အများကြီးပါတဲ့အတွက် အတယ်ခံမိစိမ့်နဲ့ နီးစပ်တဲ့ ဇာတ်ကောင်လို့ မြင်မိတယ်။ ဘာကြောင်လည်း အဲဒီကားနဲ့ ရခဲ့တယ်။ ဝရိုသတ်ကလည်း ဒီကားပေါ်မှာ ပိုပြီးနှစ်သက်မှုရှိတယ်လို့ မြင်တယ်။ ဇာတ်ကောင်ပေါ်လွင်တာကတော့ မာဓိရှိန်း တို့၊ ဇော်ကကနေ သည် တို့က ဇာတ်ကောင်အက်ထရက်ရှင် ပိုရှိတယ်။ သရုပ်ဆောင်ပိုင်းနဲ့ကျတော့ မိုးညက ပိုပြီးလေးနက်တယ်။ တချို့ဆိုရင် အခုထိ ကျွန်တော့်ကို ဇော်က နဲ့ ရတယ်လို့ပဲထင်နေကြတယ်။

နေတိုးက ရုပ်ရှင်မှာ ဘယ်လောက်ကြာပြီးမှ ရိုမိုး နဲ့ အတွဲစီးရီး ပြန်ထွက်ဖြစ်တာလဲ။

ဖန်ဆင်းရှင် ပြန်ထွက်တာက ရုပ်ရှင်လောကရောက်ပြီး အနှစ်နှစ်ဆယ်လောက်မှပါ။ ၁၂ နှစ်လောက် ရုပ်ရှင်ဖြတ်သန်းလာပြီးတဲ့အချိန် ဇာတ်ဝင်သီချင်းတွေ အများကြီးဖြစ်လာတယ်။ အဲဒီအချိန်တုန်းကတော့ ခိုးကူးတွေ အရမ်းထ,နေတဲ့အချိန် ဖြစ်လို့ ကျွန်တော်တို့သီချင်းတွေကို သူတို့ဘာသာသူတို့ တည်းဖြတ်ပြီးတော့ ထွက်တာတွေလည်း ရှိတယ်။ ကျွန်တော်က အင်တာဗျူးတစ်ခုမှာ ဒါမျိုး လုပ်ချင်တယ်လို့ ပြောလိုက်တာကို သူတို့က အိုင်ဒီယာရပြီး ထုတ်လိုက်တဲ့အခါကျတော့ ပထမဆုံးအခွေကို ကျွန်တော်တို့မလုပ်လိုက်ရဘူး။ ဒုတိယစီးရီးမှ ပြန်လုပ်လိုက်ရတယ်။ လုပ်ချင်တာတော့ ကြာပြီ။ သူတို့ကဦးသွားတော့ သီချင်း

တွေ ပြန်စုတာ နောက်ထပ် လေး၊ ငါး၊ ခြောက်နှစ်လောက် ကြာသွားတယ်။ ထွက်ဖို့နဲ့ဆိုတော့ နှစ်နှစ်ဆယ်လောက်ကို ကြာသွားတယ်။

**နေတိုးက မင်းသား ငါးယောက်နဲ့ ဖွဲ့ထားတဲ့ အနုပညာပျိုးခင်းမှာ ဘာကြောင့် ပါဝင်ဖြစ်ခဲ့တာလဲ။ အဲဒီအနုပညာပျိုးခင်းကြောင့် ဘာတွေ ထူးခြားခဲ့လဲ။**

ကျွန်တော်တို့က Generation ပြဿနာတစ်ခုကို ဖြေရှင်းတာပါ။ ရှင်းရှင်းပြောရင် လက်ရှိရိုက်နေတဲ့ မင်းသမီးတွေကလည်း နည်းသွားပြီ။ အဲဒါကြောင့် တစ်ဦးတစ်ယောက်တည်း လုပ်မယ်ဆိုရင် မြန်မြန်ဆန်ဆန်နဲ့ ရှေ့မရောက်နိုင်ဘူး။ ဆိုတော့ ကိုယ့်လောကမှာ ရှိတဲ့လူတွေနဲ့ပေါင်းပြီး ပျိုးခင်းထောင်ကာ မင်းသမီးအသစ်လေးတွေနဲ့ ရိုက်ကြမယ်ဆိုရင် ပိုပြီးတော့ အင်အားများတဲ့အခါကျတော့ ပိုအောင်မြင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ လုပ်ခဲ့တာပါ။ **အဲဒီစုပေါင်း တည်ထောင်ခဲ့တဲ့ အနုပညာပျိုးခင်းကို**



www.burmeseclassic.com

www.burmeseclassic.com



အားရကျေနပ်ခဲ့ရဲ့လား။
စိတ်တိုင်းကျရော
ဖြစ်ခဲ့လား။
စစဦးချင်းကတော့
အခွင့်ပြေနိုင်မယ်ထင်ပြီး
ရွေးချယ်ခဲ့ကြတာပါ။
ကျွန်တော်တို့က
အသစ်လည်း
ဖြစ်ချင်တယ်။
လောကအတွက်
တကယ်လိုအပ်တဲ့သူကို
ဖြည့်ဆည်းကြမယ်ဆိုတဲ့
ရည်ရွယ်ချက်နဲ့
ကျွန်တော်တို့
လုပ်ခဲ့ကြတယ်။
အခုဆိုရင် မင်းသားရော၊
မင်းသမီးရော
Generation ပြတ်နေပြန်ပြီ။
နောက်ထပ်
Generation အသစ်မှာ
မင်းသား
လေးယောက်လောက်၊
မင်းသမီး
လေးယောက်လောက်
အရေးတကြီးကို
တစ်နှစ်၊
နှစ်နှစ်အတွင်းမှာ
လိုအပ်နေပြီလို့
ကျွန်တော် မြင်တယ်။
အဲဒီအတွက်ကို
အနုပညာရှင်တွေကပဲ
စဉ်းစားပြီး
တစ်နည်းတစ်ဖုံ
ပြန်လုပ်သွားရမယ်။
မင်းသမီးမှ မဟုတ်ဘူး။
မင်းသားလည်း
ပျိုးခင်းအနေနဲ့
မဟုတ်တောင်
နောက်နည်းတစ်နည်းနဲ့
နောက်ထပ် Group တစ်ခုနဲ့
ကျွန်တော်တို့
လုပ်ပြီးတော့
လောကအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး
လုပ်ပေးခဲ့ချင်တယ်။

**နေတိုးက ဘာဖြစ်လို့ အရေးတကြီး လိုအပ်တယ်လို့ ပြောရတာလဲ။ နောက်ထပ်အသစ်တွေ သဘာဝကျတာတွေ ထပ်လိုချင်လို့လား။**

သဘာဝကို
အနီးစပ်ဆုံး
ပုံဖော်ခြင်းသည်
အနုပညာရပ်တစ်ခုပါပဲ။
ဒီအထဲမှာမှ
မော်ဒန်ဖြစ်တာတွေ၊
ဖန်တက်စီဖြစ်တာတွေ၊
သဘာဝနဲ့ လွန်ဆန်တဲ့
သိပ္ပံဇာတ်ကားတွေ၊
စာမှာလည်း မော်ဒန်၊
ပို့စ်မော်ဒန်ရှိသလိုပဲ
ကျွန်တော်တို့
အနုပညာမှာလည်း
ခေတ်အစဉ်အလာအရ
အခြေခံကတော့
သဘာဝကို
အခြေခံရတာပါပဲ။
အဲဒါကို ဆင့်ပွားပြီး
ကျွန်တော်တို့က
ခေတ်လူငယ်၊
ခေတ်အမြင်အရ
လိုက်လုပ်ရတာတွေ
ရှိတယ်။ ဒါပေမဲ့
ရာခိုင်နှုန်းအများဆုံးသည်
သဘာဝအပေါ်မှာပဲ
အခြေခံရတာပါပဲ။
ပရိသတ်က
ကားတစ်ကားကို
ကြည့်တဲ့နေရာမှာ
တကယ်ဆိုတဲ့စိတ်နဲ့
ကြည့်ကြတာဖြစ်တယ်။
ရုပ်ရှင်ရုံအပြင်ရောက်မှ
ပြန်စဉ်းစားရင်း
ကိုယ်ကိုယ်တိုင်

ဝင်ခံစားရတာဆိုတော့ သဘာဝကျဖို့က အရေးအကြီးဆုံးပဲ။ Generation ဟ,သွားပြီးဆိုတာက ရှေ့မှာ ကျွန်တော်တို့ သွားခဲ့ကြတဲ့ ရုပ်ရှင်က အဖြူအမည်း၊ ပြီးတော့ ကာလာ၊ အဲဒါပြီး တော့မှ Digital Film, DSLR ခေတ်ဖြစ်လာတယ်။

ကျွန်တော်တို့ကတော့ ဖလင်ရော၊ ဒစ်ဂျစ်တယ်ရော မီတဲ့ ခေတ်ဖြစ်နေတယ်။ ဖလင်ကနေ ဒစ်ဂျစ်တယ်ကို သာ ပြောင်းသွားတယ်။ ရိုက်နေတဲ့ သရုပ်ဆောင်တွေသည် ဒီလူတွေပဲ ဖြစ်နေသေးတယ်။ အဖြူအမည်းကနေ ဆေးရောင်စုံ ပြောင်းသွားတဲ့ အချိန်မှာ မင်းသားတွေက ပြောင်းသွားတယ်။ ဦးကျော်သူတို့၊ ကိုရန်လေးတို့ ခေတ်တစ်ခေတ်ပေါ့။ ပြီးတဲ့အချိန်မှာ ကိုသားကြီး၊ ပြီးတော့ ကျွန်တော်တို့က ဖလင်ခေတ် နောက်ပိုင်းမှာ ဝင်ခဲ့ကြတယ်။ ပြီးတော့ ဒစ်ဂျစ်တယ်ဖြစ်လာတယ်။ ဗီဒီယိုကိုတော့ ရိုက်လို့ရနေမယ်။ ရုပ်ရှင်ကား ကောင်းတစ်ကားဖြစ်ဖို့အတွက် သည်းခံနိုင်မှုအင်အား နည်းတယ်။ ကြိုးစားမှုကတော့ လူတိုင်း ရှိတယ်။ ကျွန်တော်တို့သည် အင်တာနေရှင်နယ် ရုပ်ရှင်ရိုက်ကူးမှုပုံစံနဲ့ မနီးစပ်ဘူး။ မြန်မာ့နည်း၊ မြန်မာ့ဟန်တွေကိုပဲ နီးစပ်ကြတာ။ အင်တာနေရှယ်နယ် ရိုက်ကူးမှုပုံစံကရိုက်မယ်ဆိုရင် သည်းခံနိုင်ရမယ်။ သည်းခံစိတ်မွေးမြူရမယ်။ ရက်အကြာကြီး ပေးရမယ်။ 'အခုအချိန်အထိ မပြီးသေးဘူးလားကွာ' ဆိုင်း တို့ကလည်း လိုက်ဆိုင်ထိုး



www.burmeseclassic.com

www.burmeseclassic.com

တာ ကြာလိုက်တာ’ အဲဒါမျိုးတွေကို သည်းခံနိုင်တဲ့စိတ်အရင်မွေးဖို့လိုတယ်။ နိုင်ငံခြားက DOB တွေကို ခေါ်တဲ့အခါမှာ ရေတစ်စက်ကျတာလေးကိုတောင် တစ်နာရီခွဲလောက် ချိန်နေတာတွေတော့ ဒါတွေ ဟုတ်ကောဟုတ်ရဲ့လားလို့ထင်ကြတယ်။ ဟုတ်တယ်။ သူတို့စိတ်ကြိုက်အကောင်းဆုံးဖြစ်ဖို့ အချိန်ပေးကြတာပါ။ ထွက်လာတဲ့အခါမှာတော့ အဲဒီတစ်ခုကလည်း ထူးခြားမှုရှိနေတယ်။ သဘောတစ်ခုက ကျွန်တော်တို့သည် သမိုင်းရေးတာ ဖြစ်တယ်။ ဗီဒီယိုနဲ့ ရုပ်ရှင်ကွာတာကလည်း ရုပ်ရှင်သည် ကျွန်တော်တို့ရဲ့ သမိုင်းပဲ။ အနုပညာရှင်တွေရဲ့ သမိုင်းကို ကြည့်မယ်ဆိုရင် ရုပ်ရှင်ကားတွေနဲ့ပဲ လှန်ကြည့်ရပါတယ်။ ဒီလူ ဒီလူကတော့ ဒီခေတ်မှာ ဒီလို လုပ်ခဲ့တယ်။ အဲဒီလို သမိုင်းရေးတာဖြစ်တဲ့အတွက် ကိုယ်ရေးတဲ့သမိုင်းကို ကိုယ်ကောင်းအောင်လုပ်ဖို့ လိုအပ်တယ်လို့ ကျွန်တော် မြင်တယ်။ အဲဒါကြောင့် မင်းသား၊ မင်းသမီး အသစ်တွေလိုတယ်လို့ ပြောတာပါ။ အခုတော့ ကျွန်တော်တို့ ဘယ်လောက်ပဲ ထုတ်လုပ် ဒီမျက်နှာပဲ ကြည့်နေရတဲ့အခါကျတော့ ရိုးလာတယ်။ အဲဒါကြောင့် ဇာတ်သိမ်းတင်ပြမှုတွေကို ဆန်းအောင်လုပ်လာတယ်။ အဓိက တာဝန်လေးတစ်ခုက မြန်မာ့ရုပ်ရှင်က အရင်တုန်းက နိုင်ငံတကာက အသိအမှတ်ပြုပေမဲ့ အခုအသိအမှတ်ပြု မခံရတဲ့ခေတ်ကို ဖြတ်သန်းလာရတဲ့အခါကျတော့ အရင်က ရပြီးသားကို ပြန်တူးဖော်ရတော့ ပင်ပန်းတာတော့ ရှိတာပေါ့။ ပြီးတော့ ရိုက်ကူးမှု Leader ဖြစ်မယ့် သရုပ်ဆောင် ရှားပါးနေတယ်။ အခု ရုပ်ရှင်ရုံတွေ တိုးလာပါပြီ။ အပြိုင်အဆိုင်တွေ လုပ်ကြတော့မယ်ဆိုရင် အသစ်ဖြစ်လာမယ့်ရုံတွေမှာ ပြသမယ့်ကားတွေက တကယ့် အဆင့်မီလာရတော့မယ်။ အဲဒါကို ရိုက်ကူးနိုင်တဲ့ အင်အား ကျွန်တော်တို့ဆီမှာ နည်းနေသေးတယ်။ အင်အားရှိခဲ့ရင် တောင်ရိုက်ကူးမယ့် မင်းသား၊ မင်းသမီးသုံး၊ လေးယောက်လောက် လိုအပ်နေပြီလို့ ကျွန်တော် မြင်တယ်။ နောက်လေးနှစ်လောက်သာ မင်းသား၊ မင်းသမီး အသစ်မပေါ်ရင် မလွယ်ဘူး။ အဲဒါဆိုရင် နိုင်ငံခြားက အနုပညာတွေ ပိုပြီး ဖုံးလွှမ်းသွားမယ်။

**အခုဆိုရင် နေတိုးခေတ်ရောက်နေပြီလို့ ပြောလို့ရမလား။ အခု စုန်းပြူးကားတင်နေတယ်။ နောက်တင်မယ့် အောင်မြင်ကျော်ကြားစူးရှထက်မြက်ကလည်း နေတိုးရဲ့ကားပဲလေ။**

ကျွန်တော်တို့ရဲ့ Generation မှာ တီးတီ(ပြေတီဦး)တို့ရှိမယ်။ အန်ကယ်လေး (လူမင်း)တို့ ရှိမယ်။ အန်ကယ်လေးက အများကြီးစောပြီး သရုပ်ဆောင်ဖြစ်ပေမဲ့ အခုအချိန်အထိ ဈေးကွက်ရှိတဲ့ မင်းသားအဖြစ်နဲ့ ရပ်တည်နေတယ်။ ဒစ်ဂျစ်တယ်ခေတ်လို့ပဲ ပြောရပါမယ်။ ဘယ်မင်းသားခေတ်ရယ်လို့ မဟုတ်ပါဘူး။ ကိုသားကြီးတို့ Generation ပြီးကတည်းက ကျွန်တော်တို့ဆီမှာ မင်းသားခေတ်ဆိုတာ ပျောက်သွားပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကိုသားကြီးတို့ခေတ်မှာ ကျွန်တော်တို့က ကိုသားကြီးပါရင် ပြီးပြီ။ ကိုသားကြီးက အင်္ကျီအကွက်လေးတွေ ဝတ်ရင် ကျွန်တော်တို့ လိုက်ဝတ်ကြတယ်။ သူ့ရဲ့ Hair Style တွေ၊ သူ့ရဲ့ဖက်ရှင်တွေ အရာရာကို ကျွန်တော်တို့ ရူးသွပ်ခဲ့ကြရတယ်။ အဲဒီတုန်းက ကိုသားကြီးခေတ်ရယ်လို့ ပြောလို့ရတယ်။

အခုအချိန်ကကျတော့ Hero ပျောက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေရဲ့ Hero ပျောက်နေတယ်။ အနုပညာချင်း တူပေမဲ့ အင်အားကြီးတဲ့ အနုပညာ ကျွန်တော်တို့ မြန်မာနိုင်ငံကို ဝင်ရောက်လာတယ်။ ဥပမာ *ဆောင်းဦးရွက်ကြွေ ချစ်သက်သေ* လို့ ပြောရမှာပေါ့။ အဲဒီတုန်းက ကိုသားကြီး ရှိသေးတယ်။ အဲဒီအချိန်မှာ အွန်စော၊ ဂျွန်စော ဖြစ်သွားတယ်။ ဘာလို့ဖြစ်လဲဆိုတော့ သူတို့က အချိန်ယူပြီးတော့ တည်ဆောက်တာလေ။ ကျွန်တော်တို့နဲ့မတူဘူးပေါ့။ စားသုံးကုန်နဲ့တွက်မယ်ဆိုရင် ကွာလတီ မတူဘူးပေါ့။ သူတို့က အချိန်အကြာကြီး ဖန်တီးထားတာဆိုတော့ ဘယ်သူပဲကြည့်ကြည့် မြန်မာစာတန်းလေးမှာ ထိုးထားတယ်ဆိုတော့၊ ရုပ်တွေကလည်း ချောတယ်ဆိုတော့ အင်အားကြီးတယ်။ အင်အားကြီးတဲ့ကောင် နိုင်တာပဲ။ အဲဒီအချိန်က စပြီးတော့ မြန်မာကားတွေကို ကြိုက်တဲ့ပရိသတ်ရှိပေမဲ့ တီဗွီကလည်း အလကား ပြတာဆိုတော့ အမြဲတမ်း ကြည့်ဖြစ်တယ်။ ကားကလည်း ကောင်းတယ်။ မင်းသား မင်းသမီးတွေကလည်း ချောတယ်ဆိုတော့ သူတို့ကိုရီးယားဖက်ရှင်ဘက်ကို ရောက်သွားတယ်။ အဲဒီတော့ မင်းသားတွေတောင် ကိုရီးယားဖက်ရှင် လိုက်ဝတ်ရမလိုလို ဖြစ်သွားတယ်။ အဲဒါကြောင့် အောင်မြင်ခြင်း၊ ကျဆုံးခြင်းက ကိုယ်နဲ့ပဲ ဆိုင်တယ်ဆိုတဲ့ သဘောပါပဲ။ ခိုးကူးနှိပ်စက်လို့ ကျဆင်းတာကလည်း တစ်ကြောင်းပေါ့။ ကျွန်တော်တို့ဖန်တီးတဲ့ အနုပညာကလည်း ကျဆင်းနေတယ်ဆိုတော့ အဲဒါလေးကို သိဖို့ လိုတယ်။ ၂၀၁၄ ကနေစ,ပြီးတော့ နိုင်ငံခြားတွေနဲ့ မြန်မာကားတွေယှဉ်တဲ့အချိန်မှာ ကျွန်တော့်ကို အင်တာဗျူးတွေ ခဏခဏ မေးကြတာတွေ ရှိတယ်။ ကိုရီးယားကားတွေနဲ့ မြန်မာကားတွေ ဘာကွာလဲ။ တစ်မျိုးစီ အမြင်လေးတွေ ရှိတယ်။ တချို့က သူတို့ မင်းသားမင်းသမီးတွေ ငယ်တယ်၊ ချောတယ်ဆိုတာ ရှိတယ်။ တချို့က စက်ပိုင်းဆိုင်ရာတဲ့။ တချို့ကျတော့လည်း အချိန်ပေးရမယ်တို့ ဘာတို့ ပြောကြတယ်။ ကျွန်တော်တို့ဆီမှာ အင်တာနေရှင်နယ်ကို ဖြန့်မယ့် Market မရှိတာလည်း ပါတယ်။ အဲဒီတော့ အဲဒီလို Quality ကို တည်ဆောက်ရမယ်ဆိုတဲ့အသိ ဖြစ်လာတော့ စက်ပစ္စည်းတွေ ဝယ်စုဖြစ်တာက ပြန်စ,ရတယ်။ ကား

www.burmeseclassic.com

ကတော့ သူ့ဟာသူ ရိုက်နေတယ်။ အဲဒီမှာ ကားကို ဘယ်လိုကောင်းအောင် ရိုက်မလဲ စိတ်ထဲမှာ ဖြစ်နေတယ်။ နည်းပညာကတော့ နိုင်ငံတကာမှာ ရိုက်နေတဲ့ နည်းပညာထဲကို ကျွန်တော်တို့ ရောက်သွားပြီ။ အဲဒီတော့ ကားကောင်းကောင်းရိုက်ရမယ်။ မြန်မာဇာတ်လမ်းကို နိုင်ငံခြားကနေပါ ဝယ်ယူကြည့်ရှုနိုင်မယ့် Quality ဖြစ်တဲ့ S4 Quality ကို ရသွားပြီ။ တစ်ခုပဲရှိတာက ကျွန်တော်တို့ဆီမှာ စက်ရုံမရှိသေးဘူး။ စက်ရုံဆိုတာက အလုပ်သမားတွေ အများကြီးနဲ့ စနစ်တကျ စစ်ဆေးပြီးတော့မှ ထုတ်လုပ်တာဖြစ်တဲ့အတွက် Quality ကောင်းတယ်။ ကျွန်တော်တို့ဆီမှာကတော့ အားလုံးသိတဲ့အတိုင်းပဲလေ။ လမ်းဘေးမှာပဲ သွားလာရိုက်ကူးရတယ်။ အဲဒီတော့ သူတို့နဲ့ မတူဘူးပေါ့။ ဥပမာပေးရမယ်ဆိုရင် ဘိန်းမုန့်ဖုတ်သလိုမျိုးပေါ့။ လမ်းဘေးမှာ ရောင်းတာဖြစ်လို့ နိုင်ငံခြားသားက ဘိန်းမုန့်ကို စားချင်ပေမဲ့ သန့်ရှင်းမှုရှိရဲ့လားဆိုပြီး တွေးပြီး စားချင်မှစားမှာ။ စက်ရုံက ထုတ်တယ်ဆိုရင်တော့ သူ စားမှာပေါ့။ အဲဒီလိုပဲ မြန်မာကားအရသာကို သူတို့ ကြိုက်တယ်။ ဒါပေမဲ့ ဒီ Quality ကြောင့် ဖြစ်နေတာ။ ဗမာကားတွေကို ကြည့်လိုက်ရင် အကြောင်းအရာလည်းကောင်းတယ်။ တချို့ တင်ပြပုံလည်းကောင်းတယ်။ ဆိုလိုရင်းလည်းကောင်းတယ်။ ဒါပေမဲ့ Quality မကောင်းတဲ့အခါကျတော့ သူတို့ အကြာကြီး မကြည့်နိုင်ဘူး။ ကျွန်တော်တို့ရဲ့ရိုးရာလည်းဖြစ် နိုင်ငံတကာက၊ ကမ္ဘာက စိတ်ဝင်စားမယ့် Quality နဲ့ရိုက်ပေးလိုက်ရင်တော့ ပြီးသွားပြီပေါ့။ အဲဒီလိုလုပ်မှပဲ မြင့်လာမယ်လို့ ကျွန်တော် တွေးမိတယ်။

**အခု ရုံတင်တော့မယ့် 'အောင်မြင်ကျော်ကြားစူးရှထက်မြက်' ဇာတ်ကားကို လက်ခံလိုက်တာ ဘာကြောင့်လဲ။ ငါးကိုယ်ခွဲကြောင့်လား။ နည်းပညာကို စိတ်ဝင်စားလို့လား။**

လူစွမ်းကောင်းရုပ်ရှင် ထုတ်လုပ်ရေးက ကားတစ်ကား ထပ်ရိုက်မယ်ဆိုတော့ ကျွန်တော်က ဦးညီနဲ့ ရိုက်ခဲ့တဲ့ကားတွေ များတယ်။ မာစီဒီးနဲ့တို့၊ ဒီကောင်ဘယ်သူ့တုံးတို့၊ အကယ်ဒမီရှော့ခ်တို့ အများကြီးပါပဲ။ ကျွန်တော်နဲ့ လိုက်မယ့် ဇာတ်တစ်ပုဒ်ကို သူတို့ရွေးပြီး လာပြတဲ့အခါ ကျွန်တော် ဖတ်ကြည့်လိုက်တော့ ကျွန်တော် လုပ်သင့် လုပ်ထိုက်တယ်။ နည်းပညာလည်းပါတယ်။ သူတို့ဆီက တစ်ခုတောင်းဆိုတာက ဒီကားလေးကို မငြင်းစေချင်ဘူးတဲ့။ အခြား သရုပ်ဆောင်နဲ့ သူတို့ လုပ်လို့ မရပါဘူးတဲ့။ အရှင်းဆုံးပြောရရင် ကိုယ်ကိုယ်တိုင်ကလည်း မိတ်ကပ်နည်းပညာကို ဝါသနာပါတာ ပါတယ်။ ကျွန်တော့်ရဲ့ကာရိုက်တာက ပါးပြီးတော့ သိသိသာသာ အသက်အရွယ်ကွဲပြားနေတဲ့ ဇာတ်ကောင်တွေလည်း မဟုတ်တဲ့အခါကျတော့ မိတ်ကပ်ကိုလည်း မသိမသာဘဲ လုပ်ရမယ်။ ဒါရိုက်တာကို ယုံကြည်မှုရယ်၊ ကာရိုက်တာတွေကို လုပ်ချင်တဲ့စိတ်ရယ်၊ ကြည့်ရှုမယ့် ပရိသတ်တွေအတွက် ကိုယ့်ခွဲဇာတ်ကောင်တစ်ခုကို ပီပြင်အောင် ပြနိုင်မယ်ဆိုရင်တော့ ငါတို့ရုပ်ရှင်သည်လည်း ဒစ်ဂျစ်တယ်နည်းပညာတစ်ခုမှာ ဒီဟာတွေနဲ့ ဖြတ်သန်းပြမယ်ဆိုတဲ့ဟာနဲ့ ရိုက်တဲ့အခါမှာ ရိုက်ဖြစ်တာပါ။

**နေတိုး ပြည်ပနိုင်ငံတွေကို သွားလာဖြစ်တဲ့အခါ ဘာကို အဓိကထား လေ့လာလဲ။**

အဲဒါကတော့ နိုင်ငံအပေါ်မူတည်တယ်။ အမေရိကားလိုနေရာမျိုးဆိုရင်တော့ ဟောလိဝုဒ်ရုပ်ရှင်ကားတွေရယ်၊ ပြီးတော့ တစ်ကမ္ဘာလုံးက ဒီကားတွေကိုပဲ အတုယူကြရတာဆိုတော့ လေ့လာလို့ အကောင်းဆုံးက ဟောလိဝုဒ်ပဲ။ သွားတော့မှ ခဏတစ်ဖြုတ်လိုက်ကြည့်တာ မဟုတ်ဘူး။ မသွားခင်ကတည်းက ဘယ်နေရာမှာ ဘာတွေရှိလဲ။ ဘယ်လိုကဏ္ဍတွေမှာ ဘာတွေ လေ့လာလို့ ရလဲဆိုတာ အင်တာနက်ကနေ ကြိုကြည့်ထားတယ်။ အဲဒီတော့ ကိုယ်သိချင်တာ၊ ကိုယ်သွားချင်တာ တစ်ခါတည်း သွားကြည့်လို့ရတယ်။ ရန်ကုန်ပြန်ရောက်လာရင်လည်း အင်တာနက်ကနေပဲ သူတို့ရဲ့ Movie School တွေမှာအလုပ်ဝင်လုပ်နေတဲ့ မြန်မာတွေနဲ့ ထပ်မံချိတ်ဆက်ပြီးတော့ထပ်လေ့လာလို့ရတယ်။ အဲဒါတွေ ပြန်အသုံးချလို့ရတာပေါ့။ အရင်တုန်းက နည်းပညာကြောင့်လို့ အားလုံးက မြန်မာ့ရုပ်ရှင်ကို နောက်ကျနေတာလို့ ပြောကြတယ်။ သူတို့ဆီမှာ ကြည့်လိုက်တော့ သူတို့ကဦးပြီး SLR ခေတ်ဖြစ်နေပြီ။ ကျွန်တော်တို့ဆီမှာ ဖလင်ကို အနှီးတားလော့ခ်နဲ့ ရိုက်နေတုန်း။ သူတို့ဆီမှာ ရိုက်တဲ့ဟာတွေ၊ ရိုက်ကူးမှုနည်းပညာတွေ Post Production တွေ အဲဒါမျိုးက ငါတို့ဆီမှာ ဖြတ်မှ မဖြတ်သန်းရတာ။ ဖလင်နဲ့ရိုက်ပြီး ဖလင်ကို ကူးဆေးတည်းဖြတ်ပြီးတော့ ရုံတင်တာပဲ။ အဲဒီတော့ ငါတို့ဆီမှာ အဆင့်တွေ အများကြီး လိုနေသေးတယ်။ အဲဒီအဆင့်တွေကို ဘယ်လိုဖြတ်သန်းရမယ်ဆိုတာ စ,ပြီး လေ့လာဖြစ်ရင်းမှ Post ပိုင်းကို ကျွန်တော် ဝါသနာပါသွားတယ်။ ဒီဟာတွေကို ဘယ်မှာလုပ်ကြသလဲ လေ့လာလိုက်တော့ ဝပ်ရှော့ခ်တွေမှာ အရင်ဆွေးနွေးတယ်။ စတူဒီယို ဆိုတာနောက်မှ။ အဲဒါကြောင့်လည်း ကျွန်တော်က ဝပ်ရှော့ခ်ရော၊ စတိုရီဘုတ်ရော တကယ် လိုအပ်နေပြီဖြစ်လို့ အဲဒါလေးကို စ, လုပ်ဖြစ်တာပါ။

**နောက်ဆုံးပိတ်အနေနဲ့ အနုပညာအလုပ်တွေပဲ ဦးစားပေးနေတော့မှာလား။ အချစ်ရေးရော ဦးစားမပေးတော့ဘူးလား။**

အိမ်ထောင်ကတော့ ကျွန်တော် ပြုရမှာပဲလေ။ ကျွန်တော် အိမ်ထောင်ပြုမယ့် ကဏ္ဍကတော့ စောစောက ပြောသလိုပဲ။ ကျွန်တော်တို့ဆီမှာက အချိန်အခါနဲ့ လုပ်ရတာဖြစ်လို့ အခုအခါမှာ အနုပညာကို ဖိဖိစီးစီး မလုပ်ဘူးဆိုရင် မြန်မာ့ရုပ်ရှင်နဲ့ မြန်မာ့အနုပညာက ပိုပြီးတော့ အပြစ်ပြော ဝေဖန်ရာတွေ

www.burmeseclassic.com

www.burmeseclassic.com

များလာနိုင်တယ်။ ကိုယ်လုပ်မှ
ပြီးမှာတော့ မဟုတ်ပါဘူး။ ကိုယ်တွေ
ဒီအချိန်မှာ ဒါမျိုးမလုပ်ဘူးဆိုရင်
လုပ်မယ့်လူက သိပ်မရှိဘူး
ဖြစ်နေတယ်။ ဒီအလုပ်တွေကို
တခြားသော မီဒီယာ၊
အနုပညာဖွံ့ဖြိုးတိုးတက်ရေး
အနုပညာနဲ့ ပတ်သက်ပြီး
ပံ့ပိုးပေးနိုင်မယ့် ကုမ္ပဏီတွေ
နိုင်ငံတကာက ဝင်ရောက်လာတယ်
ဆိုရင်တော့ ကျွန်တော်တို့
မလုပ်တော့ရင်လည်း ရတယ်။ သူတို့
လုပ်တဲ့နေရာမှာ ကျွန်တော်တို့
သရုပ်ဆောင်ပေးရုံပဲ။ အဲဒီလို
မရှိတဲ့အခါကျတော့
ဒီလိုလမ်းကြောင်းမျိုး
ကျွန်တော်တို့ လုပ်ထားတဲ့အခါကျတော့
နိုင်ငံခြားက လာရောက်မယ်
ဆိုရင်လည်း ကျွန်တော်တို့နဲ့
ဆက်သွယ်ချိတ်ဆက်ပြီး
အင်တာနေရှင်နယ်ဆန်ဆန်
လက်ခံရိုက်ကူးလို့ရမယ့်
ဝပ်ရှော့ခ်လေးတွေ ရှိမယ်။
ကင်မရာတွေရှိမယ်။ ကျွန်တော်တို့
အဆက်အသွယ်လည်းရမယ်။
နီးစပ်မှုလေးတွေ ဖြစ်လာမယ်။
အဲဒီကမှ တစ်ဆင့်
ကျွန်တော်တို့ဇာတ်ကားတွေက
နိုင်ငံတကာနဲ့
ဘယ်လိုပြန်ချိတ်ဆက်မလဲ
အတွေးနဲ့ အနာဂတ်ရဲ့
မျှော်လင့်ချက်မျိုး
မျှော်လင့်ထားတာလည်း
ရှိပါတယ်။
အဲဒါကြောင့်လည်း
ပါပါတယ်"လို့ နေတိုးက
ပြောပြခဲ့ပါတယ်။
အချိန်ပေးပြီး
ဖြေကြားပေးခဲ့တဲ့
နေတိုးကိုလည်း
အထူးကျေးဇူးတင်ပါတယ်။

■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# လွတ်လပ်စွာ လွမ်းဆွတ်ခွင့်ရချင်သူ
# မောင်ရင့်မာ၊ ကျောင်းကုန်း၊
# အမျိုးသားစာပေဆုရ

ဘို

ရသစာတမ်း ရေးအားကောင်းသူ စာရေးဆရာ မောင်ရင့်မာ(ကျောင်းကုန်း) ရေးသားပြီး အလင်္ကာစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည့် **လွတ်လပ်စွာလွမ်းဆွတ်ခွင့်** စာအုပ်က ၂၀၁၃ ခုနှစ် အမျိုးသားစာပေဆုတွင် စာပဒေသာဆုကို ဆွတ်ခူးကြောင်း သိရှိရသဖြင့် ဆရာ မောင်ရင့်မာ(ကျောင်းကုန်း)အား ရွှေအမြုတေမဂ္ဂဇင်းမှ ဆက်သွယ်မေးမြန်းခဲ့သည်။

**ဆရာ အမျိုးသားစာပေဆုရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ် ဆရာ။ ကျွန်တော်တို့က ဒီစာအုပ်ကို မဖတ်ဖြစ်ခဲ့သေးတဲ့အတွက် ဘယ်လိုစာအမျိုးအစားတွေ ပါတယ်ဆိုတာ အရင်ပြောပြပါလား ဆရာ။**

ပါတဲ့ အမျိုးအစားတွေကတော့ မဂ္ဂဇင်းဂျာနယ်တွေမှာ ဖော်ပြခဲ့တဲ့ ကဗျာ၊ ဝတ္ထု၊ အက်ဆေးတွေ ပါဝင်ပါတယ်။ အဲဒီဟာတွေထဲက ကျွန်တော်တတ်နိုင်သလောက် အက်ဆေးပုံစံရေးထားတာပါ။ ဒီစာအုပ်ကို မန္တလေးက ကိုပုညတို့ရဲ့ အလင်္ကာစာအုပ်တိုက်က ထုတ်ဝေခဲ့တာပါ။

**ဒီစာအုပ်ထုတ်စဉ်တုန်းက အမျိုးသားစာပေဆု ဝင်လိမ့်မယ်လို့ စိတ်ကူးများ ရှိခဲ့ပါသလား။**

မရှိခဲ့ပါဘူး။ မရှိခဲ့ဘူးဆိုတာက အမျိုးသားစာပေဆုက အက်ဆေးတွေကို အသိအမှတ်ပြုပြီး ဆုပေးလေ့ မရှိပါဘူး။ ကျွန်တော်က ပေးစေချင်တယ်။ ကျွန်တော့် စာအုပ်ကို ပေးစေချင်တာ မဟုတ်ပါဘူး။ အက်ဆေး အမျိုးအစားကို ပေးစေချင်တာပါ။

**စုစည်းတဲ့ နေရာမှာ ထုတ်ဝေတဲ့သူက စိတ်ကြိုက်ရွေးခဲ့တာလား။ ဆရာ့စိတ်ကြိုက် စုစည်းခဲ့တာလား။**

မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဖော်ပြခဲ့တဲ့အထဲက ကျွန်တော့်စိတ်ကြိုက် ရွေးခဲ့တာပါ။

**ဘယ်နှပုဒ်လောက် များပါသလဲ ဆရာ။**

၂၉ ပုဒ်လောက် ပါမယ်ထင်တယ်။

**အများစုက ဘယ် မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဖော်ပြခဲ့တာတွေလဲ။**

ကျွန်တော့်စိတ်ထင် ပြောရရင်တော့ အလင်းတန်းဂျာနယ်မှာ ဖော်ပြခဲ့တာတွေက အများစုဖြစ်မယ်ထင်တယ်။ နောက်တော့ ရွှေအမြုတေတို့၊ အတွေးအမြင်တို့ကဟာတွေလည်းပါပါတယ်။ ဒေါက်တာ မောင်မောင်နဲ့ စိတ်ထားအမြင်တို့၊ ဆရာဦးကိုယုရဲ့ စာအုပ်ခံစားချက်တွေ ရေးတာတွေလည်း ပါပါတယ်။

**အမျိုးသားစာပေဆု ကြေညာလိုက်ရာမှာ ဆရာ့စာအုပ်က စာပဒေသာဆုရတယ်ဆိုတော့ ဆရာ ဘယ်လိုများ ခံစားရပါသလဲ။**

ရိုးရိုးပဲ ပြောရရင်တော့ အသိအမှတ်ပြုခံရတဲ့အတွက် ဝမ်းသာပါတယ်။ နောက်ပြီးတော့ အက်ဆေးစာမူတွေကို အသိအမှတ်ပြုပြီး အခုလို ဆုပေးတာ ပထမဆုံးအကြိမ်ဖြစ်မယ်ထင်ပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာပါတယ်။ နောက်တစ်ခုပြောချင်တာကတော့ အက်ဆေးကို စာပေနယ်မှာ အသိအမှတ်ပြုပြီး ဆုချီးမြှင့်ခဲ့တာဟာ ရွှေအမြုတေမဂ္ဂဇင်းဖြစ်ပါတယ်။ အဲဒါကိုလည်း ကျွန်တော် မှတ်မှတ်ရရ ပြောချင်ပါတယ်။

**ကျေးဇူးပါပဲ ဆရာ။**


ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်။

■

ဘို

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

One Minute Interview

ကြုံရာဆုံရာ တစ်မိနစ်တာ

# နှလုံးသားပေါ်တွင် စာသွေးသည့် ဝေ(စီးပွားရေးတက္ကသိုလ်) အမျိုးသားစာပေဆုရ

ဘို

၂၀၁၃ ခုနှစ်အတွက် အမျိုးသား စာပေဆုများကို အောက်တိုဘာလ ၃၁ ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရေးကော်မတီက ကြေညာချက် ထုတ်ပြန်လိုက်ရာ အမျိုးသားစာပေဆုများတွင် ဆုတစ်ဆုဖြစ်သော 'ဝတ္ထုတိုပေါင်းချုပ်'ဆုကို စာရေးဆရာမ ဝေ(စီးပွားရေးတက္ကသိုလ်) က ဆွတ်ခူးရရှိသွားကြောင်း သိရှိရသဖြင့် ဆရာမ၏ခံစားချက်များကို ရွှေအမြုတေမဂ္ဂဇင်းက ဆက်သွယ် မေးမြန်းခဲ့သည်။

**ဆရာမခင်ဗျာ… အမျိုးသားစာပေဆုကြေညာလိုက်ချိန်မှာ 'ဝတ္ထုတိုပေါင်းချုပ်' စာပေဆုကို ဆရာမ ရရှိတယ်လို့ သိလိုက်ရတော့ ဘယ်လိုများခံစားရပါသလဲ။**

ဒီဆုကို သိပ်လည်း မျှော်လင့်မထားတဲ့အတွက် အရမ်းဝမ်းသာပါတယ်။

**ဒီစုစည်းမှုက ဆရာမရဲ့ပထမဆုံး စုစည်းမှုလား။**

ဟုတ်ပါတယ်။ ကျွန်မရဲ့ ပထမဆုံး စုစည်းမှုပါ။

**ထုတ်ဝေမယ့် လင်းလွန်းခင်စာပေတိုက်ကတောင်းလို့ စုစည်းတာလား၊ ဒါမှမဟုတ် ဆရာမရဲ့စိတ်ကူးနဲ့ စုစည်းတာလား။**

တောင်းတာကတော့ လင်းလွန်းခင်စာပေတိုက်က တောင်းတာပါ။ စုစည်းရာမှာတော့ ကျွန်မစိတ်ကြိုက်ဝတ္ထုတိုကလေးတွေကို စုစည်းပေးထားတာပါ။

**မဂ္ဂဇင်းပေါင်းစုံမှာ ပါခဲ့တဲ့ ဆရာမရဲ့ဝတ္ထုတိုတွေထဲက ဒီစုစည်းမှုမှာ ထည့်သွင်းဖို့ ဘယ်လိုမူနဲ့ရွေးခဲ့တာပါလဲ။**

နောက်ခံဇာတ်လမ်း မတူတာတွေကို ရွေးပါတယ်။ နောက်တစ်ချက်က စာအရေးအသားလည်း မတူအောင် သတိထားပါတယ်။ စကားပြေ၊ စကားပြော အကုန်လုံးပါအောင် ရွေးခဲ့တာပါ။ စာမူကိုစီတဲ့နေရာမှာလည်း ကျွန်မစိတ်ကြိုက်စီပါတယ်။ ဘယ်အပုဒ်ပြီးမှ ဘယ်အပုဒ်ထည့်မယ်၊ ရှေ့နောက် ဘယ်လိုထားမယ်ဆိုတာကို လည်း စိတ်ကြိုက်စီစဉ်ပါတယ်။ အကြောင်းအရာတစ်ခုနဲ့တစ်ခု မထပ်ရအောင် သတိထားသလို စကားပြေချည်းလည်း မဖြစ်စေရဘူး။ ဇာဖတ်ပရိသတ် မငြီးငွေ့ရအောင် ကြားမှာ စကားပြောဝတ္ထုကို ညှပ်ထည့်ပါတယ်။ အရသာတစ်မျိုးစီပေါ့။ Tempo အနိမ့်အမြင့်လည်းဖြစ်အောင် သတိထားပြီး စီပါတယ်။ စီတာကတော့ ကိုယ်ခံစားရတဲ့အတိုင်း စီတာပါ။

**ဒီဝတ္ထုစုစည်းမှုမှာ ဝတ္ထုတို ဘယ်နှပုဒ်ပါသလဲ။**

၁၈ ပုဒ်ပါ။

**ဒါက ဆရာမ ရေးထားတာ အကုန်မဟုတ်လောက်သေးဘူးထင်တယ်။**

အကုန်မဟုတ်ပါဘူး။ စိတ်ကြိုက်ရွေးထားတာပါ။

**ဒါဆိုရင် နောက်ထပ် ဝတ္ထုတို စုစည်းမှုထွက်လာဦးမလား။**

ပြောထားတာတော့ရှိပါတယ်။

**၂၀၁၄ အတွင်း ထွက်လာဦးမလား။**

အဲဒါတော့ အသေအချာ ပြောလို့ မရသေးပါဘူး။

**ကျေးဇူးတင်ပါတယ် ဆရာမ။**

ကျွန်မကလည်း ရွှေအမြုတေမဂ္ဂဇင်းကို ကျေးဇူးတင်ပါတယ်။ ■

ဘို

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ပရိသတ်ပေးတဲ့ဆုကို ပရိသတ်ကိုယ်စားပြန်လှူပေးတဲ့ စိုင်းစိုင်း

**လင်းနိုင်ဦး**

**မိုးရာသီဂီတဆုပေးပွဲမှာ ပရိသတ်အနှစ်သက်ဆုံးအမျိုးသားအဆိုတော်ဆု ရရှိခဲ့တဲ့ သရုပ်ဆောင်၊ အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က Shwe FM ၅ နှစ်ပြည့်မှာ အကောင်းဆုံးပွဲတက်အမျိုးသားဖက်ရှင်ဆုကို ပရိသတ်က ရွေးချယ်ပေးတဲ့ Voting တွေနဲ့ ထပ်မံရရှိခဲ့တဲ့အတွက် နှစ်ပွဲစလုံးက ရွှေဆုတွေ ရရှိခဲ့ပါတယ်။ အဲဒီဆုတွေကို နိုဝင်ဘာလ ၂ ရက်နေ့မှာ သွားရောက်လှူဒါန်းခဲ့တဲ့အတွက် လှူဒါန်းရခြင်းအကြောင်းများနဲ့ ပတ်သက်ပြီး စိုင်းစိုင်းခမ်းလှိုင်ကို မေးကြည့်ဖြစ်ခဲ့ပါတယ်။**

**စိုင်းစိုင်းခမ်းလှိုင်က ဂီတနဲ့ပတ်သက်ပြီး ချီးမြှင့်ခြင်းခံရတဲ့ ရွှေဆုတွေကို ဘယ်လိုကြောင့် လှူဒါန်းဖို့ စိတ်ကူးရခဲ့တာလဲ။**

သုံးရာသီဂီတဆုပေးပွဲရဲ့ မိုးရာသီပွဲမှာ ပရိသတ်တွေ မဲပေးလို့ ကျွန်တော် ဆုရတဲ့ အချိန်မှာ ဒီစိတ်ကူးကို ရခဲ့တာပါ။ သူတို့က ရွှေတစ်ကျပ်သား ချီးမြှင့်တာဆိုတော့ ဒီရွှေပြားနဲ့ကိုက်ညီတဲ့ငွေကို ကျွန်တော် သွား,လှူမယ်လို့ စိတ်ကူးရခဲ့တာပါ။ အဲဒီတုန်းက တစ်ကျပ်သားရခဲ့တာ ကျွန်တော် သွား,မလှူဖြစ်သေးဘူး။ Shwe FM က နောက်ထပ် ထပ်ရတယ်။ ဘယ်လောက်ရှိတယ်တော့ အတိအကျ မသိသေးဘူး။ ရတာကတော့ လေးပြားပါ။ ကျွန်တော့်စိတ်ထဲမှာ လှူချင်တာ နှစ်နေရာ ရှိပါတယ်။ ကလေးငယ်ငယ်လေးတွေ၊ မိဘမဲ့တွေကို လှူချင်တယ်။ ပြီးတော့ ဘိုးဘိုးဘွားဘွားတွေကို လှူချင်တယ်။ အဲဒီတော့ ဒီဇင်ဘာကျရင် **ရိုးမ မာရသွန် ပြေးပွဲ** ရှိတယ်။ အဲဒီပွဲမှာ ကျွန်တော်ကိုယ်တိုင် ဝင်ပြေးမယ်။ ဒီပွဲကရတဲ့ အလှူငွေတွေကို သွားလှူရင်လည်း ကျွန်တော်ပါ လိုက်ပါပြီး သွား,လှူမယ်လို့ အစီအစဉ်ရှိတယ်။ ဒီအကြိမ်မှာတော့ ဘိုးဘိုးဘွားဘွားတွေကို အရင်လှူမယ်လို့ ဆုံးဖြတ်ပြီးတော့ ဆရာမ ဒေါ်သန်းမြင့်အောင်ကို ကျွန်တော် ဖုန်းဆက်ပြီးတော့ လာလှူပါရစေဆိုပြီး သွား,ခဲ့ပါတယ်။

**ဘယ်လောက် လှူဒါန်းဖြစ်ခဲ့တာလဲ။**

ငွေကျပ် သိန်း နှစ်ဆယ်ပါ။ ပရိသတ်တွေ မဲပေးလို့ ရလာတဲ့ ရွှေပြားကို ကျွန်တော်က ရွှေပြားတန်ဖိုးအဖြစ်နဲ့ ငွေသားလှူလိုက်တာပါ။ ဒီအလှူက ကျွန်တော့်အလှူမဟုတ်ဘူး။ ကျွန်တော့် ပရိသတ်တွေက မဲပေးလို့ ဖြစ်လာတဲ့အလှူ ဖြစ်ပါတယ်။ ကျွန်တော့်ပရိသတ်တွေရဲ့ အလှူပဲ ဖြစ်ပါတယ်။

**လှူသင့်တဲ့နေရာတွေများစွာရှိတဲ့အထဲက ဘာဖြစ်လို့ အဘိုးအဘွားတွေရယ်၊ ကလေးတွေရယ်အတွက် ရွေးခဲ့ရတာလဲ။**


လိုအပ်တဲ့နေရာတော့ အများကြီး ရှိမှာပေါ့ဗျာ။ ဒါပေမဲ့ သက်ကြီးရွယ်အိုတွေနဲ့ ကလေးပိစိလေးတွေက ပိုပြီးတော့ အကူအညီလိုအပ်တယ်လို့ ကျွန်တော် စဉ်းစားမိတာပေါ့လေ။ ကျွန်တော် အများကြီးလည်း မလှူနိုင်ဘူး။ ကျွန်တော့်အတိုင်းအတာလေးက သေးသေးလေးပဲ ရှိတာ။ ဘာပဲဖြစ်ဖြစ် ကိုယ် လုပ်နိုင်သလောက်လေးက တစ်နေရာရာမှာ အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်သွားမယ် ဆိုရင်လည်း ကျွန်တော် ပီတိဖြစ်ပါတယ်။ ကျွန်တော် ပိုပြီးတော့ ဝမ်းသာတာက ဒီလိုအလှူမျိုး ကျွန်တော် တစ်ခါမှ မလုပ်ဖူးဘူး။ ကျွန်တော့်ကိုယ်ပိုင်ပိုက်ဆံနဲ့ ကျွန်တော် လှူဖူးတယ်။ သူငယ်ချင်းတွေစုပြီး လှူဖူးတယ်။ ဒါပေမဲ့ ဒီတစ်ခါကတော့ ကျွန်တော့်ကိုချစ်တဲ့ ပရိသတ်တွေရဲ့ကိုယ်စား သွား,လှူတဲ့သဘောမျိုးဗျာ။ ကျွန်တော့်စိတ်ထဲမှာ ဖြစ်သွားတာက ဒီလူတွေအားလုံးလည်း ကုသိုလ်ရမယ်။ ဒီလူတွေနဲ့ နောက်ဆိုရင်လည်း ရေစက်ပြန်ဆုံမယ်။ အဲဒီလို ကျွန်တော် ခံစားရတယ်။

**ကလေးတွေအတွက် ဘယ်တော့လောက် သွား,လှူဖြစ်မလဲ။**

**ရိုးမမာရသွန်ပြိုင်ပွဲက** ကလေးတွေအတွက် သူတို့ဟာသူတို့ သွား,လှူဖို့ အစီအစဉ်ရှိတယ်။ ကျွန်တော်က သူတို့အတူ ပါဝင်ပူးပေါင်းဖို့ ရှိပါတယ်။ တတ်နိုင်ရင်တတ်နိုင်သလောက် ကျွန်တော် ကြိုးစားသွားပါမယ်-လို့ စိုင်းစိုင်းခမ်းလှိုင်က ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိတ်ကပ်မကြိုက်သော သီချင်းများနဲ့ ဆုတွေ သိမ်းပိုက်နေတဲ့ ဝေလ

**လင်းနိုင်ဦး**

*၁၉၈၂ တေးစီးရီး၊ မိတ်ကပ်မကြိုက်သော သီချင်းများ* တေးစီးရီးများနဲ့ ဂီတလောကမှာ အောင်မြင်မှုရနေတဲ့ တေးသံရှင် ဝေလက တေးရေး မြင့်မိုးအောင် ဦးစီးကျင်းပတဲ့ Myanmar Music Awards ရဲ့ **မိုးရာသီဂီတဆု ပေးပွဲ**မှာ *မိတ်ကပ်မကြိုက်သော သီချင်းများ*နဲ့ **ပရိသတ် အကြိုက်ဆုံး တေးသီချင်းဆု၊** ပညာရှင်များက ရွေးချယ်ပေး ကြတဲ့ **မိုးရာသီ အကောင်းဆုံး တေးဂီတဆု**တို့ကို ရရှိခဲ့တဲ့ အပြင် နိုဝင်ဘာလ ၁ ရက်နေ့ က ကျင်းပတဲ့ Shwe FM ငါးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားနဲ့ ဂီတဆုပေးပွဲမှာလည်း ငါးနှစ်တာအတွင်း ထူးထူးခြားခြား ချီးမြှင့်တဲ့ Rock Album များမှ အောင်မြင်ကျော်ကြား လူကြိုက်များသော တေးသီချင်းသီဆိုသူဆုကို *မိတ်ကပ်မကြိုက်သော သီချင်းများ* နဲ့ ထပ်မံရရှိခဲ့တဲ့အတွက် ဝေလရဲ့ ခံစားချက်များကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ဝေလက မိုးရာသီဂီတ ဆုပေးပွဲစင်မြင့်ပေါ်မှာ ပြောခဲ့ ဖူးတာ ရှိပါတယ်။ ဆုနဲ့ ပတ်သက်လို့ တစ်ခါမှ မရခဲ့ဖူးဘူး တဲ့။ အခု ရမယ့်ရတော့လည်း Shwe FM ဆုပါ ထပ်ရလိုက်တဲ့အတွက် ဘယ်လိုခံစားလိုက်ရလဲ။**

ကိုယ် ကြိုးစားခဲ့တာတွေ ကိုယ် စိုက်ပျိုးခဲ့တဲ့ အတိုင်း ပြန်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော် အခွေ စ,လုပ်တာ ၂၀၀၀-၂၀၀၁ ကတည်းကပါ။ နှစ်ခွေလောက် မထွက်ဖြစ်ခဲ့ဘူး။ ထွက်ဖြစ်ခဲ့တဲ့ ပထမအခွေက *၁၉၈၂* ပါ။ အဲဒါက ၂၀၁၁၊ ၇ လပိုင်း ၁ ရက်နေ့ ထွက်တာပါ။ အဲဒီနောက် *မိတ်ကပ်မကြိုက်သောသီချင်းများ* ထပ်ထွက်ခဲ့တာပါ။ ကြားထဲမှာ အများကြီး ကြိုးစားခဲ့ရတာတွေ အခုမှ အကောင်အထည်ပေါ်တယ်လို့ ခံစားရပါတယ်။ အဓိကကတော့ ကျွန်တော့်သီချင်းတွေကို ပရိသတ်အားပေးလို့လည်း ပါ,ပါတယ်။

**ဆုတွေ ဆက်တိုက် ရယူလိုက်တော့ ဘယ်လိုပြန်ပြီး ပေးဆပ်မှုတွေ လုပ်သွားမလဲ။**

ဆုတွေရလိုက်တော့ ပိုပြီး ကြိုးစားရတော့မှာပါ။ အရင်တုန်းကလည်း ဆုအတွက်ရယ်လို့ ကြိုးစားပြီး ရေးတာ၊ ပေါက်ဖို့ဆိုပြီး ရေးတာမျိုး မရှိပါဘူး။ ကိုယ်ဖီလင်လာတဲ့အခါ အကောင်းဆုံးဖြစ်အောင် ရေးလိုက်တာပါပဲ။ သေသေချာချာလုပ်တယ်။ သေသေချာချာ ဆိုလိုက်တယ်။ ဒါကြောင့်လည်း ပညာရှင်တွေကပါ ကြိုက်ကြလို့ ဆုရတယ်လို့ ထင်တာပဲ။ နောက်သီချင်းတွေအတွက် ပိုပြီးတော့ အားစိုက်သွားရမှာပေါ့။

**ဆုတွေ ရရှိသွားတာ ဝေလအတွက် ဘယ်လို ခွန်အားတွေ ရရှိသွားစေမလဲ။**

အားအင်တော်တော်များများ ဖြစ်သွားစေပါတယ်။ ကိုယ့်ဘဝမှာ မှတ်တိုင်တစ်ခုလိုပေါ့။ ဒီလိုမှတ်တိုင်မျိုးလည်း အရမ်းလိုချင်ပါတယ်။ ပညာရှင်တွေကိုယ်တိုင်က ပေးတာဆိုတော့ ခွန်အား တော်တော် ဖြစ်စေတယ်ပေါ့။

**မိုးရာသီ ဂီတဆုပေးပွဲမှာ ရွှေဆုနှစ်ဆု၊ Shwe FM မှာ တစ်ဆု ရတဲ့ရွှေတွေကို ဘယ်လိုလုပ်သွားမှာလဲ။ အမှတ်တရအဖြစ် သိမ်းထားမှာလား။**

ရွှေဆုတွေကို အမှတ်တရ သိမ်းထားချင်ပါတယ်။ ပထမဦးဆုံး ရဖူးတဲ့ဆု ဖြစ်လို့ပါ။ ဒါပေမဲ့ မိုးရာသီက ရတဲ့ ရွှေဆုနှစ်ဆုထဲက တစ်ဆုကိုတော့ အမေ့ကို ကန်တော့လိုက်ပါတယ်။ Shwe FM က ပေးတဲ့ ရွှေလေးပြားကိုတော့ အိမ်မှာပဲ အမှတ်တရ သိမ်းထားမယ်။ ပြီးတော့ ကိုယ့်ဘဝနဲ့အတူတူ ဖြစ်ခဲ့သူကို တစ်ခုခု လုပ်ပေးမှာပေါ့။

**လောလောဆယ်မှာ ဂီတနဲ့ ပတ်သက်ပြီး ဘာတွေ လှုပ်ရှားဖြစ်နေလဲ။**

တတိယအခွေအတွက် လုံးပန်းနေပါတယ်။ ပြီးတော့ အတွဲခွေတွေမှာ ဆိုဖြစ်သလို၊ ရှိုးပွဲတွေလည်း ဆိုဖြစ်နေပါတယ်။ ရှိုးပွဲတွေက ကျွန်တော် ဆိုရတာ သိပ်မများသေးတော့ အတွေ့အကြုံတော့ သိပ်မရှိသေးဘူး။ ကျွန်တော်နဲ့ ထိုက်သင့်သလောက်နဲ့ ဘယ်လိုပွဲမျိုးဆိုတာကိုပဲ ကြည့်ပြီး လက်ခံတယ်။ တစ်ခုရှိတာက ဘီယာဆိုင်တွေမှာတော့ ဆိုဖြစ်မယ် မထင်ဘူး။ လက်မှတ်ရောင်းချတဲ့ပွဲတို့၊ ပရဟိတပွဲ တော်တော်များများတော့ ဆိုဖြစ်မှာပါလို့ ဝေလက ပြောပြခဲ့ပါတယ်။ ■


**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုကြည့်နေကျပရိသတ်များကတော့
ကိုတင့်လို့ပြောလိုက်ရင် ကျော်ဓောလင်းရဲ့ဇာတ်ရုပ်
အရိုင်း အရုပ်ဆောင်တဲ့ဇာတ်ကားပဲလို့
သိကြပါတယ်။ ကျော်ဓောလင်းကလည်း အရိုင်းကို
ကိုတင့်အဖြစ် သရုပ်ဆောင်ပြီး ဗီဒီယိုကား
၅ ကားအထိ ရိုက်ခဲ့သူပါ။ ဒါကြောင့် ကိုတင့်ရဲ့
အရိုင်း၊ ကျော်ဓောလင်းတို့ဟာ ခွဲမရအောင်
ပရိသတ်များ သိကြပြီး ဖြစ်ပါတယ်။
ကိုတင့်ကို ရုပ်ရှင်ကွက် လို့အမည်ပေးထားတဲ့
ရုပ်ရှင်ကားကြီးတစ်ကားကို ဒါရိုက်တာ
ကျော်ဓောလင်းက ရိုက်ကူးခဲ့ပါတယ်။ ကိုတင့်

www.burmeseclassic.com


www.burmeseclassic.com

ဆိုတဲ့အတိုင်း အရိုင်းက အစိကသရုပ်ဆောင်ဖြစ်ပြီး ကိုတင့်ဇနီး မချိုအဖြစ် မိုးပြည့်ပြည့်မောင်၊ မိုးပြည့်ပြည့်မောင်ရဲ့ မိခင်အဖြစ် ဝါဝါအောင်တို့က သရုပ်ဆောင်ကြပါတယ်။ ကျော်ဇောလင်း ဒီကားကို ရိုက်မယ်ဆိုတော့ စုပါသရုပ်ဆောင်များ ကလည်း မေတ္တာနဲ့ ပါဝင်ကူညီသရုပ်ဆောင်ပေး ကြတာကြောင့် ဒီကားက စုပါများ စုံစုံညီညီနဲ့ အား ကောင်းတဲ့ ကားတစ်ကား ဖြစ်လာပါတယ်။

**ကိုတင့်တို့စုပါရုပ်ကွက်** မှာ ပါဝင်သရုပ်ဆောင် ကြတဲ့ အတွဲများနဲ့ပတ်သက် ပြီး ဒါရိုက်တာ ကျော်ဇော လင်းက သူတို့ရဲ့စရိုက်တွေကို ပြောပြပါတယ်။

**ပြေတီဦးနဲ့ ဝတ်မှုံရွှေရည်**

ပြေတီဦးက ဝတ်မှုံရွှေ ရည်ရဲ့ရည်းစား။ ထွန်းထွန်း ဝင်းက ဝတ်မှုံရွှေရည်ရဲ့ဖခင်၊ ဆရာဝန်ကြီး။ သူက အသက် ကြီးပေမဲ့ ဆေးမကုရရင် မနေနိုင်တဲ့ဆရာဝန်ဖြစ်တော့ ပြေတီဦးက ယောက္ခမလောင်း ကို မျက်နှာလုပ်ဖို့အတွက် ရပ် ကွက်ထဲက လူတွေကို လူနာ ပွဲစားလုပ်တယ်။ တော်ရုံတန် ရုံ အရိုးစူးတဲ့ကိစ္စလောက်ကို တောင် အခုပဲ လည်ပင်း ခွဲရ တော့မလိုလို ဘာလိုလိုပြော ပြီး ဆေးခန်းကို သွားခိုင်း တယ်။ လေနဲ့ဝမ်းနဲ့ မကွဲတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို လည်း လေဖြတ်တာဆိုပြီး ဆေးခန်းသွားခိုင်းတယ်။ သူ က ကောင်မလေးကိုလည်း ဖားရတာပေါ့။ နောက်ဆုံးမှာ တော့ သူကိုယ်တိုင် လူနာဖြစ်




www.burmeseclassic.com

www.burmeseclassic.com

သွားရတယ်။

**နေတိုးနဲ့သက်မွန်မြင့်**

သူတို့နှစ်ယောက်က တော့ ရပ်ကွက်ထဲမှာ မြန်မာ ဆေး၊ နိုင်ငံခြားဆေးရောင်း တဲ့ ဆေးဆိုင်ဖွင့်ထားတယ်။ သူတို့နှစ်ယောက်က ဆယ် တန်းအောင်တဲ့အချိန်မှာ ဆေး ကျောင်းတက်နိုင်တဲ့အမှတ် မီခါနီးမှာ ကပ်ပြုတ်သွားတဲ့ ဆရာဝန်ဝါသနာပါသူ နှစ် ယောက်ပေါ့။ ဆရာဝန်မလုပ် ရတော့ ဆေးရောင်းတဲ့ဆိုင် ဖွင့်ထားပြီး ဆေးလာဝယ်သူ တွေကို ဆေးစပ်ပေးကြတယ်။ ဘာဖြစ်နေတယ်ဆိုရင် ဘာနဲ့ ဘာနဲ့သောက်ပေါ့ဆိုတာမျိုး။ ဒေါက်တာ ရမ်းကုတွေပေါ့။ ကိုတင့်ကိုလည်း သူတို့နှစ် ယောက် ကုလိုက်ကြတာ နောက်ဆုံးမှာ လူနာတင်ကား နဲ့ ဆေးရုံပို့လိုက်ရတဲ့အထိ ဖြစ်သွားတယ်။

**မင်းမော်ကွန်းနဲ့အိန္ဒြာကျော်ဇင်**

သူတို့နှစ်ယောက်က ရပ်ကွက်ထဲမှာ စီးပွားရေး အခြေအနေကောင်းတယ်။ ဆန်ဆိုင်တွေဘာတွေ ဖွင့်ထား တယ်။ ဒါပေမဲ့ မင်းမော်ကွန်း က မိန်းကလေးမြင်ရင် ငမ်း ချင်တယ်။ မိန်းမ ပြန်ရောက် နေတာတွေဘာတွေ မသိ အောင် ဖြစ်တတ်တယ်။ အိန္ဒြာကျော်ဇင်က သဝန်တို တတ်တယ်။ လင်မယားနှစ် ယောက်စလုံး စီးပွားရှာနေ တာဆိုတော့ သူတို့က ရန်ဖြစ် ရင် ဘယ်ဟာပဲဖြစ်ဖြစ် နှစ် ယောက်ပိုင်တယ်လို့ ဆိုပြီး တစ်ဝက်စီ ခွဲလေ့ရှိတယ်။ မင်းမော်ကွန်း တပ်ထားတဲ့ မျက်မှန်ကို အိန္ဒြာကျော်ဇင် က သူ တစ်ဝက်ပိုင်တယ် ဆိုပြီး ဒီမျက်မှန်အောက်က





www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေကို မငမ်းနိုင်အောင် မှန်တစ်ဖက် ဖြုတ်ယူထားတယ်။ မင်းမော်ကွန်းကလည်း အိန္ဒြာကျော်ဇင် ပါးကွက်ကွက်တာကို များတယ်ဆိုပြီး ပါးကွက်ကို တစ်ဖက်ပဲ ကွက်ခိုင်းတယ်။ ရန်ဖြစ်လို့လာဖျန်ဖြေတဲ့ ကိုတင့်ကိုလည်း ရုပ်ကွက်ထဲကမို့ နှစ်ယောက်ပိုင်တယ်ဆိုပြီး ကိုတင့်ကို နှစ်ခြမ်းခြမ်းဖို့ကြိုးစားကြတယ်။

**မြင့်မြတ်နဲ့စန္ဒီမြင့်လွင်**

သူတို့နှစ်ယောက်က သမီးရည်းစား။ မြင့်မြတ်က ရပ်ကွက်ထဲမှာ လက်ရဲဇက်ရဲရှိတဲ့ကောင်လေးပေါ့။ အရက်တွေဘာတွေလည်း သောက်တယ်။ ကိုတင့်က အိမ်ကဖုန်းကို အများသုံးနိုင်အောင် ငှားစားတာဆိုတော့ ကောင်လေးက ဒီမှာလာလာပြီး ကောင်မလေးဆီ ဖုန်းဆက်တယ်။ နှစ်ယောက် ကြည်နေရင် အော်ကျယ်အော်ကျယ် ပြောတာဆိုတော့ ကိုတင့်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှိခိုးတာတွေဘာတွေ အနေခင့်အယှက်ဖြစ်တယ်။ ကောင်မလေးနဲ့ ရန်ဖြစ်ရင်လည်း ကောင်လေးက အနားမှာရှိတဲ့ပစ္စည်းတွေကို ရိုက်ခွဲတာတို့ဘာတို့ လုပ်တတ်တယ်။ ဖုန်းငှားစားတဲ့အတွက် ကိုတင့် ဒုက္ခရောက်ပုံပေါ့။



**အောင်ရဲလင်းနဲ့ဖွေးဖွေး**

သူတို့အတွဲက ကိုရီးယားရှုးတွေပေါ့။ ဖွေးဖွေးအမေက စိုးမြတ်သူဇာ။ သူက အောင်ရဲလင်းကို ကြည့်ရဘူး။ ဖွေးဖွေးက ကိုရီးယားရှူးဆိုတော့ ကင်မ်ချီတွေဘာတွေ စားတာများပြီး ဝမ်း





www.burmeseclassic.com

www.burmeseclassic.com



လျှောတာတွေဘာတွေဖြစ်။ သူတို့နှစ်ယောက်ကို စိုးမြတ်သူဇာက သဘောမတူဖြစ်နေတာကို သဘောတူသွားအောင် ဘယ်လိုလုပ်ရမလဲလို့ ကိုတင့်နဲ့လာတိုင်ပင်တယ်။ ကိုတင့်ကလည်း ရှဲ့ပြီး ကိုရီးယားမှာတော့ လူငယ်တွေက ဒီလိုကိစ္စတွေမှာ သူတို့ဆန္ဒပြတဲ့အနေနဲ့ အမြင့်ပေါ်က ခုန်ချပြီး သတ်သေတာတို့ဘာတို့လုပ်ကြတယ်။ မင်းတို့နှစ်ယောက်လည်း အမြင့်ပေါ်ကခုန်ချမယ်ဆိုရင် မင်းတို့အမေက သဘောတူမှာပါလို့ ရွဲ့ပြောလိုက်တယ်။

**ရန့်အောင်**

သူ့ကိုတော့ ကျွန်တော်က **ဆွဲစားမယ်** ဗီဒီယိုဇာတ်ကားထဲက ဇာတ်ကောင်ပုံစံအတိုင်း သွားခေါ်ကြီးနဲ့ ဂါဝန်ရှည်ကြီး ဝတ်ထားတဲ့ နတ်ကတော် လုပ်ခိုင်းတယ်။ ကိုတင့်က နတ်အယုံအကြည်မရှိဘူး။ ဒါပေမဲ့ ကိုတင့်မိန်းမနဲ့ယောက္ခမက နတ်ယုံကြည်တော့ နတ်ကတော် ခိုင်းသမျှလုပ်တယ်။ အဲဒီတော့ ကိုတင့်နဲ့နတ်ကတော် မတည့်ဘူး။

**ရဲအောင်**

သူက ရပ်ကွက်ထဲက နိဗ္ဗာန်ဆော်အလှူခံပေါ့။ ကိုတင့်က သူများကို ကူညီသမျှ သူချည်းပဲ ခံရတာမို့ တရားရနေတဲ့အချိန်။

ကိုရဲတို့ အလှူခံအဖွဲ့ အလှူလာခံတော့ ကိုတင့်ကလည်း အလှူထည့်မယ်လို့ ဆင်းလာတဲ့အချိန်၊ ကိုရဲက အလှူခံလှည့်လာရင်း ဇာတ်တစ်ပုဒ် ဟောလာတယ်။ ဗိမ္ဗိသာရမင်းကြီးနဲ့ အဇာတသတ်တို့အကြောင်း





www.burmeseclassic.com

www.burmeseclassic.com



ပြောလာတာ။ ကိုရဲက အမေကို သတ်တာ ဘယ်သူလဲဟဲ့လို့ မေးလိုက်တဲ့အချိန်၊ ကိုတင့်ကလည်း အလှူငွေထည့်ချိန်ဆိုတော့ ဖြတ်ပိုင်းရေးဖို့ ကိုတင့်၊ ကိုတင့်လို့ အော်လိုက်တဲ့အချိန် တိုက်ဆိုင်သွားတဲ့အတွက် အမေကို သတ်တာ ကိုတင့် ဖြစ်သွားလို့ ပြဿနာ တက်ကြတယ်။

**ဘူမင်း**

သူက ဗေဒင်ဟောစာတမ်းလည်းရောင်းတဲ့သူ။ ကိုတင့်နဲ့စကားပြောရင်း ယောက္ခမကြောက်ရတဲ့ ကိုတင့်ကို ယောက္ခမနိုင်နည်း ပြောနေတုန်း နောက်က ယောက္ခမရောက်လာတဲ့အတွက် ဟောစာတမ်းရောင်းသူပါ ထွက်ပြေးရတာပေါ့။

အဲဒီလို ရပ်ကွက်တွေထဲမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ပြဿနာတွေကို ဇာတ်ကွက်ဆင်ထားတာလို့ ဒါရိုက်တာ ကျော်ဇောလင်းက ဆိုပါတယ်။ ကိုတင့်တို့ ရပ်ကွက်ထဲမှာ ရှိတဲ့လူတွေဟာ စုပါတွေများ ဖြစ်တဲ့အတွက် **ကိုတင့်တို့ စုပါရပ်ကွက်** လို့ပဲ ခေါင်းစဉ်ပေးထားတာလို့ သိရပါတယ်။ ဒီဇာတ်ကားကို ငွေရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ၂၀၁၅ မကူးခင် ဒီဇင်ဘာ နောက်ဆုံးပတ်လောက်မှာ ရုံတင်ပြသနိုင်မယ်လို့ ခန့်မှန်းထားတာကြောင့် ရွှေအမြုတေရဲ့ရုပ်ရှင်ချစ်သူများ ကြိုတင်မြည်းစမ်းနိုင်အောင် ဖော်ပြပေးလိုက်ပါတယ်။ ■


**မိုးကျော်သွန်း**





www.burmeseclassic.com

www.burmeseclassic.com



# မိခင်လောင်းတို့အတွက် ဖက်ရှင်

သို

၂၀၁၃ ခုနှစ် ကုန်ခါနီးနဲ့ ၂၀၁၄ နှစ်ဆန်းပိုင်းတို့မှာ မြန်မာအနုပညာရှင် အမျိုးသမီးတော်တော်များများ အိမ်ထောင်ပြုခဲ့ကြပါတယ်။ အခုဆိုရင် တချို့အိမ်ထောင်သည်များက ရင်သွေးများပင် လွယ်ထားကြပြီဖြစ်လို့ ဒီလရွှေအမြုတေရဲ့ဖက်ရှင်အဖြစ် မိခင်လောင်းများဖက်ရှင်ကို တင်ပြပေးချင်ပါတယ်။ ရုပ်ရှင်မင်းသမီး ဇိုဆယ်လ်ဒါနား ဝတ်ဆင်တဲ့ အင်္ကျီပုံစံများ ဖြစ်ပါတယ်။ မင်းသမီးကိုယ်တိုင်က ဖက်ရှင်ကို မြတ်နိုးသူဖြစ်တာကြောင့် ကိုယ်ဝန်ဆောင်ချိန်မှာလည်း အလှမပျက်စေဘဲ ဝတ်ဆင်ထားတာကို အတုယူနိုင်စေဖို့ ဖြစ်ပါတယ်။

❑

လျှောက်လမ်းပေါ်မှာပဲ ဝတ်ဝတ်၊ ကော်ဇောနီပေါ်မှာပဲ ဝတ်ဝတ် တင့်တယ်တဲ့မိခင်လောင်းဝတ်စုံကို ခရစ္စတင်းဒီရောကုမ္ပဏီက ချုပ်လုပ်ထားပါတယ်။ အောက်တိုဘာလ ၁ ရက်နေ့က ကျင်းပတဲ့ အကယ်ဒမီအကြိုပါတီပွဲတစ်ခုကို တက်ရောက်ရာမှာ ဝတ်ဆင်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဇိုရဲ့စတိုင်လ်များကို
တာဝန်ခံဖန်တီးပေးနေတဲ့
ပီထရာဖလန်နာရီက "ဇို က
ကိုယ်ဝန်ဆောင်ချိန်မှာ
မိန်းမပီပီသသ ဝတ်ချင်သတဲ့။
ဟုတ်တယ်လေ
ကိုယ်ဝန်ဆောင်ဆိုတာ
မိန်းမပီပီသသ
ဝတ်ရမှာပေါ့။
လုံလုံခြုံခြုံရှိရမယ်၊
ဗိုက်ကိုလည်း
လိုအပ်တာထက်ပိုပြီး
မပေါ်လွင်စေရဘူး။
ဒါကြောင့် သူ့အတွက်
အထူးစီစဉ်ပေးရတယ်။
တစ်ချက်ကတော့
သူက ဖိနပ်ကိုတော့
မလျှော့ချင်ဘူး။
ဒါကြောင့်
ကိုယ်ဝန်ဆောင်
တစ်ယောက်
အတွက်
သက်သက်သာသာ
ရှိစေမယ့်ဖိနပ်မျိုးတွေ
ဝတ်ဆင်စေပါတယ်။
အထူးသဖြင့်
ဒေါက်မပါတဲ့ဖိနပ်တွေက
မိခင်လောင်းတွေ
အတွက်
အကောင်းဆုံးပါပဲ" လို့
ဆိုပါတယ်။
ဒီပုံကတော့
The Book of Life
ရုပ်ရှင်ဇာတ်ကား
အထူးပွဲပြသတဲ့
အောက်တိုဘာလ
၁၂ ရက်နေ့က
ဝတ်ဆင်ခဲ့တာပါ။



ဒီဇော်ရှုပ်ကတော့
[illegible]
စက်တင်ဘာလ ၁၈ ရက်နေ့က
ကျင်းပတဲ့ Hispanic Heritage Awards ပွဲကို
တက်ရောက်လာစဉ် ဝတ်ဆင်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလ
၁၀ ရက်နေ့က
ပါဆာဒီးနားမှာ
ကျင်းပတဲ့
ALMA ဆုပေးပွဲကို
တက်ရောက်ရာမှာ
ဝတ်ဆင်လာတဲ့
နာစီဆိုးရိုဒရီဂတ်စ်ဝတ်စုံ
ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့
ဇူလိုင်လ ၂၉ ရက်က
နယူးယောက်မြို့
Stock Exchange ကို
လာရောက်စဉ်
ဝတ်ဆင်ထားတဲ့
ကယ်လ်ဗင်ကလိုင်းဝတ်စုံ
ဖြစ်ပါတယ်



အောက်တိုဘာလ
၁၁ ရက်နေ့က
ကယ်လီဖိုးနီးယားပြည်နယ်
ဝက်စ်ဝုဒ်မှာ ကျင်းပတဲ့
Hammer Museum Gala ကို
တက်ရောက်စဉ်မှာတော့
ဘော့တီဂါဗနီတာဝတ်စုံကို
ဆင်မြန်းထားပုံဖြစ်ပါတယ်။

■

ဘို

*Ref: People,Oct 27,2014.*



www.burmeseclassic.com


www.burmeseclassic.com

# ဖြူဖြူကျော်သိန်းရဲ့

## ပဉ္စမမြောက် တစ်ကိုယ်တော်

# Love of Musicals Show

လင်းနိုင်ဦး



၂၀၁၄ ခုနှစ်
နိုဝင်ဘာလ ၁ ရက် ညက
ရန်ကုန်မြို့
ကမ်းနားလမ်းရှိ
Strand Hotel မှာ
Love of Musicals လို့
အမည်ပေးထားတဲ့
ကမ္ဘာကျော်အော်ပရာ
သီချင်းများကို
ပြန်လည်သီဆိုမယ့်
ဖြူဖြူကျော်သိန်းရဲ့
တစ်ကိုယ်တော်ဖျော်ဖြေပွဲကို
ကျင်းပခဲ့ပါတယ်။
Love of Musicals ကို
ဖြူဖြူကျော်သိန်းက
အချစ်ဂီတပြပွဲလို့
တင်စားထားပါတယ်။
ဒီပွဲရဲ့ထူးခြားချက်က
ဖြူဖြူကျော်သိန်းရဲ့
တစ်ကိုယ်တော်
ဖျော်ဖြေပွဲလို့
ပြောလို့ရပေမဲ့
အားပေးတဲ့ပရိသတ်တွေ
အတွက် တစ်ကိုယ်တော်ပွဲ
မစတင်မီ
ကောက်ဟ်တေးပါတီကို
ဆင်နွှဲခွင့်ရတာ
ဖြစ်ပါတယ်။
ဒီပွဲကို စီစဉ်ပေးသူကတော့
YOSHIO Entertainment
က ကိုစိန်ဇော်သန်းပဲ
ဖြစ်ပါတယ်။
ကိုစိန်ဇော်သန်းက
ဂီတကိုမြတ်နိုးတဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်လို့ နိုင်ငံတကာမှာ သူကြည့်ခွင့်ရခဲ့တဲ့ ဂီတပွဲတွေလိုမျိုး မြန်မာနိုင်ငံမှာကျင်းပပေးတာပဲ ဖြစ်ပါတယ်။ ဒီပွဲမျိုးကို မြန်မာနိုင်ငံမှာ တစ်ခါမှ မကျင်းပဖူးသေးဘဲ အခုမှ ကျင်းပတာဖြစ်လို့ ထူးထူးခြားခြား ပွဲတစ်ပွဲ ဖြစ်နေသလို လက်မှတ်ဈေးနှုန်းကလည်း တော်တော်လေး မြင့်မားနေပါတယ်။ ဒီပွဲကို လက်မှတ် အစောင် ၃၀၀ ပဲ ရောင်းချပေးမှာဖြစ်လို့ လက်မှတ်ဈေးနှုန်းတွေက တစ်သိန်း၊ နှစ်သိန်းကနေ သုံးသိန်းအထိ ရှိခဲ့ပါတယ်။ ဒါကြောင့် စာနယ်ဇင်းများကို ...ဘာလ ၃၁ ရက်နေ့မှာ အထူးပွဲအနေနဲ့ သီဆိုပေးခဲ့တာ ဖြစ်ပါတယ်။

Love of Musicals Show ကို ည ၆ နာရီကနေ ၁၀ နာရီအထိ ကျင်းပတာပေး ဖြစ်ပေမဲ့ ည ၆ နာရီကနေ ၇ နာရီအထိက ကောက်လ်တေး ပါတီ အစီအစဉ်ပဲ ဖြစ်ပါတယ်။ အဲဒီနောက်မှာမှ ဖြူဖြူကျော်သိန်းရဲ့ တစ်ကိုယ်တော်ရှိုးကို ဆက်လက်ကျင်းပတာ ဖြစ်ပါတယ်။ **Love of Musicals Show** ကျင်းပမယ့် Strand Hotel ထဲကို ဝင်လိုက်တယ်ဆိုတာနဲ့ အဝင်အဝကနေစ,ပြီး ခန်းမလျှောက်လမ်းမှာ ပန်းတွေနဲ့ အလှဆင်ထားပါတယ်။ ပန်းအလှတွေကိုတော့ ROSANNA FLORAL က ပြင်ဆင်ပေးထားတာ ဖြစ်ပါတယ်။ ဖျော်ဖြေရေးခန်းမရဲ့ အဝင်အဝမှာတော့ ဖြူဖြူကျော်သိန်း ရှိုးပွဲတွေမှာ သီဆိုဖျော်ဖြေခဲ့စဉ်က ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံတချို့ကို ပြန်လည်ပြသပေးထားပြီး၊ အဲဒီအရုပ်တွေနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ချင်သူတွေအတွက်လည်း အဆင်ပြေအောင် စီစဉ်ပေးထားပါတယ်။ အဲဒီဝတ်စုံတွေကိုတော့ များသောအားဖြင့် ဒီဇိုင်နာ မတင်တင်ခိုင်နဲ့ ဖြူဖြူကျော်သိန်းရဲ့ အစ်မဖြစ်သူ မညိုတို့က ဖန်တီးချုပ်လုပ်ပေးထားတာတွေပဲဖြစ်ပါတယ်။ ဖျော်ဖြေရေးခန်းမထဲကို ဝင်လိုက်ပြီဆိုတာနဲ့ ပန်းအလှတွေနဲ့ ဆင်ထားတဲ့ စတိတ်ချ်ခုံကို တကယ့်အော်ပရာ စင်မြင့်လို မြင်တွေ့ခွင့်ရတာ ဖြစ်ပါတယ်။ ဖြူဖြူကျော်သိန်းက သူ့ရဲ့အစီအစဉ်ကို အပိုင်းသုံးပိုင်းခွဲပြီး ဖျော်ဖြေတင်ဆက်ရာမှာ ပထမပိုင်းကိုတော့ **အချစ်ရဲ့အရိပ်**၊ ဒုတိယပိုင်းကိုတော့ **အချစ်ရဲ့အထိအတွေ့**နဲ့ တတိယပိုင်းကို **အချစ်ရဲ့ဒေဝီ**လို့ အမည်ပေးထားပြီး သီချင်းတွေကို လိုက်ဖက်အောင် တင်ဆက်ပေးခဲ့ပါတယ်။ ပွဲအစီအစဉ်ကြားထဲမှာ နောက်ထပ် တင်ဆက်ပေးတာကတော့ Lazy Club တေးဂီတအဖွဲ့နဲ့ တယောချမ်းဟိန်းကြွယ်ရဲ့ Instrumental တီးခတ်တင် ဆက်မှုပဲဖြစ်ပါတယ်။ Lazy Club အဖွဲ့က ဖြူဖြူကျော်သိန်းနဲ့ Lလွန်းဝါတို့ **ကမ္ဘာ့ငြိမ်းချမ်းရေးပွဲတော်**မှာ သွားရောက် သီဆိုဖျော်ဖြေခဲ့တဲ့ *စစ်* သီချင်းကို အဆိုမပါဘဲ တူရိယာသက်သက်နဲ့ တီးခတ်ဖျော်ဖြေပေးတာ ဖြစ်ပါတယ်။

ဖြူဖြူကျော်သိန်းက **Love of Musicals** လို့ အမည်ပေးထားတဲ့ **အချစ်ဂီတပြဇာတ်**ကို တင်ဆက်ရာမှာတော့ အော်ပရာသီချင်းများထဲက *The Phantom of the Opera, You Learn To Live Without, Love Changes Everything* များကို အကအလှ၊ သရုပ်ဖော်တင်ဆက်မှုများနဲ့ ဖျော်ဖြေပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူကျော်သိန်းရဲ့ သီချင်းတွေမှာ အက၊ သရုပ်ဖော်များနဲ့ ပံ့ပိုး ကူညီပေးခဲ့တာကတော့ Jade Dragon အဖွဲ့က ထက်ဘုန်းနိုင်ပဲ ဖြစ်ပါတယ်။ ဖြူဖြူကျော်သိန်းက အော်ပရာသီချင်းများအပြင် သူ့ရဲ့တေးစီးရီးများဖြစ်တဲ့ *လုံးဝမသက်ဆိုင်တော့ပါ၊ ချစ်သူအမုန်းကျိန်စာ၊ မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်* တေးစီးရီးများထဲက ပရိသတ်အကြိုက် သီချင်းများနဲ့လည်း သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။ **Love of Musicals Show** မှာ ဖြူဖြူကျော်သိန်းက "ဒီနေ့ကတော့ တံခါးသစ် ဖွင့်လှစ်တဲ့နေ့ပဲဖြစ်ပါတယ်။ ဖြူဖြူသည်ထရိန်းလုပ်ထားတဲ့ Musicals Single မဟုတ်ခဲ့တဲ့အတွက် သီချင်းကျင့်တဲ့နေရာမှာ တော်တော်လေး အခက်အခဲ ရှိခဲ့ပါတယ်။ အချိန်လည်း တော်တော်ပေးခဲ့ရပါတယ်။ ဒီလိုအချိန်ပေးခဲ့ရပေမဲ့ ဖြူဖြူ စိတ်ထဲမှာ လုံးဝ နောင်တမရခဲ့ပါဘူး။ အသစ်အဆန်းတွေ လုပ်ရတာကိုလည်း ဖြူဖြူ သိပ်ပျော်ပါတယ်။ ဖြူဖြူ သိပ်ကြိုက်တဲ့အရာတွေကို လုပ်ရတဲ့အတွက်လည်း သိပ် ပြီးတော့ ကျေနပ်ပါတယ်။ တစ်ခါတလေစဉ်းစားမိတယ်။ ဖြူဖြူရဲ့ဖြတ်သန်းလာတဲ့ ကာလတစ်လျှောက်မှာ ဖြူဖြူ တကယ်ဆိုနေတဲ့သီချင်းတွေ တကယ်လုပ်နေတဲ့အရာတွေနဲ့ ဘာမှ မဆိုင်ဘူးလို့ ထင်ရတဲ့ အရာတွေကို တစ်ပြိုင်နက် တည်းမှာ ကိုယ့်ဟာကိုယ်ပဲ ဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် ကိုယ်နဲ့အတူတူ ရှုးဖော်ရှုးဖက် မိတ်ဆွေတွေနဲ့ဖြစ်ဖြစ် လုပ်နေတတ်တယ်။ အဲဒီအရာတွေ ကို တစ်နေ့ကျလို့ရှိရင် လူတွေ ရှေ့မှာလုပ်ခွင့်ရမယ်၊ မရဘူး ဆိုတာကို မသိဘဲ မသေချာ ဘဲနဲ့ ဆိုညည်းနားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com

…တတ်တယ်။ သီချင်းတိုက် …တုန်းကလည်း Lazy Club …းတော်သားတွေနဲ့ ပြောဖြစ် …ပါတယ်။ ကိုမရခိုင်ဆိုရင် …ည်း သူပြောပါတယ်။ …ခွင့်ရမယ်၊ မရမယ် မသိ …မဲ့ တစ်ခါတလေ လေ့ကျင့် …မိတာတွေ ရှိတယ်။ ဒီလိုပဲ …နဲ့တဲ့ဝိုင်းတော်သားတွေ …ာ ဒီလိုပဲ လုပ်ဖြစ်နေတယ် …တာသိရတယ်။ မြန်မာနိုင်ငံ …ာ ဒီလို လုပ်ခွင့်ရမယ်၊ မရ …ဆိုတာ မသိပေမဲ့ လုပ်ဖြစ် …ာတွေဟာ အခုတော့ …တယ်လုပ်ခွင့်ရလာပါပြီ။ နောင်လည်း ဒီလို ဆန်းသစ်တဲ့၊ ခွဲထွက်တဲ့အရာတွေကို ဖြူဖြူ ဆက်လုပ်နေဦးမှာပါ' လို့ ပြောပြခဲ့ပါတယ်။

ဒီပွဲကို စီစဉ်တင်ဆက်ပေးတဲ့ YOSHIO မှ ကိုစိန်ဇော်သန်းကလည်း 'ဒီပွဲအတွက် ဖြူဖြူကျော်သိန်းကိုရော၊ Lazy Club ကိုရော ကျွန်တော် ရွေးချယ်ခဲ့တာ အင်မတန် မှန်ပါတယ်။ ကျွန်တော် ထင်တာထက် ပိုပြီး ကောင်းခဲ့ပါတယ်။ စိတ်တိုင်းကျလည်း ဖြစ်ခဲ့ပါတယ်။ ဒါက သူတို့ နှစ်ဆ ပိုကြိုးစားခဲ့ကြလို့ပါ။ Musicals ပွဲက မြန်မာနိုင်ငံနဲ့ စိမ်းနေပေမဲ့ ကျွန်တော်က တမင်တကာ နီးစပ်အောင် ဆွဲစိခဲ့တာပါ။ နည်းနည်းတော့ စောရင်စောနေမယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မြန်မာနိုင်ငံကို ရောက်လာမှာပဲ။ ကျွန်တော်က စ, ပြီး ထွင်ပေးလိုက်တာပါပဲ။ Musicals သီချင်းတွေက ကျွန်တော် တောင်းဆိုတာတွေ များပါတယ်။ ရွေးချယ်တာကတော့ နှစ်ယောက်တိုင်ပင်ပြီး ရွေးချယ်ခဲ့တာပါပဲ။ Lazy Club က တီးခတ်ပေးကြတာ အရမ်းကောင်းသလို တယောဆရာ ချမ်းဟိန်းကြွယ်ရဲ့ ကြိုးစားမှုများကလည်း တယောကြိုးတွေ ပြတ်တဲ့အထိအောင် အားထည့်ခဲ့တာ ဖြစ်လို့ ပရိသတ်လည်း အကြိုက်တွေ့မယ်လို့ ထင်ပါတယ်။ နောက်ထပ်လည်း ဒီလို ထူးခြားမှုတွေနဲ့ ဂီတပွဲတွေ ဆက်လက်ကျင်းပသွားပါမယ်' လို့ ပြောပြခဲ့ပါတယ်။

■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com


# ချစ်လိုက် ထိုးလိုက် မုန်းလိုက် ဖျက်လိုက်

**ဇာနည်ညီမ်း**

မြန်မာဆိုရိုးစကားတွင် **အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးခု ချက်မပိုင်လျှင် နောင် ပြင်နိုင်ခဲသည့်အမျိုး** ဟုဆိုသည်။ ထို့ကြောင့် လူကြီးသူမများက ဆေးမင်ရည်စုတ်ထိုး ခြင်းကို ပြင်းပြင်းထန်ထန် ကန့်ကွက်လေ့ရှိကြသည်။ ဟောလိဝုဒ်အနုပညာရှင်များ၏ လောကတွင်မူ ဆေးမင်ရည် စုတ်ထိုးခြင်းဖြင့် ချစ်သူကို သက်သေတည်လေ့ရှိကြပြီး လမ်းခွဲကြချိန်၌ကား သက်သေထူခဲ့သည့် ဆေးမင်ရည်ကို အလွယ်တကူပယ်ဖျက်ကာ နောက်ထပ် နာမည်တစ်ခုကို ရေးထိုးကြပြန်သည်။ ယင်းသို့ ချစ်လိုက် ထိုးလိုက်၊ မုန်းလိုက် ဖျက်လိုက် လုပ်နေကြသော အနုပညာရှင်အချို့ကို တင်ပြပေးလိုက်ပါသည်။

❑





**နစ်ခ်ကင်နွန်**

အချစ်စစ်အချစ်မှန်ဆိုသည်မှာ အမြဲတမ်း မတည်တံ့နိုင်သော်လည်း ဆေးမင်ရည် စုတ်ထိုးခြင်းက ပယ်ဖျက်မပစ်နိုင်၍ နိုင်မြဲလိမ့်မည်ဟု ယူဆကြသဖြင့် မာရိုယာကာရေးအား နစ်ခ်ကင်နွန်က သက်သေပြသည့်အနေဖြင့် သူ့ကျောပေါ်တွင် **မာရိုယာ** ဆိုသည့်စာလုံးကို ရေးထိုးခဲ့သည်။ သို့သော် အောက်တိုဘာလ ၅ ရက်နေ့ (၂၀၁၄ ခုနှစ်)က နစ်ခ်အား တွေ့မြင်ရာ၌ **မာရိုယာ** စာလုံးကို ရှုပ်ထွေးသောပန်းချီဖြင့် ဖုံးအုပ်လိုက်ပြီဖြစ်သည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



**မီလာနီဂရစ်ဖစ်သ်**

သူ့ထက် အသက်ငယ်သည့် ရုပ်ရှင်မင်းသားချော အန်တိုနီယို ဘင်ဒါရပ်စ်အား အိမ်ထောင်ပြုခဲ့သည့် ရုပ်ရှင်မင်းသမီး မီလာနီဂရစ်ဖစ်သ်သည် ညာဘက်လက်မောင်းပေါ်တွင် ချစ်သူ၏အမည်ကို ရေးထိုးခဲ့သော်လည်း လမ်းခွဲခဲ့ကြပြီးနောက် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့က LA ၌တွေ့ရာတွင်မူ ယင်းတက်တူးကို ပယ်ဖျက်ထားကြောင်း တွေ့ရသည်။




**အစ်ဂီအဇေလီယား**

လက်ဖျံနှင့်လက်ဖဝါးစောင်းတွင် ချစ်သူ ASAP Rocky အမည်ကို ရေးထိုးခဲ့သော်လည်း ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့က ဆန်တာမော်နီကာ၌ တွေ့ရာတွင်မူ အမည်ပေါ်တွင် ကြက်ခြေခတ်ထားသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



### ဟေဒီကလမ်း

ဟေဒီကလမ်းက
ခင်ပွန်းသည်
အဆိုတော် Seal အမည်ကို
လက်ဖျံပေါ်တွင်
ရေးထိုးခဲ့သော်လည်း
၇ နှစ် အကြာ
အိမ်ထောင်သက်တမ်း
ကုန်ဆုံးချိန်၌
ဖျက်ထားသည်ကို
၂၀၁၄ ခုနှစ်၌
တွေ့ရှိရသည်။




www.burmeseclassic.com

www.burmeseclassic.com






**အီဗာလောင်ဂရီယာ**

၂၀၀၉ ခုနှစ်က ခင်ပွန်းသည်ဖြစ်သော တိုနီပါကား၏ ဘတ်စ်ကက်ဘောကစားရာတွင် ကျောနံပါတ်ဖြစ်သော ၉ ဂဏန်း ကို အစွဲပြုကာ Nine ဆိုသော စာတန်းကို အီဗာလောင်ဂရီယာက ကုပ်တွင် ရေးထိုးခဲ့သည်။ ယခုထက်တိုင် ရှိနေသေးသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



### မာ့ခ်အန်သိုနီ

မာ့ခ်အန်သိုနီနှင့် ဂျနီဖာလိုပက်ဇ်တို့ လမ်းခွဲလိုက်ကြပြီ ဖြစ်သော်လည်း ၂၀၀၆ ခုနှစ်က ရေးထိုးခဲ့သော လက်ဖျံမှ တက်တူးမှာ ယခုထက်တိုင် ရှိနေသေးသည်ကို တွေ့ရသည်။ သို့သော် ထိုတက်တူးမှာ အခြားတက်တူးတစ်ခုကို ဖုံးအုပ်ကာ ရေးထိုးခဲ့ခြင်းဖြစ်သည်။






### အင်ဂျလီနားဂျိုလီ

ယခု ဘရက်ပစ်နှင့် လက်ထပ်လိုက်ပြီဖြစ်သော အင်ဂျလီနားဂျိုလီက သူမ၏လက်မောင်းတွင် ခင်ပွန်းဟောင်း **ဘီလီဘော့ဝ်**၏အမည်ကို တက်တူးထိုးခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင်မူ ယင်းတက်တူးကိုဖျက်ကာ သားသမီးများ၏ မွေးနေ့နှင့်ဇာတိများကို ရေးထိုးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




**ဂျွန်နီဒပ်**

၁၉၉၀ ပြည့်နှစ်က ချစ်သူဖြစ်သော ဝီနိုနာရိုက်ဒါ၏အမည်ကို **Winona Forever** ဟု ရေးထိုးခဲ့သည်။ ယခု **Wino Forever** ဟု ပြောင်းလဲထိုးထားသည်ကို တွေ့ရသည်။






**ဒဲနစ္စရစ်ချတ်စ်**

ခင်ပွန်းဟောင်း ချာလီရှီးန် ၏ အမည်ကို ခြေချင်းဝတ်တွင် ရေးထိုးခဲ့ရာက ၂၀၁၄ ခုနှစ်တွင် နတ်သမီးရုပ်ကလေးဖြင့် ဖုံးအုပ်လိုက်သည်ကို တွေ့ရ၏။

■

**စာနည်းညီမ်း**

***Ref;People,Oct 27,2014***




www.burmeseclassic.com

www.burmeseclassic.com

# ဆု (၁၀) ဆု ချီးမြှင့်ခဲ့တဲ့ Shwe FM ရဲ့ ငါးနှစ်ပြည့် နှစ်ပတ်လည်ပွဲ

လင်းနိုင်ဦး

ရွှေသံလွှင်မီဒီယာက စီစဉ်ထုတ်လွှင့်ပေးနေတဲ့ Shwe FM ရေဒီယိုအစီအစဉ်ရဲ့ ငါးနှစ်ပြ နှစ်ပတ်လည် အခမ်းအနားကို နိုဝင်ဘာလ ၁ ရက်နေ့ ည ၆ နာရီအချိန်က ရန်ကုန် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွန်းတင် ဝင်းအတွင်း ကျင်းပခဲ့ပါတယ်။ Shwe FM က သူတို့ရဲ့ နှစ်ပတ်လည် ကျရောက်တိုင်း ဂီတဖျော်ဖြေမှုများနဲ့ Shwe FM Award ချီးမြှင့်ပေးခဲ့တာ ဒီနှစ်ဆိုရင် ငါးနှစ်ပြည့်မြောက်လာ ဖြစ်ပါတယ်။ အဲဒီနှစ်ပတ်လည်ပွဲများမှာ ဖျော် တင်ဆက်ခဲ့တဲ့ နိုင်ငံကျော် အဆိုတော်များ သီချင်းများကိုလည်း နှစ်စဉ် အမှတ်တရ တေးစီး ဖြန့်ချိပေးခဲ့ပါတယ်။ ငါးနှစ်ပြည့် နှစ်ပတ်လ



နီနီခင်ဇော်နဲ့အတူ အကအဖွဲ့ကလည်း ပါဝင်ဖျော်ဖြေခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



အိမ့်ချစ်ရဲ့ဖျော်ဖြေတင်ဆက်မှု

www.burmeseclassic.com

www.burmeseclassic.com



ရွှေ FM ငါးနှစ်ပြည့်အခမ်းအနားကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း၊ ရွှေသံလွင် နာယကကြီး ဒေါ်နီနီနဲ့ အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါတယ်

အခမ်းအနားမှာတော့ Shwe FM က ချီးမြှင့်မယ့် ဆု ၁၀ ဆု ကြေညာထားခဲ့ပါတယ်။ အဲဒီဆုတွေကတော့ Best Album of the Year (တေးအယ်လ်ဘမ်ဆု)၊ Most Popular Song of the Year (အကျော်ကြားဆုံးတေးသီချင်းဆု)၊ Most Requested Shwe FM Album Song Within 4 Years(လေးနှစ်တာအတွင်း Shwe FM အယ်လ်ဘမ်များမှ ပရိသတ်တောင်းဆိုမှုအများဆုံး အမျိုးသားတေးသံရှင်ဆု)၊ Most Requested Shwe FM Album Song Within 4 Years (လေးနှစ်တာအတွင်း Shwe FM အယ်လ်ဘမ်များမှ ပရိသတ်တောင်းဆိုမှုအများဆုံး အမျိုးသမီးတေးသံရှင်ဆု၊ Most Requested Female Single of the Year (ပရိသတ်တောင်းဆိုမှု အများဆုံး အမျိုးသမီးတေးသံရှင်ဆု)၊ Most Requested Male Single of the Year (ပရိသတ်တောင်းဆိုမှုအများဆုံး အမျိုးသားတေးသံရှင်ဆု)၊ Most Popular MTV Award(ရွှေပရိသတ်အကြိုက်ဆုံး MTV ဆု)၊ Mister Shwe FM (အကောင်းဆုံး ပွဲတက်ဖက်ရှင် အမျိုးသားဆု)၊ Miss Shwe FM (အကောင်းဆုံး ပွဲတက်ဖက်ရှင် အမျိုးသမီးဆု) နဲ့ Surprise Award(ရော့ခ်အယ်လ်ဘမ်များမှ အောင်မြင်ကျော်ကြား လူကြိုက်များသော တေးသီချင်း သီဆိုသူဆု)တို့ပဲ ဖြစ်ပါတယ်။

Shwe FM ငါးနှစ်ပြည့်ပွဲကို တက်ရောက်လာတဲ့ အနုပညာရှင်များက အကောင်းဆုံး ဖက်ရှင်တွေနဲ့ ကော်ဇောနီလျှောက်လမ်းပေါ်က ဝင်ရောက်လာပြီးမှဧည့်သည်တော်များနေရာမှာ နေရာယူဖို့နဲ့ အမှတ်တရဓာတ်ပုံများ ရိုက်နိုင်ဖို့စီစဉ်ပေးထားပါတယ်၊ ပထမဦးဆုံးအစီအစဉ်ကတော့ Shwe FM ရဲ့ Theme Song ကိုအဖွဲ့သားများက သီဆိုဂု… ပြုခဲ့ပြီး၊ ဖဲကြိုးဖြတ်ဖွင့်လှ… တဲ့အစီအစဉ်မှာ ရွှေသံလွ… နာယကကြီးဒေါ်နီနီ၊ မြန်မာ… နိုင်ငံရုပ်ရှင်အစည်းအရုံးဥက္က… ဦးလူမင်းနဲ့ ဒါရိုက်တာ… အကယ်ဒမီစင်ရော်မောင်မော… တို့က ဖဲကြိုးဖြတ် ဖွင့်လှ… ပေးခဲ့ကြတာ ဖြစ်ပါတယ်



တေးထုတ်လုပ်ဖန်တီးသူဆုကို ဘိုဘိုအင်တာတိန်းမန့်က ရရှိခဲ့ပါတယ်



အကောင်းဆုံးအမျိုးသမီးပွဲတက်ဆုကို မိုးစက်ပိုင်က ရရှိခဲ့ပါတယ်



အကျော်ကြားဆုံး တေးသီချင်းဆုကို ပိုပို့ရဲ့ ချစ်ခဲ့ဖူးသမျှ က ရရှိခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားကို ဖွင့်လှစ်ပြီးတဲ့အချိန်မှာ Dream Lover ဂီတအဖွဲ့ တီးခတ်ပေးမှု လင်းလင်းနဲ့ ချစ်သုဝေတို့က *လူတွေကြားက ကိုနှစ်ယောက်* သီချင်းနဲ့ စတင်ဖျော်ဖြေပေးပါတယ်။ ဆက်လက်ပြီး အစိုင်းက *အသက်တာနဲ့အတူ*၊ ဝန၊ လင်းယံ၊ ဒါဒီးလူတို့က *အမှတ်တရ*၊ လက *အရင်တိုင်းပဲ* သီချင်းများနဲ့ သီဆိုဖျော်ဖြေပေးခဲ့ကြပါတယ်။

ပထမပိုင်းအစီအစဉ် သီချင်းများနဲ့ ဖျော်ဖြေပြီးတဲ့အခါ Shwe FM က ချီးမြှင့်မယ့် ဆုများကို စတင်ကြေညာပေးပါတယ်။ ပထမဦးဆုံး ကြေညာချီးမြှင့်တဲ့ဆုကတော့ တေးထုတ်လုပ် ဖန်တီးသူဆု ဖြစ်ပါတယ်။ ဒီဆုကို ဒါရိုက်တာ အောင်ကိုလတ်က ဖွင့်ဖောက်ကြေညာပေးရာမှာတော့ *ဂီတစာဆို* တေးအယ်လ်ဘမ်ကို ထုတ်လုပ်ဖြန့်ချိပေးခဲ့တဲ့ **Bo Bo Entertainment** က ရရှိသွားခဲ့ပါတယ်။ ဒုတိယအနေနဲ့ ကြေညာပေးတာကတော့ အကောင်းဆုံး အမျိုးသမီး ပွဲတက်ဖက်ရှင်ဆု (Miss Shwe FM) ဖြစ်ပါတယ်။ ဒီဆုကို သရုပ်ဆောင်နဝရတ်က ဖွင့်ဖောက်ကြေညာပေးရာ ပရိသတ် Voting အများဆုံး ရရှိခဲ့တဲ့ **အလှမယ်မိုးစက်ပိုင်**က ရရှိသွားခဲ့ပါတယ်။ တတိယမြောက် ချီးမြှင့်ပေးတဲ့ဆုကတော့ အကျော်ကြားဆုံး တေးသီချင်းဆု ဖြစ်ပါတယ်။ ဒီဆုအတွက် ဆန်ခါတင်စာရင်းကို LED ပေါ်မှာ ပြသရာမှာတော့ လွှမ်းပိုင်ရဲ့ *ငါတို့အဝေး*၊ စိုင်းစိုင်းခမ်းလှိုင်ရဲ့ *ရည်းစားစာ*၊ ပိုပိုရဲ့ *ချစ်ခဲ့ဖူးသမျှ* သီချင်းများထဲက ဘယ်သူရရှိမယ်ဆိုတာကို အကယ်ဒမီ ပြေတီဦးက ဖွင့်ဖောက်ကြေညာပေးရာ **ပိုပိုရဲ့** *ချစ်ခဲ့ဖူးသမျှ* သီချင်းက ရရှိသွားခဲ့ပါတယ်။ စတုတ္ထမြောက် ကြေညာပေးတဲ့ဆုက လေးနှစ်တာအတွင်း ရွှေအယ်လ်ဘမ်များထဲမှ ပရိသတ်တောင်းဆိုမှု အများဆုံး အမျိုးသားတေးသံရှင်ဆုပဲ ဖြစ်ပါတယ်။ ဒီဆုအတွက် ဆန်ခါတင်စာရင်းမှာ ဝင်ရောက်လာတာကတော့



ပရိသတ်တောင်းဆိုမှုအများဆုံး တေးသီချင်းဆုကို လွှမ်းပိုင်က ရရှိခဲ့ပါတယ်



ဒါရိုက်တာ ဝင်းလွင်ထက်ကို ထက်ထက်မိုးဦးက ဆုချီးမြှင့်ခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဝေလရဲ့ *ဆိုင်းဘုတ်ကိုင်ပြီး လှမ်းလျှောက်မယ်၊* Dဖြိုးရဲ့ *မင်းလေးသိဖို့* သီချင်းနဲ့ ရဲရင့်အောင်ရဲ့ *မ မချစ်လို့မဖြစ်* သီချင်းများထဲက ဘယ်သူရမယ်ဆိုတာကို အိန္ဒြာကျော်ဇင်က ဖွင့်ဖောက်ကြေညာပေးရာ **Dဖြိုး**ရဲ့ *မင်းလေးသိဖို့* သီချင်းက ရရှိသွားခဲ့ပါတယ်။ ပဉ္စမမြောက် ကြေညာပေးတဲ့ဆုက လေးနှစ်တာအတွင်း ရွှေအယ်လ်ဘမ်များထဲက ပရိသတ် တောင်းဆိုမှုအများဆုံး အမျိုးသမီးတေးသံရှင်ဆု ဖြစ်ပါတယ်။ ဒီဆုအတွက် ဆန်ခါတင်စာရင်းကို ဝင်လာတာကတော့ ခင်စုစုနိုင်ရဲ့ *ငါ့ဘဝ ငါ့အိန်ဂျယ်၊* သီရိဆွေနဲ့ မိစန္ဒီတို့ သီဆိုထားတဲ့ *မုန်းတဲ့အကြောင်း၊* အိမ့်ချစ်ရဲ့ *မနေတတ်သောအလွမ်း* သီချင်းများထဲက ဘယ်သူရမယ်ဆိုတာကို တေးသံရှင် စိမ်းမို့မို့က ဖွင့်ဖောက် ကြေညာပေးရာ **အိမ့်ချစ်**ရဲ့ *မနေတတ်သော အလွမ်း*သီချင်းက ရရှိခဲ့ပါတယ်။ ဆဋ္ဌမမြောက် ကြေညာပေးတဲ့ဆုက အကောင်းဆုံး ပွဲတက်ဖက်ရှင် အမျိုးသားဆု ဖြစ်ပါတယ်။ ဒီဆုကို ဝိုင်းစုခိုင်သိန်းက ဖွင့်ဖောက်ကြေညာပေးရာ Shwe FM ပရိသတ်များနဲ့ပွဲကို တက်ရောက်လာတဲ့ ဧည့်သည်တော်များရဲ့မဲအများဆုံးရရှိခဲ့တဲ့ စိုင်းစိုင်းခမ်းလှိုင်က Mister Shwe FM ကို ရရှိသွားခဲ့ပါ တယ်။ သတ္တမမြောက်ချီးမြှင့်ပေးတဲ့ဆုက ရွှေပရိသတ် အကြိုက်ဆုံး MTV ဆုပဲ ဖြစ်ပါတယ်။ ဒီဆုကို အကယ်ဒမီ ထက်

ထက်မိုးဦးက ဖွင့်ဖောက်ကြေ ညာပေးရာ **ရဲရင့်အောင်**ရဲ့ *အမုန်း ဒိုင်ယာရီ* တေးစီး... ထဲက *ရပါတယ် ထွက်သွား ပါ* သီချင်းက ဆွတ်ခူးသွား ခဲ့ပါတယ်။ အဋ္ဌမမြောက် ကြေညာပေးတဲ့ဆုက ပ... သတ် တောင်းဆိုမှုအများဆုံ... အမျိုးသမီးတေးသံရှင်ဆု ဖြစ်ပါတယ်။ ဒီဆုကို ကြေ ညာပေးနိုင်ဖို့ ဆန်ခါတ... စာရင်းကို အရင်ပြသပေး... မှာ နီနီခင်ဇော်ရဲ့ *စိုးရိမ်ချ...* မိစန္ဒီရဲ့ *ရေခဲရိုက်အပြုံး၊* ပိုပို...



သားစိုးကြည်...
စုံတွဲဖျော်ဖြေခဲ့ပါတယ်



ဝါဆိုမိုးဦးရဲ့ဖျော်ဖြေမှု



အကနဲ့အဆို
တွဲဖက်ဖျော်ဖြေတဲ့
ခေမီကို

www.burmeseclassic.com

www.burmeseclassic.com



ဆုရရှိကြသူများ အမှတ်တရ

*ချစ်ခဲ့ဖူးသမျှ* သီချင်းများ ဖြစ်ပြီး တေးသံရှင် ကော်နီက ဖွင့်ဖောက်ကြေညာပေးရာ ကိုကိုရဲ့ *ချစ်ခဲ့ဖူးသမျှ* သီချင်းက ရရှိသွားခဲ့ပါတယ်။ နဝမ မြောက်အနေနဲ့ ကြေညာ ပေးတာကတော့ ပရိသတ် တောင်းဆိုမှု အများဆုံး အမျိုးသားတေးသံရှင်ဆုပဲ ဖြစ်ပါတယ်။ ဒီဆုကို နွဲ့ယဉ် ဝင်းက ဖွင့်ဖောက်မကြေ ညာမီ ဆန်ခါတင်စာရင်းကို ပြသရာမှာတော့ Snareအဖွဲ့ရဲ့ *သူမနဲ့အိပ်မက်၊* လွှမ်းပိုင်ရဲ့ *ငါတို့အဝေး၊* ရဲရင့် အောင်ရဲ့ *နေနိုင်လို့လား၊* စိုင်းစိုင်း ခမ်းလှိုင်ရဲ့ *ဝိရောဓိ* သီချင်း များထဲက **လွှမ်းပိုင်ရဲ့** *ဂီတ စာဆို လွှမ်းပိုင်* တေးစီးရီး ထဲက *ငါတို့အဝေး* သီချင်း က ရရှိသွားခဲ့ပါတယ်။ ဒီနှစ် မှာမှ ထူးထူးခြားခြား ချီးမြှင့် ပေးတဲ့ ဒသမမြောက် နောက် ဆုံးဆုကတော့ ငါးနှစ်တာ အတွင်း အောင်မြင်ကျော်ကြား လူကြိုက်များသော ရော့ခ် သီချင်းသီဆိုသူဆုဖြစ်ပါ တယ်။ ဒီဆုကို အေးမြတ်သူ က မကြေညာပေးမီ ဆန်ခါ တင်စာရင်းကို ပြသပေးရာမှာ ကျားပေါက်ရဲ့ *We are Big Bag,* ဇေလရဲ့ *မိတ်ကပ်မကြိုက်သောသီချင်းများ* အယ်လ် ဘမ်နှစ်ခုထဲက **ဇေလရဲ့** *မိတ် ကပ်မကြိုက်သောသီချင်း များ* တေးအယ်လ်ဘမ်က ရရှိခဲ့ပါတယ်။

ဆုရရှိသူများကို Shwe FMက ချီးမြှင့်ပေးတဲ့ အမှတ် တရ Awardဆုအပြင် ရွှေနန်း တော်၊ အောင်သမာဓိ၊ Di Fashionနဲ့ ခမ်းလီရွှေဆိုင်တို့ က ချီးမြှင့်ပေးတဲ့ ရွှေပြားများ ကိုလည်း ရရှိခဲ့ကြတာ ဖြစ် ပါတယ်။ ငါးနှစ်ပြည့် နှစ် ပတ်လည်ပွဲမှာ သီဆိုဖျော်ဖြေ ပေးခဲ့ကြတဲ့ တေးသံရှင်များ က အမွန်း၊ ဝိုင်းလေး၊ လီမွော် သီးတို့အဖွဲ့၊ သားစိုးနဲ့ ထိုက် ထိုက်၊ နန်းဆုရတီစိုး၊ စိုင်း စိုင်းခမ်းလှိုင်နဲ့ Jessica Dada, မေဆွိ၊ Red Lipsအဖွဲ့၊ နီနီခင် ဇော်၊ ဟိန်းသစ်၊ ရွှေထူး၊ ထက်ယံတို့အဖွဲ့၊ ဝါဆိုမိုးဦး၊ ခေမီကို၊ အိမ့်ချစ်တို့ပဲ ဖြစ်ပါ တယ်။ ■ **လင်းနိုင်ဦး**



နန်းဆုရတီစိုးရဲ့ဖျော်ဖြေမှု



မေဆွိရဲ့ဖျော်ဖြေမှု



စုံတွဲဖျော်ဖြေကြတဲ့ လင်းလင်းနဲ့ ချစ်သုဝေ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အိုလစ်ဗီယာဝိုင်းလ်ဒ်

**ရီတာအောင်၊ NY၊**

Olivia Wilde ကို အနက်အဓိပ္ပာယ် ဖော်ဆောင်ဖို့ မကြိုးစားကြပါနဲ့။ ပြောတာကို ယုံကြစမ်းပါ။ လူတချို့က ကြိုးစားခဲ့ကြဖူးပါတယ်။ Fox ရုပ်မြင်သံကြားချန်နယ်မှာ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ကနေ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်အထိ The O.C ဆိုတဲ့ ဆယ်ကျော်သက် ဒရာမာရုပ်သံစီးရီး ပြသခဲ့ဖူးပါတယ်။ အဲဒီစီးရီးမှာ အိုလစ်ဗီယာ ဝိုင်းလ်ဒ်ဆိုတဲ့ မင်းသမီးပေါက်စလေးက Alex Kelly ကာရိုက်တာကို အပီအပြင် သရုပ်ဆောင်ခဲ့တယ်။ သူမရဲ့ကာရိုက်တာက လိင်တူ၊ လိင်ကွဲ နှစ်မျိုးစလုံးကို စိတ်ဝင်စားသူဖြစ်တယ်။ လေးနှစ်ဆက်တိုက် တင်ဆက်ခဲ့တဲ့ စီးရီးမှာ အိုလစ်ဗီယာက ပထမဆုံးရာသီမှာ မပါဝင်ခဲ့ပါ။ ဒုတိယရာသီမှာမှ စတင်သရုပ်ဆောင်ခဲ့တာဖြစ်ပေမဲ့ အခြားသရုပ်ဆောင်တွေထက် ပရိသတ်အားပေးမှု ပိုရခဲ့တယ်။ ပုရိသပရိသတ်တွေက အိုလစ်ဗီယာ မျက်နှာဖုံးတင်ထားတဲ့မဂ္ဂဇင်းတွေကို စိတ်ဝင်တစား စောင့်ကြည့်တဲ့အထိ




www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာခဲ့တယ်။ Maxim, FHM, Complex စတာတွေအပြင် နောက်ထပ် ကြိုက်တဲ့လစဉ်ထုတ် မဂ္ဂဇင်းအမည်တွေ တန်းစီရွတ်လိုက်ပါ။ အိုလစ်ဗီယာပုံတွေ ချည်း ဖြစ်သွားခဲ့ဖူးတယ်။ ဘီကီနီဝတ်ပြီး ကိုယ်ဟန်ပြခဲ့တာ၊ အင်္ဂလိပ်နဲ့ အိုင်းရစ်ရှ်ကပြား ရုပ်ရှင်၊ ရုပ်သံ၊ ပြဇာတ် မင်းသမီးလေး Misha Barton ကို လူရှေ့သူရှေ့ နမ်းပြခဲ့ဖူးတာတွေနဲ့ ပတ်သက်လို့ နောင်တတစိုးတစိမှ မရတဲ့ အိုလစ်ဗီယာတစ်ယောက် နောက်ဆုံးမှာတော့ ဩဇာ၊ အရှိန်အဝါ ပိုကြီးလာခဲ့တယ်။ သူမရဲ့ အောင်မြင်မှုတွေ အသံပိုကျယ်၊ ပိုမြည်လာတာနဲ့အမျှ သတ္တိတွေ




မင်းသမီး အိုလစ်ဗီယာဝိုင်းလ်ဒ်နဲ့
မင်းသား Jason Sudeikis

ပိုရှိလာပြန်တယ်။ ဇာတ်လမ်းတစ်ခုခုမှာ သူမအတွက် နေရာအနည်းအကျဉ်းကလေးပဲ ရပါစေဦး၊ သူပါဝင်သရုပ်ဆောင်ပေးတာကိုက အံ့ဩစရာအကောင်းဆုံး ဖြစ်ရတယ်။

၂၀၀၇ ခုနှစ်တုန်းက Alpha Dog ဆိုတဲ့ ရုပ်ရှင်မှာ အင်ဒီးယန်းမလေး အန်ဂျလာဟိုးဒန်း ရုပ်သံမှာ(၂၀၀၄-၂၀၁၂) ၈ နှစ်နီးပါး ဇာတ်လမ်းတွဲပေါင်း ၈၁ ခုအထိ တင်ဆက်ခဲ့တဲ့ House မှာ ဆရာဝန်မလေး Dr. Remy Hadley အဖြစ် သရုပ်ဆောင်တာတွေကို ပရိသတ်က အမှတ်တရ ဖြစ်ကျန်ခဲ့တယ်။ ဒါ့အပြင် မင်းသားကြီး Jeff Bridges နဲ့ Tron:Legacy ရုပ်ရှင်ရိုက်နေရင်းတန်းလန်း မှတ်တမ်းရုပ်ရှင် အတော်များများကို ကိုယ်တိုင်ထုတ်လုပ်ဖြစ်ခဲ့သေးတယ်။

တကယ်ဆို သူမဟာ သူမကို နှစ်ခြိုက်စွဲလမ်းသူ ပရိသတ်တွေရဲ့အိမ်နံရံမှာ ပိုစတာကပ်၊ အလှပြရုံသက်သက် မင်းသမီးတစ်ယောက် မဟုတ်ပါဘူး။ သူ လက်လှမ်းမီသမျှ အတတ်ပညာတွေကို အချိန်ခပ်တိုတိုအတွင်း သင်ယူလေ့လာသွားတာ အရမ်းမြန်ဆန်ခဲ့တယ်။ Glamour မဂ္ဂဇင်းရဲ့ အယ်ဒီတာ Cindi Leive နဲ့ တွေ့ဆုံအင်တာဗျူးစဉ် အိုလစ်ဗီယာက 'အမှန်ဆို ကျွန်မက တစ်ဖက်သားကို ဖြားယောင်းသွေးဆောင်နိုင်တဲ့ စွမ်းဆောင်မှုရှိလှသူတစ်ယောက် မဟုတ်ပါဘူး' လို့ ပြောပြသွားခဲ့တယ်။

အယ်ဒီတာ စင်ဒီနဲ့ မင်းသမီး အိုလစ်ဗီယာတို့ နယူးယောက်မြို့မှာ တွေ့ဆုံစကားပြောဖြစ်ခဲ့ကြတယ်။ လက်ရှိ သူမနဲ့ စေ့စပ်ထားတဲ့ချစ်သူ မင်းသား Jason


ပွဲတစ်ခုတက်ရောက်ရာတွင် အတူတွေ့ရတဲ့
မင်းသား Jason Sudeikis နဲ့ မင်းသမီး အိုလစ်ဗီယာဝိုင်းလ်ဒ်

Sudeikis နဲ့ ၈ လသားအရွယ်ရှိပြီဖြစ်တဲ့ သားကလေး Otis ကို မွေးခဲ့တာပါ။ အိုလစ်ဗီယာ ၁၉ နှစ် လောက်တုန်းက အီတလီနိုင်ငံသား Tao Ruspoli ဆိုသူနဲ့ လက်ထပ်ခဲ့ဖူးတယ်။ ၄င်းခင်ပွန်းဟောင်းမှာ ရုပ်ရှင် ဒါရိုက်တာ၊ ဂီတအနုပညာသမား ဖြစ်ရုံသာမက အီတလီနိုင်ငံရဲ့လူချမ်းသာစာရင်းဝင် ဆွေကြီးမျိုးကြီးထဲကဖြစ်တယ်။ နှစ်ယောက်စလုံး အနုပညာသမားတွေမို့ မင်္ဂလာပွဲကို လူလည်း မသိစေချင်တာ ကြောင့် တိတ်တဆိတ်သာ ကျင်းပခဲ့ကြတယ်။ ဗာဂျီးနီးယားပြည်နယ် ကျောင်းသုံး ဘတ်စ်ကားအဟောင်းကြီးထဲမှာ အသိသက်သေနည်းနည်းလေးနဲ့ မင်္ဂလာပွဲပြီးမြောက် ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ လက်ထပ်ပြီး ၂၀၁၁ မှာ ကွာရှင်းခဲ့ပေမဲ့ အိုလစ်ဗီယာက ဘာလျော်ကြေးမှ မတောင်းဆိုခဲ့ပေ။ ဇနီးမောင်နှံ ၂ ယောက်အတူ ပိုင်ဆိုင်မှုတွေ အေးအေးဆေးဆေး ခွေးနွေးညှိနှိုင်းကာ ခွဲဝေယူခဲ့ကြတယ်။

အိုလစ်ဗီယာရဲ့မိဘ ၂ ပါး၊ ဦးလေးများ၊ အဒေါ်တစ်ယောက်နဲ့ အဘိုး(... ဘက်မှ) အားလုံးက ဂျာနယ်လစ်များ ဖြစ်ကြတယ်။ အစ်မဖြစ်တဲ့သူက နယူးယော...



www.burmeseclassic.com

www.burmeseclassic.com

မြို့မှာ နာမည်ကျော်ကြားတဲ့ ရှေ့နေမလေးပါ။ နယူးယောက်မှာ မွေးဖွားခဲ့ပေမဲ့ အိုင်ယာလန်နိုင်ငံမှာ ကြီးပြင်းခဲ့တဲ့ အိုလစ်ဗီယာက အင်္ဂလိပ်၊ အိုင်းရစ်ရှ်၊ စကော့တစ်ရှ်၊ ဂျာမန်သွေးနှောတဲ့ ကပြားမကလေး ဖြစ်ပါတယ်။ ဂျာနယ်လစ်မိဘ ၂ ပါးက မွေးလာသူမို့ သူမကိုယ်တိုင်လည်း ဘာသာတင်းလေးပဲကြားကြား အသေးစိတ် ခွဲခြမ်းလေ့လာသုံးသပ်တတ်တဲ့အကျင့်ရှိတယ်လို့ ဆိုပါတယ်။ အသက် ၂ နှစ် အရွယ်ကလေး တစပြီး ရုပ်ရှင်သရုပ်ဆောင် ဖြစ်ချင်ခဲ့သူပါတဲ့။

**လွန်ခဲ့တဲ့တစ်နှစ်က Glamour မဂ္ဂဇင်းအတွက် မင်း အက်ဆေးတစ်ပုဒ် ရေးပေးခဲ့တယ်။ အသက် ၃၀ ပြည့် အမျိုးသမီးတစ်ယောက်ရဲ့အလားအလာ၊ မျှော်လင့်ချက်နဲ့ ပတ်သက်ပြီး အရေးမပါတဲ့ အရာတွေကို ဖြတ်ထုတ်ချန်ထားပစ်တော့မယ်တဲ့။ ကဲ အခုဆို ၃၀ လည်း ပြည့်ပြီးပြီဆိုတော့ မင်းကို မေးရဦးမယ်၊ အရေးမပါတဲ့အရာတွေ ဖြတ်ချနိုင်ခဲ့ပြီလားလို့။**

ဖြတ်ခဲ့ပြီးပြီ။ ထုတ်ခဲ့ပြီးပြီ။ နေ့စဉ်နေ့တိုင်းလည်း အဲဒီအရာတွေလုပ်လို့ ရနိုင်သမျှ ဆက်လက်ဆောင်ရွက်နေဆဲပဲ။ မိခင်တစ်ယောက် ဖြစ်လာတော့လည်း ဒါတွေက သဘာဝအတိုင်း အလိုလို ဖြစ်လာတော့တာပါပဲ။ ကိုယ့်ရဲ့အရေးပါတဲ့အရာတွေက ရုတ်တရက်ကြီး အပြောင်းအလဲ ဖြစ်ကုန်တယ်လို့ လူတိုင်းက ပြောကြတယ်။ လျှပ်တစ်ပြက် ဖြစ်ပျက်သွားတယ်လို့ ခံစားရတာမျိုးပါ။

**သားသမီးယူဖို့အတွက် ကိုယ့်ကိုယ်ကို ဖိအားပေးတာမျိုး မလုပ်ဖို့ မင်းရေးခဲ့တယ်။ စာဖတ်သူတွေကို မင်းက 'စိတ်အေးလက်အေးနေပါ။ သတိ၊ အာရုံစူးစိုက်မှုတွေကို လျှော့ပါ။ ခန္ဓာကိုယ်ကို ဂရုစိုက်ပါ။ သင့်တင့်လျောက်ပတ်တဲ့ အချိန်အခါ ရောက်လာမှ အလုပ်လုပ်ပါ' တဲ့။ မင်းချစ်သူ ဂျေဆန် နဲ့ သားသမီးယူဖို့ သင့်တင့်တဲ့ အချိန်အခါရယ်လို့ မင်းဘယ်လို သိခဲ့သလဲ။**

ကျွန်မကတော့ အသက်ကြီးလာပြီ၊ ကျွန်မရဲ့မျိုးပွားနိုင်တဲ့ မျိုးဥတွေကလည်း အားနည်းလာပြီ။ ကျွန်မ ကလေးမြန်မြန်ယူတော့မှ ဆိုတဲ့ စိတ်အတွေးဖိအားတွေကို ဘယ်တုန်းကမှ အသိအမှတ်မပြုချင်ခဲ့ဘူး။ မိသားစုဘဝတစ်ခုကို အစမပျိုးခင် မိမိကိုယ်ကို သေသေချာချာ နားလည်ချင်တယ်။ ကျွန်မအသက် ၂၀ ကျော်တုန်းက ဘဝမှာ အပြောင်းအလဲ အကြီးကြီးတွေ ဖြစ်ခဲ့၊ ကြုံခဲ့ရတယ်။ ကျွန်မရဲ့အသက်မွေးဝမ်းကျောင်း အလုပ်ကိုတောင် ပြန်တည်ဆောက်ယူခဲ့ရတာမျိုးပါ။ မိသားစုဘဝကို ပရမ်းပတာ မတည်ဆောက်ချင်ဘူး။ ဖြစ်သလို အစပျိုးရင် ပရမ်းပတာနဲ့ပဲ အဆုံးသတ်မှာပဲလို့ ခံစားနားလည်ထားတယ်။

**အသက် ၃၀ ဆိုတာ ဒုတိယအခွင့်အရေးလို့ မင်း ယူဆတာ ဖတ်ခဲ့ဖူးတယ်။**

ကိုယ်အလိုရှိတဲ့ ဘယ်အသက်မွေးဝမ်းကျောင်းအလုပ်ကိုမဆို အသက် ၃၀ ပြည့်လာချိန်မှာ ကျွန်မ ရွေးချယ်လက်ခံနိုင်ခဲ့တယ်လို့ ကျွန်မ ထင်ပါတယ်။ အခုချိန်ထိ ကျွန်မလုပ်ခဲ့ပြီးသမျှကို ထည့်မတွက်ရင်ပေါ့လေ။ ရှိပြီးသားရင်းနှီးပတ်သက်မှုရှိခဲ့သေးရင်လည်း ရှိအောင် ကျွန်မ လုပ်နိုင်တယ်။ ကျွန်မ စိတ်ကူးထားခဲ့သမျှ အရာအားလုံး ဆုံးခန်းတိုင်အောင် မဖြစ်သင့်ဘူးဆိုတာ ဘယ်လိုအကြောင်းပြချက်မှ မရှိဘူး။ ဟောလီဝုဒ်မှာ ဒီအနုပညာနယ်ပယ်မှာ လူအများအတွက် ကျွန်မ ဒီအနေအထားဖြစ်နေတယ်ဆိုပေမဲ့ နောက်ထပ်အခြားနည်းလမ်းနဲ့ လက်ခံချင်မှလက်ခံမယ်။ ဒါပေမဲ့ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာဖို့ ကိုယ့်ကိုယ်ကို တွန်းအားပေးရမယ်လေ။

**အဲသလိုလုပ်ရတာ ခက်ခဲပင်ပန်းခဲ့လား။**

ဆွေးနွေးပွဲတွေမှာ စကားပြောတဲ့အခါ မီဒီယာကဏ္ဍမှာ အမျိုးသမီးတွေရဲ့နေရာနဲ့ ပတ်သက်ပြီး တစ်ခါတလေ အမေးခံရဖူးတယ်။ ဘယ်လိုလေ့လာသဘောပေါက်သလဲ၊ လက်ခံထားသလဲဆိုတာကိုပေါ့။ တစ်စုံတစ်ယောက်ကတော့ အမြဲလိုလို မေးတာက 'GQ မဂ္ဂဇင်းမျက်နှာဖုံးမှာ မင်းက ဘီကီနီဝတ်ပြီး ဓာတ်ပုံရိုက်ထားတယ်။



သားကလေး Otis နဲ့
မေမေ အိုလစ်ဗီယာဝိုင်းလ်ဒ်



သားကလေး Otis ကို
မိခင်နို့ရည် တိုက်ကျွေးနေတဲ့
မေမေ အိုလစ်ဗီယာဝိုင်းလ်ဒ်

www.burmeseclassic.com

www.burmeseclassic.com

ငါတို့ကိုကျတော့ ဖျော်ဖြေမှုအတွက် အသုံးချခံရသူ မဖြစ်စေနဲ့လို့ ဟန့်တားတယ်။ ဒီတော့ မင်းဒီကိစ္စကို ဘယ်လို များ နားလည်ထားတာလဲ'ဆိုတာပဲ။

အဲဒီလို မေးကြတဲ့အခါ 'ကဲ ကဲ နေပါဦး၊ ရှင်းပါ့မယ်။ **အမျိုးသမီးတွေနဲ့** ပတ်သက်လို့ ကျွန်မ စကားပြောတဲ့အခါ အခွင့်အာဏာလုပ်ပိုင်ခွင့်ဘောင်အတွင်းက ပြောတာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မကိုယ်တိုင် အဲဒီ စက်ယန္တရားကြီးရဲ့ တစိတ်တစ်ဒေသ ဖြစ်နေလို့ပဲ။ ပြီးတော့ ကိုယ့်ကိုယ်ကို တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲရှင်သန်တိုးတက်လာဖို့ ကြိုးစားအားထုတ်တယ်လေ'လို့ ရှင်းပြရတယ်။

**ဆိုလိုတာက ဒီကနေ့ ဒီအချိန်မှာတော့ မင်းဘီကီနီဝတ်ပြီး ကိုယ်ဟန်မပြတော့ဘူးပေါ့၊ ဟုတ်လား။**

အသက်ကြီးလာတာနဲ့အမျှ ပြောင်းလဲလာပြီပေါ့။ (ရယ်မောလိုက်ရင်း) အဲဒီဓာတ်ပုံတွေ ရိုက်ခဲ့တုန်းက ကျွန်မအသက် ၂၀ အရွယ်လောက်ဖြစ်နေခဲ့တာ ကျွန်မ ဝမ်းသာမိတယ်။ တစ်နေ့ကျရင် ကျွန်မဓာတ်ပုံတွေ ကြည့်ရင်း 'ကြည့်စမ်းပါဦး၊ ငယ်ရွယ်တဲ့ကလေးတွေများ'ဆိုပြီး ပြောနိုင်မယ်လေ။ ကျွန်မရဲ့ ငယ်ရွယ်တဲ့အချိန်အခါကို ကိုယ်တိုင်ဝေဖန်၊ ဆုံးဖြတ်တာမျိုး သေချာပေါက်မလုပ်ဘူး။

**မင်းရဲ့အလုပ်ကိုတောင် ပြန့်ဖွဲ့စည်းတည်ဆောက်ယူရတယ်လို့ ပြောခဲ့တယ်။ ဘယ်လိုဆိုတာ ပြောပြပါဦး။**

ကျွန်မ ပါဝင်သရုပ်ဆောင်ချင်လွန်းလို့ လက်ခံရိုက်ကူးနေတဲ့ ရုပ်ရှင်ရိုက်ကွင်းမှာ ကျွန်မစိတ်ထဲ ခံစားနေခဲ့ရတာ 'ဒါကို ငါမလုပ်နိုင်ပါဘူး၊ ငါ့အတွက် မဟုတ်ဘူး။ ငါ အရွေးမှားနေပြီ'လို့။ ကိုယ့်ကိုယ်ကို လိမ်ညာနေတဲ့ အတုအယောင်လို့ ခံစားခဲ့ရတယ်။ မနည်း ပြန်ကြိုးစားရတယ်။

**အဲဒါ Tron:Legacy ရိုက်နေတဲ့ အချိန်လောက်ကလား။**

ဟုတ်တယ်။ လုပ်ရတာတွေက ပျော်စရာကောင်းပါတယ်။ ဒါပေမဲ့ ကိုယ့်တကယ့်ဘဝအတွေ့အကြုံတွေထဲက ထိုးထွက်ရမှ တကယ်အကောင်းဆုံး သရုပ်ဆောင်နိုင်မှာ။ အဲဒါမျိုး မကြုံဖူးသေးဘူး။ ကျွန်မပြောခဲ့သလို ကျွန်မက တစ်ဖက်သားကို ဖြားယောင်းသွေးဆောင်နိုင်တဲ့ ဆွဲဆောင်မှုရှိသူတစ်ယောက် မဟုတ်တာကြောင့်လို့ ထင်ပါတယ်။

ကျွန်မနဲ့ ပတ်သက်ဆက်နွှယ်မှုမရှိတဲ့နေရာတစ်ခုမှာ အထားခံနေရသလို ခံစားခဲ့ရတယ်။ ကျွန်မ မဟုတ်တဲ့ ကျွန်မနဲ့ တွေ့ဆုံမိတ်ဆက်နေရတဲ့အတိုင်းပဲ။ ကျွန်မဖြင့် စိတ်ထဲမှာ 'ဟင့်အင်း၊ ဟင့်အင်း၊ နေကြပါဦး။ နောက်ပြန်ဆုတ်ပါရစေ။ ပြီးမှ ဒီအခန်းထဲကို ကျွန်မအဖြစ် ပြန်လာခဲ့မယ်လေ'လို့ ဖြစ်နေခဲ့တယ်။

**ဒါရိုက်တာ Martin Scorsese နဲ့ HBO မှာ မင်းရှီးတစ်ခုလုပ်နေတယ် မဟုတ်လား။**

ကျွန်မ ကလေးအရွယ်ကတည်းက ဒီဒါရိုက်တာကြီးကို လေးစားကြည်ညိုခဲ့ရတာ။ အိပ်မက်တစ်ခု အကောင်အထည်ပေါ်လာတာပါ။ ကျွန်မ အလုပ်ကောင်းကောင်းလုပ်နိုင်ဖို့ ပြောင်းလဲရတဲ့အကြီးမားဆုံးအရာက ကျွန်မ တည်ဆောက်ထားတဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုပဲ။ စိတ်ထဲမှာ 'ဟင့်အင်း၊ ဆီလျော်အောင် အလုပ်ဖြစ်ဖို့ ငါလုပ်ဖို့ မလိုအပ်ဘူး။ စိတ်ဝင်စားစရာကောင်းတဲ့ အရာတွေနဲ့ ငါ အလုပ်လုပ်မှာ'လို့ ပြောနေမိတယ်။ ဒါရိုက်တာနဲ့ တွေ့ရတဲ့ အစည်းအဝေးဆွေးနွေးပွဲမှာ ကျွန်မ ယုံကြည်ရွေးချယ်ထားတဲ့ ကာရိုက်တာအတွက် တောင်းဆိုနိုင်အောင် ကိုယ့်ဘာသာ ယုံကြည်မှုတွေ၊ ပိုင်နိုင်စိတ်ချရမှုတွေ ဖွံ့ဖြိုးတိုးတက်အောင် အားတင်း တည်ဆောက်ခဲ့ရတယ်။

**Revlon အလှကုန်ကြော်ငြာရိုက်ရတာ သိပ်လွတ်လပ်မှုရှိတယ်လို့ မင်း ပြောခဲ့ဖူးတယ်နော်။**

ဟုတ်တယ်။ အဲဒါ ရယ်ဗလွန်ရဲ့အကြီးမားဆုံးလက်ဆောင်ပါပဲ။ ကျွန်မ အလုပ်ကို အလျှင်းလုံးဝ ပြောင်းလဲပေးလိုက်တာ။

**အခု မင်းက ထုတ်လုပ်သူတစ်ယောက်ဖြစ်နေပြီမို့ အမျိုးသမီးတွေအတွက် နေရာကောင်းတွေ ရှာဖွေပေးနိုင်တော့မယ်။**

မှန်တယ်။ တစ်ယောက်နဲ့တစ်ယောက် စကားတွေပြောဆိုနိုင်မယ့် အမျိုးသမီးတွေနဲ့ ရုပ်ရှင်တွေ ဖန်တီးမယ်။

**နေပါဦး။ ရုပ်ရှင်ထဲမှာ အမျိုးသမီးတွေ တစ်ယောက်နဲ့တစ်ယောက် စကားမပြောတာများ ရိုက်လေ့ရှိလို့လား။**

ရှိတာပေါ့။ ကျွန်မနဲ့ မင်းသမီး Rose Byrne နဲ့တောင် စကားစပ်မိကြသေးတယ်။ ဟောလိဝုဒ်မှာ တွေ့လိုက်ရရင် မင်းသား(အမျိုးသား)တွေက တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး သိနေလိုက်ကြတာ။ သိမှာပေါ့။ ဘာကြောင့်လဲဆိုတော့



မင်းသမီး
အိုလစ်ဗီယာဝိုင်းလ်ဒ်ရဲ့
ဖက်ရှင်အလှ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ကားတိုင်းလိုလိုမှာ ကြည့်လိုက်ရင် အမျိုးသားသရုပ်ဆောင်က ၅ ယောက်လောက်ပါပြီး၊ ကျွန်မတို့လို အမျိုးသမီးဆိုလို့ တစ်ယောက်လောက်ပဲပါတယ်။ ကျွန်မတို့တွေက အမျိုးသားသရုပ်ဆောင်တွေနဲ့ အပြန်အလှန်ဆုံရပြီဆိုရင် သို့မဟုတ် အမျိုးသမီးအချင်းချင်းဆုံရပြီဆိုရင် တစ်ယောက်နဲ့တစ်ယောက် ခုန်းတီးနေကြတာတို့၊ ဒါမှမဟုတ်ရင် ချစ်ခန်း၊ ကြိုက်ခန်းတွေပဲ ဖြစ်နေတတ်ကြတယ်။ Bechdel စာမေးပွဲကို ရုပ်ရှင်တွေ အဲသလို ကျရှုံးနေတာလေ။

(ကာတွန်းရေးတဲ့ Alison Bechdel ဆိုသူက ၁၉၈၅ ခုနှစ်မှာ ဟောလိဝုဒ်ရုပ်ရှင်တွေနဲ့ ပတ်သက်တဲ့ ကာတွန်းရေးဆွဲခဲ့ပါတယ်။ အမျိုးသမီးတွေကို ဦးစားပေး၊ အရေးတယူနေရာပေးခြင်း မရှိတာကို မီးမောင်းထိုးပြထားတဲ့ ကာတွန်းပါ။ ဆွဲထားပုံလေးက အမျိုးသမီးနှစ်ယောက် ရုပ်ရှင်အကြောင်းပြောနေရင်း တစ်ယောက်သောသူက 'ငါကတော့ ရုပ်ရှင်သွားကြည့်မယ်ဆို အချက် ၃ ချက်နဲ့ ကိုက်ညီ ပြည့်စုံမှ သွားကြည့်မယ်။ ဘာတွေလဲဆိုတော့ နံပါတ်တစ် အမျိုးသမီးသရုပ်ဆောင် အနည်းဆုံး နှစ်ယောက်ပါရမယ်။ နံပါတ်နှစ်က အဲဒီအမျိုးသမီးတွေ တစ်ယောက်နဲ့တစ်ယောက် စကားပြောရမယ်။ နံပါတ်သုံးက သူတို့နှစ်ယောက် ပြောတဲ့စကားက ယောကျ်ားတစ်ယောက်အကြောင်း ဖြစ်ရဘူး။ အခြားအကြောင်းအရာ ဖြစ်ရမယ်'တဲ့။

နားထောင်နေတဲ့ အမျိုးသမီးက 'နင့်စည်းကမ်းသုံးချက်က ပြင်းထန်လွန်းကျပ်လှချည့်လား။ ဒါပေမဲ့ အမျိုးသမီးတွေအတွက် ကောင်းလှတဲ့ အကြံဉာဏ်ပါပဲ'လို့ ပြန်ပြောတယ်။ အဲဒီအခါ အဲဒီစည်းကမ်းချက် ၃ ချက်ကို ရှင်းပြတဲ့ အမျိုးသမီးက 'ငါပြောတဲ့အချက်တွေအားလုံးနဲ့ ကိုက်ညီမှ အဲဒီ ရုပ်ရှင်ကို သွားကြည့်ခဲ့တာမို့ ငါ နောက်ဆုံးကြည့်ခဲ့ရတဲ့ရုပ်ရှင်က **Alien** လေ'လို့ ပြောလိုက်တဲ့ ကာတွန်းလေးပါ။



အလုပ်ပြင်ရင်းနဲ့လည်း သားကလေး Otis ကို မိခင်နို့တိုက်နေတဲ့ မေမေ အိုလစ်ဗီယာဝိုင်းလ်ဒ်

ငင်း **Alien** ရုပ်ရှင်မှာ ၁၉၇၉ ခုနှစ်က ရိုက်ကူးခဲ့တာမို့ အတော်ဟောင်းနွမ်းနေတဲ့ရုပ်ရှင်ဖြစ်နေပါပြီ။ အဲဒီနောက်ပိုင်းထွက်လာသမျှ ရုပ်ရှင်အများစုက ကာတွန်းပညာရှင် Alison Bechdel ရဲ့စည်းကမ်းသုံးချက်နဲ့ မပြည့်စုံတာ များပါတယ်။ ငင်းကာတွန်းကြောင့် ဟောလိဝုဒ်ကထွက်တဲ့ရုပ်ရှင်တွေကို Bechdel Test, Bechdel Law နဲ့ တိုင်းတာတယ်ဆိုတဲ့ ဆိုရိုးစကားလေး ပေါ်ထွန်းလာခဲ့ပါတယ်။)

**ဟုတ်ပါရဲ့။ သူ့စံညွှန်း၊ သူ့ဥပဒေအရဆို အမျိုးသမီးနှစ်ယောက် ပါရမှာ။ ရုပ်ရှင်ရာခိုင်နှုန်းအတော်များများက သူ့စံချိန်စံညွှန်းမညီလို့ ကျရှုံးကြတာချည်းပဲ။ သူ့စံချိန်နဲ့မီတဲ့ ရုပ်ရှင်ဆိုရင်လည်း ကုန်ကျစရိတ်သက်သာအောင် ဘတ်ဂျက် လျှော့ထားတဲ့ဟာတွေ ဖြစ်နေရော။**

စိတ်ဝင်စားစရာကောင်းတာ တစ်ခုက အမျိုးသမီးတစ်ယောက်ကို ပံ့ပိုးပေးဖို့ အမျိုးသားတစ်ယောက် ရှာရခက်တာပဲ။ ထုတ်လုပ်သူတစ်ယောက်အနေနဲ့ အဲဒီအခက်အခဲကို အမြဲတွေ့တယ်။


**အံ့သြစရာတွေပဲ။ ကဲ...ကဲ မင်းရဲ့အလုပ်နဲ့ မိခင်ဘဝအကြောင်း ပြောချင်တယ်။ မိခင်တစ်ယောက်အဖြစ် တာဝန်ထမ်းဖို့ ခက်ခဲမှာပဲလို့ မင်း စိုးရိမ်ခဲ့သလား။**

ဟင့်အင်း။ မစိုးရိမ်ခဲ့ပါဘူး။ ကျွန်မအမေကို နမူနာထားလို့လေ။ အမေက သိပ်အလုပ်လုပ်နိုင်တဲ့သူတစ်ယောက်ပါ။ ကျွန်မ ကိုယ်ဝန်ရှိနေတဲ့အချိန်မှာ အဲဒါကို အားကျခဲ့ရတယ်။ မိခင်တစ်ယောက်ဖြစ်လာတော့မယ်ဆိုတာနဲ့ ကိုယ်မြတ်နိုးတဲ့ အလုပ်တွေနဲ့ ဝေး၊ ကိုယ့်ကိုယ်ကို စွန့်လွှတ်လိုက်တာမျိုး အဖြစ်မခံပါဘူး။ ခါတိုင်းလုပ်နိုင်တာထက် ပိုလုပ်နိုင်အောင် ကိုယ့်အစွမ်းကို ဆန့်ထုတ်ရတယ်။ ဟိုတုန်းကဆို ကျောပိုးအိတ်တစ်လုံးကောက်လွယ်ပြီး 'ကဲ သွားကြစို့'ဆိုပြီး ကင်ညာနိုင်ငံ၊ ဟေတီနိုင်ငံတွေဆီ ပရဟိတအလုပ်တွေ လုပ်ဖို့ ခရီးသွားခဲ့ဖူးတယ်။ ကျွန်မ စိတ်ပူတာ တစ်ခုက နောင်ကို အဲသလို မလုပ်နိုင်တော့မှာကိုဘဲ။ မိခင်တစ်ယောက်အဖြစ်နဲ့ ဘဝမှာ ကွဲပြားခြားနားတဲ့တန်ဖိုးထားရမှုတွေ ရှိလာနေပြီလေ။ ပြီးတော့ စွန့်စားမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



Tron:Legacy ဇာတ်ကားမှ
မင်းသမီး အိုလစ်ဗီယာဝိုင်းလ်ဒ်

ကိုလည်း မထိ မဲ့မြင်လုပ်ဖြစ်ဖို့ မလွယ် တော့ဘူး။ ဒါပေမဲ့ အမေ့ကိုကြည့်လိုက် တော့ ကျွန်မတို့ကို မွေးထားပေမဲ့ သူ့ ဘဝမှာ ဘာတစ်စိတ်တစ်ဒေသမှ မဆုံး ရှုံးခဲ့တာ အသေအချာပဲ။

**ဂျာနယ်လစ်တစ်ယောက်အဖြစ် မင်း မိခင် ထမ်းဆောင်ခဲ့တဲ့အလုပ် တာဝန်တွေက အတော် အန္တရာယ်ကြီး ခဲ့လို့ လူတွေက ဒါကို ဆက်မလုပ်ဖို့ ဝိုင်းတားမြစ်ခဲ့တယ်လို့ မင်းပြောခဲ့ဖူး တယ်နော်။**

ဟုတ်တယ်၊ ဟုတ်တယ်။ ဝေဖန် တဲ့လူတွေက အမေ့ကို မိသားစုအပေါ် တာဝန်မဲ့တယ်၊ မသိတတ်ဘူးလို့ ပြော ဆိုဝေဖန်ခဲ့တယ်။ ဒါပေမဲ့ အဲဒီလို ဝေဖန် မှုတွေကြောင့်တော့ ဘယ်တော့မှ သူ့ ကိုယ်သူ ရပ်တန့်မပစ်ခဲ့ပါဘူး။

**မိဘနှစ်ပါးစလုံးက သတင်း သမားအဖြစ် အလုပ်လုပ်ခဲ့တာပေါ့နော်။**

ဦးလေးတွေရော၊ အဘိုးအဘွား တွေရော၊ အဒေါ်တစ်ယောက်နဲ့ ဝမ်းကွဲ တစ်ယောက်ပါ ဂျာနယ်လစ်တွေ။

**မင်းက မိသားစုတွေနဲ့ မတူညီအဲ ဘာလို့ ခွဲထွက်နေတာလဲ။**

ကျွန်မက ရုပ်ရှင်လုပ်ငန်းနဲ့ ဂျာနယ် လစ်အလုပ်ကို နှစ်မျိုးတွဲပြီး မှတ်တမ်း ရုပ်ရှင်တွေ ရိုက်ဖြစ်တယ်လေ။ ကျွန်မရဲ့ အသက်မွေးဝမ်းကျောင်းထဲမှာ အဲဒီ အလုပ်ကလည်း နေရာတော်တော် ယူ လာနေပြီ။

**ကမ္ဘာပေါ်မှာ အရေးပါလှတဲ့ အဖြစ်အပျက်တွေရဲ့ဆွေးနွေးငြင်းခုံမှုတွေ ကြားမှာ မင်း ကြီးပြင်းအရွယ် ရောက် လာခဲ့ရတယ်ဆိုတာ ကျွန်မ သိပါတယ်။**

အဲလို အသိအမြင် ဗဟုသုတ ရှိ တဲ့ဘဝမျိုးဆို ကျွန်မ တော်တော့်ကို စိတ် ပျက်မိမှာပါ။ ကလေးမွေးပြီး တစ်ပတ် လောက်မှာတောင် ကမ္ဘာကြီး ဘာတွေ ဖြစ်နေပြီလဲဆိုတဲ့ သိချင်စိတ်က ဖြစ်နေ ပြီ။ အဲဒီလို အဆက်အသွယ်တွေ ပြတ် တောက် အသိမဲ့နေတာကို မခံစားနိုင် ဘူး။ လော့စ်အိန်ဂျလိစ်ကနေ ... ယောက်ကို ပြန်ပြောင်းရွှေ့နေရ...

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပြချက်တစ်ခုကိုက LA က NY ထက် ၃ နာရီနောက်ကျနေတာကိုး။ အဲဒီမှာက ချိတ်ဆက်မှုတွေ ရပ်တန့်သွားဖို့ လွယ်တယ်။ အဲဒါကို ကျွန်မ မကြိုက်ဘူး။

**ကဲ… အစကနေ ပြန်မေးရဦးမယ်။ မင်း Glamour မျက်နှာဖုံး နောက်ဆုံးပါတဲ့အချိန်က ကွာရှင်းပြီးခါစနော်။**

ဟုတ်ပါတယ်။ အကြီးအကျယ် စိုးရွံ့ယူ ကျိုးနေတဲ့အချိန်ပေါ့။ ဒါကြောင့်လည်း ကျွန်မ အမြဲတမ်းပြောနေပါတယ်။ အသည်းမကွဲဖူးတဲ့သူ မရှိဘူးဆိုတာ ကျွန်မ မယုံကြည်ပါဘူးလို့။

**တစ်စုံတစ်ယောက်က မကြာသေးခင်က ပြောဖူးတယ်။ သူမရဲ့ ဒုတိယ ခင်ပွန်းနဲ့ အရင်ဆုံး လက်ထပ်ဖြစ်ခဲ့ချင်လိုက်တာတဲ့။ နားထောင်ရတာ နည်းနည်းတော့ ထော်လော်ကန့်လန့် ဖြစ်တယ်။ ဒါပေမဲ့ မင်းရော အဲသလို ခံစားရသလား။**

ပထမအကြိမ် လက်ထပ်ခြင်းအမှု မရှိခဲ့ရင် ကျွန်မ ဒီလိုအနေအထားမျိုး ဘယ်ရပ်တည်နိုင်ပါ့မလဲ။ ကျွန်မရဲ့ ပထမခင်ပွန်းသည်နဲ့မှပဲ ကျွန်မ တကယ့်ကို ရှင်သန်လှုလားမြောက်ခဲ့ရတာပါ။ အခုဆို အဲဒီအတွေ့အကြုံတွေကြောင့် ကျွန်မ စဉ်းစားဆင်ခြင်ဉာဏ် ပိုရှိလာပြီ။ ဘဝရဲ့ အဓိကက ဘယ်ဟာဆိုတာ ပိုသိနားလည်လာပြီ။ ကျွန်မတို့ဘဝတွေမှာ ကြုံတွေ့လာရတဲ့လူတွေကို စာအုပ်ထဲက အခန်းကဏ္ဍတွေအဖြစ် သဘောထားနိုင်မယ်ဆိုရင် ပိုပြီး အကောင်းမြင်မှုတွေ ရှိလာပါလိမ့်မယ်။ ဒီလိုဖြစ်လိမ့်မယ်လို့ ကံပါလာရင် ဖြစ်ကိုဖြစ်မယ့် သဘောပါပဲ။ ဂျေဆန်နဲ့ ကျွန်မတို့ အစကတည်းက အိမ်ချင်း နှစ်လမ်းပဲ ခြားနေခဲ့ကြတာ။ တစ်ခါမှ မဆုံခဲ့ကြပါဘူး။

**နယူးယောက်မြို့မှာလား။**

ဟုတ်တယ်။ ကျွန်မတို့နှစ်ယောက်လုံးနဲ့ သိကျွမ်းတဲ့မိတ်ဆွေတွေလည်း ရှိပါလျက်ရဲ့ ကျွန်မတို့ မတွေ့ဆုံခဲ့ဘူး။ ကျွန်မတို့နှစ်ယောက်လုံး အသက်အရွယ်ရမှ တွေ့ဆုံကြရမယ်လို့ ကံကြမ္မာက ပြဋ္ဌာန်းထားခဲ့သလိုပေါ့။

**မင်း လုပ်နေကျ အသက်မွေးဝမ်းအလုပ်ကိုတောင် အခြေတကျဖြစ်အောင် ပြန်ကြိုးစားနေရတဲ့အချိန်မှာ ဂျေဆန်နဲ့ တွေ့ကြရတာဆိုတော့ အရမ်း စိတ်ဝင်စားစရာပဲ။**

မှန်ပါတယ်။ ကျွန်မ အရမ်း ကံကောင်းတယ်လို့ ခံစားရပါတယ်။ ကျွန်မ ရခဲ့တာ နေရာကောင်းတစ်ခုပါ။ ကျွန်မမိတ်ဆွေတွေ သူတို့ရဲ့ ချစ်သူတွေနဲ့ ပြဿနာဖြစ်တိုင်း 'ကိုယ့်ကိုယ်ကို တည်ငြိမ်အောင်မလုပ်နိုင်သေးရင် မှန်ကန်တဲ့ ဆုံးဖြတ်ချက် မချနိုင်ဘူးနော်' လို့ ကျွန်မ ပြောပြပါတယ်။ လွတ်လပ်မှုကို ကျွန်မ နှစ်သက်ယုံကြည်တယ်။ ကျွန်မတို့အားလုံး ကိုယ်ပိုင်လွတ်လပ်မှုတွေနဲ့ ရပ်တည်နိုင်မယ်လို့ ကျွန်မ အသေအချာ ယုံတယ်။ ဒါပေမဲ့ တစ်ခါတလေကျပြန်တော့လည်း ဘဝက လူနှစ်ယောက်စာ အလုပ်ကိုလုပ်နေရသလို ဖြစ်ပြန်ရော။ ဂျေဆန်ကတော့ အကောင်းဆုံး အားကစားနည်းပြဆရာလိုပါပဲ။ တစ်ခါတလေဆို ကျွန်မက 'အားပေးစကား ကြားဖို့ လိုအပ်တယ်။ အခုချက်ချင်း အားပေးလှုံ့ဆော်တဲ့စကား မင်း ပြောပေးနိုင်မလား' လို့ မေးမိတယ်။ သူက 'ဘာကြောင့် အရာရာအားလုံး အဆင်တပြေဖြစ်နေရမှာလဲ' လို့ ပြန်ပြောလေရဲ့။

**အဲဒါက မင်းရဲ့အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ အချိန်လား။ ကိုယ်ရေးကိုယ်တာအတွက်လား။ ဒါမှမဟုတ် မိခင်အသစ်စက်စက်တစ်ယောက် အတွက်လား။**

အားလုံး၊ အားလုံးအတွက်ပါ။

**ဒါနဲ့ ဂျေဆန်နဲ့ မင်းက လက်ထပ်ကြမှာလား။**

ကျွန်မတို့ စေ့စပ်ထားကြတယ်။ ဒါပေမဲ့ အတိအကျ အစီအစဉ်တော့ မရှိသေးဘူး။ အားလုံးအဆင်ပြေမယ့်အချိန်ကို စောင့်ရဦးမယ်။ ဘယ်လိုပဲဖြစ်ဖြစ် သားသမီးတစ်ယောက် မွေးထားတာက



ပိုတောင် တာဝန်ရှိသေးတာ။ တကယ့်ကို ပျော်ရွှင်တဲ့မိသားစုတစ်ခု ဖြစ်နေပါပြီ။ သာမန်မိသားစုဆိုတာထက် ပိုပါတယ်။ ဒီကနေ့ခေတ်ကြီးထဲမှာ ကလေးငယ်တွေက အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားတဲ့မိသားစုတွေနဲ့ ကြီးပြင်းနေကြရတယ်။ ကျွန်မပြောချင်တာက ဒီအစီအစဉ်ဖြစ်လာဖို့ ကိုယ့်ကိုယ်ကို ဖိအားမပေးချင်ဘူးဆိုတာပါပဲ။ ဒါပေမဲ့ ဖြစ်လာရင်တော့ တကယ်ပျော်ရွှင်စရာကောင်းမှာပါ။

**နောက်ဆုံးအနေနဲ့ မင်းနဲ့ သားကလေး အိုးတစ်(စ)ရဲ့ ချစ်စရာဓာတ်ပုံတွေအကြောင်း ပြောရအောင်။**

သားလေးနဲ့ ဓာတ်ပုံတွဲရိုက်ရတာ အရမ်းကို ပြီးပြည့်စုံသလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ အဲဒီလို ရိုက်ရမှ မိခင်တစ်ယောက်ဆိုတဲ့ ဘဝအစစ်အမှန်ဆိုတာ သေချာပေါ်လွင်ထင်ရှားလာတယ်။ မိခင်နို့ကို တိုက်ကျွေးရခြင်းဆိုတာ သဘာဝအကျဆုံးကိစ္စ၊ အဖြစ်အပျက်ပါ။ သားလေးကို ရင်ဘတ်ပေါ် အမြဲတင်ထားရမလိုတောင် ခံစားရတယ်။

**နောက်ထပ် ပူစီဖောင်း ဖောက်ခနဲ ပေါက်ဦးမှာလား။**

(ရယ်မောရင်း) သားလေး အိုးတစ်(စ) ဒီအင်္ကျီ တစ်ထည်လုံး စိုရွှဲသွားအောင် ရှုးရှူးတွေ ပေါက်ချပစ်လိုက်မှ အဲဒီစကားပြောသင့်တယ်။ ■

ရီတာအောင်၊NY

www.burmeseclassic.com



# ဟိမဝန္တာဒေသများသို့...(၂)

မေရွှာဦး



www.burmeseclassic.com

ဇွန်လ ၂၉ ရက်နေ့၊ မနက်စောစော အိပ်ရာနိုးလာခဲ့ချိန်ရောက်မှ ကျွန်မတို့ ဟိုတယ်ခန်းအပြင်ဘက်မှာ မြစ်ကြီးတစ်စင်း စီးဆင်းနေတာ တွေ့ခဲ့ရပါတော့တယ်။ အလွန်ကို အကွက်အကွင်းကောင်းတဲ့နေရာမှာ လှုံးချင်းအိမ်လိုမျိုးနဲ့ ဟိုတယ်ခန်းတွေ တည်ဆောက်ထားတာကိုး။ ကျွန်မတို့ မနက်စာမစားခင် ဝရန်တာမှာ ဓာတ်ပုံတွေ ရိုက်ဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ရောက်ရှိနေတဲ့ ပူနာကာ(Punakha)မြို့က တစ်ချိန်က ဘူတန်နိုင်ငံရဲ့ မြို့တော်အဖြစ် ၁၉၅၅ ခုနှစ်အထိ တည်ရှိခဲ့တာလေ။ အခုမြို့တော်ဖြစ်တဲ့


www.burmeseclassic.com



ဒိုကူလာတောင်ကြားလမ်းက
စေတီတောင်ကုန်း



အောက်မေ့ဖွယ်ရာ
ဘုရားကျောင်း



ဗုန္တာကာဇွန်နဲ့
တံတားနောက်ခံလျက်....



ဆုတောင်း[illegible]များ


www.burmeseclassic.com

www.burmeseclassic.com

သင်ဖူ(Thimphu)မြို့နဲ့ ခုနစ်ဆယ့်နှစ် ကီလိုမီတာ(ကားနဲ့ သုံးနာရီကျော်မောင်းရ) လောက်ပဲ ဝေးပါတယ်။ သင်ဖူမြို့တော်နဲ့ မတူတာက ဆောင်းတွင်းမှာနွေးပြီး နွေမှာပူသတဲ့။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာတစ်ထောင့်နှစ်ရာ အမြင့်မှာတည်ရှိပြီး ဖိုချူနှင့် မိုချူမြစ်ကြီးနှစ်စင်းစီးဆင်းသွားတဲ့ မြို့ဖြစ်တာမို့ မြေဩဇာကောင်းလှတာလေ။ မြစ်ဘေးတောင်ကြားဒေသမှာတော့ စပါးအများအပြား စိုက်ပျိုးတာပါ။

ကျွန်မတို့ မနက်ရှစ်နာရီမှာ မနက်စာစားပြီး ခရီးစ,ခဲ့ပါတယ်။ ကျွန်မတို့အရင်ဆုံး မျိုးအောင်မှုဘုရားကျောင်း သို့မဟုတ် Chime Lhakhang ဘုရားကျောင်းဘက်ကို ဦးတည်သွားခဲ့ပါရဲ့။ ပူနာကာမြို့ကနေ တစ်ဆယ်ကီလိုမီတာလောက်ဝေးတဲ့ နေရာမှာရှိတဲ့ ဘုရားကျောင်းပေါ့။ ပတ်ဝန်းကျင်က စိမ်းစိမ်းစိုစိုနဲ့ပေါ့။ တောအုပ်တွေက တစ်ဖက်၊ လယ်ကွင်းတွေက တစ်ဖက်နဲ့ သာယာလှတဲ့ မြင်ကွင်းတွေကို အားရပါးရ ခံစားခွင့်ရခဲ့ပါတယ်။ ကျွန်မတို့ကားရပ်ရာ နေရာကနေ ဘုရားကျောင်းရှိရာကို မိနစ်လေးဆယ်ကျော် လယ်ကွင်းတွေ၊ ရွှံ့ဗွက်တွေကို ဖြတ်ပြီး တောင်ကုန်းပေါ် တက်ခဲ့ရတာလေ။ ကျွန်မသူငယ်ချင်း ကယ်ရီခမျာကတော့ တော်တော်ကို ပင်ပင်ပန်းပန်းနဲ့ လယ်ကန်သင်းရိုးမှာ လမ်းလျှောက်ခဲ့ရရှာတာပါ။

ဒီဘုရားကျောင်းကို ၁၄၉၉ ခုနှ လာမားကြီး Drukpa Kuenley(၁၄၅၅-၁၅၂၉)က တည်ဆောက်ခဲ့ပါတယ်။ ထူးဆန်းတာကတော့ ဘုရားကျောင်း သွားရာလမ်းရဲ့အိမ်တွေနဲ့ ဆိုင်တွေ နံရံမှာ



သင်ဖူမြို့ အပေါ်စီးက မြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ကြေးသွန်းရုပ်ပွားတော်ရှေ့မှာ

အမျိုးသားလိင်အင်္ဂါပုံတွေကို အားရပါးရကို ချိတ်ဆွဲထားတာလေ။ တချို့လူတွေက လာမားကြီးကို သူတော်စင်အရူးလို့လည်း ခေါ်ကြသတဲ့။ ကျွန်မတို့ရဲ့ ဧည့်လမ်းညွှန် ပိုက်ဆံကလည်း သူကလေးလိုချင်လို့ ဒီဘုရားကျောင်းမှာ ကိုးစားခဲ့တာ အောင်မြင်ခဲ့လို့ ဒီတစ်ကြိမ်မှာ ငွေအလှူလာထည့်ခွင့် ကြုံတယ်လို့ ရှင်းပြခဲ့ပါရဲ့။ ဘုရားကျောင်းကြီးထဲမှာ သစ်သားနဲ့လုပ်ထားတဲ့ အမျိုးသားလိင်အင်္ဂါနဲ့ ဘုရားဖူးတွေ သားဆုပန်တဲ့ မိန်းမတွေရဲ့ ခေါင်းကိုရိုက်ပြီး မကောင်းဆိုးဝါးတွေဖယ်ထုတ်တဲ့ ယုံကြည်မှုတွေလည်း ရှိသဲပါ။ သားဆုပန်သူတွေကလည်း ကလေးရကြလို့ အတော်လေး ယုံကြည်ကြသတဲ့။ ဘုရားကျောင်းကတော့ လေးထောင့်ပုံနဲ့ ရွှေရောင်အမိုးအဆင့်ဆင့်နဲ့ပေါ့။ ဘုရားကျောင်းပတ်လည်မှာတော့ Prayer Wheels လို့ခေါ်တဲ့ ဆုတောင်းဘီးတွေက တန်းစီနေတော့တာလေ။ ကျွန်မလည်း မဟာယာန ဘုရားကျောင်းတွေမှာရှိတဲ့ ဆုတောင်းဘီးတွေ တစ်ခုပြီးတစ်ခုလှည့်ရင်း အမျှဝေခဲ့ပါတယ်။

ကျွန်မတို့ဆက်ပြီး ပူနာကာဇွန် (Punakha Dzong) ရှိရာကို သွားခဲ့ကြတာလေ။ အဲဒီနေရာကို ပျော်ရွှင်ဖွယ်ရာ နန်းတော်လို့လည်း ခေါ်လေ့ရှိပါရဲ့။ ဒီနန်းတော်နေရာက ဘူတန်ပြည်မှာ ဒုတိယအကြီးဆုံးနဲ့ ဒုတိယသက်တမ်း အရင့်ဆုံး အဆောက်အဦဖြစ်ရုံမက မင်းနေပြည်တော်ဖြစ်ခဲ့စဉ်က အစိုးရရုံးစိုက်ရာနေရာလည်း ဖြစ်ပါတယ်။ အဆောက်အဦက ဖိုချူ (အဖေမြစ်) နဲ့ မိုချူ (အမေမြစ်) တို့ နှစ်စင်းဆုံရာ မြစ်ဆုံနေရာမှာ တည်ရှိနေတာမို့ အလွန်အကွက်အကွင်း ကောင်းလှပါရဲ့။ ဖိုချူမြစ်က ရေခဲတွေ အရည်ပျော်ရာက ဖြစ်လာခဲ့ ပြီး၊ မိုချူကတော့ တိဘက်ကနေ စီးဆင်းလာခဲ့တာလေ။ မြစ်နှစ်စင်းပေါင်းပြီး ဆန်ကော့ရှ် (Sankosh) မြစ်လို့ ခေါ်ခဲ့ပြီး ဗြဟ္မပုတ္တရ မြစ်ကြီးထဲ စီးဝင်သွားသတဲ့။

အဆောက်အဦကြီးရဲ့ပတ်လည်မှာ စိန်ပန်းပြာတွေနဲ့ ဝန်းရံထားလို့ ပိုလှနေတာ အမှန်ပါ။ အဆောက်အဦကို ၁၆၃၇-၃၈ ခုနှစ်အတွင်း ဆင်ခေါင်းနဲ့ ဆင်နှာမောင်းပုံ တောင်ကုန်းပေါ်မှာ တည်ခဲ့ပါတယ်။ ဒဏ္ဍာရီအရ ဒီအဆောက်အဦဆောက်ခဲ့တဲ့ ဗိသုကာပညာရှင်က အိပ်မက်ခဲ့တာကို ပုံဆွဲပြီး ဆောက်ခဲ့သတဲ့။ ဒီနေရာမှာပဲ တိဘက်တွေနဲ့ စစ်ဖြစ်ခဲ့ရ၊ ဘူတန်တွေက အနိုင်ရခဲ့တာပါ။ ကျွန်မတို့ကတော့ ပေ ၁၈၀ ရှည်တဲ့ အမိုးဖုံးပါတဲ့ တံတားနဲ့မိုချူမြစ်ကို ဖြတ်ပြီး နန်းတော်ဝန်းကြီးထဲကို ဝင်ခဲ့ချိန်မှာ မြစ်ဆုံရာ မြစ်ကွေ့အလှကို အားရပါးရ ခံစားကြည့်ရှုနိုင်ခဲ့ပါရဲ့။ ၁၆၃၇ ခုနှစ်ပတ်ဝန်းကျင်မှာ Zhabdrung Ngawang Namgyal က ပထမဆုံးနိုင်ငံရေး-ဘာသာရေးခေါင်းဆောင်ဖြစ်ခဲ့ပြီး ဘူတန်နိုင်ငံကို တစ်စုတစ်စည်းတည်းဖြစ်အောင် ကြိုးစားခဲ့သူပေါ့။ ၁၆၅၁ ခုနှစ် မှာ Zhabdrung က ဘုန်းတော်ကြီး အပါးခြောက်ရာကို ကျောင်းအဖြစ်နေခဲ့စေရုံမက သူကိုယ်တိုင် သေတဲ့အထိလည်း ဒီအဆောက်အဦကြီးမှာ နေခဲ့ပါတယ်။

ဘူတန်ရဲ့သမိုင်းဝင်နေရာကြီးဖြစ်တဲ့ ပူနာကာဇွန်မှာပဲ ဘူတန်ရဲ့ပထမဆုံးဘုရင် (Wangchuk မင်းဆက်) Ugyen Wangchuk က ဘိသိက်ခံယူခဲ့တာပါ။ ၁၇၄၄ ခုနှစ်ကနေ ၁၇၆၃ ခုနှစ်အတွင်း ဒီအဆောက်အဦကြီးကို ချဲ့ထွင်ခဲ့ပါတယ်။ ၁၇၅၀





www.burmeseclassic.com

www.burmeseclassic.com



မျိုးအောင်မှ ဘုရားကျောင်း

ပူနာကာဇွန်အတွင်းထဲက
နဂါးဘုရားအဆောင်



၁၈၄၉ ခုနှစ်တွေမှာ မီးအကြိမ်ကြိမ် အလောင်ခံခဲ့ရပြီး ၁၈၉၇ ခုနှစ်မှာတော့ ငလျင်ဒဏ်ကြောင့် အကြီးအကျယ် ပျက်စီးခဲ့တာလေ။ ၁၉၈၆ ခုနှစ် မီးလောင်လို့ အဆောက်အဦတစ်ပိုင်း ပျက်သွားခဲ့သတဲ့။ အဆိုးအကောင်း ဒွန်တွဲနေတဲ့လောကမှာ ဒီအဆောက်အဦကြီးက သက်သေတစ်ခုလိုပါပဲ။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့မှာတော့ အခုလက်ရှိ ဘူတန်ဘုရင် Jigme Wang Chuk က ဒီနေရာမှာပဲ လက်ထပ်မင်္ဂလာပွဲ ကျင်းပခဲ့တာတဲ့။

ကျွန်မကတော့ သမိုင်းဝင်နေရာကြီး တစ်ခုလုံးမှာ တိုးရစ်တွေကို သွားခွင့်ပြုခဲ့တဲ့နေရာတွေအားလုံး မမောမပန်းဘဲ သွားခဲ့ပါတယ်။ ဒီအဆောက်အဦက ခြောက်ထပ်ရှိပြီး အလယ်မှာမျှော်စင်မြင့်ရှိပြီး မီတာ ၁၂၀၀(ပေ ၃၉၀၀)မြင့်တာလေ။ အတွင်းဘက်မှာ ဥယျာဉ်ငယ်သုံးခုပါရှိတဲ့ အဆောက်အဦက ၁၈၀ မီတာရှည်ပြီး ၇၂ မီတာ ကျယ်တာပါ။ အပြင်ဘက်မှာလည်း ခံတပ်မြို့ရိုးကို တည်ဆောက်ထားတာမို့ အလွန်လှပါရဲ့။ ဒီအဆောက်အဦကြီးက ငလျင်ဒဏ်နဲ့ မီးလောင်ဒဏ်အပြင် မြစ်ရေလျှံတဲ့ဒဏ်ကိုလည်း ခံခဲ့ရတာပါ။ အတွင်းဘက်မှာတော့ ဘူတန်ပန်းပု၊ ကျောက်ထွင်းပန်းချီနဲ့ မဟာယာနဗုဒ္ဓ ဘာသာတွေရဲ့ သဲမှုန့်ပန်းချီတွေလည်း ပြသထားတာရော၊ ဘုရားဆောင်တွေရော ကောင်းကောင်း လှေ့လာခွင့်ရခဲ့ပါတယ်။ နဂါးဘုရားအဆောက်အဦကိုလည်း ရောက်ခဲ့ပါသေးရဲ့။ ကျွန်မတို့ မြစ်ဘေးကနေ ပူနာကာဇွန် အဆောက်အဦကြီးကို နောက်ခံပြီး ဓာတ်ပုံတွေ စိတ်ကြိုက်ရိုက်ခွင့်ရခဲ့ပါတယ်။

ကျွန်မတို့နေ့လယ်စာစားဖို့ ဒိုကူလာ(Dochula)တောင်ကြားလမ်းဘက်သို့ ခရီးဆက်ခဲ့ချိန်မှာ မိုးတွေက တအားကို ရွာချခဲ့တော့တာပါ။ ပေတစ်သောင်း ငါးရာအမြင့်မှာရှိတဲ့ ဒိုကူလာတောင်ကြားမှာ ဘုရားအဆူပေါင်း တစ်ရာ့ရှစ်ဆူ တည်ထားတဲ့တောင်ကုန်းကနေ လှမ်းကြည့်ရင် တောင်မည်းတောင်တန်းကြီးအလှက ရင်သပ်ရှုမောဖွယ် ကောင်းတယ်ဆိုတာ စာတွေ့ပဲဖြစ်ခဲ့ရပါရဲ့။ နေ့လယ်စာကတော့ မဆိုးလှပါဘူး။ ဒါပေမဲ့ ဘူတန်အစားအစာတွေက လျှာမတွေ့တာ အမှန်ပါ။ ငရုတ်ဆီတောင်းတော့လည်း ငရုတ်ဆီမရှိတော့ ပိုဆိုးခဲ့တာပေါ့။

ကျွန်မတို့ သင်ဖူမြို့ကို ပြန်လာခဲ့ပါတယ်။ မင်းနေပြည်တော်နဲ့ ဘူတန်ရဲ့အကြီးဆုံးမြို့ပါ။ လူတစ်သိန်းနီးပါးလောက်သာ ရှိတဲ့မြို့ပေါ့။ သင်ဖူမြို့က ချူမြစ်ဘေးမှာ ရှိတဲ့မြို့ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ပါ[illegible] လေဆိပ်နဲ့ သုံးဆယ့်လေးမိုင်(၅၄ ကီ[illegible] မီတာ)သာ ဝေးတာပါ။ သင်ဖူမြို့ရဲ့ ဝင်ငွေက ဘူတန်တစ် နိုင်ငံလုံးဝင်ငွေရဲ့ ၄၅ ရာခိုင်နှုန်းဖြစ်ပြီး တိုးရစ်လုပ်ငန်း ကတော့ အဓိကဝင်ငွေဖြစ်သတဲ့။ ၁၉၆[illegible] ခုနှစ်ကမှ မင်းနေပြည်တော်ဖြစ်ခဲ့တဲ့မြို့ ပေါ့။ ၁၉၇၁ ခုနှစ်မှ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့တာလေ။ သင်ဖူမြို့[illegible] အလာလမ်းမှာ တစ်ဖက်က တောင်မြင့် ကျန်တစ်ဖက်က မြစ်နဲ့ ပိုမြင့်မားတဲ့ တောင်တန်းကို တွေ့ရတာ ဥရောပရဲ့ ဆွစ်ဇာလန် ရှုမျှော်ခင်းနဲ့ တူလှပါတယ်။ ဒါကြောင့် ဘူတန်ကို အာရှဆွစ်ဇာလန် လို့ခေါ်တာ သိပ်မဆန်းလှပါဘူး။

ကျွန်မတို့သင်ဖူမှာရှိတဲ့ Memor[illegible] Chorten ကို သွားခဲ့ပါတယ်။ အနီး[illegible] ဆုံးဘာသာပြန်ရရင်တော့ 'အောက်မေ့[illegible] ဖွယ်ရာ ဘုရားကျောင်း' ပေါ့။ ၁၉၇[illegible] ခုနှစ်က တည်ဆောက်ခဲ့တဲ့ ဒီအဆောက် အဦက သင်ဖူမြို့မှာ အမြင့်ဆုံးပါပဲ။ ဘူတန်ရဲ့တတိယမြောက်ဘုရင်ကို ဂုဏ်[illegible] ပြုတည်ထားခဲ့ပြီး၊ ၂၀၀၈ ခုနှစ်မှာ အထူးပြုပြင်မွမ်းမံခဲ့သတဲ့။ ခုလည်း မွမ်းမံဆဲပေါ့။ ဘူတန်မြို့ရဲ့ အထင်[illegible] ဘာသာရေးဆိုင်ရာ အဆောက်အဦတို့[illegible]



www.burmeseclassic.com

www.burmeseclassic.com

တင်စားလေ့ရှိပါတယ်။ ပထမထပ်မှာ ဘုရင်ရဲ့ ဓာတ်ပုံနဲ့ ဘိသိက်ခံဝတ်စုံကို ပြသထားပါတယ်။ အပေါ်ထပ်မှာ ဘာသာရေးဆိုင်ရာ စာအုပ်စာတမ်းတွေ အများကြီးပါပဲ။ ဧရာမဘီလူးရုပ်ဆန် ဆန် နတ်ဘုရားရုပ်ကြီး သုံးဆယ့်ခြောက် ရုပ်ရဲ့ ပန်းချီတွေကတော့ ကြောက်စရာ ကောင်းအောင် ပညာသားပါလှပါရဲ့။ တချို့ရုပ်ပုံတွေမှာတော့ မတော်တရော် ပုံတွေကို ဖော်ပြထားတာလေ။ သူ့အရုပ်၊ သူ့ဓာတ်မို့ ကျွန်မအနေနဲ့ဝေဖန်သမှု ပြုစရာ မလိုပါဘူး။ မမြင်မတွေ့ဖူးတာ တွေ မြင်တွေ့ ခွင့်ရတာကိုက ခရီးသွား အတွေ့အကြုံရဲ့အမြတ်တွေပေါ့။

ကျွန်မတို့ဆက်လက်ပြီး ကမ္ဘာပေါ်က အကြီးဆုံးကြေးသွန်းဘုရားကြီးရှိရာ သွက်ခဲ့ကြပါတယ်။ နေကလည်း ဒိုကူ သာတောင်ကြားမှာတုန်းက ပုန်းနေပြီး သွင်တီးခေါင်ပြင် တောင်ပေါ်နေရာကျမှ အားရပါးရကိုနေသာ နေခဲ့တော့တာပါ။ ဧရာမစကြာမုန်ရုပ်ပွားတော်ကြီးကို Dordenma Buddha လို့လည်းခေါ်ပါ တယ်။ ဘူတန်တောင်ပေါ်မှာရှိပြီး ဆောက်လုပ်ဆဲပါပဲ။ ရုပ်ပွားတော်ကြီး ကတော့ ၁၆၉ ပေ(၅၁.၅ မီတာ)မြင့်ပြီး ယခုအချိန်အထိမပြီးသေးပါဘူး(၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ပြီးဆုံး မည်ဟုခန့်မှန်းထားခဲ့)။ ရုပ်ပွားတော်ကြီး ကို တည်ဆောက်တာ US ဒေါ်လာ သန်း ၄၇ သန်းကုန်ခဲ့ပြီး ဒေါ်လာ သန်း ၁၀၀ ကျော်ကုန်မယ်လို့တွက်ချက်ထားခဲ့ပါ ပြီ။ ရုပ်ပွားတော်ရဲ့ပလ္လင်တော်မှာ လှူ ဒါန်းခဲ့ကြသူတွေရဲ့အမည်တွေ ကမ္ပည်း တင်မှာတဲ့။ တစ်ပေအမြင့်ရှိတဲ့ ကြေး သွန်းရုပ်ပွားတော်နှစ်သောင်းငါးထောင် ကိုလည်း အောက်ခြေမှာ ရံထားဦးမတဲ့။ ကြေးသွန်းဘုရားကြီးဘေး ပတ်ပတ်လည်မှာ ဥယျာဉ်နဲ့သစ်တောတွေ ဝန်းရံထားတာ ဧကပေါင်း ၉၄၄ ဧက ရှိသတဲ့။ အားလုံးပြီးသွားရင်တော့ အလွန်ခမ်းနားမှာ အသေအချာပါ။

တောင်ပေါ်ကနေ သင်ဖူမြို့ကို ကြည့်ရတာ အလွန်လှပပါတယ်။ တစ်မြို့လုံးကို ကောင်းကောင်းမြင်နိုင်ခဲ့တာကို ကျွန်မအနေနဲ့ကတော့ မော်လမြိုင် တောင်ရိုးတန်းကနေ သံလွင်မြစ်နဲ့ မြို့အလှကို စီးကြည့်ရတဲ့မြင်ကွင်းက ပိုလှပနေသလိုပါပဲ။ ဓာတ်စွဲကိုး။

ကျွန်မတို့ဆက်လက်ပြီး သင်ဖူမြို့က တိရစ္ဆာန်ရုံကို သွားခဲ့ကြရပြန်တာလေ။ တိရစ္ဆာန်ရုံကလည်း တောင်ပေါ်အမြင့်မှာမို့ တောင်တက်ခဲ့ရပြန်ပါရဲ့။ ခရီးသွားဖော် ကယ်ရီကတော့ မောလွန်းလို့ဆိုပြီး ညည်းနေခဲ့တော့တာပါပဲ။ တိရစ္ဆာန်ရုံတစ်ခုလုံး တော့ လျှောက်ကြည့်ဖို့မဟုတ်ပါဘူး။ ဘူတန်နိုင်ငံရဲ့ထူးခြားတဲ့ တိရစ္ဆာန်ဖြစ်တဲ့ တာကင်(Takin)ဆိုတဲ့အကောင်ကို သွားကြည့်ဖြစ်ခဲ့ကြတာလေ။ ဘူတန်ရဲ့အမျိုးသား တိရစ္ဆာန်အဖြစ် သတ်မှတ်ထားတာမို့ ကြည့်ဖြစ်အောင် သွားကြည့်ခဲ့ရတာပါ။ ဆိတ်မှာ ချိတပ်ထားတဲ့ ကျွဲလောက်ကြီးတဲ့ အကောင်ကြီးပေါ့။ အမွေးထူနဲ့ဆိုတော့ ပိုလန့်စရာ ကောင်းလှပါတယ်။ ဆိတ်၊ သိုး မျိုးနွယ်ဝင်ဖြစ်ပြီး အထီးတွေက မျက်နှာအမည်းနဲ့ပါ။ အနံ့ကလည်း နံပြန်သတဲ့။ တောင်ပေါ်မှာနေလေ့ရှိပြီး မြက်နဲ့ သစ်ရွက်တွေသာစားတာ တဲ့။ US မှာတော့ မီနီးဆိုးတာ တိရစ္ဆာန်ရုံနဲ့ဆဲန်ဒီအေးရိုးမြို့ တိရစ္ဆာန်ရုံတွေမှာ ရှိပါတယ်။

ကျွန်မတို့ သင်ဖူမြို့ကနေ ပါရိုမြို့ကို ပြန်လာခဲ့ပါတယ်။ တစ်နေကုန် ခရီးသွားခဲ့ရ တာ၊ လှေကားထစ်များစွာ တက်ခဲ့ရတာတွေကြောင့် ဟိုတယ်ရောက်တော့ မောနေခဲ့ ပါပြီ။ ရေချိုးစိမ်ပြီးမှ ညစာစားနိုင်ခဲ့တာလေ။ ဟိုတယ်ထမင်းစားခန်းမှာ ထိုင်းတိုးရစ် တွေ အများကြီး ထမင်းစားနေကြတာလေ။ ဘူဖေးဖြစ်ပေမဲ့ သူတို့ရဲ့ငါးပိကြော်စပ်စပ် လေးကို ဘူဖေးစားပွဲပေါ်တင်ထားခဲ့ပြီး ကျွန်မတို့ကိုလည်းယူစားဖို့အတင်းကို တိုက် တွန်းခဲ့တော့တာပါ။ အစပ်ငတ်နေတဲ့ ကျွန်မ ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး။ ဟင်းချိုပူပူကို ငါးပိကြော်နဲ့ထမင်းဖြူနယ်ထားတာကို စားခဲ့ရတာကိုက နတ်သုဒ္ဓါပေါ့။

ကျွန်မတို့ ခရီးစဉ်က နောက်တစ်ရက် မနက် ၆း၃၀ ထွက်ရမှာမို့ စောစောအိပ်ရာ ဝင်ခဲ့ရပေမဲ့ အိပ်မပျော်ခဲ့ပါဘူး။ ဒီခရီးစဉ်ရဲ့ အဓိကနေရာကတော့ ကျားရဲ့အသိုက် ခေါ်တဲ့ Tiger's Nest ကို သွားဖို့ပါ။ ဖြစ်မှဖြစ်ပါ့မလား၊ ဒီလောက်မြင့်တဲ့တောင်တွေ တက်နိုင်ပါ့မလားဆိုပြီး စိတ်ပူခဲ့တဲ့ညပေါ့။ ကောင်းကောင်းလည်း အိပ်ခွင့်မရခဲ့ပြန်ပါ ဘူး။ ကမ္ဘာ့ဘောလုံးပွဲကြောင့် ညအချိန်မတော်မြို့က ဆူညံနေခဲ့တာပါ။ ကမ္ဘာ့ဘော လုံး ပွဲများရှိရင်တော့ အာရှတိုက်သားတွေ မအိပ်မနေ ပွဲကြည့်ကြတယ်ဆိုတာ သိ ခွင့်ရခဲ့ပါပြီ။

*မှဒိတာတရား ပွားများကြပါစေ။*

■

**မေတ္တာဦး**



ဘူတန်ပြည်ရဲ့ ထူးခြားတဲ့ တိရစ္ဆာန်ဖြစ်တဲ့ တာကင် အကောင်များ

ပူနာကာဇွန်အတွင်းက
ဘူတန်ဗိသုကာလက်ရာ





www.burmeseclassic.com

www.burmeseclassic.com

# အားလုံးကိုပျော်ရွှင်စေချင်ခဲ့သူ Robin Williams

ရာပြည့်

ယခင်လာမှအဆက်

Graces နဲ့ Williams ရဲ့ ပထမဆုံး သားလေး Zelda ကို မျက်နှာမြင်ခဲ့တဲ့ ၁၉၈၉ ခုနှစ်(၁၉၉၁ ခုနှစ်မှာ ဒုတိယ သားငယ် Cody ကို ထပ်မံမွေးဖွားခဲ့ပါတယ်) ဝန်းကျင်လောက်ကစပြီး ကျန်းမာရေးအတွက် အပြေးလေ့ကျင့်ခန်းယူဖို့ ခက်ခဲလာတဲ့ Williams ဟာ စက်ဘီးစီးတဲ့အလုပ်ကို စွဲစွဲမြဲမြဲလုပ်လာခဲ့ပါတယ်။ Williams ကွယ်လွန်ချိန်အထိ ဝယ်ယူထားတဲ့ စက်ဘီးအစင်းပေါင်း ၅၀ ကျော်ရှိပြီး Martin County စက်ဘီးဆိုင်ကနေ ပုံမှန်ဝယ်ယူလေ့ရှိကာ တချို့စက်ဘီးတွေဆိုရင် ဒေါ်လာသောင်းဂဏန်းအထိ ပေးဝယ်ထားတာတွေဖြစ်ပါတယ်။ စက်ဘီးစီးတဲ့အလေ့အထကို အစွဲကြီးစွဲခဲ့တာက ကမ္ဘာ့စက်ဘီးစီးချန်ပီယံ Lanae Armstrong နဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက် ဖြစ်လာစေခဲ့တာပါပဲ။ Armstrong နဲ့ Williams တို့ နှစ်ယောက်သား စက်ဘီးစီးအတူထွက်ကြလေ့ရှိပြီး ကမ္ဘာကျော် Tour De France ပြင်သစ်ခရီးကြမ်း စက်ဘီးစီးပြိုင်ပွဲတိုင်းကိုလည်း Williams လိုက်ပါအားပေးလေ့ရှိကာ Armstrong အနိုင်ရတဲ့အခါတိုင်းလည်း တန်ဖိုးကြီး လက်ပတ်နာရီတစ်လုံး လက်ဆောင်အဖြစ် Williams က ပေးအပ်လေ့ရှိပါတယ်။ (တစ်ခါက ပေးခဲ့ဖူးတဲ့ Rolex GMT လက်ပတ်နာရီပေါ်မှာ "RIDE ON, DAWG" လို့ Williams က စာတန်းရေးထိုးပေးခဲ့ပါတယ်။ ဘာမှမတောင်းဆိုခဲ့ဖူးတဲ့ Armstrong က စက်ဘီးစီးတာကို လူတွေက လွတ်မြောက်မှုတစ်ရပ်အဖြစ် ကျင့်သုံးကြတာဖြစ်ကြောင်း၊ နိစ္စဓူဝကိစ္စတွေကနေ ထွက်ပြေးလွတ်မြောက်ရာ လုံခြုံစိတ်ချရတဲ့နေရာတစ်နေရာအဖြစ် မှတ်ယူကြကြောင်း ပြောကြားခဲ့ပါတယ်။ "ကျွန်တော် စက်ဘီးအသစ်တစ်စီး ထပ်ဝယ်လိုက်တာနဲ့ Marsha တော့ ရူးတော့မှာပဲ" လို့ Williams က ပြက်လုံး ထုတ်တတ်ကြောင်းလည်း Armstrong က ပြောပြခဲ့ပါတယ်။

အီတလီအလယ်ပိုင်း Tuscany ဒေသမှာ မိတ်ဆွေဖြစ်သူ နည်းပညာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင် Bing Gordon နဲ့အတူ စက်ဘီးစီးထွက်ခဲ့ရာမှာ တာထွက်ပြီး ၁၅ မိနစ်လောက်အရမှာပဲ Williams ရဲ့စက်ဘီးကို မမြင်ကြရတော့ပါဘူး။ Williams ထက် အသက် ၂၀ လောက်ငယ်တဲ့ လမ်းပြစက်ဘီးစီးသမားလေးတောင်မှ သူ့ကို မီအောင်မလိုက်နိုင်တဲ့အထိ Williams ရဲ့အတွင်းအားတွေက ကောင်းလှပါတယ်။ မိတ်ဆွေရင်းဖြစ်တဲ့ Maupin ကတော့ စက်ဘီးစီးတာကို




Good Morning Vietnam သီချင်းသီဆိုနေတဲ့ ဝီလျံ



www.burmeseclassic.com


www.burmeseclassic.com



၂၀၀၂ ခုနှစ်က စကော့တလန်မှာ
စက်ဘီးစီးနေတဲ့ ဗီလျံ။
စက်ဘီးစီးရတာ ဝါသနာပါသူဖြစ်လို့
စက်ဘီးအစီးပေါင်း ၅၀ လောက်
ပိုင်ဆိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၇ ခုနှစ်က အထက်တန်းကျောင်းသားတစ်ဦးအဖြစ် တွေ့ရတဲ့ ဝီလျံ(ပုံသေး)။

၁၉၇၄ ခုနှစ်က နယူးယောက်မြို့ Central Park မှာ ဖျော်ဖြေရေးသမားတစ်ဦးအဖြစ် တွေ့ရတဲ့ ဝီလျံ။

Williams စိတ်ဝင်စားတာဟာ ရှင်းရှင်းပြောရရင် သူ့အတွက်ပြီးပြည့်စုံတဲ့အရာဖြစ်နေလို့ပင် ဖြစ်ကြောင်း၊ မြို့ထဲမှာ စက်ဘီးလျှောက်စီးနေတဲ့အခါ တွေ့သူတိုင်းက သူ့ကို လှမ်းအော်နှုတ်ဆက်တတ်ကြပြီး သူကလည်း ပြန်အော်နှုတ်ဆက်ကာ စက်ဘီး ဆက်နင်းသွားတာဖြစ်ကြောင်း၊ ဒါဟာ နာမည်ကျော်ကြားသူတို့ရဲ့လူနေမှုဘဝကို တစ်နည်းတစ်ဖုံ ကိုင်တွယ်လို့ကောင်းတဲ့ နည်းလမ်းပင်ဖြစ်ကြောင်း၊ နာမည်ကျော်ကြားတဲ့သူဖြစ်နေလို့ သာမန်ပြည်သူတွေရှိရာ လောကကြီးနဲ့ ဝေးရာကို ပြေးထွက်ဖို့ မလိုအပ်ကြောင်း၊ ချောင်တစ်ချောင်မှာ ပိတ်မိပြီး မတ်တတ်ရပ်နေဖို့လည်း မဟုတ်ကြောင်း ပြောပြခဲ့ပါတယ်။

စက်ဘီးစီးတဲ့အလေ့အထကို အစွဲကြီးစွဲလမ်းလာနေချိန်မှာ Williams ရဲ့ဘဝကို အပြင်းအထန်ရိုက်ခတ်မယ့် နောက်ထပ်အကျပ်အတည်းတစ်ရပ်က အစပြုနေခဲ့ပါပြီ။ ၂၀၀၃ ခုနှစ်အတွင်းက ရိုက်ကူးခဲ့တဲ့ The Big White, အဲဒီအရင် ရိုက်ခဲ့တဲ့ One Hour Photo နဲ့ မင်းသားကြီး Al Pacino နဲ့တွဲဖက်သရုပ်ဆောင်ခဲ့ရတဲ့ Insomnia အစရှိတဲ့ ဇာတ်ကားတွေထဲမှာ သရုပ်ဆောင်တစ်ယောက်အဖြစ် Williams ပါဝင်နေပါပြီ။ ဒါပေမဲ့ အဲဒီဇာတ်ကားတွေဟာ အရင်က ဇာတ်ကားတွေဖြစ်တဲ့ Mrs. Doubtfire လို ဇာတ်ကားမျိုးကိုတော့ မမီဘူးပေါ့။ ဒီမှာတင် Williams က သူ့ရဲ့အလုပ်အတွက် စိတ်ပူစပြုလာခဲ့တာပါ။ အဲဒီနောက် အရက်သေစာသောက်စားမှုနောက် ကောက်ကောက်ပါခဲ့တာ ၂၀၀၆ ခုနှစ်မှာတော့ Oregon ပြည်နယ်က ပြန်လည်ထူထောင်ရေးစခန်းကို ဝင်ကာ အရက်စွဲနေတာကို ဖြတ်ယူခဲ့ပါတယ်။ Oregon မှာ ရှိနေတုန်း Armstrong က တစ်ခေါက်လာတွေ့သွားခဲ့ပါတယ်။ လအနည်းငယ်လောက်အရင်က Williams နဲ့အတူ ကိန်းရုပ်ရှင်ပွဲတော်ကို သွားရောက်ခဲ့သေးတဲ့ Armstrong က Oregon စခန်းကို Williams ဝင်သွားတယ်ကြားတော့ နားတောင်မလည်နိုင်အောင် ဖြစ်ခဲ့ရပါ[...]

တယ်။ Oregon စခန်းမှာ Williams ကို[...] တွေ့တော့ စိတ်ဖိစီးနေတဲ့ လက္ခဏာ[...] တစ်စုံတစ်ရာ သူ့မှာ မတွေ့ရပါဘူး[...] 'သူက မယုံနိုင်လောက်အောင်ကို ဖုံး[...] ကွယ်ထားတတ်သူပါ' လို့ Armstrong[...] က ပြောပြခဲ့ပါတယ်။

Williams တို့ မိသားစုနဲ့အတူ[...] အားလပ်ရက် အပန်းဖြေခရီးတွေ အကြိမ်[...] ကြိမ်ထွက်ခဲ့ဖူးသူ Gordon က[...] Williams ဟာ မူးယစ်ဆေးဝါးစွဲနေတဲ့ အကြောင်း ပြောပြလေ့ရှိပေမဲ့ စိတ်ကျ[...] ရောဂါဖြစ်နေတဲ့အကြောင်းကိုတော့ ပြော[...] မပြောဘူးလို့ ဆိုခဲ့ပါတယ်။ တစ်ခါတော့ အပျော်စီးလှေခရီးစဉ်တစ်ခု ထွက်ခါနီး[...] မှာမှ အလုပ်တွေ အများအပြားကို[...] လက်စသတ်ပြီး လှေပေါ်ရောက်လာတဲ့ Williams ဟာ တစ်နေရာမှာ တစ်[...] ယောက်တည်းထိုင်ပြီး အဝေးတစ်နေရာ[...] ကို ငူငူကြီးကြည့်နေခဲ့တယ်။ ခရီး[...] အဖွဲ့သားတွေထဲက တစ်ယောက်က[...] ဂျာမန်လိုတစ်ခွန်း ပြောလိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com

Williams က ခေါင်းငုံ့ကြည့်လာပြီး Love Boat အမည်ရ ဂျာမန်ဇာတ်ကား က ဘယ်လိုဘယ်ညာနဲ့ စကားတွေ ပေါက်ပေါက်ဖောက်တော့တယ်လို့ Gordon က ပြောကြားခဲ့ပါတယ်။

၂၀၀၉ ခုနှစ်အတွင်း Weapons of Self Destruction အမည်နဲ့ တစ်ကိုယ်တော် နယ်လှည့် ဟာသဖျော်ဖြေပွဲ တင်ဆက်နေတုန်းမှာ အသက်ရှူမဝတဲ့ ဝေဒနာဖြစ်လာတာကြောင့် မိုင်ယာမီ ဆေးရုံကို တင်ပို့ခဲ့ရပြီးနောက်ပိုင်းကျမှ Cleveland Clinic ကို လေယာဉ်နဲ့ ပြောင်းရွှေ့စေခဲ့ရပါတယ်။ Cleveland Clinic မှာ သုံးနာရီခွဲကြာ ခွဲစိတ်ကုသမှု ခံယူကာ နှလုံးသွေးကြောအဆို့ရှင် အစားထိုးကုသမှုခံယူကာ အသက်ရှူပုံမှန်ဖြစ်အောင် ပြုလုပ်ခဲ့ရပါတယ်။ Williams ရဲ့ ရင်ဘတ်မှာ ချုပ်ရိုးကြောင်းကြီးတစ်ခု ကျန်နေရစ်တာပေါ့။ ဒါကိုပဲ Williams က 'ကျွန်တော့်မှာ ဝက်ရဲ့နှလုံးသားအဆို့ရှင် တပ်ထားတာ လေ။ အဲဒါက သိပ်ကောင်းတာ။ စားကျက်ကို သွားရတာ ပျော်စရာပဲ။ ပြီးတော့ မလိုင်ကောင်းကောင်း တစ်ခွက်ကိုလည်း ကျွန်တော့်ဆီက ခံစားနိုင်ပါတယ်' လို့ ဟာသလုပ် ပြောကြားခဲ့ပါသေးတယ်။ ဒါက သူ့ရဲ့ ပုံမှန်ပြန်မှုပါပဲ။ Armstorng ကလည်း နောက်ဆုံးတော့ Williams က Williams ပါပဲလို့ ပြောကြားခဲ့ပါတယ်။ သူ့အပေါ် ကြီးမားတဲ့ ရိုက်ခတ်မှုတစ်ခု ရောက်ခဲ့တာကိုတောင်မှ ရယ်စရာ ဖြစ်သွားအောင် ပြောတတ်တာကြောင့် ၂၀၁၃ ခုနှစ်မှာ Armstrong ကိုယ်တိုင် မူးယစ်ဆေးဝါးသုံးစွဲမှုကို ဝန်ခံလိုက်တော့ Williams ဟာ နောက်ကျောကို ဓားနဲ့ထိုးခံလိုက်ရသလို ခံစားခဲ့ရကြောင်း သတင်းစာစောင်တွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ Armstrong ကို ဆယ်စုနှစ်ဝေး နေနေစဉ်အတွင်း လူကြားသူကြားမှာ Armstrong အကြောင်းကို မပြောခဲ့ပါဘူး။ သူတို့နှစ်ယောက်ကြားမှာလည်း ဒီအကြောင်းတွေကို မဆွေးနွေးဖြစ်ခဲ့ကြောင်း၊ သူတို့နှစ်ယောက်ဟာ တကယ့် မိတ်ရင်းဆွေရင်းတွေဖြစ်ကြလို့ အခက်အခဲရှိရင် ပွင့်ပွင့်လင်းလင်း ထုတ်ပြောနိုင်ပါကြောင်း Armstrong က နောက်ပိုင်းမှာ ပြောကြားခဲ့ပါတယ်)

တစ်ကြိမ်မှာတော့ Robin Willams အဖြစ် ကျော်ကြားခြင်းရဲ့ ဖိအားသက်ရောက်မှုကို လက်တွေ့ကြုံတွေ့ခဲ့ရပါတယ်။ ၂၀၀၉ ခုနှစ် Tour De France ပြင်သစ်စက်ဘီးပြိုင်ပွဲကို Williams သွားရောက်အားပေးခဲ့တုန်းက အဖြစ်အပျက်လေးပါ။ Williams က အမေရိကန်အသင်းသားတွေစီးတဲ့ ဘတ်စ်ကားပေါ် တက်လာခဲ့တယ်။ ပြိုင်ပွဲချိန်နဲ့ နီးကပ်နေလေတော့ လူတိုင်းကိုယ်စီဟာ စိုးရိမ်စိတ်နဲ့ စိတ်လှုပ်ရှားနေပြီး အဲဒီစိတ်ထဲက တင်းအားဖြစ်ပေါ်နေတာကို ချေဖျက်ပစ်ဖို့ လိုအပ်နေချိန်မှာ Williams ရောက်လာတာ ဖြစ်ပါတယ်။ စက်ဘီးစီးသမားတစ်ဦးဖြစ်တဲ့ Levi Leipheimer က 'တော်ရုံစျာန်နဲ့ပြောတာ မဟုတ်ဘူးနော်။ Williams က စက်ဘီးပြိုင်ကွင်းကို ရောက်တဲ့အထိ နာရီဝက်လုံးလုံး ရယ်စရာတွေ ပြောသွားတာ' လို့ ဆိုပါတယ်။ စက်ဘီးချန်ပီယံ



Mrs. Doubtfire ဇာတ်ကားမှာ အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်နေတဲ့ ဝီလျံ



www.burmeseclassic.com

www.burmeseclassic.com

Armstrongs နဲ့ ပြင်သစ်တွေရဲ့ ဟာသပုံပြင်တွေကို Williams က ပြက်လုံးထုတ် ပြောကြားခဲ့တာလို့ Leipheimer က ပြန်ပြောပြခဲ့ပါတယ်။ ဒါပေမဲ့ Leipheimer က Williams အပေါ် အကဲခတ်ကြည့်နိုင်ခဲ့ပါတယ်။ 'Williams ဟာ လူတိုင်း ရယ်မောပျော်ရွှင်စေအောင် ပျော်တော်ဆက်ရာမှာ အင်မတန်တော်တဲ့သူ ဖြစ်ပေမဲ့ ဒီလိုလူဖြစ်ဖို့ ဒီလို အမြဲတမ်း ပျော်စရာတွေ ပြောနေနိုင်ဖို့အတွက် ပင်ပင်ပန်းပန်း ကြိုးစားရမှာပါ။ Williams က အင်မတန်မြန်တဲ့နှုန်းနဲ့ ရယ်စရာတွေ ပြောပြနိုင်ပေမဲ့ သူ့အတွက်တော့ ပင်ပန်းမှုဒဏ် ခံရနိုင်ပါတယ်'လို့ Leipheimer က ပြောကြားခဲ့ပါတယ်။

၂၀၁၁ ခုနှစ်ကတော့ Williams ရဲ့ ဘဝစာမျက်နှာ အသစ်တစ်ချပ် ဖွင့်လှစ်တဲ့နှစ်လို့ပဲ ဆိုရမှာပါ။ အဲဒီနှစ် ဇူလိုင်လမှာ Williams အသက် ၆၀ ပြည့် မွေးနေ့ပွဲ ကျင်းပခဲ့ပါတယ်။ မွေးနေ့ပွဲကို သူနဲ့အတူ စင်ပေါ်မှာ တွဲဖက်ဖျော်ဖြေဖူးတဲ့ လူရွှင်တော် Crystal, Maupin နဲ့ တခြားမိတ်ဆွေတွေလည်း တက်ရောက်ကြပါတယ်။ နောက်ပြီးတော့ ဇနီးသည် Graces နဲ့ အိမ်ထောင်ကွာရှင်းပြီးနောက်မှာ ရရှိလာတဲ့ ချစ်သူသစ် Susan Schneider လည်း တက်ရောက်လာပါတယ်။ Susan ဟာ ဆန်ဖရန်စစ္စကိုမြို့က ပန်းချီဆရာမတစ်ဦး ဖြစ်ပါတယ်။ Schneider က Williams ထက်



၁၉၉၁ ခုနှစ်က ဆန်ဖရန်စစ္စကိုမှာ ဒုတိယဇနီးသည် မာရှာဂါစက်စ်၊ သမီး ဇယ်လ်ဒါတို့နဲ့အတူတွေ့ရတဲ့ ဝီလျံ

၁၄ နှစ် ငယ်ပါတယ်။ Williams နှလုံး ခွဲစိတ်ကုသမှု ခံယူပြီးနောက် ပြုစုစောင့်ရှောက်ရာမှာ ပါဝင်ကူညီပေးခဲ့သူလည်း ဖြစ်ပါတယ်။ Williams ရဲ့ အသက် ၆၀ ပြည့် မွေးနေ့ပွဲအပြီး သုံးလလောက်မှာ သူတို့နှစ်ယောက် လက်ထပ်ဖြစ်ခဲ့ပါ တယ်။ 'သူတို့နှစ်ယောက်လည်း တော် တော် ပျော်ရွှင်နေပုံရပြီး ကျွန်တော်ကိုယ် တိုင်လည်း သူတို့အတွက် ဝမ်းသာမိပါ တယ်'လို့ Maupin က ဆိုပါတယ်။


တစ်ချိန်တည်းမှာပဲ နောက်ထပ် ပြဿနာတစ်ရပ်ကို Williams ထပ်မံရင် ဆိုင်လာရပြန်ပါတယ်။ ဒီပြဿနာက တော့ သူ့ရဲ့အလုပ်နဲ့ ပတ်သက်တာပါ။ သူ့အောင်မြင်မှုတွေ အထွတ်အထိပ် ရောက်နေတဲ့ အချိန်တွေတုန်းက သူ ကိုယ်တိုင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်တဲ့ ဇာတ်ကား၊ တစ်နှစ်ကို နှစ် ကားကနေ သုံးကားလောက်အထိ ရိုက် ခဲ့ရတာပါ။ ၂၀၁၀ ပြည့်နှစ်ထဲမှာတော့ ဘာကားမှ ထွက်မလာနိုင်တော့ပါဘူး။ အနုပညာသည် သားဖြစ်သူ သေဆုံး အပေါ် ကိုယ်ကျိုးရှာ အမြတ်ထုတ်ချင် သူ ဖခင်တစ်ယောက်အဖြစ် Williams ပါဝင်သရုပ်ဆောင်ရတဲ့ **World Greatest Dad** အမည်ရ ဇာတ်ကားဟာ မအောင်မြင်ခဲ့ပါဘူး။ သူ့ရဲ့ ရုပ်ရှင်သရုပ် ဆောင်လုပ်ငန်း ကျဆင်းလာတဲ့အခါ Williams ဟာ ရုပ်/သံဘက်ကို ခြေဦး လှည့် လာပြန်ပါတယ်။ Morks & Mindy ရုပ်/သံဇာတ်လမ်းတွေ နောက် ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည် ဦးလှည့်လာတာပါ။ David E.Kelley စီစဉ်တင်ဆက်တဲ့ **The Crazy Ones** အမည်ရ ဇာတ်လမ်းမှာ ဒီဇိုင်းကြော်ငြာ ပညာရှင် Simon Roberts အဖြစ် သရုပ် ဆောင်ဖို့ အခွင့်ကြုံခဲ့ပါ တယ်။ 'Robin က ရုပ်/သံဘက်မှာ ပြန်သရုပ်ဆောင် ရမှာကို စိုးရိမ်စိတ်ဝင်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ကိုယ့်ဇာတ်ရုပ်နဲ့ Williams ဟာ အံဝင်ခွင်ကျ တူညီနေ အချက်တွေ ရှိနေတယ်လို့ သုံးသပ် တာ။ သူတို့နှစ်ယောက်စလုံးဟာ သူ

www.burmeseclassic.com

www.burmeseclassic.com

ရဲ့ လုပ်ငန်းနယ်ပယ်တွေမှာ တကယ့်
ပါရမီရှင်တွေပဲလေ။ အဲဒီလို ပါရမီတွေ
ဆိုင်ထားဆဲဖြစ်တယ်ဆိုတာကို
သူတို့နှစ်ယောက်လုံး မသိကြ
ဘူး။ အဲဒီ အတွေးကို Robin က
သားမှုလို့ ထင်တာလေ' လို့ တွဲဖက်
နေရှာ David Steinberg က ပြော
ကြားခဲ့ပါတယ်။ ဇာတ်ထုပ်တစ်ထုပ်
အတွက် ဒေါ်လာ နှစ်သိန်းဆိုတဲ့ သရုပ်
ဆောင်ကြေးကလည်း အိမ်ထောင်ဖက်
ဟောင်းတွေအတွက် မယားစရိတ်ပေး
ရတဲ့ Williams အတွက် အများကြီး
အထောက်အကူ ဖြစ်စေပါတယ်။
ရှင်းထားတဲ့ ဇနီးသည်တွေအတွက်
ထောက်ပံ့ကြေးပေးရတာကို အင်္ဂလိပ်
ဘာသာစကားနဲ့ Alimony လို့ခေါ်တာ
Williams က Alimony ဆိုတဲ့
စကားလုံးဟာ All The Money (ရှိသမျှ
ငွေအားလုံး)ကနေ ဆင်းသက်လာတာ
ဖြစ်တယ်လို့ အရွှန်းဖောက်ရင်း သူ့ရဲ့
အိမ်ထောင်ဖက်ဟောင်းတွေအပေါ်
ထောက်ပံ့စရိတ် ဒုက္ခကြီးမားပုံကို ဖော်
ပြခဲ့ဖူးပါတယ်။

The Crazy Ones ဇာတ်လမ်းမှာ
ရောက် သရုပ်ဆောင်ပေးနေရင်းနဲ့
ကာလတွေမှာ သူ့ရဲ့ တွဲဖက်သရုပ်
ဆောင်တစ်ဦးဖြစ်လာမယ့် James Wolk
နဲ့ ဆုံတွေ့ခဲ့ပါတယ်။ (James Wolk ဟာ
Mad Men အမည်ရ ဇာတ်ကားမှာတော့
Bob Benson အမည်နဲ့ သရုပ်ဆောင်ခဲ့
သူပါ)။ 'သရုပ်ဆောင်စစ်ဆေးတဲ့
အခန်းကို လက်ညှိုးညွှန်ပြလိုက်တော့
Williams က အဲဒီကို သွားရမှာလားဆို
တဲ့ အတွေးမျိုးနဲ့ ကျွန်တော့်ကို ပြုံးပြ
တယ်' လို့ Wolk က ပြန်ပြောပြခဲ့ပါ
တယ်။ 'ကိုယ့်ကိုယ်ကို လျှော့တွက်တဲ့
Williams ရဲ့ အတွေးတွေဟာ သူ့ရဲ့မိတ်
ဆွေတချို့ဆီကိုတောင် ကူးစက်နေတာ
။ အရင်ကဆို ဒါမျိုး သူ့ခေါင်းထဲ
တစ်ခါမှ ထည့်စဉ်းစားခဲ့တာ မဟုတ်
ဘူး' လို့ မိတ်ဆွေဖြစ်သူ Zmuda က
ဆိုပါတယ်။ အခုတော့ ကျွန်တော်တို့
သိပါပြီ။ အဲဒီအတွေးနောက်ကွယ်မှာ



တတိယဇနီး ဆူဇန်ရှနိုက်ဒါနဲ့အတူ တွေ့ရစဉ်

သူဟာ အောင်မြင်မှုအတွက် ထိုက်တန်
သူ မဟုတ်ဘူးလို့ အမြဲတွေးနေတယ်ဆို
တာ၊ ဒီအချက်က သူ့ဘဝမှာ လျှို့ဝှက်
ချက်ကြီးတစ်ရပ်လို ရှိနေခဲ့ပြီး တစ်ခု
သောနေ့မှာ ကျွန်တော်တို့က တွေ့ရှိလာ
ကြမယ့် အချက်ပါ' လို့လည်း Zmuda
က ဆိုပါတယ်။ 'ကျွန်တော်ဟာ ပရိ
သတ်ထင်သလောက် ပင်ကိုအရည်
အချင်း ပြည့်ဝပြီး တကယ့်တော်တဲ့သူ
မဟုတ်ဘူးဆိုတာ တစ်နေ့မှာ သူတို့တွေ
သိသွားကြလိမ့်မယ်။ သူငယ်ချင်းရေ
လူတွေကို ကိုယ် အရူးလုပ်မိတာလား'
လို့ Williams က ပြောကြားခဲ့ကြောင်း
Zmuda က ဆိုပါတယ်။

**The Crazy Ones ဇာတ်လမ်း**
တွဲ စတင်ထုတ်လွှင့်ခြင်း မပြုမီ ပြုလုပ်
ခဲ့တဲ့ တွေ့ဆုံခန်းတစ်ရပ်မှာ Williams
က စတူဒီယိုကြီးတွေ မဟုတ်တဲ့ ကိုယ်
တိုင်ရိုက်ကူး၊ ထုတ်လုပ်ဖြန့်ချိတဲ့
ကုမ္ပဏီတွေရဲ့ ဇာတ်ကားတွေအတွက်
သရုပ်ဆောင်ကြေးရတာ နည်းတော့
သူပေးနေရတဲ့ ကုန်ကျစရိတ်တွေနဲ့
မကာမိတဲ့အကြောင်း ပြောပြခဲ့ပါတယ်။
အဲဒီလိုနဲ့ သူ့ရဲ့ Napa Valley စပျစ်ခြံ



www.burmeseclassic.com

www.burmeseclassic.com

နေအိမ်ကို လေလံဈေးကွက်တင်ခဲ့ရကြောင်းလည်း Williams က ပြောခဲ့ပါတယ်။

The Crazy Ones ဇာတ်လမ်းတွဲ ရိုက်ကူးမှုကို မေလအတွင်းမှာ ပယ်ဖျက်လိုက်ပြီးတဲ့နောက် နှစ်လလောက်အတွင်းမှာပဲ စိတ်ဖိစီးမှုတွေ များနေတဲ့ ချည့်နဲ့စေတဲ့အပြင် စကားပြောရာမှာလည်း မပီမသ ဗလုံးဗထွေးတွေ ဖြစ်တတ်ပါတယ်။

မကွယ်လွန်မီ လပိုင်း အနည်းငယ်အတွင်းမှာ Malibu က မိတ်ဆွေ Peter Asher ရဲ့ နေအိမ်ကို Williams တစ်ယောက် ပေါက်ချလာတတ်ပါတယ်။




၁၉၇၉ ခုနှစ်က စတင်ပြီး
Rolling Stone မဂ္ဂဇင်းကြီးမှာ
မျက်နှာဖုံးရှင်အဖြစ်
ဖော်ပြခံခဲ့ရတဲ့
ရော်ဘင်ဝီလျံ

Williams ဟာ Minnesota ပြည်နယ်က Hazelden ပြန်လည်ထူထောင်ရေးစခန်းကို ရောက်လာခဲ့ရပါတယ်။ အဲဒီမှာရှိနေတုန်း Parkinson လို့ခေါ်တဲ့ အကြောဝေဒနာတစ်ရပ် ခံစားနေရပြီဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ Parkinson ရောဂါဆိုတာက ကုသဖို့ ခက်ခဲတဲ့ အာရုံကြောဆိုင်ရာ ဝေဒနာတစ်ရပ်ဖြစ်ကာ ကိုယ်လက်လှုပ်ရှားမှုတွေကို တုန်ယင် 'Williams ကြည့်ရတာ ကြေကွဲနေပုံပဲ' လို့ Asher က ဆိုပါတယ်။ 'သူက မရွှင်မပျနဲ့ ပျော်တဲ့ပုံ မရှိဘူး။ တစ်ယောက်ယောက်ကြောင့်လည်း မဟုတ်ဘူး။ ငွေကြေးကိစ္စလည်း မဟုတ်ဘူး။ ကျွန်တော်တို့အားလုံး သူ့အတွက် ပူပန်ခဲ့ကြရတယ်' လို့ Asher က ဆိုပါတယ်။ အဲဒါကြောင့်လည်း အခုနှစ် နွေရာသီကာလအတွင်း ပြန်လည်ထူထောင်ရေးစခန်းကို Williams တစ်ကျော့ပြန် ဝင်ရောက်တဲ့ သတင်းက Asher ကို အထိတ်တလန့် မဖြစ်စေခဲ့တာပါပဲ။

ဩဂုတ်လ ၁၀ ရက်နေ့မှာတော့ Williams ဟာ သူ့ရဲ့ Tiburon က နေအိမ်မှာပဲရှိနေပြီး ညဥ့်နက်တဲ့အထိ မအိပ်သေးပါဘူး။ နောက်နေ့မနက် ဆယ်နာရီခွဲလောက်မှာ Schneider က အပြင်ထွက်သွားပါတယ်။ Williams ရဲ့ လက်ထောက်ဖြစ်သူက အိပ်ခန်းသီးခြားစီအိပ်တဲ့ Williams ရဲ့ အခန်းကို သွားကြည့်ပါတယ်။ ဩဂုတ်လ ၁၁ ရက်နေ့ (တနင်္လာနေ့) နေ့မွန်းမတည့်မီအချိန်လေးမှာ အဝတ်အစားအပြည့်အစုံ ဝတ်ဆင်ထားပြီး လည်ပင်းမှာ ခါးပတ်ကြိုးချည်လျက်အနေအထားနဲ့ အေးစက်တောင့်တင်းနေတဲ့ Williams ရဲ့ သက်မဲ့ခန္ဓာကိုယ်ကို မြင်တွေ့ခဲ့ကြရပါတော့တယ်။ Marin County ခရိုင်ရဲ့မှူးရုံးက သတင်းစာရှင်းလင်းပွဲတစ်ရပ်မှာ ပြောကြားချက်အရ Williams ဟာ ထိုင်လျက်အနေအထားနဲ့ ကိုယ့်ကိုယ်ကို လုပ်ကြံခဲ့ပုံရကြောင်း သိရှိကြရပါတယ်။ သေဆုံးရတဲ့ အကြောင်းရင်းဟာ ကြိုးဆွဲချမှုကြောင့် အောက်ဆီဂျင်ပြတ်တောက်ပြီး အသက်ရှူ ရပ်ဆိုင်းသွားခဲ့ရတာဖြစ်ကြောင်းသိရှိရပေမဲ့ သေမှုသေခင်း စစ်ဆေးရေး အစီရင်ခံစာကတော့ တရားဝင် ထုတ်ပြန်ရခြင်း မရှိသေးပါဘူး။ ရဲဌာနရဲ့ အဆိုအရ အိတ်ဆောင်ဓားတစ်လက်ကိုလည်း သေသူရဲ့အနီးမှာ တွေ့ရှိရပြီး ဘယ်ဘက်လက်ကောက်ဝတ်ကို လှီးဖြတ်ထားတဲ့ ပြတ်ရှရာ တွေ့ရှိရကြောင်း သိရှိရပါတယ်။ Williams ဟာ ခါးပတ်ကြိုးကို အသုံးပြုပြီး ကိုယ့်ကိုယ်ကို ကြိုးဆွဲမချခင်မှာ လက်ကောက်ဝတ်ကို ဓားနဲ့အရင် လှီးဖြတ်ခဲ့ပုံရပါတယ်။ သေဆုံးချိန်မှာ Williams ရဲ့ အသက်ဟာ ၆၃ နှစ်ရှိပါပြီ။

အံ့လည်းသြ၊ ဝမ်းလည်းနည်းစရာကောင်းတဲ့ Williams သေဆုံးမှုသတင်းကို မိတ်ဆွေအပေါင်းအသင်းတွေနဲ့ လည်းလက်ခံနိုင်ဖို့ ကြိုးစားခဲ့ကြရ

www.burmeseclassic.com

တယ်။ Williams သေဆုံးပြီး သုံးရက်အကြာမှာ Schneider က Williams ဟာ Parkinson ဝေဒနာ ခံစားနေရတယ်လို့ စစ်ဆေးသိရှိထားကြောင်း ထုတ်ဖော်ပြောကြားလာပါတယ်။ Schneider ရဲ့ပြောကြားချက်က Williams သေဆုံးမှုဆိုတဲ့ ကြောက်မက်ဖွယ် သတင်းအတွက် အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးနိုင်ခဲ့ပေမဲ့ Steinberg ရဲ့ စကားနဲ့ဆိုရရင်တော့ လျှို့ဝှက်ချက်တစ်ရပ် ရှိနေဆဲပါပဲ။

ဒီနှစ်နွေရာသီကာလအတွင်းမှာ Williams ကို စိတ်ကျရောဂါ နက်နက်နဲနဲ ခံစားသွားရအောင် တွန်းပို့လိုက်တဲ့ အရာဟာ ဘာလဲဆိုတာကို ဘယ်တော့မှ ပြည့်ပြည့်ဝဝ သိရှိနိုင်စရာ မရှိတော့ပါဘူး။ ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းရင်းတွေကတော့ နှလုံးခွဲစိတ်ကုသမှု ခံယူပြီးတဲ့နောက် သူ့ရဲ့ကျန်းမာရေးအခြေအနေ၊ ရုပ်/သံဇာတ်လမ်း ရိုက်ကူးမှု ရပ်ဆိုင်းလိုက်ပြီးတဲ့နောက် အလုပ်အတွက် စိုးရိမ်ကြောင့်ကြမှုတွေအပြင် သူကိုယ်တိုင်ကလည်း တစ်ချိန်တုန်းက လို ပရိသတ်တွေ ရယ်မောပျော်ရွှင်အောင် မလုပ်နိုင်တော့ဘူးဆိုတဲ့ အတွေးတွေ ဝင်လာတာကြောင့်လို့ ဆိုနိုင်ပါတယ်။ Williams ဆိုတဲ့ နာမည်တစ်လုံးကို ဆောင်ပေးခဲ့တဲ့ ထက်မြက်တဲ့ ဉာဏ်ရည်နဲ့ သွက်လက်လှုပ်ရှားမှု အပြည့်ရှိတဲ့ ကာယစွမ်းအားတွေကို Parkinson ဆိုတဲ့ ရောဂါဆိုးကြီးက ဓားပြတိုက်ယူပြီဆိုတဲ့အသိကလည်း ကိုင်တွယ်ဖြေရှင်းရ ခက်ခဲတဲ့ အတွေးတစ်စပါပဲ။

သူ့ဘဝရဲ့ နောက်ဆုံးသီတင်းပတ်တွေမှာ Williams ဟာ သိုသိုသိပ်သိပ်နဲ့ နှုတ်ဆိတ်နေခဲ့ပါတယ်။ ဇူလိုင်လအတွင်းက ကယ်လီဖိုးနီးယားပြည်နယ် Mill Valley မှာ ကျင်းပခဲ့တဲ့ AA အစည်းအဝေးတစ်ရပ်ကို တက်ရောက်လာခဲ့တဲ့ Williams ဟာ ခပ်မဆိတ်ဘဲ ရှိနေခဲ့တယ်လို့ အစည်းအဝေး အတူတက်ရောက်ခဲ့တဲ့ ဒေသခံရုပ်/သံ ကင်မရာမင်းတစ်ယောက်က ပြောပြခဲ့ပါတယ်။

Williams တို့
မိသားစုနဲ့အတူ
အားလပ်ရက်
အပန်းဖြေခရီးတွေ
အကြိမ်ကြိမ်ထွက်ခဲ့ဖူးသူ
Gordon က Williams ဟာ
မူးယစ်ဆေးဝါးစွဲနေတဲ့
အကြောင်း
ပြောပြလေ့ရှိပေမဲ့
စိတ်ကျရောဂါဖြစ်နေတဲ့
အကြောင်းကိုတော့
ပြောမပြဘူးလို့
ဆိုခဲ့ပါတယ်
တစ်ခါတော့
အပျော်စီးလှေခရီးစဉ်တစ်ခု
ထွက်ခါနီးမှာမှ
အလုပ်တွေ
အများအပြားကို
လက်စသတ်ပြီး
လှေပေါ်ရောက်လာတဲ့
Williams ဟာ
တစ်နေရာမှာ
တစ်ယောက်တည်းထိုင်ပြီး
အဝေးတစ်နေရာကို
ငူငူကြီး ကြည့်နေခဲ့တယ်

မကွယ်လွန်မီ သီတင်းတစ်ပတ်အလိုမှာ Gordon ကို Williams က သူ့မိသားစုအကြောင်း ပြောပြခဲ့ပါတယ်။ သူတို့နှစ်ယောက်ဟာ သားသမီးတွေအကြောင်း ပြောဖြစ်ခဲ့ကြတာပါ။ Gordon က Williams ကို မောင်းသူမဲ့ လေယာဉ်ငယ်တစ်စီး လက်ဆောင်ဝယ်ပေးပါတယ်။ ဆန်ဖရန်စစ္စကို ပင်လယ်အောက်မှာ သူတို့ရဲ့ မောင်းသူမဲ့ လေယာဉ်တွေကို မောင်းနှင်ကြည့်ကြဖို့တောင် နှစ်ယောက်သား စီစဉ်ခဲ့ကြပါသေးတယ်။ ဩဂုတ်လ ၉ ရက်နေ့ညက လည်း သူ့အိမ်နားမှာ ကျင်းပတဲ့ အနုပညာပြပွဲခန်းမတစ်ခု ဖွင့်ပွဲကို Williams တက်ရောက်ခဲ့ပြီး အားလုံးပုံမှန်အတိုင်း အေးအေးဆေးဆေးပါပဲ။

The Crazy Ones က အဆုံးသတ်သွားပြီဖြစ်ပေမဲ့ A Merry Friggin Christmas, Night at the Museum 3, Boulevard, Absolutely Anything အစရှိတဲ့ ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ရဦးမှာပါ။ အဲဒီအပြင် Mr.Doubtfine ဇာတ်ကား နောက်ဆက်တွဲအတွက် သူ့မန်နေဂျာတွေက ထုတ်လုပ်သူပေးလာမယ့်ဇာတ်ညွှန်းကို စောင့်မျှော်နေကြဆဲပါ။ ဒီကားဟာ Williams ရဲ့နောက်ရိုက်မယ့်ဇာတ်ကားပါ။


The Crazy Ones ဇာတ်လမ်းတွဲရဲ့ ဝိုင်းတော်သားတွေကလည်း Williams ကို သတိရစရာတစ်ခု ရင်ထဲမှာ စွဲထင်ကျန်ရစ်ပါတယ်။ တစ်ညသားရိုက်ကူးရေးမပြီးသေးလို့ မိုးကြီးစုပ်စုပ်ချုပ်လာတော့ အဖွဲ့သားတွေလည်း တော်တော်လေး ပန်းနေကြချိန်မှာ တစ်ယောက်က ဂစ်တာတစ်လက် ကောက်ကိုင်လိုက်ပြီး Williams ရဲ့ လက်တန်းစပ်ဆိုလိုက်တဲ့ သီချင်းလေးကြောင့် အပန်းပြေ ပွဲကျခဲ့ကြရပါတယ်။ 'ညနှစ်နာရီလည်းထိုးပြီ၊ သူ့အသက်က ၂၉ နှစ် မဟုတ်တော့ဘူး။ ဒါပေမဲ့ သူ့ခမျာ အလုပ်ကို ဆက်လုပ်နေရဆဲပဲ' လို့ Williams က ကောက်ကာငင်ကာ စပ်ဆိုဖျော်ဖြေပေးခဲ့တာဖြစ်ကြောင်း Wolks က ပြန်ပြောပြခဲ့ပါတယ်။

သူ့ခေတ် သူ့အခါတုန်းက လူတိုင်းကို သူ့ရဲ့ လူပြက်အသံနဲ့ ရယ်မောရွှင်ပျစေခဲ့တဲ့ Williams ဟာ မဟူရာညဥ့်ယံထက်မှာ လွမ်းစရာ Blues သီချင်းတွေကို ဆွေးဆွေးမြည့်မြည့် သီဆိုရင်း လောကကြီးထဲမှာ သူ့အတွက် နေရာတစ်နေရာ ရှာဖွေဖို့ ကြိုးစားနေတာကို လူတွေအားလုံး ကြည့်မြင်ခဲ့ကြရပြီပေါ့။ ■

ရာပြည့်

*Reference:*
*Robin Williams*
*by David Browne,*
*Rolling Stone Magazine*

www.burmeseclassic.com




# မိမာယာ

သို့မဟုတ်

# အေးအေးသင်း နှင့် တွေ့ဆုံခြင်း

ဝင်းငြိမ်း

(ယခင်လမှအဆက်)

'အချစ်တော်'သီချင်းနဲ့ ဦးညွန့်ဝင်းလည်း အဲဒီကားတစ်ကားတည်းနဲ့ပဲ အောင်မြင်သွားခဲ့တယ်နော်။ အစ်မက ပထမ သီချင်းဆိုရာကနေမှ သရုပ်ဆောင် ဖြစ်လာတာဆို။

ဟုတ်တယ်။ ဟိုတုန်းက ရွှေခြသေ့်ကော်ဖီဆိုတာ အရမ်းနာမည်ကြီးခဲ့တယ်။ ရွှေခြသေ့်ကော်ဖီကြော်ငြာ ပြက္ခဒိန်စရိုက်တယ်။ ရေကူးဝတ်စုံနဲ့က တစ်ပုံ၊ နန်းတွင်းသူပုံစံက တစ်ပုံ၊ နောက်တစ်ပုံကတော့ မျက်လှည့်ဆရာ ပီကိုလာနဲ့တွဲပြီး အာရပ်နဲ့အာရပ်မလေးအဖြစ် သရုပ်ဆောင်တာကတော့တစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်အကယ်ဒမီ ဒေါ်အေးအေးသင်းကို
ဦးဝင်းငြိမ်း၊ ဦးကြည်စိုးထွန်းတို့ တွေ့ဆုံနေကြစဉ်

ရိုက်ခဲ့တယ်။ ခုနကပြောတဲ့ အာရပ်နဲ့ အာရပ်မအတွဲက က,ကြတယ်။ တခြား အရုံမိန်းကလေးတွေလည်း ပါတာပေါ့။ အဲဒါကို ဟိုတုန်းက ရန်ကုန်မြို့မှာ လွှတ်လပ်ရေးပွဲကို အခု ကရဝိက်နန်းတော်ရှိတဲ့ ကနေဒီကျွန်းမှာ စည်စည်ကားကား လုပ်ကြတယ်။ ရွှေခြင်္သေ့ကော်ဖီက အခု တင့်ကားကြီး ထားတဲ့နေရာမှာ နေရာယူထားတယ်။ မအေးတို့က နှစ်ထပ်အဝိုင်းကြီးပေါ်မှာ ရေကူးဝတ်စုံနဲ့ ကိုယ်ဟန်ပြရတယ်။ အဝိုင်းကြီးက လည်နေတော့ ကိုယ်ဟန်မျိုးစုံပြရင်း စင်နောက်ကို ပြန်ရောက်သွားတာပေါ့။

**အဲဒီလို ကိုယ်ဟန်ပြနေတဲ့အချိန်မှာ ရုပ်ရှင်လောကထဲ ရောက်နေပြီလား။**

ဟုတ်တယ်။ တစ်ဖက်က ရုပ်ရှင်ရိုက်ရင်း တစ်ဖက်က လည်း ကိုယ်ဟန်ပြတယ်ပေါ့။

**အခုခေတ် မော်ဒယ်လ်တွေလိုပေါ့။ အဲဒါ ဘယ်နှခုနှစ် လောက်ကပါလဲ။**

၁၉၆၁ လောက် ဖြစ်မယ်ထင်တယ်။ ခုနှစ်တော့ မမှတ်မိတော့ဘူး။

**အစ်မသီချင်းလည်း ဆိုသေးတယ်နော်။**

ဆိုတယ်။ ဂီတာသိန်းစိုးက ကျွန်မဆရာအရင်းပေါ့။ ဂီတာ သိန်းစိုးဆီကို ရောက်တဲ့အချိန်မှာ အသက်က ၁၅ နှစ်ပဲ ရှိသေး တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြံအဝင်ဝက ဆိုင်းဘုတ်


အိမ်တွင်းက ဧည့်ခန်းမှာ ချိတ်ဆွဲထားတဲ့ ဆရာမင်းသိမ်ပန်းချီကား


ဒေါ်အေးအေးသင်းက လုံးချင်းဝတ္ထုလည်း ရေးခဲ့ဖူးသူ ဖြစ်ပါတယ်။ သူ့အိပ်ခန်းအတွင်းက နံရံမှာ လုံးချင်းဝတ္ထု မျက်နှာဖုံးပန်းချီကားများကို တွေ့ရပါတယ်

အဲဒီအချိန်တုန်းက တွဲတေး သိန်းတန်တို့၊ သောင်းတင်ဌေးတို့ ဆရာ့ဆီမှာ တပည့်တွေ အများကြီးရှိသေးတယ်။ ဆရာက ဘယ်လိုလေ့ကျင့်ပေးထားသလဲ ဆိုတော့ သီချင်းသစ်တစ်ပုဒ် တက်ရင် တစ်ယောက်တည်း ဆိုဖို့ မဟုတ်ဘူး။ အားလုံးဆိုတတ်ရတယ်။ အဖွဲ့နာမည်က ဆန်းသစ်ဦး။ အဖွဲ့ကိုငှားလို့ ပင်တိုင်ဆိုနေကျ တစ်ယောက်ယောက်က အကြောင်းကြောင်းကြောင့် မလိုက်နိုင်ဘူးဆိုရင် ဒီသီချင်းမဆိုလိုက်ရ မရှိစေရဘူး။ သူ့အစား ဝိုင်းထဲက တစ်ယောက်ယောက်က ဝင်ဆိုပေးလိုက်ရင် ပြီးတာပဲ။

**အဲဒီတုန်းက အစ်မနဲ့ ခေတ်ပြိုင်ဆိုခဲ့ကြတဲ့ အမျိုးသမီးတေးသံရှင်တွေကို မှတ်မိသေးလား။**

အဲဒီတုန်းကတော့ ခင်စိန်ကြည်တို့ ဘာတို့ပေါ့။ အကုန်တော့ မမှတ်မိတော့ဘူး။

**ရွှေခြသေ့်အတွက် ကြော်ငြာရိုက်ရာကနေ ရုပ်ရှင်နဲ့ ဆက်သွယ်မိသွားတာလား။**

ရွှေခြသေ့်က စောစောကပြောတဲ့ပုံတွေကို ပြက္ခဒိန်ထုတ်တယ်။ အဲဒီပြက္ခဒိန်တစ်ခုကို ဝဏ္ဏကျော်ထင်စိန်မြမောင်က ယူသွားပြီး မြဇော်ကို သွားပြတယ်။ ဒီကောင်မလေး ခင်ဗျားတို့ သုံးကြည့်ပါလား ပြောတော့ သူတို့က စိတ်ဝင်စားသွားတယ်။ သူတို့က မအေးကို အစမ်းခေါ်ရိုက်ကြည့်တယ်။

အဲဒီအစမ်းခေါ်ရိုက်ကြည့်တဲ့အခန်းကလည်း ကို

ညွှန့်ဝင်းနဲ့ အချော့တော် ...
ချင်းဆိုတဲ့အခန်းပဲ။

**အဲဒီခေတ်တုန်းက မိတ်... ကပ်တို့၊ အဝတ်အစားတို့ ... ကုမ္ပဏီက စီစဉ်ပေးတာလား။**

ဟုတ်တယ်။ မိတ်ကပ်... တို့၊ အဝတ်အစားတို့ အား... ကို ကုမ္ပဏီကပဲ စီစဉ်ပေး... တယ်။ ကိုယ်က လူချည်... သွားရုံပဲ။ ရုပ်ရှင်ကားတ... ကားမှာ သရုပ်ဆောင်ရ... ဝတ်ရမယ့်အဝတ်အစားအာ... လုံးကို သူတို့ပဲ တာဝန်ယူပေး... တာ။

**ပထမဆုံးသရုပ်ဆောင်... ခဲ့တဲ့ ‘သတို့သမီး အလို... သည်’ က အောင်မြင်ခဲ့လား...**

အောင်မြင်ခဲ့တယ်။

**ဒုတိယကားကရော။**

ဒုတိယကားက ပထမ... ကားနဲ့ တစ်ပြိုင်တည်းပဲ ရိုက်... ခဲ့တာ။ နှစ်ပေါင်း ၅၀ ကျော်... လာပြီဆိုတော့ နည်းနည်းစဉ်း... စားလိုက်ဦးမယ်။

သြော် မှတ်မိပြီ။ ဇော်... အောင်စိုး ခြေထောက်ချည်... သရုပ်ဆောင်ရတဲ့ကား။ ကား... နာမည်က...

**တစ်မိနစ်အလိုလား။**

ဟုတ်တယ်၊ ဟုတ်... တယ်။ အဲဒီမှာတော့ တစ်... ခန်းနှစ်ခန်းလောက်ပဲ ပါတာ... ပါ။ ပထမတော့ ဒီလိုပဲ ... မှာ တစ်ခန်းနှစ်ခန်းပါလိုက်... ဒီမှာ တစ်ခန်းနှစ်ခန်းပါလိုက်... ရိုက်နေရတာပဲ။

**‘တစ်မိနစ်အလို’ က ဒါ... တိသျှဘားမားက ရိုက်တာ... နော်။**

ဘယ်ကုမ္ပဏီလည်း... မမှတ်မိတော့ပါဘူး။ ဒီလို... လာခေါ်ရင် သွားရိုက်လိုက်...

www.burmeseclassic.com

www.burmeseclassic.com

ရိုက်ပြီးလို့ ပိုက်ဆံပေးရင် ယူသွားလိုက်တာပဲ။ အဲဒီတုန်းက နေ့စားရိုက်ရတာဆိုတော့ တစ်ရက်မှ ၁၅ ကျပ်ပဲ ရတာပါ။ ကုမ္ပဏီကတော့ **သတို့သမီးအလိုရှိသည်** အတွက် သုံးထောင်ပေးပါတယ်။

**ဆက်ပြောပါဦး အစ်မ။**

အဲဒီလို ရိုက်နေရင်းက အမျိုးသားတိုးတက်ရေးရုပ်ရှင်ကုမ္ပဏီက ကားရိုက်ဖို့ လာငှားတယ်။ ကားနာမည်က **ခြေလှမ်း ၅၀**။ အဲဒီကားမှာက စိုးရွှေရယ်၊ ဇော်ခင်ရယ်၊ ဖျာပုံမယ် တင်တင်အေးရယ်၊ မအေးရယ်ပေါ့။

**အဲဒီတုန်းက အစ်မက ဒုတိယမင်းသမီးလား၊ ဗင့်လား။**

ဒုတိယမင်းသမီးပါ။

**ဗင့်က ဘယ်တော့မှ ရိုက်ဖြစ်တာလဲ။**

ဒီလိုပဲ အထက်မရောက်အောက်မရောက် ကားတော်တော်များများ ရိုက်ဖြစ်နေတယ်။ ကားပေါင်း ၂၀၀ လောက် ရိုက်ဖြစ်ခဲ့တယ်။ **ဇာယာထောင်ချောက်** အထိ ဒုတိယမင်းသမီးပဲ။ အပေါင်းလက္ခဏာရုပ်ရှင်က **ပတ္တမြားကြီး ကိုးလုံးတို့ဘာတို့**လည်း ရိုက်ခဲ့တယ်။

အပေါင်းလက္ခဏာရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးကိုကြီးက မအေးကို ဂရုစိုက်တယ်။ သူ မသေခင်က ကောင်မလေး နေမကောင်းဘူးကြားတယ်။ သွားကြည့်ဦးမှလို့ ပြောခဲ့တာတဲ့။ မကြာခင်မှာ ဦးကိုကြီးက ကွယ်လွန်သွားပြီး သူ့ဇနီးလည်း ဆုံးသွားတယ်။ မအေးအတွက် ငွေ ၃ သိန်း ပို့ပေးခဲ့သေးတယ်။

သူ့သမီးက ဆွမ်းချက်ပြီး လှူပေးပါလို့ မအေးကို စာရေးပေးတာကြောင့် လှူပေးခဲ့ပါတယ်။

**အခု အစ်မ မကျန်းမမာဖြစ်နေတော့ အစ်မနဲ့ ခေတ်ပြိုင်သရုပ်ဆောင်ခဲ့တဲ့သူတွေ လာကြရဲ့လား။**

လာတယ်၊ လာတယ်။ ဦးဌေးဝင်းတို့၊ ဦးစိုးရွှေတို့ လာကြပါတယ်။ ဦးစိုးရွှေဆိုရင် လမ်းမလျှောက်နိုင်လို့ လူနှစ်ယောက်လောက် တွဲပြီး လာရှာတာ။ သူ လာတော့လည်း စကားတွေပြောကြ၊ စားကြ၊ သောက်ကြ စိတ်ပျော်တာပေါ့လေ။ ပထမတစ်ခေါက်လာတုန်းက ပြန်ခါနီးမှာ ပိုက်ဆံတစ်သိန်း ပေးသွားတယ်။ ငါ့ညီမလေး နေမကောင်းတာ သုံးချင်တာ သုံးဖို့ဆိုပြီး ပေးသွားတာ။ နောက်တစ်ခေါက်ကျတော့လည်း သူ့သမီးက ပိုက်ဆံငါးသောင်း ပို့ပေးပါတယ်။

နောက်တစ်ယောက်က ဦးဌေးဝင်း။ သူကလည်း လာရင် မအေး စားဖို့ဆိုပြီး မုန့်တွေဘာတွေ ဝယ်လာပါတယ်။ အခုတော့ ဦးဌေးဝင်းလည်း ရောက်မလာတာ ကြာပြီ။ နေမှကောင်းရဲ့လား မသိဘူး။ မအေးက မျှော်နေတာ။

ကိုဇော်ခင်ကလည်း သူမသေခင်တုန်းက နှစ်လတစ်ခေါက်၊ တစ်လတစ်ခေါက်လောက်တော့ လာရှာပါတယ်။ သူကတော့ ပြန်ခါနီးကျရင် ညီမလေး လမ်းစရိတ်ဆိုတော့ ပေးရတယ်။ ကိုအေးမြင့် ရှိတုန်းကတော့ သူ့အဝတ်အစားတွေကို ကိုဇော်ခင်အတွက် မအေးက ပေးပါ



ကျန်းမာစဉ်က ဗေဒင်ဟောခဲ့တဲ့ ဒေါ်အေးအေးသင်းရဲ့ဗေဒင်ခန်း

တယ်။ နောက်တော့ သူ မရှိတော့တဲ့အချိန်မှာ ယောကျ်ား အဝတ်အစားဆိုတာကလည်း မရှိတော့တာကြောင့် အစ်ကိုရေ အဝတ်အစားကတော့ မရှိတော့ဘူးလို့ ပြောရတယ်။ သူ သေသွားတယ်ကြားရတော့ စိတ်မကောင်းပါဘူး။ မအေးနဲ့ သူနဲ့က **တစ်မိနစ်အလို** ကတည်းက တွဲခဲ့ကြတာလေ။

ကိုဇော်ခင်ကလည်း မအေးလိုပဲ ဟိုမှာပါလိုက် ဒီမှာပါလိုက် ရိုက်နေရာကနေ အောင်မြင်သွားခဲ့တာ။ ကိုဇော်ခင် အောင်မြင်ခဲ့သလိုမျိုး ဒီခေတ်မှာ တစ်ယောက်မှ မအောင်မြင်သေးပါဘူး။ သူ အောင်မြင်ခဲ့တာက ပရက်စလေ နာမည်ကြီးသလိုမျိုးပဲ။ သူ ကော်လံထောင်ခဲ့တာကို တစ်တိုင်းပြည်လုံးက နှစ်သက်ကြပြီး ကော်လံလိုက်ထောင်ခဲ့ကြရတယ် မဟုတ်လား။ သူ အနေအထိုင် မတတ်မှုကြောင့် အောင်မြင်မှုတွေအားလုံး ဆုံးရှုံးသွားတာ။ နှမြောစရာ ကောင်းပါတယ်။ သူ ဆုံးတော့ ၇၃ နှစ်ထင်တယ်။

ကိုအံ့ကျော်တို့ဆိုရင်လည်း မအေးနဲ့ ကားပေါင်းများစွာ ရိုက်ခဲ့ဖူးတယ်။ အားလပ်ရက်ဆိုရင် မိသားစုလိုက် လာကြပြီး မအေးတို့ ခြံထဲမှာ အေးအေးဆေးဆေး တစ်နေကုန် နေကြတယ်။ ဒီလူတွေကတော့ မအေးနဲ့တကယ့်မောင်နှမအရင်းတွေလို ချစ်ချစ်ခင်ခင် နေခဲ့ကြတာပါပဲ။

**ဘဘဦးသုခ ရိုက်ခဲ့တဲ့ 'မိုက်တယ်ဆိုတာ လွယ်ပါတယ်' ဇာတ်ကားမှာလည်း ဦးအံ့ကျော်နဲ့ ဆုံခဲ့ဖူးတယ်နော်။**

ဟုတ်တယ်လေ။ အဲဒီကားမှာ မအေးရဲ့ခေါင်းပေါ်ကို ပန်းသီးတင်ပြီး ကိုညွန့်ဝင်းက သေနတ်နဲ့ ပစ်တယ်။ သူ ပစ်ပြီးတော့ ကိုအံ့ကျော်ဘက်လှည့်ပြီး ကဲ ဘယ်လိုလဲ၊ မင်းအလှည့် ဆိုလိုက်တော့ ကိုအံ့ကျော် မျက်နှာပျက်နေတာပေါ့။ သူ့မိန်းမ မအေးကြည်က ကိုယ်ဝန်ကြီးနဲ့လေ။ ကိုညွန့်ဝင်းက ဟုတ်မှလည်း လုပ်ပါ ကိုမှူးကြီးရယ် ဆိုပြီး ရိတော့ ကိုအံ့ကျော်က ပစ်နိုင်ပါတယ်ဆိုပြီး ပြန်ပြောခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးမှာ သူ မပစ်ရဲတော့ဘဲ အရှုံးပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**ဦးအောင်လွင်နဲ့ရော အတွဲများခဲ့လား။**

သိပ်မများဘူး။ ၃ ကားပဲရှိတယ်။ **မာယာထောင်ချောက်၊ ကလောအလွန် တစ်ဘူတာ၊** နောက်တစ်ကားကတော့ မမှတ်မိတော့ဘူး။ အတွဲ အများဆုံးကတော့ ကိုညွန့်ဝင်းပဲ။ ကောလိပ်ဂျင်နေဝင်းနဲ့လည်း များတယ်။ ဟိုတုန်းကတော့ ကားရိုက်တွေကလည်း များတယ်။ ရိုက်ရက်မပေးနိုင်တော့ နေ့မပေးနိုင်ရင် ညရိုက်မယ်ဆိုပြီး ရိုက်ကြတာ။ အဲတော့ မအေးက နေ့ ကိုညွန့်ဝင်း၊ ည ကောလိပ်ဂျင်နေဝင်း၊ နေ့ ကောလိပ်ဂျင်နေဝင်း၊ ည ကိုညွန့်ဝင်း ဖြစ်နေခဲ့တာ။

အဲဒီတုန်းက မအေးရဲ့ အိမ်ထောင်ဖက်က ဒေါက်တာ ခင်မောင်ချိုပါ။ နေ့ရော ညရော အိမ်မှာ မရှိတော့ ယောက်ျားက နောက်မိန်းမယူသွားရော။

**အစ်မ သားသမီး မထွန်းကားခဲ့ဘူးနော်။**

ထွန်းကားတယ်လို့တော့ ဆိုရမယ်။ သူ ဆေးကျောင်းသားဘဝမှာကတည်းက မအေးနဲ့ အိမ်ထောင်ကျခဲ့တာ။ မအေးပဲ သူ့ကို ကျောင်းစရိတ်ပေးခဲ့တာ။ အဲဒီအခြေအနေမှာ သူက မအေးရယ် ကလေးမယူပါနဲ့ဦး ဆိုတာကြောင့် မယူဖြစ်ခဲ့ဘူး။ သူ နောက်ဆုံးနှစ်ရောက်တဲ့အခါ ကလေးယူမယ်ဆိုပြီး တိုင်ပင်ကြပေမဲ့ သုံးခါ ပျက်ကျတဲ့အတွက် ယူလို့မရတော့ဘူး။

**ဒုတိယထူးချွန်ဆုရတဲ့ 'ဇာခန်းဆီးနောက်ကွယ်မှာ' ဆိုတဲ့ကားက အစ်မနဲ့ ကိုဝဏ္ဏ ပထမဆုံး ဆုံတဲ့ကားပဲလား။**

ဟုတ်တယ်။ ကိုဝဏ္ဏက အဲဒီတုန်းက ဇာတ်ညွှန်းကိုပေးထားတယ်။ ၃ မျက်နှာလောက်ကို အလွတ်ရအောင် ကျက်ခိုင်းထားတယ်။ ဒီဇာတ်လမ်းက ပညာတတ်တစ်ယောက်ရဲ့ဖောက်ပြန်မှုကို ရိုက်တဲ့ဇာတ်လမ်းလေ။ ကိုနေဝင်းကို ပါးရိုက်ရမယ့် အခန်းပါတယ်။

ရိုက်ကွင်းပေါ်ရောက်တော့ မအေးကလည်း ဒိုင်ယာလော့ခ်အားလုံး ရထားပြီးသားဆိုတော့ ကိုဝဏ္ဏက တောက်လျှောက်ရိုက်တယ်။ ပါးရိုက်တဲ့အခန်းမှာလည်း မအေးက ဘယ်တော့မှ လွဲမရိုက်တတ်ဘူး။ ဖောင်း ဆိုရိုက်လည်း ရိုက်လိုက်ရော ကိုနေဝင်း လည်ထွက်သွားတာပဲ။ အဲဒီအချိန်မှာ ကဒ် ဆိုတဲ့အသံကို ကြားလိုက်ရတယ်။ ဒါရိုက်တာက မကြိုက်ပါဘူးတဲ့။

ကိုနေဝင်းကတော့ ဟဲ့ ကောင်မလေး ရိုက်လိုက်တာမီးကို ပွင့်သွားတာပဲတဲ့။ ကဒ်လည်း အော်ထားပြီးသားဖြစ်နေတော့ ပြန်ရိုက်ရမှာပဲ။ ဒီတစ်ခါတော့ လက်ဆလျှော့ရိုက်မယ်လို့ တွေးထားတာ။ တကယ်ရိုက်လိုက်တဲ့အချိန်မှာ လက်က ပါးနဲ့ လွဲသွားပြီး နားရင်းကို အုပ်မိလိုက်သလိုဖြစ်သွားတယ်။ အကယ်ဒမီကလည်း အဲဒီအခန်းကို ရွေးပြခဲ့တယ်။ ကိုနေဝင်းနဲ့ နေရတာ သိပ်ပျော်ဖို့ကောင်းတယ်။ ရိုက်ကွင်းပေါ်ရောက်လို့ မိတ်ကပ်လိမ်းနေပြီဆိုရင် ကုလားထိုင်ကို နောက်ကနေ





www.burmeseclassic.com

www.burmeseclassic.com

ရိုက်လိုက်တာ သူကတော့ ...နဲ့ ခံထားတယ်ပေါ့။ ဒါပေ...မဲ့ မအေးက ကြောက်တာ ...ပါ၊ အဲဒီလို စ,တယ်။ ဘယ် ...ောက်အစ,သန်သလဲဆိုရင် ...စ်ခါတလေ ဟဲ့ ကောင် ...လေး နင့်မျက်တောင် အတု ...လား အစစ်လား ဆိုပြီး မျက် ...ောင် ဆွဲနုတ်ချင်နုတ်တာ။ ...စ်ခါတလေလည်း နောက် ...နေ တင်ပါးကို ဖျောင်းခနဲ ...ိုက်လိုက်ပြီး ဟဲ့ ကောင်မ ...လေး အတုလား၊ အစစ်လား ...ို့ ငါ စမ်းကြည့်တာလို့ ...ပြောသေးတာ။ အစ်ကိုရေ… ...အေးက အားလုံး အော်ရီဂျင် ...ယ်ချည်းပဲလို့ ပြောရတယ်။ ...စ်ကိုက အဲဒီလိုပျော်တတ် ...တယ်။

နောက်တစ်ကားက ...တော့ မှတ်မှတ်ရရ ဗိုလ်သုကာ ...ဦးခင်မောင်ရင်ရိုက်တဲ့ **ဘမှန်၊ ...ဘစ်** ဆိုတဲ့ကားမှာ တွဲရသေး ...တယ်။ အဲဒီလို ဆန်းဆန်းပြား ...ပြားဇာတ်ကားလေးတွေကျ ...တော့ မအေးက သဘောကျ ...တယ်။ ဆရာကြီး ဦးသုခ ...ရိုက်ခဲ့တဲ့ **နန်းတစ်လိမ် ပန်း ...တစ်လိမ်** ဆိုတဲ့ဇာတ်ကား ရှိ ...သေးတယ်။ နေအေး လိမ် ...နည်းတွေပေါ့။ အဲဒီကားမှာ ...အဘိုးကြီးက ညွန့်၊ ညွန့်နဲ့ ...မယ်ငယ်ကလေးကို ရွှေ ...တွေ ဆင်တာပေါ့။ သား ...သမီးတွေကတော့ ငါတို့ ...ရှည်းတွေ ကုန်ပါပြီပေါ့။ ...ဒီအချိန်ကျမှ ယောကျ်ား ...လုပ်တဲ့သူက လိုက်လာပြီး ...ယားခိုးမှုနဲ့ တရားစွဲမယ်လို့ ...မိုးခြောက်တာပေါ့။ အဘိုး ...ကြီးလည်း ဘာမှမတတ်နိုင် ...ဘဲ ဆင်ထားတဲ့ ရွှေတွေကို ...ပေးလိုက်ရတာပေါ့။

**အဲဒီကားက ကျွန်တော် မှတ်မိသလောက်တော့ ဘဘ ဦးသုခက နေအေး လိမ်နည်း များထဲက သုံးခုကို ဇာတ် လမ်းတိုသုံးပုဒ် ရိုက်ပြီး ရုပ် ရှင်ကားကြီးတစ်ကားအဖြစ် ပြခဲ့တာ မဟုတ်လား။**

ဟုတ်တယ်။ နေအေး အဖြစ် သရုပ်ဆောင်တာက ကိုစိန်မြင့်ပေါ့။ မအေးနဲ့က တစ်ပိုင်း၊ တင်တင်နွဲ့နဲ့က ဘိုးတော်လိမ်နည်းဇာတ်လမ်း၊ နောက်တစ်ပုဒ်က တင်တင်လှနဲ့ ရိုက်ခဲ့တာ။ အဲဒီသုံးခုကို ပေါင်းပြီး **နန်းတစ်လိမ်၊ ပန်းတစ်လိမ်** ဖြစ်လာခဲ့တာ။ မအေးကို ရွှေတွေဆင်တဲ့ အဘိုးကြီးနေရာ သရုပ်ဆောင်တာက ဦးဘချစ်ကြီးလေ။ ညွန့်…ညွန့်နဲ့ တစ်ညွန့်တည်း ညွန့်နေတာ။ သူ့လို သရုပ်ဆောင်မျိုးကတော့ ဒီခေတ်မှာ မရှိနိုင်တော့ဘူးလို့ ထင်ပါတယ်။

ဘဘဦးသုခရိုက်တဲ့ ဇာတ်ကားတွေထဲမှာ မိုက်တယ်ဆိုတာ လွယ်ပါတယ် ကတော့ တစ်မျိုးထူးခြားပါတယ်။ အဲဒီကားမှာ မအေးက သူ့ပုန်မ အဖြစ် သရုပ်ဆောင်ရတယ်။ မအေးရဲ့အဖေ ဓားပြဗိုလ်ကြီးအဖြစ် ဦးသိန်းဟန်ကြီးက သရုပ်ဆောင်တယ်။ ကိုညွန့်ဝင်းကလည်း ဦးသိန်းဟန်ကြီးရဲ့တပည့် ဓားပြတစ်ယောက်ပဲ။ ပထမတော့ ကိုညွန့်ဝင်းက ဦးဆောင်ပြီး ဓားပြတိုက်တယ်။ ရလာတဲ့ပစ္စည်းကို ခွဲယူကြတယ်ပေါ့။ နောက်တော့ မအေးက ဦးဆောင်ပြီး ဓားပြတိုက်တာ။ မအေးက ကိုညွန့်ဝင်းကို ကြိုက်နေတာ။ ဒါပေမဲ့ ကိုယ်က ယောကျ်ားကြီးတစ်ယောက်လို သေနတ်တကားကားနဲ့ နားမှာတော့ နားကွင်းကြီး ဝတ်ထားတယ်။ ညွန့်ဝင်းကို ရည်းစားစကား

ပြောချင်တော့ မိန်းမလို အင်္ကျီ လက်ရှည်တွေဘာတွေ ဝတ်ပြီး ကမ်းစပ်နားမှာ ရိုးတိုးရိပ်တိတ် ရည်းစားစကားပြောတယ်။ ဟိုက လက်မခံဘဲ ရှောင်ထွက်သွားတော့ ဒေါသထွက်ပြီး အနားမှာရှိတဲ့ပစ္စည်းတွေကို ကန်ကျောက်ပစ်လိုက်တာ။ ဒါကတော့ သူ့ရဲ့ပင်ကိုစရိုက်ပေါ့။





ဓားပြတိုက်သွားတဲ့အခါ ခြံစည်းရိုးကိုကျော်ဖို့ မြင်းပေါ်ကနေ ခုန်ချရတာ။ တကယ် မခုန်နိုင်ပေမဲ့ ကြိုးစားလုပ်ရတာပဲ။ ပထမတစ်ခါခုန်တော့ အင်္ကျီနဲ့ ငြိနေလို့ ပြန်လုပ်ရတယ်။ ဒုတိယတစ်ခါကျတော့ အဆင်ပြေသွားတယ်။

**အစ်မ အဲဒီခေတ်တုန်းက ကိုယ်စားဝင်လုပ်ပေးတဲ့သူတွေ မရှိဘူးလား။**

ဟင့်အင်း မရှိဘူး။ ကိုယ်တိုင်လုပ်ရတာချည်းပဲ



www.burmeseclassic.com

www.burmeseclassic.com

(ကိုကြည်စိုးထွန်းက **မိုက်တယ်ဆိုတာ လွယ်ပါတယ်** ဇာတ်ကား MRTV-4 မှာရှိကြောင်း ဒေါ်အေးအေးသင်း အင်တာဗျူးလွှင့်ချိန်မှာ ပြသပေးနိုင်ဖို့ စီစဉ်ပေးမယ်လို့ ဆိုပါတယ်။)

**အစ်မက ကက်ဆက်ဇာတ်လမ်းခေတ်ကိုလည်း ကောင်းကောင်းကြီး မီလိုက်တယ်နော်။**

မီလိုက်တာပေါ့။ ကက်ဆက်ဇာတ်လမ်း အခွေ ၃၀၀ လောက် သွင်းခဲ့ရတယ်။ မကြာသေးခင်ကမှ အဲဒါတွေကို မအေးရဲ့မောင်ဆီ ပေးလိုက်တာ။

**အဲဒီတုန်းက ဗိုလ်အောင်ဒင် ဇာတ်လမ်းကို သွင်းခဲ့ဖူးသေးတယ်နော်။**

ဗိုလ်အောင်ဒင် မဟုတ်ဘူး။ သား ဗိုလ်အောင်ဒင်။ အဲဒီဇာတ်လမ်းမှာ မအေးက ကျားခင်စိန် အဖြစ် သရုပ်ဆောင်ရတာ။

**အဲဒါဆို သီချင်းတွေဘာတွေ ဆိုခဲ့ရတာပေါ့။**

ဆိုရတယ်လေ။ *ကျားခင်စိန်×××ကျားခင်စိန်××× ဇမ္ဗူမှာ ပြိုင်စံရှားပေ့××× ကျားခင်စိန်×××* အဲဒီသီချင်းပေါ့။ မအေးက ကျန်းမာရေးမကောင်းတော့ ဘာကိုမှလည်း ထိန်းသိမ်းချင်တဲ့စိတ် မရှိတော့ဘူး။ ဒါကြောင့် မောင်လေးကို အကုန်ပေးလိုက်တာ။ ဆာလာအိတ်ကြီးနဲ့ တစ်လုံးပဲ။

**ကက်ဆက်ဇာတ်လမ်းခွေသွင်းရတာကတော့ ထိုင်ပြီး ပြောနေရတာဆိုတော့ ရုပ်ရှင်ရိုက်သလောက်တော့ မပင်ပန်းဘူးပေါ့။**

ထိုင်သွင်းရတာ မဟုတ်ဘူး ကိုဝင်းငြိမ်း။ မတ်တတ်ရပ်သွင်းရတာ။ မိုက်ခရိုဖုန်းရှေ့တည့်တည့်မှာ ကိုယ့်အလှည့် ပြောရမယ့်စကားပြော။ ပြီးလို့ သူ့အလှည့် ဝင်ရတော့မယ်ဆိုရင် ကိုယ်က အသာတိမ်းပေးလိုက်ရတယ်။ တစ်ခါတလေလည်း နှစ်ယောက် တစ်ပြိုင်တည်းပြောရတာ ရှိတာပေါ့။



**အစ်မ စတီရီယိုသီချင်းလည်း ကိုဇော်မင်းလေးတို့နဲ့ ဆိုဖူးသေးတယ်နော်။**

ဆိုဖူးတယ်။ *မမအေး×××မမအေး×××ကျွန်တော့်ဘဝအတွက် မမအေး×××ဟဲ့ကောင်လေး ဟဲ့ကောင်လေး×××မင်းအသက်ကဖြင့် အငယ်လေး×××* အဲဒီသီချင်းလေ။ သီချင်းနာမည်က *ရွှေမင်းသမီးနဲ့လမ်းဘေးသီချင်းသည်*။ အဲဒီသီချင်းက သက်တမ်းအားဖြင့် ၁၅ နှစ်၊ နှစ် ၂၀ လောက်ခံတယ်။ ဘာကြောင့်လဲဆိုတော့ တေးသရုပ်ဖော်ကတဲ့သူတွေက ဒီသီချင်းနဲ့ တောက်လျှောက်ကခဲ့ကြတာကိုး။

**သရုပ်ဆောင်လုပ်တယ်၊ သီချင်းဆိုတယ် အဲဒါတွေအပြင် အစ်မက စာလည်းရေးခဲ့သေးတယ်နော်။**

လုံးချင်းဝတ္ထု ၅ အုပ်ရေးခဲ့တယ်။ ဟိုတစ်လောကတင် လက်ရေးမူတစ်ပုဒ်ကို မိတ်ဆွေတစ်ယောက် ပေးလိုက်သေးတယ်။

(ဒေါ်အေးအေးသင်းက သူ့ ခုတင်ခြေရင်းမှာ ရှိနေတဲ့ စာအုပ်စင်ပေါ်က စာအုပ်တစ်အုပ်ကို ယူပြတယ်။ သူ ရေးခဲ့တဲ့ လုံးချင်းဝတ္ထုတစ်အုပ်ပါပဲ။ စာမျက်နှာ ၅၀၀ လောက် ရှိပါတယ်။ အခုခေတ် စာရေးဆရာမကလေးများ ရေးတဲ့ လုံးချင်းဝတ္ထုလို တစ်မျက်နှာကို စာကြောင်း ဆယ့်လေး ငါးကြောင်းလောက်သာ ပါဝင်တာမဟုတ်တဲ့အပြင် စာမျက်နှာကလည်း ၅၁၆ မျက်နှာရှိတာကြောင့် အခုခေတ် ထုတ်ဝေသူများနဲ့ဆိုရင် ဘယ်လိုနေမလဲ မသိဘူး။)

❑

ဒေါ်အေးအေးသင်းနဲ့ ကျွန်တော်တို့ ထိုင်စကားပြောနေကြတာ တစ်နာရီကျော် ကြာပါပြီ။ ငုံဆေးငုံပြီး မအေးနိုင်မပန်းနိုင် ပြောပြနေတဲ့ မင်းသမီးကြီးကို ကြည့်တော့ အားနာလာပါတယ်။ အဲဒီ[illegible] က ဥပုသ်နေ့ဖြစ်ပေမဲ့ သူ့ခများ ဥပုသ်မစောင့်ဖြစ်[illegible] လောက်အောင် ဖြစ်သွား[illegible] တယ်။

ကျွန်တော့်ရင်ထဲမှာ [illegible] နေတဲ့ သူတစ်ယောက်[illegible] ပြည့်ပြည့်စုံစုံ မေးနိုင်ခဲ့[illegible] အတွက် ကျေနပ်မိပါတယ်[illegible] ကျွန်တော် အားနာလို့ ပြန်[illegible] ခဲ့တာပါ။ တကယ်ဆို[illegible] ဂီတပဒေသာစင်မြင့်ပေါ်မှာ ကခဲ့တဲ့ တေးသရုပ်ဖော်[illegible] အကြောင်း မေးချင်သေး[illegible] ပါ။

အင်တာဗျူးသ[illegible] အဖြစ် ရုပ်တည်[illegible] ကျွန်တော့်သက်တမ်းတစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျောက်မှာ မမေးဖြစ်၊ မေးခွင့်မကြုံတဲ့သူတွေ ရှိခဲ့ဖူးတဲ့အတွက် ဒေါ်အေးအေးသင်းကို မရမက သွားရောက်တွေ့ဆုံခြင်းပါ။

ပေဖူးလွှာမဂ္ဂဇင်းမှာ **စာဖတ်သူများနှင့် တွေ့ဆုံမေးခြင်း** ကဏ္ဍတာဝန်ယူပြီး စာရေးဆရာများနဲ့ တွေ့ဆုံမေးခဲ့စဉ်က ဆရာ အောင်သင်းကို မေးချင်ခဲ့ပေမဲ့ အယ်ဒီတာချုပ်က ခွင့်မပြုလို့ မေးခဲ့ရပါဘူး။ မေးတော့လို့ပြောတဲ့အချိန်မှာ ကျွန်တော် ဆရာ့စာတွေ ကြိုးစားပမ်းစား ဖတ်နေချိန်မှာပဲ ဆရာ အောင်သင်းက ကွယ်လွန်သွားခဲ့ပါတယ်။

မန္တလေးက စာရေးဆရာမကြီး လူထုဒေါ်အမာကို မေးဖို့သွားတိုင်း အမေမာက ကျွန်တော့်ကိုမြင်ရင် ကျွန်တော့်အဖေကို သတိရ၊ ချင်ပွန်းသည်ကို သတိရပြီး ငိုကြွေးရည် ကျတာကြောင့် ကျွန်တော် မမေးရက်ခဲ့ပါ။ ဒီလိုနဲ့ပဲ အမေမာ့ကို လက်လွှတ်ခဲ့ရပါတယ်။

ဆရာ အထောက်တော် လှအောင်က မကျန်းမာစဖြစ်ချိန်မှာ 'ကိုဝင်းငြိမ်း၊ ဂျွန်ဦးစောကို ချောင်းမြောင်းပြီး သေနတ်နဲ့ပစ်တာ ဘယ်သူတွေလဲ သိသလား' လို့ မေးပါတယ်။ ကျွန်တော်က ဆရာ ရန်ကုန်ဘဆွေ၊ ဆရာ ဦးမြလှိုင်၊ ဒေါ်မြသွေးတို့ သုံးယောက်ပါလို့ ဖြေတော့ ဆရာ ဦးလှအောင်က 'ဒါဆို ဘယ်သူက ကားမောင်းပြီး ဘယ်သူက ပစ်တာလဲ' လို့ ထပ်ဆင့်မေးပါတယ်။

ဒီမေးခွန်းကို ကျွန်တော် မဖြေနိုင်ခဲ့ပါဘူး။ ဒီတော့မှ ဆရာဦးလှအောင်က 'ခင်ဗျား သိတဲ့ ရန်ကုန်ဘဆွေလည်း မရှိတော့ဘူး။ ကိုမြလှိုင်လည်း ဆုံးပြီ။ သူတို့သုံးယောက်ထဲမှာ အမှန်တရားကို ပြောနိုင်တာ တစ်ယောက်ပဲ ကျန်တော့တယ်၊ အဲဒါ ဒေါ်မြသွေးပဲ။ ဒေါ်မြသွေးကို ခင်ဗျား သွားတွေ့ပါ။ အဲဒီအဖြစ်အပျက်ကို မှတ်တမ်းတင်အသံသွင်း ယူထားပါ' လို့ ဆိုပါတယ်။

ကျွန်တော်က ဆရာရယ် အဲဒီအကြောင်း ရေးလို့မှ မရနိုင်တာလို့ အတွန့်တက်တော့ ဆရာက 'ခင်ဗျားကို ကျွန်တော် ရေးဖို့ပြောတာ မဟုတ်ဘူး။ သမိုင်းအထောက်အထားတစ်ခု ယူထားဖို့ ပြောတာပါ' လို့ ဆိုပါတယ်။

အဲဒီအချိန်မှာ ဒေါ်မြသွေးက ကျန်းကျန်းမာမာနဲ့ ရန်ကုန်နဲ့ ဘန်ကောက် ကူးချည်သန်းချည်လုပ်နေတာဖြစ်လို့ ဘယ်အချိန်သွားမေးမေး ရပါတယ်ဆိုတဲ့အတွေးနဲ့ ခပ်ပေါ့ပေါ့နေခဲ့ပါတယ်။ ရုတ်တရက် ဒေါ်မြသွေး ကွယ်လွန်သွားပြီလို့ ကြားလိုက်ရချိန်မှာ ကျွန်တော် ယူကျုံးမရ ဖြစ်မိပါတယ်။ ဆရာ ဦးလှအောင်ရဲ့စကားကို ကျွန်တော် အလေးအနက်မထားမိတာကို နှမြောမဆုံးပါ။

အဲဒီလို ပြန်မေးလို့မရနိုင်မယ့် အခြေအနေမျိုး မကြုံတော့ချင်တာကြောင့် ရွှေအမြုတေရဲ့ ၂၅ နှစ်ပြည့်မှာ ဒေါ်အေးအေးသင်းကို မေးမြန်းမှတ်တမ်းတင် ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။ ■

**ဝင်းငြိမ်း**





www.burmeseclassic.com

www.burmeseclassic.com

လေလွင့်မှုဟု
ခေါ်ဆိုနိုင်သော
ခံစားမှုတို့နှင့်
သူ အိမ်မပြန်ဖြစ်သည်မှာ
တစ်ပတ်ခန့်ရှိခဲ့ပြီ။
အမေတစ်ယောက်
သောကဝန်ပိနေတော့မည်ကို
သိလျက်နှင့်ပင်
အိမ်ပြန်ရန် မကြိုးစားမိ။
ယခင် ကျန်ရစ်ခဲ့ပြီးသော
အတိတ်ကာလတွေတုန်းကတော့
သူ့အတွက်
အိမ်အပြန်လမ်းသည်
အရောင်တွေလှပခဲ့ဖူးသည်။
မိသားစု စုံလင်နွေးထွေးစွာ
ရှိခဲ့သည့်
သူတို့သိုက်မြုံလေးသည်
သူ့အတွက်တော့
ချည်တိုင်တစ်ခုပင်။
သူ အိမ်ဝင်းထဲ
လှမ်းဝင်လိုက်သည်နှင့်
အဖေနှင့်အမေ၏
ဆီးကြိုနေသော
အပြုံးကိုယ်စီက သူ့ရင်ကို
ပြည့်စုံစေသည်။
သူ့ထက်အချိန်နောက်ကျမှ
ပြန်ရောက်လာတတ်သည့်
ညီလေးနှင့် ညီမလေးတို့၏
ကျူရှင်ပြန်ချိန်ကိုစောင့်ကာ
မိသားစု စုံညီကြရာ
အဖြစ်အပျက်ကိုယ်စီကို
ပြောဆိုကြရင်း
ထမင်းလက်ဆုံ
အတူစားခဲ့ကြမြဲ ဖြစ်သည်။
ယခုတော့
ထိုအဖြစ်အပျက်များနှင့်
ဆန့်ကျင်ဘက်သို့က
သူတို့အိမ်တွင်

ရင်ခုန်ခြင်း၏
ဖြားယောင်းမှုကို
ခံနေ
ရလောက်အောင်
သူသည်
ဆယ်ကျော်သက်
အရွယ်
ကောင်လေးတစ်ဦး
မဟုတ်တော့သလို
အတွေ့အကြုံ
နုနယ်
နည်းပါးသည့်
ယောကျ်ား
တစ်ဦးလည်း
မဟုတ်တော့ပါ



အမှတ် ၃၀၁၊ ဒီဇင်ဘာ၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နေရာယူနေခဲ့ကြပြီ။ 'ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီ' တစ်ခုတွင် အရေးပါသည့်နေရာကို ရရှိလာခဲ့သော အဖေသည် ယခုနောက်ပိုင်းတွင်တော့ သူတို့အိပ်ရာဝင်ချိန်လောက်မှသာ အိမ်ပြန်ရောက်တတ်လာတော့သည်။ နေ့ရက်တို့၏ တရိရိတိုက်စားမှုကို ခံရင်းလမှသည် နှစ်ဆီသို့အဆင့်ဆင့်ရောက်ရှိလာသည့် တိုင်မိသားစု စုံညီထမင်းဝိုင်း၏ အဖေထိုင်နေကျ ထိုင်ခုံမှာ ပိုင်ရှင်မဲ့လစ်ဟာနေဆဲသာ။ အက်ကြောင်းရာထင်လာခဲ့သော အိမ်ထောင်ရေးကို သားသမီးများ မသိအောင် သိုဝှက်သောနာကျင်မှုများနှင့် အမေတစ်ယောက် ကြိုးစားထိန်းထားခဲ့သော်လည်း အဖေ့ဘက်မှ တုံ့ပြန်မှုသည်အပြောင်းအလဲမရှိ ဖြစ်ခဲ့သည်။

ပုထုဇဉ်တစ်ဦးဖြစ်သည့် အမေ၏သည်းခံမှုအတိုင်းအတာတစ်ခုကျော်လွန်လာသည်နှင့်အမျှ အဖေနှင့် အမေတို့၏ အခန်းဆီမှ တိုးတိုးကျိတ်ကျိတ် ရန်ပြုသံတို့ကို သူ မကြာမကြာ ကြားလာရသည်။ သူတို့ခိုလှုံခွင့်ရသည့်နေရာလေးတစ်ခု ယိုင်နဲ့လာရခြင်းအကြောင်းတွင် နယ်မြေသစ်တစ်နေရာအပေါ် တိမ်းညွတ်သာယာနေသည့် အဖေ့၏ခြေလှမ်းပျက်မှုမှ စတင်လာကြောင်းကို အဖေနှင့်အမေ၏ ရန်စကားဝိုင်းမှ တစ်စွန်းတစ်စ သူ ကြားသိခွင့်ရခဲ့သည်။ နေရာတစ်ခု တည်မြဲသာယာဖို့ဆိုသည်မှာ ထိုနေရာတွင် နေထိုင်ကြသူတို့၏ မြတ်နိုးမှုချင်း၊ တန်ဖိုးထားမှုချင်းတူညီပါမှ ထိုနေရာ

ဘဝသည်
စာအုပ်တစ်အုပ်
ဖြစ်ခဲ့ပါက
ရှေ့အနာဂတ်
စာမျက်နှာတို့တွင်
ဘာတွေ
ဖြစ်လာမည်
ဆိုသည်ကို
စာရွက်တွေ
လှန်သလို
တဖျပ်ဖျပ်နှင့်
လှန်ကြည့်ခွင့်
ရလိမ့်ဦးမည်
သို့သော်
ဘဝသည်
စာအုပ်တစ်အုပ်
မဟုတ်

လေးသည် တည်တံ့ခိုင်မြဲနိုင်ပါလိမ့်မည်။

သူတို့တစ်တွေ ရှိနေသည့်နေရာလေးကို အဖေ ဘာကြောင့်ငြီးငွေ့သွားရသည်လဲ။ ဘာကြောင့် တန်ဖိုးထားမှုများ လျော့ပါးသွားခဲ့ရသည်လဲ။ အဖြေသည် အဖေသာ သိ၍ အဖေ့ထံတွင်သာ ရှိနေပါလိမ့်မည်။ အနေအေးပြီး စာအုပ်များနှင့် ရှိနေရလျှင် အရာရာကို မေ့နေတတ်သော သူ့ညီလေးအဖို့ အိမ်မှာနေရခြင်းအတွက် ပြဿနာမရှိသော်လည်း၊ စာဖတ်ရန်ဝါသနာမပါသော သူ့အတွက်တော့ တိုးတိုးကျိတ်ကျိတ်ရန်ပွဲသံ၊ ပစ္စည်းတချို့ ပစ်ပေါက်ကွဲရှသံ၊ အမေ့၏ငိုရှိုက်သံတို့က သူ့ကို အိမ်တွင်မနေနိုင်လောက်အောင် မောင်းထုတ်နေသလို ခံစားရသည်။

'စိတ်ဆင်းရဲ ခံမနေနဲ့ သြနိုင်။ ကိုယ်ဖန်တီးတဲ့ ပြဿနာမဟုတ်တော့ ရှင်းထုတ်လို့လည်း မရဘူး။ တင်းကျပ်နေတဲ့ မင်းရဲ့စိတ်တွေကို ဖောက်ခွဲပစ်ဖို့ ငါနဲ့လိုက်ခဲ့'

ထိုသို့ အရာရာကို ပေါ့ပေါ့ပါးပါးခံစားနေထိုင်တတ်သည့်ငယ်သူငယ်ချင်း ဇေလတ်၏စည်းရုံးဆွဲခေါ်မှုဖြင့် သူ့စိတ်တွေကို ထွက်ပေါက်ရှာတတ်လာခဲ့သည်။ နိုက်ကလပ်တစ်ခုခုတွင် အချိန်ဖြုန်းတတ်လာသလို ကာရာအိုကေခန်းမများတွင်လည်း ရင်ပွင့်မတတ် သီချင်းတို့ကို အော်ဟစ်သီဆိုတတ်လာသည်။ စွဲမက်ဖွယ် သူ့ရုပ်ရည်အား တပ်မက်ကြသော ပန်းပွင့်လေးများစွာကို ဟောတစ်ပွင့်၊ ဟောတစ်ပွင့်နှင့် သူ ထည်လဲတွဲတတ်လာတော့သည်။

❑

သံလမ်းနှင့် ရထားဘီးပွတ်ကြိတ်သံ၊ ရထားဘရိတ်ဆွဲသံ၊ ရှုပ်ထွေးနေသော လူတွေနှင့် အနံ့အသက်မျိုးစုံ ရောပြွမ်းနေသည့် ဘူတာအနံ့၊ အရာအားလုံးတို့က သူ့အာရုံကို နှောက်ကျိထိုင်းမှိုင်းနေစေလေသည်။ အော်ဟစ်ဈေးခေါ်ရင်း ရပ်တန့်သွားသော ရထားကြီးအနီးသို့ အပြေးအလွှားရောက်ရှိသွားကြသည့် ဈေးသည်တို့မှာ အစာတစ်ခုအား ဝိုင်းအုံချီမရန် ကြိုးစားနေကြသည့် ပုရွက်ဆိတ်များနှင့် တူနေလေသည်။ သူ လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း ဇေလတ်အား ပေစောင်းစောင်းနှင့် ကြည့်မိသည်။ ကျောင်းပြီး၍ မန္တလေးမှ ပြန်လာမည့် ညီမဖြစ်သူအား ရထားတွင် အကြိုသွားရန်အတွက် သူနှင့်အတူ ဘူတာသို့လိုက်ကူရန် ကမ်းလှမ်းလာသည့် ဇေလတ်၏ ဆန္ဒကို သူ လိုက်လျောဖို့ အစီအစဉ်မရှိခဲ့။

ဇေလတ် စကားအား မကြားဟန်ပြုကာ စိတ်အေးလက်အေးဂစ်တာကြိုးညှိနေခဲ့သည်။ ပေကတ်ကတ်လုပ်နေသော သူ့ကိုဇေလတ်မှ အတင်းချီမ ဆွဲခေါ်၍သာ သူ ဘူတာသို့ရောက်ရှိနေရခြင်းဖြစ်သည်။ ယင်းသည်ကပင် အရာအားလုံး၏အစ ဖြစ်ခဲ့လေသည်။

❑

ဖြုန်းခနဲ ထခုန်သွားသော ရင်ခုန်မှုကြောင့် သူ့ရင်ဘတ်အား တအံ့တသြ သူ ငုံ့ကြည့်မိသည်။ ဇေလတ်၏ ညီမ မိုဇာနှင့်အတူ ရထားတွဲပေါ်မှ လွင့်ကျလာသည့် ဖြူနွဲ့နွဲ့ပုံရိပ်လေးအား မြင်လိုက်စဉ် တဒင်္ဂအတွင်းမှာ သူ့နှလုံးသားက အခြေပျက်တော့သည်။ တံကောက်ကွေးအထိ ရှည်လျားနက်မှောင်နေသည့် ဆံနွယ်တို့က ယခုခေတ်တွင်မြင်ရခဲသော အလှတရားတစ်ခုပင်။ အခြယ်အသ ကင်းနေသည့် ကာလာမဲ့သော မျက်နှာသွယ်လေးက လွဲဖယ်ဖို့ ခက်ခဲအောင် ဖမ်းစားထားခဲ့သည်။

ရင်ခုန်ခြင်း၏ ဖြားယောင်းမှုကို ခံနေရလောက်



www.burmeseclassic.com

www.burmeseclassic.com

အောင် သူသည် ဆယ်ကျော် သက်အရွယ်ကောင်လေးတစ် ဦးမဟုတ်တော့သလို အတွေ့ အကြုံ နုနယ်နည်းပါးသည့် ယောကျ်ားတစ်ဦးလည်း မဟုတ်တော့ပါ။ ပန်းပွင့်များ နှင့် ဆော့ကစားနေသည့် ပိတုန်းတစ်ကောင်မှာ သူပင် ဖြစ်သည်။ သို့သော် ယခု သူ ထူးဆန်းစွာ ရင်ခုန်နေခြင်းမှာ လည်း လိမ်ညာကွယ်ဝှက်မရ သော အမှန်တရားတစ်ခုပင် ဖြစ်တော့သည်။

❑

မျက်နှာလေးတစ်ခုကို မြင်တွေ့လိုနေသည်ကလွဲ၍ သူ့အာရုံသည် မည်သည့် နေရာတွင်မှာမှ စုစည်းထား ဖြစ်နေသည်။ သူငယ်ချင်း လေးဦး စုပေါင်းကာ စပ်တူ ဆောင်ထားသည့် ဗီဒီယို ဓာတ်ပုံနှင့် ဖိုတ်စာလုပ်ငန်း တို့တွင် အများအယွင်းများကာ အမောက်ကမဖြစ်နေသည့် သူ့ကို ကျန်သူငယ်ချင်းများက ပင် ထူးဆန်းသည့်သတ္တဝါ တစ်ကောင်အားမြင်တွေ့နေရ သလို တအံ့တဩဖြစ်ကြရ သည်အထိ သူ၏တည်ငြိမ်မှု များက ကျဆင်းနေခဲ့သည်။ စိတ်ခံစားမှုနောက်သို့ လိုက် ပါဖွေရှာနေရမည့် အသက် အရွယ်၊ အပိုင်းအခြား မဟုတ် တော့ပြီဟူသည့် အသိတရား တို့က ရှန်းကန်ထကြွလာသော နှလုံးသား၏ တောင်းဆိုမှုတို့ ကို ထိန်းချုပ်နိုင်စွမ်းမရှိတော့ သည့်အဆုံး နှလုံးသားရှေ့ နောက်မှာ သူ ဒူးထောက် ပေးလိုက်ရတော့သည်။

'မင်းဟာ သေချာလို့ ထား ဩနိုင်ရာ။ ငါ့ညီမရဲ့ သူငယ်ချင်းဆိုပေမဲ့ ငါ့ညီမ

ခိုးဝါးလှသော
ခဝင့်ကဲ
ဖြစ်စဉ်တို့သည်
ဤနေရာတွင်သာ
ရပ်တန့်နိုင်
လိမ့်တော့မည်ဟု
သူ
မျှော်လင့်
ထားခဲ့ပါသည်
သို့ပေမဲ့
သူ့
မျှော်လင့်ခြင်းသည်
လက်တွေ့
ဘဝမှာတော့
ကွာဟလျက်
ရှိခဲ့သည်

လိုပါပဲ။ တော်ကြာ ငါနဲ့မိုဇာ ပါ မျက်နှာပျက်စရာတွေ ဖြစ် ခဲ့ရင်...'

ဇေလတ်၏ စကားက တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်း သွားသည်။ လက်ကာပြ လိုက်သော သူ့ကို ဇေလတ် ကြောင်အမ်းအမ်းဖြင့် ကြည့် နေသည်။

'မင်းတို့မောင်နှမ နှစ် ယောက်ရဲ့လက်ထဲမှာ ငါ့ အသက်ကို အာမခံထားမယ် ကွာ'

❑

ဖာရာထေးရာများခဲ့ သော သူ့သမိုင်းကြောင်းတို့ က သူ့အတွက် အတားအဆီး များဖြစ်စေခဲ့သည်။ 'ဖြူစင် မေ'ဟူသော သူမသည် သူ့ အပေါ် သံယောဇဉ်ရှိပင်ရှိငြား သူမတို့ အသိုင်းအဝိုင်း၏ ဩဇာကို လွန်ဆန်ရန် မဝံ့မရဲ ဖြစ်နေပုံရ၏။ လေလွင့်ပြိုလဲ လုဖြစ်နေသော သူ့ဘဝပြန်လည် တည်ဆောက်ရေးကိစ္စတွင် ဖြူစင်မေသည် သူ့အတွက် မရှိမဖြစ်သော ရတနာတစ်ပါး ဖြစ်နေခဲ့ပြီ။ အအိပ်ပျက်စေ သော အတွေးများထဲတွင် ဖြူစင်မေအား ဘဝနှင့်ရင်းပြီး ချစ်မြတ်နိုးခဲ့မိပြီဖြစ်ကြောင်း အခိုင်အမာတွေ့ရှိခဲ့ရပြီ။ မှား ခဲ့ပြီးသော အမှားတို့ကို ပြန် လည်ပြုပြင် ပြင်ဆင်လိုသော် လည်း ပတ်ဝန်းကျင်က သူ့ အား အသိအမှတ်မပြုလိုကြ တော့။ အနည်ထနေသော ရေပြင်အား ငြိမ်သက်ကာ ပြန်လည် ကြည်လင်လာစေဖို့ အချိန်အသင့်အတင့် ယူရ မည်ကို သူသိသော်လည်း ထိုကာလကိုပင် စောင့်ဆိုင်း ရန် သူ သည်းမခံနိုင်ဖြစ်ရ ပြန်သည်။ သူမထံမှ အဖြူ အမည်း ကွဲကွဲပြားပြား မသိ ရသေးသော အချိန်ကာလတို့ သည် သူ့အတွက် အနေခက် လှသောအချိန်တို့ဖြစ်စေခဲ့သည်။

သူ့ဝေဒနာကို သူ ထုပ် ပိုး၍ မသိမ်းဆည်းနိုင်တော့ သည့်အဆုံးမှာတော့ ဇေလတ် တို့မောင်နှမအား သူ အပူကပ် ရပြန်တော့သည်။

'ကဲ ဖြူစင်၊ နင့်ရင်ထဲ မှာရှိနေတဲ့ အဖြေတစ်ခုကို ပြတ်ပြတ်သားသား ပြောပြ လိုက်ပါ။ ငါတို့ မောင်နှမ ထမင်းစားခန်းမှာ ရှိနေမယ်'

ဧည့်ခန်းတွင် သူတို့နှစ် ဦးသာ ချန်ရစ်ကာ ဇေလတ် တို့မောင်နှမ အနောက်ဘက် သို့ ရှောင်ထွက်ပေးသွားကြ သည်။ မိဘနှစ်ပါး ဥပုသ် ကျောင်းသွားသည့်ရက်ကို စောင့်ကာ သူတို့နှစ်ဦးတွေ့ ဆုံနိုင်ရန် စီစဉ်ပေးခဲ့ကြသည့် ဇေလတ်တို့မောင်နှမ၏ ကျေးဇူးကို သူ့အတွက်တော့ ဆပ်မကုန်နိုင်သည့် ကျေးဇူး အဖြစ် သူ သတ်မှတ်လိုပါ သည်။ ဖယောင်းရုပ်တုလေး ချထားသည့်ပမာ ခေါင်းကို တွင်တွင်ငုံ့ကာ မလှုပ်မယှက် ထိုင်နေသည့် သူမ၏ လက် ကလေးကို ညင်သာကြင်နာမှု အပြည့်အသိပ်နှင့် သူ ဆုပ် ကိုင်လိုက်သည်။ ရက်လန့် တကြား မျက်ဝန်းတို့ဖြင့် မော့ ကြည့်လာသည့် သူမအား သူ နှစ်လိုစွာပြုံးပြရင်း ပန်းနု သွေးတက်နေသည့် မျက်နှာ လေးကို မြတ်မြတ်နိုးနိုးငေး ကြည့်နေမိသည်။ သူ့အနား မှာ သူမ အမြဲရှိနေမှ ဖြစ်လိမ့် မည်။ သူမ အနားမှာလည်း သူ အမြဲတမ်းရှိနေလိုပါသည်။ ခွင့်ပြုပေးပါ ဖြူစင်မေ။

❑

အကာအရံများသော သူမကိုချစ်ရသည်မှာ သူ့အတွက် သိမ်ငယ်မှုများနှင့် အတူ ယောကျ်ားတစ်ယောက်၏ မာနတို့ကို မြေတွင်ပုံချထားခဲ့ ရသည်ကများခဲ့သည်။ တစ် ပတ်တွင် သုံးရက်မျှသာတွေ့ရ ခွင့်ရသည့် ရှားပါးအချိန်တို့မှာ လူသူကင်းရှင်းပြီး နှစ်ဦးသား အေးအေးဆေးဆေး ရှိနိုင်မည့် နေရာတစ်ခုခုကိုသွားလိုသည့် သူ့ဆန္ဒတို့က သူမကအလွယ် တကူပယ်ချကာ ရေပြင်ကျယ် ဘော်ငွေသွေးကြွနေသော ဇရာဝတီမြစ်ကြီးနှင့် ထာဝစဉ်

www.burmeseclassic.com

လဲလျောင်းနေသည့် ဥတ္တရတောင်တန်းပြာကြီးကို မျက်နှာပြုဆောက်လုပ်ထားသည့် Sweet Home အမည်ရှိ ကော်ဖီဆိုင်တစ်ဆိုင်၏ ချောင်အကျဆုံးဝိုင်းတစ်ခုကိုသာ သူတို့နှစ်ဦးအတွက် ဆုံမှတ်အဖြစ် သူမ ရွေးချယ်ခဲ့သည်။

သူမ၏ အသိုင်းအဝိုင်းတို့ မမြင်တွေ့စေ၍ ပုန်းလျှိုးကွယ်လျှိုး ဆုံတွေ့လိုသည့် သူမ ဆန္ဒကိုသာ အမြဲတစေ သူ လိုက်လျောပေးခဲ့ရသည်။

တစ်ခါတစ်ရံ သူမ၏ မျိုးနွယ်စုတို့နှင့် ထိပ်တိုက်တိုးမည့်အခါတိုင်း သူ့မှာ ရာဇဝတ်မှု ကျူးလွန်ထားသော တရားခံတစ်ဦးပမာ သူမ အလိုကျ ပြေးလွှားပုန်းရှောင်ခဲ့ရသည်များလည်း ရှိခဲ့သည်။ ထိုအခါမျိုးတွင် သူ့ရင်မှာ စူးမျက်အောင့်သက်သော ခံစားမှုတို့နှင့်အတူ သိမ်ငယ်စိတ်တို့က နှိပ်စက်တတ်ကြသည်။ ဘယ်လိုပင်ဖြစ်စေ သူမ အပေါ်တွင် ငြိုငြင်စိတ် ဟူ၍ စိုးစဉ်းမျှ မရှိဖူးခဲ့။ တွယ်တာမှုသည် လျော့ပါးမသွားခဲ့။

ဆက်ကဲလာသော မြတ်နိုးမှုနှင့်အတူ ထာဝရပိုင်ဆိုင်လိုသည့် လောဘတို့က သူ့စိတ်ကို ဝါးမျိုနေကြပြန်သည်။ ❑

ဘဝသည် စာအုပ် တစ်အုပ်ဖြစ်ခဲ့ပါက ရှေ့အနာဂတ်စာမျက်နှာတို့တွင် ဘာတွေဖြစ်လာမည်ဆိုသည်ကို စာရွက်တွေလှန်သလို တဖျပ်ဖျပ်နှင့် လှန်ကြည့်ခွင့်ရလိမ့်ဦးမည်။ သို့သော် ဘဝသည် စာအုပ်တစ်အုပ်မဟုတ်။ ဘဝသည် အချိုးအကွေ့၊ အလှည့်

**ရောင်စုံပန်းပွင့်များ အလယ်တွင် ပျံဝဲခဲ့ဖူး သော်လည်း ပန်းပွင့်တို့ နွမ်းကြွေ သွားစေရန် ဝတ်ရည်ချိုတို့အား စုပ်ယူ သောက်သုံးလေ့ မရှိခဲ့သည့် သူ၏ သစ္စာတရားကို သူသာလျှင် အသိဆုံး ဖြစ်ပါသည်**

အပြောင်းတို့နှင့် ပြည့်နှက်နေသော ဝက်ံပါတစ်ခုဟုသာ သူသတ်မှတ်လိုပါသည်။ သူ၏ အနာဂတ်ခရီးလမ်းအား ခုတ်ထွင်ရှင်းလင်းနေချိန်တွင် မမျှော်လင့်သော ပြဿနာတစ်ခုနှင့် သူကြုံကြိုက်ရသည်။

ပြဿနာလည်း မထင်မှတ်သည့်အချိန်၊ မထင်မှတ်သည့်နေရာမှ ထဖြစ်သည်။ ညက…ဆိုင်မှ အရင်ညတွေထက် အချိန်စောပြီး ပြန်လာခဲ့သောသူသည် သူတို့အိမ်ဝင်းအတွင်းမှ ထွက်လာသည့် အရိပ်နှစ်ရိပ်အား တွေ့လိုက်ရသည်။ အရိပ်တို့မှာ ခရီးဆောင်အိတ်တို့ ပါရှိပြီး မှောင်ရိပ်ထိုးနေသောလမ်းဘက်ကို ရွေးချယ်လျှောက်လှမ်းလာကြသည်။

အရိပ်ရှင်တို့ သူ့အနားရောက်လာမည့် အချိန်ကို စောင့်ဆိုင်းမနေတော့ဘဲ အရိပ်နှစ်ခုအနားသို့ လျင်မြန်စွာ ချဉ်းကပ်ကြည့်လိုက်သည်တွင် အမေနှင့်ညီမလေးတို့နှစ်ဦးဖြစ်နေခဲ့လေသည်။ အိမ်မှ တိတ်တဆိတ်ထွက်လာရသည့်အကြောင်း၏အရင်းအမြစ်ကို သူ ဘယ်လိုမေးမေး အမေ မဖြေခဲ့။ အဖြေစကားလုံးတို့အစား မျက်ရည်တို့ကသာ တအိအိ ပြိုဆင်းလျက်ရှိခဲ့လေသည်။

အမေ့အား တောင်းပန်ချော့မော့ကာ သူ အိမ်ပြန်ခေါ်ခဲ့ရသည်။ စိုးရိမ်မှုနှင့်အတူ အမေ့အခန်းရှေ့တွင် သူ ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိသည်။ အမေ့အနားတွင် အမြဲတစေရှိနေတတ်သည့် ညီမလေးကို ကြည့်ရင်း သူ တာဝန်မဲ့ခဲ့မှုအတွက် မလုံမလဲခံစားမှုနှင့်အနေခက်ရသည်။

သားအရင်းဖြစ်သည့် သူတို့ညီအစ်ကိုနှစ်ဦးထက် အမေ့၏ဝေဒနာ၊ အမေ့၏ ဒဏ်ရာတို့ကို ညီမလေးကသာ အနီးကပ် ဖေးမကူညီမျှဝေပေးနိုင်ခဲ့သည်။ လွန်ခဲ့သော နှစ်များစွာ၏ ဆောင်းနေ့လယ်ခင်းတစ်ခုတွင် အသက်လေးနှစ်အရွယ် မိဘမဲ့ကလေးမလေးတစ်ယောက် သူတို့မိသားစုထဲ ဝင်ရောက်လာချိန်က သူ ခါးခါးသီးသီး ငြင်းဆန်ခဲ့ဖူးသည်။

မလိုတမာစိတ်တို့နှင့် မာန်မဲကြိမ်းမောင်းခဲ့ဖူးသည်။ အသိဉာဏ်မရင့်ကျက်ခင်က ကျူးလွန်မိခဲ့သည့် အမှား အတွက် နောင်တမီးတို့က ယခုချိန်ထိ သူ့စိတ်ကို တငွေ့ငွေ့လောင်မြိုက်နေကြဆဲ။ ❑

ထိုည လွန်မြောက်ပြီး နောက်တစ်နေ့ရောက်သည့်တိုင် သူ့စိတ်တို့က လေးလံထိုင်းမှိုင်းနေဆဲဖြစ်သည်။ ရှင်လန်းစိတ်တို့သည် ကွယ်ပျောက်နေကြသည်။ ဒီနေ့ သူ ဆိုင်သို့ မလာနိုင်ကြောင်း သူငယ်ချင်းများထံ ဖုန်းဆက်ကာ အခန်းအောင်းနေဖြစ်သည်။ အမေ့၏လုပ်ရပ်ကို နားမလည်နိုင်စွာ အဖေ တလဲလဲ သူတွေးနေမိသည်။ သူနှင့်အိမ်၏ ဝေးကွာနေ ကာလအပိုင်းအခြားတစ်ခုမှာ အဖေနှင့်အမေ၏ ဆက်ဆံရေးသည် ဤအထိယိုယွင်းခဲ့ပြီလား။ အမေ့အပေါ် ဂရုပြု အားနည်းမိခဲ့သည့်အတွက် စိတ်မကောင်းမှုတို့က သူ့ရင်ကို ထိရိုက်စေပြန်သည်။ အတွေးများကြားတွင် နစ်မွန်းရင်း သူ မှေးခနဲအိပ်ပျော်သွားစဉ် ဆူဆူညံညံအသံတို့ကြောင့် လန့်နိုးလာခဲ့သည်။

'တိရစ္ဆာန် …ရှင် လူ့တိရစ္ဆာန်'

'မင်း…တော်တော့ ဆက်မပြောနဲ့'

ဗလုံးဗထွေးအော်ဟစ်ပြီး ဝုန်းဒိုင်းကြဲကာ အဖေအိမ်မှ ထွက်သွားခဲ့သည်။ အချိန်ကြာမြင့်သည်အထိ ခုတင်ပေါ်တွင် သူ ငူငူငိုင်ငိုင်နှင့် ထိုင်နေမိသည်။ သူ့အခန်းတံခါးအား တဒုန်းဒုန်းထုသံကြားမှ သူအသိဝင်လာသည်။ အခန်းတံခါးကို ထဖွင့်လိုက်စဉ် ညီလေးကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

'အဖေ အက်ဆီးဒင့်ဖြစ်တယ်တဲ့။ ဆေးရုံကိုလိုက်ရမယ်'

❏

ဆိုးဝါးလှသော ဆင့်ကဲဖြစ်စဉ်တို့သည် ဤနေရာတွင်သာ ရပ်တန့်နိုင်လိမ့်မည်ဟု သူမျှော်လင့်ထားခဲ့ပါသည်။ သို့ပေမဲ့ သူမျှော်လင့်ခြင်းသည် လက်တွေ့ဘဝမှာတော့ ကွာဟလျက်ရှိခဲ့သည်။ အဖေ့ကို သင်္ဂြိုဟ်ပြီးသည့်ညတွင် သူတို့ညီအစ်ကိုနှစ်ဦးအားတိုင်ပင်စရာ ရှိသည်ဟုဆိုကာ အမေ အခန်းထဲခေါ်ဝင်လာသည်အထိ သူ့ဘဝက အကောင်းပကတိရှိနေခဲ့သေးသည်။ အမေ၏စကားတို့ကိုကြားရစဉ်အခိုက်တွင်တော့ ရုတ်တရက်ဝိညာဉ်ခွဲနုတ်ခံလိုက်ရသူပမာ အေးစက်တောင့်တင်းစွာ သူ ငေးကြောင်နေခဲ့သည်။

နားအတွင်းသို့ ပူလောင်စွာ စီးဆင်းသွားသည့်အမေ့စကားလုံးများက သူ့အသွေးအသားရိုးတွင်းခြင်ဆီထဲမှ ရှိရှိသမျှ အင်အားတို့ကိုဆုတ်ယုတ်ကုန်ခန်းစေခဲ့သည်။ မီးဘစ်စလို ဝုန်းခနဲထတောက်ကာ အမေ့အခန်းထဲမှ ဦးစွာထွက်သွားသည့် ညီလေး၏ကျောပြင်ကို သူငေးကြည့်ရင်း မျက်လုံးတို့က ကျိန်းစပ်ပူလောင်လာသည်။ ကံကြမ္မာသည် သူ မခုခံနိုင်သောရက်စက်ခြင်းမျိုးနှင့် သူ့ဘဝအား မညှာမတာ သတ်ဖြတ်ခဲ့လေပြီ။

❏

မေးရိုးဆီမှ အသည်းခိုက်မျှ နာကျင်မှုနှင့်အတူ သူ့မျက်နှာလည်းထွက်သွားသည်။ မျက်လုံးအစုံမှာ ဖျိုးဖျိုးဖျပ်ဖျပ် အလင်းစက်များကို သူမြင်လိုက်ရသည်။ ပါးစပ်ထောင့်စွန်းမှ စီးကျလာသည့်ပူနွေးနွေး ခနဲကျိကျိသွေးစက်တို့ကို သူ လက်ဖဝါးနှင့်ဖိသုတ်လိုက်သည်။

'အစိမ်းမရွေး အမည့်မရွေးယုတ်မာတဲ့ ကောင်မွေးစားညီမကိုတောင် မချန်ဘူးဆိုတော့ တောက်'

ဇေလတ်၏ မီးဝင်းဝင်းတောက်နေသည့် ဒေါသအကြည့်အောက်တွင် သူ ငြိမ်သက်စွာနေလိုက်သည်။ လောင်မြိုက်ပြီးကျန်ရစ်ခဲ့သော ပြာမှုန်တွေက လေမှာလွင့်ပါပျောက်ကွယ်သွားသလိုသူလည်း လေ၌လွင့်ပါပျောက်ကွယ်သွားလိုက်ချင်သည်။

ဖြေရှင်းရန်စကားတို့က သူ့တွင်တစ်လုံးတစ်ပါဒမျှ မရှိ။ လွန်ခဲ့သောနှစ်ဆယ့်လေးနာရီအတွင်းကပင် သူ့ဘက်မှ ရင်ဆိုင်ရမည့်ကိစ္စမှန်သမျှတို့ကို ခံနိုင်ရည်ရှိစွာ ရင်ဆိုင်နိုင်ဖို့ သူ ဆုံးဖြတ်ခဲ့ပြီးလည်းဖြစ်သည်။

'မင်း...ငါ့ကို သတ်နိုင်တယ် ဇေလတ်'

'ငါ့ဘဝမှာ မင်း သေပြီ ဩနိုင်။ ဟိုမှာ ဖြူစင်မေလာနေပြီ ငါ သွားမယ်'

မြတ်နိုးစွာသော သူမဆီမှာ စိမ်းကားသည့်မျက်ဝန်းအစုံကို သူ စတင်မြင်ရသည်။ မုန်းတီးစက်ဆုပ်ရိပ်၊ နာကြည်းရွံရှာရိပ်များ ဖုံးလွှမ်းနေသည့်သူမသည် သူ့အနားရောက်သည်နှင့် လက်တစ်ဖက်မြှောက်တက်လာပြီး သူ့ပါးပြင်ထက်၌ ရပ်တန့်၏။ သူမ၏လက်ဖဝါးနှင့် သူ့ပါးပြင်ကိုထိတွေ့သံအဆုံးတွင် သူမသည် သူ့အား ကျောခိုင်းထွက်ခွာသွားတော့သည်။

ရောင်စုံပန်းပွင့်များအလယ်တွင် ပျံဝဲခဲ့ဖူးသော်လည်း ပန်းပွင့်တို့ နွမ်းကြွေသွားစေရန် ဝတ်ရည်ချိုတို့အား စုပ်ယူသောက်သုံးလေ့မရှိခဲ့သည့် သူ၏သစ္စာတရားကို သူသာလျှင် အသိဆုံးဖြစ်ပါသည်။ မကြာသေးမီရက်ပိုင်းအတွင်းကမှ လူ့လောကကိုစွန့်ခွာသည့် ဖခင်၏ဂုဏ်သိက္ခာတရား၊ ဖခင်ပြုမှားခဲ့သည်တာဝန်တစ်ခုကိုခါးခါးသီးသီးငြင်းဆန်ကာအိမ်မှ ထွက်သွားခဲ့သည့်ညီငယ်၊ မကြာမီကာလအတွင်းမှာ ဖုံးဖိမရနိုင်စွာ နှုတ်ငုံတော်ဦး ဖူးပွင့်လာတော့မည့် အရိုက်ချိုးခံဘဝတစ်ခု၊ အပူပေါ် အပူဆင့် ဝေဒနာရှင်ရှင်တို့ကို အလူးအလိမ့်ခံစားနေရသော မိခင်၏ သောကမျက်ရည်စက်တွေ။

အကြောင်းတရားအားလုံးတို့ကြောင့် ဖြစ်တည်လာသည့် အကျိုးတရား၏သက်ရောက်မှုရလဒ်သည်သူ့ဘဝကို သေမိန့်ကျစေခဲ့ပြီ။ နှလုံးသားမှပန်းထွက်လာသောသွေးတို့က အပေါ်သို့ဆန်တက်လာကြပြီး မျက်ဝန်းအိမ်အတွင်း၌ လျှင်မြန်စွာအိုင်ဖွဲ့လိုက်ကြသည်။ မျက်ရည်များအဖြစ် မကျရောက်စေရန် အံကိုတင်းတင်းကြိတ်ကာ သူခေါင်းကို မော့ပစ်လိုက်သည်။ သူ့အားငုံ့ကြည့်နေသည့် ကောင်းကင်အမိုးတို့က မည်းမှောင်ညစ်ထေးလို့နေကြပြန်လေသည်။ ■

**လင်းယဉ်နွဲ့မြသစ်ကလေး၊**

**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

အမှတ် ၃၀၁၁ ဒီဇင်ဘာ ၂၀၁၄

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း


## ရှေးဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

***Royal New Zealand Air Force*** မှ ***Air Marshal Sir Victor Goddard*** ရေးသားသည့် ***"The Night My Number Came Up"*** ဖြစ်ရပ်မှန်ကို ကွယ်လွန်သူ စာရေးဆရာကြီး (ဦး)အောင်သင်း မြန်မာပြန်ဆိုခဲ့သည်အား ရွှေအမြုတေမဂ္ဂဇင်း ရှေးဝတ္ထုများ ပြန်လည်တူးဖော်ခြင်းကဏ္ဍတွင် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဩသကိန်းဆိုက်တဲ့ည

## အောင်သင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် နှစ်ပေါင်းများစွာ လေယာဉ်မောင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သူဖြစ်သည့်အတိုင်း လေကြောင်းအဖြစ်ဆိုးများကို ကြုံတွေ့ခဲ့ရသည်မှန်သော်လည်း အတိတ်နိမိတ် စသည်တို့ကို အမှုမထားခဲ့ဖူးပါ။ သို့ပါလျက်နှင့်ပင် ရှန်ဟဲလေယာဉ်ကွင်းမှတက်တော့မည်ရှိသောအခါ စိတ်'ထင့်'နေမိခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစ,ဖြစ်သည်။ ပစိဖိတ်ဒေသ၊



နယူးဇီလန် ဘုရင့်လေတပ်မတော်နှင့် မြန်မာပြည်၊ မလေးရှားတို့ရှိ ဗြိတိသျှလေတပ်များကိုပါ ပူးတွဲတာဝန်ယူရသည့် လေတပ်ဦးစီးချုပ်အဖြစ် ၂ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ပြီးခဲ့ပြီး တိုကျိုမှတစ်ဆင့် ပြည်တော်ပြန်ခရီးဖြစ်ပါသည်။ စစ်ဦးစီးချုပ်ကြီး မောင့်ဘက်တန်က သူ့လေယာဉ် 'ညီမတော် အန်း(Sister Ann)'ကို ကျွန်ုပ်အား ငှားလိုက်ပါသည်။ စိတ်ချရသောလေယာဉ်နှင့် ဝါရင့်လေယာဉ်မှူးကို ရ,ထားပါလျက်နဲ့ ဘာကြောင့် စိတ်စနိုးစနောင့်ဖြစ်နေရသနည်း။

ကျွန်ုပ်နှင့် လိုက်ပါလာသူမှန်သမျှ သေကိန်းဆိုက်တော့မည်ဟု တထစ်ချ ထင်နေမိ၏။ သို့သော်လည်း ပါလာမည့်သူတို့အား မြေကြီးပေါ်မှာပဲ အေးအေးဆေးဆေး နေကြပါလားဟုလည်း ပြောမထွက်ပါ။ လေတပ်ဦးစီးချုပ်ရင့်မာကြီးဖြစ်နေပါလျက် အိပ်မက်ဆိုးနိမိတ်ကြီးကြောင့်ပါဟု အဘယ်မှာ ပြောလို့ ထွက်ပါအံ့နည်း။

ယမန်နေ့ညက ရှန်ဟဲတွင် ကြုံခဲ့ရခြင်း ဖြစ်သည်။ ညှဉ့်ခံပွဲတစ်ခုတွင် မိတ်ဆွေတစ်ယောက်နှင့် စကားစမြည်ဆိုနေခိုက် နောက်ဘက်က လူနှစ်ယောက် စကားပြောနေသံကို ကြားလိုက်ရသည်။

'ဒါ လေတပ်ဦးစီးချုပ် မာရှယ် ဂေါ့ဒေါ့တ်ကို ကြိုဆိုဂုဏ်ပြုပွဲ မဟုတ်လား'

တစ်ယောက်က မေးလိုက်သည်။ နောက်တစ်ယောက်က-

'ဟုတ်သားပဲ၊ ဘာဖြစ်လို့လဲ'

'သူ လာမှာ မဟုတ်တော့ဘူးဗျ၊ မနေ့ညက လေယာဉ်ပျက်တဲ့အထဲ ပါသွားပြီ'

ပြောလိုက်ပုံမှာ တကယ့်ကို စိတ်ချလက်ချ ယုံယုံကြည်ကြည် ပြောနေသည့် လေသံမျိုးဖြစ်သည်။ ကျွန်ုပ်က အသာပင် လှည့်ကြည့်လိုက်မိသည်။ ပြောနေသူမှာ ဘုရင့်ရေတပ်မတော် ဦးစီးအရာရှိ တစ်ယောက် ဖြစ်သည်။ ကျွန်ုပ်၏ မျက်နှာကို မြင်လိုက်သောအခါ သူ လန့်သွားသည်။

ပြီးမှ အထိတ်တလန့်-

'အလိုလေး ဘုရား ဘုရား ကျွန်တော် သိပ်ဝမ်းနည်းပါ တယ်။ အဲလေ အဲ သိပ်ကို ဝမ်းသာပါတယ် ခင်ဗျာ၊ မကြုံစ ခင်ဗျာ။ ညက ကျွန်တော် အိပ်မက် မက်တယ်၊ တကယ် ကြုံရတဲ့ အတိုင်းပါပဲ'

ကျွန်ုပ်က ပြုံးလိုက်ပြီး-

'ကျွန်တော် မသေသေးပါဘူး ဗိုလ်မှူးကြီးရယ်၊ လုပ်စ ပါဦး၊ ဘယ်လိုမက်တာလဲ၊ ဘယ်မှာဖြစ်တာလဲ'

'ကျောက်တောင်တွေနဲ့ ကျောက်စရစ်ကမ်းခြေလိုဟာ မျိုး၊ ညနေချိန်ပဲ။ မိုးပွင့်မှုန်တိုင်းထဲမှာ တရုတ်ဘက်လိုလို ဂျပန်ဘက်လိုလို ဗိုလ်ချုပ်ကြီးက တောင်တွေထိပ်က တိမ် တိုက်ထဲမှာ အကြာကြီးပဲ၊ လေယာဉ်ပျက်လိုက်ပုံကလည်း တကယ့်ကို ကြောက်မခန်းလိလိ'

'လေယာဉ်က ဘယ်လို လေယာဉ်မျိုးလဲ'

'ရိုးရိုး ပို့ဆောင်ရေးလေယာဉ်ပဲ၊ ဒါကိုတာလိုဟာမျိုး'

(ညီမတော်အန်းမှာ ဒါကိုတာဖြစ်ပါသည်။)

'ကျွန်တော်နဲ့အတူ ဘယ်သူတွေ ပါသေးသလဲ'

သူက ခပ်ဖြည်းဖြည်း ပြန်ပြောသည်။

'ပါတယ်ခင်ဗျ၊ ရိုးရိုး လေတပ်အရာရှိတစ်ယော အရပ်ဘက်က သုံးယောက်၊ ယောကျ်ားနှစ်ယောက်၊ မိန်း တစ်ယောက်၊ အားလုံး အင်္ဂလိပ်လူမျိုးတွေချည်းပဲ'

'ကျေးဇူးပါပဲဗျာ၊ တော်ပါသေးရဲ့၊ ခင်ဗျား အိပ်မ ဖြစ်မလာနိုင်တော့ပါဘူး။ ကျွန်တော်နဲ့အတူ လေယာဉ်မှ တစ်ယောက်တည်းပဲ ပါလာမှာပါ။ အရပ်သား လုံးဝ မပါ ဘူး'

ထို့နောက် အနည်းငယ် စကားစမြည်ပြောကြပြီး ခွဲလာခဲ့သည်။ ထို့နောက်တော့ သူ့ကို တစ်ခါမျှ ထ မတွေ့ရတော့ချေ။

**အရပ်ဘက် သုံးဦး**

ခဏလေးရှိတော့ 'ဒေးလီး တယ်လီဂရမ်' သတင်း က 'ဆေးမားဘာရီ'က ကျွန်ုပ်ထံ လျှောက်လာပြီး-

'ဗိုလ်ချုပ်ကြီးနဲ့အတူ တိုကျိုကို လိုက်ခဲ့ပါရစေ ခင်ဗျ ဗိုလ်ချုပ်ကြီးရဲ့ လေယာဉ်မှူးကတော့ သူ့အနေနဲ့ အိုကေပါ ပြောပါတယ်။ တစ်ဆိတ်ဖြစ်နိုင်ရင်...'

ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလျက်-

'ရပါတယ်၊ အကျယ်ကြီးပဲဥစ္စာ၊ နက်ဖြန်မနက် ခြော



www.burmeseclassic.com

www.burmeseclassic.com

ရာ ထွက်ပါမယ်'

အရပ်ဘက်က တစ်ယောက်ပါလာသည်ကိုတော့ စိတ် သွားမိသည်။

ထိုနေ့ညနေမှာပင် ရှန်ဟဲဆိုင်ရာ ဗြိတိသျှသံအရာရှိ အောဂ်ဒင်'က ဖိတ်သော ညစာစားပွဲသို့ တက်ရသည်။ ဂ်ဒင်က ကျွန်တော်၏ ခရီးစဉ်အကြောင်းကို မေးသော င့် ပြန်လှန်ပြောဆိုနေခိုက်မှာပင် သူ့ဘတ္တလာ ဝင်လာပြီး လက်နှင့် ပို့လိုက်သော စာလေးတစ်စောင်ကို ပေးသည်။ ထိုစာရွက်ကလေးကို ကျွန်ုပ်ထံ ကမ်းပေးလိုက်ရင်း-

'နက်ဖြန်မနက်တော့ ကျွန်တော်လည်း ခင်ဗျားနဲ့ လိုက်ခဲ့ ချော'

သံကြိုးစာမှာ လန်ဒန် နိုင်ငံခြားရေးဌာနမှ သူ့ထံ က်သော ညွှန်ကြားချက် ဖြစ်သည်။ တိုကျိုတွင် ပြုလုပ် အစည်းအဝေးတစ်ခုသို့ အမြန်ဆုံးသွားရောက်ရမည်။ အဘယ်သို့ ငြင်းနိုင်ပါမည်နည်း။

ကျွန်ုပ် စိတ်ထဲတွင်တော့-

'အင်း အရပ်သားနှစ်ယောက်၊ အင်္ဂလိပ်လူမျိုးချည်း၊ တော့ မပါပါဘူး။ အို မဟုတ်တရုတ် တောက်တီး က်တဲ့ ထမင်းလုံးတစ္ဆေအိပ်မက်ကို ဘာကြောင့် တွေး တာလဲ'

ညစာစား၍ မပြီးသေးမီပင် ဘတ္တလာက ငွေလင်ပန်း လေးတစ်ခုပေါ်တွင် စာကလေးတစ်စောင်တင်ပြီး ရောက် ပြန်သည်။ သံကြိုးစာ နောက်တစ်စောင် ဖြစ်သည်။ ဂ်ဒင်က-

'ကဲ ဖတ်သာကြည့်ပေတော့ ဗိုလ်ချုပ်ကြီးရေ၊ တိုကျိုက တော်တို့ လူဆီက ပို့လိုက်တာပဲ'

'(...)အစည်းအဝေးအတွက် လက်ရေးတို လက် က်သမား မရှိပါ။ ကျေးဇူးပြု၍ တစ်ယောက် ခေါ်ခဲ့ပါရန်'

အောဂ်ဒင်က-

'ကူညီလက်စနဲ့ တစ်ဆက်တည်းပဲ ကူညီစမ်းပါဦး'

'အဲဒီလူကိုလည်း ခေါ်ဖို့ဖြစ်နိုင်လောက်ပါရဲ့၊ အဲ... အဲဒီ ဆိုလိုက်တာက အမျိုးသားဖြစ်မယ် ထင်လိုက်လို့ပါ'

'အမျိုးသားမဟုတ်ရင်ကော ဘာဖြစ်လို့လဲ၊ အမျိုးသမီးပဲ ဘာခင်ဗျ'

**အရပ်ဘက်သုံးယောက်၊ တစ်ယောက်က အမျိုးသမီး**

ရှန်ဟဲလေဆိပ်မှာ ကြည်နူးစရာတစ်ကွက်မျှ မရှိတော့ အောဂ်ဒင်က သူ့လက်နှိပ်စက်စာရေးမကို ခေါ်လာသည်။ သက် နှစ်ဆယ်ခန့်၊ အရပ်မြင့်မြင့်၊ ရုပ်ချောချော။ နာမည်က တာ ဘရိတ်စပီးယား'။ သူက ကျွန်ုပ်အား လေယာဉ် စီးခါမျှ မစီးဖူးသေးကြောင်း ပြောပြပြီးနောက် 'ဘာမှတော့ မှာ မဟုတ်ပါဘူးနော်'ဟု ဆက်လိုက်သောအခါ အလိုလိုမှ ယာဉ်ပြေးလမ်းပေါ်တွင် လေတသွေးသွေးကြောင့် စိမ့် နေရသည်တွင် ကျောထဲကပါ စိမ့်သွားမိပြန်သည်။

လေယာဉ်မောင်းမည့် လေတပ်အုပ်စုမှူး 'ကင့်ဘဲလ်'ကို ကြည့်ရသည်မှာလည်း ရွှင်ရွှင်လန်းလန်း တယ်ပြီး မရှိလှချေ။

'ဂွဒ်မောနင်း ကင့်ဘဲလ်၊ မိုးလေဝသခန့်မှန်းချက် ကောင်း ရဲ့ မဟုတ်လား'

'သိပ်မဆိုးလှပါဘူး ဗိုလ်ချုပ်ကြီး၊ တိုကျိုနဲ့ မိုင် တစ်ရာ လောက်အကွာမှာတော့ တိမ်အတော်ကြီး ထူနေတယ်။ ခြောက် နာရီလောက် ပျံရမယ်'

ကျွန်ုပ်တို့အားလုံး လေယာဉ်ပေါ်သို့ တက်လိုက်ကြပြီး သောအခါ 'ညီမတော်အန်း'လည်း တပြန့်တပြောကြီးတည် နေသော ရှန်ဟဲမြို့ကြီးပေါ်ကို ဖြတ်ပြီး တိုကျိုမြို့ဆီသို့ သို့မဟုတ် ဟိုအိပ်မက်အကြောင်းကိုတော့ ဆက်ပြီး မတွေးမိ အောင်သာ ကြိုးစားရတော့သည်။ အိပ်မက်အတိုင်း ဖြစ်လာ မည်ဆိုလျှင်လည်း ညနေစောင်း မိုးပွင့်မှန်တိုင်းထဲမှာသာ ဖြစ်ရမည်။ နေ့လယ်စာ စားပြီးချိန် မွန်းတိမ်းဆိုလျှင် ကျွန်ုပ် တို့က တိုကျိုရောက်နေတော့မည် ဖြစ်သည်။ ကျွန်ုပ်အဖို့မှာ မလှုပ်ချင်အောင် ပင်ပန်းလှပြီဖြစ်သောကြောင့် ခဏရှိလျှင်ပင် အိပ်ပျော်သွားလေသည်။

ဘာမျှကြာလိုက်သည် မထင်မိ၊ တိမ်တိုက်နှင့် လေယာဉ် ဆောင့်သော့ကြောင့် ပြန်နိုးလာတော့သည်။ နောက်တစ်ချက် ထပ်ဆောင့် လိုက်ပြန်သည်။ ကျွန်ုပ်မှာ အသက်ကို မနည်းကြီး ရှူနေ ရသည်။ အတော် မြင့်မြင့်ကြီးက ပျံနေခြင်းဖြစ်သည်။ ပြတင်းပေါက်မှအပြင်သို့ ချောင်းကြည့်လိုက်မိသည်။ ညာ တောင်ပံမှာ မြူတိုက်တွေကို ထိုးခွဲနေရသည်။ ပြာမှိုင်းမှိုင်း အမှုန်များသည် တောင်ပံရှေ့စွန်းကိုတိုက်ပြီး နောက်ဘက်ဆီသို့ တရိပ်ရိပ်လွင့်လာနေသည်။ ရေခဲမှုန်တွေ။

စာရေးမ ဒိုရစ်တာနှင့် သတင်းစာဆရာ ဆေးမားဘာရီ တို့ကတော့ အိပ်ပျော်နေကြသည်။ အောဂ်ဒင်လည်း အသက်ရှူ ခက်နေပုံရသည်။ ခေါင်းထဲတွင် မခံနိုင်အောင် ကျပ်ခဲလာ သည်ဟုလည်း ပြောသည်။ မကြာမီပင် အလင်းရောင် ပိုပြီး ရလာပြန်သည်။ မျက်စိကျိန်းလောက်သော နေရောင်ထဲတွင် ငြိမ်ငြိမ်ဆိမ်ဆိမ် ပျံသန်းနေပြန်သည်။ သို့သော်လည်း အတောင် ပံကြီးပေါ်တွင် ရေခဲလွှာပါးပါးလေး ကပ်တွဲပြီး ပါနေသည်ကို လှမ်းမြင်နေရသည်။

ကင့်ဘဲလ်က လေယာဉ် ဦးခန်းထဲက ထွက်၍ ကျွန်ုပ် ထံ လျှောက်လာပြီး အသံနိမ့်လျက်-

'ဒီတိမ်တိုက်ကြီးကို ကျော်တက်မှဖြစ်မယ် ဗိုလ်ချုပ်ကြီး၊ မတက်ရင် ရေခဲတွေ ပိုပြီး တွယ်လာလိမ့်မယ်'

'အေး ဟုတ်တယ်၊ ခုတောင် အတော်မြင့်နေပြီ ထင် တယ်'

'သောင်းခုနစ်ထောင်'

'အောက်ဆီဂျင်ဘူးလည်း မပါဘူးနော်'

'မပါဘူးခင်ဗျ'

ခဏရှိတော့ ကင့်ဘဲလ် ထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

'တိမ်တိုက်ကိုထပ်ပြီး ဖောက်ရလိမ့်ဦးမယ် ဗိုလ်ချုပ်ကြီး၊ တိမ်တိုက်ထိပ်က ကျွန်တော်တို့ထက် သိပ်မြင့်နေတယ်။ တက်ပြီးကျော်လို့ မဖြစ်နိုင်ဘူး။ ခုတောင် ပေ ရှစ်သောင်းလောက်က ပျံနေတာ၊ အတော်လေး ဆောင့်လိမ့်ဦးမယ်'

ဝေ့ဝဲမှောင်မိုက်နေသော မြူတိုက်ထဲသို့ တိုးဝင်လိုက်သည်။ နိမ့်ခနဲ ဆင်းသွားသည်။

ကင့်ဘဲလ်က စက်ရှိန်ကို အနည်းငယ် လျှော့ချလိုက်သည်။ လေယာဉ်ဦးခန်းကို ရေခဲတွေ လာမှန်လိုက်သည့် ဖြောင်းဖြောင်းဖြင်းဖြင်းသံတွေကို ကြားလိုက်ရသည်။ ပန်ကာရွက်ဖျားခတ်မိသောကြောင့် ရေခဲကြေတွေ တဖြန်းဖြန်း လွင့်သွားနေသည်။ မှောင်သည်ထက် မှောင်လာသည်။ နာရီကို ကြည့်လိုက်တော့ ၁၁း၂၀။ တိုကျိုစံတော်ချိန်ဆိုလျှင် ၁၂း၂၀ ရှိနေပြီ။ ညနေစောင်းကိုတော့ဖြင့် မရောက်တတ်သေး။ သို့သော်လည်း ရေခဲတွေက ဘယ်လောက်ကြာကြာမျှသာ လွင့်နေပါမည်နည်း။ လေယာဉ်တစ်ခုလုံးကို ရေခဲလွှမ်းငုံသွားနိုင်သည် မဟုတ်ပါလား။

မိုးပွင့်ကိုတော့ မတွေ့ရ။ အိပ်မက်အရဆိုလျှင် မိုးပွင့်ရှိရမည်။

ဘေးဘက်တွင် ပြာမှိုင်းမှိုင်းမြူတွေက တရိပ်ရိပ်ဝဲ သွားပြန်သည်။ တိမ်တိုက်တိမ်လိပ်များကို ကျော်ဖြတ်ပြီး ပြာလဲ့သော ကောင်းကင်ဘက်ရောက်အောင် ပျံသန်းနေလိုက်ပုံမှာ 'ညီမတော် အန်း'ကို ချောက်ကမ်းပါးကြီးပေါ် ကျော်အောင် လွှင့်ပစ်လိုက်သည့်နှယ် ရှိတော့သည်။

ကျွန်ုပ်မှာ အသက်ရှူခက်လာသည်သာမက နားထဲကလည်း တစီစီ မြည်လာလေတော့သည်။ အောက်ဆီဂျင် နည်းပါးသည့်အမြင့်သို့ ထပ်ပြီး တက်လာရပြီဖြစ်ကြောင်း သိလိုက်ရပြန်သည်။ အော့ဂ်ဒင်နှင့် ဒိုရစ်တာတို့ကား အောက်ဆီဂျင်မရ၍ မြော့နေကြလေပြီ။ ဤမျှသောအမြင့်ကို သူတို့ ကြာရှည်ခံနိုင်တော့မည် မဟုတ်ကြောင်း ကျွန်ုပ် သိလိုက်ပေပြီ။

ကင့်ဘဲလ် နောက်ဘက်သို့ ထွက်လာပြန်သည်။ ပင်ပန်းခြင်း၊ ပူပန်ခြင်းတို့ကြောင့် မျက်နှာမှာ ဖြူရော်ရော် ဖြစ်နေသော်လည်း ခပ်ပြုံးပြုံးနှင့် ယုံကြည်မှု အပြည့်ရှိသည့်အသွင်ကို ဆောင်ထားသည်။

ကျွန်ုပ်နှင့် လိုက်ပါလာသူမှန်သမျှ သေကိန်းဆိုက်တော့မည်ဟု တထစ်ချထင်နေမိ၏။ သို့သော်လည်း ပါလာမည့်သူတို့အား မြေကြီးပေါ်မှာပဲ အေးအေးဆေးဆေး နေကြပါလားဟုလည်း ပြောမထွက်ပါ။ လေတပ်ဦးစီးချုပ်ရင့်မာကြီး ဖြစ်နေပါလျက် အိပ်မက်ဆိုးနိမိတ်ကြီးကြောင့်ပါဟု အဘယ်မှာ ပြောလို့ ထွက်ပါအံ့နည်း

ကျွန်ုပ်က-

'ဒါကိုတာ တစ်စင်းအဖို့ ဒီအမြင့်က မများလွန်းဘူးလား၊ အပူချိန်လေး နည်းနည်းရသွားအောင် အောက်ဘက်ကို ထိုးဆင်းလိုက်လို့ မရဘူးလား။ ဓာတ်ဆီအလေးချိန်လည်း အတော်လေးလျော့သွားလောက်ရောပေါ့။ ရေခဲတော… လွတ်သွားမယ်ဆိုရင် စက်ရပ်သွားမှာ မစိုးရိမ်ရဘူးပေါ့။ ဒါပေမဲ့ မောင်ရင် ကောင်းမယ်ထင်သလို ကြည့်လုပ်ပါ။ အားလုံး ချောချောမောမောဖြစ်သွားမှာပါ' (စိတ်ထဲကတော့ ကျောက်တောင်နဲ့ ကျောက်စရစ်ကမ်းခြေကို ရောက်မသွား… ရင်ပေါ့ကွယ်ဟု တွေးဖြစ်အောင် တွေးလိုက်မိသေးသည်)

ကင့်ဘဲလ်က ပြုံးလိုက်ပြီး စမ်းကြည့်မည်ဟု ဆိုသည်။

**ဓာတ်ဝင်ခန်းစပြီ**

အောက်ဘက်သို့ ထိုးဆင်းလိုက်သည်။ ရှေ့သို့ ဆောင့်တိုး… လိုက်၊ နိမ့်ကျလိုက်၊ ဆောင့်တက်လိုက်။ ဤနည်းအတိုင်း… လေးနာရီလောက် စခန်းသွားကြရဦးတော့မည်။ ဆောင့်ဆောင့်… အောင့်အောင့်နှင့်ပင် စိုထိုင်းအေးစက်နေသော တိမ်တိုက်ကြီး… ၏ အောက်လွှာဘက်ဆီသို့ ဆင်းလာခဲ့သည်။ မှောင်လာလိုက်… သည်မှာလည်း မပြောနှင့်တော့။ ညီမတော် အန်း၏ အတောင်… နှစ်ဖက် ထိမှန်လိုက်သည့် အသည်းထိတ်စရာ ဖြောင်းဖြောင်း… ဖြင်းဖြင်း အသံများကို ကြားလာရပြန်ပြီ။ ရေခဲတွေ။ ပန်ကာ… ကိုလည်း ဝင်တိုးကြပြန်ပြီ။

ခုတော့ မိုးပွင့်တွေက သဲသဲမဲမဲ ကျလာလေပြီ။ အချိန်က… ကော။ သုံးနာရီခွဲ။

ပင်လယ်ပြင်နှင့် မိုးပွင့်။ အိပ်မက်က ဒီလိုနိမိတ်ပြထား… သည်။ အောက်ဆီကို လှမ်း… ကြည့်လိုက်တော့ ကမ်းပါး… စောက် မည်းမည်းကြီးကို … လှိုင်းကြီးတွေက ဒေါကြီးမော… ကြီး တဖွေးဖွေး ရိုက်ခတ်နေ… သည်ကို တွေ့ရသည်။

လေယာဉ်ခါလိုက် ဆောင့်… လိုက်ပုံမှာ ကျွန်ုပ်တစ်သက်နှင့်… တစ်ကိုယ် တစ်ခါမျှ မကြုံစဖူး… 'ညီမတော်အန်း'သည်ပင်လျှင် ကြံ့ကြံ့ခံနိုင်ပါဦးတော့မည်… လားဟု စိုးရိမ်မိလာသည်။ ကမ်းရိုးတန်းအတိုင်းလိုက်ပြီး… ပျံလာရာ ပင်လယ်ကွေ့တစ်ခုဆီသို့ရောက်လာသည်။ ကျောက်… တောင်တွေနှင့် ကျောက်စရစ်ခဲကမ်းပြင်ကြီးကို တွေ့ရသည်။ ဘေးနားတွင်တော့ မိုးပွင့်တွေ ဖုံးနေသည့် တံငါရွာကလေး… တစ်ရွာ။ ကမ်းခြေက ကိုက်သုံးရာ ပျော့ပျော့လောက်ရှိမည်… ခပ်ပြေပြေ ဆင်ခြေလျှော ကျောက်စရစ်ပြင်ကြီးတွင် ကျောက်… ဆောင်တွေက ထိုးထိုးထောင်ထောင်။ တစ်ဖက်တစ်ချက်တွင်… မည်းနက်နေသော ကျောက်ကမ်းပါးယံကြီးတွေက … ပိတ်ထားသည်။ လေယာဉ်ဆင်းလို့ မဖြစ်နိုင်သည့်နေရာမျိုး…



www.burmeseclassic.com

www.burmeseclassic.com

လှိုင်းခေါင်းဖြူကြီးတွေ တဖွေးဖွေး ထနေသော ကမ်းရိုးတန်းအတိုင်း ဆက်ပြီး လိုက်လာခဲ့ပြန်သည်။ အထက်က တိမ်တိုက်၊ အောက်က ပင်လယ်ပြင် နှစ်လွှာအကြား နေရာ ကမ်းပါးကလေးတွင် မိုးပွင့်တောကို ဖြတ်ပြီး ပျံနေရသည်။ ကျွန်ုပ်၏ နာရီကို တိုကျိုစံချိန်နှင့် တိုက်ထားခြင်းဖြစ်ရာ ကြည့်လိုက်တော့ ၄ နာရီ ၅ မိနစ်။ ၅ နာရီထိုးပြီးသည်နှင့် မှောင်တော့မည်။

ထို့နောက် ကမ်းပါးစောက်ကြီးများ ပျောက်သွားပြန်သည်။ ကင့်ဘဲလ်က ကမ်းပါးနဖူးနှင့် ဝင်တိုက်မိမည်စိုးသောကြောင့် ပင်လယ်ဘက်ဆီကို ထွက်လိုက်၊ ပြန်ပြီးခေါက်ဝင်လိုက်လုပ်နေခြင်း ဖြစ်သည်။

ဤသို့ ပျံနေရင်း ကမ်းပါးစောက်ကြီးတွေကိုသာ ပြန်တွေ့နေရသည်။ လျှို့ဝင်စရာ ကမ်းပါးပြတ်ကိုလည်း မတွေ့။ ကျောက်ကမ်းပါးကြီးကို ကျော်ပြီးဝင်မည်ဆိုပြန်လျှင်လည်း အပေါ်က တိမ်တိုက်မှာ နိမ့်လွန်းလှသောကြောင့် မဖြစ်နိုင်။ လေယာဉ်ကိုယ်ထည်နှင့် ပွတ်ပြီး ဆင်းနိုင်လောက်သော ကမ်းခြေပြန့်ပြန့်လေး တစ်ခုတလေကိုမျှလည်း မတွေ့ရ။

ဝန်းကျင်က မှိုင်းသည်ထက် မှိုင်းလာသည်။ နေဝင်သွားပြီ ဖြစ်လိမ့်မည်။ ၅ နာရီမတ်တင်း။ ကမ်းပါးစောက်၊ တိမ်ထု၊ ပင်လယ်၊ မိုးပွင့်တွေ၊ ကမ်းပါးကျောက်ဆောင်က လှိုင်းဖွေးဖွေး၊ တဝေါဝေါ တိုက်နေသောလေ၊ တဟဲဟဲ မြည်နေသော အသံတွေ၊ လေယာဉ်တောက်သည့်ဒဏ်၊ တစစ်စစ် ကိုက်လာသည့် ဦးခေါင်း အားလုံးတို့ အပေါင်း အကြောင်းမတန် ပင်ပန်းမှုက သေလုမြော်ပါး။

ရုတ်တရက် ကမ်းပါးယံကြီးအစွန်ကို လွန်လာ လိုက်သည်။ ပိုပြီး သဲသဲကွဲကွဲ မြင်လာရသည်။ ပင်လယ်ကွေ့ကလေး တစ်ခု။ ကမ်းခြေမှာ မိုးပွင့် ဖုံးနေသည့် ရွာကလေး တစ်ရွာ။ ကျောက်စရစ်တွေ၊ ကျောက်ဆောင်တွေ။ လွန်ခဲ့တဲ့ တစ်နာရီ၊ နှစ်နာရီသာသာလောက်က တွေ့ခဲ့တဲ့ ရွာကလေးနှင့် ပင်လယ်ကွေ့ကလေးပါပဲကလား။ ကျွန်းကလေးတစ်ကျွန်းကို ပတ်ချာလှည့်ပြီး ပျံမိလျက်သားဖြစ်လျက် တစ်ကျော့ပြန် လျှောက်လာခဲ့ခြင်း ဖြစ်ပေသည်တကား။

ကျွန်ုပ်လည်း ထိုင်ခုံ ခါးပတ်ကို ဖြုတ်ပြီး လေယာဉ်မောင်းခန်းထဲသို့ ဝင်သွားလိုက်သည်။ လမ်းကြောင်းမှူးအား...

'မှန်း မင်းမြေပုံကို ပြစမ်းပါဦး'

ဂျပန်ကျွန်းမကြီးနှင့် မိုင်လေးဆယ်ခန့်အကွာတွင် 'သက်ညှိုးညွှန်နေသည့် လက်'ပုံသဏ္ဌာန်ရှိသော ကျွန်းကလေး တစ်ကျွန်း ရှိသည်။ 'ဆာဒို'ဟု ခေါ်သည်။

'ဒီဟာပဲကွ၊ အဲဟိုရွာက 'တာကာ ချီ'ဖြစ်မှာပေါ့'

လမ်းကြောင်းမှူးက ခေါင်းညိတ်ပြီးနောက်...

'အနီးဆုံး လေယာဉ်ကွင်းကတော့ တိုကျိုပဲရှိတယ် ဗိုလ်ချုပ်ကြီး၊ ကျွန်းမကြီးရဲ့ ဟိုဘက်စွန်းမှာ၊ ဒီတော့ မိုင်တစ်ရာလောက် ဝေးသေးတယ်။ မှောင်ကြီးထဲမှာ တောင်တွေ၊ တိမ်တိုက်တွေကို ဖြတ်ရမှာဆိုတော့ မလွယ်လှဘူး'

'ဆီလည်း မရှိတော့ဘူးလေကွယ်'

လေယာဉ်ဆင်းစရာဆိုလို့ လှိုင်းလိပ်ဖွေးဖွေး ထနေသော ကမ်းပါးစောက်ကြီးဘေးက ကျောက်ဆောင် ထိုးထိုးထောင်ထောင် ဝေါနေသည့် ကျောက်စရစ်ပြင်ကလေးတစ်ခုသာ ရှိတော့သည်။ ဟိုလူ့အိပ်မက်နိမိတ်အတိုင်း မိုးပွင့်နှင့်မှုန်တိုင်း ညနေပိုင်း။

ကျွန်ုပ် ကင့်ဘဲလ်ဘက်သို့ လှည့်လိုက်သည်။ သူက အခိုင်အမာ ဆုံးဖြတ်ပြီးဟန်နှင့် ပြုံးပြီး ကျွန်ုပ်အား ကြည့်လျက်–

'ပွဲကတော့ ကြမ်းပြီ ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်ကြီး သဘောတူမယ်ဆိုရင် ဒီကမ်းခြေမှာပဲ ဆင်းတော့မယ်။ လေထီးဆိုတာကတော့ လုံးဝစဉ်းစားလို့ မဖြစ်ဘူး။ တိမ်ကလည်း နိမ့်လွန်း၊ လေကလည်း ထန်လွန်းနေတယ်'

'ဟုတ်တယ်'

'ဘီးချပြီး ဆင်းရမလား၊ ဘီးမချဘဲ ဆင်းရမလား'

'ဘီးမချဘဲ ဗိုက်နဲ့ပွတ်ပြီး ဆင်းမယ်ဆိုရင် တအားမြန်လွန်းပြီး တဝေးကြီး တိုက်နေရလိမ့်မယ် ထင်တယ်ကွ။ ဘီးနဲ့ ဆင်းပြန်ရင်လည်း ကျွမ်းထောင်သွားလိမ့်မယ်။ ဒီတော့ အစမှာ ဘီးနဲ့ ဆင်းလိုက်၊ လေယာဉ်အရှိန်နည်းနည်းလျော့ အသွားမှ ဘီးကို ပြန်ရုပ်လိုက်ပြီး ဗိုက်နဲ့လျှောပစ်လိုက်ရင်ကောကွာ'

ကင့်ဘဲလ်က ခေါင်းညိတ်လိုက်သည်။ ခလုတ်တွေကို ဟိုကိုင်ဒီနှိုက် လုပ်နေတော့ သူ့ခမျာ ချွေးသီးချွေးပေါက်တွေ ကျလာသည်။

**ဆင်းစမ်း...ဆင်းစမ်း...ဆင်းစမ်း**

ကျွန်ုပ်၏ခရီးဖော်များ မထိမခိုက်မိအောင် လုပ်ပေးရန် လေယာဉ်နောက်ပိုင်းသို့ ပြန်ထွက်လာခဲ့သည်။ လေယာဉ်အမြီးပိုင်းကို လေးသွားအောင် လေယာဉ်မှူးတစ်ယောက်မှအပ အားလုံးကို နောက်ပိုင်းသို့ စုထားလိုက်သည်။ အန္တရာယ်ပိုကင်းနိုင်သည့်အပြင် လေယာဉ်ဆင်းပြီးသည်နှင့် အမြန်ဆုံးလည်း အပြင်ထွက်နိုင်သည်။ ပြုတ်ပြီး လွင့်ထွက်မသွားအောင် ကိုယ့်ကိုယ်ကို အခိုင်ဖွဲ့ထားကြပြီး စောင်တွေ၊ မွေ့ရာတွေနှင့်လည်း ကာထားစေလိုက်သည်။

ကျွန်ုပ်တို့ အသင့်ဖြစ်ပြီးသောအခါ လေယာဉ်အမှုထမ်းနှစ်ယောက် နောက်ပိုင်းဘက်သို့ ဒယီးဒယိုင် ကိုယ်ကို ဟန်၍ လျှောက်ထွက်လာပြီး ကျွန်ုပ်တို့တစ်တွေ ပိတ်မိမနေစေရန် လေယာဉ်တံခါးကို ဖွင့်ပစ်လိုက်သည်။ လေက မိုးပွင့်တွေကို သယ်ပြီး ဝှေခနဲ ဝင်လာသည်။ နောက်ပိုင်း စတိုခန်းကလေးထဲက ဖွန်းသံ၊ ပန်းကန်သံ၊ လင်ပန်းသံတွေက တဖြုန်းဖြုန်း ထွက်သည်။

ယခု ဖြစ်လာတော့မည့် မြင်ကွင်းမှာ ကျွန်ုပ်၏ ဦးနှောက်ထဲတွင် လွန်ခဲ့သည့် ၂၄ နာရီလုံးလုံး ကြိုပြီးမြင်ယောင်နေခဲ့

www.burmeseclassic.com

ပြီ ဖြစ်သည်။ တဝေါဝေါမြည်နေသော လေပြင်းသံကြားထဲက ပင် ဘီးချသံ တရှိူးရှိူး ကြားလိုက်ရပြီ။ လေယာဉ်အတောင်ရှိ အရှိန်သတ် အတောင်စွန်းကလေးများအောက်သို့ ကုပ်ဆင်းသွားပြီ။ ညီမတော်အန်းလည်း မြေပြင်သို့သက်ရန် ကမ်းပါးဆီသို့ ဦးစိုက်ချဦးကပ်လာလေပြီ။ စက်သံလျော့သွားပြီ။ အော့ဂ်ဒင်ကို လှည့်ကြည့်လိုက်မိသည်။ သူက နှမ်းနယ်စွာ ပြုံးပြသည်။ မျက်နှာကတော့ ဝေဒနာကြောင့် ရှုံ့နေသည်။ ဒိုရစ်တာကို လှမ်းကြည့်လိုက်တော့ သူက မျက်စိကို စုံမှိတ်ထားသည်ကို တွေ့ရသည်။ ဘာရီ၏မျက်နှာကိုတော့ ကျွန်ုပ်နေရာမှ လှမ်းမမြင်ရချေ။

ကမ်းဆီကို ကပ်လာလိုက်တော့ ဆင်ခြေလျှော ကွေ့ဝိုက်နေသည့် ကျောက်တုံးကြီးတွေ ထိုးထောင်နေသော ကမ်းပြင်ကို တွေ့ရသည်။ တစ်ဖက်တစ်ချက်ရှိ ကျောက်နံရံကြီးများမှာ ဘုရားရှိခိုးကျောင်းက စုလစ်လောက်ရှိလိမ့်မည်။ ထိုးဆင်းလာသည်နှင့်အမျှ မြေပြင်မှာ ပြန့်ပြောသည်ထက် ပြန့်ပြောလိုက်လာသည်။ စက်သံလုံးဝပျောက်သွားပြီ။ လက်ဝဲဘက်က ကျောက်ဆောင်မည်းမည်းကြီးတွေ တရိပ်ရိပ်ကျန်နေရစ်ခဲ့သည်ကို မြင်ရသည်။

တစ်ခါဖြင့် တွေ့ကြပေါ့။

ဖြောင်းခနဲ ချွင်ခနဲ မြည်သံတွေကို ကြားရပြီ။ ကျောက်စရစ်ကို ဘီးကြိတ်လိုက်သည့်အသံ ဖြစ်သည်။ အသံက ပိုပြီးပြင်းလာသည်။ လေယာဉ်အရှိန် နည်းနည်းလျော့သွားသည်။

'ဘီးကို ရပ်လိုက်စမ်းပါတော့'ဟု ကျိတ်ပြီး ဆုတောင်းလိုက်မိသည်။ သို့သော် ကင့်ဘဲလ်က လုပ်ပြီးသွားလေပြီ။ ညီမတော်အန်းလည်း ဝပ်စင်းသွားသည်။

ဝုန်းဝုန်းဒိုင်းဒိုင်း၊ ဖြောင်းဖြောင်းဖြင်းဖြင်း ကျွမ်းထိုးမှောက်ခုံ ဝမ်းဗိုက်ကို ဘာလာပြီးထိလိုက်သည် မသိ။ ရပ်သွားပြီ။ ဇက်ကတော့ ကျိုးများသွားပြီလား။ ကျွန်ုပ်၏နောက်စေ့ကို တိုက်ခိုက်ပြီး ထွက်လာသည်က ဘာကြီးပါလိမ့်ဟု အောက်မေ့လိုက်မိသည်။ လက်စသတ်တော့ ထိုင်ခုံကြီးပါ ပြုတ်ပြီး လွင့်ထွက်လာသည့် အော့ဂ်ဒင် ဖြစ်နေသည်။

အားလုံး ငြိမ်သွားပြီ။ လေယာဉ်လည်း ရပ်သွားပြီ။

လုံးဝ ငြိမ်သွားပြီ။ ကျောက်စရစ်ကမ်းခြေကို ခတ်လိုက်သော ရေလှိုင်းသံတဖျောဖျောနှင့် တဝီဝီတိုက်နေသောလေသံကိုသာ ကြားရသည်။

'ကျုပ်ထိုင်ခုံက ပြုတ်သွားလို့ပါဗျာ' အရေးထဲ အော့ဂ်ဒင်က သူ့ပယောဂကြောင့်များ ဖြစ်ရသည့်အတိုင်း တောင်းပန်နေလိုက်သေးသည်။

ကျွန်ုပ်တို့လည်း ခါးပတ်တွေ ဘာတွေဖြုတ်ပြီး ယခုရယ်နိုင်မောနိုင်ဖြစ်လာကြတော့သည်။ ကျွန်ုပ်က ရှေ့ဦးခန်းဆီသို့လျှောက်သွားသည်။ ကင့်ဘဲလ်ကလည်း ရှေ့ခန်းထဲက ထွက်အလာ အူကြောင်းလမ်းပေါ်မှာပင် လက်ဆွဲပြီး လှုပ်ယမ်းမိကြသည်။

နောက်တစ်ချီ လေယာဉ်ပျက်ရမည်ဆိုပါလျှင် အိပ်မက်နိမိတ်လာပြီး မပြပါစေနှင့်ဟု ဆုတောင်းမိသည်။ လေယာဉ်စီးရသည့်အရသာ အလွန်ပျက်လှသည်။ ■ အောင်သင်း


သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မုလပထမ"



ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန် ဗြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊ ၀၉-၇၃၁၇၇၇၃၁၊ ၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com


**လင်းလွန်းခင်စာပေတိုက်**




၂၅၀၀ ကျပ်




၂၀၀၀ ကျပ်




၂၀၀၀ ကျပ်



၂၅၀၀ ကျပ်



၁၅၀၀ ကျပ်




၂၅၀၀ ကျပ်




၁၅၀၀ ကျပ်



၂၀၀၀ ကျပ်



၁၅၀၀ ကျပ်



၂၀၀၀ ကျပ်




၂၅၀၀ ကျပ်




၂၀၀၀ ကျပ်

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

**အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။**

ဖုန်း -၀၁- ၂၈၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉- ၄၂၁၇ ၁၉ ၇၁ ၊

www.burmeseclassic.com

www.burmeseclassic.com



'ဘာသာစကား'နှင့် 'အတွေး'သည် ထပ်တူကျပါသလား
'ဘာသာစကား'နှင့် 'အတွေး'တို့ ဘယ်လို ဆက်စပ်မှု ရှိပါသလဲ
ဘာသာစကားမပါဘဲ အတွေးဖြစ်ပေါ်နိုင်ရဲ့လား
တွေးပုံတွေးနည်းကို ဘာသာစကားက ပုံဖော်ပေးနေတာလား
ထိုပြဿနာများကို ဒဿနပညာရှင်များ၊ စိတ်ပညာရှင်များ
ဘာသာစကားပညာရှင်များ အစဉ်အဆက် လေ့လာစူးစမ်းခဲ့ကြပါသည်
ထိုပြဿနာများမှာ ထွေပြားသိမ်မွေ့သည့်အတွက် အလွယ်တကူ
အဖြေထုတ်၍ မရနိုင်သော ပြဿနာများ
ဖြစ်သည်။ အတွေး၊ ခံစားမှု စသည့်
စိတ်အခြေအနေများသည် ဘာသာစကားနှင့်
အမြဲတမ်း ဆက်စပ်နေသည်တော့ မဟုတ်ပါ
အလွန်လှပသော ပန်းချီကားတစ်ချပ်ကို
ကြည့်ရှုစဉ် စိတ်ထဲမှာ ပေါ်ပေါက်လာသော
နှစ်သက်ကြည်နူးသည့်ခံစားမှုမျိုး
သွေးသံရဲရဲမြင်လိုက်ရသည့်အတွက်
စိတ်ထဲမှာ ပေါ်ပေါက်လာသော
အထိတ်တလန့် ခံစားမှုမျိုးတို့တွင်
ဘာသာစကား ပါဝင်သည်ကို မတွေ့ရပါ
ထိုခံစားမှုများကို ဘာသာစကားဖြင့်
ရှင်းပြနိုင်ပါသည်။ သို့သော်
ခံစားမှုသက်သက်အနေနှင့်မူ
ဘာသာစကားနှင့် သီးခြားဖြစ်သည်
ဘာသာစကား ရောနှောပါဝင်နေခြင်း မရှိပါ
စိတ်ကူးဉာဏ်ဖြင့် ဖန်တီးသော
အနုပညာများ ဖန်တီးရာတွင်
ဘာသာစကားကိုသုံးပြီး တွေးတော
မလိုအပ်ပါ။ တေးဂီတ ရေးဖွဲ့သူများ
သူတို့ဖန်တီးလိုသည့် ဂီတသံ
ဘာသာစကားမပါဘဲ တိုက်ရိုက်
'ကြား'သည်ဟု ဆိုကြသည်
စိတ်ကူးယဉ်အိပ်မက်များကို ဘာသာစကား
မသုံးဘဲ မက်၍ရသည်။ ဘာသာစကား
ပါစရာမလိုဘဲ လွတ်လွတ်လပ်လပ်
ပေါ်လာနိုင်သော စိတ်အမူအရာများ ရှိသည်
ဘာသာစကားပါသော၊ ဘာသာစကားကို အသုံးပြုသော
အတွေးမျိုးများမှာမူ ကျိုးကြောင်းဆက်စပ်မှုပါသော အတွေးမျိုးဖြစ်သည်
ပြဿနာများကို ဖြေရှင်းခြင်း၊ ပုံဝတ္ထုဇာတ်လမ်းပြောခြင်း
စီမံချက်များစီစဉ်ဆောင်ရွက်ခြင်း စသည်တို့တွင် အကျိုးအကြောင်း
ဆက်စပ်သော အတွေးများဖြင့် တွေးခေါ်ဆင်ခြင်ရသည်။ ပေးထားသော
ဥပဒေသများကို အသုံးပြု၍ ဂဏန်းသင်္ချာပုစ္ဆာများ တွက်ချက်ရာ
အသုံးပြုသော 'ထုတ်ယူဆင်ခြင်နည်း'များ၊ ရရှိထားသော
အချက်အလက်များကိုအခြေခံ၍ သွားမည့်ခရီးစဉ်ဆွဲရာတွင် အသုံးပြုသော




www.burmeseclassic.com

www.burmeseclassic.com

ယူဆင်ခြင်နည်းများ' သည် ကျိုးကြောင်း ဆက်စပ်တွေးခေါ်မှု သာဓကများ ဖြစ်သည်။ ထိုအတွေးမျိုးတို့တွင် ဘာသာစကားသည် အလွန်အရေးပါသည်။ အတွေးများကို စီစဉ်ဖွဲ့စည်းတင်ပြရာတွင် ဘာသာစကားကို အသုံးပြုရသည်။

ဘာသာစကားနှင့် အတွေးတို့၏ ဆက်စပ်မှုနှင့် ပတ်သက်၍ အစွန်းရောက်သော အယူအဆနှစ်ခု ရှိသည်။ တစ်ခုမှာ ဘာသာစကားနှင့် အတွေးသည် လုံးဝကွဲပြားသော သီးခြားအရာများဖြစ်ပြီး တစ်ခုနှင့်တစ်ခု အမှီပြုလျက်ရှိသည်ဟူသော အယူအဆဖြစ်သည်။ နောက်အယူအဆတစ်ခုမှာ ဘာသာစကားနှင့် အတွေးသည် တစ်ထပ်တည်းဖြစ်သည့်အတွက် ဘာသာစကားကို အသုံးမပြုဘဲ ကျိုးကြောင်းဆက်စပ်တွေးခေါ်၍ မရနိုင်ဟူသော အယူအဆဖြစ်သည်။

ပထမအယူအဆအရ ဘာသာစကားက အတွေးကို အမှီပြုနေခြင်းလည်း ဖြစ်နိုင်သည်။ အတွေးက ဘာသာစကားကိုအမှီပြုနေခြင်းလည်း ဖြစ်နိုင်သည်။ ဘာသာစကားက အတွေးကို အမှီပြုနေသည်ဟူသော အယူအဆကို အများလက်ခံကြသည်။ လူတို့၏အတွေးများကို ဘာသာစကားဖြင့် ဖော်ပြရသည်။ ထို့ကြောင့် ဘာသာစကားကို 'အတွေး၏ အဝတ်တန်ဆာ' အဖြစ် တင်စားကြသည်။ 'အတွေးဖော်ပြရာ ပစ္စည်းကိရိယာ' အဖြစ် တင်စားကြသည်။ ကလေးများ ဘာသာစကားတတ်မြောက်မှုတွင် ထိုအချက် ထင်ရှားသည်ဟု ဆိုသည်။ ကလေးများ၏ အသိဉာဏ် အရည်အသွေးများ ဖွံ့ဖြိုးပြီးမှ ဘာသာစကားကို သင်ယူတတ်မြောက်ကြသောကြောင့် ဖြစ်သည်။

အတွေးက ဘာသာစကားကို အမှီပြုနေသည်ဟူသော အယူအဆကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြသည်။ လူတို့ အသုံးပြုနေသော ဘာသာစကားက အတွေးလမ်းကြောင်းကို ချမှတ်ပေးသည်ဟူသော အယူအဆဖြစ်သည်။ 'စကားက အတွေးကိုဖန်တီးသည်။ စကားဖြင့် ကမ္ဘာလောကကြီးကို တိုင်းတာသည်' ဟူသော 'ရှယ်လီ' ၏ အဆိုက ထိုအချက်ကို ဖော်ပြနေသည်။ ကလေးများ၏ ဘာသာစကားတတ်မြောက်မှုကို ဤအယူအဆဖြင့်လည်း ဖော်ပြသည်။ ကလေးများ ဘာသာစကားနှင့် အစောဆုံး ထိတွေ့မှုက နောက်ပိုင်းတွင် သင်ယူနားလည်လာသည့် စိတ်ကူးများအပေါ်တွင် အဓိက သြဇာသက်ရောက်သည် ဟူသော အယူအဆ ဖြစ်သည်။

ဘာသာစကားနှင့် အတွေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီပြုနေသော်လည်း တစ်ထပ်တည်း ဖြစ်နေသည်ဟု မဆိုနိုင် ဟူသော အယူအဆလည်း ရှိသည်။ အတွေးဟူသည် စိတ်ထဲက စကားပြောနေခြင်းဖြစ်သည် ဟူသော အယူအဆသည် ဘာသာစကားနှင့် အတွေးကို ထပ်တူပြုခြင်း ဖြစ်သည်။ ယနေ့ ထိုအယူအဆ မတွင်ကျယ်တော့ပါ။ ထိုအယူအဆတွင် ခြွင်းချက်များစွာ တွေ့နေရသည်။ အားကစားပွဲတစ်ခုတွင် ကစားသည့် လှုပ်ရှားပုံများကို ပြန်စဉ်းစားကြည့်ခြင်းမျိုး၊ အိမ်မှ အလုပ်ခွင်သို့ သွားသည့် ခရီးကို စိတ်ထဲမှာ ပြန်မြင်ယောင်ကြည့်ခြင်းမျိုးတို့ကို ဘာသာစကားမပါဘဲ ပြန်တွေးကြည့်နိုင်သည်။ ပြဿနာများကို ဖြေရှင်းရာတွင် ပန်းချီ၊ ဓာတ်ပုံစသည့်ရုပ်ပုံများ၊ အကောင်အထည်ရုပ်ဝတ္ထု မြင်ရသော ပုံစံများကို အသုံးပြု၍ ဖြေရှင်းခြင်းက ဘာသာစကားသက်သက်ဖြင့် ပြောဆိုဖြေရှင်းခြင်းထက်ပို၍ ထိရောက်ပြီး အထောက်အကူပြုကြောင်း ကျယ်ကျယ်ပြန့်ပြန့်နားလည်လာကြပြီ ဖြစ်သည်။

သို့သော် အောင်အောင်မြင်မြင် တွေးခေါ်နိုင်ရန်အတွက် ဘာသာစကားသည် ပဓာနကျသောနည်းလမ်း ဖြစ်သည်ဟူသော အချက်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။ ဘာသာစကားသည် တွေးတောသည့်ဖြစ်စဉ်၏ ပုံမှန်အစိတ်အပိုင်းဖြစ်သည် ဟူသော အချက်ကို လက်ခံရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဘာသာစကားကို နားလည်ရန်အတွက် တွေးတောဖို့လိုအပ်သည်ဟူသော အချက်ကိုလည်း လက်ခံရမည်ဖြစ်သည်။ လူတို့၏ အပြုအမူများကို ရှင်းလင်းဖော်ပြရာတွင် ဘာသာစကားနှင့် အတွေးတို့ ဘယ်ဟာက ဘယ်ဟာထက် ပိုအရေးကြီးသည်ဟူသော အယူအဆထက် နှစ်ခုစလုံး မရှိမဖြစ် လိုအပ်သည်ဟူသော အယူအဆကို ပို၍ လက်ခံဖွယ်ဖြစ်သည်။

ဘာသာစကားက အတွေးကို သြဇာလွှမ်းမိုးသည့်အတွက် အတွေးက ဘာသာစကားကို အမှီပြုနေရသည် ဟူသော အယူအဆနှင့်ပတ်သက်၍ ထင်ရှားသောတွေးဆချက်တစ်ခု ရှိသည်။ အမေရိကန်ဘာသာဗေဒပညာရှင်၊ မနုဿဗေဒပညာရှင် ဆာပီယ (Edward Sapia 1884-1939)နှင့် တပည့်ဖြစ်သူ ဝေ့ာ့ (Benjamin Lee Whorf 1897-1941) တို့၏ တွေးဆချက်ဖြစ်သည်။ ယင်းကို **ဆာပီယ-ဝှော့ တွေးဆချက်** (Sapia-Whorf Hypothesis) ဟု ခေါ်သည်။ **ဝှော့ တွေးဆချက်** (Whorfian Hypothesis)ဟု လည်း ခေါ်သည်။ ထိုတွေးဆချက်အရ လူတို့သည် မိမိတို့၏ မိခင်ဘာသာစကားက ကြိုတင်ချမှတ်ထားသော လမ်းကြောင်းအတိုင်းသာ လောကကို မြင်ရ၊ ကြားရ၊ ကြုံတွေ့ရသည်။ ဘာသာစကားက ထို ဘာသာစကားပြောသူတို့၏ အတွေးအမြင်ကို သြဇာလွှမ်းမိုးသည်ဟု ခံယူသည်။ ဘာသာစကားတစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိသည့်အလျောက် အတွေးအမြင်ချင်းလည်း ကွဲပြားမှုများ ရှိမည် ဖြစ်သည်။ ဝှော့သည် ထိုတွေးဆချက်ကို ဘာသာစကား အများအပြားမှ



www.burmeseclassic.com

www.burmeseclassic.com

သာဓကများဖြင့် သက်သေပြသည်။ ဟိုပီဘာသာစကားတွင် ပိုးမွှား၊ လေယာဉ်ပျံနှင့် လေယာဉ်မောင်းသူများကို ပျံတတ်သောအရာများဟု သတ်မှတ်ပြီး Masa'y taka ဟူသော စကားလုံးတစ်လုံးတည်းဖြင့် ခေါ်သည်။ အင်္ဂလိပ်စကားတွင် နှင်းကို ခေါ်သော Snow ဆိုသည့် စကားလုံးတစ်လုံးသာ ရှိသော်လည်း အက်စကီမိုစကားတွင် နှင်း၏ အခြေအနေ အမျိုးမျိုးကို ခွဲခြားခေါ်သော စကားလုံး အများအပြား ရှိသည်။ ကျနေသောနှင်း၊ မြေကြီးပေါ်ကနှင်း၊ နှင်းခဲ၊ အရည်ပျော်နေသောနှင်း စသည်တို့အတွက် သီးခြားစကားလုံးများ ရှိသည်။ သို့သော် အက်ဇတက်စကားတွင် နှင်း၊ အေးခြင်း၊ ရေခဲတို့အားလုံးကို စကားလုံးတစ်လုံးတည်းနှင့် ခြုံ၍ ခေါ်သည်။ ဤသို့သော သာဓကများကိုပြပြီး လူတို့သည် မိမိတို့၏ ဘာသာစကားက ခွဲခြားပေးထားသည့်အတိုင်း လောကကို ရှုမြင်ကြောင်း ဝေ့ာ့က အခိုင်အမာဆိုသည်။ ဒြပ်မဲ့သဘောများဖြစ်သော 'အချိန်၊ ကာလအတိုင်းအရှည်၊ အလျင်' စသည်တို့ကို သတ်မှတ်ရာတွင်လည်း ဘာသာစကားတစ်ခုနှင့်တစ်ခု ကွဲပြားမှုများ ရှိသည်။ ထို့ကြောင့် ဘာသာစကားတစ်ခုတွင် ရှိသော သဘောအယူအဆတစ်ခုကို အခြားဘာသာစကားတစ်ခုဖြင့် ရှင်းပြ၍ မရနိုင်ဟုပင် ဆိုကြသည်။ သို့သော် ဤအဆိုမှာ တစ်ဖက်စွန်းရောက်နေသည်။ ဘာသာစကားတစ်ခုမှ သဘောအယူအဆတစ်ခုကို အခြားဘာသာစကားဖြင့် မဖော်ပြနိုင်ခြင်းမျိုး မရှိပါ။ စကားလုံးတစ်လုံးတည်းဖြင့် ဖော်ပြ၍ မရသည့်တိုင်အောင် စကားလုံးအများအပြားဖြင့် ရှင်းလင်းဖော်ပြနိုင်သည်ပင် ဖြစ်သည်။ ဘာသာစကားတစ်ခုတွင် သဘောအယူအဆတစ်ခုကိုခေါ်သော စကားလုံးမရှိသည့်အတွက် ထိုဘာသာစကားပြောသူတို့ ထိုအယူအဆကို မသိနိုင်ဟုလည်း မဆိုနိုင်ပါ။ ဘာသာစကားတစ်ခုကို သင်ယူလိုက်သည်နှင့် ထိုဘာသာစကားဖြင့် ဖော်ပြသော သဘောအယူအဆများကို လည်း နားလည်သွားသည်ပင် ဖြစ်ပါသည်။

ဆာပီယ-ဝေ့ာ့ တွေးဆချက်ကို သူ့အတိုင်းအတာအလျောက် လက်ခံကြပါသည်။ ဘာသာစကားက အတွေးကို သတ်မှတ်ပေးသည်အထိ မဟုတ်သော်လည်း မြင်ပုံ၊ ကြားပုံ၊ တွေးပုံ၊ ကြံပုံ စသည်တို့ကို ဘာသာစကားက ဩဇာလွှမ်းမိုးမှု ရှိပါသည်။ လူများသည် ကိုယ့်ဘာသာစကားထဲတွင် ခေါ်စရာ စကားလုံးရှိနေသော အကြောင်းအရာများကို ပို၍ မှတ်မိသတိရလွယ်ကြောင်း လက်တွေ့စမ်းသပ်ချက်များအရ သိရှိရသည်။ စကားလုံးများဖြင့် ကွဲကွဲပြားပြား ခွဲခြားပြထားသော သဘောအယူအဆများကိုလည်း ခွဲခြားရန် ပို၍ လွယ်ကူကြောင်း တွေ့ရသည်။ ဤသို့ဖြင့် ဆာပီယ-ဝေ့ာ့ တွေးဆချက်တွင် ဖော်ပြသော ဘာသာစကားက အတွေးကို ဩဇာလွှမ်းမိုးသည်ဟူသော အချက်မှာ အများလက်ခံနိုင်သော အချက် ဖြစ်ပါသည်။

■

မောင်ခင်မင်၊ဓနုဖြူ

Dictionary for All
သာလွန်
အင်္ဂလိပ် - မြန်မာ
အဘိဓာန်
THALUN Bookstore Yangon
သာလွန်စာအုပ်တိုက်
၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၃၁၈၊ ၂၄၆...
၅၂၅၊ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၀၃၈၊ ၃၈၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉၉၂၂၉



www.burmeseclassic.com

www.burmeseclassic.com

# စာနဒီစာအုပ်တိုက်

...RIVER
...HOUSE

## ...စာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ

...ရှင်ပီရိယ(တောင်စွန်း)
...သွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း / ၉၀၀ိ -
...ခြမ်းကိုပြောင်းလဲစေခဲ့သောသာမကောနှင့်
...တွေးရှု / ၂၀၀၀ိ -

...)
...ညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
...etics and Philosophy of Art Criticism
...erome Stolnitz / ၂၂၀၀ိ -

...
...တ်ကာလ မပွင့်သေးသောဘုရားများအား
...င့်သေနင်ဘာသာရေးဖြတ်ထုံးများ / ၁၂၀၀ိ -
...နှင့် သီဟိုဠ်မွေဝတ္ထုတိုများ / ၁၅၀၀ိ -

...(ဝန်ကြီးဟောင်း)
...အပျောက်စေဆရာကြီး ရပ်စပြုတင် / ၂၀၀၀ိ -

...ကြီးဦးတင့်ဆွေ
...ရေစီစိတ်ထား / ၇၀၀ိ -

...(မိုးချောင်း)
...လက်ဆင့်ကမ်း Message to Teen / ၂၀၀၀ိ -
...ကျွဲတို့ ဆုံးဖြတ်ရမည့် အရေးကြီးဆုံးအချက်(၆)ချက် / ၂၀၀၀ိ -

...ဇော်
...နက်သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဖို့ဝတ္ထုတိုများ / ၁၆၀၀ိ -

...မ်းခြံကုန်း
...ကြီးကာတောင်ကန်မြောက်ကန် / ၁၂၀၀ိ -
...စက်မယ် / ၁၅၀၀ိ -

...ဆည်မောင်မောင်
...တ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်ခရီးကြမ်းနှင့်
...တွေ့မှတ်တမ်း / ၂၅၀၀ိ -

...
...လေးနဲ့ မနီ / ၃၀၀၀ိ -
...တ်မှ သရဖီသို့ / ၁၂၀၀ိ -
...းစဝ ကဗျာစဝ / ၂၀၀၀ိ -

...ဆိုင်(ဟင်္သာတ)
...တို့စကား အရှင်တို့တရား / ၁၅၀၀ိ -

...
...ကြောင်းရေးတစ်ကြောင်းခြစ် / ၃၅၀၀ိ -

...တာအရှင်သာမိန
...၏ ခြေတော်ရာစက်(၁၀၈)ကွက် / ၃၀၀၀ိ -
...ည်တွေဘယ်ကိုရောက်နှင့်
...ရေးအတွေးဆောင်းပါးများ / ၂၀၀၀ိ -

- ကံထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောနေ့စွဲများ / ၂၅၀၀ိ -
- နတ်စည် (ကံထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ ကာရိုက်တာပြဲ့ / ၂၅၀၀ိ -
- သာထက်အောင်
  တွေးမိသမျှ ပေးမိသမျှ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့အတွေးအကြံ
  (ဩဝါဒတားလူ့အတွေးအကြံဆောင်းပါးများ) / ၃၅၀၀ိ -
- ဒဂုန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံအတွဲပြုတွဲ၊ ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်) / ၄၅၀၀ိ -
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဖာတ်လမ်း / ၂၅၀၀ိ -
- မောင်သိန်း
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့်အကျိုးအာနိသင်များ / ၂၅၀၀ိ -
- ဝဏ္ဏသိရီ
  ချုပ်ရာငြိမ်းရာ / ၁၀၀၀ိ -
- နှစ်ဖက်လှ ဦးကျော်လွင်
  ဗုဒ္ဓဃဉ်ကျေးမှုဆိုင်ရာအမေးနှစ်ရာအဖြေနှစ်ထောင် / ၂၅၀၀ိ -
  နှစ်ဘက်လှ တတ္တသိုလ်တရားများ / ၄၀၀၀ိ -
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက် / ၁၂၀၀ိ -

## ယခုထွက်ရှိသည့် စာအုပ်များ

- **တင်မောင်မြင့်**
  ကန်သာရေရိပ်မှာ
  In the Pond by Ha Jin / ၁၅၀၀ိ -
- **ပေလေးပင်နတ်မှီတောရ အရှင်ဆန္ဒာဓိက**
  မေတ္တာစစ်သည်တော် / ၁၅၀၀ိ -
- **မသီတာ(စမ်းချောင်း)**
  မပြယ်မယ့် စကားများ
  IMMORTAL WORDS
  by Terry Breverton / ၃၅၀၀ိ -










...ရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၇ ၁၃၉၆၊ ၀၉ ၅၀၇ ၁၃၉၇။

www.burmeseclassic.com

www.burmeseclassic.com

သုံးနှစ်အတွင်း အလုပ်လိပ်စာမှုပြီး
သူ့ခီရောက်လာသော
ဇနီးသည်၏ ပထမဆုံးစာမှာ
ကွာရှင်းစာချုပ်ဖြစ်သည့်
အကြောင်းသည်
လုပ်ဖော်ကိုင်ဖက်တချို့ထံ
သတင်းပျံ့မြန်ခဲ့သည်





www.burmeseclassic.com

www.burmeseclassic.com



# ဆေးဆာ

## ကောင်းကင်နီ

မြို့၏အစွန် အပန်းဖြေတောင်တန်းမှ အလှဆင်မီးရောင်စုံတွေ လင်းလက်စပြုသော နေဝင်ချိန်မှာ မြင်ရသည့် တောင်တန်းအထက်မှ အနီရောင် ကောင်းကင်ကို သူ မုန်းသည်။ သူ့မှာ ဝမ်းနည်းစရာ၊ စိတ်ပျက်စရာတစ်ခုခု ကြုံတွေ့ထားသည့် ဒီလိုနေ့မျိုးမှာ ပိုမုန်းသည်။ ညနေ ၆ နာရီမှာမှ အနားယူရသော သူ၏ ၁၅ မိနစ် ကော်ဖီအချိန်တိုင်း ကော်ဖီခန်းမှ လှမ်းမြင်ရသော တောင်တန်းအထက် ဤကောင်းကင်သည် နေဝင်ချိန်တိုင်း အနီရောင်ပဲလားဟု သူ စဉ်းစားကြည့်တော့ မသေချာပြန်။ တစ်ခါတစ်ရံ အတွေးပေါင်းစုံနှင့် ရှေ့မြင်ကွင်းကို ကြည့်နေလျက် ဘာကိုမျှ မမြင်နိုင်သော နေ့များလည်း သူ့မှာ ရှိခဲ့ဖူးသည်။ ကော်ဖီခွက်ကိုကိုင်ကာ တစ်ငုံမျှ မသောက်နိုင်သေးသော သူ့အနောက်နားမှ ခြေသံများကြောင့် လှည့်ကြည့်တော့ ကော်ဖီသောက်ရန် ဝင်လာသော လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတချို့ကို မြင်ရသည်။

'ဘယ်လိုလဲ လင်း၊ ဘာတွေ ထူးသေးလဲ' မိတ်ဆွေမလေး လယ်ရာ၏အမေးကို သူ အပြုံးဖျော့ဖျော့နှင့်ခေါင်းခါပြတော့ သူ့လက်ဖျားတွေကို တစ်ချက်ဆုပ်ထွေးရင်း

www.burmeseclassic.com

www.burmeseclassic.com

'စိတ်ပျော်အောင် နေပါ'ဟု လယ်ရာက နှစ်သိမ့်သည်။ လွန်ခဲ့သော ရက်သတ္တပတ်က သူ့အလုပ်သို့ လိပ်မူကာ ရောက်လာသော စာချုပ်တစ်စောင်ကြောင့် သူ့အပေါ် ကရုဏာသက်နေကြမှန်း သူသိပါသည်။ လယ်ရာတို့အဖွဲ့ ပြန်ထွက်သွားတာကို ငေးနေရာမှ မှန်နံရံအပြင်ဘက်သို့ သူ ပြန်ကြည့်လိုက်တော့ ကောင်းကင်တွင် အနီရောင်တို့ ပျောက်ကွယ်လုအောင် အမှောင်ဖုံးလာသည်။ အမှောင်ကြောင့် ပိုလင်းလက်လာသော မီးရောင်စုံတို့ဖြင့် အဝေးမှ တောင်တန်းကိုလည်း မီးစောင်းတန်းကြီးသဖွယ် လှမ်းမြင်ရသည်။

❑

အေးခိုက်သော ညဥ့်လေရိုင်းတွေကြားမှာ မည်းနက်သော ကတ္တရာလမ်းပြင်ပေါ် ခြေလှမ်းချရိန်သည် မနက် ၃ နာရီကျော်ခဲ့ပြီ။ သူ အလုပ်လုပ်နေသည့် ရေခဲစကိတ်ကွင်းတွင် ရှုရှားဘဲလေးကခြေသည်အဖွဲ့ လာရောက်ဖျော်ဖြေမည် ဖြစ်သဖြင့် ၃ ရက်ဆက်တိုက် သူ ညဂျူတီ ဆင်းရသည်။ စကိတ်ကွင်း ထည့်သွင်းတည်ဆောက်ထားသည့် ရှောပင်းမောပိတ်ချိန် ည ၁၀ နာရီကျော်မှ စကိတ်ကွင်း မွမ်းမံပြင်ဆင်ရေး စ,ရသည်မို့ နေ့စဉ် သူ့အလုပ်ဆင်းချိန်မှာ ညဥ့်တစ်နာရီကျော်မှ ဖြစ်သည်။ ယခုကဲ့သို့ ဖျော်ဖြေပွဲများရှိလျှင် ရေခဲပြင် ထပ်ညှိရ၊ မီးဆလိုက် ပြင်ရနှင့် တစ်ခါတစ်ရံ မိုးစင်စင်လင်းတတ်သည်။

**သားကလေး နှစ်နှစ်သားကတည်းက ယောက်ျားအနားမှာ မရှိဘဲ ယောက္ခမ နှစ်ယောက် တစ်လှည့်စီ ပြုစုရ စကား မပြောတတ်တဲ့ ယောက်မကို စောင့်ရှောက်ရနဲ့ ကျွန်မ ငြီးငွေ့နေပြီ**

နေ့ဘက်မှာ အပူရှိန်ရှိသေး၍ ဆောင်းဦးနိဝင်ဘာသည် မသိသာလှပေမဲ့ ယခုလို ညဥ့်နက်ချိန်မှာတော့ မေးခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည်။ အပေါ်ဝတ်ဂျာကင်ကို ဆွဲစေ့ရင်း 'ဒီအချိန်ဆို သားတို့ဆီမှာ မိုးစင်စင်လင်းနေပြီပဲ'ဟု သားထံသို့ အတွေး ရောက်သွားသည်။

'ဖေဖေ့ကို သနားလို့'

တစ်ဆို့ဆို့ သားအသံလေးကို ကြားယောင်မိတော့ သူ မျက်ရည်ဝဲမိသည်။

'မိဘအပေါ် သိတတ်တဲ့ ကျေးဇူးတရားကြောင့် ကိုလင်း ခံစားရတဲ့ ကောင်းကျိုးပဲလို့ စိတ်ဖြေရင်း သားကို ထားခဲ့ပါ့မယ်။ အနေမနီးဘဲနဲ့ အုံ့ဩစရာကောင်းအောင် ကိုလင်းသားက အဖေကို သိတတ်တယ်။ ကျွန်မကိုတော့ မုန်းတောင် မုန်းသွားပြီလား မသိဘူး၊ လုံးဝ စကားမပြောတော့ဘူး'

လမ်းမီးရောင်တွေအောက်မှာ တဖွဲဖွဲ မြင်ရသော မြူတွေက သူ့ခေါင်းပေါ် စုပြုံခဲ ကျလာသလို သူ့ရင်ထဲမှာ ကျဉ်ခနဲ အေးစက်လာသည်။

'ရက်စက်လိုက်တာ'

အကြိမ်များစွာ ရေရွတ်ခဲ့ပြီးသားပေမဲ့ သူ့နာကျင်မှုက လျော့မသွားနိုင်သေး။ ယခုအချိန်ဆိုလျှင် သူမလိုချင်သော ကွာရှင်းစာချုပ်သည် ခင်မြတ်သစ်၏ လက်ထဲသို့ ရောက်နေပေတော့မည်။ သုံးနှစ်အတွင်း အလုပ်လိပ်စာမူပြီး သူ့ဆီရောက်လာသော ဇနီးသည်၏ ပထမဆုံးစာမှာ ကွာရှင်းစာချုပ်ဖြစ်သည့် အကြောင်းသည် လုပ်ဖော်ကိုင်ဖက်တချို့ထံ သတင်းပျံ့မြန်ခဲ့သည်။ သူတစ်ပါးတို့၏ ကရုဏာအကြည့်တွေကို ဂရုမစိုက်မိအောင်ထိ သူ့စိတ်မှာ တဒင်္ဂ ထုံကျဉ်အေးစက်ခဲ့ရသော ထိုတစ်နေ့ကို သူ မမေ့နိုင်ခဲ့။ သူ့ကို မထောက်လျှင်ပင် သားမျက်နှာကို ကြည့်ဖို့ သူ့လျှောက်လဲချက်များကို ခင်မြတ်သစ်က အကြိမ်ကြိမ် ငြင်းပယ်ခဲ့သည်။

'ကျွန်မ မှားတယ်ဆိုပေမဲ့ ကိုလင်း နားလည်ပေးဖို့ တောင်းပန်ချင်တယ်။

မိသားစုဘဝ ပြည့်ပြည့်ဝဝရမလားလို့ ကိုလင်းကို လက်ထပ်ခဲ့ပေမဲ့ သားကလေး နှစ်နှစ်သားကတည်းက ယောကျ်ားအနားမှာ မရှိဘဲ ယောက္ခမနှစ်ယောက် တစ်လှည့်စီ ပြုစုရ၊ စကားမပြောတတ်တဲ့ ယောက်မကို စောင့်ရှောက်ရနဲ့ ကျွန်မ ငြီးငွေ့နေပြီ။ ယောက်ျားရှာတဲ့ငွေကို ကိုယ့်မိသားစု အနာဂတ်အတွက်ဆိုတာ စဉ်းစားမရအောင် ဒါတွေအတွက်ပဲ လှည့်ပတ်သုံးနေရတာ မောလှပြီ'

ခင်မြတ်သစ်၏ နောက်ဆုံး အကြောင်းပြချက်ကိုတော့ သူ ထပ်မလျှောက်လဲနိုင်ခဲ့။ အိမ်ထောင်သက် ၁၂ နှစ်လုံး၊ သူအဝေးကို ရောက်ရသည့် ၉ နှစ်လုံးလုံးအတွက် ခင်မြတ်သစ်ကို အားနာခဲ့ရသည့် ထိုအချက်အတွက်ပဲ ခင်မြတ်သစ်လိုချင်သော အခွင့်အရေးကို ပေးဖြစ်ခဲ့သည်။ သားကလေး နှစ်နှစ်သားအရွယ်ကစ စင်ကာပူသို့ သူ အလုပ်ထွက်လုပ်ခဲ့သည့် လေးနှစ်အတွင်း ကင်ဆာရောဂါသည် သူ့ဖခင်ကြီးကို ကုသရသဖြင့် ငွေအများကြီး မစုမိခဲ့။ သူ့အဖေဆုံးတော့ မိသားစုနှင့် နေနိုင်ရန် မြန်မာနိုင်ငံသို့ သူ ပြန်ခဲ့သည်။ ရန်ကုန်မှာ တက္ကစီဆွဲရင်း တစ်နှစ်လောက် ရုန်းကန်ကြည့်ခဲ့သေးသည်။ အိမ်စရိတ်လောက်ငပေမဲ့ ပန်းနာရင်ကျပ်ရောဂါသည် မိခင်ကြီးကို ကောင်းကောင်းမွန်မွန် ပြုစုချင်စိတ်နှင့် သားကလေး အနာဂတ်အတွက် ဒုတိယအကြိမ် မြေခြားခရီးသို့ သမုဒ္ဒရာနှစ်စင်းကိုဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

င်သို့ ရောက်ခဲ့တာ သုံး င် စွန်းခဲ့ပြီ။

လွန်ခဲ့သည့်နှစ်ကစ သူ ရက်တိုင်း အွန်လိုင်းဗီဒီ (Skype)မှာ သားကလေး တွေ့ပေးရန် ခင်မြတ်သစ် လျှင် မျက်နှာအမူအရာ စက်လာတာ သူ သတိ ခဲ့သည်။ 'ပြောစရာ ရှိ ယ်…'ဟု စကားဦးသန်း သက်ပြင်းချကာ နောက်မှ ဟု စကားလျှော့လျှော့ တတ်သော ခင်မြတ်သစ် ကြောင့် စိတ်ထင့်ခဲ့ရသော သူ တွက် မကြာမီရောက်လာ သော ညီမငယ်၏ အီးမေးလ် ကြောင့် ရင်တွင်း မီး ောင်ခဲ့ရသည်။

'ကိုကို စိတ်ဆင်းရဲမှာ ို့ မပြောချင်ပေမဲ့ အခု ညီမလေး ခင်ပွန်းနဲ့တောင် တို့ကို တွေ့လာတယ်ဆို တော့ နောင်ဆို ပိုရှုက်ရတော့ ။ မသစ်က နောက်ဆုတ် ပုံ မရှိဘူး။ ညီမလေး ည်း ရှက်ရှက်နဲ့ မနေ့က ကို သွားပြောတော့ ကိုကို့ တောင်းပန်ပြီး ကွာရှင်း လို့၊ သူပြောမလို့ ကြိုး တာ မပြောရက်လို့တဲ့။ ဟို က သူငယ်ငယ်က ကွဲ တဲ့ သူ့သံယောဇဉ် ရှိခဲ့ သူဆိုတော့ သာမန်အပျော် အဆင့် မဟုတ်ဘူးတဲ့။ လည်း ဒီမိသားစု ဒဏ် က်မခံချင်တော့ဘူးတဲ့။ ကိုပဲ ပြတ်ပြတ်သားသား ဖြတ်ပါ။ ကိုကို့နောက် ယ်မှာ သူရှုပ်နေရင် အဝေး အလုပ်လုပ်နေရတဲ့ ကိုကို့ ထိခိုက်လိမ့်မယ်။ မေမေ၊ နဲ့ ထူးထူးလေးတို့ကို အနီး ပ် စောင့်ရှောက်ဖို့က မပူပါနဲ့။ ညီမလေးတို့မိသားစု သွား နေပြီး စောင့်ရှောက်ပါ့မယ်။ ထူးထူးလေးကိုတော့ သနား တယ်။ ခြောက်တန်းတောင် တက်ရတော့မှာဆိုတော့ ကလေးက သိတတ်နေပြီ။ အမေ့ကိစ္စလည်း ရှက်ပုံရ တယ်။ မသစ်နဲ့ မျက်နှာချင်း တောင် မဆိုင်ဘူး။ ညီမလေး မေးကြည့်တော့ ဖေဖေနဲ့ တစ် သက်လုံး နေမှာတဲ့'

သူ့အမေမပါဘဲ အဒေါ် ဖြစ်သူနှင့် အွန်လိုင်းလာသုံး သည့်နေ့က သူ့ကိုကြည့်ပြီး သားကလေး ငိုသည်။

'မေမေ အဝေးကိုသွားဖို့ ဖေဖေ ခွင့်ပေးလိုက်ပြီ၊ သား နေခဲ့လို့ ဖေဖေ သိပ်ဝမ်းသာ တယ်။ သားကို ကျေးဇူး လည်းတင်တယ်။ နောက် နှစ်နှစ်လောက်ဆို သားနဲ့နေဖို့ ဖေဖေ ပြန်လာနိုင်ပြီ။ ဖေဖေ ငါ့သားအနားမှာ မနေနိုင်ရင် သားလည်း ဖေဖေ့ကိုမချစ်ဘဲ နေဦးမယ်'

BURMESE CLASSIC

သားကလေး စိတ် သက်သာအောင် သူက အရယ်တစ်ဝက်နှင့်ပြောခိုက် သားက မျက်ရည်တစ်ချက် သုတ်ရင်း ပြောသည်။

'ဖေဖေ့ကို အမြဲချစ်မှာ ပါ၊ ဖေဖေ့ကို သနားလို့'

ပေးဆပ်ခြင်းတစ်ခုနှင့် သာ ဘဝကို ရှင်သန်ကြီးပြင်း ရမည့် သူ့အတွက် တရားမျှ တမှုရှိအောင် လောကကြီး သည် သားကို ဖန်ဆင်းပေးခဲ့ သေးတာပဲဟု သူတွေးမိခဲ့ သည်။

အတွေးပေါင်းစုံ နှင့် လျှောက်နေရင်း ရှေ့မှာ သူ နေထိုင်သည့် အိမ်ပုကလေး ကို လှမ်းမြင်ရတော့ သား ကလေးဆီ အမြန်ပြန်ရောက် နိုင်သည့် အမြင့်ပျံ လေယာဉ် တွေကို မြင်လိုမြင်ငြား မော့ ကြည့်မိသည်။ မြူမှုန်တဖွဲဖွဲ ကို ဖြတ်မြင်ရသော မီးရောင် စုံနှင့် လေယာဉ်နှစ်စင်းကို ကြည့်ရင်း စိတ်လွတ်ကိုယ် လွတ် အော်ဟစ်ပစ်ချင်စိတ် ပေါက်လာသည်။

❑

သူ့ဘဝမှာ စိတ်လွတ် ကိုယ်လွတ် ပျော်ခဲ့ရသည့် အချိန်ဆိုသည်မှာ စက်မှုသိပ္ပံ ကျောင်းသားဘဝတစ်လျှောက် သာ မှတ်မှတ်ရရ အနည်းငယ် ရှိခဲ့သည်။ ကျောင်းဆရာ ဖခင်နှင့် ဈေးသည်မိခင်တို့၏ ပင်ပန်းဆင်းရဲစွာ ထောက်ပံ့မှု များနှင့် အသက်မွေးဝမ်း ကျောင်း ဒီပလိုမာတစ်ခု ရခဲ့ သည်။ ကျောင်းပြီး၍ အိမ် တာဝန်တွေတစ်လှည့် သူယူ နေချိန်မှာ ခင်မြတ်သစ်နှင့် တွေ့ခဲ့သည်။ သူအလုပ်လုပ် သော ကားဝပ်ရှော့ပိုင်ရှင် ညီမဝမ်းကွဲဖြစ်သူ ခင်မြတ် သစ်တစ်ယောက် တစ် ကောင်ကြွက်ဘဝနှင့် နယ်မှ ရောက်လာပြီး မကြာခင် သူနှင့် လက်ထပ်ဖြစ်သည်။ ညီမအငယ်ဆုံးလည်း ဘွဲ့ရပြီ မို့ သူ့အမေ၏ တိုက်တွန်းမှု နှင့် ယောက်မမျက်နှာ ကြည့် နေရသော ခင်မြတ်သစ်ကို ကရုဏာတရား အရင်းခံကာ သူ လက်တွဲဖြစ်ခဲ့ခြင်း ဖြစ် သည်။ ဘဝချင်း မကွာကြ သူတွေမို့ သူ့ဘဝအပေါ် စာ နာနိုင်လိမ့်မည်ဟု သူထင်ခဲ့ တာတွေသည် အခုတော့ အိပ် မက်ပမာပင်။

❑

'အလို လင်းတစ် ယောက် တောင်တန်းကြီးကို ငေးနေပြန်ပြီ၊ အဆင်ပြေရဲ့ လား'

သူ့လက်မောင်းတစ် ဖက်ကို တွန်းတိုက်ကြည့်ရင်း ကော်ဖီခွက်ကလေး မြှောက် ကာ အော်ပြောလိုက်သော လယ်ရာ့အသံကြောင့် သူ ပြုံး လိုက်မိသည်။

'ကိုယ်က တောင်တန်း ကြီးကို မမြင်ပါဘူး။ သူ့ အထက်က ကောင်းကင်ကို ကြည့်နေတာ။ နေ့တိုင်းလို ရုပ်ဆိုးပန်းဆိုး နီရဲမနေပါလား လို့။ အခုလို နေဝင်ချိန်အညို ရောင်က တော်တော် ကြည့် ကောင်းတယ်လယ်ရာ'

သူ့စကားကို လယ်ရာ က သဘောကျသလို ဟက် ဟက်ပက်ပက် ရယ်နေသည်။

'အို ဆောင်းဦးကျော်လို့ ဆောင်းလယ်တောင် ရောက် ပြီကော၊ ရာသီဥတုပူပြီး သဲ မုန်တိုင်းတွေ လာချိန်သာ ကောင်းကင်နီရဲတတ်တာပါ လင်းရယ်။ ကျန်တဲ့အချိန်ဆို ဒီလို အရောင်တွေပါပဲ။

'ကဲ ကိုယ်သွားပြီ၊ ကောင်းကင်ကြီး နီလာမလား စောင့်ကြည့်ပြီး ကျန်ခဲ့ဦး'

လယ်ရာ နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်ထိ မှန်နံရံ အပြင်ကို ငေးရင်း သူ ကျန် ခဲ့သည်။ သူ၏ အရင်းနှီးဆုံး မိတ်ဆွေထဲက တစ်ဦးဖြစ် သော ဖိလစ်ပိုင်မလေး လယ် ရာသည် ခင်မြတ်သစ်၏ ကွာ ရှင်းစာချုပ် သူ့ဆီ ရောက်လာ သည့်နေ့က သူ့အကြောင်းကို စိတ်လိုလက်ရ မေးခဲ့သည်။ စကိတ်အလှစီး နည်းပြလေး လယ်ရာက အိမ်ထောင်မရှိ လူလွတ်ပေမဲ့ သူမနိုင်ငံမှာ



www.burmeseclassic.com

www.burmeseclassic.com

ငါးနှစ်သမီးလေး ရှိသည့် Single Mother ဖြစ်သည်။ သူတို့ဆီမှာတော့ ကွာရှင်းဖို့က သိပ်စရိတ်ကြီးလို့ တော်ရုံတန်ရုံ အိမ်ထောင်မပြုကြဘူးဟု ပြောခဲ့သည်။ ခင်မြတ်သစ် ဘာကြောင့် ကွာရှင်းချင်ရတာလဲဆိုသော လယ်ရာ၏ တအံ့တဩ မေးခွန်းကိုတော့ သူ ကြိုးစားဖြေခဲ့ရပါသည်။

'ကိုယ်တို့နိုင်ငံမှာတော့ လက်ထပ်ပြီးမှပဲ နှစ်ယောက်ဘဝကို တည်ဆောက်နိုင်တာ လယ်ရာ။ နှစ်ဦးနှစ်ဖက် ချစ်လို့လက်ထပ်ပြီး ကလေးတွေ ဘာတွေနဲ့ မိသားစုလို ဖြစ်လာရင်လည်း ကွဲကွာကြတာ ရှားပါတယ်။ ကိုယ့်အမျိုးသမီးကတော့ မိသားစုဘဝ လိုချင်ရုံသက်သက်၊ အချစ်မပါဘဲ ကိုယ့်ကို လက်ထပ်ခဲ့ပုံပဲ။ ဒါကြောင့်လည်း ကိုယ့်ဘဝအခြေအနေအရ သူ့အနား ကိုယ်မနေနိုင်၊ သူလိုချင်တဲ့ ဘဝနေထိုင်မှုပုံစံ ကိုယ်မပေးနိုင်လို့ ကိုယ့်ကို စွန့်ခွာသွားတာလေ'

လယ်ရာ့မေးခွန်းကို ဖြေကြည့်ရင်း အခုတော့ သူကိုယ်တိုင်လည်း ခင်မြတ်သစ်ကို နားလည်အောင် ကြိုးစားနိုင်ခဲ့ပြီဟု ထင်သည်။ အလုပ်ပင်ပန်းတာတစ်ပိုင်း၊ စိတ်ဖိစီးမှုတစ်ပိုင်းနှင့် အရက်ကို အဖော်ပြုမိသော သူ့နေ့ရက်များကနေ လွတ်မြောက်နိုင်အောင်လည်း သူ ကြိုးစားရဦးမည်။

'ဖေဖေ ကျန်းမာရေး ဂရုစိုက်ပါနော်။ အရက်တွေ အများကြီး မသောက်နဲ့နော်။ ဖေဖေ ပြန်လာနိုင်မယ့်ရက်ကို သားက တစ်ရက်ချင်းလျှော့ပြီး တွက်ထားတာ အရင်က ထက်စာရင် နီးလာပြီ ဖေဖေ'

'မိသားစုအပေါ် သိတတ်တဲ့ ငါ့သားကြီးအတွက် ကံကောင်းမှုဆိုတာ ရှိလာမှာပါ၊ စိတ်မပျက်ပါနဲ့ သားရယ်'

'မသစ် အိမ်က ထွက်သွားတဲ့နေ့က မမက နားလည်ပုံရတယ်၊ သူ့ရင်ဘတ်ကိုဖိပြီး ကိုကို့နာမည်ကို ဗလုံးဗထွေးတ,ပြီး ငိုလိုက်တာ ချော့မရဘူး'

သူ့အပေါ် တန်ဖိုးထားတွယ်မိကြသူတွေကို မျက်နှာမှုရင်း ကြိုးတစ်မျှင်ကို ဖြတ်တောက်သွားသည့် ခင်မြတ်သစ်ကို သူသည်လည်း မေ့ပစ်နိုင်ရန် ကြိုးစားရမည်။ ဘဝခရီးမှာ သူနှင့်အတူတူ ဆိုးတူကောင်းဖက်အဖြစ် ဝေမျှ မယူလိုတော့သော ခင်မြတ်သစ်တစ်ယောက် လွတ်လပ်စွာ သွားနိုင်ပါစေတော့။ သူကတော့ သူတန်ဖိုးထားရမည်ဖြစ်သော သူ့အသိုက်အမြုံလေးအတွက် အငေး… တစ်နေရာမှာ နှစ်အတန်ကြာ… အောင် ရှိမြဲ ရှိနေဦးမည်သာ…

❑

မှန်နံရံ အပြင်ဘက်… မှာ ငှက်တစ်အုပ်က တောင်… ခြေရှိ စွန်ပလွံတောတွေ… ဖြတ်ပျံသွားသည်။ သူငေး… သော ညိုပြာရောင် ဆည်း… ကောင်းကင်တွင် တောင်… တန်းပေါ်က မီးရောင်စုံ… နှင့်အပြိုင် ကြယ်ကလေး… ထွက်ပြူလာတာ လှမ်းမြင်… ရိုက်၊ ကော်ဖီခန်းကို … ကျောခိုင်းလိုက်သည်။ … တော့ သဲမုန်တိုင်းလာမည်… သတင်းကြေညာသောနေ့မှ… မှာ ကော်ဖီချိန်ရောက်လျှင်… ညနေရာသို့ ဘယ်သောအ… မျှ သူ ခြေမချရန်လည်း … ဖြတ်ချက်ချလိုက်မိသည်။

■

BURMESE CLASSIC

ဆေးဆေ…

ဘာသာစကား သင်တန်း

English Language Classes

U San Lin Tun
B.E (Metallurgy),Y.I.T
M.A(Thesis),ITBMU

Basic English Conversation
Vocabulary Enrichment Course (Basic)
Phonetics
Basic Writing Course (Academics)
Advanced English/Creative Writing Course

Chinese Language Classe…

Daw Moe Moe Lwin
B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လ…
ပုံမှန် (ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်။
ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက်
တရုတ်စာ 4 skills တတ်မြောက်စေရန်
သင်ကြားပေးသည်။

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း-၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
✆ 01 245211, 01 251850, 09 49329071, 09 250280028

www.burmeseclassic.com

www.burmeseclassic.com

# ရွှေအမြုတေများသို့···

**ဝင်းငြိမ်း**

၂၀၀၀ ပြည့်နှစ်က စတင်ပြီး ဖော်ပြပေးခဲ့တဲ့ ရွှေအသစ်ကဏ္ဍကို ၂၀၁၄ ခုနှစ် စက်တင်ဘာလထုတ်က စတင်ပြီး ဖြုတ်ပစ်လိုက်ပါပြီလို့ ကျွန်တော် ကြေညာခဲ့ပါတယ်။ ရွှေအသစ် ဖြုတ်လိုက်ပြီဆိုတဲ့အတွက် ဝမ်းနည်းကြသူတွေရှိသလို ဝမ်းမြောက်ဝမ်းသာ သက်ပမ်းပေါက်ခတ်တဲ့သူတွေလည်း ရှိမှာပါပဲ။ ဘယ်သူ ဝမ်းသာသည်ဖြစ်စေ၊ ဘယ်သူဝမ်းနည်းသည်ဖြစ်စေ ကျွန်တော့်စိတ် ဆုံးဖြတ်ချက်နဲ့ လုပ်ခဲ့တာပါ။ ဒါပေမဲ့ စာရေးဝါသနာပါသူတွေဘက်က ကျွန်တော့်အပေါ်မှာ မေတ္တာရပ်ခံတဲ့သူတွေ အများကြီးပါပဲ။ တချို့စာတွေကို ကျွန်တော် ပြီးခဲ့တဲ့လက ဖော်ပြပေးခဲ့ပြီးပါပြီ။ ဆိုခဲ့ပြီးတဲ့အတိုင်း ကျွန်တော် ဘန်ကောက်မှာ ရှိနေစဉ် အချိန်အတွင်း ရွှေအသစ်ကဏ္ဍအတွက် အလေးအနက်စဉ်းစားခဲ့ပါတယ်။ ဒီကဏ္ဍဟာ ကျွန်တော့်အတွက် ရင်နှစ်သည်းချာ လိုပါပဲ။ ကလောင်ရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အဲဒီကလောင်ရှင်တွေက ဒီနေ့ မြန်မာမဂ္ဂဇင်းများ စာမျက်နှာထက်မှာ နေရာယူနိုင်သူတွေလည်း ဖြစ်နေကြပါပြီ။ အဲဒီအတွက် ကျွန်တော် ပီတိဖြစ်တာ အမှန်ပါပဲ။ သူတို့တစ်တွေဟာ ကျွန်တော့်အတွက် သားရင်းသမီးရင်းများနဲ့ မခြားပါဘူး။ ရွှေအသစ်ကဏ္ဍကို ဖြုတ်လိုက်တဲ့အတွက် နောက်ထပ် တိုးပွားလာမယ့် သားသမီးများကို မလာကြနဲ့တော့လို့ တားလိုက်သလို ဖြစ်သွားပါတယ်။ အဲဒါကို တွေးမိတော့ ဖြစ်ခဲ့တဲ့ဒေါသကို မေ့ပစ်လိုက်ပြီး ရွှေအသစ်ကဏ္ဍကို ဒီဇင်ဘာလထုတ်က စတင်ကာ ပြန်လည်ဖော်ပြပေးပါမယ်။ အမှန်ကတော့ ဒီလမှာ ညှပ်ပေးဖို့ပါပဲ။ ဒါပေမဲ့ ကျွန်တော်က ဖြုတ်လိုက်ပြီဆိုလို့ တခြားမဂ္ဂဇင်းကို ပို့မိပါတယ်ဆိုတဲ့ အကြောင်းပြချက်တွေ ဝင်လာနိုင်ပါတယ်။ ဒါကြောင့် ဒီဇင်ဘာ ၈ ရက်အထိ ကျွန်တော်စောင့်နေပါမယ်။ ကိုယ့်စာမူကို တခြားမဂ္ဂဇင်း ပို့ထားပြီးပြီဆိုသူတွေက ရွှေအမြုတေကို ကိုယ့်စာမူ ပယ်ဖျက်ပေးဖို့ စာနဲ့ဖြစ်စေ၊ ဖုန်းနဲ့ဖြစ်စေ ဆက်သွယ်အကြောင်းကြားပါ။ ရွှေအမြုတေ တယ်လီဖုန်းနံပါတ် မသိသူများဆိုရင် ဒီနေရာကပဲ ပြောလိုက်ပါမယ်။ ၀၁-၉၀၁၀၁၁၅ ဖြစ်ပါတယ်။ ဇွဲစ်ဘွတ်ခ်ကနေ မပြောပါနဲ့။ တရားဝင်ပြောပါ။ ဘလော့ဂ်မှာ ရေးသူတွေကို ကျွန်တော် ခပိတ်ပင်ပါ။ ဒါပေမဲ့ ရွှေအမြုတေကို ပို့မယ်ဆိုရင်တော့ အွန်လိုင်းမှာ မတင်ရသေးတဲ့ ဝတ္ထုအသစ်စက်စက်သာ လိုချင်ပါတယ်။ အကယ်၍ ဖော်ပြပြီးခါမှ အွန်လိုင်းမှာ တင်ပြီးသားလို့ သိလာရရင် အဲဒီကလောင်ရှင်ကို ရွှေအမြုတေက ရာသက်ပန် ပယ်မှာပါ။ ဒါကြောင့် ဘလော့ဂ်ဂါများလည်း အသစ်ရေးမယ်ဆိုရင် Welcome ပါ။ ဒီခေတ်မှာ ကိုယ့်ဝတ္ထုကိုယ်စု၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ထုတ် လုပ်ရတာ အရမ်းလွယ်ပါတယ်။ ရွှေကိုလည်း ပို့ထားမယ်၊ ကိုယ်လုပ်တဲ့ဝတ္ထုတိုပေါင်းချုပ်မှာလည်း ထည့်လိုက်ဦးမယ် မလုပ်ပါနဲ့။ ရွှေမှာပါတဲ့အချိန် အဲဒီဆရာ၊ ဆရာမရဲ့ဝတ္ထုတို ပေါင်းချုပ်ထဲမှာ ပါပြီးသားဆိုရင်လည်း အဲဒီကလောင်ကို ကျွန်တော် ပိတ်ပါမယ်။ ဒီလောက်ဆိုရင် ကျွန်တော့်သဘောထားကို သိလောက်ပြီ ထင်ပါတယ်။ အားလုံးကို ရင်ဖွင့်ကြိုဆိုလျက်ပါ။

■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ထိုအိမ်သည် ဝါးခင်း၊
ထရံကာ၊ ခနိမိုးအိမ်အိုလေး
တစ်လုံးသာဖြစ်သည်။
သေးငယ်
မှောင်ကုပ်ခြင်းသည်
ထိုအိမ်၏
အမှတ်သညာဖြစ်သည်။
ခြံဟု သတ်မှတ်ခေါ်ဆို၍
မရနိုင်သော
မြေကွက်လပ်တွင်
အိမ်သည် ရှည်လျားသော
မြက်ရိုင်းပင်များကြား
ငုတ်ငုတ်ကလေး
တည်ရှိသည်။
ရပ်ကွက်၏နောက်ဘက်
အစွန်ဆုံးနေရာ
ဖြစ်သောကြောင့်
တစ်အိမ်တည်း
လွတ်ထွက်နေသည်ဟု
ထင်မှတ်ရသည်။
ခပ်ဝေးဝေးမှကြည့်လျှင်
အိမ်သည် လမ်းဘေးတွင်
လဲလျောင်းနေသော
အလေအလွင့်
လူမမာတစ်ဦးနှင့်ပင်
တူနေသေးသည်။
အိမ်သည် အိမ်ဟု
ဆိုသော်ငြား
လူနေသောအိမ်၏
လှုပ်ရှားသက်ဝင်မှုမျိုး မရှိ။
ငိုကြွေးအော်ဟစ်သံ မရှိ။
ရယ်မောမြူးထူးသံ မရှိ။
ချက်ပြုတ်လျှော်ဖွပ်သံ မရှိ။
ဆဲဆိုရိုက်ပုတ်သံ မရှိ။
ထိုအိမ်ဆီမှ ညနေ
ညီအစ်ကိုမသိတသိ
အချိန်တွင်သာ
တိုးလျှိုးညင်သာသော
အသံတစ်ခုကို
ကြားရမည်ဖြစ်သည်။
ရင်ခေါင်းထဲမှလာသော
အသံသည်
လည်ပင်းမှတစ်ဆင့်
ဆို့နစ်လေးပင်စွာ
ထွက်ပေါ်လာသော
အောရှုတုန်ယင်နေသည့်
အသံမျိုးဖြစ်သည်။
ထူးဆန်းသည်မှာ
ထိုအသံကို
သေချာနားထောင်

www.burmeseclassic.com

ကြည့်လျှင် ဝမ်းနည်းထိခိုက်မှုသည် ကိုယ့်ဆီ အလိုအလျောက် ကူးစက်လာကာ ကြက်သီးဖြန်းဖြန်း ထတတ်ခြင်းပင်ဖြစ်သည်။ သက်ကြီးရွယ်အို တချို့ကမူ ထိုအသံကို ကြားလျှင် မျက်ရည်စို့လာတတ်ကြသည်ဟူသတည်း။ ❑

ပလတ်စတစ်နှင့် အမှိုက်သရိုက်များသည် ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲလျက်ရှိသည်။ လေတဖျပ်ဖျပ် လူးနေသောအသံ၊ ကြွပ်ကြွပ်အိတ်များ၏ တချွတ်ချွတ်မြည်သံသည် နာလိုဖွယ်မကောင်းစွာ ထွက်ပေါ်နေသည်။ ပင်စည်အလယ်မှ တိတိရိရိ ခုတ်ဖြတ်ထားသော ပျဉ်းမပင်အိုထွားထွားသည် အိမ်၏ ခြေရင်းထောင့်နား ခပ်ကျကျတွင် ညှိုမည်းရှုံ့တွနေသော အရောင်အသွေးဖြင့် ချောက်ချားဖွယ်ငြိမ်သက် လျက်ရှိသည်။ ထို့ပြင် အမှောင်ထုဘက် ကူးနေပြီဖြစ်သော ပတ်ဝန်းကျင်သည် မှိုင်းပျဝေဝါးစွာ တိတ်ဆိတ်နေလေသည်။

ရှည်လျားသော မြက်ရိုင်းပင်များသည် တစ်စုံတစ်ရာ၏ တိုးဝှေ့မှုကြောင့် ယိမ်းနွဲ့လှုပ်ခါသွားကြသည်။ သေးသွယ်နုငယ်သော ခြေတစ်စုံ။ ထိုခြေထောက်များသည် ဖိနပ်ကင်းမဲ့လျက် ဖုန်အလိမ်းလိမ်း ကြေးအထပ်ထပ်နှင့် ညစ်ပတ်နေသည်။ ဦးတည်ရာသည် အိမ်ဆီသို့ ဖြစ်သည်။ တစ်ချက်တစ်ချက် ခြေလှမ်းများသည် နေရာတွင် ခေတ္တမျှ တန့်သွားသည်။ တစ်ဖန် တုန်ယင်နှေးကွေးစွာ ရှေ့ဆက်ပြန်သည်။ ထိုအခိုက်

မှေးစင်း
သေးငယ်သော
မျက်လုံးတစ်စုံသည်
ကလေးငယ်အား
မမှိတ်မသုန်
စိုက်ကြည့်လျက်
ရှိသည်
မျက်တွင်း
ဟောက်ပက်ထဲမှ
မှေးစင်းစင်း
မျက်လုံးများသည်
လှုပ်ရှားမှု
ကင်းလျက်
အသက်မဲ့သလို
ဖြစ်နေလေရာ
စိတ်နှင့်ခန္ဓာ
ကင်းကွာနေသူ
တစ်ယောက်၏
သဏ္ဌာန်မျိုး
ပေါ်လွင်
နေတော့သည်

ထက်ရှသော မြက်ရိုင်းပင်၏ အသွားများသည် သေးနုသော သလုံးသားကို ဖြတ်တိုက်လိုက်ကြသည်။ သွေးစို့သော အစင်းရာတစ်ခု ချက်ချင်းဖြစ်ပေါ်လာသည်။

'အ ရွှတ်'

သွားကိုစေ့၍ အံကြိတ်ညည်းညူလိုက်သောအသံ။ ထိုအသံသည် ကလေးငယ်တစ်ယောက်၏ အသံဖြစ်သည်။ ကလေးငယ်သည် အသက်ခြောက်နှစ် မပြည့်တပြည့်မျှသာ ရှိဦးမည်။ အဖြူအစိမ်း ကျောင်းဝတ်စုံသည် ကိုယ်မှမကွာသေး။

ကလေးငယ်သည် သလုံးသားကို လက်ဖြင့် ဖျစ်ညှစ်ပွတ်သပ်လိုက်ပြီး အိမ်ဆီသို့ စိတ်ဝင်တစား လှမ်းကြည့်ကာ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းပြန်သည်။

အိမ်ရှေ့သို့ ရောက်နေပြီ။ ကလေးငယ်သည် ကြောက်ရွံ့လာသလို ရှိသည်။ ခနော်ခနဲ့ လှေကားနားတွင် ရပ်ငေးကာ ချီတုံချတုံ တွေဝေနေသည်။ သို့သော် မကြာမီ ကလေးငယ်သည် အိမ်၏ လူတစ်ကိုယ်စာဆံ့ရုံ ရှေ့ဝါးကပြင်တွင်ရပ်ကာ ဝင်ပေါက်မှတစ်ဆင့် အတွင်းသို့ စေ့စေ့စုံစုံ အကဲခတ်နေလေသည်။ ❑

အမှောင်သည် အရာဝတ္ထုများကို ရှင်းလင်းပြတ်သားစွာ မမြင်နိုင်အောင် နှောင့်ယှက် ကာဆီးထားသည်။ သို့သော် ခေါင်းရင်းထရံထောင့်နားရှိ ခပ်ရှုပ်ရှုပ် အပုံကိုမူ အိပ်ရာဟု နားလည်လိုက်သည်။ ဘေးတွင် အိမ်၏ ခေါင်တန်း၌ ချိတ်တွယ်ထားသော ပုခက်တစ်ခု။ ဝါးလုံးပိုင်းဖြင့် ဟိုဘက်ဒီဘက် ထိုးထားသည်။ ပုခက်သည် တင်းရင်းပြည့်ကားနေသော်လည်း မည်သည့်အသံကိုမျှ မကြားရ။ မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရ။ ကလေးငယ်၏ မျက်လုံးများသည် လျင်မြန်စွာ ရွေ့လျားသွားပြန်သည်။ ကျိုးတိုးကျဲတဲ ဝါးခင်းပေါ်တွင် ပြန့်ကျဲနေသော ပစ္စည်းများ။ သေးငယ်သော ကလေးအဝတ်များ၊ လုံးထွေးထားသည့် အနှီးစများ၊ ကွင်းလုံးပုံချထားသည့် လုံချည်များ။

အနည်းငယ်ဆိုးဝါး သည့် အနံ့အသက်ကို အိမ်ထဲ မှ ရနေသည်။ ကလေးငယ်၏ မျက်လုံးများသည် ပုခက် အောက်ရှိ ကော်ရုပ်လေး တစ်ရုပ်ဆီ ရောက်သွားသည်။ ကလေးငယ်သည် ထိုအရုပ် လေးကို ကိုင်တွယ်ဆော့ ကစားချင်လာသည်။ သို့ သော် မိခင်က ဆုံးမဖူးသည် ကို သတိရမိသောအခါ ကလေးငယ်၏ လက်များ ရွံ့သွားပြန်သည်။

ချီတုံချတုံ ဖြစ်နေဆဲ ကလေးငယ်သည် အရုပ်ကို လှမ်းယူရန် ဟန်ပြင်လိုက် သည်။ ထိုအခိုက် နောက် ကျောကို တိုးဝှေ့ကျီစယ်နေ သော လေနုအေး၏ ပွတ်သပ် မှုသည် ရုတ်တရက် ပျောက် ကွယ်သွားသည်။ ကလေး ငယ်သည် နောက်သို့ ကပျာ ကယာ လှည့်ကြည့်လိုက် သည်။ ထိတ်လန့်တုန်လှုပ်မှု သည် ကလေးငယ်၏ မျက် လုံးထဲတွင် ထင်ဟပ်လာ သည်။ လေထဲတွင် တစ်ဝက် တစ်ပျက် ရပ်တန့်နေသော လက်သည် တဆတ်ဆတ် တုန်ယင်လျက်။

မှေးစင်းသေးငယ် သော မျက်လုံးတစ်စုံသည် ကလေးငယ်အား မမှိတ်မသုန် စိုက်ကြည့်လျက်ရှိ သည်။ မျက်တွင်းဟောက်ပက်ထဲမှ မှေးစင်းစင်းမျက်လုံးများ သည် လှုပ်ရှားမှုကင်းလျက် အသက်မဲ့သလို ဖြစ်နေလေ ရာ စိတ်နှင့်ခန္ဓာ ကင်းကွာနေ သူတစ်ယောက်၏ သဏ္ဌာန် မျိုး ပေါ်လွင်နေတော့သည်။ ထို့ပြင် ပခုံးထက်သို့ ဝဲကျ နေသော နီကြင်ကြင်ဆံပင်

www.burmeseclassic.com

www.burmeseclassic.com

သည် ဖွာလန်ကြဲ ရှုပ်ပွနေသည်။ ပိန်လှီသော မည်း ကျစ်ကျစ်ခန္ဓာကိုယ်ပေါ်တွင် အရောင်ပြယ်လွင့်နေပြီဖြစ်သော ညစ်ထေးထေးအင်္ကျီ စုတ်တီးစုတ်ချာ ပုဆိုးသည် လွှမ်းခြုံထားရာ လေထဲလွင့်မျောနေသလိုရှိသည်။

ရှုချင်စဖွယ်မရှိသော ကိုယ်ကို အထက်အောက် အဆန် အကဲခတ်ပြီးသောအခါ ကလေးငယ်၏ ကြောက်ရွံ့စိတ်သည် ငယ်သို့ပင် ရောက်လာသည်။ ကလေးငယ်သည် ထိုလူကို ၍ အိမ်ပေါ်မှ ဆင်းပြေး ကြိုးစားသော်လည်း ခြေသည် တစ်လှမ်းမျှပင် ဘဲ နေရာတွင် ကြောင် တုန်လှုပ်စွာ ရပ်မြဲရပ် ပင်။

ထိုစဉ် လက်တစ်ဖက် သည် ကလေးငယ်ရှေ့သို့ လာသည်။ ထိုလက် သည် ကြေးအထပ်ထပ် ကပ်သော လက်သည်းများ အကြောပြိုင်းပြိုင်းထ ရှိသည်။ ကလေးငယ် သည် ထိုလူကို အထိတ် မော့ကြည့်လိုက်မိ သည်။ ခြောက်သွေ့မည်းညစ်သော နှုတ်ခမ်းများသည် ကလေးငယ်ကို အသာအယာ ပြုံးပြလိုက်သောအခါ ကလေးငယ်သည် အိပ်မက်မှ နိုးလာသူပမာ အာခေါင် အော်ဟစ်၍ အိမ်ပေါ်မှ ကတူး ဆင်းပြေးလေ သည်။

ဘေးဘီယာဝဲ အကဲ နိုင်ဘဲ ဖနောင့်နှင့်တင် တစ်သားတည်းပါအောင် ဆင်းပြေးလာပြီး အိမ်နှင့် ခပ်လှမ်းလှမ်းရောက်သောအခါမှ နောက်သို့ ပြန်လှည့်ကြည့်မိသည်။ အိမ်သည် အမှောင်၏ ဝါးမျိုခြင်းကို ခံနေရလေပြီ။ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရတော့။ ကလေးငယ်သည် အရိုန်မပြေသေးသော ကြောက်ရွံ့တုန်လှုပ်ခြင်းကို အသက်ခပ်လောလောရှူကာ ဖြေဖျောက်သည်။ ထိုစဉ် အိမ်ကလေးဆီမှ ဆိုညည်းချော့မြူသံသဲ့သဲ့ ထွက်ပေါ်လာသည်။ ကလေးငယ်သည် ဝမ်းနည်းသလိုလို၊ ကြောက်ရွံ့သလိုလို ခံစားချက်ဖြင့် ကြက်သီးဖြန်းခနဲ ထလာသောကြောင့် နောက်သို့ တစ်ချက်မျှ လှည့်မကြည့်ဘဲ ထိုနေရာမှ အပြေးတစ်ပိုင်း ထွက်ခဲ့တော့သည်။

❑

သူသည် မြစ်ဆိပ်တစ်ခုတွင် ကုန်ထမ်းသော အလုပ်သမားဖြစ်သည်။ ထိုစဉ်က သူသည် ကြွက်သား အဖုအထစ်များဖြင့် ကြံ့ခိုင်သန်စွမ်းသော ယောက်ျား တစ်ယောက်ဖြစ်ခဲ့သည်။ ညိုမှောင်သော အသားအရေ၊ ထွားကျိုင်းမြင့်မားသော အရပ်အမောင်းနှင့် အမြဲတစေပြုံးနေတတ်သည်။ အမြင်မတော်လျှင် မဆိုင်းမတွ ဝင်ရောက်ကူညီတတ်သော သူ့ကို ပရဟိတစိတ် ရှိသူအဖြစ် ရပ်ကွက်အတွင်းရှိ လူများက ချစ်ခင်ခဲ့ကြသည်။

သူသည် တစ်ကိုယ်ရေ သမား မဟုတ်ပါ။ မကြာသေးမီကမှ လက်ထပ်ယူထားသော အသက်ငယ်ငယ် ဇနီးရှိသည်။ သူ့ဇနီးသည် သူ့ထက် အသက် ဆယ့်ငါးနှစ်မျှ ငယ်သည်။ ခင်မင်ရင်းနှီးသူအချို့က 'ကိုယ့်လူက ငယ်မှကြိုက်သကိုးဗျ၊ ဟိုစကားပုံလိုပေါ့ဗျာ ဟား ဟား'ဟု နောက်ပြောင်ကျီစယ်သောအခါ သူသည် စိတ်မဆိုးဘဲ မနေတတ်စွာ ရယ်သွမ်းသွေးနေသည်။

ထူးထူးခြားခြား ထိုနှစ်၏ ပထမဆုံး မိုးရွာသော နေ့တွင်ဖြစ်သည်။ မနက်ပိုင်း အလုပ်မသွားမီ သူသည် နံနက်စာအဖြစ် ထမင်းကြမ်းကို ဗယာကြော်နှင့် လွေးနေသည်။ ဇနီးသည် စားပွဲမှ အပြင်သို့ ကပျာကယာ ထပြေးသွားသည်။ သူလည်း စိုးရိမ်အံ့ဩစွာ လိုက်သွားသည်။ ဇနီးသည် တဝေါ့ဝေါ့ ထိုးအန်ပြီး နောက်သို့ မလှုံမလဲ လှည့်ကြည့်သည်။ သူ့ကိုမြင်သောအခါ ဗိုက်ကို အသာဖိပွတ်လျက် ရှက်ပြုံးပြုံးနေသည်။ ထိုနေ့က သူသည် ပျော်လွန်းသဖြင့် ကတုန်ကယင်ဖြစ်ကာ အလုပ်မသွားခဲ့ချေ။

သူ့ဇနီး နေ့စေ့လစေ့၍ ရင်သွေးကို မွေးဖွားသောည တွင် သူ ဝမ်းသာအားရ အော်ဟစ်လိုက်သံသည် ရင်သွေး၏ ငိုကြွေးသံကိုပင် ဖုံးလွှမ်းသွားခဲ့သည်။ ထိုညက ဇနီးသည် သူ့အတွက် သမီးကလေးတစ်ဦးကို မွေးဖွားပေးခဲ့သည်။

သူသည် 'သမီးလေးအတွက်ဗျ'ဟူသော စကားကို မကြာခဏ ရေရွတ်လျက် အလုပ်ကို ပိုမို ကြိုးစားသည်။ ညနေ အလုပ်မှ ပြန်လာလျှင် သမီးအတွက် ပစ္စည်းပစ္စယ များ ပါလာတတ်သည်။ ထိုစဉ်က သူသည် ဇနီးနှင့် သမီးကလေးနှင့် ဘဝတွင် ရှိသားစွာ နေပျော်ခဲ့သော လူတစ်ဦးသာဖြစ်သည်။

❑

သမီးရှစ်လခန့် ကြီးပြင်းလာသော အချိန်တွင် သူသည် ယခင်ကကဲ့သို့ လွတ်လပ်ပေါ့ပါးစွာ မရယ်မောနိုင်တော့ချေ။ သူ့ဇနီးသည် သမီးလေးကို ဆောလျှင်လွန်းစွာ နို့ဖြတ်လိုက်ကာ သူတို့သားအဖအပေါ် ခပ်တန်းတန်း စိမ်းသွားသောကြောင့်ဖြစ်သည်။ သူသည် ဇနီးကို အနည်းငယ်မျှပင် စိတ်ကွက်မခံ။ ခင်ပွန်းနှင့်ဖခင်တစ်ယောက်၏ တာဝန်ကျေပွန်အောင် အစဉ်ကြိုးစားသည်။ သို့သော် ဇနီးသည် လူစိမ်းတစ်ဦးနှယ် သွေးအေးသွားခဲ့ပေပြီ။

သူသည် ညများတွင် ပင်ပန်းနှစ်ခြိုက်စွာ အိပ်ပျော်လေ့ရှိသည်။ သမီးမငိုလျှင် မနက်မိုးလင်းမှ နိုးသည်။ ထိုညက သူသည် မှောင်မည်းတိတ်ဆိတ်သော ပတ်ဝန်းကျင်တွင် သမီးလေးကို ပွေ့လျက် တစ်ကိုယ်တည်း သွေးပျက်တုန်လှုပ်နေသည့် အိပ်မက်ဆိုးကို မက်၍ အယောင်ယောင် အယမ်းယမ်း ညည်းညူနေသည်။ အိပ်မက်ဆိုးမှ ချွေးစေးအလိမ်းလိမ်းနှင့် နိုးလာသော အချိန်တွင် ဇနီးသည် သူ့ဘေးတွင် မရှိတော့။ အိမ်သာမကျန် သေးငယ်သောအိမ်အနှံ့ အော်ဟစ်ရှာဖွေပြီးသောအခါ သူသည် သေးစိုနေသော သမီးနံဘေးတွင် မျက်ရည်

www.burmeseclassic.com

တိတ်တိတ် ကျနေခဲ့သည်။

မနက်သုံးနာရီအချိန်တွင် တစ်ဖက်ရပ်ကွက်မှ ပွဲကြည့်ပြီး ပြန်လာသူအချို့က သူ့ ဇနီးသည် ယောကျ်ားငယ်တစ်ယောက်၏ ပခုံးကို ခပ်ယိုယို့လေး ပုန်းကွယ်မှီခိုလျက် ထွက်သွားသည်ကို မြင်ခဲ့ကြောင်း အခိုင်အမာဆိုသည်။ ဇနီးသည် သူ့ထက် အသက်များစွာကြီးသော ယောကျ်ားအိုကို စိတ်ကုန်သွားခဲ့ပြီ။ သို့သော် သမီးလေးကို ထောက်ထားငဲ့ကွက်သင့်သည်ဟု သူ အပြင်းအထန် ပြစ်တင်ရေရွတ်နေမိသည်။ သူသည် သမီးကို သနားမြတ်နိုးစွာ ပွေ့ဖက်လျက် ရက်ပေါင်းများစွာ ငိုကြွေးနေခဲ့သည်။ သမီးအတွက် သူသည် ယူကျုံးမရ။ သမီးအတွက် သူသည် နာကျင်ခံပြင်းလျက်။ သမီးအတွက် သူသည် ဝမ်းနည်းထိခိုက်စွာ။

❑

သူသည် အိမ်တွင်ပင် ခိုကပ်နေသည်။ တစ်ခါတစ်ရံ သမီး၏ ငိုကြွေးသံကိုပင် မကြား။ စိတ်သည် တွေဝေနှမ်းကျလျက် တမှိုင်မှိုင်တငေးငေး ဖြစ်နေသည်။ အိမ်တွင် စားသောက်စရာ အနည်းငယ်မျှ မကျန်တော့သော တစ်နေ့တွင်မူ သူသည် သမီးကို အိမ်နီးနားချင်း မိန်းမကြီးထံ အပ်ထားခဲ့ပြီး အလုပ်လုပ်ရန် အပြင်သို့ ထွက်လာခဲ့ရသည်။

ရပ်ကွက်အတွင်းရှိ လူများသည် သူ့ကိုမြင်သောအခါ များစွာ အံ့ဩမှင်တက်ကြကုန်သည်။ သူသည် တက်ကြွပျော်ရွှင်နေလေ့ရှိသော လူတစ်ယောက် မဟုတ်တော့ပြီ။ မြေကိုသာ ခေါင်းငိုက်စိုက် ကြည့်လျက် တစ်ဦးတည်း လှုပ်ရှားသွားလာနေခဲ့သည်။ ကြာသောအခါ သူသည် ပိန်ချုံးညစ်ပတ်သော လူညံ့လူဖျင်းတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ သူ့ပါးစပ်ဖျားမှ မည်သည့်စကားသံကိုမျှ မကြားရတော့သည်မှာ ထိုစဉ်ကတည်းကဖြစ်သည်။

တစ်နေ့တွင် သူသည် အိမ်နီးနားချင်း မိန်းမကြီးနှင့် စကားများ ရန်ဖြစ်သည်။ သမီးသည် ဝမ်းလျှော၍ ရတ်ခြည်း နေထိုင်မကောင်းသောကြောင့်ဖြစ်သည်။ သူက ထိုမိန်းမကြီးအား သမီးကို အသေအချာ ဂရုမစိုက်ဟု စွပ်စွဲရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ မိန်းမကြီးက 'စေတနာရှိလို့သာ နင့်သမီးကို ထိန်းပေးခဲ့တာ၊ အဲဒါတောင်မှ ငါမကောင်းဘူးဆိုတော့ သဘောပဲဟေ့'ဟု တစ်ခွန်းတည်းဆိုသည်။

နောက်ရက်များတွင် သူသည် အလုပ်မသွားတော့ဘဲ သမီးနှင့်အတူ အိမ်တွင်ပင် နေသည်။ အာဟာရရှိသည် မရှိသည်မသိ၊ သင့်လျော်သည် မသင့်လျော်သည်မသိ ရှိရာ၊ မြင်ရာကို သမီးအား ကျွေးသည်။ သူကမူ ဆာသည် မဆာသည်မသိ။ စားချိန်သောက်ချိန် ပုံမှန်မရှိ။

နေမြင့်သည်အထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေခဲ့သော တစ်မနက်ခင်းတွင် သူသည် သမီး၏ ရှူးရှူးဝါးဝါး အော်ဟစ်ငိုကြွေးသံကြောင့် ကပျာကယာ လန့်နိုးလာခဲ့သည်။ အေးစက်နေသော ရေနွေးဖြူထည့်ထားသည့် နို့တစ်ဘူးမှလွဲ၍ သမီးအတွက် သူ့တွင် ဘာမျှမရှိ။ သမီးသည် အတန်ကြာ ဆာလောင်ငိုကြွေးနေပြီးမှ မောပန်းနွမ်းလျစွာ တိတ်ဆိတ်သွားခဲ့သည်။

သမီး၏ အိပ်ပျော်ခြင်းဟု ထင်မှတ်ကာ သမီးကို အိမ်တွင် စိတ်မချစွာ ထားရစ်လျက် သမီးနိုးလျှင် ဆာလောင်မှုကို ဖြည့်တင်းရန် တစ်စုံတစ်ရာရလိုရငြား သူ ထွက်လာခဲ့သည်။ ကံကောင်းထောက်မစွာပင် အိမ်တစ်အိမ်တွင် မြောင်းပေါက်မြေဖို့သည့် အလုပ်ကို သူရသည်။ သူ့ကျော့ပြင်သည် ပူလောင်အိုက်စပ်မှုဒဏ်ကို အလူးအလဲခံရပြီးနောက် သမီးအတွက် ကြက်သားဆန်ပြုတ်နှင့် နို့မှုန့်ဘူးအသေးတစ်ဘူးကို ဝယ်နိုင်ခဲ့သည်။

အိမ်ပြန်ရောက်သောအခါ သမီးသည် သူ့ကို ငိုကြွေးသံများဖြင့် ကြိုဆိုမနေခဲ့။ ဆာလောင်မွတ်သိပ်ခြင်းကင်းစွာ အိပ်စက်လျက်ရှိမြဲတည်း။ သို့သော် ထိုအိပ်စက်ခြင်းသည်ပင် သမီးကို သူ့ဘဝထဲမှ ထာဝရ ခွဲခွာသွားပြီ။ သူသည် သမီးကို တင်းကျပ်စွာပွေ့လျက် သွေးရူးသွေးတန်း လှုပ်နှိုးနေခဲ့သည်။ ပါးစပ်ကမူ တဂူးဂူး မြည်တမ်းသည်။ သူ့ကိုယ်သူ ရိုက်ပုတ်ထုနှက်သည်။ ဝမ်းနည်းသည်းလှိုက်စွာ ငိုကြွေးသည်။ ညတစ်ညသည် ကလေးငယ်တစ်ယောက်၏ ငိုကြွေးသံ၊ ဖခင်၏ ပျော်ရွှင်ကျေနပ်သံများဖြင့် စီညံလှုပခဲ့ဖူးသည်။ ယခုမူ နေ့လယ်ခင်းသည် ယောကျ်ားရင့် မာကြီးတစ်ယောက်၏ ရှိုက်ငင်ငိုကြွေးသံဖြင့် တစစ်စစ် ပူပြင်းနေလေသည်။ ထိုနေ့က နေစောင်းသည့်တိုင်အောင် သူ အငိုမတိတ်ခဲ့ပါ။

❑

သူသည် ရက်ပေါင်းများစွာ ပျောက်သွားပြန်သည်။ အိမ်သည် တိတ်ဆိတ်ငြိမ်သက်လျက်။ တချို့က သူသည် တစ်နေရာရာသို့ ထွက်သွားပြီဟု ထင်ကြေးပေးသည်။ တချို့ကမူ သူသည် အိမ်ထဲတွင်ပင် မစားမသောက်ဘဲ နေထိုင်လျက်ရှိနေသေးသည်ဟု ဆိုသည်။ လက်ဖက်ရည်ဆိုင်ထိုင်၍ ညဉ့်နက်မှ အိမ်ပြန်လေ့ရှိသော ရပ်ကွက်သားတစ်ဦးကမူ လသာသောညများတွင် သူသည် တစ်စုံတစ်ခုကိုမျှော်လျက် အိမ်ရှေ့ဝါးကပြင်တွင် ငုတ်တုတ်ထိုင်နေတတ်သည်ဟု ပြောသည်။

ပတ်ဝန်းကျင်သည် ညအမှောင်မပြယ်သေး။ သူသည် တည်ငြိမ်တိတ်ဆိတ်စွာ လမ်းအတိုင်း လျှောက်သွားသည်။ ရပ်ကွက်ထဲမှ သူ ထွက်သွားသည်ကို မည်သူမျှ မမြင်လိုက်။

ပတ်ဝန်းကျင်တွင် အလင်းသဲ့သဲ့ ကျန်နေသေးသည်။ သူသည် ကြွပ်ကြွပ် အိတ်အနက်ကို ဆွဲလျက် မည် သူ့ကိုမှ မကြည့်ဘဲ ပြန်လာသည်။ ရှေ့နောက်ယမ်းနေသော အိတ်ဆီမှ တချွင်ချွင် မြည်သံကို ကြားရသည်။ သူ့ အသံသည် ထိုနေ့ညနေမှစ၍

www.burmeseclassic.com

...အိမ်ကလေးဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

❑

ကလေးငယ်သည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက်ရှိသည်။ တစ်ချက်တစ်ချက် အင့်ခနဲ ရှိုက်သံပါ ထွက်လာသည်။ အိမ်တွင်းသို့ မလုံမလဲ လှည့်ကြည့်ကာ မျက်ရည်များကို ကပျာကယာ သုတ်သည်။ ပြီးလျှင် ဝမ်းနည်းနေသော မျက်လုံးများဖြင့် အဘွားကို မျှော်ငေးသည်။အဘွားသည် ကလေးငယ်ကို ကြင်နာစွာကြည့်၍ 'သြော် ငိုနေတာလားမြေးငယ်၊ တိတ် တိတ်' ဟု ချော့မြှူသည်။ သို့သော် အဘွား၏ အသံသည်လည်း တိုးလျဟုန်ယင်လျက် မျက်လုံးများအမှ စိုလက်မှုန်ဝါးနေသည်။

မနေ့က ကလေးငယ်သည် ပုံမှန်မဟုတ်သော အသက်ရှူသံများဖြင့် အိမ်သို့ ပြန်ရောက်ခဲ့သည်။ အင်္ကျီဖြူဖြူသည် ညိုမှောင်ညစ်ထေးလျက် ကလေးငယ်၏ ပါးပြင်သည် ဖုန်လူးသော မျက်ရည်စီးကြောင်းများဖြင့် ကွက်တိကွက်ကျား စွန်းပေနေခဲ့သည်။ ကလေးငယ်သည် ရပ်ကွက်၏ အစွန်ဆုံး၌ရှိသော စုတ်တီးစုတ်ချာ အိမ်ကလေးသို့ ရောက်ခဲ့ကြောင်း သိသွားသောအခါ မိခင်သည် လွန်စွာ အံ့သြစိုးရိမ်သွားခဲ့သည်။

မိခင်သည် အကြောက်မပြေသေးသော ကလေးငယ်ကိုပင် မနှစ်သိမ့် မချော့မော့နိုင်သေးဘဲ စိုးရိမ်ဒေါသဖြင့် ဆူငေါက်နေခဲ့သည်။ ထိုအိမ်သို့ နောင်ဘယ်တော့မှ မသွားမိစေရန်လည်း အထပ်ထပ်တားမြစ်သတိပေးနေခဲ့သည်။ ထို့ကြောင့် ကလေးငယ်သည် ယနေ့ ညနေကျောင်းဆင်းပြီးသောအခါ သူငယ်ချင်းများနှင့် ခေတ္တမျှ ဆော့ကစားခွင့် မရတော့ဘဲ အိမ်တွင်ပင် ငြိမ်နေရခြင်းဖြစ်သည်။

ကလေးငယ်သည် အဘွားကို အိမ်ကလေး၌ တွေ့ခဲ့ရသော ကြောက်ရွံ့ဖွယ်လူအကြောင်း စပ်စုမေးမြန်းမိသည်။ အဘွားသည် ဆေးပြင်းလိပ်ကိုပင် မရှိုက်နိုင်ဘဲ အတိတ်ကို ပြန်မျှော်ငေးကာ ဝမ်းနည်းသနားဖွယ် ပုံပြင်အစစ်အမှန်တစ်ပုဒ်ကို ပြောပြခဲ့သည်။ အဘွား၏ သက်ပြင်းချသံအဆုံးတွင် ကလေးငယ်သည် နားမလည်ခြင်း၊ မသိခြင်း၊ သနားခြင်း၊ ဝမ်းနည်းခြင်းများ ရောပွမ်းလျက် မျက်ရည်ကျသည်။

ကလေးငယ်သည် အဘွား၏ရင်ခွင်ထဲ အကြောင်းမဲ့ တိုးခွေသည်။ ခံစားချက်များသည် အရှိန်မပြယ်သေး။ မျက်စိထဲတွင် ငြိမ်သက်နေသော ပုဆိုးပုခက်ကိုသာ မြင်နေမိသည်။ အာရုံတွင် ကြောက်ရွံ့ဖွယ် မျက်နှာတစ်ခု ဖျတ်ခနဲ ပေါ်လာလျှင် တုန်လှုပ်စိတ်ကို ကျော်၍ သနားခြင်းသာဖြစ်မိသည်။ ထိုစဉ် သိပ်မဝေးလှသော အိမ်ကလေးဆီမှ ချော့မြှူညည်းညူသံသဲ့သဲ့ ကြားရသလိုလိုဟု ထင်ယောင်မိသည်။ ကလေးငယ်သည် အဘွားကို တင်းကျပ်စွာ ဖက်တွယ်လိုက်မိသည်။ ကြာရှည်လှသော နောက်ဆုံးစကားလုံးသည် အဖျားခတ်၍ မပြီးမစီးနိုင်အောင် တုန်ယင်နေသောအခါ ကလေးငယ်သည် ကိုယ်တဆတ်ဆတ်တုန်၍ မျက်ရည်ကျချေပြန်ပြီတကား။ ■

**သံလွင်ကို၊မော်လမြိုင်၊**




www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



**အပျိုတော်**

အပျိုတော်ဆိုသည်မှာ
အမျိုးအနွယ်မြင့်မြတ်သော
မှူးကြီးမတ်ကြီးတို့၏သမီး၊
ထိုထက်မြင့်မြတ်သော
ဆွေတော်မျိုးတော်မှ
ဆင်းသက်သူ၊ စော်ဘွား၊
မြို့စားတို့၏ရင်သွေး
သမီးကညာတို့အနက်မှ
ခြောက်ပြစ်ကင်း ရုပ်ရည်
လှပချောမောခြင်းရှိသူကို
ရွေးချယ်၍ ရွှေနန်းတော်၌
အပျိုတော်စာရင်းသွင်းပြီးလျှင်
ဝဲလှည့်တစ်ရက်၊
ယာလှည့် တစ်ရက်ကျ
နန်းတော်သို့ဝင်၍
ခစားရသည်။
ဘုရင်စံသည့် မှန်နန်းတော်တွင်
တာဝန်ထမ်း ခစားရသူကို
မှန်နန်းအပျိုတော်ဟု ခေါ်သည်။
ထိုသူတို့သည်
ဘုရင်ကောက်က မိဖုရားဖြစ်လာမည့်
မိဖုရားလောင်းများဖြစ်သဖြင့်
အနက်ရောင်သလွန်နှင့် အိပ်ကြရသည်။
မိဖုရားဖြစ်သည်နှင့်
ရွှေပိန်းချသလွန်တော်နှင့်
အိပ်ရသည်။ ဘုရင်၊
နန်းရဆောင်ရမိဖုရားကြီးများနှင့်
အိမ်ရှေ့မင်း၊ အိမ်ရှေ့မိဖုရား၊
ဘုရင့်မယ်တော်၊ ဘုရင့်သမီးတော်
ထိပ်စုဘုရားများထံတွင်
ခစားရသူများကိုသာ 'တော်' တပ်၍
အပျိုတော်ခေါ်ရသည်။
ကျန်သမီးတော်များနှင့်
သာမန်မိဖုရားငယ်များထံတွင်
ခစားသူများအား
'အပျို'ဟူ၍သာ ခေါ်သည်။
အငြိမ့်အပျိုတော်ဟု ရှိသေးသည်။
ထိုသူတို့မှာ အတီး၊ အကနှင့်
ထမ်းရွက်ရသော အပျိုတော်များကို
ဆိုလိုသည်။ သို့ကြောင့်
အပျိုတော်ဟူသော စကားကို
ဆန်းစစ်လျှင် နန်းတွင်းမှ
ဆင်းသက်လာကြောင်း သိနိုင်သည်။
ထီးသုံးနန်းသုံးဖြစ်သော ရံရွှေတော်၊
အပျိုတော်ဟူသော စကားလုံးများကို
ဇာတ်အဖွဲ့များက ဇာတ်ကရာ၌
ထုတ်နုတ်သုံးစွဲ
ခေါ်ဝေါ်ကြခြင်းသာ
ဖြစ်သည်။

ဇာတ်သဘင်မှ
# အပျိုတော်

**မောင်သန်းဆွေ (ထားဝယ်)**

၂၀၁၄ ဒီဇင်ဘာ ရွှေအမြုတေ [illegible]

www.burmeseclassic.com

www.burmeseclassic.com

**ဇာတ်သဘင်မှ အပျိုတော်**

ဇာတ်သဘင်ပညာရှင်များက အပျိုတော်ဟု မခေါ်ဆိုကြပေ။ 'အပျိုတော်ကချေခန်း'ဟု အဓိပ္ပာယ်ပြည့်စုံအောင် ခေါ်ဆိုကြသည်။ ဇာတ်ပွဲများ၏ ပထမညတွင် ရှေးဦးစွာ နတ်ကတော် ကရသည်။ ဒုတိယနှင့် နောက်ညများ၏ ပွဲဦးထွက်တွင်သာ အပျိုတော် ကချေခန်းကို တင်ဆက်ကပြရပါသည်။

သို့သော် သဘင်ပညာပိုင်းကို နားမလည်သော အရပ်သူအရပ်သားများက ရှေးဦးပထမည ပွဲဦးထွက် က,သူကိုလည်း အပျိုတော်ဟု ထင်ကြသည်။ နတ်ကတော်နှင့်အပျိုတော်ကို ခွဲခြား၍ နားမလည်ကြသောကြောင့် လုံးထွေး၍ ခေါ်ဝေါ်ခြင်း



ဖြစ်သည်။ အကြောင်းမှာ နတ်ကတော်နှင့် အပျိုတော်တို့ ကရာတွင် ဆိုင်းက ခုနစ်သံချီ တီးမှုတ်ခြင်းတူသောကြောင့် ဖြစ်မည်ထင်သည်။ တီးချက်တီးကွက်များကလည်း တူသယောင်ယောင်ဖြစ်သည်။ တူညီသော ဝတ်စားဆင်ယင်မှုဖြင့် ခေါင်းစည်း မပါမှုနှင့်ပါမှုကြောင့်လည်း ဖြစ်နိုင်၏။ 'အပျိုတော်မှာ ခေါင်းစည်း မပါ'ဟု ပန်တျာမြင့်အောင်၏ မြန်မာ့အကသမိုင်းတွင် ဖော်ပြထားသည်။ အပျိုတော်ကချေခန်းသည် နတ်ကတော်အကကဲ့သို့ ကကြိုးမစုံလင်ပါ။ ထို့ပြင် နတ်ကတော်ကကဲ့သို့ ကိုယ်တိုင်သီဆိုရခြင်းမျိုးလည်း မရှိပေ။ ဆိုင်းတီးချက်များအပေါ်တွင် မူတည်လျက် ကပြရသော အကတစ်မျိုးသာဖြစ်သည်။

**ဆိုင်းတီးချက်နှင့် အပျိုတော်ကပြပုံ**

အပျိုတော်ကချေခန်းတွင် ဇာတ်ခုံပေါ်၌ နတ်ပွဲ(အုန်းသီး၊ ငှက်ပျောကန်တော့ပွဲ) မပါပါ။

*'ပျိုလေးကြိုလှည့် ညိုနွဲ့ရယ်လေး၊ ရွှေနန်းသာမြစ်ကိုလှ၊ ပျစ်လောက်အောင်သွေး'*

အစရှိသည်ကို ဆိုင်းအဖွဲ့က သီဆိုပေးသည့်အတိုင်း တီးကြသည်။

ဤသီချင်းနှင့် တီးချက်သည် နတ်ကတော်က၌လည်း အတူတူပင် ဖြစ်သည်။ ယင်းတီးချက်များသည် 'သပြေခံ'တီးချက်အထိ အတူတူပင် ဖြစ်ကြသည်။ ထိုနေရာမှ နတ်ကတော်နှင့် အပျိုတော်ကချေခန်းမှာ လမ်းခွဲ၍ သွားကြသည်။

အပျိုတော်ကချေခန်းမှာ အပျိုတော်၏အဓိပ္ပာယ်ကို ပေါ်လွင်စေခြင်း၊ ကပြသည့် အဆင့်အတန်းကို ပေါ်လွင်စေခြင်း၊ ကကြိုးကကွက်ကို ထင်ပေါ်စေခြင်း စသည်ဖြင့် ကပြကြ၏။

ယင်းကကြိုးကကွက်များတွင် ... ခန်းနှင့် ဆိုင်သည်။ 'သပြေခံ' ပြီး... တော၊ တျာသတ်ခြင်း ဆုံးလျှင် ဆိုင်းအ... က အောက်ပါအတိုင်း သီဆိုတီးမှုတ်... ၏။

*'ခေါင်းပေါင်းစိမ်းနဲ့ ယိမ်းတ... ကို၊ နွဲ့လို့ပျို၊ က,တယ်လေးလေ။ ... ပြန်ပြီ ဆံရွှေပိန်းရယ်၊ သိုင်းကွက်ကျ... တယ်လေးလေ။ လာပြန်ပြီ ဆံရွှေ... ရယ်၊ ဆံရွှေပိန်းရယ်။ သိုင်းကွက်ကျ... တယ်လေးလေ။'*

ဤသီချင်းကို တစ်ပိုဒ်စီ ဖြတ်... ဖြတ်၍ ဆိုင်းကတီးတိုင်း အဖွဲ့သား... က လိုက်၍ လိုက်၍ သီဆိုကြ... တစ်ပိုဒ်စီ၊ တစ်ပိုဒ်စီ ကျော့ကာ ထ... တီးမှုတ်သီဆိုကြသည်။

ဆက်လက်၍'ကြငှန်းဘွား-... ငှန်းဘွား' ဟု ထပ်ကာထပ်ကာ သီ... တီးသည်။ ပြီးလျှင်...

*'ရှိလေးမှ ရှိလေးကွယ်'*

ကို သုံးခါကျော့၍တီး၏။

*'ရွှေခဲ၊ ရွှေခဲ၊ ရွှေခဲ ဆိုမှ ရှိ... ကွယ်'*

*'လုံမလေး၊ လုံမလေး၊ က... ကလေး-ကလေး၊ ဆိုမှကတတ်တ...'* ငှင်းကို နှစ်ခါကျော့၍ တီးရ၏။

*'ကတတ်၊ ကတတ်တ... ကတတ်တယ်'* ငှင်းကိုလည်း နှ... ကျော့၍ တီးရ၏။

*'ရွှေလက်ကလေး၊ ချိုးလိုက်... တော့'* ထပ်ကျော့၍ တီးသည်။

ထိုသီချင်းများကို ဆိုင်းက ... ဦးစွာ တီးပြီးမှ သီဆိုသူများက နော... လိုက်၍ သီဆိုသည်။ ပတ်မချက်... ပါသော တီးချက်များကို တီးရာ က... က 'ပလို့'ကများနှင့်လည်းကော... မေးထိုးအကများနှင့် လည်းကော... အသားလှုပ်အကများနှင့်လည်းကော... ကပြရ၏။

ယင်းတီးချက်များတွင် စည်း... စည်းမြန်၊ စည်းသုတ်များပါ... ကသူသည် စည်းချက်နှင့်ပတ်မ...



www.burmeseclassic.com

www.burmeseclassic.com

များအပေါ် မူတည်၍ ကရ၏။ ဤနေရာ သည်ပင်လျှင် အပျိုတော် ၁၂ ခန်းဆိုင် ရာ ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့် အနှံ့ပြ ကပြခြင်းများဖြစ်သည်။

ဤအခန်းပြီးလျှင် ဆိုင်းအဖွဲ့မှ တစ်ဦးဦးက တဘောင်သံချပ် သီချင်း များကို တိုင်ပေးရာ အများက ဝိုင်း၍ လိုက်ဆိုရသည်မှာ-

*တိုင်- ဖိုးပါနဲ့မေရယ်၊ မိုးကြယ်မို့လား။*
*ဆောင်-သည်တောင်ကို မောင်ဖြိုပါ့ မယ်၊ မြင့်မိုရ်မို့လား။*

ပထမအခေါက်မှာ အနှေးသီဆို၍ ဒုတိယတစ်ခေါက်မှာ အမြန်သီဆို၏။

*တိုင်- ရွှေပဝါပျောက်ကယ်နဲ့၊ ဆယ့် ခြောက်ကျပ်ပေး။*
*ဆောင်- ဝိုင်းတော်ကြီးနောက်ထိုင်၊ သံလွင်ကိုင် မောင်လေး၊ ချွေး သုတ်ဖို့ပေး။*

ထိုသီချင်းကိုလည်း အနှေးနှင့် အမြန် နှစ်ကျော့စီ သီဆိုရ၏။ သံချပ် တိုင်ရာတွင် ဆိုင်းမတီးဘဲ ရပ်ထားရ ၏။ သံကျကိုသာ မှန်အောင်တို့၍ တီး ကြပေးသည်။ ပြီးလျှင် တဘောင်သံချပ် များကို ဆိုင်းအဖွဲ့သားများ ဆက်လက် ၍ အတိုင်အဖောက် သီဆိုပေးပြန်၏။

*တိုင်- တုတ်တုတ်တိုတို၊ မမလေးဘိုကို။*
*ဆောင်- သည်ကိုယ်ဝယ်လို့ပေး၊ သိုင်း ဖြိုဖို့ထွေး။*
*တိုင်- ရွှေကျီးညိုပျံ၊ ဝဲတယ်လို့လာ။*

ပြီးလျှင် တီးချက်တစ်ခုကို ကျော့ ၍ တီးပြန်၏။

ဤသို့သော တဘောင်သံချပ်များ နှင့် အတိုင်အဖောက် သီဆိုပြီးလျှင် တီးချက်တစ်ခုကို တီးကာ အဆုံးသတ် လိုက်၏။ အဆုံးသတ်မှာလည်း တေ ကျော့သတ်၍ ပြီးဆုံးခြင်းသို့ ရောက် ပေလေသည်။

(**မှတ်ချက်။** ။ ဦးဟန်ပ၊ ဦးဘ အောင်နှင့် ဝိဇ္ဇာညွန့်တို့ အသံသွင်းထား သော အပျိုတော်ကချေခန်း တီးလုံး အစဉ်တိုင်း ဖြစ်ပါသည်။)

ဖော်ပြပါ တီးချက်သီချင်းများနှင့် ပတ်သက်၍ မူကွဲများ ရှိသည်။ မူကွဲ မဟုတ်သော်လည်း ချဲ့ထွင်၍ တီးမှုတ် သီဆိုထားသော မူများလည်း ရှိပေသေး သည်။ မည်သည့်မူပင် ရှိလင့်ကစား အချိန်ကြာညောင်းလျှင် တိမ်ကော ပပျောက်မည်စိုးသဖြင့် ဤသို့ မှတ်တမ်း တင်ထားရခြင်းဖြစ်၏။

အပျိုတော် ၁၂ ခန်းနှင့် ပတ်သက် ၍ တီးမှုတ်ကြသည့် အခန်းများကို ရေတွက်သောအခါ ၁၂ ခန်း မပြည့်ပေ။ နတ်ကတော်ကရာမှာလည်း ၁၂ ခန်း ထက်ပို၍ နေပြန်သည်။ အချို့သော ပညာရှင်များက ၁၂ ခန်းပြည့်အောင် ဖြည့်စွက်ကပြကြသည်လည်း ရှိ၏။

အပျိုတော် ၁၂ ခန်း အကထဲ၌ ဘီလူးက၊ မျောက်က၊ ဝန်က၊ ဒိုးပတ်က စသော ၇ ထွေအကနည်းတူ ထည့် သွင်း ကပြကြသည်ကိုလည်း တွေ့ရှိရ ပြန်၏။ ထိုအကများနှင့် အပျိုတော် ၁၂ ခန်းကား မည်သို့သက်ဆိုင်သည်ကို လည်း သုတေသနပြုသင့်ကြ၏။ အပျို တော် ကချေခန်းဟူသော စကား၏ အဓိပ္ပာယ်ကို ဆင်ခြင်ခြင်းအားဖြင့် ၇ ထွေဆိုင်ရာ အကများ မပါဝင်နိုင်သည် မှာ ခိုင်လုံပေလိမ့်မည်။ ရှေးကနာမည် ရှိပြီး ပုဂ္ဂိုလ်တစ်ဦးဦးက ၇ ထွေနှင့် ဆိုင်ရာ အကများကို ထည့်သွင်းကပြခဲ့ ခြင်းကြောင့်လည်း ဖြစ်နိုင်ရာ၏။ နှောင်းခေတ် သဘင်ပညာရှင်တို့ အမှတ် အသား လွဲမှားကြခြင်းကြောင့်လည်း ဖြစ်နိုင်ရာ၏။ မိမိအမှတ်အသားကမှ မှန်ကန်သည်။ အခြားအမှတ်အသားများ က မှားသည်ဟု အယူသီးပညာရှင် အချို့တို့၏ ဇွတ်တရွတ် ပြုလုပ်မှု ကြောင့်လည်း ဖြစ်နိုင်ရာ၏။

ကုန်းဘောင်ခေတ်နှင့် ရတနာပုံ ခေတ် သဘင်ပညာရှင်တို့ကား ယခု ခေတ် ပညာရှင်များကဲ့သို့ ဖြစ်ကတတ် ဆန်း မလုပ်တတ်ကြသည်မှာ ၎င်းတို့ ရေးသားပြောဆို ကပြခဲ့ကြသည့် လင်္ကာ၊ စကားပြေ၊ ဇာတ်လမ်း၊ ဇာတ် ကွက်တို့ကို ထောက်ရှုခြင်းအားဖြင့် သိရှိ နိုင်ပေ၏။ အကယ်၍ ပြုလုပ်ခဲ့ကြလျှင် လည်း ရှင်ဘုရင်နှင့် အုပ်ချုပ်သူများ၊ သဘင်ဝန်များ၏ အရေးယူခြင်းကို ခံကြ ရပေမည်။ ထို့ကြောင့် အပျိုတော် ၁၂ ခန်း၌ ၇ ထွေဆိုင်ရာ အကများ ရော ထွေးပါရှိနေခြင်းမှာ မှားယွင်းနေသော အမှတ်အသားများသာ ဖြစ်နိုင်ပေသည်။ လေ့လာရရှိသမျှမှာ ကကြိုး၊ ကကွက် ၁၂ မျိုးသော်လည်းကောင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းမှ လှုပ်ရှားကပြသည့် ၁၂ မျိုးသော်လည်းကောင်း ဖြစ်တန်ရာ၏။ ဗြိတိသျှ ကိုလိုနီခေတ်ဦးပိုင်း၌ အမှတ် အသားပြုခဲ့သူများထံမှ ပဲခူးမယ်ကျော့ ၏ တစ်ဆင့်ခံမှတ်တမ်းတစ်ခုတွင် ဤ ကဲ့သို့ တွေ့ရှိရပေသည်။

**အပျိုတော် ၁၂ ခန်းအက**

၁။ လက်၊ ကျောပြင်တို့ကို လှုပ်၍ ကရသောအက။
၂။ ရှေ့သို့တက်၍ မြူးမြူးကြွကြွ ကရသောအက။
၃။ နောက်သို့ဆုတ်၍ ကရသော အက။
၄။ ပေါင်(သို့မဟုတ်) ခြေသလုံးကို ဖွင့်၍သော်လည်းကောင်း၊ ပိတ်၍ သော်လည်းကောင်း ကရသော အက။
၅။ ခါးကိုလှုပ်၍ ကရသောအက။
၆။ လျှို့ဝှက် အတွင်းကြွက်သားတို့ ကို လှုပ်၍ ကရသောအက။
၇။ သားမြတ် ရင်လွှမ်းတန်ဆာကို လှုပ်၍ ကရသောအက။
၈။ လက်ကတီးတို့ကို မြှောက်၍ ကရသောအက။
၉။ ချက် (သို့မဟုတ်) ဝမ်းပြင်ကို လှုပ်၍ ကရသောအက။
၁၀။ ခြေတစ်ဖက်ဖြင့် ခြေတစ်ဖက် နင်း၍ ကရသောအက။
၁၁။ မျက်ခုံးတို့ကို လှုပ်၍ကရ သောအက။
၁၂။ မျက်စိကို လှည့်၍ ကြာပစ် သောအက။



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပါ အပျိုတော် ၁၂ခန်းအကမှာ ကကြိုးကွက်များလည်း ပါရှိ၍။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှုပ်ရှားမှုများလည်း ပါရှိ၍။ သို့ကြောင့် မှန်ကန်သလောက် မှန်ကန်မည်ဟု ထင်ရပါသည်။

**အပျိုတော်ယိမ်း**

ယခုအခါ ခေတ်အလိုက် ပြောင်းလဲလာ၍ အပျိုတော်ကကို ယိမ်းအသွင်ဖြစ်လာသည်။ **'မြန်မာ့သဘင်လောက'** စာအုပ်၊ စာမျက်နှာ ၂၃၆ တွင် *'ယိမ်းဟူသော စကားသည် အရှေ့မှ အနောက်သို့၊ တောင်မှမြောက်သို့ ဦးခေါင်းလက်ခြေတို့ကို ရွေ့လျားလှုပ်ရှားခြင်းကို ဆိုသည်'* ဟု ဖော်ပြထားပါသည်။

တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ကပြခဲ့ကြရာမှ စုပေါင်းကပြရာတွင် ညီညီညာညာ ယိမ်းနွဲ့လှုပ်ရှားကပြကြသဖြင့် ယိမ်းအက ပေါ်ပေါက်လာခြင်း ဖြစ်ပေမည်။

သဘင်ဝန် ဦးနုက ရှေးကတည်းက ယိမ်းများရှိသည်ဟု ဆိုသော်လည်း ထင်ရှားစွာမပြောနိုင်။

ကုန်းဘောင် ၁၀ ဆက်မြောက် မင်းတုန်းမင်းတရားကြီး လက်ထက်မှစ၍ ယိမ်းပေါ်ပေါက်လာသည်ဟု ခန့်မှန်းထားကြောင်း **'မြန်မာ့သဘင်လောက'** စာအုပ်တွင် ဖတ်ရှုရသည်။ ရတနာပုံခေတ်တွင် နန်းတွင်း၌ ဆီမီးခွက်ယိမ်းကပြခဲ့ဖူးကြောင်းကို သဘင်ဝန်ဦးနုက ဖော်ပြခဲ့သည်။ နန်းတွင်းမှတစ်ဆင့် အပြင်သို့ ဆင့်ပွားရောက်ရှိသွားဟန် တူသည်။ ဗြိတိသျှကိုလိုနီခေတ် နောက်ပိုင်းမှ ယခုတိုင် ယိမ်းအကများ ဇာတ်ခုံပေါ်၌ ကပြလျက်ရှိသည်။ အစပထမက ယိမ်းကပြသူ ၈ ဦးမျှသာ ပါဝင်သည်ဟု သိရသည်။

နောက်ပိုင်းတွင် သကြိန်ယိမ်းများဖြစ်ပေါ်လာရာမှ ယိမ်းအက တိုးတက်ပြန့်ပွားလာရာ-

၁။ ပဏာမယိမ်း
၂။ ကိန္နရာယိမ်း
၃။ မြင်းယိမ်း
၄။ ဘီလူးယိမ်း
၅။ ကရင်ဒိုးယိမ်း
၆။ ဘုန်းကြီးပျံဒိုးယိမ်း
၇။ နတ်သမီးယိမ်း

စသည်ဖြင့် ယိမ်းအမျိုးမျိုး ဖြစ်ပေါ်လာသည်။

ရှေးက ဇာတ်အဖွဲ့ကြီးများတွင် နတ်ကတော်အကသော်လည်းကောင်း၊ အပျိုတော်အကသော်လည်းကောင်း ထွက်ပြီးလျှင် ပဏာမယိမ်းဖြင့် ဧည့်ခံကြလေ့ရှိ၏။ သီးခြားယိမ်းများနှင့်လည်း ကပြတတ်ကြသည်။ ဇာတ်ကွက် ဇာတ်လမ်းများနှင့်ဆိုင်ရာ ယိမ်းများဟူ၍လည်း ရှိသည်။

နောက်ပိုင်းတွင် ဇာတ်ကြီးများ၏ ရှေ့ပိုင်း၌ လူဘိုင်စကုတ်ဟု ပေါ်လာရာမှ ပြဇာတ်ဟူ၍ ဖြစ်လာသည်။ ထို့ကြောင့် အပျိုတော်အက ယိမ်းအသွင်ပြောင်းလာသည်ကို စာရေးသူအနေဖြင့် ခေတ်အလိုက် ကပြခြင်းဖြစ်၍ လက်ခံလိုက်ရသည်။ သို့မဟုတ်က အပျိုတော်ကကို တစ်ပင်တိုင်အနေဖြင့်သာ ကစေချင်သည်။

သို့သော် ယခုအခါ အပျိုတော်ယိမ်းကို နတ်ကနှင့်ယှဉ်၍ အမျိုးမျိုးထွင်လာကြသည်။ မကြာသေးမီက မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ကပြသော ကျောင်းဆင်ပွဲကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူကြည့်လိုက်ရသည်။ နောက်ခံပုပ္ပားတောင်ကလပ် ပန်းချီရှေ့တွင် အလယ်၌ပုပ္ပားမယ်တော်က ဒေါင်းတောင်ဖြင့် ရပ်နေပြီး သားနှစ်ပါးက ရှေ့၌ ရပ်နေကြသည်။ ထိုရှေ့တွင် အပျိုတော်များက ထွက်လာပြီး ယိမ်းအသွင် ကပြသည်။ အပျိုတော်များ ကပြပြီးနောက် ဝင်သွားမှ ပုပ္ပားမယ်တော်နှင့် သားနှစ်ပါးက တစ်ဖန်ကကြသည်။ အပျိုတော်ယိမ်းနှင့်မည်သို့မျှ မသက်ဆိုင်ပါ။

နောက်တစ်မျိုး ရှိသေးသည်။ အပျိုတော်များ ယိမ်းအသွင် ထွက်လာပြီးနောက် ဆိုင်းက နတ်ချင်းများကို ဆက်လက်သီဆိုရန် ချီးပေးသည်။ အထူးသဖြင့် ပခန်းမင်းနတ်ချင်းများ ဖြစ်သည်။

*'သောက်တော်ဘူးရယ်နဲ့၊ ကိုယ်... မကွာ ကိုယ်မကွာ'* အစရှိသည်ကိုလည်းကောင်း…၊

*'သန်းခေါင်ကို နေ့မှတ်ပါ... အရပ်ကလေးကိုတဲ့ အားမနာ'* အစ... သည်ကိုလည်းကောင်း…၊

*'လောင်းစရာ ငွေမရှားပါဘူး'* အစရှိသည်ကိုလည်းကောင်း…၊

*'ချစ်လို့ရယ်ခင်၊ ယဉ်ရှာ... သလား'* အစရှိသည်ကိုလည်းကောင်း...

*'ပုဆိုးကွက်ဝါ၊ ကြက်ပြာပိုက်... လို့'* အစရှိသည်ကိုလည်းကောင်း…

*'မြောင်းတူကို လျှောက်ပါ... အနောက်ကလေးရယ်တဲ့ ရွှေကျ...'* အစရှိသည်ကိုလည်းကောင်း သီဆို... ဆိုင်းက ချီးပေးသောအခါ ပခန်း... မင်းကျော်စွာအသွင်နှင့် မင်းသား... မြင်းစီးဟန်ဖြင့် အပျိုတော်များကြား... ထွက်လာသည်။ အပျိုတော်များက... မြင်းစီးဟန်ဖြင့် ဝိုင်းကကြသည်။

အပျိုတော်ယိမ်းမဟုတ်ဘဲ ဦးမင်း... ကျော်နှစ်ပါးသွား(အပျိုတော် တစ်... ယောက်တည်းမဟုတ်၍ အပျိုတော်... ပေါင်းနှင့် လေးပါး၊ ခြောက်ပါးသွား... ဆိုရမည်လားမသိ)အကမျိုးကို က... ကြသည်။ အပြင်ဇာတ်သဘင်များ... ဤကဲ့သို့မျိုး က,သည်ကို မည်သို့... မဆိုချင်သော်လည်း ယဉ်ကျေးမှု... ကြီးဌာနအနေဖြင့် က,သည်မျိုးကို... မကသင့်ဟု ဆိုချင်ပါသည်။

■

**မောင်သန်းဆွေ(ထားဝယ်)**

**ကိုးကားချက်**

၁။ မင်းသားကျော်မြသောင်း၊ ယဉ်ကျေး... မှုစာစောင် အတွဲ(၄)
၂။ မြန်မာ့သဘင်လောက
၃။ ပန်တျာမြင့်အောင်၊ **'မြန်မာအက... သမိုင်း'**
၄။ မောင်သန်းဆွေ(ထားဝယ်)၏ **'... သဘင်မှ နတ်ကတော်နှင့် အပျို... တော်ကခန်း စာတမ်း...'**



www.burmeseclassic.com

www.burmeseclassic.com





### ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမှုအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမှုအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။



### မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)

ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ မြို့စကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



### ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဓါတုဗေ)

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။



### အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့

ညွှန်ကြား သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ၊ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



### ထေရဝါဒရှုထောင့် - မင်းနန္ဒ(မော်ကျွန်း)

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော မွေကာသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။



### မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ

အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသီ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။

ထွက်ပြီ

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com



# အဖိနှိပ်နှင့်

# သူ၏ဂါရဝင်အနိုင်ရသူ

# နတ်မှုံး

ရုပ်စုံမဂ္ဂဇင်း

ရသစာတမ်း

အမှတ် ၃၀၁၊ ဒီဇင်ဘာ၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com



၁။
ကျွန်တော်တို့
စီးလာသော
Expact Explore ကားက
အီတလီကို
ဖြတ်မောင်းနေသည်။
အီတလီဟိုက်ဝေးလမ်းက
၈ လမ်းသွားဖြစ်ပြီး
ကျယ်လှသည်။
Fog ဟု ခေါ်သည့်
မြူတို့က ပတ်ဝန်းကျင်ကို
မမြင်သာအောင်
ဖုံးလွှမ်းနေသည်။
အီတလီက
လမ်းပန်းအဆက်အသွယ်
ကောင်းလှသည်။
ကိုက်တစ်ရာ
နှစ်ရာခန့်တိုင်းမှာ
ကုန်းကျော်တံတား
တစ်ခုကို တွေ့ရသည်။
နေ့တစ်နာရီခန့်မှာ
ကျွန်တော်တို့ကြည့်ရမည့်
ပီစာမျှော်စင်သို့
ရောက်သည်။
မြူနှင်းတို့စဲသွားပြီဖြစ်၍
နေရောင်အောက်မှာ
စောင်းနေသော
ပီစာမျှော်စင်ကို
လှပစွာ တွေ့ရသည်။
ပီစာမြို့သည်
ပင်လယ်ဆိပ်ကမ်း
မြို့တစ်မြို့ဖြစ်ပြီး
၁၀၆၃ ခုနှစ်မှာ
ပီစာမြို့သားတို့
စစ္စလီကျွန်းမှ
ပလာမိုမြို့ကို
တိုက်ခိုက်
အောင်မြင်ခဲ့သည်။
မြို့၏အရေးပါမှုကို
ကမ္ဘာကသိအောင်
ဘုရားကျောင်း
တစ်ခုဆောက်ဖို့
ဆုံးဖြတ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြတ်မှုမှာမူ
၎င်းကိုယ်တိုင်က
တရားဖြစ်သည်
မြင့်မားမှုက
အာဏာဖြစ်လျှင်
မြင့်မြတ်မှုကို
ဩဇာဟု ခေါ်နိုင်သည်
မြင့်မားတိုင်း
မြင့်မြတ်ချင်မှ
မြင့်မြတ်ပြီး
မြင့်မြတ်တိုင်းလည်း
မြင့်မားချင်မှ
မြင့်မားမည်
တစ်နည်းပြောရလျှင်
အာဏာရတိုင်း
ဩဇာ ရှိချင်မှရှိမည်
ဩဇာရှိတိုင်းလည်း
အာဏာ
ရချင်မှရမည်

ဘုရားဝတ်ပြုကျောင်း၊ ရေနစ်ခြင်း မင်္ဂလာပြုရန် အဆောက်အဦ၊ ခေါင်းလောင်းစင်(ပီစာမျှော်စင်)နှင့် သင်္ချိုင်းတို့ ပါဝင်သည့် ကျောင်းတော်ကို ၁၁၇၃ ခုနှစ်၊ ဩဂုတ်လမှာ စတင်ဆောက်လုပ်ခဲ့သည်။ မြေပျော့ပြီး အောက်ခံဖောင်ဒေးရှင်းမကောင်းသောကြောင့် ပီစာမျှော်စင်မှာ ၁၁၇၈ ခုနှစ် တတိယထပ်ဆောက်နေစဉ် တစ်ဖက်သို့ တိမ်းစောင်းသွားခဲ့သည်။ စောင်းနေခြင်းကြောင့်လည်းကောင်း၊ စစ်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကြွေးတင်ခြင်းကြောင့်လည်းကောင်း အကြိမ်ကြိမ် ရပ်နားခဲ့ရသည်။ နှစ်ပေါင်း ၂၀၀ နီးပါးအကြာ ၁၃၇၂ နှစ်မှ ဆောက်လုပ်ပြီးစီးခဲ့သည်။ ပီစာမျှော်စင်မှာ အထပ်ရှစ်ထပ်ဖြစ်ပြီး ထိပ်ဆုံးအထပ်မှာ ခေါင်းလောင်း ၇ လုံးရှိသည်။ တစ်ဖက်သို့ သိသိသာသာ ၄ ဒီဂရီနီးပါး စောင်းနေသည်။ မြင့်သည့်ဘက်က ၅၆.၆၇ မီတာ (၁၈၅.၉၃ပေ)ရှိပြီး နိမ့်သည့်ဘက်က ၅၅.၈၆ မီတာ (၁၈၃.၂၇ပေ) ရှိသည်။ တိမ်းစောင်းမှုက ပီစာမျှော်စင်ကို နာမည်ကြီးစေခဲ့သည်။ အတည့်ဖြစ်ပါမူ သည်မျှကမ္ဘာကျော်ချင်မှ ကျော်လိမ့်မည်။ ကျွန်တော်က အဆိုတော်ထူးအိမ်သင်၏ *လွဲလွဲလေးပဲကောင်းပါတယ်* ဟူသော သီချင်းကို သတိရနေမိသည်။ ဘုရားကျောင်းဝိုင်းက တစ်မျှော်တစ်ခေါ် ကျယ်ဝန်းလှသည်။ နှစ်ခြင်းအဆောက်အဦနှင့် ဘုရားကျောင်းကြားတွင် မြက်ခင်းပြင်ကြီး ရှိနေသည်။ ပီစာမျှော်စင်က ဘုရားကျောင်း၏ဘေးတွင် ထိုးထိုးထောင်ထောင်နှင့် ဘယ်ဘက်သို့ တိမ်းစောင်း၍ နေသည်။

'ဒုတိယကမ္ဘာစစ်က ဒီဘုရားကျောင်းကို ဂျာမန်တွေက စစ်စခန်းလုပ်ပြီး အမေရိကန်တပ်ဖွဲ့တွေကို တိုက်ခိုက်ခဲ့တယ်။ အမေရိကန် စစ်ဌာနချုပ် (ပင်တာဂွန်)က ဒီဘုရားကျောင်းကို ဗုံးကြဲဖို့ အမိန့်ပေးခဲ့တယ်။ ဒါပေမဲ့ အီတလီစစ်မြေပြင်မှ ဗိုလ်ချုပ်က ဒီအမိန့်ကို မနာခံခဲ့ဘူး။ အခု ခင်ဗျားတို့မြင်တဲ့အတိုင်း ဒီရှေးဟောင်းဘုရားကျောင်းက အလွန်လက်ရာမြောက်ပြီး ရင်သပ်ရှုမောဖွယ် ကောင်းတယ်။ သူ့အနေနဲ့ ဒီဘုရားကျောင်း အဆောက်အဦတွေကို ဖျက်ဆီးပစ်ဖို့ နှမြောနေတယ်။ ဒါနဲ့ သူက ဗုံးမကြဲဘဲ ချမ်းသာပေးလိုက်တယ်။ စစ်ပြီးတော့ အမိန့်မနာခံရကောင်းလားဆိုပြီး အဲဒီဗိုလ်ချုပ်ကို စစ်ခုံရုံးတင်ခဲ့တယ်။

'ဒီနှစ်ပေါင်း ၂၀၀ နီးပါး ခက်ခက်ခဲခဲ ဆောက်လာရတဲ့ အနုပညာလက်ရာမြောက်တဲ့ ဘုရားကျောင်းကြီးကို ဖျက်ဆီးခြင်းဟာ **လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ ရာဇဝတ်မှု**(Crime Against Humanity) မြောက်တယ်လို့ ကျွန်တော်ယူဆတယ်။ ဒါကြောင့် ဗုံးမကြဲခဲ့ခြင်းဖြစ်တယ်။ ဒီအတွက် လူကြီးမင်းတို့စစ်ခုံရုံးက ကျွန်တော့်ကို ကြိုက်တဲ့အပြစ်ပေးနိုင်တယ်'ဆိုပြီး အဲဒီ စစ်ဗိုလ်ချုပ်က ရဲရဲကြီး ထွက်ဆိုခဲ့တယ်။

ကျွန်တော်တို့၏ ခရီးသွားခေါင်းဆောင် လု(ခ)က ရှင်းပြနေခြင်း ဖြစ်သည်။ ပီစာမျှော်စင်၏ အုံ့မခန်း အနုလက်ရာများကို ကြည့်ရင်း အမိန့်မနာခံသော အမေရိကန်စစ်ဗိုလ်ချုပ်ကို ကျေးဇူးတင်နေမိသည်။

❑

၂။

ကားစီးနေရင်း ကျွန်တော်က အမိန့်အကြောင်းကို စဉ်းစားနေမိသည်။ အမိန့်ဟူသည် မဖြစ်မနေထမ်းဆောင်ရမည့် တာဝန်ဖြစ်သည်။ အမိန့်တွင် အမိန့်ပေးသူနှင့် ထိုအမိန့်ကို နာခံဆောင်ရွက်ရသူဟု နှစ်ပိုင်းရှိသည်။ အမိန့်ပေးသူက အမိန့်နာခံဆောင်ရွက်ရသူထက် ရာထူးအဆင့်မြင့်မားရမည်။ ဤနေရာတွင် **မြင့်မားမှုနှင့် မြင့်မြတ်မှုတို့၏** ခြားနားမှုကို ကျွန်တော် သတိထားမိသည်။

'မြင့်မားမှု'သည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတစ်ခုဖြစ်ပြီး အုပ်ချုပ်ရေးအရ မြင့်မားမှုကို အာဏာဟု ခေါ်နိုင်သည်။ ကံ၊ ဉာဏ်၊ ဝီရိယ အကြောင်းသုံးပါး တိုက်ဆိုင်လျှင် ရာထူးဂုဏ်ရှိန် စည်းစိမ် ဥစ္စာ မြင့်မားသွားနိုင်သည်။ ပုဂံရာဇဝင်တွင် မိမိသခွားခင်းကိုဝင်ပြီး သခွားသီး စားသော ဘုရင်အား ရိုက်သတ်မိသဖြင့် တောင်သူကြီးပင် မင်းဖြစ်ခဲ့ရသေးသည်။ အချို့နိုင်ငံများမှာ သေနတ်ကို အမိန့်ပေးနိုင်လျှင် ပြည်သူလူထု မကြိုက်ပါဘဲနှင့် မြင့်မားနိုင်ကြသည်။

'မြင့်မြတ်မှု'မှာ စိတ်အခြေအနေ တစ်ရပ်ဖြစ်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်မှုနှင့် အများအကျိုးအတွက် ကိုယ်ကျိုးစွန့်မှုတို့ ပါဝင်သည်။ လူတစ်ယောက် မြင့်မြတ်ဖို့အတွက် ကံ၊ ဉာဏ်၊ ဝီရိယသာမက သီလ၊ သမာဓိ၊ ပညာနှင့် မေတ္တာပါ အားကြီးဖို့ လိုအပ်သည်။ မြင့်မားမှုသည် တရားနှင့် ယှဉ်တွဲနေနိုင်သလို တရားမဲ့၍လည်း နေတတ်သည်။ မြင့်မြတ်မှုမှာမူ ၎င်းကိုယ်တိုင်က တရားဖြစ်သည်။ မြင့်မားမှုက အာဏာဖြစ်လျှင် မြင့်မြတ်မှုကို ဩဇာဟု ခေါ်နိုင်သည်။ မြင့်မားတိုင်း မြင့်မြတ်ချင်မှ မြင့်



www.burmeseclassic.com

www.burmeseclassic.com

…ပြီး၊ မြင့်မြတ်တိုင်းလည်း မြင့်မား…မြင့်မားမည်။ တစ်နည်းပြောရလျှင် အာဏာရတိုင်း သြဇာရှိချင်မှရှိမည်၊ သြဇာရှိတိုင်းလည်း အာဏာရချင်မှရမည်။ …မှသမိုင်းတွင် အာဏာကော၊ သြဇာ… ပြည့်စုံသူကို ပြပါဆိုလျှင် ဗိုလ်ချုပ်…အောင်ဆန်းမှတစ်ပါး အခြားမရှိ။

အမိန့်၏ အထက်ရပ်ဝန်းဒေသမှာရှိ…သောသူကို နှစ်ပိုင်း ပိုင်းနိုင်သည်။ မြင့်…မြင့်မြတ်သူနှင့် မြင့်မားယုတ်ညံ့သူ…ဟု ဖြစ်ကြသည်။ မြင့်မားမြင့်မြတ်သူတို့…ပေးသော အမိန့်သည် ပြည်သူလူထု…အတွက် အမိန့်ကောင်း(သို့မဟုတ်) …တရားစောင့်သော အမိန့်ဖြစ်ပြီး၊ မြင့်မား…ယုတ်ညံ့သူတို့ပေးသော အမိန့်က အမိန့်…ဆိုး(သို့မဟုတ်) တရားမစောင့်သော …အမိန့်ဖြစ်နေတတ်သည်။ **သူယုတ်…တွေ့ထား သုံးပါး** ရှိသည်။ (၁) တရား…စောင့်၊ (၂) လောဘဒေါသ၊ မောဟ…ကြီးသည်။ (၃) အတ္တမာန လွန်ကဲသည်။ …ယုတ်ညံ့သူတို့ မြင့်မားသောနေရာ ရခဲ့…သော် ထိုသူတို့ပေးသောအမိန့် (သို့…မဟုတ်) ဥပဒေများသည် အများပြည်…သူ အကျိုးအတွက် မဟုတ်ဘဲ မိမိကိုယ်…ကျိုးစီးပွားနှင့် ရာထူးစည်းစိမ်တည်မြဲဖို့…အတွက် ဖြစ်နေတတ်သည်။ တစ်နည်း…ပြောရလျှင် ပြည်သူလူထု၏အလိုနှင့်…ဆန့်ကျင်နေတတ်သည်။

ကျွန်တော်က ရေးဖော် စာရေး…ဆရာတစ်ယောက်ပြောသော စကားကို …ကြားယောင်လာသည်။

'လူယုတ်နဲ့ လူမိုက်က မတူဘူးဗျ။ …သူယုတ်က လူမိုက်ထက် ဉာဏ်နီ…ဉာဏ်နက် ပိုများတယ်။ လူမိုက်နဲ့ငွေ…အတူမနေဆိုပေမဲ့ လူယုတ်တွေက ချမ်း…သာအောင်လုပ်တတ်ကြတယ်။ လူယုတ်…က အမှားကို အမှားမှန်းသိလျက်နဲ့ လုပ်…တယ်၊ လူမိုက်က အမှားကို အမှားမှန်း…မသိလို့လုပ်တယ်။ လူယုတ်နဲ့ လူမိုက်…တွေက သံသရာကို မယုံဘူး၊ ငရဲ…မကြောက်ဘူး။ အခုဘဝ ကောင်းစားဖို့…သာ ခုပဲကြည့်တယ်။ ဘယ်သူသေသေ…ငါမသာရင် ပြီးရော စိတ်မွေးတယ်'။

'နောက် လူယုတ်က တရားပြလို့ မရဘူး။ ခေါင်းမာတယ်။ မြတ်စွာဘုရား ပွင့်တော်မူတော့ သိဥ္စည်းဆိုတဲ့ တိတ္ထိ ဆရာကြီးရှိတယ်။ အယူမှားနေပေမဲ့ သူ့မှာ တပည့်ပေါင်းများစွာ ခြံရံနေတယ်။ သူ့တပည့်တွေထဲက ရှင်သာရိပုတ္တရာ အလောင်းဖြစ်တဲ့ ဥပတိဿနဲ့ ရှင်မောဂ္ဂလာန်အလောင်းဖြစ်တဲ့ ကောလိတတို့က အရှင် အဿဇိမထေရ်ဟောတဲ့ တရားကို နာရပြီး မြတ်စွာဘုရားထံ သွားဖို့ ကြံတယ်။ ဆရာဖြစ်တဲ့ သိဥ္စည်းကို အတူလိုက်ခဲ့ဖို့ခေါ်တော့ သိဥ္စည်းက တစ်သက်လုံး သူများအပေါ် ဆရာ လုပ်လာပြီးတော့မှ ဂေါတမထံ တပည့်မခံနိုင်ဘူးဆိုပြီး ငြင်းတယ်'။

သူ့စကားကို ငေးမောနားထောင်ရင်းက စစ်ဘုရင် နပိုလီယံ၏စကား တစ်ခွန်းက ဖျတ်ခနဲစိတ်ထဲပေါ်လာသည်။

*I can no longer obey. I have tasted command and I cannot give it up.*

*Napoleon Bonaparte.*

*အမိန့်ပေးခြင်းရဲ့အရသာကို သိခဲ့ပြီးတော့မှ သူတစ်ပါးရဲ့အမိန့်ကို မနာခံနိုင်တော့ဘူး။ အမိန့်ပေးရဖို့ အရှုံးမပေးနိုင်ဘူး။*

*နပိုလီယံ ဘိုနာပတ်*

သူယုတ်က အတ္တကြီးသည့် အပြင် မဈေးရစိတ်လည်း လွန်ကဲသည်။ သူတစ်ပါးကို နေရာမပေးနိုင်။ သူတို့ပေးသောအမိန့်(သို့မဟုတ်) ဥပဒေများသည် လူတော်လူကောင်းတို့ကို ဖိနှိပ်ဖို့ ဖြစ်နေတတ်သည်။ စာရေးဆရာက စကားဆက်ပြန်သည်။

'သူယုတ်နဲ့လူမိုက် ပေါင်းမိရင် လောကပျက်စီးတတ်တယ်။ ဥပမာအားဖြင့် ဂျွန်ဦးစောနဲ့ သူ့နောက်လိုက်တွေရဲ့ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့ရသည်။ သူယုတ်တွေ မြင့်မားတဲ့နေရာရောက်ရင် တိုင်းပြည်လည်း လုပ်ကြံခံရနိုင်တယ်။ ကိုယ်ကျိုးစီးပွားအတွက် တိုင်းပြည်ရဲ့ သယံဇာတပစ္စည်းတွေကို ပြောင်တလင်းခါအောင် လက်ညှိုးထိုး ရောင်းစားတာမျိုးပေါ့။ သူယုတ်တွေ မိုးကောင်းရင် လူကောင်းတွေ အ,လေးလုံးကို ကြောက်ရတယ်။ အသက်ရှန် ရှာမှာ၊ ဥစ္စာအသိမ်းခံရမှာ၊ အနှိပ်စက်ခံရမှာ၊ အဖမ်းခံရ မှာတို့ပေါ့'

အမိန့်ပေးသော ပါးစပ်က တရားမစောင့်လျှင် အရာရာကို ဖျက်ဆီးနိုင်သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာတော့ လွတ်လပ်ရေးသမိုင်းဝင် တက္ကသိုလ်သမဂ္ဂ အဆောက်အဦကို ဗုံးခွဲ ဖျက်ဆီးခံခဲ့ရသည်။ ၁၉၈၈ ခုနှစ် ၈ လေးလုံး အရေးတော်ပုံနှင့် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတို့မှာ ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့ သွေး မြေကျခဲ့ရသည်။ ❑

၃။

ကားက တရိပ်ရိပ် ပြေးနေသည်။ နံဘေးမှာ ကျွန်တော့်ဇနီးက အိပ်ငိုက်၍ လိုက်ပါလာသည်။ ဟိုး အရှေ့ဆီမှာ မှိုင်းပျပျတောင်တန်းများကို တွေ့ရသည်။ အီတလီ၏ အဖိုးတန် မာဘယ်လ်ကျောက်များထွက်ရာ မာဘယ်လ်တောင်တန်းများဟု ခရီးသွားလမ်းညွှန် လုခ်က ပြောသည်။

'ဒုတိယကမ္ဘာစစ် မတိုင်မီက အီတလီကို အာဏာရှင် မူဆိုလီနီ အုပ်စိုးခဲ့တယ်။ ဖက်ဆစ်ဝါဒကို ကျင့်သုံးခဲ့တယ်။ မူဆိုလီနီက သူ့ ခါးပိုက်ဆောင် ရုပ်နက်ဝတ် စစ်တပ်ကို ထူထောင်ခဲ့တယ်။ သူတို့က မူဆိုလီနီကို ဒူချီ (Duci)လို့ ချစ်စနိုး ခေါ်ကြတယ်။ ဒူချီက ခေါင်းဆောင်လို့ ဆိုလိုတယ်။ သူတို့ရဲ့ ကြွေးကြော်သံက ဒူချီ ဘယ်တော့မှမမှားဘူး၊ (Duci is never wrong) ဆိုတာပဲ။ သူတို့က မူဆိုလီနီ အမိန့်ပေးသမျှ အကုန်လိုက်နာတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က ခေါင်းဆောင် မူဆိုလီနီ အာဏာတည်မြဲရေးပဲ။ ရုပ်နက်ဝတ်စစ်သားတွေနဲ့ ဖိနှိပ်မှုကို အီတလီပြည်သူတွေ ၂၁ နှစ်တိုင် ခါးစည်းခံခဲ့ရတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်တော့ အီတလီက နာဇီဂျာမနီနဲ့ပေါင်းပြီး စစ်တိုက်ခဲ့…

www.burmeseclassic.com

တယ်။ စစ်ကြောင့် မိသားစုဘဝတွေ ပြိုကွဲခဲ့ရတယ်။ ၁၉၄၃ ခုနှစ်မှာ မူဆိုလီနီနှင့် သူ့ဇနီး လုပ်ကြံခံရပြီး ဖက်ဆစ်စနစ် နိဂုံးချုပ်သွားတယ်'

လုခ်က အီတလီသမိုင်းကြောင်းကို ရှင်းပြခဲ့ခြင်း ဖြစ်သည်။ အမိန့်၏ အထက်ရပ်ဝန်းဒေသမှ လူများ တရားမစောင့်ခဲ့လျှင် ပြည်သူလူထု ဒုက္ခရောက်တတ်ကြောင်း အီတလီ၏သမိုင်းက သင်ခန်းစာပေးနေသည်။ အခုတော့ အီတလီက ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်နေပြီ။

ကျွန်တော်က အမိန့်ကို နာခံဆောင်ရွက်ရသည့် အမိန့်အောက်က လူများ၏ ဘဝကို စဉ်းစားကြည့်မိပြန်သည်။ အထက်က အမိန့်သည် သူ့ချည်းမလာ၊ အာဏာဖိဆန်၊ အာဏာလျှံဟူသော ခြိမ်းခြောက်မှုက တစ်ပါတည်းပါလာသည်။ စလေဦးပုည၏ဆဒ္ဒန်ဆင်မင်းဝတ္ထုထဲက သောနုတ္တရမုဆိုး၏ မိမိအသက်ကို ချမ်းသာပေးဖို့ ဆဒ္ဒန်ဆင်မင်းထံ လျှောက်တင်ချက်က စိတ်ထဲပေါ်လာပြန်သည်။

*'ဆဒ္ဒန်နှဲ့ဘုန်းကြွယ်၊ ကိုယ်တော်မြတ်အစွယ်ကို၊ နားဝယ်လှလှ၊ မဆင်ရလျှင်၊ စိတ်ချပေရော့၊ သူသေပါတော့မည်ဟု၊ ရွှေနန်းကြော့ရှင်၊ သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထား၍အသော့၊ ငိုပါရော့သည်ဘုရား၊ ပင်ပန်းလှိုက်ဖို၊ သူ့မယား ငိုတည့်လျှင်၊ ဟိုလူကြီးက၊ ပြာရီးပြာရာ၊ ပဇာအရေး၊ မတွေးမမြော်၊ ကျွန့်တော့်ကိုခေါ်ပြီးလျှင်၊ ဟဲ့နော်လုဒ္ဒက၊ ဆင်စွယ်ကို မရလျှင်၊ ဇီဝနတ္ထိ၊ နင်သေမည် သိစုံဟု၊ မင်းသမီးမာန်စွဲနှင့်၊ အံခဲ၍ မိန့်ရာတွင်၊ ခုသေမလောက်၊ ကျွန့်တော်မျိုး ကြောက်လှ၍'*

ဘုရင်၏အမိန့်ကို ကြောက်ရ၍ လာလုပ်ကြံခြင်းဖြစ်ကြောင်း သောနုတ္တရမုဆိုးက ဆဒ္ဒန်ဆင်မင်းကို လျှောက်တင်ထားခြင်း ဖြစ်သည်။ တကယ်တော့ ထိုစကားက တစ်ဝက်သာ မှန်သည်။ တစ်ဝက်က သူ ရမည့်ဆုလာဘ်ကို မက်မော၍ ဖြစ်သည်။

*'တောမှာပင်သေသေ၊ ဖြစ်လိုရာဖြစ်စေဟု၊ မသွေမဖောက်၊ ဆက်ပါမည်လျှောက်သည်တွင်၊ နှစ်ယောက်စလုံး၊ တပြုံးပြုံးနှင့်၊ အသုံးကံကျေး၊ ငါးရွာစားပေးပြီးလျှင်'*

အကြောက်တရားနှင့် ငါးရွာစားရာထူးတို့ကြောင့် မုဆိုးက ဘုရားလောင်း ဆင်မင်းကို လေးနှင့်ပစ်သည်။ သူသတ်ရမည့်ဆင်မှာ သူတော်ကောင်းကြီးဖြစ်မှန်း ကောင်းကောင်းကြီး သိသည်။ ထို့ကြောင့်ပင် သူ့အသက်ဘေးလွတ်ရန် သင်္ကန်းရုံ၍ လုပ်ကြံခဲ့ခြင်း ဖြစ်သည်။ အမိန့်အရ ကြောက်လို့လုပ်ရပါသည် ဆိုသော်ငြား ရာထူးတိုးမည်ဆိုလျှင် သူယုတ်မာတို့က ဒုစရိုက်မှုကို ကောင်းကောင်းကြီး ပြုတတ်ကြသည်။ ❑

၄။

ကားပေါ်ကနေ အီတလီ၏ တစ်မျှော်တစ်ခေါ် ဂျုံခင်းများကို တွေ့ရသည်။ ဝင်လုလု နေရောင်အောက်မှာ ဂျုံခင်းတို့က ရွှေကော်ဇောကြီးပမာ တောက်ပနေကြသည်။ နေရောင်ကြောင့် သစ်ပင်တို့ အသက်ရှင်နိုင်သလို နေရောင်ကြောင့်ပင် သေနိုင်ကြသည်။ အမိန့်က နေရောင်နှင့် တူသည်။ ကျွန်တော်က အမိန့်ကို နာခံဆောင်ရွက်ရသည့် အမိန့်၏ အောက်ရပ်ဝန်းဒေသမှ လူများကို ပိုင်းခြားကြည့်မိပြန်သည်။ လူမိုက်၊ သူယုတ်နှင့် သူတော်ကောင်းဟု သုံးမျိုး တွေ့ရသည်။ လူမိုက်က အမိန့်၏ အကျိုးအပြစ်(သတ္တကသမ္ဗဓဉ်)နှင့် ပြုသင့်၊ မပြုသင့်(သပ္ပာယသမ္ဗဓဉ်)ကို မစဉ်းစား အထက်အမိန့်ဆိုလျှင် မျက်စိမှိတ်၍ လုပ်သည်။ အထက်ဖား အောက်ဖိသမား ဖြစ်သည်။ သူယုတ်က အမိန့်၏ အကျိုးအပြစ်နှင့် ပြုသင့်၊ မပြုသင့်ကို ကောင်းကောင်းကြီးသိသည်။ သို့သော် မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် မတရားသောအမိန့်ကို ပျော်ပျော်ကြီးဆောင်ရွက်တတ်ကြသည်။ သောနုတ္တရ မုဆိုးလက်သစ်ဟု ပြောနိုင်သည်။ သူတော်ကောင်းက အမိန့်၏ အကျိုးအပြစ်နှင့် ပြုသင့်၊ မပြုသင့်ကို ပို၍သိသည်။ အကြောက်တရားကြောင့် မတရားသောအမိန့်ကို နာခံရသည့်တိုင် လိပ်ပြာမလုံဖြစ်တတ်သည်။ အချို့သော သူတော်ကောင်းတို့ကမူ ဘေးဒုက္ခ ရောက်မှာ သိသော်ငြား မတရားသည့် အမိန့်ကို မလိုက်နာ အာခံတတ်ကြသည် စန္ဒကူးပင်သည် သွေခြောက်သွားသည့် တိုင် မွှေးရနံ့ကိုမစွန့်၊ ကြံသည် ကြိတ် ဖတ်တဝရောက်သည့်တိုင် ချိုသောအရသာ ကိုမစွန့်၊ ထို့အတူ သူတော်ကောင်းတို့ သေသည့်တိုင်အောင် သူတော်ကောင်း တရားကို မစွန့်၊ ရဲဝံ့ကြလေသည်။

*'ငြိမ်းချမ်းရေးဆိုတာ စစ်ပွဲတစ် ဒါမှမဟုတ် အဆိုး တစ်ခုရဲ့ ရလဒ်မဟုတ် ဘူး။ လူတွေရဲ့ မေတ္တာတရားနဲ့ စဉ်း ဆုံးဖြတ်မှုကသာ ငြိမ်းချမ်းရေးကို တည် ဆောက်လို့ရတယ်။ လူသားအချင်း ချင်း မေတ္တာထားပြီး တရားသဖြ စဉ်းစားဆုံး ဖြတ်လေ ငြိမ်းချမ်းလေ'*

မိတ်ဆွေ စာရေးဆရာ၏ စကား ပြန်ကြားယောင်လာမိသည်။ အမိန့် အထက်အောက်ရပ်ဝန်းဒေသမှ လူ မေတ္တာထားနိုင်ကြပါစေ၊ တရားသဖြ စဉ်းစားဆုံးဖြတ်နိုင်ပါစေ၊ မြင့်မား သာမက မြင့်မြတ်နိုင်ကြပါစေ ကျွန်တော် ဆုတောင်းမိသည်။ တစ် အမိန့်၏ အောက်ရပ်ဝန်းဒေသမှ များလည်း မတရားသဖြင့် ကျရော လာတတ်သော သူယုတ်မာတို့၏ အ ကို တွန်းလှန်နိုင်သည့် ခွန်အားနှင့် သ တွေ ဖြစ်ထွန်းပါစေဟု ဆန္ဒပြုမိသည်

ဟိုးရှေ့ခပ်လှမ်းလှမ်းမှာ အီတ ရှေးဟောင်းမြို့တော် ဖလောရင့်စ် ပျပျလေး မြင်နေရပြီ။ ကျွန်တော် ပီစာမှ ဝယ်လာသော ပီစာမျှော်စ ပို့စကတ်များကို ထုတ်ကြည့်မိသည် ပို့စကတ်တစ်ပုံကို မြန်မာနိုင်ငံမှ မိတ် စာရေးဆရာဆီ ပို့ဖြစ်အောင်ပို့ဖို့ ဆုံးဖြ လိုက်သည်။ ပီစာမျှော်စင်၏အလှတ တည်တံ့နေသည်မှာ ဒုတိယကမ္ဘာ အတွင်းက အမိန့်ကိုမနာခံသော သ ပြောင်မြောက်သည့် အမေရိကန်ဗိုလ် တစ်ဦးကြောင့်ဖြစ်ကြောင်း ကြုံ သူ့ကိုပြောပြပါဦးမည်။ ■ နတ်



www.burmeseclassic.com

www.burmeseclassic.com



အခန်းဆက် ဝတ္ထုရှည်



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လစာအဆက်…)

ငါးတန်းတက်ရတဲ့နှစ်ဟာ ဘဝဆိုတာမှာ လစ်ဟာမှုကြီးတစ်ခု ပါနေပါကလား ဆိုတာကို စသိလာတဲ့အခါပဲ။ နေ့တိုင်းနေ့တိုင်း မိုးလင်းလာလို့ အသက်ရှူနေတာကို သိလိုက်တိုင်း ကြောင့်ကြမှု တစ်ခုခုက ရှိနေတယ်လို့ ကျုပ် ခံစားလာရမိတယ်။ အဲဒါတွေ ဘယ်လိုလုပ်ပြီး ကျုပ်ဆီ ရောက်လာမှန်း မသိဘူး။ ကျုပ်တို့ အလယ်တန်းကျောင်းတက်တော့ မကြီးဂျမ်းက တံတားရဲ့ဟိုဘက်ခြမ်းက အထက်တန်းကျောင်းဆီ ရောက်ကြပြီ။ အဲဒီကို ကျောင်းချိန်မီဖို့ တာလမ်းထိပ်ကနေ ခြောက်နာရီလောက်က ကားစောင့်ကြရတယ်။ မကြီးဂျမ်းနဲ့ ကျောင်းသွား ကျောင်းပြန် သိပ်မဆုံကြတော့ဘူး။ ဒီတော့လည်း ကျောင်းပိတ်ရက်တွေမှာ အကြောင်းရှာရှာပြီး သွားတွေ့ရတယ်။ ကိုကြီးသောင်းစိန်ဆီကတော့ သူတို့အထက်တန်းကျောင်းမှာ မကြီးဂျမ်းကို လာပြီး



www.burmeseclassic.com

ရှိသှဲ့သဲ့လုပ်တဲ့ကောင်တွေကို သူဘယ်လို နှိပ်ထည့်လိုက်တယ်ဆိုတာတွေ ကြားရတယ်။ ကျုပ်ကိုယ်တိုင်လည်း သွားနှိပ်ထည့်လိုက်ချင်တာပဲ။ သာမောင်ကို အဖော်စပ်တယ်၊ အထက်တန်းကျောင်း ဘက်သွားကြရအောင်လို့။ ဒီကောင်က စကြောက်ပဲ၊ မလိုက်ရဲဘူး။ ငါးတန်းခြောက်တန်းနှစ်တွေဟာ ကျုပ်အတွက် အဆိုးဆုံးပဲ။ အဆိုးဆုံးလို့ ပြောရတာ ဒီထက်ပို ဆိုးဆိုးရွားရွားတွေ မဖြစ်တော့ဘူးရယ်လို့ ထင်မိလို့။ အဲဒီနှစ်တွေမှာ မကြီးရဲ့ မျက်နှာဟာ ကျုပ်လှည့်ကြည့်သမျှ အရပ်မှာ ရှိနေတယ်။ မကြီးနဲ့တွေ့ရင်လည်း မကြီးရဲ့မျက်နှာကိုပဲ ကြည့်နေချင်တယ်။ တစ်ချိတော့သာမောင်က ကျုပ်ကို မကြီးဂျမ်းနဲ့ တွေ့ရင် မင်းက ခေါ်တောပဲ ဆိုလို့ ကျုပ် ဆွဲထိုးမိသေးတယ်။ ချစ်တယ်ဆိုတာလား၊ ကြိုက်တယ်ဆိုတာလားတော့ မသိဘူး။ ကျုပ် စိတ်ထဲမှာ မတွေးစဖူးတွေ တွေးကြည့်မိတယ်။ သာမောင်ပြောတဲ့ လူပျိုဖြစ်တယ် ဆိုတာပဲလား မသိဘူး။ ညဘက်မှာ မတော်တရော်တွေ အိပ်မက်မက်လာတယ်။ ဘယ်လိုချည်းပဲဖြစ်လာလာ ကျုပ်ကတော့ မကြီးဂျမ်းရဲ့ မျက်နှာကို မြင်နေရရင်ပဲ ကျေနပ်နေမိတယ်။ ကျုပ်တို့ ခြောက်တန်းဖြေတဲ့နှစ်မှာ မကြီးက ကိုးတန်းဖြေတယ်။ ကိုးတန်းက အစိုးရစစ်။ အဲဒီနှစ်က မကြီး စာမေးပွဲကျတယ်။ ကျုပ်ကတော့ ဝမ်းသာတယ်။ အဲဒီလို စာမေးပွဲကျပေးမှ မကြီးကို

'ဂျမ်းတောမကို
မင်း ကြိုက်နေတာ
ဖြင့်လည်း
အစောကတည်းက
ပြောပါတော့လား
ကွာ။ အဖေ စီစဉ်
ပေးနိုင်ပါတယ်'တဲ့
အဲဒီတုန်းက
ကိုကြီးသောင်းစိန်
လည်း
အနားမှာရှိတယ်
အဖေက
'မင်းကကော
မသိဘူးလား'လို့
သူ့ကို မေးပါတယ်
'သိတော့
သိသပေါ့ဗျာ
ကျုပ်ကကြိုက်တာမှ
မဟုတ်ဘဲ
ဂျမ်းတောမကို
သူကြိုက်တာ
သူ့ကိစ္စပဲ'လို့
ပြန်ဖြေတယ်

ကျုပ်မီလာမှာ။

ဒါပေတဲ့ ကိုးတန်းကျတာဟာ မကြီးဂျမ်းအတွက်တော့ အသည်းနာစရာပဲ။ သူ့ဘဝမှာ စာမေးပွဲတစ်ခါမှ မကျဖူးဘူး။ ရှက်လို့ဆိုပြီး ဘယ်သူနဲ့မှ အတွေ့မခံတော့ဘူး။ နောက်ဆုံးတော့ ရွာအထိ သူ့ကျောင်းက ဆရာနဲ့ ဆရာမ လိုက်လာပြီး ကျောင်းပြန်တက်ဖို့ ပြောကြသေးတယ်။ မကြီးဂျမ်း ကျောင်းပြန်တက်ဖြစ်သွားတာကတော့ သူ့ဆရာတွေ ဆရာမတွေကြောင့် မဟုတ်ဘူး။ ဘုရားဖူးထွက်ရာက အပြန်မှာ စိတ်ပြောင်းသွားလို့။ ကိုကြီးသောင်းစိန်ကတော့ ကိုးတန်း နှစ်နှစ်ကျလို့ ကျောင်းက ထွက်လိုက်ရတယ်။ သူ့အဖို့ကတော့ ထိပေါက်သလိုပဲတဲ့။ ငါ့ဘဝမှာ အက္ခရာသင်္ချာတို့၊ ဂျီသြမေတြီတို့ မလိုဘူး။ လက်နှစ်ဖက် ခြေနှစ်ဖက်ပဲ လိုသတဲ့။ ကျောင်းပြန်တက်စတော့ မကြီးတစ်ယောက် အတော် မျက်နှာညှိုးနေတတ်တယ်။ နောက်ပိုင်းမှာမှ အတော် ပြန်လန်းလာတာ။ ကျုပ်လည်း အခွင့်အရေးရတာနဲ့ မကြီးနဲ့ သွားတွေ့တော့တာပဲ။ ခြောက်လပတ် စာမေးပွဲစစ်ခါနီး တစ်ရက်မှာ မကြီးနဲ့ စကားပြောနေရင်း မကြီးက ကျုပ်လက်မောင်းကို လှမ်းကိုင်ပြီး…

'မောင်ငယ်၊ စာကြိုးစားနော်။ တခြား ဘာစိတ်မှ မထားနဲ့။ စာမေးပွဲ မကျစေနဲ့'လို့ ပြောတယ်။

'ဟုတ်ကဲ့'လို့ပဲ ကျုပ်က ပြန်ပြောလိုက်မိတယ်။

'စာမေးပွဲကျတယ်ဆိုတာ သိပ်ရှက်စရာကောင်းတာ။ လူတစ်ယောက်ရဲ့ မအောင်မြင်မှု အစပဲ'

'ဘာလို့လဲ မကြီး'

'တကယ့်ဘဝထဲကို ရောက်မလာခင် စာရွက်နဲ့ အစစ်ခံရတာ။ စာရွက်ပေါ်မှာမှ မအောင်မြင်ခဲ့ရင် တကယ့်ဘဝမှာလည်း အောင်မြင်စရာ ဘယ်ရှိတော့မလဲ'လို့ မကြီးက ရှင်းပြတယ်။

'မဟုတ်သေးပါဘူး မကြီးရယ်။ စာရွက်ပေါ်မှာ အစစ်ခံရတာနဲ့ တကယ့်ဘဝကြီးက တခြားစီပါ'

'ဟုတ်တယ်။ ဒါပေ[…] မအောင်မြင်တာဟာ မအော[…] မြင်တာပဲ'လို့ ပြောရင်း ကျု[…] လက်မောင်းကို ကိုင်[…] လိုက်ရင်း…'စာကြိုးစား[…] လို့ မကြီးကို ကတိပေး[…]' လို့ ပြောတယ်။

'ဟုတ်ကဲ့'လို့ပဲ ကျု[…] ဖြေရင်း မကြီးကို ကြည့်[…] တယ်။ မကြီးက ပြုံး[…] တယ်။ ကျေနပ်ဝမ်းသာ[…] သလိုပဲ။ အဲဒီတုန်းက ကျေ[…] နပ်မှုတစ်ခုကို ကျုပ်လည်း[…] ရလိုက်သလိုပဲ။ တက[…] တော့ ကျုပ်ရလိုက်တဲ့ ကျေ[…] နပ်မှုတစ်ခုဟာ ကျုပ်အ[…] အတွက် ကျေနပ်စရာ[…] အားလုံးရဲ့ နိဂုံးပဲ။ အခါ[…] တော့ မကြီးတို့ သားအမိ[…] ယောက်သား အရီးမယ်[…] တို့နဲ့ ဘုရားဖူးထွက်တ[…] အရီးမယ်တင်က အောင်[…] လေ ငါးရာကို အပိုဆု နှ[…] နဲ့ စုစုပေါင်း ငွေ ခုနှ[…] ပေါက်တယ်။ ဒီတော့[…] ကိုထွန်းမောင်ကြီးတော[…] နှစ်ရာပေးငှားပြီး သွား[…] တာ။ ရွာထဲက မိန်းမ[…] အားလုံးနီးပါးပဲ။ မကြီး[…] တော့ စိတ်အပြောင်းအ[…] လေးဖြစ်အောင်ရယ်လို့ဆို[…] မကြီးနဲ့ သူ့အမေကို ဦး[…] ကြီး ပေါ်ထင်က ထည့်လို[…] တာပဲ။

ဘုရားဖူးက ပြန်[…] တော့ မကြီးလည်း စိ[…] ပြောင်းသွားပုံ ရတယ်[…] အတော်ကလေး ရွှင်လန်း[…] တယ်။ မကြီးတစ်ယော[…] ရွှင်ရွှင်လန်းလန်းဖြစ်လာ[…] ကျုပ်လည်း ပျော်တ[…] မကြီးဟာ ပိုပြီးလှလ[…] လို့ ကျုပ်မျက်စိထဲမှာ ဖြ[…]

www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။ အရီးမမွေးက လည်း ဘုရားဖူးသွားကြရင်း မန္တလေးဆီက သူ့သမီးစိတ်ကြိုက် အဝတ်အစားတွေဝယ်ပေးလိုက်တော့ မကြီးတစ်ယောက် လှပြီးရင်းလှရင်းလို့ ပြောရမှာ။ မကြီးက ကိုးတန်းပြန်ဖြေမယ်။ ကျောင်းပြန်တက်မယ်ဆိုတာကြားရတယ်။ ကျုပ်ကတော့ အကြောင်းရှာပြီး မကြီးနဲ့ သွားစကားပြောတယ်။ တစ်ခါတလေ ကျောင်းကအပြန် မကြီးကို ကာလမ်းထိပ်က စောင့်ပြီး အတူတူ အိမ်ပြန်တယ်။ နောင်နှစ်ဆိုရင် ကျုပ်လည်း မကြီးတို့ကျောင်းကိုရောက်တော့မှာ။ မကြီးနဲ့ ကျောင်းအတူတူသွားရတော့မှာလို့ ပြောတိုင်း မကြီးက ပြောတယ်။

'စာသာကြိုးစား မောင်ငယ်၊ မောင်ငယ်သာ စာတော်ရင် မကြီးတို့ကျောင်းမှ မဟုတ်ဘူး။ ဒီထက်ကောင်းတဲ့ ကျောင်းတွေကို တောင် ဦးကြီးငြိမ်းက ပို့ပေးမှာ' လို့ ပြောတယ်။ ကျုပ်ကတော့ ပြန်မပြောလိုက်မိဘူး။ ကျုပ်က မကြီးနဲ့အတူ ကျောင်းသွားချင်တာ။ ကျောင်းကောင်းတာ၊ မကောင်းတာ ကျုပ်အလုပ် မဟုတ်ဘူး ထင်တယ်။ ကျုပ် ရှစ်တန်းဆိုရင် မကြီးက ဆယ်တန်းပေါ့။ ဆယ်တန်းပြီးသွားရင် မကြီးတို့ တက္ကသိုလ်တက်ခိုင်းကြမှာ။ ကျုပ်လည်း တက္ကသိုလ်ရောက်အောင် ကြိုးစားမှာလို့ ပြောတော့ မကြီးက ရယ်တယ်။ မောင်ငယ်ရယ် ဒီလောက်လည်း စိတ်ကူးမယဉ်နဲ့ဦး။ ကျုပ်အဖို့တော့ စိတ်ကူးယဉ်တာ မဟုတ်ဘူး။ စိတ်ကူးတော့ စိတ်ကူးပဲ။ စိတ်ကူးဆိုတာတော့ ရှိရမှာပဲ။ ညအိပ်ခါနီးတိုင်း မကြီးရဲ့ မျက်နှာကို စိတ်ကူးကြည့်ရတာကို က ကျုပ်အတွက် ကျေနပ်စရာတစ်ခုပဲ။ ကျုပ်စိတ်ကူးထားတဲ့အတိုင်းကတော့ မကြီးတို့အထက်တန်းကျောင်းကိုရောက်လို့ အထက်တန်းကျောင်းသားကြီးဖြစ်လာရင် မကြီးကို ကျုပ်ပြောချင်လို့ စုထားတာတွေ ပြောမယ်။ ကျုပ်မှာ စုထားတာ တစ်ထွေးကြီးပဲ။ မကြီးကတော့ ဘုရားဖူးကအပြန်မှာ သူ အတော့်ကို စိတ်ချမ်းသာလာခဲ့ရတယ်လို့ ပြောတုန်းက ဘာများလဲ မကြီးလို့ ကျုပ်ကမေးတော့-

'မကြီးတို့ စစ်ကိုင်းကို ရောက်တော့ အမေမွေးတို့နဲ့ခင်တဲ့ ဆရာကြီး ဒေါ်ပညာတို့ နေတဲ့ချောင်ကိုသွားကြတယ်။ မကြီး ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ တစ်ခုခု ရသလိုပဲ။ စိတ်ထဲမှာလည်း ကြည်နူးလိုက်တာလေ။ မကြီးတော့ မပြောတတ်ဘူး။ ဒါနဲ့ပဲ အမေမွေးကို အဲဒီမှာ တစ်ညလောက် အိပ်ပါရစေလို့ ပြောတော့ အမေက အိပ်လေလို့ ပြောတယ်။ မကြီးတို့ နောက်တစ်နေ့ညနေမှ မန္တလေးမှာ အရီးမယ်တင်တို့နဲ့ ပြန်ဆုံကြတယ်။ တောင်ရိုးမှာ အိပ်တဲ့ညက မကြီးလည်း တောင်ရိုးပေါ်မှာ လျှောက်ကြည့်မိတယ်။ တောင်ရိုးရဲ့ငြိမ်သက်နေတာက မကြီးကိုတစ်နေရာရာဆီကို ဆွဲခေါ်သွားသလိုပဲ။ မြစ်တစ်ဖက်က မီးရောင်လက်လက်ကလေးတွေဟာ ငြိမ်သက်နေတဲ့တောင်ရိုးနဲ့ မဆိုင်တော့ သလိုဘဲ။ နောက်နေ့တော့ မပြန်ခင်ဆရာကြီး ဒေါ်ပညာရှေ့မှာ အမေမွေးဆီက မကြီးကတိတစ်ခုတောင်းတယ်။ မကြီးကိုယ်တိုင်လည်း အမေမွေးကို ကတိပေးလိုက်တယ်။ အဲဒီကတည်းက မကြီးဟာ မကြီးဘဝအတွက် ကျေနပ်စရာတစ်ခုရတယ်လို့ ထင်လိုက်မိတယ်' လို့ မကြီးက ပြောတယ်။

❑

**ကျုပ်တို့ရဲ့ လောကကြီး**

အဖေ့ကို ကျုပ် သွားပြောလိုက်တယ်။

'အဖေ ကျုပ် မကြီးဂျမ်းကို သွားတွေ့ဦးမယ်' လို့။

အဖေက ဝမ်းလျားထိုးပြီး သတင်းစာဖတ်နေရာက ကျုပ်ကို အလျင်ကြည့်တယ်။ ပြီးတော့ အိမ်အတွင်းခန်းဘက်ဆီကို လှမ်းကြည့်ရင်း-

'ကြီးမယ်ရေ ဆည်ပေါက်ပြန်ပြီဟဲ့' လို့ လှမ်းပြောလိုက်တယ်။ ဘာလို့မှန်း၊ ဘယ်ကမှန်းတော့ မသိဘူး။ အဖေနဲ့ ဘထွေး ကြီးမောင်တို့ နှစ်ယောက်သားက 'ဆည်ပေါက်ပြီ ဟဲ့' ဆိုတဲ့ စကားလုံး သုံးလေ့ရှိတယ်။ ကျောင်းတိုက်ကြီးမှာ ရပ်ကွက်စရွာကိစ္စပြောကြတဲ့အခါ အဖေတို့ သမီးယောက်ဖက နှစ်ယောက်သားက ဘာမှမပြောမဆိုဘဲနေရင် ဘုန်းကြီးကတောင် လှမ်းမေးတတ်တယ်။ 'ဟိုဘက်နားဆီက ဆည်မပေါက်လောက်သေးဘူးလား' လို့။ ဆည်ပေါက်ရင်ဖြင့် ပြဿနာတက်တာပဲကို ပြောချင်တာလို့ ထင်တာပဲ။ ကျုပ်လည်း အသေအချာတော့ မသိဘူး။ အဖေရယ်၊ ဘထွေးကြီးမောင်ရယ်၊ တိုက်အုပ်ဘုန်းကြီးရယ်က ဒီ သမာဓိ သတင်းစာဆိုတာကို ဖတ်ရမှ။ မြို့ကနေ တစ်ပတ်ဆယ်ရက်စာ စုပြီး ကားကြုံနဲ့ ပို့ပေးတာ။ ဒီတော့ သတင်းက တစ်ပတ်လောက် အနည်းဆုံး နောက်ကျနေပြီ။ အဖေကတော့ ပြောလေ့ရှိတယ်။ နောက်ကျခါမှ သိရတာက မသိရတာထက်တော့ သာသေးတာပဲလို့။ ကျုပ်နဲ့ သာမောင်ကတော့ သတင်းစာထုပ် သွားယူတိုင်း သမာဓိ သတင်းစာထိပ်က 'အမ်၊ ဖိုးချိန်' ဆိုတဲ့ တစ်လုံးပဲ မှတ်ထားတယ်။ ရပ်ထဲရွာထဲမှာတော့ အမ်၊ ဖိုးချိန်ကိုသိတာ ငါတို့ပဲကွလို့ သာမောင်က ဂုဏ်ယူတယ်။

ပြီးခဲ့တဲ့ သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ မကြီးဂျမ်းဆီ ကျုပ် သွားခဲ့တယ်။ မသွားရရင်ကို မဖြစ်ဘူးလို့ ပြောတာနဲ့ အဖေတို့အမေတို့က စီစဉ်ပေးကြရတာ။ သာမောင်နဲ့ ကိုကြီးသောင်းစိန်လည်း ပါတယ်။ ကိုကြီးသောင်းစိန်ကတော့ အဖေတို့နဲ့အတူ မန္တလေးဘက်ဆီကို ရောက်ဖူးထားတော့ ဟန်ကျတယ်။ သာမောင်ကတော့ ကျုပ်လိုပဲ။ ချောင်းဟိုဘက်ကမ်းက ကျုပ်တို့တက်တဲ့ အထက်တန်းကျောင်းဟာ နယ်ကုန်ပဲ။ အဲဒီတုန်းကတော့ အဖေက ဆူတယ်။ ဆူတယ်ဆိုပေတဲ့လည်း အပြစ်ပြောသလိုမျိုးတော့ မဟုတ်ဘူး။

'ဂျမ်းတောမကို မင်းကြိုက်နေတာဖြင့်လည်း

www.burmeseclassic.com

အစောကတည်းက ပြောပါတော့လားကွာ။ အဖေ စီစဉ်ပေးနိုင်ပါတယ်'တဲ့။

အဲဒီတုန်းက ကိုကြီးသောင်းစိန်လည်း အနားမှာ ရှိတယ်။ အဖေက-

'မင်းကကော မသိဘူးလား'လို့ သူ့ကို မေးပါတယ်။

'သိတော့ သိသပေါ့ဗျာ။ ကျုပ်က ကြိုက်တာမှ မဟုတ်ဘဲ။ ဂျမ်းတောမကို သူကြိုက်တာ သူ့ကိစ္စပဲ'လို့ ပြန်ဖြေတယ်။

'မင်းတို့ ခုခေတ်လူတွေများ တွေးလိုက်ရင် သောက်တစ်လွဲချည်းပဲ'လို့ အဖေက ပြောတယ်။ အဖေ့လက်သုံးစကားပဲ။ ခုခေတ်လူတွေဟာ သူတို့ခေတ်ကလူတွေလို ခေါင်းမရှိဘူးလို့ အဖေက လက်ခံထားတာ။ ဒီတော့ ကျုပ်ကလည်း မနေနိုင်တော့ဘူး။ ဝင်ပြောရတယ်။

'အဖေရာ၊ မကြီးဂျမ်းကိုကျုပ်ကြိုက်တာ ဘယ်သူ့ကိစ္စမှ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဘယ်သူ့ကိုမှ ကျုပ်မပြောတာပါ။ တစ်နေ့ကျခါမှ သူ့ကိုပဲ ကျုပ်ပြောမယ်လို့ ရည်ထားတာပါ'

'တောက်…'လို့ အဖေက တောက်ခေါက်တယ်။ ပြီးတော့မှ မေးတယ်။ 'ဘယ်တော့လောက်မှ မင်းက ပြောမယ်လို့ စိတ်ကူးထားသလဲ'

ကျုပ်က ဖြေမယ်လုပ်နေတုန်း အဖေကပဲ ဆက်ပြောတယ်။ 'အကြံဆိုတာ ဘယ်လောက်ကောင်းကောင်း နှောင်းနေရင် အလကားပဲ။ ပစ်,ပစ်လိုက်ရရုံပဲဆိုတာများ မင်း မကြားဖူးဘူးလား'

ကျုပ်လည်း ပြန်မပြော

> ကျုပ်ကတော့လည်း ဒီ 'စာကြိုးစား' ဆိုတဲ့ဟာကို ကြိုက်ကိုမကြိုက်ဘူး ကျုပ်တို့ အလယ်တန်းကနေ အထက်တန်းအထိ သင်လာခဲ့ရတာတွေကို စဉ်းစားကြည့်တယ် ဘာမှ အသုံးမတည့်ဘူး ကကြီးကို ကကြီးနဲ့မြှောက်လို့ ကကြီးနှစ်ထပ်ရတယ်ဆိုတာမျိုး ကကြီးကို ခခွေးနဲ့ မြှောက်ရင် ကခဖြစ်တယ်ဆိုတာမျိုး… ကျုပ်တို့ရွာ ဘယ်နားဆီမှာ ဘယ်လို သုံးရမှာတဲ့တုံး

ရဲတော့ဘူး။ အဲဒီတုန်းက ကျုပ်အတွက် အရေးကြီးတာက မကြီးကို သွားတွေ့ရဖို့။ သွားတွေ့ဖို့ဆိုပေတဲ့လည်း ကျုပ်ဘာသာတော့ မသွားတတ်ဘူး။ ဘယ်ကစလို့ ဘာလုပ်ရမှန်း မသိဘူး။ ခုလိုဖြစ်မယ်လို့ကလည်း မျှော်လင့်မထားမိဘူး။ မကြီးဂျမ်းတစ်ယောက် ကိုးတန်းကို ဒုတိယတစ်ကြိမ်ကျတယ်။ အောင်စာရင်းထွက်လို့ သူ့နာမည် မပါဘူးဆိုကတည်းက မကြီးက ဘယ်သူနဲ့မှ အတွေ့မခံတော့ဘူး။ အိမ်ထဲက အိမ်ပြင် မထွက်တော့ဘူး။ သိရတာကတော့ ပထမအကြိမ် စာမေးပွဲကျတုန်းကလို ငိုဟယ်ရယ်ဟယ် မလုပ်တော့ဘူး။ သူနဲ့ သူ့အမေ ဒေါ်မွေးအကြားမှာ ထားခဲ့တဲ့ ကတိကို တောင်းဆိုတော့တာ။ သူ့အဖေ ဦးလေးကြီး ပေါ်ထင်ကတော့ သိပ်မတားဘူး။ မတားဘူးဆိုတာက သူကိုယ်တိုင်ကလည်း သူ့သမီးကလေးကို ချစ်ရှာတယ်။ သူ့သမီး စိတ်ချမ်းသာစေချင်တယ်။ သူ့သမီး စိတ်ချမ်းသာတာကိုပဲ သူ ကြည့်ချင်၊ မြင်ချင်တာကိုး။ တစ်နေ့တော့ သူတို့အိမ်မှာ ဘုန်းကြီးဆွမ်းကျွေးလုပ်တယ်။ လုပ်တာက မကြီးရဲ့အမေရင်း သွားလေသူ စုရတီအဖြူမအတွက်တဲ့။ အရပ်ထဲကတော့ သိပ်နားမလည်ကြဘူး။ နားမလည်ကြဘူးဆိုတာက မကြီးဂျမ်းရဲ့ အမေရင်း စုရတီအဖြူမဆိုတာကို မေ့တောင်နေကြပြီ။ မကြီးက အမှတ်တရ ဆွမ်းကျွေးချင်တယ်ဆိုလို့ ဦးလေးကြီး ပေါ်ထင်တို့က စီစဉ်ပေးရတာ၊ ဆွမ်းကျွေးကတော့ လူနည်းနည်းပဲ။ ကျုပ်တို့၊ သာမောင်တို့ကတော့ လူကြီးတွေက လိုက်ခဲ့ဆိုလို့သာ လိုက်သွားရတာ။ ပြောရရင်တော့ ဘုမသိ ဘမသိဘဲ။ ကျုပ်လည်း အဲဒီနေ့ကမှ မကြီးဂျမ်းနဲ့ တွေ့ရတာ။ အဲဒီနေ့ကတွေ့ရတာကလည်း နောက်ဆုံးပဲလို့ ပြောရမှာပဲ။ ခဏပဲတွေ့တုန်း မကြီးက ပြောတယ်။

'မောင်ငယ် ဒီနှစ် ကိုးတန်းတက်မှာမို့ မကြီးကိုပြောဖူးတဲ့အတိုင်း စာကြိုးစားနော်'တဲ့၊ ဒါပဲ။

ကျုပ်ကတော့လည်း ဒီ 'စာကြိုးစား' ဆိုတဲ့ဟာ… ကြိုက်ကို မကြိုက်ဘူး။ ကျု… တို့ အလယ်တန်းက… အထက်တန်းအထိ သင်လာ… ရတာတွေကို စဉ်းစားကြ… တယ်။ ဘာမှ အသုံးမတ… ဘူး။ ကကြီးကို ကကြီး… မြှောက်လို့ ကကြီးနှစ်ထပ်… တယ်ဆိုတာမျိုး။ ကကြီး… ခခွေးနဲ့ မြှောက်ရင် ကခ… တယ်ဆိုတာမျိုး…။ ကျု… ရွာ ဘယ်နားဆီမှာ ဘယ်… သုံးရမှာတဲ့တုံး။ မျဉ်းပြော… ဟာ တစ်ရှာ့ရှစ်ဆယ် ဒီ… ရှိတယ်၊ ထောင့်မှန်ဟာ… ဆယ် ဒီဂရီရှိတယ်ဆိုတာ… ကျုပ်တို့အတွက် ဘယ်မှာ… မလဲ။ လက်သမားဆ… ကိုအောင်စိန်တို့၊ ကိုပျော… တို့အတွက်တော့ အသုံးကျ… ကျမှာပေါ့။ ဒီကြားထဲ… ရထားပုစ္ဆာတို့၊ ရေစီးရေ… တွက်တာတို့က ရှိသေး… ကမ္ဘာကြီးက သူ့ဝင်ရိုးပေါ်… သူ နှစ်ဆယ့်သုံးနှစ်ပိုင်း… ပိုင်းဆိုသလားပဲ၊ စောင်း… လည်သတဲ့။ အဲဒါသိတော… ကျုပ်တို့အရပ်က ပပ်ကြ… အက်တွေ၊ သင်းကွပ်… အလိုလိုပျောက်မသွားဘူ… မြောက်ဝင်ရိုးစွန်းမှာ… သလားပဲ၊ ရေခဲတွေခဲသ… ဟုတ်ပါ့၊ ကျုပ်တို့ဆီမှာ… ဘုန်းကြီးတွေတောင် တံ… ထိပ် ကားဆိပ်လော… ရောက်ခါမှ ဆီးဖျော်ရည်… ရေခဲနဲ့ ဖုန်းပေးရှာတာ… ရေခဲတုံးဆိုတာ ဘယ်လို… မသိတဲ့လူတွေ အပုံချည်းရှိ… သေးတယ်။ ရေခဲတုံးဆို… ဘယ်လိုမှန်း မသိသေး… လူတွေအကြား… မြောက်…



www.burmeseclassic.com

www.burmeseclassic.com

ွန်းမှာ ရေခဲ,ခဲတာသိရလို့ ျပ်တို့က ဘာလုပ်ကြရမှာ း၊ ခုလည်း မကြီးက စာ ြီးစားတဲ့။ သူကိုယ်တိုင်က ည်း ကိုးတန်း နှစ်ခါကျပြီး ီး တကယ်တော့ စာမေးပွဲ ာတယ်ဆိုတာက စာရွက် ေါ်မှာ စာလုံးတွေနဲ့ရေးထား ာကို ဖတ်ကြည့်တဲ့လူက ှတ်ပေးတာပဲ။ အဲဒီလူက ှတ်ပေးတဲ့အပေါ်မှာလိုက် ို့ အအောင်၊ အကျ သတ် ်တာ။ ဒီ အအောင်၊ အကျ ာ ကျုပ်တို့တွေရဲ့ ဘဝကြီး စ်ခုလုံးကို အဆုံးအဖြတ် းရမယ်တဲ့လား။ ကျုပ်တို့ စ်တွေဟာ စာရွက်ပေါ်မှာ းထားတာ၊ စာရွက်ပေါ်မှာ ိပ်ထားတာတွေရဲ့ ကျေး ျွန်တွေလား။ လူတွေမှာ ျှာ၊ သူ့အရပ်နဲ့ဆိုင်တဲ့၊ ပတ် က်တဲ့ အဆုံးအဖြတ် မရှိရ ော့ဘူးတဲ့လား။ ကျုပ် ကြီးဂျမ်းကို ကြိုက်နေတာ ာ အစိုးရစစ်စာမေးပွဲနဲ့ ဘာ ိုင်သလဲ။ ပုံနှိပ်စာလုံးတွေ ရွက်ပေါ်မှာ ချရေးနိုင်တာ၊ ေးနိုင်တာတွေနဲ့ ဘာဆိုင် လဲ။ ကျုပ်ရင်ထဲမှာ ရှိတာ ာ ကျုပ်ရင်ထဲမှာ ရှိနေတာ း အစိုးရနဲ့လည်း မဆိုင်ဘူး။ ယ်သူနဲ့မှလည်း မဆိုင် ူး၊ ဘယ်သူကမှ အမှတ် ေးဖို့ မလိုဘူး။ အအောင်၊ ကျ သတ်မှတ်ပေးလို့ မရ ဘူး။ ကျုပ်ဘဝကိုလည်း ျုပ် ဒီလိုပဲမြင်တယ်။ ကျုပ် ဖြစ်လာတာဟာ တစ် ောက်ယောက်က အဆုံး ဖြတ်ပေးတာခံချင်လို့ လူ ဖစ်လာရတာမှ မဟုတ်ဘဲ။

အဲဒီ ဆွမ်းကျွေးပွဲပြီး တည်းက မကြီးကို မတွေ့ ရတော့ဘူး။ ကျုပ်လည်း လျှောက်ပြန်သံပေးလုပ်ပေတဲ့ ခြေအေးဝမ်းရောင်ဖြစ်ဖို့ အကြောင်းပဲ ရှိတာမို့ လက် လျှော့ထားရတယ်။ နောက် တော့ မကြီးဂျမ်းတို့ မိသားစု ခရီးထွက်သွားကြတယ်ဆိုတာ ကြားရတယ်။ ဦးလေးကြီး ထင်ပေါ်က သူ့သမီး စိတ်ပြေ လက်ပျောက်ဖြစ်အောင် တစ် နေရာရာကို ဘုရားဖူးခေါ် သွားတယ်လို့ ပြောသံကြား လာရတယ်။ ဘယ်သူမှတော့ အသေအချာ မသိကြဘူး။ သုံးပတ်လောက်ကြာတော့ ဦးလေးကြီး ပေါ်ထင်တို့ ပြန် လာကြပြီဆိုတာ ကိုကြီး သောင်းစိန်ကပြောလို့ ကျောင်းကပြန်ပြန်ချင်း သူတို့ ဘက်ကို ကျုပ်နဲ့ သာမောင်တို့ သွားတယ်။ သူတို့ဝိုင်းထဲမှာ ဘာအရိပ်အယောင်မျှ မတွေ့ရ ဘူး။ အတွင်းထဲက ပိတ် လည်းထားတယ်။ အနားဆီ မှာမေးကြည့်တော့ ဦးလေး ကြီး ပေါ်ထင်တို့လင်မယားပဲ ပြန်လာကြတာ။ မကြီးဂျမ်း တစ်ယောက် ပြန်ပါမလာ ဘူးတဲ့။ ဘာလို့လဲဆိုတာ ဘယ်သူမှ မသိကြဘူး။ နောက်ဆုံး သာမောင်နဲ့ ကျုပ် တို့လည်း လက်လျှော့ပြီး ပြန် လာခဲ့ကြတယ်။ ညနေ ထမင်းစားချိန်ရောက်တော့ အမေနဲ့အတူ ထမင်းဝိုင်းပြင် နေရင်း ဦးလေးကြီး ထင်ပေါ် တို့အိမ်ဘက် ရောက်ခဲ့တာကို ပြောရင်း မကြီးဂျမ်းတစ် ယောက် ပြန်ပြီး ပါမလာဘူး ကြားတယ်လို့ ပြောလိုက်မိ တယ်။ အဖေက ထမင်းစား တော့မယ်လို့ အချဉ်ရည်ကို မြည်းလိုက်ရင်း ဟုတ်မှာပေါ့ လို့ ပြောတယ်။ အဖေဖြေပုံက သူ သိနေသလိုပဲ။ သူတို့ ဘယ်သွားကြတာလဲလို့ အဖေ့ ကို မေးလိုက်မိတယ်။ အဖေ က ခဏ ဆိုင်းနေလိုက်ပြီးမှ-

'အင်း ပြန်လာကြပြီဆို တော့လည်း ထုတ်ပြောလို့ အပြစ်မရှိလောက်ပါဘူး' လို့ စကားခံလိုက်တယ်။ ပြီးမှ 'စစ်ကိုင်းဆီ သွားကြတာ' လို့ ပြောတယ်။ အမေကတော့ စိတ်ဝင်စားပုံမရဘူး။

'စစ်ကိုင်းကို ဘာလုပ်ရ အောင်တုံး' လို့ ကျုပ်က လည်း တည့်တည့်ပဲ မေး လိုက်မိတယ်။

'ဂျမ်းတောမရယ်၊ သီလရှင်ဝတ်ချင်လို့တဲ့'

'ဟယ်'

ကျုပ် ဘာဆက်ပြောရ မှန်း မသိဘူး။ စားမယ့် ထမင်းလုတ်က ပါးစပ်ဝ ရောက်ခါမှ ပြုတ်ကျသွား တယ်။ အမေရော အဖေက ပါ အထူးအဆန်းတစ်ခုအနေနဲ့ ကျုပ်ကို ကြည့်နေကြတယ်။ အတော်ကြာအောင် ကျုပ်က ဘာပြောရမှန်းမသိဘူး။ နောက်မှ-

'အဖေက ဘာဖြစ်လို့ စောစောက မပြောတာတုံး၊ အဖေက အစကတည်းက သိနေတာပေါ့'

'အေး၊ ငါသိတယ်။ သူ တို့က ပြောပြလို့။ ဟိုတစ် ခေါက်၊ မယ်တင်တို့ ဘုရား ဖူးသွားကြတုန်းက ဂျမ်းတော မက သူ သီလရှင်ဝတ်ချင် တယ်လို့ ပြောသတဲ့။ ဒီတော့ မမွေးက ကိုးတန်းနောက် တစ်ကြိမ်ဖြေပြီးရင် အောင် အောင်၊ ကျကျ သမီးသဘော ပဲလို့ပြောတယ်။ ဒါပဲ၊ ခုတော့ သူတို့ကတိနဲ့သူတို့မို့ ဂျမ်း တောမကို စစ်ကိုင်း လိုက်ပို့ ကြတာပဲ'

ကျုပ်ခေါင်းထဲမှာ စဉ်း စားကြည့်လို့ မရဘူး။ အဖေ့ ကိုပြောဖို့ စကားလည်းရှာ ကြည့်လို့ မရဘူး။ နောက်ဆုံး တော့ စကားတစ်ခွန်း ထွက် လာတယ်။

'အဖေက ကျုပ်ကို ဘာလို့ မပြောရတာတုံး'

အဖေက ဝါးလက်စ ထမင်းကို ပြီးအောင်ဝါးလိုက် ပြီးခါမှ-

'မင်းကို ငါက ပုလိပ် သတင်းပေးလုပ်ရအောင် မင်းက ဆယ်အိမ်ခေါင်းလား၊ သူကြီးလား။ ခုဟာက သူတို့ မိသားစုကိစ္စ။ နောက်ပြီးတော့ မဟုတ်တာလုပ်ကြတာမှ မဟုတ်ဘဲ ငါ့ကောင်ရဲ့' လို့ ပြန်ပြောတယ်။

'ဘာ မဟုတ်တာရမှာ လဲ၊ အဲဒါ မဟုတ်တာဘဲ' လို့ ပြောပြီး၊ ထမင်းဆက်မစား တော့ဘဲ ကျုပ် ထလိုက်မိ တယ်။

ဒီတော့မှ အဖေရော အမေရော အံ့သြပြီး ကြည့် နေကြတယ်။ ဟဲ့ နေဦးလေ ကောင်လေးလို့ အမေက ပြော တယ်။ အဖေက…

'မင်းက ဂျမ်းတောမကို ကြိုက်နေလို့လား' လို့ လှမ်း မေးတယ်။

ကျုပ်မှာ ဖြေစရာ တစ် မျိုးပဲ ရှိတယ်။

'ဟုတ်တယ်၊ ကျုပ် ကြိုက်နေတာ ဆရာ မြကြီး ကျောင်းကတည်းက'

ကျုပ် လှည့်မကြည့်ဘဲ အိမ်ပေါ်က ဆင်းလာတယ်။ အယ်၊ တော့် ဆိုတဲ့အသံ

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ဘက်စုံအလှူ(၁၁၁၀၀၀/ −)နှင့်
ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့်
နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

**စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်**

ဖုန်း၀၇၂-၂၂၀၃၄၊၀၇၂-၂၁၅၄၁၊၀၉-၆၄၆၁၆၉၉၊၀၉-၉၁၀၄၁၇၁၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၁၇၈၈၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉-၇၃၂၀၂၀၁၀)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉-၅၁၅၂၂၇၇)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း။ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊၀၉-၇၃၀၇၂၄၉၂)

ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁-၅၁၉၅၀၉၊၀၉-၇၃၁၀၉၁၁၄)

ဒေါ်စန်းစန်းခိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ရွှေဂုံတိုင်ဝိသာ၊ ရွှေဂုံတိုင်လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။ ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၀

ဒေါ်စန်းစန်းဝေ(မဟာမြိုင်ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁-၂၃၀၀၄၂၇၊၀၁-၂၃၀၀၄၂၈)

ကလျာမဂ္ဂဇင်းတိုက်(ရုံးချုပ်)(အမှတ် ၁၆-၀ထပ်မထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။ ဖုန်း၀၁-၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၂၅၄။ နွဲ့စည်သူ ထာဝရငွေပင်အလှူရှင် ဒေါ်ခင်သန်းနွဲ့
(ယခင် သိန်း ၃၁၀ လှူဒါန်းပြီး၊ ယခု ထပ်မံလှူဒါန်းငွေ သိန်း ၉၀)၊
ဖေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး စည်သူ+
ဒေါ်ခင်သန်းနွဲ့၊ သား၊ သမီး၊ မြေး၊ မြစ်၊ မိသားစု၊ — ၄,၀၀,၀၀,၀၀၀/-
ရန်ကုန်မြို့။ — (သိန်းလေး

၂၅၅။ ရွှေငွေမြ ထာဝရငွေပင်အလှူရှင် ဒေါ်ကျင်မြကောင်းမှု
(ယခင် သိန်း ၅၀ လှူဒါန်းပြီး၊ ယခုထပ်မံလှူဒါန်းငွေ သိန်း ၃၀)
ဒေါ်ကျင်မြ၊ အမှတ် (၇/ခ)၊ မာလာမြိုင်လမ်း၊ ပြည်သာယာ၊ ဘောက်ထော်၊ — ၈၀,၀၀,၀၀
ရန်ကင်း၊ ရန်ကုန်မြို့။ — (သိန်းရှစ်ဆ

www.burmeseclassic.com

www.burmeseclassic.com

၂၅၆။ မိဘများဖြစ်ကြသော ဦးအောင်ညွန့်+ဒေါ်မြကျင်တို့အား ရည်စူး၍
သမီး ဒေါ်ညွန့်ညွန့်ဝင်းကောင်းမှု၊ (ယခင် သိန်း ၂၀ လှူဒါန်းပြီး
ယခု ထပ်မံလှူဒါန်းငွေ ၁၀ သိန်း) — ၃၀,၀၀,၀၀၀/-
Tan Tock Seng Hospital, စင်ကာပူနိုင်ငံ။ — (သိန်းသုံးဆယ်)

၂၅၇။ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးဝင်းမြင့်+ဒေါ်ခင်မျိုးချစ်
(သား)ကိုဇော်ဝင်းထွဋ်၊ ကိုဖြိုးဝင်းထွဋ်၊ ကိုတိုးဝင်းထွဋ်မိသားစု။
(ယခင် ၁၀ သိန်းလှူဒါန်းပြီး ယခုထပ်မံလှူဒါန်းငွေ ၅ သိန်း) — ၁၅,၀၀,၀၀၀/-
Royal Ruby ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။ — (ဆယ့်ငါးသိန်း)

၂၅၈။ ဦးစိန်မင်း(ပိုကောင်းကုမ္ပဏီ)၊ ဒေါက်တာ ဒေါ်ပင်းပင်း၊
(သား) မောင်ဟိန်းထက် မိသားစု။
(ယခင် ၁၅ သိန်းလှူဒါန်းခဲ့ပြီး ယခုထပ်မံလှူဒါန်းငွေ ၅ သိန်း) — ၂၀,၀၀,၀၀၀/-
...စင်တာ၊ မြေနီကုန်း၊ ရန်ကုန်မြို့။ — (သိန်းနှစ်ဆယ်)

၂၅၉။ ဖခင်ကြီး ဦးဘအေး(၂၀၁၄ ကွယ်လွန်)နှင့်
မိခင်ကြီး ဒေါ်အုန်း(၁၄-၁-၁၃ ကွယ်လွန်)တို့အား ရည်စူး၍
...ငြိမ်းစား စာရင်းကိုင်ချုပ် ဦးချစ်ဦး+ဒေါ်ခင်မူအေး၊
သား၊ သမီး၊ မြေး၊ မြစ် မိသားစု။
(ယခင် ၃ သိန်းလှူဒါန်းပြီး ၄-၁၁-၁၄ ထပ်မံလှူဒါန်းငွေ ၁၀ သိန်း) — ၁၃,၀၀,၀၀၀/-
...343,Sheel Ter Rd.Sterling, VA 20165. USA. — (ဆယ့်သုံးသိန်း)

၂၆၀။ ကိုဇေယျာထွန်း+မအေးအေးမာ၊ (သမီး)စန္ဒီချစ်စု၊
(သား)ဘုန်းကျော်ဟန် မိသားစု။ — ၅,၀၀,၀၀၀/-
အမှတ် ၂၉၈၊ ရွှေသို့လမ်း၊ ၁၂ ရပ်ကွက်၊ ရန်ကင်း၊ ရန်ကုန်မြို့။ — (ငါးသိန်း)

၂၆၁။ ဦးကောင်းရင်(မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၊
ဒေါ်အေးမြင့်(အငြိမ်းစား ကထိက၊ စီးပွားရေးတက္ကသိုလ်)
သား၊ သမီး၊ မြေး၊ မြစ် မိသားစု။ — ၅,၀၀,၀၀၀/-
...U.S.A။ — (ငါးသိန်း)

၂၆၂။ ဒေါ်ရီရီသိန်းမိသားစု(ယခင် ၅ သိန်းလှူဒါန်းပြီး
ယခုထပ်မံလှူဒါန်းငွေ ၂ သိန်း) — ၇,၀၀,၀၀၀/-
အမှတ် (၅/E)၊ သီရိရတနာလမ်း၊ ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်မြို့။ — (ခုနစ်သိန်း)

၂၆၃။ ဒေါ်ခင်စက်၊ (သမီး) ဒေါ်ယဉ်ယဉ်ညွန့်(ယဉ်စမ်းကျော်)မိသားစု — ၅,၀၀,၀၀၀/-
အမှတ် (၁၆၆/အေ)၊ ပ-ထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။ — (ငါးသိန်း)

၂၆၄။ ဒေါ်သန္တာစိုး၊ ဒေါ်စမ်းစမ်းသစ်၊ — ၅,၀၀,၀၀၀/-
ရန်ကုန်မြို့။ — (ငါးသိန်း)

၂၆၅။ (ဖခင်)ဦးချိန်+(မိခင်)ဒေါ်မြတင်၊ (ခင်ပွန်း)ဦးတန်ဟုတ်တင်တို့အားရည်စူး၍
(သမီး)မစန္ဒာဝင်းကောင်းမှု။ — ၅,၀၀,၀၀၀/-
အမှတ် (၁၁၈)၊ ၃၉ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။ — (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

အမေ့ဆီက ထွက်လာတယ်။ အဖေ့ပါးစပ်ဆီကတော့ ထုံးစံအတိုင်းပဲ။ 'ဆည်ပေါက်ပြီ ဟေ့ ကြီးမယ်ရေ့'တဲ့။ နောက်နေ့ အိမ်ပြန်ရောက်လို့ မကြီးဂျမ်းကို ကျုပ် သွားတွေ့မယ် ပြောတော့ အဖေက 'ဂျမ်းတောမကို ကြိုက်နေတာဖြင့်လည်း အစောကတည်းက ပြောပါတော့လားကွာ။ အဖေ စီစဉ်ပေးနိုင်ပါတယ်'ဆိုတဲ့ စကားကို ပြောတော့တာ။ အဖေ စီစဉ်ပေးလို့ ကျုပ်တို့ သုံးယောက်သား စစ်ကိုင်းဆီ သွားခဲ့ကြတယ်။

အဲဒီ ပထမအခေါက် ရောက်တုန်းက မကြီးဂျမ်းကို တွေ့တာနဲ့ ကျုပ် မျက်ရည်တွေ ကျလာမိတယ်။ မကြီးကိုယ်တိုင်လည်း မျက်ရည်ကျတယ်။ ဒါပေတဲ့ မကြီးကို ကျုပ် ကြိုက်နေခဲ့တာကို ထုတ်မပြောရဲဘူး။ ကျုပ်ပြောနိုင်တာက ကျုပ်တို့ ကျောင်းတက်စဉ်းမှာ မကြီး လက်ကိုကိုင်ပြီး တာလမ်း ဖြတ်ရတာကို သတိရနေသေးတဲ့အကြောင်းပဲ။ ဒီတော့ မကြီးက ပြုံးတယ်။ 'ငါတို့ ငယ်ကြသေးတာကိုး'လို့ပဲ ပြန်ပြောတယ်။ နောက်တော့ ကျုပ် အသိချင်ဆုံးကိစ္စကို မေးလိုက်မိတယ်။

'မကြီးရယ် ဘာဖြစ်လို့ များ ခုလို လုပ်ရတာလဲ'

မကြီးက မျက်နှာကို အသာငုံ့ထားလိုက်ပြီးမှ မော့လိုက်ရင်း ပြုံးတယ်။

'မောင်ငယ်၊ လူဆိုတာ ကိုယ့်ဘာသာသိဖို့ လိုတယ်။ ကိုယ့်ဘာသာ မသိတဲ့လူဟာ လူဖြစ်ရကျိုး မနပ်ဘူး။ မကြီးဟာ လူတောထဲမှာ

> အဖေက...
> 'မင်းက
> ဂျမ်းတောမကို
> ကြိုက်နေလို့လား'
> လို့
> လှမ်းမေးတယ်
> ကျုပ်မှာ ဖြေစရာ
> တစ်မျိုးပဲ ရှိတယ်
> 'ဟုတ်တယ်
> ကျုပ်ကြိုက်နေတာ
> ဆရာမကြီး
> ကျောင်းကတည်းက'
> ကျုပ်
> လှည့်မကြည့်ဘဲ
> အိမ်ပေါ်က
> ဆင်းလာတယ်
> အယ်၊ တော့်
> ဆိုတဲ့အသံ
> အမေ့ဆီက
> ထွက်လာတယ်

လူလိုနေဖို့ မတန်တော့ဘူး။ ဒီတော့ မကြီးရဲ့ငြိမ်းအေးမှု အတွက် သံသရာရဲ့အကျိုးစီးပွားကိုကြည့်ရတော့တာပဲ' လို့ ပြောတယ်။ ထပ်ပြီး အရှည်ကြီး ရှင်းပြနေသေးတယ်။ ကျုပ်အတွက်ကတော့ ဘာကိုမှ ရှင်းပြနေစရာ မလိုဘူး။

အဲဒီအခေါက်က အပြန် တစ်လမ်းလုံးမှာ ဒီ'သံသရာ' ဆိုတာကို ကျုပ်တွေးကြည့်မိတယ်။ သံသရာ ဆိုတာ ဘယ်သူက သိတာမှတ်လို့။ ဘယ်သူကမှလည်း အာမခံနိုင်တဲ့ဟာ မဟုတ်ဘူး။ ဒီထက် ပိုဆိုးတာက ပစ္စုပ္ပန်ရဲ့ကိစ္စ။ ကျုပ်တို့ငယ်စဉ်က တက်တဲ့ ကျောင်းကလေးနားဆီမှာ တရားတိုက်ရှိတယ်။ အရင်က ဘုန်းကြီးကြီး ဦးပဏ္ဍိတရဲ့တပည့် ဦးပညာသာမိ ဆိုတာ ကျောင်းထိုင်တယ်။ သူက ဟောလေ့ပြောလေ့ရှိတာက ပစ္စုပ္ပန်တည့်တည့်မှာ နေတတ် ကြရမယ်တဲ့။ ကျုပ်ကတော့ အသေအချာ မသိဘူး။ အမေတို့မိန်းမတွေနဲ့ လိုက်သွားရတဲ့အခါ ဦးပညာ ဟောတာကလေး ကြားနေရလို့ပြောတာ။ ကျုပ်တို့ဟာ ပစ္စုပ္ပန်တည့်တည့်မှာနေပြီး၊ သံသရာအတွက် တွေးပူနေကြရမှာလား။ ဒီလိုတော့ဖြင့် ငြိမ်းအေးမှုဆိုတာကို ပစ္စုပ္ပန်မှာ ဘယ်ရနိုင်တော့မှာလဲ။ သံသရာဆိုတာ အနာဂတ်ထဲကကိစ္စ။ အနာဂတ်ဆိုတာကို ဘယ်သူက ဘာလုပ်နိုင်တာမှတ်လို့။ ကြိုပြီးလုပ်ထားလို့ ရတာမှ မဟုတ်ဘဲ။ ကျုပ်တို့ အထက်တန်းကျောင်းမှာ အင်္ဂလိပ်စာသင်တဲ့ ဆရာ ဦးရာဂျူးက အင်္ဂလိပ်စာ သဒ္ဒါထဲက အတိတ်ပုဒ်၊ ပစ္စုပ္ပန်ပုဒ်၊ အနာဂတ်ပုဒ် ဆိုတာတွေသင်ရင်း စကားစပ်မိလို့ ပြောဖူးတာရှိတယ်။ Future is always uncertain ဆိုသလားပဲ။ ကျုပ်ကတော့ အဲဒီဟာကလေးကို ကြိုက်လွန်းလို့ အလွတ်ကျက်ထားတာ။ မဟုတ်ဘူးလား၊ အနာဂတ်ဆိုတာဟာ ဘယ်တော့မှ မသေချာဘူးတဲ့။ မသေချာတာ၊ မသိရတာတစ်ခုအတွက် ဘာဖြစ်လို့ ကျုပ်တို့က တွေးပူနေရမှာလဲ။ ကျုပ်တို့တစ်တွေဟာ အခုလို လူဖြစ်ကြရတာ တစ်ကြိမ်တစ် ခါရယ်ပါ။ ဒီ တစ်ကြိမ်တစ် ခါလေးထဲမှာ ကောင်းတာ ရော၊ မကောင်းတာတွေပါ ကြုံရမှာပါ။ ကြုံရတိုင်း ကျုပ် တို့ဘာသာ မဖြေရှင်းတော့ဘဲ သံသရာထဲကျခါမှ အဖြေ ရှာတော့မယ်ရယ်လို့ ဆုံးဖြတ် ရမယ်တဲ့လား။ ကျုပ်ကတော့ အဲဒီလို မြင်ကြည့်လို့ကို မ[...] သေးဘူး။

ခုတစ်ခေါက်တော့ မကြီးဂျမ်းဆီကို ကျုပ် လာ[...] တာက ကျုပ်မှာ ပြောစ[...] ရှိတာတွေ ပြောမယ်လို့ဆုံး ဖြတ်ပြီး လာတာပဲ။ [...] ကြောင့် အဖေ့ကို သွားပြော[...] တုန်းက အဖေနဲ့ ကျ[...] အတော်ကြာအောင် စကား ပြောဖြစ်တယ်။ ဒီမှာတင် အဖေက မေးတယ်။ 'ဟိုတ[...] ခေါက် သွားစဉ်က ဂျမ်း တောမကို မင်းကြိုက်နေ[...] တယ်ဆိုတာများ ပြော[...] သလား'တဲ့။

'မပြောဖြစ်ဘူး'

'ဘာလို့တုံး'

'ပြောတော့ပြောမ[...] လို့ပဲ။ ဒါပေတဲ့ မသင့်[...] ထင်လို့'

အဖေက အတော်ကြာ အောင် ဘာမှ မပြောဘူး ပြီးမှ အမေ့ကိုကြည့်လို[...] ရင်း-

'ကြီးမယ်၊ မင်းသား[...] ငါ စကားကုန်ပြောလိုက်တော့ မယ်'လို့ ပြောတယ်။

အမေက ဘာမှ [...] မပြောဘဲ ဖြည်းဖြည်းချ[...] ခေါင်းညိတ်တယ်။ ကျ[...] ဘက်က အမြဲရပ်တည်[...] အမေဟာ ကျုပ်ဘက်မှာ မ[...] တည်နိုင်တော့ဘူးဆိုတာ[...]



www.burmeseclassic.com

www.burmeseclassic.com

သဘောလားတော့ မသိဘူး။ ဒီတော့ အဖေက ပြောတယ်။

'အခု မင်း စစ်ကိုင်းကို သွားပြီး ဂျမ်းတောမကို တွေ့ချင်တယ်၊ အဖေ မတားဘူး။ မင်းနဲ့သောင်းစိန်တို့ သွားကြ။ မင်းဘာသာ ပြောချင်ရာသွားပြော၊ ဒါက မင်းအလုပ်။ လူဆိုတာ ကိုယ်လုပ်ချင်တာကို ကိုယ့်ဘာသာ ကြိုးစားရတာချည်းပဲ။ တို့ စာသင်တိုက်ကြီးက တိုက်အုပ် ဗိုလ်ဉာဏ်က တရားပေးတိုင်း ပြောလေ့ရှိတယ်။ ကျုပ်က သီလပေးတယ်ဆိုတာ ခင်ဗျားတို့ အလိုလို ရမသွားဘူး။ သီလရှိဖို့ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ကျင့်ကြံအားထုတ်ရတယ် ဆိုသလိုပဲ။ မင်းဘာသာ ဂျမ်းတောမကို သွားပြီး တရားချတာ မင်းအလုပ်။ မင်းပြောတာကို လက်ခံတာ၊ လက်မခံတာ သူ့အလုပ်ပဲ။ မင်း အဲဒီက ပြန်လာလို့ရှိရင်တော့ မင်းရဲ့မိဘတွေအနေနဲ့ ငါတို့ကစီစဉ်စရာရှိတာ စီစဉ်ရမှာက ငါတို့အလုပ်ပဲ'

အဖေက အရှည်ကြီး ပြောပြီး ရပ်လိုက်တယ်။ ကျုပ်တို့ဘာမှ ပြန်မပြောကြဘူး။ အဖေက အကြမ်းတစ်ငုံ ငုံလိုက်ပြီးတော့ ပြုံးတယ်။

'မင်းလည်း တောင်ရိုးမှာပဲ သင်္ကန်းဝတ်နဲ့ နေချင်သပါ့ဆို ပြော၊ အဖေ ထောက်ပံ့မယ်'

အမေက အံ့အားသင့်သွားပုံရတယ်။ အဖေကတော့ ပြောစရာရှိလို့ ပြောလိုက်ရသမို့ ကျေနပ်သွားပုံပဲ။ ကျုပ်ကတော့ ဘာမှ ပြန်မပြောတော့ဘူး။ အဖေပြောတာကို သဘောကျတယ်။ လူဟာ သူ လုပ်စရာရှိတာကိုတော့ လုပ်ရမှာပဲ။ တကယ်လုပ်နိုင်သလား၊ တကယ်လုပ်နိုင်ခွင့်ရကြသလားဆိုတာက တစ်ပိုင်း။

ဒုတိယအကြိမ် မကြီးဂျမ်းနဲ့တွေ့တော့ မကြီးက အတော့်ကို ပြောင်းလဲသွားပြီ။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်ကြားမှာ ခြောက်လပဲကွာတယ်။ ဘာက ဘယ်လိုပြောင်းလဲပစ်လိုက်မှန်းတော့ မသိဘူး။ ကျုပ်သိတာ တစ်ခုကတော့ မကြီးနဲ့ ကျုပ်ရဲ့ကြားမှာ ဘာသာစကားက ကန့်လန့်ဖြစ်နေတယ်ဆိုတာပဲ။ မကြီးက သူ့ကိုယ်သူ ဆရာလေးလို့ ခေါ်တယ်။ ကျုပ်က သူ့အတွက် ဒကာလေးတဲ့။ ကျုပ်ဟာ သူ့အတွက် မောင်ငယ် ဟုတ်ပုံမရတော့ဘူး။ ကျုပ်အတွက်တော့ မကြီးဂျမ်းဟာ မကြီးပဲ။ ဒါပေတဲ့ သူ့ကိုယ်သူ ခေါ်သလို ဆရာကလေးရယ်လို့ပဲ ကျုပ်ကလည်း ခေါ်ပါတယ်။ ဆရာကလေးခေါ်လိုက်၊ မကြီးခေါ်လိုက်ပဲ။ စကားပြောရင်း ကျုပ်တို့ ရယ်မိကြတယ်။ ရယ်နေရင်း ကျုပ်ရင်ထဲမှာ မျက်ရည်တွေကျနေတယ်ဆိုတာ ကျုပ် သိတယ်။ မကြီးက ကျုပ်ကို ဒကာလေးလို့ တစ်ခွန်းခေါ်လိုက်တိုင်း ကျုပ်ဟာ မကြီးဆီကနေ ဝေးဝေးသွားပြီဆိုတာကို သိနေတယ်။ မကြီးလို့ မခေါ်ရဘဲ ဆရာလေးလို့ ခေါ်လိုက်တိုင်း ကျုပ်အသံတွေဟာ လွယ်လွယ်ထွက်မလာဘူး။ ဥမင်တွေ၊ လိုဏ်ခေါင်းတွေ၊ တောင်ကြောတွေ အများကြီးကို ဖြတ်ပြီးခါမှ ထွက်လာတဲ့အသံ။ အတော့်ကို ကြိုးစားထားရတဲ့အသံ။ မကြီးရဲ့ နားထဲမှာတော့ ဘယ်လိုကြားရမယ် မသိဘူး။ ကျုပ်ဘာသာ နားထောင်ကြည့်လို့တော့ မကောင်းလှဘူး။ ဒါပေတဲ့ မတတ်နိုင်ဘူး။ မကြီးက သူ့ကိုယ်သူ ဆရာကလေးလို့ ညွှန်းနေတော့ သူ ညွှန်းလာတဲ့အတိုင်းခေါ်မှ သူ စိတ်ကျေနပ်မယ်လို့ ကျုပ် ထင်တယ်။ စကားတွေပြောနေကြရင်း ကျုပ်မှာ မျက်ရည်တွေဝဲလာတယ်။ မကြီးကိုယ်တိုင်လည်း မျက်ရည်ဝဲလာတတ်တယ်။ ကျုပ်ကိုယ်ကျုပ် ထိန်းပါတယ်။ ကျုပ်မှာ မျက်ရည်ဝဲလာတိုင်း မကြီးဟာ ကျုပ်ဆီကနေ ဝေးဝေးသွားတယ်။ ပျောက်သွားတယ်။ 'မောင်ငယ် လာ၊ မကြီးလက်ကိုတွဲ' ဆိုတဲ့ မကြီးဟာ ကျုပ်ရှေ့မှာတင် ပျောက်ပျောက်သွားတယ်။ ကျုပ်ရှေ့မှာ တစ်ရံတစ်ဆစ်ကမှ မသိဖူးတဲ့၊ မမြင်ဖူးတဲ့ ဆရာကလေးဆိုတာ ရောက်နေတယ်။ ကျုပ်က ဘာဖြစ်လို့ အချိန်ကုန်ခံ စကားပြောနေမိမှန်း မသိဘူး။ ဒီဆရာလေးက ကျုပ်တို့အကြောင်းတွေ ဘာများသိလို့လဲ။ ဒီဆရာလေးက ကျုပ်ကို 'မောင်ငယ် လာ၊ ဆရာလေးလက်ကိုတွဲ' လို့လည်း မပြောဘူး။ ဆရာကလေးပြောသမျှ စကားလုံးတွေက တစ်မျိုးတည်းပဲ။ 'ဒကာလေး သွားတော့'၊ 'ဒကာလေး သွားတော့' ဆိုတာပဲ။ ဘယ်လိုပြောပြော၊ ဘာအကြောင်းပြောပြော အဓိပ္ပာယ်ကတော့ တစ်မျိုးတည်းပဲ။

နောက်ဆုံးတော့ ကိုကြီးသောင်းစိန်က ပြန်စို့။ မိုးမချုပ်ခင် ဟိုဘက်ကမ်းကူးကြရအောင်လို့ ပြောတယ်။ ပြီးတော့ မသွားခင် ချောင်ကဆရာကြီးတွေရော၊ ဆရာကလေးကိုပါ ကန်တော့လိုက်ကြရအောင်လို့ ပြောတာနဲ့ ကျုပ်တို့နှစ်ယောက်သား ထိုင်ကန်တော့လိုက်ကြတယ်။ မကြီးဘက်ကိုလှည့်ကန်တော့လိုက်တုန်း ကျုပ်ရဲ့ မျက်ရည်တစ်စက်က ဖျာပေါ်ကျသွားတယ်။ မကြီးကိုကြည့်လိုက်တော့ သူလည်း မျက်နှာကို ငုံ့ထားတာ တွေ့ရတယ်။ ကျုပ်တို့နှစ်ယောက် ချောင်ကဆင်းတဲ့ အုတ်လှေကားထိပ်နားအထိ မကြီးက လိုက်ပို့တယ်။ လှေကားကဆင်းတော့မယ့်အလုပ်မှာ-

'ဒကာလေး ကိုယ့်ကိုယ်ကို ဂရုစိုက်နော်၊ သံသရာအတွက်လည်းကြည့်' လို့ ပြောတယ်။

ကျုပ်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။

'စိတ်ချ ဆရာလေး။ ကျုပ်ကိုယ်ကျုပ် ဂရုစိုက်ပါ့မယ်။ သံသရာကိုတော့ ဆရာကလေးဆီတင် ထားရစ်ခဲ့ပါ့မယ်။ ဆရာကလေးနဲ့ ပိုပြီး အသုံးတည့်မှာပါ' လို့ ပြောလိုက်မိတယ်။ ပြောလို့ မဆုံးသေးခင် ကိုကြီးသောင်းစိန်က ကျုပ်ရဲ့ အင်္ကျီကုပ်စကို အသာဆွဲပြီးလိုက်ရင်း မကြီးကို လှမ်းကြည့်လိုက်ပြီး-

'ဆရာလေး သွားချေတော့' လို့ ပြောလိုက်တယ်။

အတော်ကလေး ဆင်းလာကြပြီးတော့မှ ကိုကြီး

www.burmeseclassic.com

သောင်းစိန်ဆီက 'ချီး…တဲ့မှပဲ' ဆိုတဲ့ အသံကြားရတယ်။ ကျုပ်က သူ့ကို လှည့်ကြည့်လိုက်မိတယ်။ ကိုကြီးသောင်းစိန်က ဘာမှ မပြောဘူး။ နောက်တော့ သူ့ဘာသာ ပြုံးလိုက်ရင်း 'ချီး… တဲ့မှာပဲ' လို့ ထပ်ပြောရင်း ခေါင်းခါနေတယ်။ ဘာကို ဆိုလိုမှန်းတော့ ကျုပ်လည်း တွက်ကြည့်လို့ မရဘူး။ ကျုပ်လည်း မေးမကြည့်တော့ဘူး။

ကျုပ်တို့အပြန်မှာ မကြီးအကြောင်း မပြောဖြစ်သလောက်ပဲ။ ကိုကြီးသောင်းစိန်က နဂိုကတည်းက စကားနည်းတယ်။ မကြီးအကြောင်းကိုမပြောတာက ကျုပ်အပူကို ဆွမပေးချင်လို့လည်း ဖြစ်မယ်။ ကျုပ်ကိုယ်တိုင်ကလည်း မကြီးဂျမ်းအကြောင်း သိပ်မပြောချင်လှတော့ဘူး။ ဒါပေတဲ့ မေ့ပစ်လိုက်ချင်လို့တော့ မဟုတ်ဘူး။ 'မောင်ငယ် လာ၊ မကြီးလက်ကိုတွဲ' ဆိုတဲ့ မကြီးဟာ ကျုပ်ရင်ထဲ၊ အသည်းထဲမှာ ကျုပ်အသက်ရှင်နေသမျှ ကျုပ်မှတ်ထားနိုင်သရွေ့ အထဲမှာ ရှိနေတော့မှာပဲ။ ရှိခဲ့ဖူးတဲ့ တခြား တခြားသော မကြီးဂျမ်းတွေကိုတော့ ကျုပ် မသိချင်တော့ဘူး။ ရွာဘက်ကို အပြန် တံတားထိပ် ကားဆိပ်ဆီက သစ်ပင်ရိပ်အောက်မှာ ကားကြုံစောင့်ရင်း ကိုကြီးသောင်းစိန်က ကျုပ်ကိုပြောတယ်။

'ကောင်လေး မင်းသိအောင် ငါ တစ်ခုပြောထားမယ်။ ဦးလေးနဲ့ ဒေါ်လေးက မင်းကို လုံးတင်မနဲ့ စီစဉ်ထားကြတယ်။ အပြန်လမ်းကျရင် မင်းသိအောင် ပြောပြထားချေလို့ ငါ့ကို မှာလိုက်တယ်။ လူကြီးတွေကလွဲလို့ ငါရယ်၊ သာမောင်ရယ်ပဲ သိတယ်'

'ဟုတ်လား' လို့ပဲ ကျုပ်က ပြန်မေးလိုက်တယ်။ ကျုပ်စိတ်ထဲမှာ ဘယ်လိုမှ မဖြစ်မိဘူး။ ဘယ်လို စိတ်လှုပ်ရှားမှုမှ ဖြစ်မလာဘူး။ စိတ်ထဲမှာတော့ ပြုံးလိုက်မိတယ်။ ပြုံးမိတာကတော့ မဆီမဆိုင်ဘဲ။ ခုဆို သာမောင်တစ်ယောက် အမ်ဖိုးချိန့်အပြင်ဒီကိစ္စပါ သိသွားပြီလို့ တွေးမိလို့။ လူတွေက မဆိုင်တာကို ခလုတ်တိုက်ပြီး လဲတတ်ကြတယ်လို့ တိုက်အုပ်ပြောတာလည်း သတိရလိုက်မိတယ်။

'အေး' လို့ ကိုကြီးသောင်းစိန်ဆီက အသံကြားရတယ်။ နောက်တော့ 'မင်း ဂျမ်းတောမကို ချစ်နေသလား' လို့ မေးတယ်။

'မပြောတတ်ဘူး'

'ဘာလို့တုံး'

'ချစ်တယ်ဆိုတာ ဘယ်လိုလဲဆိုတာမှ ကျုပ် မသိဘဲ' လို့ ကျုပ်က ဖြေလိုက်တယ်။ နောက်တော့ ကျုပ် တစ်ခု သတိရလိုက်မိလို့ ဖြည့်ပြောလိုက်တယ်။ 'ကြိုက်တယ်ဆိုရင်တော့ ကြိုက်တယ်ပြောရမှာပဲ။ မကြီးက ကျုပ်လက်ကလေးကိုတွဲပြီး မောင်ငယ်လာ ဆိုပြီး လမ်းဖြတ်ကူးခဲ့ရတာ။ အဲဒီတုန်းက မကြီးရဲ့ မျက်နှာကို မော့ကြည့်ခဲ့ရတာ။ မကြီးက ကျုပ်ကို ပြုံးပြခဲ့တာကိုတော့ ကျုပ် မေ့နိုင်မှာ မဟုတ်ဘူး'

ကိုကြီးသောင်းစိန်က ဘာမှ ပြန်မပြောဘူး။ ခပ်လှမ်းလှမ်းကို ငေးနေတယ်။

အတော်ကြာတော့ ကျုပ်က သူ့ကို မေးလိုက်မိတယ်။

'ခင်ဗျား မိန်းမတစ်ယောက်ကို ချစ်ကြည့်ဖူးသလား'

'မင်းပြောတာက မိန်းမတစ်ယောက်ကို ချစ်ဖူးသလားလို့ ပြောချင်တာမဟုတ်လား' လို့ သူက ပြန်မေးတယ်။ ကျုပ်လည်း အတော် နားရှုပ်သွားတယ်။

'ချစ်တာနဲ့ ချစ်ကြည့်တာ မတူဘူးလား' လို့ ကျုပ်က ပြန်မေးကြည့်မိတယ်။

'တူပုံမရဘူးဟ၊ ငါလည်း အသေချာကြီးတော့ မသိဘူး။ ဘယ်မိန်းမကိုမှလည်း မချစ်ဖူးဘူး။ ဘယ်သူ့ကိုမှလည်း ချစ်မကြည့်ဖူးဘူး' လို့ ကိုကြီးသောင်းစိန်က ဖြေတယ်။ အဝေးကြီးကို လှမ်းငေးနေတုန်းပဲ။

'ချစ်တယ်ဆိုတာက အတော်ရှုပ်တဲ့ကိစ္စပဲ' လို့ ကျုပ်က ကောက်ချက်ချလိုက်မိတယ်။

'ဟုတ်မယ်' လို့ပဲ ကိုကြီးသောင်းစိန်က ပြန်ဖြေတယ်။ ဟိုးအဝေးကြီးကိုပဲ ငေးနေသေးတယ်။ အဝေးကြီးဆိုတာက ဘယ်မှန်းမသိဘူး။ ဘာတွေရှိနေမှန်းလည်း မသိဘူး။ အဝေးကြီးကို ငေးနေတယ်ဆိုတာက ငေးနေတာပဲ။ ဘာရယ် သိချင်လို့ ကြည့်နေတာ မဟုတ်ဘူး။ ငေးနေတဲ့အထဲမှာ သိစရာတွေ ရှိနေပေတဲ့လည်း ငေးနေတယ်ဆိုတာကိုက သိချင်လို့မှ မဟုတ်ဘဲ။ ။

■

မြင့်သန်း

ရုပ်စုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com


# aperture

## Advertising photo studio / Digital photo lab & framing

◈ စီးပွားရေးကြော်ငြာဓါတ်ပုံများ ◈ ကျောက်မျက်ရတနာများ ◈ လူသုံးကုန်ပစ္စည်းများ

◈ အဆောက်အဦးများ ◈ ဟိုတယ်ကြီးများ၏အတွင်းအပြင်အလှဆင်ပွဲစည်းမှုဓါတ်ပုံများ

◈ မော်ဒယ်ဓါတ်ပုံများ ◈ ဖက်ရှင်အလှဓါတ်ပုံများ

◈ မင်္ဂလာဆောင်နံ့သည်ကြိုဓါတ်ပုံနှင့်မင်္ဂလာညစ်ခံပွဲဓါတ်ပုံများ

◈ အခြားသောအမှတ်တရဓါတ်ပုံများ

◈ ဓါတ်ပုံ ***Album***ပြုလုပ်ပေးခြင်း

◈ **4x6 to 12x18 Size** အထိဓါတ်ပုံကူးပေးခြင်း

◈ ***Hand Phone & Tablets*** အမျိုးမျိုးမှ ဓါတ်ပုံကူးပေးခြင်းနှင့်ကော်ဖီခွက်ပေါ်တွင် အမှတ်တရပုံများရိုက်နှိပ်ပေးခြင်း

◈ ခေတ်မှီလှပသေသပ်သောရေစိုခံဓါတ်ပုံဘောင်အမျိုးမျိုးကိုလူကြီးမင်းတို့စိတ်တိုင်းကျ ပြုလုပ်ဆောင်ရွက်ပေးနေပါသည်။

**မိသားစု အမှတ်တရ ဓါတ်ပုံများ၊ ကလေးဓါတ်ပုံများ၊**

**သက်ကြီးရွယ်အိုဘိုးဖွားဓါတ်ပုံများကို**

**အိမ်တိုင်ရာရောက် ရိုက်ကူးပေးပါသည်။**

No.169 (C.1),36th Street (Middle), Kyauktada Tsp,Yangon.
09-73024327, 09-73024328,09-73041734, 09-73041735. Ext:112,126




www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာ
၂၁ ရက်နေ့သည်
အပြည်ပြည်ဆိုင်ရာ
ငြိမ်းချမ်းရေးနေ့ဖြစ်
သည့်အလျောက်
ထိုနေ့က ငြိမ်းချမ်းရေးဆိုင်ရာ
လှုပ်ရှားမှုများကို
တွေ့ကြရသည်။
ဟောပြောခြင်း၊
စီတန်းလှည့်လည်ခြင်း၊
တီးခတ်သီဆို
ဟစ်ကြွေးခြင်းများ
အစုအဖွဲ့အလိုက်
ပြုမူလှုပ်ရှားကြသည်။
ကျွန်မတို့ ငြိမ်းချမ်းရေးကို
လိုလားသည်။
ငြိမ်းချမ်းရေးကို
ဆာလောင်သည်။
ငြိမ်းချမ်းရေးကို
မွတ်သိပ်သည်။
ဘာကြောင့်လဲ…၊
ကျွန်မတို့ မငြိမ်းမချမ်း

# ငါတို့ နောက်မကျသေးပါဘူး

**မီချမ်းဝေ**

ကာလကြီးကို
ဖြတ်သန်းနေရလို့ပါပဲ။
လူမှန်းသိတတ်စအရွယ်မှာပင်
မြို့မှာ မကြာခဏ
ဒုန်း…ဒုန်း…ဒိုင်း…ဒိုင်း…
အသံတွေကြားနေရသည်။
ညနေဝင်ရီတရော
အချိန်ဆို မောင်နှမတွေအားလုံး
ခပ်ညိုညို
ခပ်မှောင်မှောင်အင်္ကျီတွေ
အမေက ပေးဝတ်သည်။
ကျွန်မတို့နေထိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ခြံသည် မြို့၏အထင်ကရလမ်းမကြီးပေါ်တွင် ရှိသော်လည်း လက်နက်ကိုင်တို့ ညှဉ်းဆဲနှောင့်ယှက်ရာနေရာ ဖြစ်နေတတ်သည်။ တစ်မြို့နယ်လုံးကို လျှပ်စစ်မီးပေးသော မီးစက်ကြီးဝင်းသည် ကျွန်မတို့ခြံနှင့် ကပ်နေလေရာ လက်နက်ကိုင်တို့ မျက်စိကျရာနေရာ တစ်ခုဖြစ်သည်။

မြို့ကို လက်နက်ကိုင်တို့ ဝင်စီးလျှင် မီးစက်ကြီးကို ရန်ရှာလေ့ရှိသည်။ ထိုအခါမျိုးဆို မီးစက်မောင်းသံသည် ပုံမှန်မဟုတ်တော့။ အဆမတန်ကျယ်သွားလိုက်၊ တိုးသွားလိုက်။ မီးစက်ဝင်းထိပ်မှာ ကတုတ်ကျင်းရှိလေရာ ထိုကတုတ်ကျင်းမှ ကာပစ်…ပစ်သံတွေ သောသောညံလာလျှင် ဖေဖေသည် ကျွန်မတို့ မောင်နှမတွေကို ဗုံးခိုကျင်းထဲ ဆင်းခိုင်းတော့သည်။

တစ်ခါမှာတော့ ခြံထောင့်မှ ဗုံးခိုကျင်းထိပ်ရောက်ပြီးမှ ကျွန်မအတွက် အနွေးထည်မေ့ကျန်ခဲ့လေရာ သားအဖနှစ်ယောက် အိမ်ပေါ်ပြန်တက်ကာ အနွေးထည်ကို စွန့်စွန့်စားစားတက်ယူကြရသည်။ ကျွန်မသည် အဖေချစ်သမီးပီပီ ဗုံးကျင်းထဲမကျန်ရစ်လို၊ ဖေဖေနှင့်အတူ အိမ်ပေါ်ပြန်လိုက်သော ဂျီကျောင်ကျမှုတွေက အန္တရာယ်နှင့်အတော်နီးသော အပြုအမူဖြစ်သည်။

နောက်တော့ ဖေဖေက ဗုံးခိုကျင်းကို နေရာရွှေ့လိုက်သည်။ ခြံထောင့်မှာမဟုတ်တော့။ အိမ်နှင့် မလှမ်းမကမ်းနေရာကို ရွေးသည်။ ဖေဖေ့ဗုံးခိုကျင်းအသစ်ကို ကျွန်မတို့ပိုသဘောကျသည်။ အပေါ်က အဖုံးနှင့်၊ အဖုံးကို လူမသိအောင် မြေကြီးတွေ မြက်ပင်တွေတင်ထားသေး၏။ ဝင်ပေါက်က သွားလျှင် အနည်းငယ်ကွေ့ကောက်ပြီးမှ အတွင်းသို့ရောက်၏။ သေနတ်သံမကြားသည့်အခါမျိုး ဗုံးခိုကျင်းထဲကျွန်မတို့ ဝင်ဆော့လျှင် ဖေဖေ မကြိုက်ပါ။ မြွေပါး၊ ကင်းပါးခိုမည်စိုး၍ မကြာခဏ ဆီးဖြူသီးတွေ ထည့်ထားတတ်သည်။

တစ်ခုသော ဆောင်းဦးပေါက်၌ မိသားစုအားလုံး ခရီးထွက်သွားရာ အပြန်မှာ မီးရထားတွေ ပုံမှန်မထွက်တော့တာ သတိထားမိပါသည်။ ဘာဖြစ်တာလဲ။ ညက သထုံမှာ သူပုန်ဝင်စီးတာ တစ်မြို့လုံးကုန်ပြီတဲ့။ ဘုရားရေ… ကျွန်မမှာ အပို့ပေါက်ကလေးပီပီ အင်္ကျီအဝတ်အစားများကို အလျင်ဆုံးသတိရမိသည်။ ကျွန်မတို့အိမ်ရှိပါတော့မလား။ ပြာပုံပဲ မြင်ရတော့မည်လား။ မဟုတ်ပါ။ ဆန်စက်တွေကို မီးဝင်ရှို့သွားတာကလွဲလျှင် လူတွေအိမ်ခြေတွေ ဘာမျှမဖြစ်။ သို့သော် မြို့သည်နေ့စဉ်ရက်ဆက် ကြိုးလန့်စာစား ထိတ်လန့်နေရသည်။ နေဝင်သည်နှင့် လက်နက်ကိုင်တို့၏ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချက်ပေးသော ကျွဲချိုမှုတ်သံကို ချောက်ချားဖွယ်ကြားရတတ်သည်။

နောက်ပိုင်းမှာတော့ အတော်အတန်အေးချမ်းသွားသည်။ ရထားလမ်းပိုင်းတွေ မိုင်းခွဲတာ၊ တပေါင်းပွဲတော်မှာ လက်နက်ကြီးနှင့်ပစ်တာတွေ မရှိတော့။ ကျွန်မတို့ပြည်နယ်အေးချမ်းနေသော်လည်း အခြားပြည်နယ်များ မအေးချမ်းကြ။ ဟိုက ဒီက စီခနဲ အသံတွေ ပြန်ညံလာသည်။ ကချင်ဒုက္ခသည်စခန်းတွေ တိုးလာသည်။ တမြန်နှစ်က ဗန်းမော်မြို့သို့ စာပေဟောပြောပွဲ ဖိတ်၍သွားရာ ကားဖြင့် ဗန်းမော်-လွယ်ဂျယ်လမ်းမှ တက်သွားကြသည်။ လမ်းခုလတ်တစ်နေရာရောက်တော့ ကားရပ်သွားသည်။ စိန်လုံကဘား…တဲ့။ နာမည်ကျော် စိန်လုံကဘားမြို့ကား လူမပြောနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှပင် မရှိ။ တိတ်ဆိတ်ငြိမ်သက်ဘိ၏။ လူနေအိမ်ခြေများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ တစ်ချိန်က ခေါင်းလောင်းသံညံမစဲရှိခဲ့သော အထက်တန်းကျောင်းကြီး၏ခြောက်သွေ့ဆိတ်သုဉ်းမှု၊ ကျွန်မတို့ကားရပ်ထားသော နေရာမှာ ရေးထားသည့်စာတန်းများကတော့ 'ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲခြေမှုန်း' ဟူ၏။

တိုင်းရင်းသားညီသားနောင်မယ်

အချင်းချင်းတိုက်ခိုက်နေသော စစ်တွေ
ပြေငြိမ်းစေချင်လှပါပြီ။ ချိုးငှက်ကူသံ
တလူလူလွင့်ပျံ့စေချင်လှပါပြီ။ သည်
အတွက် စာပေအနုပညာရှင်တွေ ပိုင်ရာ
နိုင်ရာ အခန်းကဏ္ဍများမှ ငြိမ်းချမ်းရေး
အတွက် လှုပ်ရှားမှုတွေပြုကြသည်။ ဤ
အထဲတွင် PEN Myanmar အဖွဲ့လည်း
ပါဝင်သည်။

PEN Myanmar အဖွဲ့ဟူသည်က
အင်္ဂလန်အခြေစိုက် PEN Internationa
မှ ကမ္ဘာ့နိုင်ငံအသီးသီးက စာရေးဆရာ
အနုပညာရှင်များ ပေါင်းစပ်ပါဝင်ဖွဲ့စည်း
သည်မှ ဖြာထွက်လာသောအဖွဲ့ ဖြစ်
သည်။ PEN International ၁၆၈ နိုင်ငံ
ရှိပါပြီ။ PEN Myanmar သည် အချိန်တို
အတွင်းမှာ လှုပ်ရှားမှုများစွာ လုပ်နိုင်ခဲ့
သောအဖွဲ့ဖြစ်သည်။ လုပ်ငန်းလှုပ်ရှား
လည်ပတ်နိုင်စေရန် အမှတ် ၃၁၊ ၄ လွှာ
အထက်ပုဇွန်တောင်လမ်းမှာ ရုံးခန်းဖွင့်
၍ စာပေဆိုင်ရာဆွေးနွေးပွဲများ၊ စာအု
မိတ်ဆက်ပွဲများ၊ ရသအစုန်အဆန်အပြ
မြို့ပေါင်း ၁၁ မြို့၊ နေရာ ၁၆ နေ
နယ်မြေခံစာချစ်သူများနှင့် အပြန်အလှ
ရသဖလှယ်ပွဲများ ပြုလုပ်နိုင်ခဲ့သည်

ကဗျာအလုပ်ရုံဆွေးနွေးပွဲများ
စာပေဆိုင်ရာ နှီးနှောဆက်စပ်မှုများ
အပြင် နိုင်ငံခြားသားများ ပါဝင်သ
ရသညနေခင်း (Literature Evening
လည်း လတစ်လ၏ တတိယပတ်
ညနေ ၆ နာရီမှ ၈ နာရီအထိကျင်း
သည်မှာ ၃ ကြိမ်ရှိသွားပေပြီ။ တိုင်း
ရင်းသားများအား စာပေဆိုင်ရာ အ
အဆများဆင့်ကမ်းပို့ချသည့်အစီ
(ရခိုင်တိုင်းရင်းသား)များကို ဤရုံး
ကလေးမှာပင် သင်တန်းပို့ချနိုင်ခဲ့သည

ယခုလည်း နိုင်ငံတကာ ငြိမ်းချ
ရေးနေ့ အထိမ်းအမှတ်အဖြစ် က
ဝတ္ထုတိုပြိုင်ပွဲအတွက် ဖိတ်ခေါ်ခဲ့သ
စာရေးသက် ငါးနှစ်အောက်စာရေးဆ
ဆရာမများကို ဖိတ်ခေါ်ရာ ကဗျာအ
၁၀၀၊ ဝတ္ထုတို ၃၂ ပုဒ်လက်ခံရရှိသ
ဆရာမ ခင်မြဇင်၊ ဆရာရဲသျှမ်
ညိုထွန်းလူ၊ ဆရာဦးဝင်းငြိမ်းတို့

www.burmeseclassic.com

ဝတ္ထုတိုများကို ဦးဆောင်ရွေးချယ်ခဲ့သည်။ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု နှစ်ဆုစီ ကဗျာ၊ ဝတ္ထု စုစုပေါင်း ၁၀ ဆုပေးနိုင်ခဲ့သည်။ ပထမဆု ၅ သိန်း၊ ဒုတိယဆု ၄ သိန်း၊ တတိယဆု ၃ သိန်း၊ နှစ်သိမ့်ဆုက ၁ သိန်းခွဲစီ စုစုပေါင်း သိန်း ၃၀ အပြင်ဆုတံဆိပ်၊ ဂုဏ်ပြုကတ်ချီးမြှင့်ခြင်းလည်း ပါဝင်ပါသည်။

ဆုပေးပွဲကို ကနေဒါသံရုံးနှင့် ကုလသမဂ္ဂဌာနေတို့က ပူးပေါင်းပါဝင်ခဲ့ပြီး တော်ဝင်နှင်းဆီမှာပြုလုပ်သည့် ဆုပေးပွဲအခမ်းအနားသို့လည်း သံရုံးအသီးသီးမှ တက်ရောက်ခဲ့ကြသည်။ သဘင်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်) ကလည်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းထံမှ သဝဏ်လွှာကို ဘန်ကီမွန်းကိုယ်စား Ms Janet Janckson, UNFPA Representative မှ ဖတ်ကြားခြင်း၊ ငြိမ်းချမ်းရေး အမှတ်တရစကား Ms.Mia Yen, Chair of Affair From Canada Embassy (ကနေဒါသံရုံး)မှ ပြောကြားခြင်းတို့ကလည်း ထူးခြားနေသည်။

ဆရာထိန်လင်း၊ ဆရာနေဘုန်းလတ်(ပန်းစကားအဖွဲ့)၊ ဆရာမစုမိအောင်နှင့် လွတ်လပ်စိုးတို့၏ Performance Programme ကလည်း လူအများစိတ်ဝင်စားမှုကို ခံရသည်။ Performance အားလုံးငြိမ်းချမ်းရေးသို့ ဦးတည်သော လှုပ်ရှားမှုများဖြစ်ရာ ကာလဒေသအနေနှင့်လိုက်လျော ညီထွေရှိလှသည်။ ဝတ္ထုဆုများအနေဖြင့် ဆရာနတ်ရဲ(ရှုပဗေဒ)၏ **ငှက်ကလေး ဘယ်ဆီပျံသန်းနေ** က ပထမ၊ ဆရာမနွေးလှဲ့လှဲ့ဖြူ၏ **မနောမြေရဲ့ငိုရှိုက်သံများ**က ဒုတိယ၊ ဆရာမင်းခန့်၏ **စိတ္တဇ နေ့ရက်များရဲ့အလွန်** က တတိယ၊ ဆရာ ထွန်းကျော်၏ **ငြိမ်းချမ်းရေးခေါ်သံ**က နှစ်သိမ့်ဆု၊ ဆရာသော်ဇင်(လှိုင်ကော်)၏ **တိုင်းရင်းသားတို့၏ ဘုန်းကံရယ်**က နှစ်သိမ့်ဆု။ ကဗျာဆုအနေဖြင့် ကဗျာဆရာမောင်ကျော်ကံခဲ (တောင်ပင်လယ်)၏ **အမေ့ခံလိုင်စာက** ပထမ၊ ဆရာတာကော၏ **ကိုယ်ချင်းစာတရားဆီ လိပ်မူပြီး ဒီစာကို ပို့လိုက်တယ်** က ဒုတိယ၊ ဆရာ ရတုသွေး၏ **စစ်ကဗျာ** က တတိယ၊ ဆရာဘလက်၏ **ဘုရားသခင်က ငါတို့အတွက် တစ်ခုခု ဝှက်ထားခဲ့တယ်** ကဗျာက နှစ်သိမ့်ဆု၊ ဆရာ ဆွမ်ဒေါင်းဂျန်၏ **ကမ္ဘာကြီးရေ** ကဗျာက နှစ်သိမ့်ဆု အသီးသီးရရှိခဲ့သည်။

ထိုနေ့သည် တော်ဝင်ခန်းမတစ်ခုလုံးအပျော်တွေနှင့် ဆူညံလှုပ်ခတ်နေသော နေ့ကလေးတစ်နေ့လည်းဖြစ်ခဲ့သည်။ ပြည်တွင်းစစ်၏ သရုပ်သကန်ကိုပေါ်လွင်စေသော စစ်ပွဲဖြစ်ပွားရာ ကချင်ဒေသတိုင်းရင်းသားတို့၏ မလုံခြုံမှု၊ ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ထိုးပြီး တကယ်ငြိမ်းချမ်းရေးကို မျှော်နေသော စစ်ဘေးရှောင်တို့၏ ခံစားချက်များ၊ ပြည်သူတို့၏ ငြိမ်းချမ်းရေးဆာလောင်မွတ်သိပ်မှုများကို တင်ပြဖွဲ့နွဲ့ထားသော ဝတ္ထု၊ ကဗျာများအပေါ် PEN Myanmar မှ ထိုက်ထိုက်တန်တန် အသိအမှတ်ပြု ချီးမြှင့်သဖြင့်လည်း မျိုးဆက်သစ်လူငယ်များအတွက် အားတက် ဂုဏ်ယူရသောနေ့လည်း ဖြစ်ပါသည်။ ကြွရောက်လာသည့် လူထုပရိသတ်များအနေဖြင့်လည်း ငြိမ်းချမ်းရေးအထိမ်းအမှတ် T Shirt တွေနှင့်အတူ ဆုရဝတ္ထုကဗျာစုစည်းမှု အင်္ဂလိပ်မြန်မာ နှစ်ဘာသာစာအုပ်တွေ လက်ဆောင်ရရှိသွားသည့်အတွက် အခြားသူများကို ဆင့်ကမ်းမျှဝေပေးနိုင်မည်ဟု ယုံကြည်ပါသည်။

PEN Myanmar ၏ ဆောင်ပုဒ်ကို က 'လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်ကို ကာကွယ်ရန်နှင့် သစ်လွင်သော စာပေယဉ်ကျေးမှုပေါ်ထွန်းလာစေရန်' ဟု ဆိုထားသည်မဟုတ်ပါလား။ ထိုရည်ရွယ်ချက်ပြီးမြောက်ပြည့်စုံဖို့ စာပေပွဲတွေ၊ ဆွေးနွေးပွဲတွေ ရသအစုန်အဆန် အပြန်အလှန်ထုံကူးမှုတွေ ဆက်လက်ပြု လုပ်ကြရပေဦးမည်။

ခေတ်အဆက်ဆက် မွန်းကျပ်ပိတ်လှောင်ခြင်းခံခဲ့ရသမျှ အခါအခွင့်သင့်ခိုက်လှုပ်ရှားရုန်းကန်ဖောက်ထွက်ကြရမှာပါ။ မြန်မာ့စာပေ ကမ္ဘာ့စင်မြင့်ပေါ်ရောက်ဖို့ ဆက်လက်လှုပ်ရှားကြရဦးမည်။ တစ်ချိန်က ကျွန်မတို့ရေးခဲ့သမျှ စာပေကင်ပေတိုင်ကြီးတွေက ခုတ်ခဲ့ဖြတ်ခဲ့ကြပြီးပြီ။ ယခု ကျွန်မတို့ လှမ်းသမျှ ခြေလှမ်းများကို ဟန့်တားနှောင့်ယှက်ကြဦးမှာလား။ နှလုံးသားချင်းယှက်နွှယ်ရာ၊ စိတ်ဝိညာဉ်တို့ ပေါင်းစည်းရာ၊ ရည်ရွယ်ရာတူသူတို့ပေါင်းဆုံရာ PEN Myanmar ဆီသို့ လာရောက်စုဝေးကြစေချင်ပါသည်။ ပေါင်းရုံးညီညာခြင်းဖြင့်အရာရာကို ဖြတ်ကျော်အောင်နိုင်သူများအဖြစ် စုစည်းညီညာကြပါစို့။

ကဗျာဆရာ ဘလက် (Black)ရဲ့ **ဘုရားသခင်က ငါတို့အတွက်တစ်ခု ဝှက်ထားခဲ့တယ်** ကဗျာပါစာသားအချို့က ကျွန်မတို့ကို ခွန်အားဖြစ်စေပါပြီ။

*အခု ငါတို့ဟာ*
*နောက်မကျသေးပါဘူး။*
*ကိုယ် ပစ်တဲ့ သေနတ်သံ*
*ကိုယ် ပြန်မကြားလိုက်ရတဲ့*
*ဗန်ဂိုးရဲ့ဘဝလောက်တောင်*
*ငါတို့ နောက်မကျပါဘူး။*
*ရထားတစ်စင်းလွတ်လို့*
*နောက်တစ်စင်း*
*ထပ်စောင့်ခွင့်ရသလို*
*ငါတို့ နောက်မကျပါဘူး။*
*A Stitch in time saves nine*
*အချိန်မီချုပ်မှ*
*အစုတ်သက်သာမယ်တဲ့။*
*ဘုရားသခင်*
*ဝှက်ထားတဲ့ အရာဟာ*
*ပြိုစုတ်နေတဲ့ ကမ္ဘာ့အတွက်*
*နောက်ဆုံး မျှော်လင့်ချက်*
*ကောက်ရိုးတစ်မျှင်ပေါ့....တဲ့။*

■

**မိချမ်းဝေ**



www.burmeseclassic.com

www.burmeseclassic.com

# ပွင့်ဦးရေကြွမှုဖြင့်လှည့်ပ

လှမိုးသစ်
၊ ကျောက်ဆည် ၊


'လေနုအေးက
နော့ဆဲကို' လို
ဂန္ထဝင်မြောက်
ဝါကျတစ်ကြောင်း
ကျွန်တော် မဖွဲ့ဆိုနိုင်သေး။
အခုလို ဒီဇင်ဘာ
ရောက်တိုင်း
ယယ်ငယ်တုန်းကလို
နှင်းတွေဝေတာ
မမြင်ရတော့ပေမဲ့
ဆရာကြီး ဒဂုန်တာရာရဲ့
လေနုအေးကတော့
နော့နေဆဲ။ ကွင်းပြင်ကို
ဖြတ်သန်းလာတဲ့
လေအေးတွေက
ကျွန်တော်တို့
ရင်ဘတ်တွေကို
တိုးတိုးလေး တိုက်ခတ်လို့။
ကျွန်တော်လည်း
ဂန္ထဝင်မြောက်မယ့်
ဝါကျတစ်ကြောင်းလောက်
ဖွဲ့ဆိုခဲ့ချင်ရဲ့။
လေတိုက်တဲ့အကြောင်းတော့
မဟုတ်ဘူးပေါ့။
မိုးရွာတဲ့အကြောင်းလည်း
မဟုတ်ဘူးပေါ့။
ပန်းကလေးပွင့်တာကို
ခါချဲ့ပြီးမရေးချင်ပါဘူး။
သစ်ရွက်ကြွေတာ၊
ကန်ရေပြင်လှိုင်းထတာ
ပြာလွဲ့ကိုလည်း
စာမဖွဲ့ချင်ပါဘူး။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကြီးပျက်မယ်ဆိုတဲ့ ကောလာဟလအကြောင်း လည်းမဟုတ်ပါဘူး။ ဆင်းရဲမွဲတေမှု လျှော့ချရေးဆိုတဲ့ အကြောင်းလည်း မဟုတ်ပါဘူး။ ကျွမ်းကိုးကျွမ်းကားတွေနဲ့ ခုံညားအောင်၊ လူရှိန်အောင် သမားဂုဏ်ပြဝါကျတွေလည်း မဟုတ်ပါဘူး။

ကျွန်တော်ဖွဲ့ဆိုချင်တဲ့ ဂန္ထဝင်မြောက်ဝါကျဟာ အနုပညာနဲ့ သက်ဆိုင်ပါလိမ့်မယ်။

ကျွန်တော် ရေးဖွဲ့ချင်တဲ့စာ၊ ကျွန်တော် ရေးဖွဲ့ချင်တဲ့ ဝါကျဟာ ဂန္ထဝင်မြောက်၊ မမြောက် ကျွန်တော် မသိပါဘူး။ သမိုင်းတွင်ခြင်း၊မတွင်ခြင်းကလည်း ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး။ လူတစ်ယောက်အတွက် မှတ်တိုင်တစ်တိုင်ဖြစ်ရုံလောက်ပါ။ ဘာမှ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ ဒါဟာ အလွမ်းစာတစ်ပုဒ်ပါ။ ဒါဟာ မှတ်တမ်းကဗျာတစ်ပုဒ်လောက်သာ ဖြစ်ပါတယ်။

ကျွန်တော်ရေးဖွဲ့ချင်တာက သီချင်းဆိုလို့သေတဲ့လူ၊ အနုပညာမြတ်နိုးသူကြီးတစ်ယောက်အကြောင်းပါ။

လူဆိုတာ သေမျိုးချည်းပါပဲ။ သေမျိုးချင်းအတူတူ သိက္ခာရှိစွာသေဆုံးခြင်း၊ သိက္ခာမဲ့စွာသေဆုံးခြင်းနဲ့ ဘာသိဘာသာသေဆုံးခြင်း ဆိုပြီးတော့ သေခြင်းသုံးမျိုးရှိတဲ့အထဲက သူဟာ ပထမအမျိုးအစားမှာပါဝင်ပါတယ်။ သူဟာ အရက်သောက်လို့ အရက်ကျွမ်းပြီး သေသွားသူ မဟုတ်ပါဘူး။ လေးလုံးရောဂါရပြီး သိက္ခာမဲ့စွာ သေဆုံးတာလည်း မဟုတ်ပါဘူး။ သက်တမ်းစေ့လို့ လူကြီးရောဂါနဲ့ ဘာသိဘာသာ သေဆုံးခြင်းမျိုးလည်း မဟုတ်ပါဘူး။ ဘုရား၊ တရားမဲ့သူတို့ရဲ့ သေခြင်းမျိုး၊ ဖောင်းတန်ပြန်နေတာ၊ ဝေဒနာခံစားနေရတာမျိုးလည်း လုံးဝ မရှိခဲ့ပါဘူး။ မရဏာသန္တမှာ ညင်ညင်သာသာကလေး။

> ကျွန်တော်က အခုမှ စာစရေးတာ ဆိုတော့ အသက်ကြီးမှ စက်ဘီးစီး သင်သလို လမ်းမဖြောင့်နိုင်ဘဲ ဝါကျ တစ်ကြောင်းကို မနည်းကြိုးစားပြီး တည်ဆောက်နေရပါတယ်

ဒါဖြင့် သူ ဘာကြောင့်သေရတာလဲ။ သူသေရတာ သီချင်းကြောင့်ပါ။ သီချင်းကြောင့် သေတဲ့လူ။ ဤဒွန္ဒယာကြီးမှာ သီချင်းဆိုလို့ သေတာ သူတစ်ယောက်ပဲ ရှိလိမ့်မယ်ထင်တယ်။ (သီချင်းဆိုရင်း သေတာကို မဆိုလို) ကျွန်တော် ရေးဖွဲ့ချင်တာ သူ့အကြောင်းပါပဲ။

❑

'ကျွန်တော်ကတော့ အခုမှ စက်ဘီးစီးစ,သင်မိတဲ့ ကလေးလိုပါပဲ။ သူများတွေက စက်ဘီးကို ကျွမ်းထိုးပြီး စီးနေချိန်မှာ ကျွန်တော်ကတော့ လက်ကိုင်က ရမ်းတန်းရမ်းတန်း၊ ဘီးက ယိမ်းထိုးယိမ်းထိုးနဲ့ ကွေ့ကွေ့ကောက်ကောက်ဖြစ်နေတုန်းပါပဲ'

ထူးခြားတဲ့နေ့တစ်နေ့။ ဒီဇင်ဘာ ၃၁ ရက်နေ့မို့ ထူးခြားတာတော့ မဟုတ်ပါ။ ဟက်ပီနယူးရီးယားကြောင့် ထူးခြားနေတာလည်း မဟုတ်နိုင်ပါ။ ဒီဇင်ဘာ ၃၁ နယူးရီးယားရောက်တိုင်း ဒီနေရာ၊ ဒီရှုခင်းမှာ ကျွန်တော်တို့နှစ်တိုင်း'ဟက်ပီး'နေကျပါ။ ဒီနှစ်မှ အရင်နှစ်တွေကနဲ့မတူ တစ်မူထူးခြားနေတာတော့ အမှန်ပဲ။

'ကျွန်တော်က အခုမှ စာစ,ရေးတာဆိုတော့ အသက်ကြီးမှ စက်ဘီးစီး သင်သလို လမ်းမဖြောင့်နိုင်ဘဲ ဝါကျတစ်ကြောင်းကို မနည်းကြိုးစားပြီး တည်ဆောက်နေရပါတယ်'

မိုက်ခရိုဖုန်းကတစ်ဆင့် ဆောင်းဘောက်က ထွက်နေတဲ့ သူ့အသံဟာ တုန်ယင်လှိုက်မောတွေနဲ့။ ကြည်နူးမှုတွေ အန်ကျလာတဲ့အသံ။ ဝမ်းနည်းမှုတွေ ထွေးယှက်နေတဲ့အသံ။

'ဒီနေ့ ကျွန်တော် အရမ်းကျေနပ်တယ်။ ကျွန်တော်ချစ်တဲ့ အနုပညာသမားတွေနဲ့ အခုလိုအနုပညာလှေကြီး အတူစီးခွင့်ရတာ အရင်ကတည်းက မျှော်လင့်ခဲ့တဲ့အရာပေါ့။ ဒီအချိန်မှာ ကျွန်တော် တသသနှမြောနေမိတာက ဘာမှန်းမသိလိုက်ဘဲ ကုန်လွန်သွားတဲ့ နေ့ရက်တွေ၊ ကျွန်တော့်အသက်တွေကိုပေါ့။ ကျွန်တော် ထင်ပါတယ်။ ဒီအထဲမှာ ကျွန်တော်ဟာ အသက်အကြီးဆုံး မဟုတ်တောင် ဒုတိယ၊ ဒါမှမဟုတ် တတိယလောက် လိုက်မယ်ထင်ပါတယ်။ အသက်ကြီးမှ 'အနုပညာပန်း'က ရင်မှာ ဖူးငုံလာတာ လူတွေကြားရင် ရယ်စရာဖြစ်နေမှာပါ။ အမှန်က ဒီလို မဟုတ်ပါဘူး။ ကျွန်တော့်ရင်မှာ အနုပညာပန်းကလေး ဖူးငုံနေတာဟာ ကျွန်တော် လူမှန်းသိတတ်စလောက်ကတည်းကပါ။ ကျွန်တော့် ရင်မှာ ငုံနေတဲ့ အနုပညာကတော့…'

သတ္တုလှိုင်းအတိုင်း စီးမြောလာတဲ့ အလွမ်းတွေက ကျွန်တော်တို့အားလုံးရင်ထဲ စိမ့်ခနဲ စိမ့်ခနဲ။ သူဟာ ရင်ထဲက ခံစားချက်တွေကို မိုက်ခရိုဖုန်းထဲ စိတ်ရှိလက်ရှိ သွန်ချပစ်နေတယ်။ ဟုတ်ပြီ။ ထူးခြားတာကို ကျွန်တော် တွေ့ပြီ။ မိုက်ခရိုဖုန်း။ မိုက်ခရိုဖုန်းပေါ့။ ဒီနှစ်မှ ပါဝင်လာတဲ့ မိုက်ခရိုဖုန်း။ ခါတိုင်းနှစ်တွေက မိုက်ခရိုဖုန်း မပါဘူး။

ကျွန်တော်တို့ဟာ ဒီဇင်ဘာ ၃၁ ရောက်တိုင်း ကော ကြီး(ကေ-တောင်တန်းပြ တောမှာ နှစ်ဟောင်းပို့နှုတ် ဆက်၊ နှစ်သစ်ကိုကြိုဆို



www.burmeseclassic.com

www.burmeseclassic.com

'ဘက်ပီးနယူးရီးယား' ...အော်ခဲ့ကြတယ်။ တစ်နှစ်တာ ...ရင်ခံခဲ့သမျှတွေ ဖွင့်အန်ကြ ...တယ်။ မုဒိတာတွေ၊ မစ္ဆရိယ ...တွေ တစ်ထွေးတစ်ဆုပ် ...ဘွမ်းပ။ ဒါပေမဲ့ မိုက်ခရိုဖုန်း ...ပေါ်ဘူး။ ဆောင်းဘောက်စ် ...တွေ မပါဘူး။ ဒီဗီဒီအောက် ...တော် မပါဘူး။ အရုပ်ထွက်တဲ့ ...အပေါ်စက်လည်း မပါဘူး။ ...ဒီနှစ်မှာတော့ ထူးထူးခြားခြား ...ဆရာကျော်ညိုလွင်က သူ့အိမ် ...က စက်တွေကို သူ့အိမ်က ...သုံးဘီးဆိုင်ကယ်ပေါ်တင်ပြီး ...တောကြီးရဲ့ သရက်တန်း ညို့ ...ညို့ဆိ ပင်ပန်းကြီးစွာ သယ် ...ဆောင်လာခဲ့တယ်။ ရင်ခံခဲ့ ...သမျှ မိုက်နဲ့စက်နဲ့ အပြတ်ကို ...ရင်ဖွင့်ပစ်လိုက်မယ်ဆိုပြီး ...တော့ထင်ရဲ့။ ပြီးတော့ ...စာရေးခြင်းအနုပညာအပြင် ...သီချင်းဆိုခြင်း အနုပညာ ...ကိုပါ ခံမင်ကြသူတွေမို့ ...တာရာအိုကေဆိုကြမယ် စိတ် ...ထူးနဲ့ စက်တွေမ,လာခဲ့ကြ ...တယ်ပေါ့။ သီချင်းတွေ ဆို ...ကြမယ်လေ။ သြော် ... အနုပညာမြတ်နိုးသူကြီးတွေ ...မဟုတ်လား။

ကျွန်တော်တို့ရဲ့ အနု ...ညာမြတ်နိုးသူအသိုင်းအဝိုင်း ...ထဲကို နောက်ဆုံးမှ ရောက် ...လာသူက ဦးတင်မောင်အေး ...ပါ။

'ကျွန်တော်က အခုမှ ...စာစ,ရေးပေမဲ့ ကျွန်တော့် ...ရင်ထဲက အနုပညာဟာ ဆရာ ...တို့ရဲ့ရင်ထဲက အနုပညာ ...ထက် မသေးငယ်ပါဘူး။ ...ကျွန်တော်ရေးတဲ့ ဝတ္ထု၊ ...ဆောင်းပါး စာပန်းကလေး ...တွေ ပွင့်လန်းလာအောင် ...အစဉ်အမြဲ ကြိုးစားအား ထုတ်နေမယ်ဆိုတာ အားလုံးကို ကတိပေးပါတယ်'

ဒီနေ့
ကျွန်တော်
အရမ်း
ကျေနပ်တယ်
ကျွန်တော်
ချစ်တဲ့
အနုပညာသမား
တွေနဲ့
အခုလို
အနုပညာလှေကြီး
အတူစီးခွင့်ရတာ
အရင်ကတည်းက
မျှော်လင့်ခဲ့တဲ့
အရာပေါ့

လူနာမည် တင်မောင်အေး။ အနုပညာအမည် ခင်မောင်အေး(စီးပွားရေးတက္ကသိုလ်)။ အသက် ၆၂ နှစ်ရှိပြီ။ အနုပညာကို ရူးသွပ်လိုက်ပုံရယ်၊ သူက ကျွန်တော်တို့နဲ့ ဆုံရတာ ရင်ခုန်သတဲ့။ သူက အခုလို ကျွန်တော်တို့နဲ့ ဝိုင်းထိုင်ပြီး ပြောရ၊ ဆိုရတာ ပျော်သတဲ့။ ဟုတ်ပါတယ်လေ၊ သူ ပျော်နေပါတယ်။

❑

'ခင်ဗျားနာမည် က ကိုလှမိုးလား၊ ကိုလှမျိုးလား'

'မိုး...ပါ၊ ကောင်းကင်ပေါ့'

'ကလောင်နာမည် ကရော'

'မရှိသေးပါဘူး၊ တကယ်လုပ်ဖြစ်ပြီဆိုရင်တော့ နာမည်ရင်းမှာ တစ်ခုခု ဖြည့်လိုက်ဖို့ပဲ စဉ်းစားထားတယ်'

'တကယ်ဖြစ်အောင် လုပ်စမ်းပါဗျာ၊ ခင်ဗျားကဗျာလေးတွေကောင်းတယ်ဗျ၊ ဝတ္ထုတွေလည်း ကျွန်တော်ကြိုက်တယ်'

၁၉၉၈-၉၉ ခုလောက်ဆီမှာ ကျွန်တော့်အလုပ်စားပွဲလေးရှေ့ကို ရောက်ရောက်လာတတ်တဲ့ ကျူရှင်ဆရာတစ်ယောက်။ အရွယ်က အဖေနဲ့ သားလောက် ကွာခြားနေတဲ့ ကျွန်တော့်ကို ခင်ဗျားတဲ့၊ ကျွန်တော်တဲ့။ နိဝါတောစရိုက်လိုက်ပုံ။ လူတိုင်းက သူ့ကို 'ဆရာကြီး'တဲ့။ သူက ကျူရှင်ဆရာ မဟုတ်လား။ ကျွန်တော်ကလည်း လေးစားသောအားဖြင့် ဆရာကြီးလို့ပဲ ခေါ်လိုက်တယ်။

အလုပ်စားပွဲဆိုပေမဲ့ အလုပ်တွေမရှိဘဲ ကဗျာတွေ၊ ဝတ္ထုတွေနဲ့ ရှုပ်ပွနေတတ်တဲ့ ကျွန်တော့်စားပွဲကို ကျူရှင်ဆရာကြီးဟာ မကြာမကြာ ရောက်ရောက် လာတတ်တယ်။ ရောက်လာတိုင်းလည်း ကျွန်တော်ရေးထားသမျှ စာရွက်အပိုင်းအစတွေကို မပျင်းမရိ ဖတ်နေလေ့ရှိတယ်။ ဖတ်ပြီးတိုင်းလည်း 'ကောင်းတယ်'လို့ မှတ်ချက်ပေးလေ့ရှိတယ်။ စာရူးပေရူးကလေး ရေးထားတာတွေကို ကျူရှင်ဆရာကြီးတစ်ယောက်က 'ကောင်းတယ်'လို့ မှတ်ချက်ချလိုက်တော့ စာရူးဖြစ်သူ ကျွန်တော့်ဘဝင်ကို လေပြင်းခတ်ပေါ့။ အမှန်က ကောင်းချင်မှကောင်းမှာပါ။ ဒါပေမဲ့ အဲဒီ'ကောင်းတယ်' ဆိုတဲ့ စကားကြောင့် အားတွေတက်ခဲ့၊ စာတွေတွန်းရေးဖြစ်ခဲ့။ ၂၀၀၀ ပြည့်နှစ်တစ်နှစ် လုံး။

၂၀၀၁ ခုနှစ်မှာတော့ ကျွန်တော့်ရဲ့ပထမဆုံး ကဗျာတစ်ပုဒ်နဲ့ ဝတ္ထုတိုတစ်ပုဒ်ဟာ မဂ္ဂဇင်းနှစ်စောင်မှာ ရှေ့ဆင့်နောက်ဆင့် ပါလာတယ်။ ကျွန်တော်ပျော်သလို သူလည်း အရမ်းပျော်နေခဲ့တယ်။ ဒီနောက်ပိုင်းမှာတော့ ကျွန်တော့်ဝတ္ထုတိုလေးတွေ၊ ကဗျာလေးတွေ မဂ္ဂဇင်းတွေမှာ ခပ်စိပ်စိပ်ပါလာနေပေမဲ့ သူနဲ့ ကျွန်တော် သိပ်မတွေ့ဖြစ်တော့။ ရံဖန်ရံခါတွေ့ရမှ ခင်ဗျားဝတ္ထုလေးတွေ ကျွန်တော် ဖတ်ရတယ်ဗျ ဆိုပြီး အားရပါးရ ပြောနေတတ်ပြန်တယ်။ ၂၀၀၇ ခုလောက်ဆီမှာတော့ သူ့ဆီက အံ့သြဖွယ်စကားတစ်ခွန်း ကျွန်တော်ကြားလိုက်ရပါတယ်။

'ကိုလှမိုးသစ်ရေ၊ ကျွန်တော်လည်း ခင်ဗျားကို အားကျလို့ စာတွေရေးနေပြီဗျ'

'ဟာ ဟုတ်လားဆရာကြီး ကောင်းတယ်ဗျာ'

နောက်တစ်ခေါက် တွေ့တော့-

'ကိုလှမိုးသစ် သိလား၊ ဒီနှစ် မြတ်မွေစာကြည့်တိုက်ကလုပ်တဲ့ စာပေပြိုင်ပွဲမှာ ကျွန်တော့်ဆောင်းပါး ပထမရတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟာ ဟုတ်လား ဝမ်းသာတယ်ဆရာကြီး၊ ဆက်လုပ်နော် ခွဲ့မလျှော့လိုက်နဲ့၊ မဂ္ဂဇင်းတွေကိုလည်းပို့'

နောက်တစ်ခါ တွေ့တော့–

'ဒီနှစ် မြို့နယ်စာနယ်ဇင်းကလုပ်တဲ့ စာပေပြိုင်ပွဲမှာ ကျွန်တော့်ဝတ္ထု ဆုရတယ်ဗျ'

ပိုးဝင်သွားပြီ။ သူ့ကို ပိုးက ဝင်ခဲ့သွားပြီ။ သူ့ကိုဝင်တဲ့ပိုးက စာပိုး။ အနုပညာပိုး။

'ဆရာကြီး ဝတ္ထုလေးတွေ မဂ္ဂဇင်းကိုရော ပို့ဖြစ်ရဲ့လား'

'အဲဒါပြောမလို့ဗျ၊ ကျွန်တော့်ဝတ္ထုတွေက အဆင့်ရောမီရဲ့လား ကိုလှမိုးသစ်ဖတ်ကြည့်ပြီး အကြံဉာဏ်ပေးပါဦး'

'ဘယ်ပို့မယ် စိတ်ကူးထားတုံး…'

'ကိုလှမိုးသစ်ကို စင်တင်ပေးခဲ့တဲ့ ရွှေအမြုတေ… ရွှေအသစ်ကို'

'ဟဲဟဲ ရွှေအသစ်ကလေးပေါ့'

'ဒါပဲရှိတာပဲလေ ကိုလှမိုးသစ်ရဲ့၊ ကျွန်တော်က အခုမှ စ,ရေးတာဆိုတော့'

'ဟုတ်ပါတယ် ကျွန်တော်က အလကား စ,တာပါ။ ကောင်းတယ်၊ အဲဒါကောင်းတယ်။ မွှန်းရှူးလည်း ရွှေအသစ်ကပဲ'

ဒီလိုနဲ့ သူဟာ အနုပညာစာပေမှော်ရုံတောကို ရင်မော့ပြီး တိုးဝင်ဖို့ ကြိုးစားခဲ့။ ကြိုးစားဆဲ… ကြိုးစားနေဆဲကလေးမှာပေါ့…။

❑

ဆက်နွှယ်
သန္တတိ
မမြဲသော
ရုပ်နာမ်
ပြောင်းလဲလို့ရယ်
ဖြစ်ပြန်
ပျက်ပြန်
အစစ်အမှန်
တရားရယ်
မူလွှမ်းတဲ့သူရယ်
ပွင့်ဦး
ကြွေမှဖြင့်ကွယ်
မပန်ဆင်
စေချင်ရက်
တော့
တယ်

ဆောင်းဆည်းဆာလေ ပြည်ထွေးက အေးမြမြစူးရှရှကလေး သွေးစိမ့်အောင် တသုန်သုန်ဖျန်းလို့နေတယ်။ ညို့နေတဲ့ သရက်ပင်တန်းနောက်မှာတော့ စိမ်းစိမ်းစိုလယ်ကွင်းများ။ ဟိုးဝေးဝေး ခင်တန်းကလေးရဲ့နောက်က လူသွားလမ်းကလေးမှာတော့ တောဆိုင်ကယ်တစ်စီးစ၊ နှစ်စီးစ ဖုန်ထလို့။ လယ်စောင့်ဇျိုင်းများ ဆည်းဆာရီထဲ အိမ်ပြန်ကြပေါ့။ ကိုစောညိန်းရဲ့ ဂီတနက်သန်က နေဝင်ဖျိုးဖျကို ပွေ့ပိုက်ထား။

*'ဆည်းဆာရိပ်×××*
*ဝယ်×××နေရီရီလဲ့×××*
*တိမ်မယောင်ချယ်×××*
*ဟို×××တောင်စွယ်က×××*
*ပျပျမှိုင်း×××ညနေတိုင်း××*
*အုံ့ကာနေတော့တယ်×××ရွှေ*
*သားသင်ဖြူးလားလို့×××*
*ထင်ယောင်မှားဖွယ်××× လှ*
*မျိုးစုံ ခင်းကျင်းတဲ့ ရေပြင်*
*ပင်လယ်××× သဲသာသောင်*
*နဲ့ ငွေရောင်ကမ်းစွယ်×××*
*ရွက်ကြိုးဆင်တဲ့×××ပင်တိုင်*
*ဝါး×××ကုက္ကလင်နဲ့လင့်*
*ယာဉ်ဖျားဝယ်×××နာဝါလှေ*
*×××များတွေရယ်×××ဆွေး*
*သူကို ကယ်ယူပါလှည့်×××*
*လမ်းကြုံရင်ခေါ်စေချင်ငဲ့××*
*×ပြာရီလဲ့×××ဆည်းဆာ*
*ညချမ်းဝယ်×××မျှော်လေလေ*
*မေ့ကိုလွမ်းတယ်×××ကမ်း*
*ဆိပ်က သာယာလှပေတယ်*
*××× ရွှေဟင်္သာမောင်နှံရယ်*
*တောင်ပံယှက်ပြီး×××လည်*
*ချင်းမှီ၍×××ချစ်ချစ်ကျွမ်း*
*×××အောင်တော်သံ×××*
*ခွန်းတုံ့လှယ်×××နေညိုအိပ်*
*တန်းထက်ဝယ်××× တူနွှဲ*
*ဆက်ကာ×××ပျော်နိုင်ပါပေ*
*×××တယ်'*

ဂီတနက်သန် ဟာ ကျော်ညိုလွင်ရဲ့ သံဝါသြချိုချိုနဲ့ ဆောင်းဆည်းဆာကို လွမ်းအောင် ဖန်နေတော့တယ်။

** ဆောင်း သက် စေ့*
*ပင်၊ ကြွေ ကြွေ လွမ်း ပွင့်၊*
*ကလျှဉ် ကသီ….။*

** ဘဝ အရုဏ်၊ အာ ရုံ*
*မကြည်၊ နေ ခြည် ရွှေစ၊ ပ,*
*မဝင်းမီ…။*

လွမ်းလွမ်းဆွေးဆွေး တေးတစ်ပုဒ်လို ကဗျာရွတ်သံက လေပြည်ကိုထွေးရစ် ဆောင်းရဲ့ ဟိုအဝေးကို ယူငင်သယ်ဆောင်သွားလေရဲ့… ကဗျာဆရာ မြဝတ်ရည်… သူ့ရဲ့နှလုံးသားက အန်… လာတဲ့ စကားလုံးတွေ… မာယာမြူနှင်း ဆိုတဲ့ ကဗျာ… တစ်ပုဒ်အဖြစ် ဖန်ဆင်းပြီး… ရွတ်ဆိုနေတာပါ။ သူ့ရဲ့ ရွတ်… ဟန်က သီချင်းတစ်ပုဒ် သီ… နေသလိုလို၊ ရတုကဗျာ… ပုဒ် ရွတ်ဆိုနေတာလို… ကျွန်တော်ကတော့ သူ့က… ထဲကို ဂီတတွေထည့်နေ… တယ်။

** မီ ခင် မီ လှ၊ နီး …*
*နီး ခင်၊ မိချင် ဓော ပြ…*
*ကြည့်ရင်း သာ ပင်၊*

*အမြင် ဝါး ရွာ၊ …*
*ဆာ ဖို မောက်၊ ပျော…*
*ရှေ့မှာ၊ ပေါ် လာ ဖြန့် …*

** အလှ တု မှန်း၊ …*
*စွမ်း ပါ လျှက်၊ ရှိုက် …*
*တ သ၊ မေ့ …*
*ရသည်…*

*ဘဝ အရုဏ်၊ အာ …*
*မကြည်၊ နေ ခြည် ရွှေ …*
*ပ, မဝင်း မီ။*

လက်ခုပ်သံ တွေ… တဖြောင်းဖြောင်းထွက်ပေါ်လာ… ခဲ့တယ်။ ဒီလက်ခုပ်သံတွေကို… ကျွန်တော်က ဂန္ထဝင်ကဗျာ… တစ်ပုဒ်ရရှိလိုက်တဲ့ ဆုလာဘ်… တစ်ပါးလို့ ကျွန်တော်… ယုံကြည်တယ်။

'ကိုဒိုးလေး သီချင်း… တစ်ပုဒ်ဖျော်ဖြေပေးပါ'

အနောင်ဆာ မိုးမ… အသံ ထွက်ပေါ်လာပါတယ်… ဒိုးလေးက မိုက်ခရိုဖုန်းကို… လှမ်းယူပြီး–

*'မိုးသက်လေနှင် ဖြစ်…*
*ပါတယ်'*

တယောသံချွဲချွဲနှင့်က… လေပြင်းမုန်တိုင်း အနောက်…

www.burmeseclassic.com

www.burmeseclassic.com

…အောင်မှတ်သုန်မိုး သွန်ချ …ကိုက်သလို စိုးအောင်ဖန်နေ …ာ့တယ်။

*'ဒီမိုးမှောင်တုန်း×××
…မောင်ပုန်းပါရစေခင်×××
…စ်ကိုယ်ရည်×××အားနွဲ့
…×××တုန်ရီရွှေဘဝင်×××
…းရက်တဲ့×××ဒေဝါရှင်
…နတ်ရှင်×××ဩော် မိုး
…တ် လေ နှင်'*

အလှည့်ကျရင် မနွဲ့ကြ …မ်းတဲ့။ မိုက်က ကျွန်တော့် …တ်ထဲ ရောက်လာပါ …ယ်။

'ကျွန်တော်က ကိုလှမိုး …စ်သီချင်းဆိုရင် လက်ခုပ် …းမလို့စောင့်နေတာဗျ'

ဒီစကားကိုပြောခဲ့တာ … ကိုခင်မောင်အေးပါ။ …န်တော့်ကို သူ အားပေး …ယ်ဆိုတာ သိစေချင်တယ် …င်ရဲ့။ ကျွန်တော် ဆိုမှာပါ။ …န်တော့်အကြိုက်ဆုံးဖြစ် … *ပွင့်ဦး* ပါ။ ကိုစောညိန်း … သူ့ရင်မှာ ပထမဦးဆုံး …ပွင့်လာတဲ့ အချစ်ပန်း …လေး ဖွင့်မပြောဖြစ်လိုက် … နှစ်တွေ ကြာညောင်း …သွားတဲ့အခါ ရင်ထဲမှာပဲ …ကြွေသွားတယ်တဲ့။

*မာလာပင်နန်း×××ချစ်
…ပွင့်ဖူးစ×××အရွယ်×××
…တော်မှလာနီး×××မျှော်
…ီးကာ×××ပူဇော်ပါကြွယ်
…×ရည်ရွယ်သွယ် ညွှတ်
…ပြောင်း×××ကြာရှည်×××
…လေညောင်းမျှရယ်×××
…ိုင်းစံပယ်မို့ပစ်ပယ်×××
…တော်မဝင်တယ်××× ငွေ
…င်ကြူမွေး×××ချစ်သူကို
…ာက်တစ်ကြိမ်ပြန်ဆုံခဲ့
…ရချိန်မှာတော့*

*'ဆက်နွှယ်×××
သန္တတိ×××မမြဲသော×××
ရုပ်နာမ်ပြောင်းလဲလို့ရယ်ဖြစ်
ပြန်×××ပျက်ပြန်×××အစစ်
အမှန်×××တရားရယ်×××
မှုလွန်းတဲ့သူ့ရယ်×××
ပွင့်ဦး×××ကြွေမှဖြင့်ကွယ်
×××မပန်ဆင်စေချင်ရက်
×××တော့×××တယ်'*

သခ်ၤါရရဲ့ ဖြစ်ပျက်တရားကြောင့် တစ်ခါကြွေပြီးသား ပွင့်ဦးကလေး ချစ်သူကို မပန်ဆင်ရက်ဘူးတဲ့။ လှလိုက်တဲ့ အနုပညာရယ်လေ။ ကျွန်တော်တို့ ချစ်တာ ဒီအနုပညာ။ ကျွန်တော်တို့ မြတ်နိုးတာ ဒီလိုအနုပညာ။

'လွမ်းရတာ အီသွားပြီကွာ၊ ဒီတစ်ခါ မြူးမြူးလေးလုပ်၊ မိုးမခ မြို့မအခွေ ထည့်ကွာ ပြည်တော်ဝင်မယ်'

အလွမ်းတွေ အီသွားသူက မောင်သစ်လှိုင်းပါ။ သူက အလွမ်းအီမှာပေါ့ မြေးချီနေပြီပဲ။

'ပြည်တော်မဝင်နဲ့ဦး၊ စောသေးတယ် အောင်ပင်လယ်နဲ့ မြို့မဖွင့်မယ်'

*×××အောင်ပင်
လယ်××အောင်ပင်လယ်××
အောင်ပင်လယ်×××ကောင်းဖို့
ရွှယ်သောခေတ်ကို×××
အထူးသဖြင့် မျှော်မိတယ်
×××*

အားမာန်ပါလှတဲ့ မွန်ဖူးရဲ့အောင်ပင်လယ်ကို အားလုံးက စည်းဝါးလိုက်ကြ၊ ဟာမိုနီလိုက်ကြ မြိုင်မြိုင်ဆိုင်ဆိုင်။

*×××ပုညရှင်×××
စေတီအပါး×××စစ်ကိုင်း
တောင်×××အထက်နားဆီ
က×××အရှေ့တလွှား×××
ရှုလိုက်ရင်လေ×××ဧရာ
ဝတီ×××နတ်ပန်းချီ×××
ဆေးစုံတွေ×××ကွန့်ရော့လေ
သလား×××ဝဲလက်ယာ
×××အတွန့်တွန့်နဲ့××× အလွန့်
အလွန်သာယာပါပေသည်
×××*

မိုးမခက စစ်ကိုင်းတောင်ပေါ် အရောက်သွားလို့ တရားရှာတော့၊ မောင်သစ်လှိုင်းက ပြည်တော်ဝင်ပါတယ်။

*အခါတော်ရောက်
ချိန်×××နီးလို့လာပေ×××*

*မြို့မအတူတကွ×××
လိုက်ပါနိုင်စေ×××*

*အောင်စည်ရွှမ်းသံ ဗြော
သံ ကြားရင်ဖြင့်×××ပြည်
တော်ဝင်မယ်လေ×××*

အဲဒီအချိန်မှာ အနောက်နားခပ်ကျကျချောင်မှာ ကပ်နေသူတစ်ယောက် သုတ်ခနဲ ဖန်သားပြင်ရှေ့ ရောက်လာပါတယ်။ ခင်မောင်အေး(စီးပွားရေးတက္ကသိုလ်)ပါ။ သူက တီဗွီဖန်သားပြင်ဆီ လှမ်းကြည့်ရင်း မိုက်ကို ယူပါတယ်။ ဖန်သားပြင်မှာပေါ်လာတာက *အိုလံပစ်* သီချင်း။

*ခေါ်မပြည်×××ခရစ်
တော်×××မပေါ်မီ××× နှစ်
တစ်ထောင်ခန့်က×××
အင်အား×××ပြိုင်ပွဲ×××
အိုလံပစ်ကို×××ဆင်နွှဲ
သည်××× ဟစ်ပိုဒေမီယာ
×××လုံမငယ် ဖေါ်အုနက်ကို
×××ပီလောနဲ့ အိုအိနိုးမားစ်
လုလင်×××အချစ်ချင်း×××
တူကြရာဝယ်×××ယောကျ်ား
ကောင်း ဖွဲ့သတ္တိပြ×××ယှဉ်
ပြိုင်×××ပွဲစတယ်×××*

ကျွန်တော် နည်းနည်းဖြုံသွားတယ်။ ဒီအဖွဲ့မှာ သီချင်းဆိုလှေ့ မရှိတာ သုံးယောက်ရှိပါတယ်။ ကျော်ကြီးရယ်၊ စိုးဝင့်(ဝက်လက်)ရယ်၊ အခုဆိုနေတဲ့ ခင်မောင်အေး(စီးပွားရေးတက္ကသိုလ်)ရယ်။ သူတို့ကို ဂီတဝါသနာမပါသူ သို့မဟုတ် သီချင်းမကြိုက်သူ သို့မဟုတ် သီချင်းမဆိုတတ်ကြသူများလို့ အားလုံးက ထင်ထားကြတာပါ။ အခု ခင်မောင်အေး(စီးပွားရေးတက္ကသိုလ်)က သီချင်းတစ်ပုဒ် ကောက်ဆိုလိုက်တော့၊ ဆိုတာတောင်မှ ကျကျနန သပ်သပ်ရပ်ရပ် ဆိုပြလိုက်တာဆိုတော့ အားလုံးမျက်ခုံးတွေ ပင့်ကုန်ကြတဲ့အထိပဲ။ မျက်ခုံးပင့်တဲ့အခြေအနေထက် ပိုသွားတဲ့ အခြေအနေတစ်ခုကတော့ ဒုတိယအပိုဒ်အပြီးမှာပါ။

*ရှေး×××ခေတ်×××
ရှေးခေတ်အခါဝယ်×××သေ
နင်ဗျူဟာ×××အတတ်သင်
ရာဝယ်×××ခပ်ကြမ်းကြမ်း
×××အင်အားစမ်းကြတယ်
×××ဂရိတ်လူမျိုးတို့×××
ကျင်ကျင်လည်လည်×××
ခေါ်မလူမျိုးတို့×××ကျင်
ကျင်လည်လည်×××စစ်
မြင်းလေးကောင်×××ကလို့
သာကွယ်×××ရထား×××
ပြိုင်ပွဲ××× ကျင်းပတယ်×××*

'ဟာ ဟော့ ဟော့ ဟော့လူ ကိုခင်မောင်အေး ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ'

သီချင်းက မဆုံးသေးဘူး။ ဒုတိယအပိုဒ်ပဲ ပြီးသေးတယ်။ မိုက်ကို ဆုပ်ကိုင်ရင်း နောက်ဘက်ကို တအိအိ

www.burmeseclassic.com

လဲကျလာတဲ့သူ့ကို ကျွန်တော် ဆီးပွေ့လိုက်တယ်။ တက်များတက်သွားတာလား။ ကြည့်လိုက်တော့ သတိလစ်နေပြီ။ ဘာကြောင့် သတိလစ်သွားရတာလဲ။ ခြေမလက်မချိုးသူကချိုး၊ မျက်နှာကို ရေနဲ့တောက်သူကတောက်၊ ရင်ဘတ်ဖိသူကဖိ လုပ်ကြပေမဲ့ သူကတော့ သတိလည်မလာတော့ပါဘူး။ အဖြစ်အပျက်က မြန်ဆန်လွန်းလှတယ်။ အားလုံး မှင်တက်မိလို့။

'ဖုန်းဆက် ဖုန်းဆက်၊ ကားခေါ် ကားခေါ်၊ ဆေးရုံကို အမြန်ဆုံးပို့မှ ဖြစ်မယ်'

❑

အားလုံး မှင်တက်မိလို့။ အဖြစ်အပျက်က မြန်ဆန်လွန်းလှတယ်။ သူကတော့ သတိလည်မလာတော့ပါဘူး။ သူ ဆုံးပြီတဲ့။ သူ့မှာ နှလုံးသွေးကြောကျဉ်းနေတယ်တဲ့။ နှလုံးသွေးကြောကျဉ်းတာပဲ သီချင်းဆိုတာနဲ့ ဘာဆိုင်လို့လဲ။

'ဒါမျိုးက ရုတ်တရက် ဝမ်းသာတာမျိုး၊ ရုတ်တရက် ဝမ်းနည်းတာမျိုးတွေမှာ ဖြစ်တတ်တယ်'

ဒါကတော့ ကြားဖူးနေကျပါ။ အခုဟာက ဝမ်းသာ၊ ဝမ်းနည်းဖြစ်ရတဲ့ ကိစ္စမှ မဟုတ်တာ။ သီချင်းဆိုတာပဲ။

'သိပ်စိတ်လှုပ်ရှားရင်လည်း ဖြစ်တတ်တယ်'

စိတ်လှုပ်ရှားရင်၊ ဟုတ်တာပေါ့။ သီချင်းဆိုရင် စိတ်တွေလှုပ်ရှားတတ်တာပဲ။ အဲဒါနဲ့ပဲ သူ့ကို သီချင်းကသတ်သွားသတဲ့လား။ သူကရော သီချင်းတစ်ပုဒ်ဆိုရုံနဲ့ ဒီလောက်အထိ စိတ်လှုပ်ရှားသွားရသလား။ ကျွန်တော့်အထင် သူဟာ သီချင်းမဆိုဖူးတဲ့လူတစ်ယောက်အနေနဲ့ ဒီလောက်အထိ စိတ်လှုပ်ရှားသွားတယ်ထင်ပါရဲ့။ သီချင်းမဆိုဖူးသူရဲ့ ပထမဆုံး သီဆိုခြင်း အတွေ့အကြုံ သူ့ရင်တွေခုန်နေလိမ့်မယ် ထင်တယ်။ ရင်ခုန်သံအသစ်က ဒဏ်ရာနဲ့နှလုံးသားကို ရပ်တန့်သွားစေခဲ့တယ် ထင်တယ်။

❑

ကျွန်တော့်အထင်ဟာ ရာနှုန်းပြည့် မမှန်ပါဘူး။ တကယ့် အမှန်တရားစစ်စစ်ဟာ ရင်နင့်ကြေကွဲစရာ အတိနဲ့ အနုပညာဆန်လွန်းလှပါတယ်။ နောက်ကျမှ ကျွန်တော် သိလိုက်ရတာဟာ သူ ခင်မောင်အေး(စီးပွားရေးတက္ကသိုလ်) ဆိုတဲ့ သူဟာ တစ်ချိန်က၊ အိမ်ထောင်မကျခင် ဟိုယခင်အခါက မြို့မတီးဝိုင်းမှာ အဆိုတော်တဲ့။ မန်နေဂျာလည်း လုပ်ခဲ့တယ်တဲ့။ ပွဲတိုင်းပွဲတိုင်းမှာ သူ အမြဲ[...] တဲ့ သီချင်းက 'အိုလံပ[...]' တဲ့။

ဂီတနက်သန် ကိုအေ[...] ညိန်းကတော့ အရင်ဦးဆုံး [...] ပွင့်လာတဲ့ အချစ်စိတ် ပွ[...] ကလေး ဖွင့်မပြောလိုက်ရ[...] ရင်ထဲမှာပဲ ကြွေလွင့်[...] သုဉ်းသွားတဲ့အတွက် နော[...] တစ်ကြိမ်ပြန်လည်ဆုံ[...] ခွင့်ရတဲ့အခါ အကြွေ[...] မပန်ဆင်စေရက်ဘူးတဲ့[...] သူကတော့ အနှစ်လေးဆ[...] လောက် ကွဲကွာနေခဲ့ရ[...] ချစ်သူ အနုပညာပွင့်ဦး[...] လေးကို နောက်တစ်ကြိမ် [...] လည်ဆုံတွေ့ခွင့်ရလိုက်[...] အခါမှာတော့ သူ့ရင်[...] အရမ်းခုန်သွားခဲ့တယ် ထ[...] တယ်။

■

လှမိုးသစ်၊ကျောက်ဆည်[...]


## အိမ်ထောင်ရှင်မများ ခေတ်ကိုအမီလိုက်ပါ

- ခေတ်တွေပြောင်းနေပြီ အိမ်ထဲမှာနေပြီးအချိန်ကုန်မနေပါနဲ့
- မိမိခင်ပွန်းဘယ်သူနဲ့တွဲနေလဲ၊ ဘာတွေလုပ်နေလဲ၊ သူ့ဖုန်းထဲမသင်္ကာစရာဘာရှိလဲ
- မိမိခင်ပွန်း သူ့ဖုန်းကိုမိမိကိုင်မှာဖွင့်ကြည့်မှာစိုးရိမ်နေပါသလား
- မိမိအပေါ်အေးစက်စက်ဖြစ်လာပြီးဂရုစိုက်မှုများလျော့ပါးလာပါသလား
- အလုပ်ခွင်အကြောင်းပြပြီးအပြင်မှာနေချိန်ပိုများကာအိမ်မကပ်ပဲဖြစ်နေပါသလား

**ဆရာမ ထက်နွေးစန္ဒီ** LL.B, LL.M, DBL, DML

**အမျိုးသမီးသီးသန့် လက္ခဏာဗေဒင်ဟောခန်း**

တိုက်-၄၀၊ G-2 ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။

Ph : 09 5164326 , 09 43094806




www.burmeseclassic.com

www.burmeseclassic.com

ဘာလို့ သူက ဒီလောက် အကျင့်ယုတ်နေတာကြီးကို ကူပြီး
ဖုက်ပေးနေရသလဲမေးလာရင် အများမေတ္တာစူးပြီး သေတော့မယ့် မသာကြီးကို
ကူဖုက်ပေးနေတာ စေတနာရှိလို့ မဟုတ်ဘူး။ သင်း... လူယုတ်မာကြီးမှန်း
သိရက်တည်းက အကုသိုလ်စိတ်တွေကို ... ရတာ
ရှင်းရှင်းပြောရရင် သူ့သွေးဆိုးသွေးညစ်...
ဒီမြေပေါ်မှာ ပေကျံကျ...

# ဖြန်းရင်း ဆွေးဆိုးသူ

သူ့တိုက်က မြို့ရှောင်လမ်းပေါ်မှာ ရှိတယ်၊ သူကိုယ်သူ စီးပွားရေးအမြင်ကျယ်လှတယ်ဆိုပြီး မြို့ရှောင်လမ်း (အမြန်လမ်းမကြီး)လာတော့မယ် အသံကြားတာနဲ့ မြေစာရင်းပြေးကပ်၊ လမ်းမကြီးနဲ့လွတ်မယ့် မြေကွက်ဆယ်ကွက်လောက် ပေါ်ချောင်ကောင်း ဝယ်ထားလိုက်တယ်။ မြေကွက် တစ်ကွက်ပေါ်မှာတော့ "အင်း"လိုလို "မိုတယ်"လိုလို တည်းခိုခန်း အသေးစားလေးတစ်လုံး ဆောက်ထားလိုက်တယ်လေ။ အခုတော့ အဲဒီစီမံကိန်းက ပြောင်းသလား ပျက်သလား မသိ။ သူ့မှာသာ လူမနီး သူမနီး တိုက်တစ်လုံး အဖတ်တင် ကျန်ခဲ့တာပေါ့။ သူ့တိုက်ကို အပြင်ကကြည့်ရင်တော့ တစ်ထပ်တည်းပဲ။ အတွင်းဝင်လိုက်မှ ဖွဲ့စည်းပုံက နှစ်ထပ်၊ အထက်အောက်တွေမှာ နှစ်ယောက်ခန်း၊

တစ်ယောက်ခန်းလေးတွေ အဆင်ပြေအောင် ထည့်ထားတယ်။ ဘယ်လောက် ဉာဏ်ပြေးပြေး ကံမပေးတော့လည်း လွင်တီးခေါင်မှာ ငုတ်တုတ်။ မြောက်ဘက်ဆက်သွားရင် တောင်လက်မောင်းအခြေလေး နားမှာရှိတဲ့ မြို့ရဲ့ဘာသာပေါ်... သချိုင်း... ... တောင်ဘက်ဆက်သွားရ... ဘုရားပျက်တွေ၊ ရေပ်ပျက်တွေရှိတဲ့ မြို့ဟောင်းကုန်းကြီးထဲ ရောက်သွားမယ်။ နောက်တွေမှာ ချစ်ချစ်တောက် နေပူအောက်က တံလျှပ်တွေ ထနေတဲ့ ကန္တာရ၊ ညဘက်တွေမှာ မည်းမည်းမှောင် ကောင်းကင်အောက်က သင်းကွဲတစ္ဆေတစ်ကော... ငုတ်တုတ်ထိုင်နေသလို ပုံစံနဲ့ ကန္တာရ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို နေရာက အဆောက်အဦ အတွက် အစောင့်ရှာရတာကလည်း တစ်ဒုက္ခ၊ ပထမတစ်ယောက်က အသက်ကြီးကြီး စိပ်ပုတီးနဲ့ပါပဲ။ ဒါပေမဲ့ ကံငါးပါးမှာ ဘယ်ကံတွေ ကျိုးပေါက်နေသလဲမသိ၊ သုံးလ လောက်ပဲ ခံတယ်။ သားသမီးတွေက ပြန်ခေါ်လို့ ဆိုသလိုလို၊ တရားရိပ်သာ ဝင်တော့မယ် ဆိုသလိုလို ထွက်သွားတယ်။ နောက်တစ်ယောက်ကတော့ စစ်ထွက်တဲ့။ 'ကျွန်တော် မကြောက်ဘူး၊ ဒါပေမဲ့ ညနေပိုင်းတော့ အရက်သောက်တတ်တယ်ဗျ၊ ကြိုပြောထားတာ' ဆိုပြီး ဝင်လာပြန်ရော။ အိုကေ လုံခြုံရေးနည်းနာ နိဿယတွေ နားလည်တဲ့သူ ဆိုတော့ အားကိုးအားထား ရပြီဆိုပြီး ကျေကျေနပ်နပ် ခန့်လိုက်ပါတယ်။ 'အားပါး' သောက်လိုက်တဲ့အရက်၊ မိုးမလင်းဘူး ဆိုတဲ့အတိုင်းပါပဲ။ ရောက်ခါစ တစ်ပတ်လောက်တော့ မနက်ပိုင်း ပေါက်တူး ပေါက်ပြားလေးကိုင်ပြီး စိုက်ပျိုးရေးလေး လုပ်လိုက်သေးတယ်။ ညနေပိုင်း ၅ နာရီ ကျော်လောက်မှ ပုလင်းဖွင့်ပြီး စိမ်ပြေနပြေ တွယ်တာဆိုတော့ သူ့စည်းကမ်းလေးနဲ့သူ မဆိုးဘူးဟဲ့ အောက်မေ့မိတယ်။ ဘာကြာလိုက်လို့လည်း လမကုန်ဘူး။ မနက်ရေ ညရေဆက်ပြီး ဒေါင်ချာစိုင်းနေလေရဲ့။ 'ခင်ဗျားဗျာ၊ ဒီလောက်ကြီး သောက်နေလို့ကတော့ ဘာအားကိုးရမှာလဲ' လို့ မေးတော့လည်း 'မြေကြမ်းတယ် ဆရာရေ့၊ ကျွန်တော်လည်း မနေရဲတော့ ဖိသောက်ဖြစ်တာပေါ့' လို့ ဖြေတယ်။ ကြောက်လို့ သောက်တာလား၊ သောက်ချင်လို့ ကြောက်တာလား မသိတော့ပါဘူး။

သူ့နောက် တိုင်ပင်ဖော်ရအောင် နှစ်ယောက်တွဲတစ်တွဲ စမ်းခန့်လိုက်တယ်။ သူတို့လေးတွေကတော့ အရာရာစူးစမ်းချင်တဲ့ အရွယ်လေးတွေဆိုတော့ 'နာနာဘာဝဆိုတာ ရှိချင်ရှိမယ်၊ ရှိချင်မှလည်း ရှိမယ်။ အဲဒီတော့ တွေ့ရမြင်ရတယ်ဆိုလည်း အတွေ့အကြုံသစ်တစ်ခု ရမှာ သေချာတယ်' ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဝင်လာကြတာဆိုတော့ 'အေး ဟုတ်တယ်ကွ၊ ငါလည်း မြင်ဖူးချင်စမ်းတယ်' ဆိုပြီး အားပေးရတယ်။

သင်းတို့ကတော့ တစ်မျိုး၊ တစ်လလောက်လုပ်ပြီးမှ 'တစ္ဆေလည်း မခြောက်ဘူး၊ ပျင်းတယ်' ဆိုပြီး ထွက်သွားကြပြန်ရော။ ခြောက်တော့လည်း ခြောက်လို့တဲ့၊ မခြောက်တော့လည်း ပျင်းလို့တဲ့။ တော်တော်တော့ စိတ်ပျက်စရာ ကောင်းနေပြီ။ အဲဒီတုန်းမှာ အခုအိမ်ငှားတွေကို ရလိုက်တာပဲ။ အိမ်လခ တစ်သိန်းပေးမယ်၊ လူငါးယောက်ပါမယ်။ လူငါးယောက်က အဘိုးကြီးတစ်ယောက်၊ ထမင်းချက်မိန်းမကြီးတစ်ယောက်၊ ဘဏ္ဍာစိုးတစ်ယောက်၊ ဒရိုင်ဘာတစ်ယောက်နဲ့ အထွေထွေတစ်ယောက် ပေါင်းငါးယောက်တဲ့။

❑

အစကတော့ တည်းခိုခန်းလေး ရည်ရွယ်ထားတာဆိုတော့ လူငှားထားဖို့ စိတ်ကူး မရှိဘူး။ အခုတော့ စီမံကိန်းကြီးကလည်း မရေရာ၊ အစောင့်ရှာရတဲ့ဒုက္ခကလည်း မသက်သာတာမို့ ငွေရေးကြေးရေးလည်း ပြောမနေချင်တော့ဘူး။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ရတာပဲ တော်လှပြီ အောက်မေ့မိတော့တယ်။ အိမ်ငှားတွေဘက်ကလည်း ငွေရေးကြေးရေးကို သိပ်တွက်နေပုံ မရပါဘူး။ တစ်နှစ်စာ(ဆယ့်နှစ်သိန်း)ပုံပေးပြီး စာချုပ်ချင်သတဲ့။ အဲဒီလောက်တော့ သူကိုယ်တိုင်ကမရဲ၊ မနည်းကြီးရှင်းပြပြီး ခြောက်လစီပဲ သွားပါရစေ တောင်းပန်ရတယ်။ ဒီလို ငွေကြေးမမှုတဲ့သူတွေက ဘာကြောင့် အိမ်ငှားနေရတာလဲ။ ဒါလည်း စဉ်းစားစရာပဲ။ တဖြည်းဖြည်းတော့ မေးမြန်းစုံစမ်း အဖြေရှာရမှာပဲ။

အိမ်ငှားတွေကို အိမ်ပေါ်တင်ပြီးမှ စဉ်းစားမိတိုင်း သူ့စိတ်ထဲမှာ အစာမကြေ ဖြစ်မိတာတွေ အများကြီး ရှိလာတယ်။ ပထမဆုံးအချက်က သူတို့ဆရာကြီးဆိုတာကို မမြင်ဖူးလိုက်တာပဲ။ ညကြီးပြောင်းလာကြပြီး အပေါ်ထပ်က အခန်းတစ်ခန်းထဲ ထည့်ထားလိုက်တာ။ ကိစ္စရှိလို့ သွားတိုင်း သူတို့နဲ့ပဲ စကားပြောပြီး ပြန်ခဲ့ရတာ။ အခုချိန်ထိ ဖြူသလား၊ မည်းသလား မသိ။ ဒါပေမဲ့ အဘိုးကြီးအခန်းက ဘဲလ်သံကြားလို့ကတော့ အားလုံး ပျာထွက်သွားကြတာပဲ။ နှစ်ယောက်မရှိအောင် ကြောက်ကြတာ၊ ရှိသေကြတာကတော့ သိသာတယ်။

တစ်နေ့တော့ ဘဏ္ဍာ
ရယ်၊ ထမင်းချက်မိန်းမ
ရယ်၊ ကားသမားရယ် သူ
ကားလေးနဲ့ ဈေးဝယ်ထွ
ကြတုန်း လမ်းကြုံလို့ လို
သလိုလိုနဲ့ သူ့အိမ်ရှေ့ကထွ
ပြီး ဈေးဘက်လိုက်သွ
တယ်။ 'အိမ်ရှင်က
သည်ကို ညွှေ့ဝတ်ပြုပါရ
လို့ စကားအလကားတွေ
ပြီး မုန့်တီသုပ်၊ ခေါက်
သုပ်၊ ကော်ဖီ၊ လက်ဖက်
တွေနဲ့ ကျွေးမွေးရင်း ဘဏ္ဍာ
စိုးဆီက စကားချုကြ
တယ်။ 'အမိကကတော
မောင်နှမသားချင်းတွေ
မတည့်တာဆရာ။ ကျွန်တော်
တို့ အစ်ကိုကြီးကလည်
အတူနေရတာ စိတ်ဆင်း
စိတ်ကုန်နေတုန်း မိန်းမလည်
ဆုံးရော ထွက်လာခဲ့တာ
သင်းတို့နဲ့ ခပ်ဝေးဝေး နေ
ကောင်းကောင်းရှာပြီ
အဆောက်အဦဆောက်မယ်
အဲဒါတွေ အကောင်အထည်
မပေါ်ခင် ဆရာ့ဆီမှာ တစ်
တစ်ဝါနေမယ့်သဘောပါပဲ'
ပြောတယ်။ ဘဏ္ဍာစိုး
သူသိချင်တာတွေကို တို
တုတ်တုတ်နဲ့ အကုန်ပါအော
ရှင်းပြသွားလို့ သူ ကျေ
သွားတယ်။ ဒါပေမဲ့ 'ဒီ
ပြေးလာလို့ကော အဲဒီသား
ချင်းတွေက ငြိမ်သွားကြမှာ
လား' ဆိုတဲ့ အတွေးက ရင်ထဲ
လာငြိနေတယ်။ ဒါကိုလည်း
အကင်းပါးတဲ့ ဘဏ္ဍာစိုးကြီး
က အကဲခတ်မိပုံရတယ်
'မိဘအမွေ ခွဲကြရာမှာ အ
ကိုကြီးက သူတို့ရပိုင်ခွင့်
ပါ လက်ဝါးကြီးအုပ်
တယ်ဆိုပြီး မကျေနပ်ကြ



www.burmeseclassic.com

www.burmeseclassic.com

...။ ပြီးတာတော့ ဘယ်ပြီး ...မှာလဲ။ အမွေဆိုတဲ့အတိုင်း ...ဦးမှာပေါ့ ဆရာရယ်’လို့ ...ရှင်းပြတယ်။ အဲဒီရှင်းပြ ... ကြားရမှ ခေါင်းထဲပိုရှုပ် ...တော့တယ်။ ‘သူ့သား ...တွေက ဘယ်လိုပုံစံနဲ့ မွေ ...မှာလဲ၊ တရားရုံးကလား၊ ...မှမဟုတ် ကိုယ်ထိလက် ...တ်လား’။ တရားရုံးကဆို ...လည်း လပေါင်းနှစ်ပေါင်း ...မှာ ငွေထောင်း စိတ်ကြေ ... ဖြစ်ကြဦးမယ်။ ကိုယ် ...လက်ရောက် စိတ်မထိန်း ...င်လို့ ကျူးလွန်မိကြရင် ...ည်း စိတ်ထောင်းငွေကြေ ...ပဲ။ နောက်ဆုံးတော့ အိုနာ ...တောင် ကျန်ချင်မှ ကျန် ...ယ့်ကိန်းပေါ့။

သူ ပူပန်မိတဲ့အတိုင်းပါ ...။ ဟိုဘက်က ဇာတ်လမ်း ...လာတယ်။ အခု သူ့တိုက် ...ါမှာ ရောက်နေတဲ့ လူကြီး ...ညီလို့ ပြောတာပဲ။ ‘အစ်ကို ကြီးနဲ့ စကားပြောချင်လို့ပါ၊ ပြဿနာတစ်ခုကို ဒီလို ခေါင်းရှောင်နေလို့ ရတာမှ မဟုတ်တာ။ ဖြစ်သင့်ဖြစ် ထိုက်တာကို ဘယ်လိုဖြေရှင်း ကြမလဲ၊ သိချင်လို့ပါ’တဲ့။ အဲဒီအခြေအနေမှာ ဘဏ္ဍာစိုး က လျှင်တယ်။ သူ့အခန်းထဲ က အပြေးအလွှား ထွက်လာ ပြီး ရင်ဆိုင်တယ်။

‘ငါ့ညီတို့ ငွေရေးကြေး ရေးကိစ္စကြီးကို စကားပြော သင့်ပါတယ်။ အစ်ကိုတို့က သူ့ဝန်ထမ်းပဲ။ ဒီကိစ္စမှာ ဘာ မှ ဝင်ရောက်စွက်ဖက်ခွင့် မရှိ ပါဘူး။ အခုဟာက ငါ့ညီတို့ အစ်ကိုကြီး ဒီမှာမရှိတာ တကယ်ပါကွာ။ စင်ကာပူကို ဆေးကုဖို့ ထွက်သွားပြီ။ သူ့ ရောဂါအခြေအနေလည်း ငါ့ညီတို့ သိသားပဲ။ အဲဒါ ကြောင့်ပါကွာ၊ အစ်ကို မလိမ် ပါဘူး’

‘ဟုတ်ပါပြီ၊ ခင်ဗျား ပြောသလို အစ်ကိုကြီး ဆေး သွားကုနေတယ်ဆိုတာကို ကျွန်တော် ယုံလိုက်ပါ့မယ်။ ဒါပေမဲ့ဗျာ၊ ပြန်ရောက်ရင် တော့ ဟောဒီ ဖုန်းနံပါတ် အတိုင်း အသိပေးပါဦး’

အစ်ကိုကြီးရဲ့ ညီဆိုသူ ကလည်း ဘဏ္ဍာစိုးကြီး လေ သံအတိုင်းပဲ ခပ်ညက်ညက် ပြောပြီး ပြန်တယ်။ ကျေနပ် တာ မကျေနပ်တာတစ်ပိုင်း၊ ဒီပွဲကို ဒီလိုဖြတ်ပြီး နောက်ပွဲ အတွက် ခြေလှမ်းပြင်ထားမှာ တော့ သေချာတယ်။ သူက လည်း မယုံပါဘူး။ တကယ် ဆိုရင် အတွေ့တွေ့ကောင်လေး ဖြစ်ဖြစ် ပါသွားသင့်တာပေါ့။ အခုတော့ အစ်ကိုကြီးတစ် ယောက်တည်း ခရီးဝေးသွား တယ်ဆိုတာ ယုတ္တိမရှိပါဘူး။

အခြေအနေက သူတို့ တွက်သလို အပျော့ဆွဲ ဆွဲ ထားလို့ရမယ့်ပုံ မရှိပေ။ နည်း ဗျူဟာ ဘယ်လိုပြောင်းရမလဲ စဉ်းစားနေချိန်မှာပဲ သူတို့ ဒရိုင်ဘာက အက်ဆီးဒင့် တစ်ခုဖြစ်ပြီး ဆေးရုံပေါ် ရောက်သွားတယ်။ ဒီတော့ ဒရိုင်ဘာ ရှာပေးပါဦးလို့ အကူအညီတောင်းလာတယ်။ ဒါဟာ သူ့အတွက် အကွက် ဝင်လာတာမို့ ကျေကျေနပ်နပ် နဲ့ လှိုက်လှိုက်လှဲလှဲ ကူညီ လိုက်ပါတယ်။

သူ့အနေနဲ့ ကိုယ့်တိုက် ပေါ် ရောက်နေတဲ့ လူတွေ ကြောင်း ဒီထက် သိချင် တယ်။ အထူးသဖြင့် အဘိုး ကြီးရဲ့ ဇာတ်ရှုပ်တွေကြောင့် ဘယ်လောက်အထိ နစ်နာနေ ကြသလဲ။ ဘယ်လောက် အထိ နာကြည်းစရာတွေ ဖြစ် နေကြသလဲ။ ဒါတွေသိမှ သူ လည်း ဆုံးဖြတ်စရာရှိတာ ပြတ်ပြတ်သားသား ဆုံးဖြတ် ရမှာကြောင့် သူတို့အကြောင်း ထဲထဲဝင်ဝင် သိချင်နေတုန်း ဒရိုင်ဘာရှာခိုင်းတော့ ကိုယ့် လူယုံတစ်ယောက် ထည့်ပေး လိုက်တော့တယ်။

❑

တည်းခိုခန်းကနေ မြို့ ထဲ သွားရင်လာရင်ကတော့ သူ့အိမ်ရှေ့က လမ်းမကြီးကို သုံးရတာကြောင့် ဘယ်သူ သွားတယ်၊ လာတယ် မြင် နေရတယ်။ အကွာအဝေး အနေနဲ့ တစ်မိုင်ပျော့ပျော့ လောက် ဆိုပါတော့။ တစ်ည နေ နေဝင်စအချိန်မှာ ကလိမ် စေ့ရောင် ဗင်ကားတစ်စီး တည်းခိုခန်းဘက်ကို သွား တာ တွေ့ရတယ်။ ဆယ့်ငါး မိနစ်လောက်ကြာတော့ ကား လေးက သူ့အိမ်ရှေ့မှာ ထိုးရပ် လာတယ်။ သူက တိုက်ရှေ့ လမ်းကလေးပေါ်မှာ ခေါက် တုံ့ခေါက်ပြန် လမ်းလျှောက် နေဆဲမို့ ကားရပ်သံကြားတဲ့ နေရာကို လှည့်အကြည့်မှာ ကားနောက်ခန်းက ကားမှန် လေး လျှောကျပွင့်သွားပြီး သဲသဲကွဲကွဲ မမြင်ရတဲ့ လူ တစ်ယောက်က ‘ဟေ့လူ၊ အဆိပ်ပင် ရေလောင်းလုပ်မ နေနဲ့ ခပ်ဝေးဝေးနေ’လို့ အမိန့် တွေပေးပြီး ကားကို ဆက်

မောင်းသွားကြတယ်။ တစ် ဖက်ကတော့ တော်တော်နာ ကြည်းနေကြပုံပဲ။ အပြတ်ရှင်း ကြတော့မယ့် အနေအထား တွေ ပြနေကြပြီ။ ဒီလူကြီးကို တိုက်ပေါ်တင်ထားတာကအစ လုံးဝကျေနပ်ပုံ မရဘူး။

ဒီလူတွေ အငြိုးအတေး ကြီးမယ်ဆိုလည်း ကြီးလောက် ပါပေတယ်။ သူ့ဒရိုင်ဘာက သတင်းပြန်ပို့တဲ့အထဲမှာ အဲဒီ လူကြီးရဲ့ ညစ်ပတ်စုတ်ပဲ့တာ တွေ အကုန်ပါတယ်။

‘အဘိုးကြီးအခန်း ၁ ထဲမှာရှိတယ်။ ဘဏ္ဍာစိုးနဲ့ ဒရိုင်ဘာ၊ အထွေထွေဝန်ထမ်း တွေဟာ အဘိုးကြီးဝန်ထမ်း ဘဝက အယုံကြည်ရဆုံး ငယ်မွေးခြံပေါက်တွေဖြစ် ပြီး မီးဖိုချောင်တာဝန်ခံ အမျိုး သမီးကြီးကတော့ သူ့ရဲ့ ဝမ်း ကွဲနှမတစ်ယောက်ပဲ။ ပြဿ နာဖြစ်ကြရတာကလည်း အဘိုးကြီး စနက်တွေကြောင့် ပေါ့။ သူ့သားသမီးတွေကို လုံးဝ မဆုံးမနိုင်ဘူး။ သင်း တို့ အတ္တကြီးကြီး၊ လောဘ ကြီးကြီး လျှောက်လုပ်သမျှ ငုတ်တုတ်ခံနေတယ်။ ဘာမှ ဆင်ခြင်တုံတရားမရှိ၊ မိဘ မျက်နှာ ထောက်ထားမှုမရှိ၊ ထင်တိုင်းကြဲနေကြတာကို မဟန့်တားနိုင်ဘူး။ အိမ်လုပ် ငန်းကို စိတ်ဝင်စားမှုမရှိ၊ စီမံ ကွပ်ကဲနိုင်မှုမရှိ။ ကြာတော့ ရှိတဲ့မြေကွက်တွေကို တဖြည်း ဖြည်းဖဲ့ပြီး လက်ညှိုးထိုး ရောင်းစားရတဲ့အခြေ ရောက် ခဲ့တယ်။ ဘိုးဘွားစဉ်ဆက် စောင့်ရှောက်ခဲ့တဲ့ မျိုးကောင်း သရက်ခြံကြီးကိုလည်း အိုး ရောင်းခွက်ရောင်း အောက် ဈေးနဲ့ ရောင်းပစ်တယ်။ ဒါ

www.burmeseclassic.com

တွေကို တတ်နိုင်သမျှ သည်းခံခဲ့ကြသေးတယ်။ နောက်ဆုံး ရွှေငွေကျောက်မျက်ရတနာ အပြည့်ပါတဲ့ မိဘအမွေ ရွှေကွမ်းအစ်ကြီး သုံးလုံးရှိတာမှာ တစ်လုံးပဲ ရှိတယ်လို့ ပြောလာပြီး နှစ်လုံးကို ဖြောင်ပစ်တယ်။ အဲဒီတစ်လုံးကို ညီအစ်ကိုမောင်နှမတွေ တစ်ယောက်စီမစို့မပို့ ခွဲဝေပေးတာကအစပေါက်ကွဲကုန်တာပဲ'ဆိုပြီး သူမေးမြန်းစုံစမ်းရသမျှ ပြန်ပြီး အစီရင်ခံတယ်။

အဲဒီစာဖတ်ရပြီး သိပ်မကြာဘူး၊ သူ့တည်းခိုခန်းကို အဘိုးကြီးရဲ့ ညီတွေ၊ နှမတွေ အားလုံးပေါင်း ငါးယောက်ရောက်လာကြတယ်။ သူ့အိမ်ကို အရင်ဝင်လာကြတော့ 'လိုအပ်ရင် အခန်းစေ့ ဝင်ရှာကြမှာမို့ ပိုင်ရှင်ကိုယ်တိုင်လိုက်ခဲ့ပါ'လို့ ခေါ်တာနဲ့ ပါလာခဲ့တာပဲ။ တည်းခိုခန်းရောက်တော့ ဘဏ္ဍာစိုးမှာလည်း မျက်နှာငယ်နဲ့ ဖြစ်နေပြီ။ လူအုပ်ကြီးကို လန့်တာလည်း ပါမှာပေါ့။ တစ်ခါကနှစ်ခါယုံအောင်ပြောဖို့ ခက်လာတယ်လေ။ သင်း မွှေနေတာဆိုပြီး ဒေါသတွေက ဘဏ္ဍာစိုးအပေါ် ရောက်သွားနိုင်တယ်။ ဒါကြောင့် သူကပဲ အမိုက်ခံပြီး ခေါင်းဝင်ခံလိုက်တယ်။

'တကယ်မရှိတာပါ၊ သန်ဘက်ခါလောက်မှ ပြန်ရောက်ပါမယ်။ အဲဒီတော့ ကျွန်တော်ကိုယ်တိုင် လှမ်းအကြောင်းကြားပါ့မယ်'

သူ့စကားဆုံးတော့ ဘဏ္ဍာစိုးက မျက်လုံးပြူးကြီးနဲ့ သူ့ကို အလန့်တကြားကြည့်တယ်။ သူ့စကား လွန်သွားမှန်း သိလိုက်ပေမဲ့ နောက်ဆုတ်လို့ မရတော့ဘူး။ အဓိကကတော့ ဒီနေ့ ဒီနေရာမှာ သွေးထွက်သံယို မဖြစ်စေချင်ဘူး။

'ကောင်းပြီလေ၊ ဒီကအုံနာကြီး စကားတည်ပါစေ။ ကျွန်တော်တို့မှာလည်း အုံနဲ့ကျင်းနဲ့ အပေါင်းအသင်းနဲ့ နေတာဆိုတော့ ဒီမှာစောင့်ကြည့်နေတာကြာပြီ။ အခုလည်း အုံနာကြီးက သန်ဘက်ခါဆိုတော့ သုံးရက်နေရင် လာခဲ့ပါဆိုတဲ့ သဘောပေါ့။ ဒီတော့ အုံနာကြီးလည်း အကြောင်းကြားမနေပါနဲ့၊ ငါးရက်ပြည့်တဲ့နေ့ ကျွန်တော်တို့ သေချာပေါက် လာခဲ့ပါ့မယ်'

သူတို့ ပြန်သွားကြတော့ ဘဏ္ဍာစိုးကြီး မျက်နှာတွေ ပျက်ပြီး ခြေပစ်လက်ပစ် ဆက်တီပေါ် ထိုင်ချလိုက်တယ်။

'ကျွန်တော့်အခက်အခဲကို ဆရာဝင်ပြီး အကူအညီပေးလိုက်တာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲဆရာ'

စိတ်မောလူမော မေးလိုက်တဲ့ ဘဏ္ဍာစိုးရဲ့ မေးခွန်းကြောင့် သူပါ အနေရအထိုင်ရ ခက်သွားတယ်။ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ စကားပြတ်ကြဖို့တော့ လိုပြီ။

'ပြဿနာကတော့ တစ်နည်းနည်းနဲ့ ပြေလည်အောင် ဖြေရှင်းကြရမှာပဲ။ ဒါပေမဲ့ ခင်ဗျားတို့ ဆရာကြီးရဲ့ အနေအထားကရော ဘယ်လိုလဲ'

သူ့မေးခွန်းတွေကြောင့် ဘဏ္ဍာစိုးက စိတ်ကုန်တဲ့ မျက်နှာနဲ့ ခေါင်းကုတ်တယ်။

'ဆရာကြီးက သူတို့နဲ့ မျက်နှာချင်းဆိုင်ချင်ပုံ မရဘူး။ ပြေလည်အောင် ဖြေရှင်းချင်စိတ်လည်း ရှိပုံမပေါ်ဘူး။ မတရားတာကလည်း အမှန်ပဲဆရာ'

'ကောင်းပြီလေ၊ ဒါဆိုရင် ကျွန်တော်စီမံတဲ့အတိုင်း ခင်ဗျားတို့ လိုက်နာကြပါ'

❑

သူတို့ချိန်းသွားတဲ့ရက်မှာ သူတို့အားလုံးအပြင် သူတို့ရွာဘက်ကပါ ရွာလူကြီးတွေ၊ ဒီဘက်ရပ်ကွက်အပိုင်က လူကြီးတွေ စုံစုံလင်လင်နဲ့ ရောက်လာကြတယ်။ ဧည့်ခန်းမှာ အဘိုးကြီးကလွဲလို့ အားလုံး စုံစုံညီညီ ရောက်ကြပြီ။ သူလည်း ဣန္ဒြေမပျက် ဝင်ထိုင်လိုက်တယ်။ သူတို့ဘက်က ရွာလူကြီးတစ်ယောက်က စကားစတယ်။

'အားလုံး ပြေပြေလည်လည် ဖြစ်စေချင်လို့ လိုက်ခဲ့ကြတာပါ။ အကုန်လုံး တစ်မြေတည်းနေ တစ်ရေတည်းသောက်တွေပဲ။ နောက်မှသာ ကိုတောက်ထွန်း(အဘိုးကြီး)က မြို့ပြောင်းသွားလို့ တစ်ရေတည်း မသောက်ကြတော့တာကိုး။ ဘာပဲဖြစ်ဖြစ် သွေးက ရှိသေးတယ်။ ဒါကြောင့် အားလုံး စိတ်ချမ်းသာရအောင် စိတ်ကောင်းလေးတွေထားပြီး ပြောဆိုဆွေးနွေးကြပါ။ မျှမျှတတ ခွဲဝေယူကြပါလို့ ဘ,က ပဏာမစကား ပြောချင်ပါတယ်'

ရွာဘက်က အသက်ကြီးကြီးတစ်ယောက်က ပြောသွားပြီးနောက် သူ့ညီတစ်ယောက် ပြောပြန်တယ်။

'ကျွန်တော်က ကိုတောက်ထွန်းရဲ့ ညီနှ... ယောက်ထဲက အကြီးဝါ... ကိုတောက်ထွန်းက ပညာ... ရေးမှာလည်း အတော်အတ... သင်လိုက်ရတယ်။ မြို့ကို... ပြောင်းရွှေ့နေတာလည်း ကြာ... ပြီဆိုတော့ လူမှုရေးကြွယ်ဝ... တယ်။ ဒါကြောင့် ကျွန်တော်... တို့အဖေ မရှိကတည်းက... ဖခင်အရာထားပြီး လေးစား... ကြပါတယ်။ ဒါပေမဲ့ ... ထွက်မှ တောင်ပို့မှန်း သိ... သလို မြို့မှာနေ ဉာဏ်နီဉာဏ်... နက်တွေထုတ်၊ လက်ညှိုးထိုး... ရောင်းစားနေတာ သရက်... ကြီးလည်းကုန်၊ လယ်မြေယာ... မြေတွေလည်း ကုန်ပြီ... အကုန်လက်မဲ့ ဖြစ်သွားကြ... ညီငယ်တစ်ယောက်နဲ့ နှ... ငယ်တစ်ယောက်ဆိုရင် ... နေကြပါပြီ။ ဒါကြောင်... အတွင်းပစ္စည်း ကျန်တာလေး... ကိုတော့ အားလုံး မျှမျှတတ... ဖြစ်စေချင်ပါတယ်။ ဒါမှ... မဟုတ် တရားတပေါင် ဖြ... ကြရင်လည်း တရားသူကြီး... ရှေ့နေတွေ လုပ်ကျွေးသ... ဖြစ်မှာမို့ ပေရှည်တာကြီး၊ ဉ... တာရှည် အိပ်မက်များတာ... ကြီး လုပ်မနေကြဘဲ ... ပတ္တမြား၊ ရွှေနဂါး တစ်ထိုင်... တည်း ရှင်းပေးကြပါလို့... မေတ္တာရပ်ခံပါတယ်ခင်ဗျာ'

အဲဒီနောက် သူတို့ဘက်... က ပါလာတဲ့ အမျိုးသမီးနှ... ယောက်ထဲက ညိုးငယ်ငယ်... တော်တော်နွမ်းပါးဟန်ရှိတဲ့ တစ်ယောက်က ထပြော... တယ်။

'ကျွန်မဟာ မိသားစုထဲ... မှာ အငယ်ဆုံးပါ။ တော်တော်... များများ ကိစ္စတွေမှာ ... တွေ၊ အစ်မတွေ ... ဖြတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

တိုင်း နာခံခဲ့ရတာ များပါ
ယ်။ အထူးသဖြင့် အစ်ကို
ကိုတောက်ထွန်းက တစ်
လုပ်တော့မယ်ဆိုရင် မျှော်
ချက်လေး ပေးတတ်ပါ
ယ်။ ဥပမာ သရက်ခြံကြီး
င်းတော့မယ်ဆိုတော့ ငါ
တို့၊ ညီမတို့ကို ဒီပေါ်က
ငွေနဲ့ ကားတစ်စီးစီရယ်၊
ထဲမှာ တစ်ယောက်ကို
း ၁၀၀ စီလည်း ထည့်
းမယ် ပြောခဲ့တာပါ။
က်တော့လည်း ဟိုလိုလို၊
လိုနဲ့ ဘာမှ မရခဲ့ပါဘူး။
ကွက်တွေကိုလည်း အစိုး
ပဲ သိမ်းသလိုလိုနဲ့ ကျွန်မ
တစ်ပြားမှ မရခဲ့ပါဘူး။
နေစရာ မရှိတော့လို့ မိဘ
က်ငုတ် ထန်းတောထဲမှာ
ကလေးထိုးနေတာကိုလည်း
သားတွေက ဖယ်ပေးဖို့
ခြိမ်းခြောက်နေကြတယ်။
လို ဘဝပျက်ရုံမကဘဲ
တုတ်အသေခံရတော့မယ့်
နေအထားမို့ အားလုံးက
င်းဝန်းညှိနှိုင်းပေးကြဖို့
မ တောင်းပန်အပ်ပါ
ယ်ရှင့်'

သူလည်း နားထောင်
ရင်ထဲမှာ နင့်နင့်နဲ့နဲ့ ခံစား
တယ်။ ဒရိုင်ဘာပေးတဲ့
တင်းတွေ ဟာ ပိုပြီး
ချာသွားပြီပေါ့။ တစ်အူ
ဆင်းတွေအပေါ် ဒီလောက်
ဆန့်အောင် ကောက်ကျစ်
းလဲတဲ့ လူကြီးအပေါ်
ဗ္ဗာစိုး၊ စားဖိုမှူးနဲ့ အပါး
က်မြဲတွေက ဘာကြောင့်
ကာအကွယ် ပေးနေကြ
လဲ ဆိုတာလည်း သတင်း
မှာ ပါတယ်။ ငယ်မွေးခြံ
က် ဖြစ်တာကတစ်ကြောင်း၊
င်းတို့ကလည်း တော်တော်
များများ အမှုတွဲတွေမှာပါပြီး
မြှောက်စား ခြောက်စား လုပ်
ထားကြတာတစ်ကြောင်းမို့
အားလုံး အလိုတူ အလိုပါ
တွေ မထူးဇာတ်ခင်းနေကြ
တာလို့ ပြောတယ်။

စကားဝိုင်းကြီးတစ်ခု
လုံး ကြေကွဲစွာ တိတ်ဆိတ်
နေတုန်းမှာ…

'ကျုပ်တို့ဆရာကြီး ခင်
ဗျားတို့ အစ်ကိုကြီး မရှိတော့
ဘူး၊ စင်ကာပူမှာ ဆုံးသွားပြီ'
လို့ ဘဏ္ဍာစိုးကြီးအသံက
ချောက်ချားဖွယ် ထွက်ပေါ်
လာတယ်။ အားလုံးဟာ ဝုန်း
ခနဲ မတ်တတ်ရပ်လိုက်ကြပြီး
မျက်လုံးတွေ အားလုံးဟာ
လည်း သူ့အပေါ် စုပြုံကျ
လာတယ်။ 'အခု ဟိုလူကြီး
ပြောသွားတာ ဟုတ်သလား၊
အမှန်ပဲလား'ဆိုတဲ့ အဓိပ္ပာယ်
ပါပဲ။ သူကတော့ သူတို့
မျက်လုံးတွေကို ရှောင်ရှားပြီး
ဒရိုင်ဘာကို မသိမသာ
ကြည့်လိုက်မိတယ်။ ဒရိုင်ဘာ
ကလည်း အကင်းပါးစွာ
ခေါင်းလေးညိတ်တယ်ဆိုရုံ
လေး ညိတ်ပြတယ်။

'ဒီကိစ္စ မှန်သလား၊
မှားသလားဆိုတာ ကျွန်တော်
ကလည်း သူတို့ပြောတဲ့
သတင်းလောက်ပဲ သိရတာ
လေ။ ကျွန်တော်လည်း ဒီ
အဖြေကို မကျေနပ်ဘူး။ ဒီ
တော့ ကျွန်တော်တတ်နိုင်တာ
က အခုကြွလာကြတဲ့ ရပ်
ကွက်လူကြီးများနဲ့ ညီတွေ၊
နှမတွေအားလုံး အထက်ထပ်
အောက်ထပ်အခန်းစေ့ နေရာ
စုံ ဦးတောက်ထွန်းကို ရှာဖွေ
ကြပါ၊ ရှာဖွေကြဖို့ ကျွန်တော်
ခွင့်ပြုပါတယ်'

သူ့စကားဆုံးတာနဲ့ အား
လုံးတက်တက်ကြွကြွ စိတ်
ပါလက်ပါ လှုပ်ရှားကြ
တယ်။ ဒီအခွင့်ရေး ရချင်နေ
တာ ကြာပြီမို့ အထက်ထပ်၊
အောက်ထပ် တာဝန်တွေခွဲကြ
တယ်။ မျက်နှာကြက်ပေါ်
တက်ဖို့ပါ မကျန်စေရအောင်
တာဝန်တွေခွဲဝေပြီး တစ်ခန်း
ဝင် တစ်ခန်းထွက် စေ့စေ့စပ်
စပ် ရှာကြတယ်။

သူတို့ ဦးတောက်ထွန်း
ကို မတွေ့ကြဘူး။ မျက်နှာ
ကြက်နဲ့ အထက်ထပ် အောက်
ထပ်အနှံ့ ချေးပြန်အောင် ရှာ
ကြပေမယ့် လုံးဝ မတွေ့ကြ
ဘူး။ မကျေနပ်ကြဘူး
'တောက်'တခေါက်ခေါက်နဲ့
'နေနှင့်ဦးပေါ့ကွာ'အကြိမ်ကြိမ်
အခါခါ ရေရွတ်ရင်း ပြန်သွား
ကြတယ်။ ဟုတ်ပါတယ်။
သူတို့ရှာမတွေ့နိုင်တဲ့ နေရာ
ပေါ့။ ဒရိုင်ဘာကို သေချာ
ညွှန်ကြားပြီး ရွှေ့ထားလိုက်
တာပါ။ အဲဒီနေရာက ဘုရား
ခန်းအောက်က အခန်းဝှက်ထဲ
မှာပါ။ အခုလည်း အဲဒီအထဲ
မှာနေရတာ မကျေနပ်ရင်
ဖောက်ထွက်လိုက်လေ။
တောင်ဘက်ဖောက်ထွက်ရင်
လူသတ်ကုန်း(ရောင်စုံသူပုန်
ခေတ်တစ်လျှောက်လုံး မထင်
ရင် မထင်သလို လူတွေခေါ်
ခေါ်သတ်သွားတဲ့ နေရာ)
ရောက်သွားမယ်။ မြောက်
ဘက် ဖောက်ထွက်ရင် လူ
သေကုန်း(တစ်မြို့လုံးက လူ
သေတွေ မြှုပ်နှံရာ မီးသင်္ဂြိုဟ်
ရာ)ရောက်သွားမယ်။ နောက်
ဆုံး အောက်ဘက် ဖောက်
ထွက်သွားရင် အဝီစိရောက်
သွားမယ် ပြီးရော။

ဘာလို့ သူက ဒီ
လောက် အကျင့်ယုတ်နေတာ
ကြီးကို ကူပြီး ဝှက်ပေးနေရ
သလဲမေးလာရင် အများ
မေတ္တာစူးပြီး သေတော့မယ့်
မသာကြီးကို ကူဝှက်ပေးနေ
တာ စေတနာရှိလို့ မဟုတ်
ဘူး။ သင်းဟာ လူယုတ်မာ
ကြီးမှန်း သိရကတည်းက
အကုသိုလ်စိတ်တွေကို
မနည်း ချိုးနှိမ်နေရတာ။ ရှင်း
ရှင်းပြောရရင် သူ့ သွေးဆိုး
သွေးညစ်တွေ ဒီအဆောက်
အဦ ဒီမြေပေါ်မှာ ပေကျံကုန်
မှာစိုးလို့ ဒါပဲ။ ဟိုလူတွေက
လည်း တွေ့ရင် အသေဆော်
ကြမှာပဲ။ သူတို့လည်း မဖြစ်
စေချင်ဘူး။

နောက်မှ အခြေအနေ
ကြည့်လို့ ဒရိုင်ဘာနဲ့ တိုင်ပင်
ပြီး သင်းတို့ ခပ်ဝေးဝေး
ရောက်သွားအောင် စီစဉ်ရဦး
မယ်။ အခုတော့ ဘဏ္ဍာစိုးဆီ
က ပစ္စည်းစာရင်းနဲ့ ငွေ
စာရင်းတွေရအောင် တောင်း
မယ်။ အမှန်တကယ် နစ်နာ
နေတဲ့သူတွေ တတ်နိုင်သမျှ
အဆင်ပြေအောင် ဆောင်ရွက်
ပေးမယ်။ ဆေးစွဲနေတဲ့ ရှူး
ကြောင်မူးကြောင် ဦးတောက်
ထွန်းသားတွေ ဆိုတာကို
လည်း ထည့်မတွက်ပါဘူး။

အဲဒီတည်းခိုခန်းပိုင်
ရှင်(သူ)ဆိုတာက ဦးတောက်
ထွန်းရဲ့ မယားငယ်တစ်
ယောက်က မထင်မရှားမွေး
တဲ့သားလေ။ အခြေအနေပေး
ခိုက် အခုလို ကြံ့တုန်းဆုံတုန်း
သမိုင်းကြွေး ဝင်ဆပ်လိုက်
တာပေါ့။ ■

**မွန်းရေး**

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

ရွက်ဝါတဖြုတ်ဖြုတ် ကြွေစ
ရှေ့ဦးတစ်ညနေတွင် အရှိန်နှစ်အလလက
တမ်းတစွဲရသောအလွမ်းများ၏ မြစ်ဖျားခံရာသို့
ပြန်လည်ခြေချနိုင်ခဲ့လေပြီ။ တစ်ခါတစ်ရံ
ငိုချင်လောက်အောင် လွမ်းသော်လည်း
ထိုအလွမ်းကို ပြန်ခွင်းမရနိုင်သော
အခြေအနေမျိုးလည်း ကြုံဖူးပေလိမ့်မည်။
အလွမ်းသည် အလွမ်းသက်သက်သာဖြစ်၍
ပြင်းပြသည့် အာသီသမပါသောအခါ တမ်းတမှုက



# သက်တံရောင်တံလျှပ်

ဓဝ၊ စီးပွားရေးတက္ကသိုလ်၊

လက်တွေ့သို့ကပ်လျက် ပါမလာတတ်ပါ။
ထွက်ခွာလာခဲ့ပြီးကတည်းက သူ၏စာတိုမြို့ကလေးသည်
အလွမ်းသက်သက်ဖြင့် စိတ်ကူးထဲတွင်သာ


www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်နေဆဲ။

စိတ်ကူးနှင့်အိပ်မက်က လက်တွေ့မပါ ဘဝအမောကြားမှာ ကူးခပ်နေဆဲ။

❑

ဒီနေ့တော့ အိပ်မက်က လက်တွေ့ဖြစ်ခဲ့ရပြီ။ မြို့ကလေးသို့ မသွားမဖြစ် သွားခွင့်ကြုံလေပြီ။

သို့ပေမဲ့ သွားရမည်က ကြည်နူးဝမ်းမြောက်စရာကိစ္စတော့ မဟုတ်။ မိခင်ဖြစ်သူ၏ မောင်ဝမ်းကွဲ တစ်ယောက် နာရေးရှာပန။

သူတို့ငယ်ငယ် မြို့ကလေးမှာ နေခဲ့ရစဉ် တစ်လျှောက်လုံး တတွဲတွဲနှင့် ရင်းနှီးခင်မင်လာခဲ့ရသူမို့ အိပ်ရာထဲမှ မထနိုင်သူ လူမမာ မိခင်က သူမကိုယ်စား သွားကိုသွားဖို့ စေလွှတ်ခဲ့၏။

သူကတော့ ဒီဦးလေးဆိုးသမျှ ပေသမျှ ဒိုင်ခံသည်းခံခဲ့ရသူ မိခင်၏ ဒုက္ခတွေကို သိနေသူမို့ လာသာလာရသော်လည်း စိတ်မသက်သာလှ။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့သူ မိခင်၏ဆန္ဒကို ဖြည့်ဆည်းပေးရုံသက်သက်သာ။

> မည်သို့ပင် ဆိုစေ ဆွေမျိုးများကို မလွှမ်းတတ်ခဲ့သော်လည်း ဇာတိမြို့လေးကိုတော့ လွမ်းနေခဲ့ဖူးပါသည် ငယ်သူငယ်ချင်းတွေနှင့် အဆက်အသွယ် ပြတ်နေသော်လည်း မြို့ကလေးကိုတော့ တစ်ခေါက်လောက် ဖြစ်ဖြစ် အလည် ပြန်ချင်နေခဲ့ဖူး၏

မည်သို့ပင်ဆိုစေ ဆွေမျိုးများကို မလွှမ်းတတ်ခဲ့သော်လည်း ဇာတိမြို့လေးကိုတော့ လွမ်းနေခဲ့ဖူးပါသည်။ ငယ်သူငယ်ချင်းတွေနှင့် အဆက်အသွယ်ပြတ်နေသော်လည်း မြို့ကလေးကိုတော့ တစ်ခေါက်လောက်ဖြစ်ဖြစ် အလည်ပြန်ချင်နေခဲ့ဖူး၏။

ဒီမြို့ကလေးမှာ သူမွေးဖွားကြီးပြင်းခဲ့သည်။ မြို့ကလေးမှာပင် အထက်တန်းကျောင်းသားဘဝကို ဖြတ်သန်းခဲ့သည်။ မြို့ကလေးထဲမှ သူငယ်ချင်းများစွာ ရခဲ့ဖူးသည်။ မြို့ကလေးမှာ အမှတ်တရများစွာ ရှိခဲ့သည်။

လက်ရှိအရွယ်ကို သုံးပိုင်းပိုင်းသော် အစပထမတစ်ပိုင်းသည် ဤမြို့ကလေးမှ ငြိမ်းချမ်းသော၊ ဖြူစင်သော၊ အပူအပင်ကင်းခဲ့သော ကလေးဘဝများ…။

အလယ်ပိုင်းက အပြောင်းအလဲများစွာနှင့် စိန်ခေါ်မှုများကြား တွန်းတိုက်ပြိုင်ဆိုင်ခဲ့ရသော မြို့ပြကြီးမှ လူငယ်ဘဝများ…။

ယခုလက်ရှိအပိုင်းကတော့ တည်ငြိမ်လာခါစ လူလတ်ပိုင်းတစ်ယောက်၏ ရုန်းကန်တိုးထွက်နေရဆဲ ဘဝအမောများ…။

သူက ဘဝခရီးမှာ အမောဖောက်လာတိုင်း မြို့ကလေးမှ ငယ်ဘဝ၏ အပူအပင်မဲ့သည့် နေ့ရက်များအား သတိတရရှိတတ်သူ။

မြို့ပြ၏ မွန်းကျပ်သော ဖိအားများကြား ရောက်ခါမှ လွတ်လပ်ပေါ့ပါးသော ငယ်ဘဝကို အကြိမ်ကြိမ် အပြန်ပြန် အောက်မေ့တတ်သူ။

သားနှစ်ယောက်အတွက် မြို့ပြကြီး၏ နင်းစရာမြေ ရှားပါးမှုကို စိတ်မသက်မသာဖြစ်ရတိုင်း ကလေးတွေကို အင်တာနက်ဘောလုံးဂိမ်းများထဲမှ ဆွဲခေါ်ကာ သူတို့ ငယ်ဘဝတုန်းကလို မြေကြီးပေါ်မှ ဘောလုံးကွင်းကျယ်ကြီးထဲသို့ လိုက်ပို့ပေးချင်သူ။

အထပ်မြင့် တိုက်ခန်းကျဉ်းထဲမှာပင် သဘာဝဘေးအန္တရာယ်များကို ပြေးစရာမြေမရှိအောင် ထိတ်လန့်စိုးရွံ့စွာ ရင်ဆိုင်ရသည့်အခါတိုင်း မြေကြီးပေါ်တွင်သာ ဝံ့ဝံ့စားစား ပိုင်ပိုင်နိုင်နိုင် ခြေချနိုင်ခွင့်ကို တမ်းတမိသူ။

ခုတော့ သူ တမ်းတရသည့်နေရာကို ရောက်လာခဲ့ပြီ။ ကတိုက်ကရိုက် အရေးပေါ် ထွက်လာခဲ့ရ၍ သားတို့ကျောင်းပိတ်ရက်နှင့် မတိုက်ဆိုင်။ ရုတ်ရုတ်သုတ်သုတ် မြို့ပြကြီးမှာသာ ကြီးပြင်းခဲ့ရ သည့် သားတွေကို ရိုးသား အေးချမ်းသော နယ်အရသာ ကို ခံစားစေချင်လှသော်လည်း ခေါ်မလာနိုင်ပြန်တော့။

ဖြစ်နိုင်လျှင် ဝင်ငွေ ကောင်းရာ၊ ဝမ်းစာအလှ ရှိရာ ကလေးတွေ ပညာရေး အတွက် ရွေးချယ်စရာ သည့် မြို့ပြကို မစွန့်ခွာနိုင် သော်လည်း တစ်ခါတစ်ရံ တော့ မိသားစုအားလပ်ရက် များကို ကိုယ့်ဇာတိမြို့ ကလေးမှာ အပန်းဖြေ အချိန် ကုန်ချင်မိ၏။

ယုတ်စွအဆုံး သူတို့မီး မောင်နှံ အိုမင်းလာချိန်တွင် လည်းကောင်း၊ ဘဝ၏ နောက်ဆုံးအချိန်များတွင် လည်းကောင်း မြို့ပြကြီး ထက်စာလျှင် နယ်မြို့လေး ၏ အေးချမ်းမှုက ကိုယ့်ဒုက္ခ ကိုယ်သိမ်းရန် တရားဘာဝနာ ပွားများအားထုတ်ဖို့အတွက် ဌာနေသပ္ပာယ ပို၍မှုတလိမ့် မည်ဟု သူက ယုံကြည်နေ သည်လေ။

❑

တကယ်တမ်းတွင်တော့ မြို့ကလေးသည် သူထင် သလို အရင်ကလောက် နွေး ထွေးစွာ သူ့ကို မကြိုဆိုပါ။

သူကပဲ မြို့ကလေးကို မမှတ်မိသည်လား။ မြို့ ကလေးကပဲ သူ့ကို စိမ်းကား လေသည်လားမသိ။ အရာရာ တိုင်းသည် သူ ငယ်စဉ်က တည်းက စွဲခဲ့သည့် အမှတ် သညာနှင့်တော့ များစွာ ကွာ ခြားသွားခဲ့ပြီ။

မြို့ပြကြီး၏ ဖိုင်းရှိ များက နယ်မြို့ကလေးသို့ ဒီလောက်လျှင်မြန်စွာ ကူး



www.burmeseclassic.com

www.burmeseclassic.com

စက်နိုင်လိမ့်မည်ဟု မထင်ခဲ့သည်မှာ သူ့အမှားများလား။ အဖိုးတန် တစ်စုံတစ်ရာကို ဆုံးရှုံးရသလို နှမြောတသမှုသည် သူ့ရင်ကို နာကျင်ဝင်ပန်းစေတော့သည်။

'ကိုဖိုးကျော်ရေ မင်းက တို့မြို့နဲ့ခွဲသွားတာ ကြာပြီဆိုတော့ မှတ်ရောမှတ်မိသေးရဲ့လားကွာ။ ခေတ်ကြီးက တိုးတက်လာတာလား ဘာလားမပြောတတ်ပေမဲ့ မြို့ကတော့ မျက်စိရှုပ်နားရှုပ်၊ အရာရာ ရှုပ်ထွေးလာတာ အမှန်ပဲကွ…'

စိမ်းသက်သက် ခံစားမှုထဲ နစ်နေသည့် သူ့ကို ကားဂိတ်လာကြိုသည့် နှစ်ဝမ်းကွဲညီက အသာဆွဲခေါ်သော်လည်း သူကတော့ နစ်ဆဲ။

'ဒါနဲ့ ခု ဘယ်ကိုသွားမှာလဲ။ အဝေးပြေးဂိတ်က မြို့သစ်မှာဆိုတော့ မြို့ထဲပြန်သွားရမှာပေါ့။ အဲလိုမှန်းသိ ကိုယ်ရထားပဲ စီးလာပါတယ်ကွာ။ ဘူတာက မြို့ထဲမှာဆိုတော့ မင်းတို့အိမ်နဲ့ နီးနီးလေးဟာ'

သူ့အပြောကြောင့် ညီက အံ့ဩသလို တစ်ချက်ငဲ့စောင်းကြည့်ရင်း…

'တို့အမျိုးတွေ အားလုံးလိုလို မြို့သစ်ပြောင်းနေတာ ကြာလှပြီလေ။ မြို့ထဲမှာ ဘယ်သူမှတောင် မကျန်တော့ဘူး။ မင်းမေ့နေတာလား။ မသိသေးတာလား…'

သူ့ကိုယ်သူတောင် ဒီသတင်းကို မသိတာလား၊ မေ့နေတာလား ရုတ်တရက် စဉ်းစားလို့မရ။ လူဆိုသည်ကလည်း ကိုယ့်အရေးကိစ္စနှင့်ကိုယ်ပင် သပွတ်အူလိုက်ပြီး ထွေးလုံးနေရသည်မို့ ခပ်ဝေး

**ဒီမြို့ကလေးမှာ
သူ
မွေးဖွား
ကြီးပြင်းခဲ့သည်
မြို့ကလေးမှာပင်
အထက်တန်း
ကျောင်းသားဘဝကို
ဖြတ်သန်းခဲ့သည်
မြို့ကလေးထဲမှ
သူငယ်ချင်းများစွာ
ရခဲ့ဖူးသည်
မြို့ကလေးမှာ
အမှတ်တရ
များစွာ
ရှိခဲ့သည်**

ဝေးကိစ္စတွေဆိုလျှင် မှတ်မှတ်ထင်ထင်မရှိချင်။

ဟိုးအရင် သူ့သားလေးတွေ လမ်းလျှောက်တတ်ခါစ၊ ပြေးလွှားဆော့ကစားချင်ခါစ၊ ဘောလုံးကန်လိုခါစ အချိန်တွေကတော့ သူတို့နေထိုင်ရာ မြို့ပြကြီး၏ အထပ်မြင့်အိမ်ရာတွေကို စိတ်ကုန်စွာဖြင့် နယ်မြို့လေးမှာ မြေကွက်လေးတစ်ကွက်လောက် ပိုင်ဆိုင်လိုစိတ် ဖြစ်ခဲ့မိသေး၏။

နောက်တော့ ပါးစပ်မှ ဖွင့်ဟရေရွတ်မိသည်အထိ စိတ်ပြင်းပြလာရာ မိခင်ကပဲ သူ့မောင်ဝမ်းကွဲ အိမ်ရောင်းမည်ကြားကြောင်း ပြောခဲ့သေးသည်ပဲ။ သူပြန်သတိရပါပြီ။ အဲဒီအချိန်တုန်းက အိမ်ခြံမြေဈေးတွေ ဘာမှရှိလှသေးသည် မဟုတ်တာတောင် သူ့မှာ လက်လှမ်းမမီနိုင်။

သူတို့မိသားစု၏ တစ်ခုတည်းသောပိုင်ဆိုင်မှု၊ သူငယ်ငယ်ကနေခဲ့သည့် အိမ်ခြံမြေလေးကလည်း အခါအားလျော်စွာ မြို့ပြအိပ်မက်၏ သူကောင်းဖြစ်ရေး စိတ်ကူးယဉ် တစ်ပွဲတစ်ပိုက်နှင့် လဲလှယ်ခဲ့ရပြီးပြီ။ အဲဒီတုန်းက နည်းနည်းငယ်သေးသည်မို့ အိမ်၏စီးပွားရေး၊ လူမှုရေး၊ အတွင်းရေးမှန်သမျှ အားလုံးတော့ ထဲထဲဝင်ဝင် မသိလှ။ စိတ်ထဲလည်းမရှိလှ။ လူငယ်ပီပီ အပေါ်ယံသာ။

အိမ်ရောင်းသည်ဆိုတော့လည်း ရောင်းသည်ပေါ့။ မြို့တော်ကြီးကို ပြောင်းမည်ဆိုတော့လည်း ပြောင်းမည်ပေါ့။

မိဘတွေ စီးပွားရေးကလည်း အဆိုးလှကြီးမဟုတ်တော့။ ဘယ်မှာပဲနေနေ တစ်ဦးတည်းသောသား သူ့အတွက်ကတော့ သာသာယာယာပင်။ နယ်မှအိမ်ကို ဘယ်ဈေးနဲ့ရောင်းပြီး မြို့ပြကြီးမှ အထပ်မြင့်တိုက်ခန်းကို ဘယ်လောက်နှင့် ဝယ်သည်ဆိုတာကလည်း မိဘတွေအချင်းချင်း ပြောသမျှ သူ့ဒီဘက်နားကဝင်ကာ ဟိုဘက်နားမှ ပြန်ထွက်သွားတော့၏။

မှတ်မှတ်ထင်ထင် ဘာမှစိတ်ထဲမစွဲခဲ့။ ခုပြန်တွေးတော့ ကိန်းဂဏန်းတွေက လျှင်မြန်လှသည့် ခေတ်ရေစီးကြောင်းမှာ ဝေဝေဝါးဝါး။

အဲဒီတုန်းက နှစ်သိန်းဆိုလား။ သုံးသိန်းဆိုလား။

'ခုတော့ ကိုဖိုးကျော်တို့အိမ်နေရာဆိုရင် သုံးထောင်ဆိုလား…'

သူ့ညီကတော့ မြို့ကလေးသတင်းတွေ တတွတ်တွတ်ပြောဆဲ။

သူ မအံ့ဩမိပါ။ ခေတ်က သူ့ကို ဖြတ်ကျော်သွားခဲ့ပြီဖြစ်သည်။

အသက်ကြီးလာ၍ပဲလားမသိ၊ မျက်ခြည်မပြတ်ကြည့်နေသော်လည်း သူ့စိတ်ရောကိုယ်ပါ လိုက်မမီတော့အောင် ကျန်နေခဲ့ပေပြီ။

❑

'ဖိုးကျော် မင်းငွေပေါရင် သားချောနဲ့တွဲပြီး အလုပ်လုပ်ပါလား။ အေးမျိုးက ဒီကောင့်ကြောင့် သူဌေးဖြစ်သွားတာကွ။ ဒီကောင်ဝယ်ဆိုတဲ့အကွက်ကို မျက်စိမှိတ်ဝယ်ပြီး ဒီကောင်ထုတ်ဆိုတဲ့အချိန်သာ ထုတ်ကွာ။ အနည်းဆုံး နှစ်ဆယ် သုံးဆယ်၊ ကံကောင်းရင် ရာချီပြီးတော့ကို မြတ်တာနော်။ ငါတောင် မနှစ်ကနှစ်လယ်တုန်းက ရှိစုမဲ့စုလေးနဲ့ ကွက်သစ်မှာ တစ်ကွက်ဆွဲထားလိုက်တာ။ နှစ်ဝက်လောက်နဲ့ ဆယ်သိန်းကနေ ရာကျော်သွားတာပဲ။

'အေးမျိုးက ငါးတွင်း

www.burmeseclassic.com

ခြောက်ကွက်ဆိုတော့ ပိုနိုင်သွားတာ။ ခုဆို သူဝယ်ထားတဲ့ မြေကွက်တွေဆိုတာ မြို့ထဲမှာရော၊ မြို့သစ်မှာရော လက်ညှိုးထိုးမလွဲဘဲ ဟော့ကောင်ရေ။ သူတင်မက သူ့ညီမတွေ အစ်မတွေကပါ အေးမျိုးနဲ့တွဲပြီး မြေကစားနေကြတာ။ သူတို့တစ်မျိုးလုံး မြေသူဌေးတွေ ဖြစ်နေပြီလေ'

ကွမ်းတပစ်ပစ်ထွေးရင်း ပေါက်ပေါက်ဖောက်သလို သတင်းပေးနေသည့် ငယ်သူငယ်ချင်းတွေကို ကြည့်ရင်း သူ အံ့သြနေပါ၏။ ငယ်သူငယ်ချင်းဆိုမှ တကယ့်ငယ်သူငယ်ချင်း။ ကလေးဘဝ ငယ်စဉ်ကသာ ကျောင်းမှာခင်မင်ခဲ့ရပြီး အထက်တန်းကျောင်းလည်းပြီး၊ သူကလည်း မြို့ကြီးသို့ ပြောင်းရွှေ့ခဲ့တော့ ကွဲကွာခဲ့ကြသည်။ ခုလိုကြီးရင့်ချိန်မှ ပြန်ဆုံကြတော့ လူလတ်ပိုင်းဘဝတစ်ခုလုံး ကြားမှာ ကျပျောက်ခဲ့သလို ပုံစံတွေက ငယ်ဘဝနှင့် တကယ့်ကို တခြားစီ။

သူရောက်လာသည်ဟု သူ့ညီကသာ သတင်းမပေးလိုက်လျှင် သူငယ်ချင်းတွေကလည်း သူ့ကို လမ်းမှာတွေ့လျှင်တောင် မှတ်မိပါ့မည်လား။ သူကလည်း ထိုနည်းနှင်နှင်ပင်။

'မင်းနဲ့ဆယ်တန်းမှာ ဘေးချင်းကပ်ထိုင်ခဲ့ရတဲ့ လှဝင်းကတော့ ခုချိန် မင်းတွေ့လည်း တန်းမှတ်မိမှာ သေချာတယ်။

'ဒီကောင်က ငယ်ရုပ်မပြောင်းသလို စိတ်ကလည်း ငယ်ငယ်ကအတိုင်းပဲကွာ။

> မြို့ပြကြီး၏
> ဗိုင်းရပ်စ်များက
> နယ်မြို့ကလေးဆီ
> ဒီလောက်
> လျင်မြန်စွာ
> ကူးစက်
> နိုင်လိမ့်မည်ဟု
> မထင်ခဲ့သည်မှာ
> သူ့အမှားများလား
> အဖိုးတန်
> တစ်စုံတစ်ရာကို
> ဆုံးရှုံးရသလို
> နှမြောတသမှုသည်
> သူ့ရင်ကို
> နာကျင်
> ပင်ပန်း
> စေတော့သည်

စာကြီးပေကြီးတွေဖတ်ပြီး အူကြောင်ကြောင်နဲ့။ သူ့ကိုယ်သူ ဘဝင်လေဟပ်နေတဲ့ကောင်။

'ဘာတဲ့။ မြေဆိုတာ အပေါ်ယံကြည့်တော့သာ ပေ ၂၀× ပေ ၈၀ ပတ်လည်လောက် လူတွေကမြင်ကြတာ။ ဝိသမလောဘတွေဖက်လာရင် အပေါ်ယံအကျယ်အဝန်းတင်မက အနက်ကအဝီစိတိုင်တဲ့အထိ ရှိတယ်တဲ့။ သူ ပိုက်ဆံတယ်လောက်ပိုပို နေစရာ ထပ်မလိုသရွေ့ မြေကို အမြတ်တင်ဈေးကစားဖို့ မဝယ်ဘူးတဲ့လေ။ ဒါ သမ္မာအာဇီဝလို့ ဆိုရင်တောင် သူ မလုပ်နိုင်ဘူးတဲ့လေ။

'ဒီထက်ဆိုးတာက အမျိုးသားရေးကို သစ္စာဖောက်သလောက် ငါတို့ကို စွပ်စွဲပြီး မြို့ထဲမှာ အသားဝါတွေ နည်းသထက် နည်းသွားရတာ၊ အဖြူနဲ့အမည်းတွေသာ နေရာကောင်းတွေ ခွထိုင်ထားတာ၊ သားချောလို စပါးကြီးမြွေကို အစာခွံ့သူတွေကြောင့်ဆိုပဲ။

'အေးကွ ငါ့ကိုလည်း မြေကွက်တွေ ဈေးတက်အောင် တမင်လုပ်ရ ကောင်းမလားလို့ ဒေါသတွေကြီးနေသေးတယ်။ စီးပွားရေးလုပ်တာပဲကွာ၊ အမြတ်ပေးပြီးလာဝယ်တဲ့သူရှိတော့လည်း ရောင်းရတာပေါ့။ နယ်စပ်က ငါ့အမျိုးတွေက ဒီမြို့မှာ စီးပွားရေးလုပ်ချင်တယ်ဆိုတော့လည်း ငါ့ဆီကဝယ်ထားတဲ့ မြေကွက်ပေါ်မှာ ငါကပဲ ကူညီပြီး ရှော့ပင်းမောကြီးတွေ၊ စကိတ်ကွင်းတွေ၊ ရေကူးကန်တွေ၊ ဟိုတယ်ကြီးတွေ ကူဆောက်ပေးရတာပေါ့ကွာ။

'ဒါနဲ့ပဲ တစ်မြို့လုံး မင်းတို့အမျိုးချည်း ဝါးမျိုပစ်ရ ကောင်းလားဆိုပြီး ငါ့ကို ရန်သူလိုလုပ်နေတယ်ကွာ'

ဖြူဆုတ်ဆုတ် မျက်နှာကို ရှုံ့တွကာ ပြောနေသည့် အေးမျိုးက သူ့မျက်ပေါက်ကျဉ်းလေးကို ပေကလတ်ပေကလတ်နှင့် ပြူးပြီးစကား ပြောတတ်သည့် ငယ်ကျင့်က တော့ မပျောက်သေးပေ။

'ငါတို့ကလည်း သူ့ကို ပစ်မထားပါဘူးကွာ။ မြေကွက်လေး အချောင်ရရင် ဒီကောင့်ကို အရင်ထိုးကျွေးတာပါ။ သူကကို ပိုက်ဆံရ ရက်နဲ့လည်း မယူဘူး။ သူ အဲလိုခေါင်းမာတော့ အားလုံး ကောင်းစားချိန်မှာ သူတစ် ကောင်ပဲ ကျန်ခဲ့တာပေါ့။

'ဒီကောင်က တစ်မျိုး ကွ။ ပိုက်ဆံရှိသူတိုင်းလိုလို မြေဝယ်ရောင်းလုပ်ပြီး စီးပွား ဖြစ်နေချိန်မှာ 'လူတစ် လောဘပြိုင်လို့ ဈေးတက် ရတာ..' ဆိုပြီး ပြောလိုပြော တကယ်နေစရာမရှိတဲ့လူတွေ ကျောတစ်နေ့ရာစာအတွက် ဘယ်လောက် စိတ်ညစ်ရတာ ကို တို့တွေ မစာနာတတ်ဘူး လို့ ဒေါသကြီးလိုကြီး၊ ကိုယ့် နိုင်ငံသား ကိုယ့်လူမျိုးစစ်စစ် တွေမှာ မြေတစ်လက်မ တောင်မပိုင်ဘဲ နေစရာ အတွက် ဒုက္ခရောက်နေသူ တွေ အများကြီး၊ အသားဖြူ ကောင်တွေရဲ့ ကြွပ်ကြွပ်အိတ် မည်းမည်းကြီးထဲက ငွေတွေ ဖောင်းလာအောင် မင်းတို့လို လောက်တွေကအစ အားပေး နေတာလို့ အံကြိတ်လိုကြိတ် နဲ့။

'ဘာတတ်နိုင်မှာလဲ ကွာ။ ခေတ်ကြီးကိုက လူ သူစားစတမ်း ဖြစ်နေတာ မဟုတ်လား။ သူတို့ အ,လို့ သူတို့ကျန်ခဲ့တာ။ ဘယ်အချိန် မှာ ဘာလုပ်စားရမယ်ဆိုတာ သိဖို့ကလည်း စီးပွား အမြင်ရှိဖို့ လိုသေးတယ်ကွ'

'ဒါဖြင့် ၂၀၁၅ မှာ မင်း



www.burmeseclassic.com

www.burmeseclassic.com

ကို့ ဘာလုပ်စားမှာလဲကွာ'

ရုတ်တရက် သူ့အမေး ကြောင့် သူငယ်ချင်းတွေ အားလုံး ပြောလက်စစကား ရပ်ကာ တစ်ယောက်ကိုတစ် ယောက် ကြောင်ကြည့်နေကြ၏။ အတော်ကြာသည်အထိ ဖြေသံက ထွက်မလာ။

'ကဲ မင်းတို့ မဖြေနိုင်ရင် လည်း ဖြေနိုင်တဲ့သူကိုပဲ သွားရှာရမှာပေါ့။ ခုချိန် တွင်း ဘယ်မှာရှိတတ်သလဲ ပြောကြကွာ'

❑

စိမ်းစိုနေသော သစ်ပင် များကြားမှ အိမ်ကလေးကို မြင်လိုက်ရသည်နှင့် နှစ် အတော်ပင်ကြာသွားပြီ ဖြစ် သော်လည်း များစွာ မပြောင်း လဲလှမှန်း သူ ချက်ချင်းမှတ်မိ နေသည်မှာ အံ့သြစရာပင်။

ဘာလို့ဆို သူက ဘယ် နေရာကိုမှ သိပ်မှတ်မှတ်သား သား မရှိတတ်သည့်သူ။ သို့ သော်မဲ့ လှဝင်းကိုမြင်တော့ လည်း ငယ်ရုပ်မပျောက်မှန်း ချက်ချင်းမှတ်မိ၏။

'ဒီကောင်တွေက မျက် တောင်မွေးတစ်ဆုံးပဲ မြင် တတ်တဲ့ကောင်တွေပါကွာ။ မျက်စိတစ်ဆုံး မကြည့်နိုင် အောင်လည်း လောဘမျက် ချေးတွေက စေးထန်းပိတ်ဆို့ နေတာကိုး။ အဲလို ပိတ်နေလို့ လည်း သူတို့တွေကို မပြော ဖြစ်ခဲ့တဲ့ အဖြစ်အပျက်လေး တစ်ခု မင်းကိုပြောပြမယ်။ ပြီးမှ မင်းလာတဲ့ကိစ္စကိုပြော ပေတော့ပြီလား'

လှဝင်းက ငယ်ရုပ် မပျောက်သလို သူယုံကြည် ရာ ခပ်ရဲရဲပြောတတ်သည့် ငယ်စရိုက်လည်း မပျောက် ပါ။ ဒါကိုပဲ သူက သဘော ကျနေမိ၏။

'လွန်ခဲ့တဲ့ လေးငါး ခြောက်နှစ်လောက်ကပေါ့ကွာ။ ခုလိုမြေတွေ အလုအယက် ဝယ်တဲ့ အခြေအနေမျိုးကို တော့ မရောက်သေးဘူး။ ဒါပေမဲ့ ဇာတ်လမ်းတွေစခါစ လို့ ပြောရမှာပဲ။ ကိုယ်တို့ လမ်းထဲကို လုပ်ငန်းရှင် တစ်ယောက် ငွေထုပ်ပိုက်ပြီး မြေတွေ တစ်ကွက်ပြီးတစ် ကွက် လာဝယ်တာ။ အဲဒီ အချိန်မှာ ကိုယ်တို့လမ်းက လည်း ချိုင့်ခွက်ထူလပျစ်နဲ့ မိုးတွင်းဆို ဗွက်ထဲကူးပြီးမှ အိမ်ရောက်ရတာဆိုတော့ ပေါက်ဈေးထက်ပိုပေးပြီး ဝယ်မယ့်သူရှိတုန်း လမ်း ထဲကလူတွေလည်း ရောင်း ကြတာပေါ့ကွာ။

'တို့ခေါင်းရင်း၊ ခြေ ရင်း၊ ရှေ့တည့်တည့်က အိမ် တွေလည်း အကုန်ရောင်းကြ တာပဲ။ တစ်လမ်းလုံး ကုန် သလောက်ရှိတဲ့အထိ ကိုယ်က မလှုပ်တော့ အိမ်ကို ဈေးပို ပေးပြီးဝယ်ချင်တယ်လို့ ပွဲစားက လာပြောတာပေါ့။

'ကိုယ်ကလည်း မတွေ ဝေပါဘူး။ လုံးဝ မရောင်း ဘူးလို့ဘဲ ပြန်ပြောလိုက် တယ်။ သူတို့က ဈေးတွေ ထပ်တိုးပေးပြီး မက်လုံး အမျိုးမျိုးပေးတယ်။ ကိုယ်က လည်း ခေါင်းခါမြဲပဲ။ နောက် ဆုံး ကိုယ်ကလွဲပြီး တစ်လမ်း လုံးကမြေတွေ သူပိုင်သွားပြီး တဲ့ အခါမှာပဲ တိုက်တိုက်ဆိုင် ဆိုင် လမ်းထဲကို ကျောက်တွေ လာပုံတော့တာလေ။

'လမ်းအသစ်ခင်းတော့ မယ်ဆိုတာလည်း သတင်း ကြားရော လမ်းထဲက မြေ ဈေးတွေက သီတင်းကျွတ်မှာ ဖောက်တဲ့ တရုတ်မီးပန်းတွေ လို ကောင်းကင်ပေါ် အလု အယက် ဈေးရောင်စုံလှလှ ကြီးတွေနဲ့ တဖွားဖွား တက်လို့။

'တခြား 'ဘာစီမံကိန်း၊ ညာစီမံကိန်းတွေဖြစ်နိုင် တယ်။ ဘာစက်ရုံ ဆောက် မလို့ထင်တယ်။ ဘယ်ဘဏ် လာဖွင့်မယ်ဆိုလား'နဲ့ ကော လာဟလတွေကလည်း မိုးဦး ကျဖားအော်သံတွေလို ဟိုက ဒီက ထွက်လို့ပေါ့။

'အရင်လူတင်မကဘဲ တခြားက မြေလာဝယ်သူ တွေလည်း ကိုယ့်အိမ်လေးကို ထပ်ရောက်လာတာပဲ။ ကိုယ့် သဘောထားကိုတော့ ဟို ကောင်တွေပြောပြလို့ မင်း သိပြီးသားဖြစ်မှာပါလေ။

'ထားပါတော့ကွာ။ အကျဉ်းချုံးပြောရရင် ပထမ ဝယ်ထားတဲ့သူက သူဝယ် ထားတဲ့ လမ်းထဲကအကွက် တွေကို အရင်ဈေးထက် နှစ်ဆသုံးဆနဲ့ ရောင်းပစ် လိုက်တာမှ၊ တစ်လမ်းလုံး လည်း လူသစ်တွေချည်းပဲ ဖြစ်ကုန်ရော။

'အသစ်ရောက်လာတဲ့ လူတွေလည်း လမ်းဘယ် တော့ ခင်းမလဲ ခင်းမလဲနဲ့ စောင့်နေရင်း လည်ပင်းသာ ရှည်လာတယ်။ လမ်းထဲက ကျောက်တွေက ဒီအတိုင်း။ တုတ်တုတ်တောင်မလှုပ်ဘူး။ ကြာလာတော့ မနေနိုင်သူ တွေက အဲဒီကျောက်တွေ ဘယ်အဖွဲ့အစည်းက ပုံတာ လဲလို့ စုံစမ်းကြည့်တော့ လည်း ဘာအဖြေမှ ရေရေ ရာရာ မတွေ့ဘူးလေ။

'နောက်ဆုံးတော့ လမ်း ကလည်း မိုးတွင်း ဗွက်တစိစိ၊ နွေဖုန်တသောသော၊ ချိုင့်ဗရ ပွနဲ့ အရင်အတိုင်းပါပဲ။ မြေ ဈေးအိမ်ဈေးတွေလည်း ပြန် အေးသွားပြီး ဝယ်မိတဲ့သူ တွေမှာ ဘယ်သူ့ ဘယ်သူ အပြစ်တင်ရမှန်းမသိဘူး။

'နောက်ပိုင်းမှ သာ ကိုယ်ထူကိုယ်ထ လမ်းတွေ ပြင်ကြ၊ စနစ်အပြောင်းအလဲ အမျိုးမျိုးကြားမှာ ဈေးတွေ ထပ်တက်နဲ့။ ကိုယ်ကတော့ ပွဲကြည့်ပရိသတ်လိုပါပဲ။ လမ်းထဲက ထွက်သွားတဲ့သူ တွေ၊ လမ်းထဲကို ဝင်လာတဲ့ သူတွေ၊ လမ်းကလေးကို ကုလားဖန်ထိုးသွားတဲ့သူ တွေ။ နောက်ဆုံး ဘယ်သူ တွေရဲ့အိတ် ဖောင်းသွားသလဲ ဆိုတာကအစ မြင်နေရတာ။

'ဒါကြောင့်လည်း ဘယ်လောက်ခေတ်ပြောင်း ပြောင်း ကိုယ်စိတ်မပြောင်း တာပါဘဲကွာ…'

❑

လှဝင်းဆီက အပြန်မှာ တော့ နှစ်ဦးသား စကား ကောင်းနေ၍ ဘယ်အချိန် ကတည်းက ချင်းနင်းခဲ့သည် မသိသော ညအမှောင်က မြို့ ကလေးကို လွှမ်းခြုံရစ်သိုင်း နေလေပြီ။

နံနက်မိုးသောက်လျှင် တော့ သူသည်လည်း မြို့ပြ အိပ်မက်၏ စုပ်ယူမှုထဲ တစ်ဖန် ဝဲလှည့်ရပေဦးမည်။ အိမ်ပြန်လမ်းတစ်လျှောက်မှ သူ့အတွေးများသည်ကား ည အမှောင်ထက် ပို၍ ပို၍ နက် ရှိုင်းစွာ …။ ■


**ဝေ၊စီးပွားရေးတက္ကသိုလ်**



www.burmeseclassic.com

www.burmeseclassic.com

ရေဝေးသုသာန်မှ
ပြန်လာသောကားများ
အိမ်ရှေ့သို့ တစ်ကျော့ပြန်
ရောက်လာသည်။
အိမ်ကြီးတစ်ခုလုံး
ခြောက်သွေ့
တိတ်ဆိတ်နေရာမှ
တစ်ယောက်တစ်ပေါက်
အသံများကြောင့်
စီစီညံညံ
သက်ဝင်
လှုပ်ရှားလာပြန်သည်။
'ဒီမှာ
တရော်ကင်ပွန်းရည်လေ၊
လက်ဆေးကြပါဦး'
'ဘွားဘွားကြီးကို
နှုတ်ဆက်လိုက်ဦးမယ်'
'အိမ်ထဲ
မဝင်တော့ဘူးနော်။ စီစီကို
သတိရပြီး ငိုမိမှာစိုးလို့'
ဝုန်းဒိုင်းကြပြီး
ဝင်လာသော
အသံများကြောင့်
ကျွန်မအရှေ့က
စားပွဲပေါ်မှာ
တင်ထားသော
သမီးငယ် စီစီ၏
ဓာတ်ပုံကို
ငေးကြည့်နေမိသည်။
ဓာတ်ပုံထဲက
သမီးငယ်သည်
ပါးချိုင့်ခွက်ကလေးနှင့်
ကျွန်မကို
ပြုံးပြနေသလိုပင်။
သူ့အရှေ့က
ဖန်ခွက်ပြာပြာလေးထဲ



# မျှားယူနေရတဲ့ လရောင်

[illegible]






www.burmeseclassic.com

www.burmeseclassic.com

လောကမှာ တောင့်တစဉ်က
ဝေးလေလေ ဖြစ်သော်လည်း
အေးစက်နေချိန်မှာတော့
အတင်းတိုးဝင် ပူးကပ်လာသည့်
သဘာဝအတိုင်း မမျှော်လင့်ချိန်မှာ
ဆရာနှင့် ကျွန်မအတွက်
ကြယ်စင်လေးတစ်ပွင့် ရလိုက်ပါသည်





www.burmeseclassic.com

www.burmeseclassic.com

မှာလည်း သူ အလွန်ကြိုက်သည့် နှင်းဆီအနီရဲရဲလေး တစ်ပွင့်က သူ့အပြုံးနှင့်အပြိုင် လန်းလို့ပါလား။ ကျွန်မ သက်ပြင်းချမိသည်။

အသက် အစိတ်သာသာမှာ သမီးစီစီသည် ကလေးနှစ်ယောက်အမေ ဖြစ်နေခဲ့ပြီ။ အခုတော့ အဲဒီသမီး ငယ်က လောကကြီးထဲမှ စောစီးစွာ ကြွေလွင့်ပျောက်ကွယ်ခဲ့ချေပြီ။ ကျန်ရစ်ခဲ့သော သူ့ရဲ့မောင်နှင့် သားနှစ်ယောက် ရှေ့ဆက်ကြမယ့် ခရီးကတော့ လှိုင်းကြီးလေထန် ခရီးကြမ်းကြီးကို ဆက်လျှောက်ကြပေဦးတော့။ သမီးငယ်က အိမ်ထောင်ကျပြီးကတည်းက ကျွန်မတို့နှင့် အတူနေခဲ့ကြသည်။ အတူနေတော့ ၂၁ ရာစုခေတ် အိမ်ထောင်ရေးကို ကျွန်မ လှမ်းမြင်နေရသည်။ သူတို့နှစ်ဦးစလုံး လေးနက်မှု နည်းပါးသည်ဟု ကျွန်မ ထင်သာမြင်သာ ရှိခဲ့သည်။ အခုပဲ ကြည့်ပါတော့။

ဇနီးသည် ဟတ်အတက်ခ်နှင့် ရုတ်တရက် ဆုံးပါးသွားတော့ ကျွန်မမှာသာ အံ့သြခြင်း ဖြစ်ရုံမက ဝမ်းနည်းပူဆွေးမှုက ဖြေလည်း မပြေနိုင်ခဲ့ရပေမဲ့ သမီးချစ်ခင်ပွန်းကတော့ ဘာမှမဖြစ်သလို ပုံမှန်အတိုင်းပဲ။ နာရေးသတင်းလာမေးသူနှင့် စကားပြောနေလိုက်တာ ဖြူးလို့၊ ချောလို့။ သူ့ရင်ထဲက ပူဆွေးသောကကိုလည်း မတွေ့ရသလိုဘဲ။ အေးတိအေးစက်နှင့်။

သြော်… သွားလေသူကို ပူဆွေးသောကဖြစ်နေမယ့်အစား ရှေ့ဆက်ရမည့် အနာဂတ်ခရီးကြမ်းကို ဖြောင့်ဖြူးသာယာဖို့ လှမ်းရမည့်အရေး တွေးတောနေပုံပါပဲ။ ပြောင်းနေသော ခေတ်နှင့်အညီ အိမ်ထောင်ရေးပုံရိပ်တွေလည်း ပြောင်းလဲကုန်ပြီထင့်။ ကျွန်မတို့ခေတ် အိမ်ထောင်ရေးနှင့် ကွာခြားပါဘိ။ ဒီလိုတွေးမိပြန်တော့ ကျွန်မအတိတ်ဆီသို့ မှေးမှေးမူးမူး ရောက်သွားခဲ့ရသည်။ □

**မိန်းမ ဆိုသည့် အမျိုးက ခင်ပွန်းအပေါ် အလို မကျတတ်သည့် အကျင့်စရိုက်က အသက် အရွယ်နှင့် သိပ်မဆိုင်ဟု ကျွန်မ ထင်သည် မည်သို့ဆိုစေ ကျွန်မ အာရုံ လိုင်းပြောင်းမှ ဖြစ်တော့မည် ဒါကြောင့်လည်း အပင်လေးတွေနှင့် ပါဝင် စီးမျောဖို့ စိတ်ကူးရသည်**

ကျွန်မနှင့် ဆရာက နံ့သာမြကျွန်းညို့ တက္ကသိုလ်မှာ ဆုံစည်းခဲ့ကြသည်။

ဆရာက မြန်မာစာဌာနမှ နည်းပြဆရာတစ်ယောက်။

ကျွန်မက မြန်မာစာအဓိက နောက်ဆုံးနှစ်ကျောင်းသူ။

ကျွန်မသည် ဆရာ့ကို လေးစားချစ်ခင်လွန်းလို့ ကိုယ့်အတန်းချိန် မဟုတ်သည့်တိုင် ဆရာစာပြသည့် စာသင်ခန်းများနောက် တကောက်ကောက် လိုက်ပါဖူးသည်။ ဆရာက စာသင်လျှင် ရိုးရိုးမသင်။ စာ ကဗျာတွေ နှော၍လည်းကောင်း၊ ရယ်စရာနှော၍လည်းကောင်း သင်လေ့ရှိသည်။ မြန်မာစာ အချိန်ဆိုလျှင် အမြဲငိုက်မျဉ်းတတ်သော ကျွန်မသည် ဆရာ မြန်မာစာသင်လျှင် ပျော်ရွှင်ကြည်နူးနေတတ်သည်။ မျက်လုံးကျယ်နေတတ်သည်။

နောက်ပိုင်း ဆရာ့အချိန်တိုင်း စာသင်ခန်းများတွင် ထာဝစဉ် တွေ့နေရသောကြောင့် ဆရာ ကျွန်မကို မျက်မှန်းတန်းမိလာသည်။ ပြီးတော့ အသိအမှတ်ပြုကာ အရေးတယူ ခေါ်ပြောနှုတ်ဆက်တတ်လာသည်။ ကျွန်မ ကျောင်းပြီးတော့ အစိုးရရုံး တစ်ရုံးမှာ အလုပ်ဝင်သည်။ ဖြစ်ချင်တော့ ထိုရုံးမှ ရုံးအုပ် အပျိုကြီးမမသည် ဆရာ့အစ်မ ဖြစ်နေသည်။ ဆရာ့အစ်မကလည်း ကျွန်မကို ခင်မင်လိုက်တာ လွန်ပါရော။ ရုံးပိတ်ရက်တိုင်း ကျွန်မ ဆရာ့အိမ်ဆီ ရောက်နေတတ်သည်။ အပျိုကြီးမမ၏ 'ယောက်မလေး… ယောက်မလေး' ခေါ်သံက ကျွန်မ နှလုံးသားကို နိုးထစေခဲ့သည်။ ဒီလိုနှင့်ပဲ ဆရာနှင့် ကျွန်မ ဘဝသစ်တစ်ခု စတင်ဖို့ ဖန်လာသည်။

'ဆရာ… ဆရာနဲ့ မခေါ်ပါနဲ့၊ တစ်ခုခု ပြောင်းခေါ်စမ်းပါဗျာ'

ဆရာ့ကို လေးစားမြတ်နိုးလွန်းလို့ ဆရာလို့ပဲ ခေါ်ပါရစေလို့ ကျွန်မက ပြောတော့ ဆရာက ပြုံးတုံ့တုံ့ဖြင့်-

'သဘောပဲ' ဟုဆိုကာ လိုက်လျောသည်။

ဆရာ့ရင်သွေးလေးကို ခက်ခက်ခဲခဲ ကြိုးစားယူခဲ့ရသည်။ သမားတော်ပေါင်းစုံဆီ သွားခဲ့သလို ရက္ခစိုးကြီးများထံမှာလည်း နားငြီးအောင် သားဆုပန်လိုက်ရတာ မမောနိုင် မပန်းနိုင်အောင်ပါပဲ။ အရပ်လက်သည်များ၏ နည်းပေါင်းစုံကိုလည်း လိုက်နာမိသည်။ နောက်ဆုံး ဒဏ်ရာဒဏ်ချက်များ ဖြစ်လာခြင်းသာ အဖတ်တင်လာသော အခါ ဆရာက ကျွန်မကို…

'ညီမရယ်၊ ဒီလိုဝေဒနာတွေ ခံစားနေရတာ ကိုယ် မကြည့်ရက်တော့ဘူးကွယ်။ ကိုယ့်ဘဝအတွက် ညီမသာ အရေးကြီးဆုံးပါ။ သားသမီး မရှိရင် သံယောဇဉ်မခိုင်မြဲဘူးလို့ မထင်လိုက်ပါနဲ့။ သားသမီးတွေတစ်ဖြာနဲ့ သံယောဇဉ်ကို တိခနဲ ဖြတ်တောက်သွားတာ ဒုနဲ့ဒေး။ ကိုယ်ကတော့ ညီမကို ဘယ်အခြေအနေမျိုးမှာမဆို သစ္စာရှိရှိ ရိုးမြေကျ လက်တွဲသွားမှာပါ။ ကိုယ်တို့က စွယ်တော်ရွက် မျိုး နှစ်ယောက် တ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com

ဆရာ့အားပေးစကား ကျွန်မဖြစ်ချင်သည့် ဆန္ဒ သွေးအေးသွားရသည်။ ကမှာ တောင့်တစဥ်က လေလေ ဖြစ်သော်လည်း စက်နေချိန်မှာတော့ င်းတိုးဝင် ပူးကပ်လာ ည့် သဘာဝအတိုင်း ပ်လင့်ချိန်မှာ ဆရာနှင့် န်မအတွက် ကြယ်စင် းတစ်ပွင့် ရလိုက်ပါ ည်။

အပျော်မြစ်လေးတစ် မှာ ဆရာနှင့်ကျွန်မ ကူး ပျော်ဝင်နေလိုက်တာ သမီး သူချစ်သူနှင့် ရွှေလက် ခါမှ ဖျတ်ခနဲ လန့်နိုးလာ ည်။ သမီးလေးတောင် ထောင်သည် ဖြစ်သွားခဲ့ ပြီ။ သူတို့ခေတ်၊ သူတို့ ချစ်က တစ်မျိုးပဲ။ ဆား သည့် ဟင်းတစ်ခွက်လို ပြက်လှသည်။ အိမ် ထောင်သာ ကျသွားသည် မီးက အပျိုစိတ်မကုန်။ လုပြင်ပြီး ရုံးသွားသည်။ တ်ရက်တွေမှာ သူ့သူငယ် င်းတွေခေါ်ပြီး ဂိမ်းဆိုင်သွား ည်။ ရှော့ပင် ထွက်သည်။ လာတော့ မုန့်မျိုးစုံ ဝယ် ပြီး စားသည်။ အိပ်ရာထဲ လှဲအိပ်ပစ်သည်။ အနည်း ည ၇ နာရီထိ။

သူ့ 'မောင်'ကလည်း တစ်မျိုး တစ်ဘာသာ။ ရုံး တ်ရက်များမှာ တစ်နေကုန် ဘယ်သွား ဘယ်လာမှန်း သိ။ ပြန်လာတော့ ဘီယာ လေး တမြမြနှင့် ခပ်ထွေ ထွေ။ အိပ်ရာထလာသည့် နှင့် ရယ်ကာမောကာ စား ယ်၊ သောက်ဟယ်။ တွေ ဖောင်ဖွဲ့နေလိုက်တာ ညဆယ်နာရီထိုးရော။ ဒီအချိန်လည်း မအိပ်သေးပြန်ဘူး။ တီဗွီရှေ့ထိုင်ပြီး ဂိမ်းကစားကြပြန်သည်။ ငြင်းလိုက်၊ ခုံလိုက် ဘယ်အချိန်အိပ်ရာဝင်ကြမှန်းကို ကျွန်မမသိလိုက်တော့။

'သမီးငယ်... သားသမီးတစ်ယောက်လောက်တော့ ယူဖို့ကောင်းပြီ။ အိမ်ထောင်သက်က သုံးနှစ်ကျော်တောင် ရှိသွားပြီ မဟုတ်လား။ မေမေလည်း မြေးချီချင်လှပြီကွယ်'

'မေမေကလည်း... ကလေးကို ဘယ်သူထိန်းမှာလဲလို့'

'ဩော်...သမီးရယ်... မေမေတို့က ပင်စင်နာ ဖြစ်နေပြီလေ။ သမီးအဖေရော၊ အမေပါ အလုပ်မသွားရတော့ အားလပ်နေကြတာ။ ဘာပဲပြောပြော အိမ်မှာ ကလေးတစ်ယောက်ရှိတော့ အမေတို့အတွက် အဖော်ရှိမှာ အမှန်ပဲ'

နောက်တော့လည်း ဆရာနှင့်ကျွန်မ ကလေးထိန်းတွေ ဖြစ်လာကြသည်။ ဆရာကတော့ စာပေမွေ့လျော်သူဆိုတော့ စာကြည့်ခန်းထဲမှာသာ အနေများ၏။ တစ်ခါတစ်ရံ အညောင်းပြေ အညာပြေ မြေးကလေးနှစ်ယောက်နှင့်အတူ ဆော့ကစားပေးတတ်သည်။ ကျောင်းနေသော အရွယ်ရောက်တော့ ဆရာပဲ ကျောင်းပို့၊ ကျောင်းကြို လုပ်ပေးသည်။ ကျွန်မကတော့ သမီး၊ သမက်နှင့် မြေးကလေးတွေ စားဖို့သောက်ဖို့ မီးဖိုချောင်ထဲ မဖောမပန်း ချွေးတွေရွှဲနစ်လို့။ သမီးတို့စုံတွဲကတော့ သူတို့စကားလို ပြန်ပြောရရင် ဖလန်းဖလန်းထလို့ ကောင်းတုန်း။

❑

ခုတော့လည်း သမီးငယ်တစ်ယောက် မမျှော်လင့်ဘဲ ဆုံးရှာပေါ့။ သမက်နှင့် မြေးကလေးနှစ်ယောက်လည်း အိမ်ပြောင်းသွားကြပြီ။ မြေးလေးတွေရဲ့ ဘိုးအေ၊ ဘွားအေအိမ်ဆီကိုပေါ့။ ဟိုမှာက အဒေါ်အပျိုကြီးတစ်ယောက် ရှိလေရဲ့။ သူက ကျောင်းဆရာမဆိုတော့ မြေးတွေအတွက် အထောက်အကူဖြစ်စေမှာပါ။ အားလုံးကောင်းပါသည်။ မကောင်းတာက ကျွန်မတို့ ဇနီးမောင်နှံ။ အိမ်မှာ အဘက်ဘက်မှ အေးစက်ခြောက်သွေ့ကုန်၏။ တစ်ချိန်လုံး ဆည်းလည်းသံ ဝေဝေဆာဆာ စီစီညံညံ အိမ်ကလေး။ မြေးတွေရဲ့ ပုရိပ်က ထင်ဟပ်ဆဲ။ ဆရာကတော့ စာကြည့်ခန်းထဲ အနေများလာ၏။ အခုဆို စာပေ၊ ဆောင်းပါးလေး ဘာလေးတောင် ရေးနေပြီ။ သူမှာ ရေးပြီးစာမူကို မဂ္ဂဇင်း၊ ဂျာနယ်တိုက်ဆီ တစ်ပတ်တစ်ခါလောက်တော့ သွားပို့တတ်သည်။ ပြီးတော့ သူ့စာပေရောင်းရင်းတွေနှင့် စာအကြောင်း ပေအကြောင်း လက်ဖက်ရည်ဆိုင်ထိုင်ကာ အာထုကြသေးသည်။ စိတ်ထွက်ပေါက် ရတာပေါ့လေ။

ကျွန်မမှာတော့ ဘုရားစင်ရှေ့မှာ တရားထိုင်၊ ပုတီးစိပ်အလုပ်ဖြင့်သာ အချိန်ကုန်နေရသည်။ စာဖတ်ရန်လည်း သိပ်စိတ်မပါ။ မျက်စိအားနည်းတာလည်း ပါသည်။ မျက်စိအားစိုက်ပါများလျှင် ခေါင်းထဲက မူးဝေဝေ၊ နောက်ကျိကျိ ဖြစ်လွန်းတော့ စာပေနှင့် အလှမ်းဝေးကွာလာ၏။

ဆရာက အိမ်မှာရှိလည်း ကျွန်မနှင့် စကားလက်ဆုံကျ ဖြစ်ခဲသည်။ ထမင်းစားချိန်မှသာ ပြောဖြစ်တာများသည်။ ကြာလာတော့ ကျွန်မ စိတ်ကောက်ချင်သည်။ ကလေးမဟုတ်၊ သူငယ် မဟုတ်တော့လည်း ဆရာသိမှာ စိုးသည်။ မိန်းမဆိုသည့်အမျိုးက ခင်ပွန်းအပေါ် အလိုမကျတတ်သည့် အကျင့်စရိုက်က အသက်အရွယ်နှင့် သိပ်မဆိုင်ဟု ကျွန်မထင်သည်။

မည်သို့ဆိုစေ ကျွန်မအာရုံ လိုင်းပြောင်းမှ ဖြစ်တော့မည်။ ဒါကြောင့်လည်း အပင်လေးတွေနှင့် ပါဝင်စီးမျောဖို့ စိတ်ကူးရသည်။ အိမ်မှုကိစ္စများ ပြီးစီးသည်နှင့် ခြံထဲဆင်းကာ အပင်လေးတွေနှင့် အချိန်ကို သွန်မှောက်သည်။ အပင်က အပွင့်၊ အသီးတွေ ဖူးပွင့်ဝေဆာလာတာ မြင်တော့ ပျော်ရွှင်ကြည်နူးရသည်။ ပျော်လိုက်တာ။

ဒီတလော ဆရာ တစ်မျိုးဖြစ်နေပုံပါပဲ။ ထူးထူးခြားခြား ကျွန်မနှင့်အတူ ခြံထဲဆင်းပြီး အပင်လေးတွေကို ကြည့်ရှုလာသည်။ ပြီးတော့ ယုယုယယ ပေါင်းသင်၊ ရေလောင်း၊ ဆေးဖျန်းလာသည်။ ကျွန်မ ခြံထဲမှာ နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com

စံပယ်၊ သစ်ခွ၊ သဇင်၊ ကစ်စ်မီကွစ်အမျိုးမျိုး စိုက်ထားတော့ အလွန်ဂရုစိုက်ရသည်။ ဆရာ့အပေါ် စတေးရှောင်ချင်၍ အပင်တွေ စိုက်ပျိုးလိုက်တာ အခုတော့ ဆရာ စာကြည့်ခန်းထဲ ငြီးငွေ့လာပုံရတယ်။ ခြံထဲ ဆင်းချလာပြီး ကျွန်မနှင့်အတူ အပင်လေးတွေရဲ့ ဆွဲငင်အားမှာ စီးဝင်မျောပါလာရသည်။

ကျွန်မက ပန်းပင်သာမက စားပင်တွေပါ တိုးချဲ့စိုက်ပျိုးလာသည်။ ကြီးကြီးမားမားတော့ မဟုတ်ပါဘူး။ အိုးထဲ လွယ်လွယ်ထည့်စိုက်ရသည့် အပင်တွေပါပဲ။ ပင်စိမ်း၊ ငရုတ်သီးပင်၊ ရှမ်းနံနံပင်၊ ပျားလိမ္မော်၊ ကီလိုမာလကာသီးပင်တွေပါပဲ။ စိုက်ပျိုးခြင်းက လူတွေရဲ့စိတ်ကို နူးညံ့သိမ်မွေ့စေတာ ကျွန်မလက်တွေ့ သိရှိခဲ့ရသည်။ အပင် ကျန်းမာရေး၊ ရှင်သန်ဖွံ့ဖြိုးရေးကို ကလေးတစ်ယောက် ပြုစုပျိုးထောင်သလို အရိပ်တကြည့်ကြည့် နေရတာလည်း ပျော်စရာကြီးပါ။ မြေးကလေးတွေ မရှိသည့်နောက် အထီးကျန်စွာ ခြောက်သွေ့နေခဲ့တာ ခုတော့လည်း မိုးရေပက်ဖျန်းလိုက်သကဲ့သို့ လန်းဆန်းခဲ့သည်။ ဆရာလည်း ကျွန်မလိုပဲ နေမှာပါ။

'အသက်ရှည်ချင်ရင် အပင်စိုက်ဆိုတာ ကိုယ်တို့ မေ့လျော့နေခဲ့တာ အခုမှပဲ ဒီအလုပ်ကို လုပ်ဖြစ်တော့တယ်'

ဆရာရဲ့ စကားသံလေ။

□

ကျွန်မတို့က
ဇရာနယ်
အတွင်းသို့
ချင်းနင်းဝင်
ရောက်လာကြပြီပဲ
အရာအားလုံးဟာ
ပြောင်းလဲဖို့
ကျွန်မတို့
အဆင်သင့်
ဖြစ်နေပြီလား
ဆရာကတော့
တရားသဘောကို
အေးအေး
ဆေးဆေး
လက်ခံ
ယူနိုင်ပေမဲ့
ကျွန်မကတော့
ဘာတစ်ခုမျှ
အဆင်သင့်
မဖြစ်သေးပေ

ဆရာ နေသိပ်မကောင်းပါ။ ကျွန်မနှင့်အတူ ခြံထဲ လိုက်ဆင်းပေမဲ့ ရွှင်ရွှင်ပျပျ မရှိလှ။ အနွေးထည်လေး အထပ်ထပ်နှင့်။ တငေးငေး တမှိုင်မှိုင် ရှိလှသည်။ စာကြည့်ခန်းထဲ ဝင်သွားသည့်အခါ တိတ်ဆိတ်လွန်းသောကြောင့် ကျွန်မအသာကလေး ချောင်းကြည့်ရသည်။ ပက်လက်ကုလားထိုင်ပေါ်မှာ ခွေခေါက်အိပ်ပျော်နေတာ တွေ့လိုက်ရသည်။ စာဖတ်ခန်းထဲမှာသော်လည်းကောင်း၊ အိပ်ရာပေါ်မှာသော်လည်းကောင်း ဘယ်သောအခါမှ မလဲလျောင်း၊ မအိပ်တတ်သော ဆရာတစ်ယောက် ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်မရင်ထဲ ပူလောင်လာသည်။

တစ်အိမ်လုံး ပြေးကြည့်မှ နှစ်ဦးတည်းရှိသည့်ကမ္ဘာ။ အရိပ်တကြည့်ကြည့် နေလာခဲ့ကြတာလေ။

'ဆရာ... နေမကောင်းဘူးလား။ သိပ်မလန်းသလိုဘဲနော်'

ကျွန်မက နဖူးစမ်း၊ ပါးစမ်းလုပ်နေတော့ ဆရာက နွမ်းလျသော အပြုံးဖြင့်...

'နေလို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ ရင်ဘတ်ထဲက အောင့်အောင့်နေလို့ ဆေးခန်းသွားပြရင် ကောင်းမလားလို့'

ကြည့်ပါဦး၊ ဆေးခန်းသွားလျှင် ကောင်းမလားလို့တဲ့လေ။ အဲဒါ သူ ကျွန်မကို အားနာနေတာလေ၊ သူ့အတွက် အလုပ်ရှုပ်သွားမှာ စိုးရိမ်တာ။

ကျွန်မ ချက်ချင်း ဆရာ့ကိုခေါ်ပြီး ဆေးခန်းသွားပြသည်။ ဆရာဝန်က အသည်းရောဂါတစ်ခုခု ဖြစ်နိုင်သည်ဟု ပြောပြီး ဆေးစစ်ချက်ရယူဖို့ ညွှန်ကြားသည်။ ထုံးစံအတိုင်း ဆီး၊ ဝမ်း၊ သွေးစစ်ဆေးသည်။ ဓာတ်မှန်ရိုက်သည်။ နောက်ဆုံးစစ်ချက်အဖြေက ဆရာ့မှာ ဘီပိုးရှိနေပြီတဲ့။ ဒါပေမဲ့ စိတ်ပူပင်သောက ဖြစ်စရာမလိုဘူးတဲ့။ ဖြစ်စမို့ ဆေးကုသခြင်းဖြင့် လက်ဦးမှုရနိုင်သည်ဟု ဆရာဝန်က ပြောလာသည်။

ကျွန်မ တော်တော် စိတ်ပူသွားသည်။ ဆရာဝန် ညွှန်ကြားသည့်ဆေးနှင့် အစာ

အာဟာရကို အချိန်မှန်
တိုက်ကျွေးသည်။ ဆရာ
စိုးရိမ်ကြီးစွာ နေ့မအားညအ
အား ဂရုစိုက်ရတော့
လျှင် ကျွန်မပါ လဲပြိ
ဆရာက ပူပန်ပြန်သည်။

'တောင်မင်း မြော
မင်းမကယ်နိုင် ဖြစ်နေ
မယ်။ တောင်ဝှေးလဲ
ဖိုးသူတော် ထူနိုင်တ
ဖိုးသူတော်လဲရင် တောင်
မထူနိုင် ဖြစ်နေဦးမယ်'

ဘာပဲပြောပြော
ကျွန်မ အိပ်မပျော်နိုင်။
ကို မကြာခဏ ထထကြ
သည်။ အသက်ရှူသံ
အာရုံစိုက် နားထောင်ရ
အိပ်မက်ထဲမှာ ဆရာပျော
သွားလို့ ကျွန်မ ငိုလိုက်
အပြင်မှာ တကယ်ပဲ
ထွက်ရှိုက်နေတာမို့ ဆရ
ကျွန်မကို လှုပ်နှိုးယူရသ

'ဘာတွေများ
လောက် ဝမ်းနည်းပြီး ငို
ရှိုက်နေတာလဲ'

ကျွန်မ ဆရာ့လက်
တင်းတင်းဆုပ်ကိုင်ပြီး...

'ဆရာ ကျွန်မကို
ယောက်တည်း မထားခဲ့
နော်၊ တွေးမိရုံနဲ့ ရူးချင်တ

'သြော်...ညီမရယ်...

ကျွန်မတို့တစ်တွေ
ကျည်သော မေတ္တာဖြ
တည်ဆောက်ထားသည့်
မြေကျ အိမ်ထောက်ဖက်
ပင် ဖြစ်ကြသည်။ သ
တရားကိုလည်း အသ
လောက် မြတ်နိုးတန်ဖိုး
ကြသည်။ အိမ်ထောင်သ
တစ်လျှောက်လုံး ကတော
ကဆတ် စကားများခဲ့
လည်း မရှိခဲ့။
အသံတိတ်နည်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ောက်တတ်သည်။ နား
ည်မှုတွေနှင့် တည်ဆောက်
ကြလို့လည်း စိတ်လက်
းသာခဲ့ရသည်။

ယခုလို ဆရာက ရုတ်
ရက် မမာမကျန်းဖြစ်တော့
မရင်ထဲ စိုးရိမ်ထိတ်လန့်
သည်။ ဆရာများ တစ်ခုခု
သွားခဲ့လျှင်…ဆိုသည့်
တွေးကို မဆန့်ထုတ်ရဲတော့
။ မေမေပြောသံ ကြားဖူး
သည်။ ဖေဖေ့ရဲ့ဘွားတော်စပ်
ဒေါ်မိကြီးပေါ့။ သူ့လက်
ဖော်ခင်ပွန်းသည်ဆုံးတော့
ခင်ပွန်း၏ ရုပ်ကလာပ်ကို
ဖက်ပြီး ငိုရင်းသတိပြန်
လည်လာတော့။ အသက်
သွားခဲ့သည်အထိ သစ္စာ
ချစ်ပြသွားနိုင်ခဲ့သည့်
ကြင်လင်မယား နှစ်
ယောက်လုံးကို တစ်နေ့
ည်း၊ တစ်နေရာတည်းမှာ
တ်ဂူတစ်လုံးတည်း အတူ

တကွ သင်္ဂြိုဟ်ခဲ့တာ ဆွေမျိုး
အားလုံး သြချကြရပြီး ပါးစပ်
ရာဇဝင်ပင် တွင်ခဲ့သည်ဟု
ကြားသိရဖူးသည်။ ပြန်ပြော
လျှင် သံယောဇဉ်ပေါ့။

မဆီမဆိုင် ထိုအကြောင်း
ကို သတိတရ ရှိလိုက်သော
အခါ ကျွန်မရင်ဘတ်တစ်ခု
လုံး ချက်ချင်း လေးလံသွား
ရသည်။ ကျွန်မတို့က ဇရာ
နယ်အတွင်းသို့ ချင်းနင်းဝင်
ရောက်လာကြပြီပဲ။ အရာအား
လုံးဟာ ပြောင်းလဲဖို့ ကျွန်မ
တို့ အဆင်သင့်ဖြစ်နေပြီလား။
ဆရာကတော့ တရားသဘော
ကို အေးအေးဆေးဆေး လက်
ခံယူနိုင်ပေမဲ့ ကျွန်မကတော့
ဘာတစ်ခုမျှ အဆင်သင့်
မဖြစ်သေးပေ။ ရင်ထဲ ပူ
လိုက်၊ အေးလိုက်၊ နှလုံးခုန်
နှုန်း မြန်လိုက်၊ နှေးလိုက်မို့
အိပ်မပျော်ရက်တွေသာ ရှည်
ကြာလာသည်။ ဆရာက ရိပ်

မိပုံရသည်။

'ကိုယ့်ကို အရမ်းစိတ်
မပူပါနဲ့။ ကိုယ် ကျန်းမာလာ
ပါပြီ။ တော်ကြာ ညီမ ကျန်း
မာရေး ထိခိုက်နေပါဦးမယ်'

ပြောလည်းပြော၊ ကျွန်မ
၏ နိမ့်ချည်၊ မြင့်ချည် လှိုင်း
ထနေသော ရင်တစ်ခုလုံးကို
လက်ဖဝါးဖြင့် ဖိပေးတတ်
သည်။ နောက်ဆို နွေးနွေး
ထွေးထွေး ရှိလှသော ဆရာ့
လက်အစုံနှင့် ထိကပ်ထားမှ
ကျွန်မ စိတ်ချမ်းသာစွာ အိပ်
ပျော်တော့သည်။ စိတ်ချ
လက်ချရှိသည်။ လုံခြုံသည်။

အရေးထဲ သမီးလေး
စီစီကို မဆီမဆိုင် သတိရ
လိုက်မိသည်။ သူ့မှာ ငယ်
သောသားနှစ်ယောက် ရှိနေခဲ့
ပြီး သူ့ ကမ္ဘာမြေကို ကျော
မခိုင်းမီအချိန်က စိတ်ထဲ မည်
သို့ ရှိနေခဲ့သနည်း။ အသက်
ရှင်စဉ်ကာလက ဘာမှ

အလေးအနက် မထားခဲ့သော
စီစီတစ်ယောက် နောက်ဆုံး
အချိန်မှာ ထိတ်လန့်မှုများ ရှိ
လေမလား။

ဘယ်လိုဖြစ်ဖြစ် ကျွန်မ
နှင့်ဆရာ နှစ်ယောက်စလုံး
ပြင်ဆင်ထားသည့် လမ်း
ကလေးကို လျှောက်ကြရမှာ
ဧကန်မလွဲပါပဲ။ ဤသို့ဆို
လျှင် မျှော်လင့်နိုင်စွမ်း မရှိ
သည့် တစ်နေ့နေ့ တစ်ချိန်ချိန်
ဟာ ဘယ်တော့ ရောက်ရှိလာ
လေမလဲ။

ပြီးတော့ အကြင်နာ
လက်ဆုပ်ဖြေကာ ဘယ်သူ
အရင်ထွက်ခွာသွားမှာလဲ။
အဲဒီအခါ ကျန်ရစ်သူက
ဘယ်လိုအသက်ရှင် နေထိုင်
ရမှာလဲ။ တစ်ယောက်တည်း
အထီးကျန်ကမ္ဘာမှာ ကျွန်မကို
မထားခဲ့ပါနှင့်ဆရာ…။ ။

■

**မေဖွန့်အေး**






www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ဒီဇင်ဘာမှ
၂၀၁၄ နိုဝင်ဘာအထိ ဖော်ပြခဲ့သည့်

# မျက်နှာဖုံး နှင့် မျက်နှာစာ ဝတ္ထုတိုများမှ ပရိသတ်အကြိုက် ရွေးချယ်ခြင်း

## အကြိုက်ဆုံး ရွှေနှလုံးသားဝတ္ထု

ဝတ္ထုအမည် ..........................................

ကလောင်အမည် ..........................................

ဖော်ပြခဲ့သည့်လ ..........................................

## အကြိုက်ဆုံး ရွှေအသစ်ဝတ္ထု

ဝတ္ထုအမည် ..........................................

ကလောင်အမည် ..........................................

ဖော်ပြခဲ့သည့်လ ..........................................

**ဆန္ဒပြုသူ၏အမည်** ------------------------------

**နေရပ်လိပ်စာအပြည့်အစုံ** ------------------------------

**ဖုန်း/မြလက်မှတ်** ------------------------------

**ရွှေနှလုံးသား**


| | | |
|---|---|---|
| ၁။ ၁၃/ဒီဇင်ဘာ | ဂျွန်မိုး | နှလုံးသားဖြင့် ဖွဲ့သီသောကြိုး |
| ၂။ ၁၄/ဇန်နဝါရီ | အောင်ဖြိုးကျော်(ပခုက္ကူ) | အရောင်ဆိုးခြင်း |
| ၃။ ၁၄/ဖေဖော်ဝါရီ | မြတ်သျှိုင်းသွင် | သံယောဇဉ်ကြိုးပေါ်မှာ မျက်ရည်ငှက်တွေနဲ့ |
| ၄။ ၁၄/မတ် | ရဲစွမ်းနေ | ချစ်ခြင်းအားဖြင့် Valentine |
| ၅။ ၁၄/ဧပြီ | ရွှေကိုယ်နတ်(UCSM) | ရပ်စောင့်နေ့စွဲများ ရာဇဝင် |
| ၆။ ၁၄/မေ | ရွှေသင် | ညတစ်ည |
| ၇။ ၁၄/ဇွန် | ထန် | အိပ်မက်မိုးကောင်းကင် |
| ၈။ ၁၄/ဇူလိုင် | ဆေးဆေ | ပျော့ရှင်ခြင်း ငှက်ကလေးများ |
| ၉။ ၁၄/ဩဂုတ် | ရင်ငြိမ်းသူ(မော်လမြိုင်) | နွယ်ပင်လေးရဲ့အလင်းရောင် |
| ၁၀။ ၁၄/စက်တင်ဘာ | ညီစု | ရာသီမှားပွင့်တဲ့ပန်း |
| ၁၁။ ၁၄/အောက်တိုဘာ | လူခါး | အင်ဂျလီနာဂျိုလီဖတ်ဖို့ ငါ [illegible] |
| ၁၂။ ၁၄/နိုဝင်ဘာ | မိုးရည်နိုင် | မြစ်တစ်စင်းရဲ့ခြေရာ |

www.burmeseclassic.com

www.burmeseclassic.com

ဘစ်နှစ်တာအတွင်း ရွှေအမြုတေမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ရွှေအသစ်ဝတ္ထုတိုများ၊ ရွှေနှလုံးသားဝတ္ထုတိုများထဲက ပရိသတ်အကြိုက် ရွေးချယ်ခွင့်ပေးတယ်ဆိုတာက ဘဖတ်သူကို အခွင့်အရေးတစ်ခု ရစေချင်တဲ့ ဆန္ဒနဲ့ ဖန်တီးခဲ့တာပါ။ ဘဖတ်ပရိသတ်ရဲ့ ဆန္ဒအစစ်အမှန်ကို ကျွန်တော်တို့ သိချင်တာပါ။ ကိုယ်ရေးတဲ့ ဝတ္ထုကို လက်ရေးမျိုးစုံနဲ့ မဲပေးတာမျိုး မလုပ်ကြဖို့ ကြိုတင်တောင်းပန်ပါတယ်။ ပရိသတ်ရဲ့ စစ်မှန်တဲ့ ဆန္ဒကို ကျွန်တော်တို့ စောင့်မျှော်ကြည့်ကြရအောင်ပါ။

■ **အယ်ဒီတာအဖွဲ့**



## ရွှေအသစ်ဝတ္ထုတို

| | | | |
|---|---|---|---|
| ၁။ | ၁၃/ဒီဇင်ဘာ | ဆွေဇင်ဦး | အစုန်အဆန် မှန်ရဲ့လား |
| | ၁၃/ဒီဇင်ဘာ | နတ်ရဲ(ရွှေပဗေဒ) | မိုးသည်းတစ်ည ခါးသက်အမှောင် |
| | ၁၃/ဒီဇင်ဘာ | သုတအောင် | ရွှေလုံး ခွေးမမွေးတော့ပါ |
| ၂။ | ၁၄/ဇန်နဝါရီ | သံလွင်ကို(မော်လမြိုင်) | လမ်း |
| | ၁၄/ဇန်နဝါရီ | လင်းယဉ်နွဲ့(မြို့သစ်ကလေး) | မြောက်ပြန်လေများ အေးစေသား |
| ၃။ | ၁၄/ဖေဖော်ဝါရီ | မောင်အင်း(ဥက္ကံ) | ပုပ်တိုင်း ပုတ်သင့်မပုတ်သင့် |
| | ၁၄/ဖေဖော်ဝါရီ | ခင်မြတ်နွယ်(ပခုက္ကူ) | ကျေးရူးကမ္ဘာ မင်္ဂလာနံနက်ခင်း |
| | ၁၄/ဖေဖော်ဝါရီ | ဆွေဇင်ဦး | ဘဝက မိုးစက်တွေလား၊ မိုးစက်တွေက ဘဝလား |
| | ၁၄/ဖေဖော်ဝါရီ | ပျူမခ(ကော့သောင်း) | ရေသဖန်း လျှော်ကြေး |
| | ၁၄/ဖေဖော်ဝါရီ | ပေါ်ဦးလင်း | တူနှစ်ကိုယ်တိုင်းပြည် |
| ၄။ | ၁၄/မတ် | မြတ်သျှိုင်းသွင် | ဝတ္ထုတစ်ပုဒ်မေ့ကျန်ခဲ့တဲ့လမင်း(သို့)လမင်းလွတ်ပွဲ |
| | ၁၄/မတ် | မောင်အင်း(ဥက္ကံ) | ငန်းရင်ခွဲ |
| | ၁၄/မတ် | အောင်နန်းမွေး(သရက္ကံ) | မညီမျှသော မျဉ်းပြိုင်များနှင့်··· |
| ၅။ | ၁၄/ဧပြီ | ရည်ဝေ(လင်းရောင်ခြည်) | အရှုတ္တ၏သားကောင် |
| | ၁၄/ဧပြီ | လွမ်းနှောင် | ထမင်းဝိုင်းပေါ်မှ ကလောင်တစ်ချောင်းရဲ့ရာဇဝင် |
| | ၁၄/ဧပြီ | မြတ်ကိုကို(ရက္ခ) | အလှည့်ရောက်တော့ နွံကြည့်ချင်သေးတယ် |
| | ၁၄/ဧပြီ | မင်းညို့သွေး | ဘိုခိုး |
| ၆။ | ၁၄/မေ | မိုးထက်ကျော်(ကွင်းကောက်) | အိပ်မက်လှလှ မက်ပါစေ |
| | ၁၄/မေ | ညတာရာလင်း(ထားဝယ်) | ဖြောင့်ချက် |
| | ၁၄/မေ | ညီစု | အမှောင်ကို အရောင်ခြယ်ထားတဲ့ အလင်း |
| ၇။ | ၁၄/ဇွန် | ရွှေရေးထင်ထင် | သဝေထိုးခွေးဝဆွဲခွေ ဝစ္စနှစ်လုံးပေါက်ခွေး |
| | ၁၄/ဇွန် | ရင်ငြိမ်းသူ(မော်လမြိုင်) | စက်ဝိုင်းအတွင်း ရှင်သန်ကြသူများ |
| | ၁၄/ဇွန် | ကောင်းမြတ် | မျှော်လင့်ချက် မနက်ဖြန် |
| | ၁၄/ဇွန် | လူငြိမ်းအေး(ဆီမီးခုံ) | ချိုးကလေး ကူသံသာ |
| ၈။ | ၁၄/ဇူလိုင် | ညီညီဇော် | မျှော်လင့်ခြင်း လရောင် |
| | ၁၄/ဇူလိုင် | လူငြိမ်းအေး(ဆီမီးခုံ) | နွားကျောင်းသား အင်တာနက် |
| | ၁၄/ဇူလိုင် | ကုံကော်ရင်ခွင် | ပန်းလိုလှနေစေချင် |
| | ၁၄/ဇူလိုင် | သော်ဇင်(လှိုင်ကော်) | အဘိုးနှင့် ငွေရောင်အရှုတ္တ |
| ၉။ | ၁၄/ဩဂုတ် | မလေးဝေယံ | အမြင် |
| | ၁၄/ဩဂုတ် | နေကောင်းကင်နီ | အဲဒီနေ့က ကျွန်တော့်အဖေသေပြီး ရှင်တယ် |
| | ၁၄/ဩဂုတ် | လင်းနိုင် | ဆုတောင်း |
| | ၁၄/ဩဂုတ် | သော်ဇင်(လှိုင်ကော်) | လွဲမှားခြင်း နိယာမ |



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အသွားခရီး၌
တက်ခဲ့ရသောတောင်တို့သည်
အပြန်ခရီး၌ အဆင်းဖြစ်၍
အပြန်ခရီး၌ ဆင်းခဲ့ရသော
တောင်တို့သည်လည်း
အသွားခရီးအဖို့
အတက်ဖြစ်ပါချေသည်။
'သိပ်မောနေသလား'
'ရပါတယ်ရှင်'
'ခြေထောက်နာရင်
ပရုတ်ဆီဘူးပါတယ်၊
လိမ်းမလား'
သူမက နေပါစေဆိုပေမဲ့
ကျွန်တော်က မနေနိုင်၊
လွယ်အိတ်ထဲက
ပရုတ်ဆီဘူးကို ထုတ်၍
ပေးလိုက်သည်။
ဒီလိုဆိုတော့လည်း
သူမ မငြင်းရှာ။ ဘူးကိုဖွင့်၍
လက်နှင့်တို့ကာတို့ကာ
ခြေချင်းဝတ်တစ်လျှောက်ကို
လိမ်းသည်။ လိမ်းနေရင်းမှ
ကျွန်တော့်ကို တစ်ချက်
လှမ်းကြည့်သည်။
အလိုက်သိစွာ ကျွန်တော်
မျက်နှာလွှဲနေလိုက်သည်။
တောင်အောက်ရှိ တောတို့က
စိမ်းစိမ်းစိုနေသည်။
နေစောင်းပြီဖြစ်သဖြင့်
တောင်ခိုးတို့က
ဝေ့တက်လာသည်။ အဝေး၌
အကျမြန်သောဆောင်းနေအား
တောင်ခိုးတို့ကြားမှ
မှုန်ဝါးဝါးမြင်နေရ၏။
တော၏ရောင်ပြန်ဟပ်မှုကြောင့်
ကျောက်သားတို့ပင်
မြမြမှောင်နေသည်။
အလင်းပျောက်တော့မည်မို့
တောတို့က စိမ်းသည်ထက်
စိမ်းလာသည်။ တောင်တို့က
မှောင်သည်ထက်
ပို၍မှောင်လာသည်။
သူမက ဘူးဆစ်ကို



မကျွမ်းကျင်သော
တောင်ကို တက်မိလေသဖြင့်
ကျွန်တော် မောနေရပြီ...
တက်လျှင် မောတတ်၍
ဆင်းလျှင် ချောတတ်လေသော
အပြန်ခရီးကို ကျွန်တော်
အဘယ်ကဲ့သို့ ပြန်ရပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com

အားပါးတရ လိမ်းနေသည်။ ပြီးလေမှ ကျွန်တော့်ကို ပရုတ်ဆီဘူး ပြန်ပေးသည်။

'လမ်းတွေက တစ်နှစ်ထက် တစ်နှစ် ပိုကောင်းလာတယ်နော်'

သူမက ထဘီကို သပ်ရပ်စွာပြန်ဖိရင်း ကျွန်တော့်ကို ပြောသည်။

'ကျွန်တော် ကျိုက်ထီးရိုးကို မရောက်ဖူးပါဘူး။ ဒါ ပထမအကြိမ်ပါ'

'ဪ…'

ကျွန်တော့်ကို ခပ်စိုက်စိုက်ကလေးတစ်ချက် ကြည့်၍ သူမ မျက်နှာလွှဲသွားသည်။ မှန်သည် ကျွန်တော့်အဖို့ ကျိုက်ထီးရိုးသည် ယခုအကြိမ်သည် ပထမဆုံးသော ခရီးဖြစ်သည်။ ဤခရီးတောင် အဖော်ကောင်း၍ ရောက်ခဲ့ခြင်း ဖြစ်သည်။ ကျွန်တော့်အနေနှင့် ဆိုလျှင် တော်တော်နှင့် ရောက်နိုင်မည် မဟုတ်။ ရောက်ရန်အကြောင်းကလည်း ဖန်လာခဲ့သည်။

မိတ္ထီလာမှ ဆီမီး ၉၀၀၀ အဖွဲ့ဝင် ဆရာ ဦးသိန်းအောင်နှင့် ဆရာဦးလှထွန်းတို့က ဇန်နဝါရီ ၁ ရက်နေ့တွင် ကျိုက်ထီးရိုးရင်ပြင်တော်တွင် ကျင်းပပူဇော်မည့် ဆီမီး ၉၀၀၀ ကို သွားကြမည်။ ကျွန်တော့်မိတ်ဆွေ ထိုဆရာနှစ်ဦးက ဆီမီး ၉၀၀၀ အဖွဲ့ခွဲ၏ စုရပ်ဖြစ်သော မန္တလေးသို့အလာ ကျွန်တော့်ထံဝင်လာကြပြီး ကျိုက်ထီးရိုးသို့ ဘုရားဖူးလိုက်ရန် ဇွတ်ဝင်ခေါ်ကြသည်။ အဖော်ကောင်းလျှင် ငရဲသို့ပင် ဆင်းပျော်တတ်သော ကျွန်တော်ကလည်း မငြင်း။ အလုပ်က ခွင့်ယူ၍ အလွယ်တကူပင် ထလိုက်လာသည်။

မန္တလေးက ဆီမီး ၉၀၀၀ အဖွဲ့ ကားဖြင့် နံနက် ၈ နာရီထွက်၊ ဖြူးမြို့တွင် တစ်ညအိပ်၍ နောက်နေ့မွန်းလွဲ ၁၂ နာရီခန့်တွင် ကင်ပွန်းစခန်းရောက်သည်။ ပစ္စည်းများအတွက် အထမ်းငှားပြီး ထမင်းစားကြကာ တောင်ပေါ်သို့ သုံးယောက်သား ပေါ့ပေါ့ပါးပါးပင် တက်ခဲ့ကြသည်။ ပျော်တတ်သော ဆရာ ဦးသိန်းအောင်က လမ်းတစ်လျှောက် သီချင်းတကြော်ကြော် ဟစ်၍လာသည်။ ရေမြောင်ကြီးတွင် ခေတ္တနားကာ ဆက်တက်ကြပြန်သည်။ နာမည်ကြီး ဖိုးပြန်တောင်အတက်၌ ကျွန်တော်က မောပန်းနွမ်းလျစွာ မေးမိသည်။

'ဆရာဦးသိန်းအောင်ဘာဖြစ်လို့ ဖိုးပြန်တောင် ခေါ်တာလဲဗျ'

ကျွန်တော့်မေးခွန်းကို ဆရာ ဦးသိန်းအောင် မဖြေလိုက်ရ။ ဘုရားဖူးခရီးသွားလူပျော်တစ်ဦးက သွားရင်းလာရင်း ဝင်ဖြေသွားသည်။

'အဘွား မပါခဲ့လို့ပေါ့ဗျာ…ဟဲ ဟဲ ဟဲ'

ကျွန်တော် နှုတ်ပိတ်၍ တက်ခဲ့ရသည်။ မပိတ်၍လည်းမဖြစ်၊ တောင်က မတ်လာသည်။ အလေ့အကျင့်မရှိသော ကျွန်တော့်အဖို့ အသက်ပင် မနည်းရှူနေရသည်။ နှစ်စဉ်ရောက်နေကျဖြစ်သော ဆရာနှစ်ဦးက ကျွန်တော့်ကို ကြည့်၍ ရယ်ကြသည်။ ဖိုးပြန်တောင် အတက်နား၌ သူမတို့အုပ်စုနှင့် ကျွန်တော်တို့ စတွေ့ကြသည်။ သူမတို့က သုံးယောက်အုပ်စု၊ ကျွန်တော်တို့ကလည်း သုံးယောက်အုပ်စု။ ကျွန်တော်တို့က နားနေသော သူမတို့ကို ကျော်လာခဲ့သည်။ ကျွန်တော်တို့ နားသော် သူမတို့က ကျော်သွားပြန်သည်။ တစ်ပြန်တစ်လှည့်နှင့် တစ်ကျော့စီ။ ကျွန်တော်တို့က ကျော်ခဲ့လျှင် နားနေသော သူမတို့ကို ပြောင်ထားခဲ့သည်။ ကျွန်တော်တို့ နားနေလျှင် သူမတို့အုပ်စုက နောက်သွားကြသည်။ မခံချင်စိတ်နှင့် အတင်းလိုက်တက်၍လည်းမဖြစ်။ မကျွမ်းကျင်လျှင် တောင်တို့၏သဘောကား တက်လျှင် မောတတ်၍ ဆင်းလျှင် ချောတတ်ပါသည်။

နဂါးပတ်တောင်အတက် တစ်နေရာ၌ သူမ တစ်ဦးတည်း နားနေသည်ကို တွေ့ရသည်။ ဆရာနှစ်ဦးကို မျက်ရိပ်ပြ၍ ဆက်တက်ခိုင်းလိုက်ပြီး ကျွန်တော်လည်း သူမဘေးတွင် ဝင်နားရင်း ပရုတ်ဆီဘူး ပေးလိုက်မိခြင်းဖြစ်သည်။ ဘုရားဖူးများက တစ်အုပ်ပြီးတစ်အုပ် ကျွန်တော်တို့အား ကြည့်၍ တက်သွားကြသည်။ တချို့ကလည်း မင်းသားကြီး အဟဲဖြင့်စောင်းဆိုကြ၏။

'ဟိုတောင်တန်းကျမှ မောင် ထမ်းလို့ခေါ်ပါ့မယ်'

'ဘာတဲ့တုံး မင်းသားရဲ့'

'ဟိုတောင်ကွေ့ကျမှ မောင်ပွေ့လို့ ခေါ်ပါ့မယ်'

'တကယ်နော်'

'ဟိုတောင်ရိုးကျမှ မောင် မောင် အဲ အဲ အဲ'

'ဆက်ဆိုလေ မင်းသားရဲ့'

'မောင်ပိုးလို့ ခေါ်[illegible] မယ်'

'ဟား…ဟား… ဟား… ဟား'

ရယ်မောသံ များ[illegible] တောင်ကမ်းပါးယံတစ်လျှော[illegible] ရိုက်ခတ်၍ မြည်ဟည်းသွာ[illegible] သည်။ သူမကို ကျွန်တော်[illegible] ကြည့်လိုက်သည်။ ပြုံး[illegible] မျက်နှာပေးနှင့် သူမ မျက်[illegible] လွှဲသွားသည်။ သူမဘေးသ[illegible] ထိုင်ရင်း သူမ၏ အလှအ[illegible] များကို ဝင်စားဖြစ်ကြ[illegible] သည်။ ဘေးတိုက်မကျတကျ[illegible] လွှဲထားသော မျက်နှာလေး[illegible] သွယ်လျှလျှနှင့် မျက်နှာ[illegible] မှာလှသည်။ အသားဖြူသည်[illegible] ဆိုရမည်ထက် ဝါရွှေသည်[illegible] ဆိုရမည်။ မျက်ခုံးအ[illegible] သန့်စွမ်းသမျှ ဖြောင့်စင်း[illegible] မှောင်ကာနေသည်။ နှာ[illegible] ကလေးက မကြီးမငယ်[illegible] တယ်စွာ ပေါ်ထင်၍ နှုတ်ခမ်း[illegible] နှစ်လွှာက ပိရိစေ့စပ်သည်[illegible] မကျဉ်းမကျယ်နဖူးထက်[illegible] ဆံယဉ်စလေးများက အ[illegible] ပညာဆန်စွာ ဝဲကျနေပြီး အ[illegible] ကောင်းနက်မှောင်၍ ဖြောင့်[illegible] စင်းသော ဆံကေသာများ[illegible] ကျောလယ်မှာ လွတ်လပ်[illegible] ပျံ့ဝဲနေကြ၏။

နားနေသည်မှာ ကြာပြီ[illegible]

ထိုင်နေသော ကျော[illegible] သားခုံမှ အေးစက်စက် အ[illegible] အတွေ့က တင်ပါးတ[illegible] လျှောက် ခံစားလာရသည်[illegible] သူမ၏ ချစ်စဖွယ် လေးကို[illegible] သဏ္ဍာန် နုမို့မို့နှုတ်ခမ်း[illegible] လွှာမှ လေသံတစ်ချက်[illegible] လာသည်။ သူမ လေသံ[illegible] ကြွေရွက်ပေါ်မှာကျသော[illegible] ပွင့်ပမာ တီးတိုး[illegible]သာစွာ-



www.burmeseclassic.com

www.burmeseclassic.com

'သွားကြစို့ကွယ် တော်ကြာ မှောင်လာတော့မှာ'

ကျွန်တော် ထရပ်လိုက်ပြီး သူမထံ လက်ကမ်းလိုက်သည်။

ကော့မျက်တောင်များ ဖုံးရုံအပ်သည့် တောက်ပနေစိုနေသော မျက်လုံးရွှဲကြီးများက ကျွန်တော့်ကို အားကိုးတကြီးနှင့် မော့ကြည့်နေကြ၏။ သူမက သက်ပြင်းတစ်ချက်ရှိုက်ကာ ချလိုက်လေပြီးမှ ပူနွေးညှို့သက်၍ နွေးထွေးသော ညာလက်ကလေးက ပေါ့ပါးစွာ လေပေါ်မှာ မြောက်တက်လာသည်။ ကျွန်တော် ပိုင်နိုင်စွာဆုပ်၍ ဆွဲကာ တက်လာခဲ့သည်။

နားခဲ့လေသော ကျောက်သားခုံပေါ်၌ ကိုယ်စီထိုင်ခဲ့သော ဝါးတောင်ဝှေး လေးနှစ်ချောင်း ငြိမ်သက်လှဲလျောင်းရင်း ကျန်ရစ်ခဲ့သည်။ ❑

တောင်ပေါ်ရှိ ဓမ္မာရုံများ ဘုရားဖူးများနှင့် ပြည့်နေပြီ။ နေရာမရသူ ဘုရားဖူးများက ရင်ပြင်တော်ပေါ်၌ နှင်းထုထဲတွင် ဖြစ်သလို အိပ်စက်နေကြသည်။

သူမသူငယ်ချင်းများက ကြိုတင်နေရာယူထားသဖြင့် သူမတို့က နေရာရကြသည်။ နောက်ကျသော ကျွန်တော်တို့က နေရာအတွက် တက်ပွေနေရသည်။ ဓမ္မာရုံတစ်ခုပြီးတစ်ခု တက်ကာဆင်းကာ နေရာရှာရသည်။ ထူထပ်သိပ်သည်းစွာ ကျနေသောနှင်းတို့ကြောင့် ရင်ပြင်တော်တစ်ခုလုံး ရွှဲရွှဲစိုနေသည်။ ဂေါပကလူကြီးများနှင့်အကျွမ်းဝင်သော ဆရာနှစ်ဦးကြောင့် ဂေါပကရုံးခန်းတွင်နေရာရကြသည်။ ခရီးဆောင်အိတ်များကို အထမ်းသမားများထံမှ သွားရွေးပြီး နေရာချကာ ကျွန်တော် ထွက်လာခဲ့သည်။

'ဟေ့လူ ထမင်းလေး ဘာလေး စားဖို့ စဉ်းစားဦးဗျ'

ဆရာ ဦးသိန်းအောင်ကိုပင် စကားမပြန်တော့ဘဲ သူမတို့တည်းခိုရာ ဓမ္မာရုံသို့ ထွက်လာခဲ့သည်။

'ဟော အစ်ကို ညီမတို့အစ်ကို့ကိုလာရှာတာ။ ထမင်းစားသွားမလို့ လိုက်မယ်မဟုတ်လား'

ဂေါပကရုံးခန်းကအထွက် သူမတို့အုပ်စုနှင့် ဆုံမိသည်။ သူမက ဆွယ်တာနီနီရဲရဲလေးကိုဝတ်ထားသည်။ ဆွယ်တာက ဖြူဖွေးသော နှင်းလွှာထုကိုဖောက်ထွင်း၍ ရဲရဲတောက်နေသည်။ အသားတော်ကဥနှင့်လိုက်ဖက်လှသည့်အရောင်၊ ထဘီကတော့ ပိန်းပိတ်အောင်မှောင်နေသည့် အနက်။

'လိုက်မှာပေါ့ ကောင်းတဲ့ဆိုင်သွားကြပါ၊ အစ်ကိုတော့ မသိဘူး'

သူမကပင် ဦးဆောင်၍ ခေါ်သွားသည်။ ဆိုင်တိုင်းမှာ လူပြည့်နေသည်။ သူမ ကောင်းသည်ဆိုသော ဆိုင်ရှေ့တွင် လူရှင်းသည်အထိ ရပ်စောင့်နေရသည်။ လူတစ်အုပ်ထွက်သွားလေမှ နေရာရသည်။ ထမင်းလေးပွဲမှာ လိုက်ပြီး၊ ကိုယ်ကြိုက်ရာဟင်းကို အသီးသီး မှာစားကြသည်။

'ဩော် အစ်ကိုနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက နွဲ့နွဲ့၊ သူက ဝေဝေ၊ ညီမကတော့...'

သူမက သူမသူငယ်ချင်းများနှင့် မိတ်ဆက်ပေးရင်း တစ်ပါတည်း သူ့ကိုယ်သူပါ မိတ်ဆက်ပေးသည်။

သူမနာမည်က ထိပ်ထားဦးပါတဲ့၊ မော်လမြိုင်မြို့ နာမည်ကြီး ကုမ္ပဏီတစ်ခုက စာရေးမလေးများ ဖြစ်သည်။

'ရာမညဝတီထိပ်ထားလေးတွေပေါ့ ဟုတ်စ'

ကျွန်တော်က ဟာသနှော၍ရောလိုက်သည်။ ထိပ်ထားဦးတို့တစ်သိုက် တဟင်းဟင်းနှင့် သဘောခွေ့သွားကြသည်။

'အစ်ကိုကရော ပြောဦးလေ'

'အား... အစ်ကိုက မန်းရတနာပုံနေပြည်တော်က ပေါ့၊ ဘွဲ့ကတော့ ဟိုလေ သူရမင်းလွင်ပါ'

ကျွန်တော်က အရွှန်းအနောက် အပြောင်အပြက်ဖြင့် ပြောလိုက်သည်။ ထိပ်ထားဦးတို့အုပ်စု ရယ်ကြပြန်သည်။

'အလုပ်ကရော...'

'မန္တလေးက ထုတ်ဝေနေတဲ့ ဂျာနယ်တစ်စောင်က လက်ထောက်အယ်ဒီတာကလေးပါ'

'အစ်ကိုက ထိပ်ထားဦးတို့ အစ်ကိုဝမ်းကွဲနဲ့ သိပ်တူတယ်။ ဒါကြောင့် မြင်မြင်ချင်းပဲ ခင်မိတယ်၊ တကယ်ပါ'

သူ့အစ်ကိုဝမ်းကွဲနှင့် တူတယ်ဆိုသဖြင့် သရီးသရီဖြစ်နေသော ကျွန်တော့် စိတ်ကူးများပင် လွင့်ပျောက်သွားရသလိုလို၊ သူတို့အုပ်စုက နှစ်စဉ် ဇန်နဝါရီ ၁ ရက်နေ့တိုင်း ကျိုက်ထီးရိုးကို အရောက်လာနေကျခြင်းဖြစ်ကြောင်း ပြောသည်။

မော်လမြိုင်ဆိုတော့ မန္တလေးနှင့်စာလျှင် ကျိုက်ထီးရိုးဘုရားသည် ခရီးတစ်ဝက်မျှ နီးနေပြီ။ စားသောက်ပြီး ကျွန်တော်ကပင် ငွေရှင်းပေးလိုက်သည်။ တောင်ပေါ်တွင် အစားခပ်သိမ်း ဈေးကြီးသည်။

'ဟေး ထိပ်ထားဦး'

'ဟော ကိုတင်မောင်ထွေး'

ဆိုင်ထဲသို့ ဝင်လာသူတစ်ဦးက ထိပ်ထားဦးကို ရင်းရင်းနှီးနှီး လာနှုတ်ဆက်သည်။ ထိပ်ထားဦးကလည်း ထပ်တူထပ်မျှ တုံ့ပြန်၍ နှုတ်ဆက်သည်။

'ဩော် အစ်ကို သူက ကိုတင်မောင်ထွေးတဲ့၊ သနပ်ပင်က၊ မနှစ်တုန်းက အစ်ကို့လိုပဲ ခင်ခဲ့တဲ့သူလေ၊ ကိုတင်မောင်ထွေး အစ်ကိုက...'

ထိပ်ထားဦးက နှုတ်ခမ်းမွေးစစနှင့် လူချောတစ်ဦးအား ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။ စိတ်မပါသော်လည်း ဟန်ဆောင်ပြုံးဖို့ မျက်နှာဖုံးအပို တပ်လိုက်ရသည်။ ထိုလူကလည်း ကျွန်တော်ကဲ့သို့ပင် ထပ်တူထပ်မျှပင် ရှိနေလိမ့်မည်။

'ထိပ်ထားဦးတို့ ထမင်းစားပြီးရင် တစ်ခုခုသောက်ရအောင်၊ ဟိုဘက်ဆိုင်ကြွ၊ ဩော် ကိုဘယ်သူ...'

ကိုတင်မောင်ထွေးက လတ်တလော မိတ်ဆက်ပေးထားသော ကျွန်တော့်အမည်ကိုပင် မမှတ်မိရှာ။

'မင်းလွင်ပါ'

'ကိုမင်းလွင်ရော လိုက်ခဲ့လေ၊ တစ်ခုခုသောက်...'



www.burmeseclassic.com

www.burmeseclassic.com

အောင်'

နာမည်တစ်လုံးကိုပင် အလွယ်တကူ မေ့တတ်လေသူတစ်ဦး၏ ဧည့်ဝတ်ပြုမှုကို ကျွန်တော်မခံယူလို။ စေတနာအား မစော်ကားလိုသော်လည်း ငြင်းပယ်လိုက်သည်။

'သွားကြပါ၊ ကျွန်တော် မလိုက်တော့ဘူး၊ နည်းနည်းနားဦးမယ်။ ထိပ်ထားရောအားလုံးပဲ သွားပါဦးမယ်'

နှုတ်ဆက်ပြီး ကျွန်တော် ထွက်လာခဲ့သည်။ စိတ်ထဲကတော့ မကျေနပ်။ ဘာကို မကျေနပ်သည်လဲ။ အဖြစ်အပျက်တွေကိုလား၊ ဆက်သွယ်နေသည့်ရုပ်ဝတ္ထုတွေကိုလား၊ ပတ်သက်နေသည့် ပတ်ဝန်းကျင်ကိုလား၊ ကိုယ့်ကိုယ်ကို ပြန်မေးမိသည်။ အဖြေကတော့ နတ္ထိ။

လမ်းတွင် ထမင်းစားဆင်းလာကြသော ဆရာနှစ်ဦးနှင့် ဆုံမိသည်။ သူတို့က သူတို့နှင့်ပြန်လိုက်လာရန် ဖွတ်ခေါ်နေသော်လည်း ကျွန်တော် မလိုက်တော့။ ငြင်းလိုက်သည်။ သဘောထားသေးသောလူတစ်ယောက်မဟုတ်သော်လည်း သဘောထားကြီးကြောင်း သက်သေကတော့ မပြနိုင်။ ပြလည်း မပြချင်တော့။

ညဦးနက်လာသည်နှင့် အမျှ နှင်းတို့က ပို၍ သိပ်သည်းစွာကျလာသည်။ ရင်ပြင်တော်တွင် ထွန်းထားသောရောင်စုံမီးများကြောင့် ဖြူသောနှင်းတို့ပင် အရောင်မျိုးစုံလိုက်၍ ပြောင်းလဲနေသည်။

နီးရာကိုလိုက်၍ အရောင်ပြောင်းတတ်သော နှင်းလွှာတို့ကြားမှဖြတ်၍ ရင်ပြင်တော်မှတစ်ဆင့် ဂေါပကရုံးခန်းသို့ ပြန်လာခဲ့သည်။

အေးသောနှင်းတို့က ပူသောရင်မှ ဝေဒနာကို ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ခဲ့။

❑

နံနက်စောစောထ၍ သုံးဦးသား ကျောက်ထပ်ကြီးသို့ ထွက်ခဲ့ကြသည်။ ထိပ်ထားဦးတို့အား သွားခေါ်ခဲ့သော်လည်း သူတို့တည်းသောခမ္ဘာရုံတွင်မရှိတော့။ ကိုတင်မောင်ထွေးနှင့် ပါသွားလေရော့ထင့်။

အအေးဓာတ်က အရိုးကွဲမတတ်ရှိပြီး၊ လူတိုင်းလိုပင် ငွေဒင်္ဂါမနေ့းရိုက် မေးခိုက်၍တုန်နေကြသည်။ နှင်းတို့က ညကထက်ပင်ကျအား ကောင်းနေသည်။ လင်းခါနီးလေ ပိုကျလေ။ မြင်ကွင်းတို့က မပီပိုးဝါးထွေပြားနေကြ၏။ လမ်းကိုပင် မနည်း ကြည့်လျှောက်နေရသည်။ မသဲကွဲသော်လည်း လူအုပ်တွေ့တိုင်း ထိပ်ထားဦးကို တွေ့လိမ့်နိုး ရှာမိသည်။ နဂါးဘုရားရောက်သော် ဘုရားဖူး၍ ခေတ္တနားကြသည်။ လတ်ဆတ်အေးမြသောလေကို ရှူရှိုက်ရင်း အမောဖြေရသည်။ ဝါးရုံပင်တို့က လေချွန်သံပြုနေ၏။ တောငှက်ပျောရွက်ပေါ်မှ နှင်းရည်စက်ကလေးများ စီးလျှောကျသွားကြသည်။ တောင်သပြေတို့က မလှုပ်၏သို့ လှုပ်၏သို့။

နဂါးဘုရားမှ အပြန်လမ်းတွင် ထိပ်ထားဦးတို့အုပ်စုနှင့် ဆုံမိကြသည်။ ထိပ်ထားဦးဘေးတွင် အမျိုးသားတစ်ဦးကို တွေ့ရသည်။ ကိုတင်မောင်ထွေးတော့မဟုတ်။ ထိပ်ထားဦးက ကျွန်တော့်ကို ဦးစွာနှုတ်ဆက်သည်။ အမျိုးသားက သူ့ဘေးမှာ ကပ်လျက်ရပ်နေ၏။ 'အစ်ကိုတို့က နောက်ကျလှပါလား။ ထိပ်ထားတို့ဖြင့် ကျောက်ထပ်ကြီးကတောင် ပြန်ခဲ့ပြီ'

ကျွန်တော် ပြုံးရုံသာပြုံးနေလိုက်သည်။

ထိပ်ထားဦးဘေးက အမျိုးသားက 'ထိပ်ထား အစ်ကို သွားနှင့်မယ် လိုက်ခဲ့တော့'ဟု ဆို၍ ထွက်သွားသည်။

ထိပ်ထားဦးနှင့် ကျွန်တော် နှစ်ဦးသာ ကျန်ရစ်သည်။

'အစ်ကို မနက်ဖြန် ကျိုးပါးစပ်နဲ့ရသေ့တောင် သွားရအောင် ထိပ်ထားကိုလာခေါ်နော် စောင့်နေမယ် သိလား'

ထိပ်ထားဦးစကားကို ခေါင်းညိတ်၍သာ ကျွန်တော် အကြောင်း ပြန်လိုက်သည်။ ဆရာဦးသိန်းအောင်တို့စောင့်နေ၍ ထိပ်ထားဦးကို နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ ရင်ထဲမှာတော့ တအုံနွေးနွေး။

'ဘယ်လိုလဲ ဆရာလေး ခြေနေးလှပါကလား'

ဆရာဦးသိန်းအောင်က ကျွန်တော်ကို စ,သည်။

ကျွန်တော့်မှာ မချိလို့ပြုံးသည်ကိုပင် ရယ်သလားအမေးခံနေရပြီ။ အပြန်ခရီးတစ်လျှောက်လုံး လူမှာန်းချည့်နေသည်။ အတွေးတို့ကလည်း ဆူဝေနေသည်။ နေမြင့်လာသည်နှင့်အမျှ နှင်းတို့ ပျောက်သွားသော်လည်း ကျွန်တော့် ရင်ထဲက မြင်ကွင်း[illegible] တို့ကမူ မရှင်းသေး။ ရှုပ်ထွေး[illegible] နောက်ကျိနေသည်။ မုဆိုး[illegible] တောင် မရောက်ခင် လမ်း[illegible] ဘေးဆိုင်တစ်ဆိုင်ကို လူ[illegible] ဝိုင်းအုံနေကြသည်။ ဆရာဦး[illegible] သိန်းအောင်တို့ ဝင်ကြည့်[illegible] ဖြင့် ကျွန်တော်ပါ ဝင်ကြည့်[illegible] သည်။ ဆိုင်က အကောင်[illegible] ပလောင်မျိုးစုံ ရောင်းရသော[illegible] ဆိုင်။ ကျိုက်ထီးရိုးတ[illegible] တောင်လုံး ထိုဆိုင်မျိုး [illegible] တကာ ရှိသည်။ တော[illegible] ဆိတ်ဆီ၊ ကျားရိုးကျား[illegible] သည်းခြေမျိုးစုံ၊ အရေခွံ[illegible] ဖုံ စုံတကာစေ့ ရှိကြသည်[illegible] ယခုလည်း လတ်တ[illegible] ပစ်လာဟန်ရှိသော အကောင်[illegible] တစ်ကောင်ကို ဝိုင်းကြည့်[illegible] ကြသည်။

'ဟာ ကြောင်မြင်း[illegible] ပါလား'

ဆရာဦးသိန်းအောင်[illegible] အကောင်ကြီးကို ကြည့်၍[illegible] ရွတ်လိုက်သည်။ ဆိုင်ရှင်[illegible] ခပ်ထန်ထန်ကြည့်၍ '[illegible] ကြောင်မြင်း မဟုတ်ဘူး[illegible] တောင်ဖျံ တောင်ဖျံ၊ ဖျံ[illegible] မျိုးရှိတယ်။ ရေဖျံ၊ ကုန်း[illegible] တောင်ဖျံ။ တောင်ဖျံက [illegible] ရှားတယ် မြန်မာတစ်နိုင်ငံ[illegible] မှာ ကျိုက်ထီးရိုးတောင် [illegible] မှာပဲရှိတယ်'ဟု ခပ်တ[illegible] တင်းပြောသည်။

ဆိုင်ရှင်က တောင်ဖျံ[illegible] ဆေးဖက်ဝင်အာနိသင်များ[illegible] အာပေါင်အာရင်းသန်သန်[illegible] ရှင်းပြနေသည်။ လူတချို့[illegible] ဈေးမေးကြသည်။ ဆိုင်ရှင်[illegible] တစ်ကောင်လုံး ငါးသော[illegible] ဟုဆိုသည်။ တောင်ဖျံ[illegible] တစ်ပန်းကို တစ်[illegible] ရောင်းသည်။ သော[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆွေကလည်း မရှိမရှာသောက်ကြသည်။

ဆရာ ဦးသိန်းအောင်က ကျွန်တော်တို့ကို လက်ကုတ်၍ ခေါက်သွားသည်။

'တကယ့် လူတွေဗျာ၊ ကြောင်မြင်းကြီးကို တောင်ဖျံ လုပ်ရောင်းနေတယ်၊ အံ့ရော ပဲ'

သစ်တောအရေးပိုင် ဟောင်းတစ်ဦးဖြစ်ခဲ့သော ဆရာ ဦးသိန်းအောင်က တောကောင်မျိုးစုံအကြောင်း နှံ့စပ်ပြီးသား၊ သို့သော် သူတို့ ပြောသွားရေးမို့ အကြောက်အကန် ငြင်း မငြင်း။ လိမ္မာပါးနပ်စွာ နှုတ်ဆိတ်နေခဲ့သည်။

'ဖျံဆိုတာ အမြီးတို ချေးပဲ၊ အရောင်ကလည်း ညို။ အခုအကောင်က အမြီးက တစ်တောင်လောက် ရှိနေတာပဲ။ အရောင်ကလည်း နက်။ လည်ကုပ်မှာလည်း အဝါကျားပါတယ်။ ဒါမှ သိ ခံကြပေါ့လေ'

ဆရာဦးသိန်းအောင်က ကျွန်တော်တို့ကို ရှင်းပြသည်။ ရှင်းရင်းမှ မကျေမချမ်းနှင့် ဆက်ပြောပြန်သည်။

'တောင်ဖျံက ဒီ ကောင်တွေကမှ အစစ်ဗျ'

❑

ဇန်နဝါရီလ ၁ ရက်နေ့ ခြောက်နာရီတွင် ရင်ပြင် တော်၌ ကျိုက်ထီးရိုးစေတီ တော်မြတ်ကြီးကို ဆီမီး ၁၀၀၀ ဖြင့် ပူဇော်ကြသည်။ ရင်ပြင်တော်တစ်ခုလုံး ကြိတ်ကြိတ်တိုး စည်ကားသည်။ ထိုလူစုထဲတွင် ကျွန်တော် ထိပ်ထားဦးကို လိုက်ရှာသည်။ တွေ့ပါပြီ။ နဂါးရုပ်ရှားအပြန်တွေ့ရသော အမျိုးသားနှင့်ပင် ရယ်ရယ်မောမော ဆီမီးပူဇော်နေကြသည်။ ဆီမီးရောင်က သူမ နဂိုရှိရင်းစွဲအသားရောင်ကို ပို၍ တောက်ပစေသည်။ ထိပ်ထားဦးက ရွှေဝါရောင် သားမွေးလောင်းကွတ်ရှည်ကြီးကို ဝတ်ထားသည်။ ဒူးနှစ်ဖက်ကို ကျုံ့ကျုံ့ရုံ့ရုံ့ လေးထိုင်နေပုံက တစ်ပင်တိုင် က,တော့မည့်ဟန်။ လေသွဲ့၍ ခွေ့နေ့နေသော ဆီမီးများကို လက်ကလေးနှင့် ကာ၍ ထွန်းညှိနေပုံက ရှုမငြီးစရာ။ ပူဇော်ပွဲပြီးသော် နှစ်ဦးသား လက်ချင်းချိတ်၍ ရင်ပြင်တော်ပေါ်မှ စားသောက်ဆိုင်များဘက် ထွက်ခွာသွားကြသည်။

ထိပ်ထားဦးတို့အား ငေးကြည့်ရင်း ကျွန်တော် မလှုပ်မယှက်ရပ်နေမိသည်။ ထိပ်ထားဦးသည် ဘယ်လိုမိန်းမစားမျိုးနည်း။ ကျွန်တော် စဉ်းစား၍မရ။ ရင်ပြင်တော်ပေါ်ရှိ ယောက်ျားတိုင်းသည် ထိပ်ထားဦးအစ်ကိုနှင့် ဆင်တူသည့် လူတွေပေလော။

ထိုစဉ် ထိပ်ထားဦးတို့ကို ကျွန်တော်ကဲ့သို့ပင် ငေးမောကြည့်နေရှာသော ကိုတင်မောင်ထွေးက ကျွန်တော် ကြည့်နေမှန်းမြင်သွား၍ ရတ်ခြည်းဆိုသလို ဦးခေါင်းကိုငုံ့ကာ လူအုပ်ကြားထဲသို့ ရုတ်တရက်တိုးဝင်ပျောက်ကွယ်သွားရှာသည်။

နောက်တစ်နေ့ နံနက် ကျီးပါးစပ်သို့သွားရန် ထိပ်ထားဦးတို့ကို သွားမခေါ်တော့။ ခေါ်၍လည်းတွေ့မည် မထင်။ ကိုယ်တိုင်လည်း ဘယ်မှသွားချင်စိတ် မရှိတော့။ ထို့ကြောင့် အိပ်ရာထဲ၌သာ ခွေနေမိသည်။

တောင်ပေါ်တွင် သုံးည အိပ်၍ ကျွန်တော်တို့ ပြန်ဆင်းလာခဲ့သည်။ အလာတုန်းက ထိပ်ထားဦးနှင့် နားခဲ့သော ကျောက်သားခုံတွင် ကျွန်တော် တစ်ဦးတည်း နားနေရစ်သည်။ ဆရာနှစ်ဦးက ဆက်ဆင်းသွားသည်။

လာစဉ်ကကဲ့သို့ ရှုခင်းတို့သည် မလှတော့။ အရာအားလုံးသည် ကျွန်တော့်စိတ်သွင်တွင် အကျည်းတန်စွာ အရုပ်ဆိုးနေပြီး အထီးကျန်စွာနှင့် ပုပ်သိုးနေသည်။ အလှကင်းသော တောတောင်တို့ကို အဓိပ္ပာယ်မဲ့ ကျွန်တော် ငေးကြည့်နေမိသည်။

'ဟော အစ်ကို၊ သိပ်မောနေလား။ ခြေနာရင် ထိပ်ထားမှာ ပရုတ်ဆီဘူးပါတယ်၊ လိမ်းမလား'

ရုတ်တရက် ရှေ့၌လာရပ်သော ထိပ်ထားဦးကို အံ့ဩစွာ မော့ကြည့်လိုက်သည်။ လက်ထဲတွင် ပရုတ်ဆီဘူးကို ကိုင်၍ထားပြီး ထုံးစံအတိုင်း အသစ်အသစ်သော အမျိုးသားတစ်ဦးနှင့် လှပကြော့ရှင်းသည့် ထိပ်ထားဦး။

ထိပ်ထားဦးက ပြည့်ဖြိုးတင်းရင်း၍ အချိုးကျသော ခန္ဓာကိုယ်ပေါ်တွင် ဂျင်းဝမ်းဆက်ကို ပုံပန်းကျစွာ ဝတ်ဆင်၍ထားရာ ထိုအဝတ်အစားတို့က လှပသော သူမခန္ဓာကိုယ်ကို တိတိကျကျဖော်ညွှန်းပြသနေသလို ရှိသည်။

ကျွန်တော် လေးပင်စွာပင် ခေါင်းခါပြလိုက်မိသည်။

'ကဲ…ဒါဆို ထိပ်ထားဆင်းနှင့်မယ်၊ သွားပြီအစ်ကို'

တောင်ဖျံမလေးပမာ ထိပ်ထားဦးက သွက်လက်ဖျတ်လတ်စွာ ဆင်းသွားသည်။ သူတို့စုံတွဲအားကြည့်ရင်း ကျွန်တော်အတွေးကြွယ်ကာ ဆက်ထိုင်နေမိသည်။

ထိုစဉ်တောင်ပေါ်၌ အကောင်မျိုးစုံရောင်းချသော ဆိုင်မှ ဦးသိန်းအောင်ပြောသည့် တောင်ဖျံဆိုသောလူ တစ်စုကို သတိရလိုက်မိသည်။ ကျွန်တော်လည်း အလွန်လှပသော တောင်ဖျံမလေးတစ်ကောက်ကို ကျိုက်ထီးရိုးဘုရားဖူးလာရင်း အမှတ်မထင် ဆုံခဲ့မိသည်ထင်သည်။ သို့နှယ် တွေးထင်မိသည့်ခဏမှာပင် ကျွန်တော့်စိတ်ဝယ် စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။

ထိပ်ထားဦးအပေါ် ကျွန်တော် ထိုကဲ့သို့ မထင်ရက်နိုင်ပါ။ ထိုအတွေးပေါက်မိသည်ကိုပင် မိမိကိုယ်ကို အပြစ်တင်မိသည်။ ကျွန်တော့်ရင်တစ်ခုလုံး မွန်းကျပ်လာပြီး လှုမှာ နုံးချည့်၍လာပြန်သည်။

မကျွမ်းကျင်သော တောင်ကို တက်မိလေသဖြင့် ကျွန်တော် မောနေရပြီ…။ တက်လျှင် မောတတ်၍ ဆင်းလျှင် ချောတတ်လေသော အပြန်ခရီးကို ကျွန်တော် အဘယ်ကဲ့သို့ ပြန်ရပါလိမ့်။

အသွားခရီး၌ တက်ခဲ့ရလေသောတောင်တို့သည် အပြန်ခရီး၌ အဆင်းဖြစ်၍၊ အပြန်ခရီး၌ ဆင်းခဲ့ရသော တောင်တို့သည်လည်း အသွားခရီးအဖို့ အတက်ဖြစ်တတ်ပါချေသည်။ ■

**စိုးရန်နိုင်**


www.burmeseclassic.com



လူနာခုတင်ပေါ်က ကျုပ်အစ်ကို့ပုံစံကို ကြည့်လိုက်ရင်
နှာခေါင်းပိုက်၊ ဆီးပိုက်၊ လက်ဖျံနှစ်ဖက်စလုံးမှာလည်း
ဆေးပုလင်းချိတ်ထားတဲ့ပိုက်တွေ တိုးလိုးတန်းလန်းနဲ့
ရုပ်သေးကြိုးပြတ် လဲကျနေသလိုပါ
အသက်ကလေးမျှဉ်းမျှဉ်းရှူနေတာက လွဲလို့
ခန္ဓာကိုယ်တစ်ခုလုံး ရောင်ဖောနေတယ်
ဝမ်းပျက်တွေလည်း ခဏခဏသွားနေရဲ့
အစ်ကို့ကို ဆေးရုံတင်တာ ဒီနေ့ဆို ၁၀ ရက် မြောက်ပါပြီ

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ရိုးတောင်း သံစဉ်

**မောင်သစ်ကျိုင်း**

...ပြောရရင်တော့
ကျုပ်လည်း
...တယ်စိတ်ကောင်း
ပါ့မလဲဗျာ။
...ကိုယ့်အစ်ကိုအရင်း
...ခေါက်ခေါက်ကြီးဥစ္စာ။
ဒီကောင်ရှိလို့
လေးဆယ်ကျော်ပေါ့။
ဒီကောင့်ခန္ဓာကိုယ်ထဲမှာ
ရောဂါပေါင်းစုံကို
တစုတဝေးကြီး
သိုလှောင်ထားသလို
ဖြစ်သွားတာဗျ။
အခုတော့ မိုးလွန်မှ
ထွန်ချဆိုသလိုမျိုး
လွန်သွားပြီ။
ကျုပ်အစ်ကိုက
သမဦးစီးဌာနက
စာရင်းစစ်လေဗျာ။
ကျေးလက်သမဝါယမတွေ
စာရင်းစစ်သွားရင်
ယမကာလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com

ညှိခံတဲ့ ယဉ်ကျေးမှုကြီးက ထုံးစံဖြစ်နေပြီ။ ကြာတော့ အရက်စွဲသွားပြီး နေ့စဉ်သောက်ရင်းက အသည်းတစ်ခြမ်း မကောင်းတော့ဘူး။ နောက်ထပ် ဝါသနာတစ်ခုက စစ်တုရင် ကစားတာဗျ။ သိတယ် မဟုတ်လား၊ စစ်တုရင်ကစားပြီဆိုရင် တစ်ပွဲ တစ်ပွဲဆိုရင် အကြာကြီးလေ၊ ကျုပ်အစ်ကို ကစားပုံက တစ်နေကုန်နီးနီးပဲ၊ ထိုင်ရာမထလို့ဆိုရမယ်။ ထမင်းလည်း မစားဘူး။ အပေါ့အပါးလည်း ထ,မသွားဘူး။ ကြာတော့ ဆီးချုပ်၊ လေချုပ်တွေဖြစ်လို့၊ နောက်ပြီးဗျာ စစ်တုရင်တစ်ပွဲမပြီးခင် တွေးခေါ်စဉ်းစား အထောက်အကူပစ္စည်း စီးကရက်က ၅ လိပ်လောက်ကုန်သွားပြီ။ နောက်တစ်ခုက ဦးနှောက်။ ဦးနှောက်ကို တပင်တပန်းခိုင်းစေခဲ့လို့ အာရုံကြောတွေ မကောင်းတော့ဘူး။ အဆုတ်နဲ့ ပတ်သက်လို့ ဓာတ်မှန်ရိုက်ကြည့်တော့ အဆုတ်မှာ DOT ဆိုတဲ့ အစက်အပြောက်အမည်းကလေးတွေ တွေ့ရတယ်။ ရှင်းပါတယ်။ အဖြေက ကင်ဆာတဲ့။ အဆုတ်ကင်ဆာပေါ့။ ဖြစ်ပြီဟေ့ဆိုတာနဲ့ စနက်တံပြုတ်ထွက်သွားတဲ့ ဗုံးတစ်လုံးလို အစွမ်းကုန်ပေါက်ကွဲတော့တာပဲ။ ကျုပ်အစ်ကို မကြာခင်မှာဘဲ အိပ်ရာထဲ ဗုန်းဗုန်းလဲတာပဲ။ ဆရာဝန်ပင့်ပြီး အိမ်မှာတင် တစ်လလောက် ကုကြည့်တယ် မရဘူး။ ဒီတော့ ဆရာဝန်လည်း နောက်ကြောင်းလှည့်ပြန်သွားတယ်။ အိပ်ရာထဲမှာ လဲနေတဲ့ အစ်ကိုဟာ စကားမပြောနိုင်တော့ဘူး။ အာရုံကြောတွေ ဖောက်ပြန်တော့ လက်တွေ ကတုန်ကယင်နဲ့၊ ရှင်းရှင်းပြောရရင် အစ်ကို့အခြေအနေဟာ ဆရာဝန်မျက်စိနဲ့တောင် ကြည့်စရာမလိုဘူး။ ဟိုကောင် အေးဆောင်၊ သေစာရင်စာလောက်တတ်ပြီး အရပ်ထဲမှာ ရေစည်လှည်း ဆွဲနေတဲ့ကောင်ကတောင် အစ်ကို့ကို ငုံ့ကြည့်ပြီး ခေါင်းတွင်တွင် ခါယမ်းနေသေးတယ်။ ဒီတော့ ကျုပ်အစ်ကိုဟာ အဖြေထွက်ပြီးသား ပုစ္ဆာတစ်ပုဒ်ပဲ။ ကျုပ်တို့ ဘာလုပ်သင့်သလဲ။ အစ်ကို့ရဲ့ နောက်ဆုံးခရီးအတွက် ကြိုတင်ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ရှိတော့တယ်။ နေဦးဗျ၊ ဒါနဲ့တင် မပြီးသေးဘူး။ လူဆိုတာ ကိုယ့်ဝမ်းစာကိုယ်ရှာစားကြတာ မှန်ပေမဲ့ လက်လွှတ်စပယ်နေလို့မရတဲ့ ပတ်ဝန်းကျင်ဆိုတာကြီးက ရှိသေးတယ်။ အဲဒါကြီးကို စောင်းငဲ့ကြည့်နေရတာလည်း တစ်ဒုက္ခဗျ။

'ဦးလေး အကြံပေးချင်တာကတော့ ငါ့တူရယ်၊ မင်းအစ်ကိုကို ဆေးရုံတင်စေချင်တယ်။ သူ့ကံ၊ ကိုယ့်ကံဆိုတာ ရှိသေးတယ်လေ'

'ဟုတ်တယ်၊ မှန်တယ်'

'အန်တီက ခွေမျိုးလို သဘောထားလို့ ပြောတာနော်၊ ဆေးရုံမတင်ဖြစ်ဘဲ ဒီမှာတင် ဆုံးပါးသွားရင် သူတို့က ဆေးရုံမှမတင်ဘဲဆိုတဲ့ လက်ညှိုးတွေကလည်း အများကြီးနော်...'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

သူတို့ဘာသာ သူတို့ အဆိုတင်သွင်းကြ၊ သူတို့ဘာသာ သူတို့ ထောက်ခံကြနဲ့၊ မင်းတိုင်ပင်အမတ်တွေလို ပတ်ဝန်းကျင်က တစ်မှောင့်။ ကျုပ် ဆန္ဒကတော့ ဆေးရုံမတင်တော့ဘူး။ မရမှန်း သေချာနေတာကြီးကို အချိန်ကုန်၊ ငွေကုန်မခံချင်တော့ဘူး။ အဲဒီအချိန်နဲ့ငွေကို အစ်ကို့နောက်ဆုံးခရီးအတွက်သာ မဖြစ်သင့်ဘူးလား။ အဖြေထွက်ပြီးသား ပုစ္ဆာတစ်ပုဒ်ကိုနေရာရွှေ့ပြီး တွက်ချက်တော့လည်း ရလဒ်အဖြေက ပြောင်းသွားမှာမှမဟုတ်တာဗျ နော။ ဆေးရုံဆိုတာမျိုးကလည်း စားစရာမရှိရင်နေ၊ လျှော်စရာရှိရမယ့် နေရာတစ်ခုဗျ။ နောက်ပြီး အစ်ကို့ပုံစံကို ထောင့်စုံကြည့်လည်း မရတော့မှန်း သိလျက်နဲ့ ဆေးရုံတင်တော့ရော။ အဲဒီက အစ်ကို့ကို ဝေါက်ခနဲထ,ထိုင်နိုင်စေတဲ့ တန်ခိုးအာနုဘော်ရှိတာ ကျနေတာပဲ။ ဒါပေမဲ့ ကျုပ်ဆန္ဒတွေ လင်းလက်ခွင့်မရပါဘူးဗျာ။ ဂါရဝတရားကို ဥပေက္ခာပြုမရတဲ့ မြန်မာလူမျိုးဆိုတော့ ဟောငွေထုပ်ကိုကျောပိုးပြီး ရောက်လာတဲ့ရပ်ဝေးက ဝမ်းကွဲအစ်မကြီးက 'ဆေးရုံတင်လိုက်ပါ မောင်လေးရယ်' ဆိုတဲ့ တစ်ခွန်းတည်းနဲ့ ပွဲပြတ်သွားတယ်။ ဒီလိုနဲ့ အစ်ကို့ကို ဆေးရုံပို့တော့ ပထမဆုံးလာကြည့်တဲ့ဆရာဝန်က အစ်ကို့ရောဂါအခြေအနေကိုသိတော့ 'ခုမှ လာရသလား' ဆိုပြီး ကျုပ်ကို ဝေါက်ငမ်းလိုက် [illegible] ဝီခေါ်နေတာပဲဗျ။ အ[illegible] ကွင်းမှာဆိုတော့ဗျာ ကျု[illegible] မျက်နှာလေးကို ကြည့်[illegible] ဆိုရင် ဆီးရွက်ထက်ေ[illegible] ငယ်နေဦးမယ် ထင်တ[illegible] ဒါပေမဲ့ ကျုပ် ပြန်စဉ်း[illegible] ကြည့်တော့ 'သြော် ဆရာ[illegible] က ကရုဏာဒေါသော[illegible] ဝေါက်တာနေမှာ ပါလို့၊ [illegible] ဆရာဝန့်စိတ်ထဲမှာ အစ်[illegible] ဟာ အသက်ရှင်ဖို့ လမ်း[illegible] လူမှန်း သိမှာပါ။ ဒါ[illegible] ကျုပ်တို့ ကာယကံရှင်တွေ[illegible] လိုက်လျောတာလား၊ [illegible] မဟုတ် သူတို့ရဲ့တာဝ[illegible] ကျင့်ဝတ်လား မပြောတ[illegible] အစ်ကို့ကို ဖျားနာဆောင်[illegible] လူနာတွေ အများကြီးထ[illegible] Hall Room ကြီးရဲ့ အနော[illegible] ဘက်က တစ်နေ့တစ်သော[illegible] ပေးရတဲ့ အထူးခန်းဆိုတဲ့အ[illegible] မှာ နေရာချပေးလိုက်တ[illegible] ကျုပ်ကတော့ လူနာစောင့်[illegible] ပြောမလား၊ သေလူစောင့်[illegible] ပြောရမလား မသိတော့ပါ[illegible] ဗျာ။ အထူးခန်းထဲက လူ[illegible] ခုတင်ပေါ်က ကျုပ်အစ်[illegible] ကတော့ ဘာအသိမှ မ[illegible] ကပ်တော့ပေမဲ့ ဇီဝလက်[illegible] ကလေးနဲ့ အသက်မျှင်းမျှ[illegible] ရှူနေပါသေးတယ်။ အစ်[illegible] အတွက် ဆက်လက်ရှင်သ[illegible] အနာဂတ် သက္ကရာဇ် ဘ[illegible] လောက်ကျန်သေးသလဲဆို[illegible] ကိုတော့ သေခြင်းတရားက[illegible] သိနိုင်တော့မှာပါ။

❑

မနက်လင်းတော့ မ[illegible] ညက အိပ်မက်ခြင်းကို [illegible] ရှင်းပြတ်စဲထားတဲ့ မျက်[illegible] ကျိန်းစပ်နီကြင်နေ[illegible] အစ်ကို့ဆီကနေ [illegible]ယားကျ[illegible]



www.burmeseclassic.com

www.burmeseclassic.com

လေသယ်ဆောင်လာတဲ့ ဝမ်းပျက်အနံ့တွေကို ရှူရှိုက်ရင်း တစ်ညလုံး ငုတ်တုတ်ထိုင်ခဲ့ရတယ်။ အစ်ကို့နားကိုလည်း အကြိမ်ပေါင်းများစွာ သွားကြည့်ပြီး အစ်ကို အသက်ရှူနေသေးလား။ မရှူတော့ဘူးလားဆိုတာကို စစ်ဆေးရတာလည်း အမောပါပဲ။ အခုနက်လင်းတော့လည်း အစ်ကို အသက်ရှူ မရှူ အရင်ကြည့်ရတယ်။ အစ်ကို အသက်ရှူတုန်း၊ အစ်ကို မသေသေးပါဘူး။ ဒီတော့ ကျုပ် ဘာလုပ်ရမလဲ၊ တာဝန်ကျဆရာဝန်၊ ဆရာမတွေ Round မလှည့်ခင် ရေနွေးရှိနေဖို့ လိုတယ်။ ဆေးထိုးအပ်တွေစိမ်ဖို့ တခြားကိုင်တွယ်ပစ္စည်းတွေ ဆေးကြောဖို့ ရေနွေး အရန်သင့်ရှိနေရမယ်။ ဒီတော့ ကျုပ် ရေနွေးဝယ်ရမယ်။ တချို့လူနာစောင့်တွေ ဓာတ်ဘူးလေးတွေ ကိုယ်စီကိုင်ပြီး အပြင်ထွက်သွားတာမြင်တော့ ကျုပ်လည်း ဓာတ်ဘူးကိုင်ပြီး သူတို့နောက်ကို လိုက်ရတယ်ပေါ့။ ဟုတ်တယ်လေ၊ ကျုပ်က ဆေးရုံကို လူနာစောင့်အဖြစ် ရောက်တာ မနေ့ကမှ။ ဒီတော့ ကျုပ် ဘယ်မှာ ရေနွေးဝယ်ရမှန်း မသိဘူး။ ဒါနဲ့ ကျုပ်လည်း လူနာစောင့်တစ်ယောက်နောက်က အသာအပ်လိုက်သွားတယ်။ ဝဲယာမှာ လူနာခုတင်တွေ အများကြီးထားတဲ့ ဖျားနာဆောင်ဆိုတဲ့ Hall Room ကြီးကို ဖြတ်ရတယ်။ ခုတင်တချို့ဆီက ညည်းညူသံတွေ၊ အပြေးအလွှား အသက်ရှူသံတွေ ကြားနေရသလို တချို့ခုတင်တွေဆီကတော့ လူနာရဲ့ ရာသီဥတုကြည်လင်တိုးတက်လာလို့ မိသားစုရဲ့ဆည်းလည်းခတ်သံလေးတွေလည်း ကြားနေရတယ်။ ဆေးရုံကြီးရဲ့ အလယ်ပေါက်ကနေ ထွက်လိုက်တော့ မလှမ်းမကမ်းမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၊ သေသေချာချာလှည့်ပတ်ကြည့်လိုက်မယ်ဆိုရင် ဟောဒီဆေးရုံပရဝဏ်ကြီးတစ်ခုလုံးထဲမှာ လက်ဖက်ရည်ဆိုင်ဆိုလို့ အဲဒီတစ်ဆိုင်ပဲ ရှိတယ်။ လက်ဖက်ရည်ဆိုင်ရဲ့ ညာဘက်ထောင့်မှာ အလျှံညီးညီးတောက်လောင်နေတဲ့ မီးညွန့်မီးလျှံတွေကို ဖင်ခုထိုင်ထားတဲ့ ဘွိုင်လာအိုးမည်းမည်းကြီးက အငွေ့တထောင်းထောင်းထလို့၊ တွေ့ပါပြီဗျာ၊ ဓာတ်ဘူးလေးတွေကို ဘွိုင်လာအိုးကြီးနဲ့ မလှမ်းမကမ်းက မြေပြင်ပေါ်မှာ တန်းစီချထားကြလေရဲ့။ သဘောကတော့ အရင်ရောက်တဲ့လူရဲ့ ဓာတ်ဘူးက ရှေ့က၊ နောက်ရောက်တဲ့လူရဲ့ ဓာတ်ဘူးက နောက်ကပေါ့။ ဓာတ်ဘူးတွေထဲကို ဘွိုင်လာအိုးကြီးထဲကနေ ရေနွေးတွေ ခပ်ထည့်ပေးနေတဲ့ လူကြီးကလည်း ဘွိုင်လာအိုးကြီးလို မည်းမည်းဝဝကြီး၊ အင်္ကျီဗလာကျင်းထားတဲ့ ခန္ဓာကိုယ် အထက်ပိုင်းတစ်ခုလုံး ချွေးတွေသံတွေနဲ့ ပြောင်လက်နေတယ်။ အဲဒီအချိန်မှာ ဆေးရုံအဆောက်အဦဘက်ကနေ လူတစ်ယောက် ကျုပ်တို့ရှိတဲ့ဘက်ကို ရောက်လာတယ်။ လူပုံက ပိန်ပိန်ပါးပါး၊ မျက်တွင်းက ဟောက်ပက်၊ နားထင်တွေ၊ ပါးချောင်တွေလည်း ခွက်ဝင်နေတယ်။ ခုနက ရေနွေးခပ်ထည့်ပေးနေတဲ့ လူကြီးက မျက်တွင်းဟောက်ပက်နဲ့ လူကိုလည်းမြင်ရော ရေနွေးခပ်တဲ့အလုပ်ကို ရပ်လိုက်ပြီး–

'ဟေ့ကောင် ညွန့်ရှိန် လုပ်စမ်းပါဦးကွ၊ သတင်းလေး၊ ပုလင်းလေး'

အဲသလို မေးခွန်းတစ်ခုနဲ့ ဆီးကြိုလိုက်တယ်။ မျက်တွင်းဟောက်ပက်နဲ့လူက သူ့ရဲ့နီဖန့်ဖန့်မျက်လုံးတွေကို လက်ဖဝါးနဲ့ ခပ်ကြမ်းကြမ်း ပွတ်သပ်ပြီးမှ–

'ဒီမှာ ဦးလှဆောင် သတင်းဦး၊ သတင်းထူးဆိုတာ နိုင်ငံခြားမှာဆိုရင် ဒေါ်လာသန်းချီ ရတာဗျ။ ခင်ဗျား ဒါကို သဘောပေါက်မှာပါ ဟဲဟဲဟဲ'

'မင်းကလည်း ဈေးကိုင်လိုက်တာ ညွန့်ရှိန်ရာ၊ ငါ ဘယ်တုန်းက လက်တွန့်ဖူးလို့လဲ၊ လှဆောင်ဆိုတဲ့ကောင်က ရှေ့ ပတ္တမြား၊ ရှေ့ နဂါးပါကွ'

သူတို့စကားတွေအရ ဦးလှဆောင်ဆိုတဲ့ လူကြီးက လက်ဖက်ရည်ဆိုင်ရှင်ဖြစ်ပုံရပါတယ်။ သူတို့နှစ်ယောက် အပြန်အလှန် ပြောနေတဲ့ စကားတွေကို ကျုပ် ကြားနေရပေမဲ့ ဘယ်အကြောင်းအရာကို ဦးတည်နေတယ်ဆိုတာ မသိပါဘူး။ ကျုပ် ဓာတ်ဘူးထဲမှာ ရေနွေး မရောက်သေးလို့သာ ရပ်စောင့်နေရတာပါ။ မျက်တွင်းဟောက်ပက်နဲ့ ညွန့်ရှိန် ဆိုသူက–

'ဟား ဟား ဟား ဟား၊ ကျုပ်ကလည်း ခင်ဗျားကို ကျီစယ်နေတာပါဗျာ။ မနေ့ညက အခြေအနေကောင်းပါတယ်ဗျ၊ မန္တလေးပြန် ဘုရားဖူးကားတစ်စင်း မြို့ထွက်မှာ အက်ဆီးဒင့်ဖြစ်ပြီး မှောက်သွားတယ်ဗျ၊ ညတစ်နာရီလောက်မှာပေါ့၊ ဒီကိုရောက်လာတာက အတွင်းလူနာ ၅ ယောက်နဲ့ အပြင်လူနာ ၇ ယောက်ဗျ'

ညွန့်ရှိန်ပြောတဲ့ သတင်းဟာ မင်္ဂလာသတင်း မဟုတ်ဘူးဗျ၊ အ,မင်္ဂလာသတင်း၊ ဒုက္ခ၊ သုက္ခတွေနဲ့ ရောက်လာကြတာကို ဘာလို့ အခြေအနေကောင်းတယ်လို့ ပြောရတာလဲ။

'အေးကွာ၊ ကျေးဇူးပဲ ညွန့်ရှိန်၊ ရော့ကွာ နှစ်ထောင်'

အတွင်းလူနာနဲ့ အပြင်လူနာ အရေအတွက်ကို ကိန်းဂဏန်းဖွဲ့ပြီး ညွန့်ရှိန်က သတင်းပေးလိုက်တာနဲ့ ဦးလှဆောင်က ငွေ နှစ်ထောင် ထုတ်ပေးလိုက်တယ်။ ဒါ သတင်းအရောင်းအဝယ်လား။

'ဩော် နေဦး ညွန့်ရှိန်၊ ဒီညလည်း မင်း ဂျူတီပဲလား'

'မဟုတ်ဘူးဗျ၊ ကျုပ်ဂျူတီက နက်ဖြန်ညမှ ပြန်ဝင်ရမှာ။ ကျုပ်တို့ ဆေးရုံပေါ်က ညစောင့်သမားတွေလည်း အရင်လို မချောင်တော့ဘူးဗျ။ ဆေးရုံအုပ်ကြီးက မထင်ရင် မထင်သလို ညဥ့်နက်သန်းခေါင်တောင် လာစစ်တာ'

ညွန့်ရှိန်ပြောပုံအရ ဆိုရင် သူဟာ ဆေးရုံကြီးဂိတ် ညစောင့်သမားပဲ။ ဒါကြောင့် လူနာအဝင်အထွက် ဘာ...



www.burmeseclassic.com

www.burmeseclassic.com

လောက်ဆိုတာကို သိနေတာ။ ကျုပ် ဘာမဆိုင် ညာမဆိုင် သူတို့စကား အသွားအလာတွေကို လိုက်စဉ်းစားကြည့်မိတယ်။ ကျုပ် ဦးနှောက်ထဲမှာ အတွေးအမျှင်တွေ စုန်ချည်ဆန်ချည် လွန်းထိုးလို့၊ မိနစ် ၂၀ လောက် စဉ်းစားကြည့်ပြီး အဖြေလည်းရရော ကျုပ် တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲ ထ,သွားတယ်ဗျ။ ဟုတ်တယ်၊ အတော် ယုတ်မာတဲ့ လူနှစ်ယောက်ဗျ။ ဒီလိုလေဗျာ၊ ဦးလှဆောင်ရဲ့ လက်ဖက်ရည်ဆိုင်က ဒီဆေးရုံမှာ သူတစ်ဆိုင်ပဲ ရှိတာ။ လက်ဖက်ရည်ဆိုင် ရောင်းအားကောင်းဖို့ဆိုတာ ဒီဆေးရုံကြီးကို အမှီသဟဲပြုနေရတာ မဟုတ်လား။ ဆေးရုံမှာ လူနာတွေများများရောက်လာမှ လူနာစောင့်တွေ၊ အသိမိတ်ဆွေတွေကို သူ့ဆိုင်က ရောင်းရမှာလေ။ ဒီတော့ မစည်ကားအပ်တဲ့နေရာကို စည်ကားအောင်လို့ မျှော်လင့်နေတဲ့ ဦးလှဆောင်ရဲ့ အတ္တမနောမှာ အကုသိုလ်တွေ တွဲလဲခိုနေပြီး၊ ဟိုကောင် ညွန့်ရှိန်ဆိုတဲ့ ဆေးရုံသန့်ရှင်းရေးသမားကလည်း အကုသိုလ်ကောင်ပဲဗျ၊ သူက လူနာဝင်မှ အုပါရှင်မယ့်ကောင်ဆိုတော့ ရောက်လာသမျှ လူနာအရေအတွက်ကို သတင်းအဖြစ် ဦးလှဆောင်ကို ပိုက်ဆံနဲ့ရောင်းတာ။ ဆေးရုံဆိုတာ အစကတည်းကိုက ဒုက္ခတွေ၊ ပရိဒေဝတွေ၊ သောကတွေ ပြည့်နှက်နေရတဲ့အထဲ ဒီလို ကိုယ်ကျင့်တရား ဖောက်ပြန်နေတဲ့ ဦးလှဆောင်လို၊ ညွန့်ရှိန်လို လူတွေ စီးပွားရှာနေတာ ကျက်သရေမဲ့လှသဗျာ။ သေချာတွေးကြည့်ရင် သူတို့အလုပ်က ကြက်သတ်၊ ဝက်သတ်လုပ်နေတာထက်တောင် ဆိုးရွားနေသေးတယ်။ အကုသိုလ်ချင်းအတူတူ သူတို့က ခေါင်းတစ်လုံး ပိုမြင့်နေတယ်။ ကျုပ် ကြက်သီးထ,တယ်ဆိုတာ အဲသလို တွေးမိလို့ဗျ၊ ကျုပ် ဓာတ်ဘူးထဲ ရေနွေးမြန်မြန်ထည့်ပါစေလို့ ဆုတောင်းနေရတယ်။ ဟုတ်တယ်၊ ကျုပ် ဒီနေရာကနေ လှည့်ထွက်ချင်ပြီလေ။

❑

လူနာခုတင်ပေါ်က ကျုပ်အစ်ကို့ပုံစံကို ကြည့်လိုက်ရင် နှာခေါင်းပိုက်၊ ဆီးပိုက်၊ လက်ဖျံနှစ်ဖက်စလုံးမှာလည်း ဆေးပုလင်းချိတ်ထားတဲ့ပိုက်တွေ တိုးလိုးတန်းလန်းနဲ့ ရုပ်သေးကြိုးပြတ်လဲကျနေသလိုပါ။ အသက်ကလေးမျှင်းမျှင်းရှူနေတာက လွဲလို့ ခန္ဓာကိုယ်တစ်ခုလုံး ရောင်ဖောနေတယ်။ ဝမ်းပျက်တွေလည်း ခဏခဏသွားနေရဲ့။ အစ်ကို့ကို ဆေးရုံတင်တာ ဒီနေ့ဆို ၁၀ ရက်မြောက်ပါပြီ။ ဟောဒီ အထူးခန်းထဲမှာ နေ့စဉ် ဝင်ထွက်ကုသနေကြတဲ့ ဆရာဝန်၊ ဆရာမတွေရဲ့ ပုံစံဟာ ပရိဂရမ်အတိုင်း ရွေ့လျားနေတဲ့ စက်ရုပ်တွေလိုပါပဲ။ လူနာရှင်ကျုပ်ကိုလည်း ကနေ့အထိ လူနာအခြေအနေကို တစ်ခွန်းတစ်ပါဒမျှ ပြောဆိုမှု မရှိကြပါ။ သူတို့အားလုံး ဒီပုစ္ဆာကို တွက်ချက်ပြီးသား ဖြစ်ပါလိမ့်မယ်။ တာဝန်အရ၊ ဝတ္တရားအရလား မသိပါဘူး။ ဝင်ထွက်ကုသနေတာတော့ အမှန်ပဲ။ ဒါပေမဲ့ ကျုပ်ကို ပြောစရာမလိုအပ်လို့ မပြောတာလည်း ဖြစ်နိုင်ပါတယ်။ မျှော်လင့်ချက်ရှိတဲ့ လူနာသာဆိုရင် ကျုပ်ကိုယ်တိုင် လူနာရဲ့ ဝေယျာဝစ္စတွေ နေ့စဉ် ရှုပ်ထွေးနေမှာပေါ့။ အခုတော့ ကျုပ်မှာ ဘာဝေယျာဝစ္စမှ မရှိဘူး။ ဆရာဝန်တွေကလည်း မညွှန်ကြားဘူး။ အစ်ကိုတစ်ယောက် အသက်ထွက်မယ့်အချိန်ကို စောင့်နေရတဲ့ ညီတစ်ယောက်ရဲ့ စိတ်ခံစားမှုမှာတော့ လေပြည်လေညင်း ဘယ်တိုက်ခတ်နိုင်ပါ့မလဲ။ ဒီလိုနဲ့ ညတွေဟာ ကျုပ်အတွက် စိတ္တဇဆန်လာတယ်။

နေ့ခင်းဘက်တွေမှာသာ လူနာသတင်းမေး မိတ်ဆွေတွေနဲ့ အခန်းထဲမှာ သိုက်သိုက်ဝန်းဝန်းရှိပေမဲ့ ညရောက်ပြီဆိုရင် ကျုပ်နဲ့ ကျုပ်အစ်ကိုနှစ်ယောက်ဆိုပေမဲ့ ကျုပ်တစ်ယောက်တည်းလို့ ခံစားရတာ။ လူနာခုတင်ပေါ်က ကျုပ်အစ်ကိုက ဘာမှ မရှိတော့တဲ့လူတစ်ယောက်လေ။ အိပ်စက်မှုနဲ့ ကင်းကွာတာတွေများလာတော့ ကျုပ် အရက်သောက်ပြီး အိပ်ပစ်ရတယ်။ ကျုပ် အိပ်သည်ဖြစ်စေ၊ မအိပ်သည်ဖြစ်စေ အစ်ကို့အတွက် ဘာပြောင်းလဲမှုမှ မရှိဘူး။ မနက်လင်းတာနဲ့ ကျုပ်တာဝန်က အစ်ကို့ဆီးပြေးပြီး အသက်ရှူ၊ မရှူ စစ်ဆေးရတယ်။ အစ်ကို မသေသေးပါဘူး၊ အသက်ရှူနေတုန်း ထုံးစံအတိုင်း ဆရာဝန် မလာခင် ရေနွေးဓာတ်ဘူး ကောက်ကိုင်ပြီး ကျုပ် မျို့တဲ့အရပ်ဆီ ရေနွေးသွား ဝယ်ရဦးမယ်။ မီးညွန့်မီး တွေ တောက်နေတဲ့ ဘွိုင် အိုးကြီးဘေးမှာ လောင် မှုတွေနဲ့ ဦးလှဆောင်ကို ရတယ်။ သူ့တစ်ကိုယ်လုံး လောဘ၊ မောဟမီး တောက်လို့၊ မည်းပြောင် အသားအရေမှာ ချွေးသံ က မြင်မကောင်းလော အောင် နစ်နေတယ်။ ဓာတ်ဘူးကို ရေနွေး အပြီးမှာ-

'လူနာနဲ့ ဘာတော် လဲ'

ကျုပ်ကို ရေနွေး သည်ဖြစ်လို့လား၊ ဒါမှမဟု ဆေးရုံမှာ ရက်ကလေး လာလို့ မျက်မှန်းတန်း သဘောလား မပြောတ မေးတဲ့သံစဉ်က ကောင်း ကထိုးကျလာသလို အ စီးဆန်တယ်။ ကျုပ်ဆီ လည်း ခပ်ပြတ်ပြတ် ခ တိုပါပဲ။

'အစ်ကို'

'ဩော် သိပြီ၊ သိ ဖျားနာဆောင်ရဲ့ အနော ဘက်က အထူးခန်းမှာ တဲ့ ပေးရှင့်ထင်တယ်။ ကမှ အလုပ်သင်ဆရာ လေး ငါ့ဆီကို လက်ဖက် လာသောက်တုန်းက လူ တွေအကြောင်း စကား ရာက မင်းအစ်ကိုအကြော ရောက်သွားတယ်။ အ အလုပ်သင်ဆရာဝန်လေ ဆရာဝန်ကြီးတွေ R လှည့်ပြီး လူ ကြည့်တို



www.burmeseclassic.com

www.burmeseclassic.com

ပါဘယ်လေကွာ၊ ငါကိုယ်တိုင်လည်း ဒီဆေးရုံက ဝန်ထမ်းဟောင်းတစ်ဦးပဲ။ အလုပ်သင်ဆရာဝန်လေး ပြောပြချက်နဲ့ ငါ့အတွေ့အကြုံကို ပေါင်းစပ်ပြီးပြောရရင်တော့ မင်းအစ်ကို သေမှာပဲကွ'

'ဗျာ'

ကျုပ်နှုတ်ဖျားက ခုန်ထွက်သွားတဲ့ အာမေဍိတ်သံရဲ့ အဓိပ္ပာယ်ဟာ ဦးလှဆောင်ပြောတဲ့ 'မင်းအစ်ကိုသေမှာပဲကွ'ဆိုတဲ့အသံကြောင့် ထိတ်လန့်တုန်လှုပ်သွားတဲ့ အာမေဍိတ်မဟုတ်ပါ။ ကျုပ်တို့အားလုံး အစ်ကိုသေမှာကို ဆေးရုံမတင်ခင်ကတည်းက သိပြီးသားပါ။ ဘာတုန်လှုပ်ရာရှိလို့လဲ။ ဒါပေမဲ့ ကျုပ်က ညီအရင်းခေါက်ခေါက်ကြီးလေဗျာ။ ဦးလှဆောင်ရဲ့ အသွယ်အဝိုက်မပါ၊ သိမ်မွေ့မှုမပါ၊ ပါးနပ်မှုမပါဘဲ လူမှုရေးစည်းကို နင်းခြေပြီး ခပ်ရင့်ရင့် ခပ်ရဲရဲပြောလိုက်တဲ့အပေါ်မှာ ကျုပ်ရဲ့ အံ့ဩမှုနဲ့ ဒေါသတချို့ ပူးပေါင်းသွားတဲ့ အာမေဍိတ်ဗျ။ လူနာရဲ့ညီအရင်းတစ်ယောက်ကို ဒီလိုမျိုးပြောသင့် မပြောသင့်ဆိုတာတောင် ချင့်ချိန်မှုမရှိတဲ့ နှလုံးရည်နိမ့်ကျနေတယ်။ ကျုပ် အတော့်ကို စိတ်တိုသွားပြီး-

'ဒီမှာ ဦးလေး၊ ကျုပ်အစ်ကို သေမှာကို ခင်ဗျားမပြောခင် တစ်လလောက်ကတည်းက ကြိုသိပြီးသားဗျ၊ ဒါကို ခင်ဗျားက အတွေ့အကြုံတွေ ဘာတွေနဲ့ မဏ္ဍပ်တိုင်တက်ပြီး ပြောနေစရာမလိုပါဘူး။ ကျုပ် ကုန်ကုန်ပြောမယ်ဗျာ။ လူစိတ်နည်းနည်းရှိတဲ့ တိရစ္ဆာန်တစ်ကောင်တောင် ကျုပ်အစ်ကိုရဲ့ အနေအထားကို အဖြေထွက်ပြီးသား။ ခင်ဗျားပြောမှ မဟုတ်ဘူးဆိုတာ နားလည်ထားစမ်းပါ'

ကျုပ် ဦးလှဆောင်ကို ဒေါသအလျောက် ပြောမိတဲ့ သံစဉ်တွေက ရင့်သီးခက်ထန်သွားမှန်းသိပါတယ်။ ဒါပေမဲ့ ဒီလိုပြောမှ ဒီလိုသိမယ့်လူတွေ အများကြီး။ သူ့လို တတိယအရွယ်လူက သေခြင်းတရားဆိုတာ လူတိုင်းလူတိုင်း တစ်နေ့မှာ ဝတ်ဆင်ရမယ့် ယူနီဖောင်းဆိုတာ မသိရှာလေသလား၊ တကယ်တော့ လူဆိုတာ သံဝေဂရဲ့ အရိပ်အာဝါသအောက်မှာ ထာဝရ နားခိုနိုင်အောင် ကြိုးစားရဦးမှာ မဟုတ်လား။

❑

ဒီနေ့ အစ်ကို့ကို ဆေးရုံတင်တာ ၁၁ ရက်မြောက်နေ့ပဲဗျ။ အချိန်ဆိုတာကလည်း ဖင်လှည့် ခေါင်းလှည့်နဲ့ ကုန်မှန်းမသိ ကုန်သွားတယ်။ အခန်းထဲမှာ ကျုပ်နဲ့ လူနာမေးမိတ်ဆွေ နှစ်ယောက် စကားပြောနေတုန်း အထွေထွေအထူးကုဆရာဝန်ကြီးနဲ့ ဆရာ၊ ဆရာမတွေရောက်လာလို့ ကျုပ်တို့ မတ်တတ်ထ,ရပ်လိုက်ကြတယ်၊ ဆရာဝန်ကြီးက ဘာပြောသလဲဆိုတော့-

'ကဲဗျာ၊ လူနာရဲ့ ကျောရိုးခြင်ဆီကို ဖောက်စစ်ရမှာမို့လို့ ခင်ဗျားတို့အားလုံး အပြင်ထွက်ပေးကြပါ'

ဆရာဝန်ကြီးရဲ့ စကားအတိုင်း ကျုပ်နဲ့ ညည့်သည်နှစ်ယောက် အပြင်ထွက်ပေးလိုက်တယ်။ လူနာရဲ့ ကျောရိုးခြင်ဆီကို ဖောက်စစ်တာဆိုရင် ဒါဟာ ကုသမှုရဲ့ နောက်ဆုံးအဆင့်လို့ ကျုပ်ထင်မိတယ်။ ဘာပဲဖြစ်နေဖြစ်နေ ဒီတစ်ခါတော့ အစ်ကို့အခန်းထဲကနေ ဆရာဝန်ကြီးတွေ ပြန်ထွက်လာရင် ကျုပ် တစ်ခုခုကို မေးဖို့ ဆုံးဖြတ်ပြီးပါပြီ။ လူနာမေးတဲ့ညည့်သည် နှစ်ယောက် ကျုပ်ကို နှုတ်ဆက်ပြီး ပြန်သွားလို့ မကြာခင်မှာ အခန်းတံခါးပွင့်လာပြီး အထွေထွေအထူးကုဆရာဝန်ကြီးတို့ ထွက်လာကြတယ်၊ ကျုပ်လည်း ဆရာဝန်ကြီးနဲ့ မျက်နှာချင်းဆိုင်မှာ တရိုတသေ ရပ်ပြီး-

'ဆရာဝန်ကြီးခင်ဗျား၊ ကျွန်တော့်အစ်ကိုရဲ့ အခြေအနေလေး သိပါရစေခင်ဗျ'

ကျုပ်ရဲ့ မေးခွန်းက မသိချင်ယောင်ဆောင်မေးရသလိုပါ။ ဝတ္တရားဆိုပါစို့၊ ဆေးရုံစ,တက်ပြီဆိုကတည်း အစ်ကိုနဲ့ပတ်သက်တဲ့ Phobia History ကို ဘယ်ဆရာဝန်မှ မပြောလို့ ဖွင့်မေးရတာပါ။ ဆရာဝန်ကြီးကလည်း ကျုပ်ကို စကားလုံး ကျစ်ကျစ်လျစ်လျစ်ကလေးပဲ ပြန်ဖြေပါတယ်။

'အိမ်ပြန်ခေါ်သွားလို့ ရပါပြီ'

တကယ်တော့ ကျုပ် လိုချင်တဲ့အဖြေက ဒါပဲဗျ။ ဒီအဖြေကို ၁၁ ရက်ကြာမှ ရတာလေ။ ပန်းတိုင်ဆိုတာ အောင်မြင်မှုရဲ့ နောက်ဆုံးရလဒ်ဆိုပေမဲ့ ကျရှုံးခြင်းမှာလည်း ပန်းတိုင်ရှိပါတယ်။ ဒီစကားဟာ ကိုးရိုးကားရားနိုင်ချင်နိုင်နေလိမ့်မယ်။ ဒါပေမဲ့ လူဆိုတာ မွေးကတည်းက အောင်မြင်ခြင်းပန်းတိုင်နဲ့ ကျရှုံးခြင်းပန်းတိုင်ကို သွားနေကြသူတွေချည်းပါပဲ။ အဲဒီပန်းတိုင်နှစ်ခုရဲ့ ကွာခြားချက်ကတော့ နီးခြင်းနဲ့ ဝေးခြင်းပါပဲ။ အိမ်ပြန်ခေါ်သွားလို့ရပါပြီလို့ ဆရာဝန်ကြီးပြောတဲ့အချိန်အထိ ကျုပ်အစ်ကို မသေသေးပါဘူး။ ဇီဝခေတ် တိုရေရှားရေကလေးနဲ့ အသက်မျှဉ်းမျှဉ်း ရှူနေဆဲပါ။ ဆေးရုံက ထွက်ခွာခွင့်ရတာနဲ့ မိသားစုကို အကြောင်းကြားလိုက်တယ်။ သိပ်မကြာခင်မှာဘဲ ဟိုင်းလက်ကားတစ်စီး ရောက်လာတယ်။ ဒီကားက လူစီးဘတ်(စ)ကားပါ။ လူနာကို သယ်ဖို့ ဘယ်လောက် မတန်တဆဈေးနဲ့ ငှားခဲ့မှန်း မသိဘူး။ အသက်မထွက်သေးတဲ့ လူနာမို့သာ အငှားလိုက်လာတာ၊ အလောင်းဆိုရင် ဒီကားဘယ်လိုက်လိမ့်မတုံး။ ကားသမားတွေမှာလည်း သူ့အယူအဆ၊ သူ့ဥပါဒန်နဲ့ သူလေ။ ဒရိုင်ဘာအပြင် သူငယ်ချင်းလေးယောက် လိုက်လာတယ်။ သာမန်ထက် ရောင်ကိုင်းနေတဲ့အစ်ကို့ကို ကျုပ်တို့ လေးယောက် မ,ရတယ်။ တစ်ယောက်က ဆေးချိတ်ထားတဲ့ပုလင်းနဲ့ ပိုက်တွေကို အလိုက်သင့်ကိုင်ထားပြီး ရွှေလျားရတယ်။ ဖျားနာဆောင် (Hall Room) ကြီးရဲ့ လူနာခုတင်တွေကြားကနေ အစ်ကို့ကို သယ်ထုတ်ရတာ

www.burmeseclassic.com

ပေါ့။ ခုတင်ပေါ်က လူနာတွေရော၊ လူနာစောင့်တွေအားလုံးလိုလို ကျုပ်တို့ကို ဝိုင်းကြည့်နေကြတယ်။ သူတို့အားလုံးရဲ့ အတွေးထဲမှာ တူညီနေမယ့် အချက်တစ်ချက်ကတော့ လူနာတစ်ယောက် ဆေးရုံပေါ်တင် ဆုံးပါးသွားလို့ သယ်ထုတ်လာတယ် ထင်ကြမှာ။ တကယ်က အစ်ကို မသေသေးပါဘူး။ ကျုပ်တို့ အစ်ကို့ ခန္ဓာကိုယ်ကြီးကို ခက်ခက်ခဲခဲ သယ်လာချိန်မှာ-

'ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော..'

နှစ်ဆယ့်လေးပစ္စည်း၊ ပဋ္ဌာန်းဒေသနာတော်ကို စီဒီနဲ့ ဖွင့်ထားတဲ့အသံက ကျုပ် နားစည်ထဲကို တိုးဝင်လာတယ်။ ဘယ်ကလာတဲ့ အသံမှန်းတော့ ကျုပ် မသိဘူး။ ဘာပဲဖြစ်ဖြစ် ဒီပဋ္ဌာန်းဒေသနာတော်အသံဟာ ဒီနေရာ၊ ဒီဌာနနဲ့ အံဝင်ခွင်ကျအဖြစ်ဆုံး ဓမ္မသံစဉ်တစ်ခု၊ အသက်မျှင်းမျှင်းကလေးရှုနေတဲ့ အစ်ကို့နားထဲကိုလည်း အဲဒီ ဓမ္မသံစဉ်တွေက မိမိရရ ဝင်ရောက်သွားပါစေလို့လည်း ကျုပ် ဆုတောင်းနေမိတယ်။ ဆေးရုံအဆောက်အဦကြီးရဲ့ ထွက်ပေါက်ကိုရောက်တာနဲ့ ဟိုင်းလက်ကားကလေးကို မြင်နေရပါပြီ။ ဒါပေမဲ့ ဒီနေရာကို ကျုပ် ခတ်ဘူးကလေးကိုင်ပြီး ထွက်လာတိုင်း ထင်ထင်ရှားရှားမြင်နေရတဲ့ အငွေ့တထောင်းထောင်းနဲ့ ဘွိုင်လာအိုးမည်းကြီးကို မီးတောက်မီးလျှံမရှိတဲ့ ဖိုပေါ်မှာ ပကတိ မလှုပ်မယှက် တွေ့ရတယ်။

အစောက ကြားခဲ့ရတဲ့ ပဋ္ဌာန်းဒေသနာတော်ဖွင့်သံဟာလည်း ဦးလှဆောင်ရဲ့လက်ဖက်ရည်ဆိုင်ဆီက ဖွင့်ထားမှန်း သိလိုက်ရတယ်။ ကျုပ်နဲ့အတူ အဲဒီလက်ဖက်ရည်ဆိုင်မှာ ရေနွေးအတူ ဝယ်ဖူးသူ လူနာစောင့်တချို့က ကျုပ်အစ်ကိုရဲ့ ပုံစံကြည့်ပြီး-

'ပြန်ခေါ်ပြီလား၊ စိတ်မကောင်းပါဘူး ညီလေးရာ'

'လူဆိုတာ သေမျိုးချည်းပဲ ညီလေး၊ တရားနဲ့သာ ဖြေပါကွာ'

ဒီလူမှုရေးစကားတွေက ကျုပ် အစ်ကိုသေပြီထင်လို့ ပြောကြတာပါ။ ဒီအချိန်မှာ ကျုပ်ဘက်ကလည်း သူတို့ ထင်ထားတာကို ဆန့်ကျင်ဘက်ပြောမနေတော့ပါဘူး။ ပြောလို့လည်း မလိုအပ်တော့လို့ပါ။

'အမယ်လေး ကိုလှဆောင်ရဲ့ ကျုပ်တို့ မိသားစုကို ထားခဲ့ပြီလားတော် ဟီးဟီး ဟီး'

လက်ဖက်ရည်ဆိုင်ထဲကနေ မိန်းမတစ်ယောက် စူးခနဲ ငိုရှိုက်သံက ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်သံကို ထုတ်ချင်းခပ် ဖောက်ထွက်လာတယ်။ ကျုပ် အတော် အံ့ဩသွားတယ်ဗျ။ မနေ့ကထိ ချွေးတွေသံတွေ တရွှဲရွှဲနဲ့ ရေနွေးရောင်းနေသေးတာ။ အခု ကွယ်လွန်သွားပြီတဲ့။ ဒါနဲ့ အဲဒီနာရေးက ပြန်လာပုံရတဲ့လူတစ်ယောက်ကို ကျုပ် ဆီးမေးလိုက်တယ်။

'ဦးလှဆောင် ရုတ်တရက်ကြီး ဘယ်လိုဖြစ်တာလဲဗျ'

'မနေ့ကလေဗျာ၊ နေကအရမ်းပူနေတဲ့အချိန်မှာ အိုက်တယ်ဆိုပြီး ရေချိုးလိုက်တာ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးတာတဲ့'

လောဘမောဟတွေ ဖုံးလွှမ်းခဲ့တဲ့ ဦးလှဆောင်တစ်ယောက် ရုတ်တရက် ကွယ်လွန်သွားတာကို ကျုပ် ဝမ်းမသာမိပါ။ ဝမ်းလည်း ဝမ်းမနည်းမိပါ။ သေဆုံးသွားတဲ့ လူတစ်ယောက်အပေါ်မှာ ကျုပ် ဘာခံစားချက်မှ ရှိမနေပါဘူး။ ဒါပေမဲ့ ကျုပ် အစ်ကိုနဲ့ပတ်သက်ပြီး ဦးလှဆောင် ပြောခဲ့တဲ့စကားတွေကိုတော့ ပြန်ကြားယောင်မိတယ်။

'ငါလည်း ဒီဆေးရုံက ဝန်ထမ်းဟောင်းတစ်ဦးပဲကွ၊ ငါ့အတွေ့အကြုံအရ ပြောရရင် မင်းအစ်ကို သေမှာပါပဲကွ'

အခု အဲဒီစကားကိုပြောသွားတဲ့ ဦးလှဆောင် အရင်သေဆုံးသွားပါပြီ။ ကျုပ်အစ်ကိုကတော့ သေဖို့နီးကပ်လာတဲ့ မသေသေးတဲ့ လူပါ။ သေဖို့သေချာနေသူက မသေသေးဘဲ၊ သေဖို့ မသေချာသေးသူက လောကကြီးထဲက ထွက်ခွာသွားခဲ့ပြီ။ ဆန့်သောလက်နဲ့ ကွေးသောလက် တို့ထက် မြန်ဆန်တဲ့ သေခြင်းတရားက ဦးလှဆောင်ကို အဆွဲခင်ပွန်းဖွဲ့သွားပြီ မဟုတ်ပါလား။ ဘယ်သောအခါမှ မလွဲချော်ဖူးတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ အဘိဓမ္မာတစ်ရပ်ဖြစ်တဲ့ ကံကံ၏အကျိုး အတိုင်း ဦးလှဆောင် ခံစားရ

တာလား၊ မစည်ကားအပ်တဲ
နေရာမျိုးကို မိမိအတ္တတစ်
တည်းအတွက် စည်ကား
ချင်တဲ့ ဝိဘဝ္ဇမနောကို အ
ခတ်လိုက်တာလား၊ မသိနိုင်
တော့။ ကျုပ်အစ်ကိုကတော့
ဟိုင်းလက်ကားကလေးပေါ်
တိုရေရှားရေ ဇီဝခေတ်လ
ကျန်ကလေးနဲ့ အသက်ရှူ
တုန်း ညင်သာစွာ မောင်း
ထွက်သွားတဲ့ကားကလေး
မှာ ကျုပ်ရင်ထဲက စ
တချို့ မြည်တမ်းလွှင့်ကျ
ခဲ့တယ်။

'သွားပေဦးတော့ ဦးလှ
ဆောင်၊ လောကကြီးမှာ
ခုတည်းသော သေခြင်း
တရားဆိုတဲ့ ဘူတာမှာ ဗု
ဇဉ်တွေ တရွေ့ရွေ့ ချဉ်းက
နေကြတယ်။ ဒါပေမဲ့ တစ်
တလေမှာ အဲဒီသေခြင်း
တရားဆိုတဲ့ ဘူတာကိုယ်တိုင်
လူတွေဆီကို ချဉ်းကပ်ဆိုက်
ရောက်လာတတ်တယ်ဆို
အခု လက်တွေ့တရား
မဟုတ်ပါလား'

အရေပြားတွေ အို
တွန့်ခေါက်သွားတဲ့ နေရောင်
ခြည်ဟာ အနောက်ဘ
တောင်တန်းမှာ မေးတင်နေ
ပြီ။ ဝေဒနာကို ခါးစည်း
ခံရင်း ကားပေါ်မှာ ပက်လ
ကလေးလိုက်ပါလာတဲ့ ကျုပ်
အစ်ကိုကတော့ အသက်ရှူ
ဆဲပါ။ ဘယ်လိုပဲဖြစ်ဖြစ် လူ
တစ်ယောက်ရဲ့ဘဝဟာ
နောက်ဆုံး ထွက်သက်မတိုင်
ခင်အထိ တစ်စက္ကန့်ဖြစ်စေ
တစ်မိနစ်ဖြစ်စေ ရှင်သန်နေ
သေးတယ်ဆိုရင် အဲဒါဟာ
လည်း ဒုလ္လဘတစ်ခုဆို
ဘယ်သူငြင်းမလဲ။ ■

**မောင်သစ်လှိုင်း**



www.burmeseclassic.com

www.burmeseclassic.com



၁။
အသက် နှစ်ဆယ်အရွယ်
ကောင်မလေးကို
ကျွန်တော် စ-သိတာ
[illegible]
မိန်းကလေးတစ်ယောက်
အနေနဲ့ပါ။
အရပ်မြင့်မြင့်၊
အသားဖြူဖြူ၊
ကိုယ်လုံးကိုယ်ပေါက်ကလည်း
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
ကောင်မလေးရယ်ပါ။
[illegible]
[illegible]
[illegible]
[illegible]
[illegible]
ကောင်မလေး
[illegible]
[illegible]
[illegible]
"[illegible]
[illegible]

[illegible]
တကယ်တော့
ဘယ်အရာ၊
[illegible]
ကျွန်တော့်
[illegible]
တည်ရှိရာ
ဆင်ခြေဖုံးရပ်ကွက်ထဲ
ရောက်လာမှန်း မသိတဲ့
[illegible]
[illegible]
ဆင်ခြေဖုံးရပ်ကွက်ရဲ့
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
ကောင်မလေးကို
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
"[illegible]
[illegible]"
"[illegible]

ခြောက်လက်မလေး
ရှည်ပုံရ
ဘားမြောင်းတစ်ချောင်း
ကျစ်ကျစ်ပါအော
ဆုပ်
နိုင်လိုမင်းထ
ပြုချင်ပုံရတဲ့ ရန်နိုင်
စိန်ခေါ်လိုက်
ကောင်မလေး
လုပ်ရပ်တွေ
ကျွန်တော်လ
ဘာ
လိုက်ပါတေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုးနေတယ်လေ၊ ချောင်းဆိုးပျောက်ဆေးပါ ဝယ်ဦးမှပေါ့'

ကောင်မလေးရဲ့ စကားသံနဲ့ မရှေးမနှောင်း ဝင်ပြောလာတဲ့ အမျိုးသားတစ်ယောက်ရဲ့ စကားသံကြောင့် ကျွန်တော့်ဘက်ကလည်း အဲဒီ သူကောင်းသားကို အကဲခတ်ကြည့်ရပါတယ်။ ရုပ်ရည်အချိုးအစား ခံ့ညား အဆင်ပြေသလို ဝတ်စားထားပုံအရ ငွေကြေးချမ်းသာတဲ့ အသိုင်းအဝိုင်း မွေးဖွားကြီးပြင်းလာပုံမျိုးပါ။ ဘာပဲဖြစ်ဖြစ် အသက် နှစ်ဆယ်ကျော်အရွယ် အဲဒီလူငယ်မှာ အပြစ်ပြောစရာဆိုလို့ ပြည်တည်တည်မျက်နှာပေးတစ်ခုသာ ရှိနေတာမျိုးပါ။

'ဒီမှာ ငါ့ဘာသာငါ ချောင်းပဲဆိုးဆိုး၊ အီဘိုလာပဲဖြစ်ဖြစ် နင့်အပူ တစ်ပြားသားမှ မပါဘူး။ ငါ ခဏခဏ ပြောခဲ့ဖူးတယ်နော်။ မိကောင်းဖခင်သားသမီးမှန်ရင် ခုလိုမျိုး ငါ သွားလေရာ တကောက်ကောက်လိုက်ပြီး နှောင့်ယှက်၊ လူအထင်သေးအောင်လုပ်နေတာတွေ ရပ်တန့်က ရပ်လိုက်ပါ။ နင့်မှာ အစ်မတွေ၊ ညီမတွေတော့ ရှိမှာပါနော်။ မရှိရင်လည်း နင့်ကို မွေးခဲ့တဲ့ အမေတော့ ရှိမှာပေါ့'

'တောက်…'

ပြောချင်တာပြောရင်း ဆေးဖိုးငွေရှင်းပေးပြီး ကောင်မလေးတစ်ယောက် ထွက်ခွာသွားခဲ့စဉ်မှာတော့ 'တောက်' တစ်ချက်ခတ်လိုက်တဲ့ လူငယ်ကပဲ အရှက်ပြေ ရှင်းပြသလိုလိုနဲ့ စကားစ,လာပါတယ်။

'အကြောင်းမသိတဲ့ လူတွေဆိုရင် ရှုန်းလှဲတို့က အဲဒီလိုပဲ အထာကိုင်တတ်တယ်တဲ့။ မာနမိုးထိနေတဲ့ အမြင့်စားထဲကလိုလိုပေါ့။ ဟင်း… ဟင်း…ဟင်း တွေ့မယ်၊ တွေ့ဦးမယ်'

ပြောပြောဆိုဆို ဆေးဆိုင်ရှေ့က ထွက်ခွာသွားပြန်တဲ့ လူငယ်ရဲ့ ကျောပြင်ကို ကြည့်ရင်း ပဟေဠိဖြစ်ကျန်ခဲ့ရသူက ကျွန်တော်ရယ်ပါ။ တကယ်ဆို ကောင်မလေး ပြောဆိုသွားတဲ့ စကားတွေနဲ့ မျက်နှာပေါက်ပုံသဏ္ဌာန်ဟာ ဟန်ဆောင်လီဆယ်နေတဲ့ပုံစံ မဟုတ်ဘူးဆိုတာကို လူကဲခတ်မည့်တဲ့ ကျွန်တော် ကောင်းကောင်းကြီး သိပါတယ်။ သိရလောက်တဲ့အထိ ရန်ကုန်မြို့ထဲဘက်မှာ ဘယ်လိုပဲ နေထိုင်၊ ရှုပ်ထွေးခဲ့ပါစေဦး။ ကျွန်တော်တို့ရပ်ကွက်ထဲမှာတော့ မရှင်းမရှင်းပုံစံ၊ တိုးလိုးတွဲလောင်းကပ်လိုက်လာတဲ့ပုံစံမျိုးတွေ တစ်ခါမှ မမြင်ဖူးပါဘူး။ ရပ်ကွက်ထဲက လူငယ်တချို့ သွေးတိုးစမ်းစကား၊ ရည်းစားစကားလိုက်ပြောရင်တောင် ပြေရာပြေကြောင်း ပြန်ပြော၊ နှင်ထုတ်တတ်တာမျိုးပါ။ ဒီထက်ပိုအတင့်ရဲလာပြီဆိုရင်တော့ စလင်းဘက်အိတ်ကို ဖွင့်၊ တစ်စုံတစ်ခုဆွဲထုတ်၊ ထောင်ပြတတ်ပါတယ်။ သေချာတာ တစ်ခုကတော့ အလှအပခြယ်သ၊ ဝတ်စားပြင်ဆင်ပြီး မနက် ရုံးနာရီလောက် မြို့ထဲဘက်ကို အငှားကားနဲ့ ထွက်၊ ညနေ ခြောက်နာရီဝန်းကျင် ရပ်ကွက်ထဲ ပြန်ရောက်လေ့ရှိတဲ့ကောင်မလေးကို ယောက်ျားသားအများစုနဲ့ ရပ်ကွက်ထဲက အမျိုးသမီး တချို့ကတော့ စိတ်ထင်နဲ့မှန်းပြီး ဝေဖန်ကဲ့ရဲ့၊ သမုတ်တတ်လေ့ရှိတာ အမှန်ပါပဲ။

ကျွန်တော်တို့ရပ်ကွက်ထဲမှာ များများစားစား ဆောက်ထားလေ့မရှိတဲ့ အုတ်တံတိုင်းခတ် ခြံစည်းရိုးအလယ်က တစ်ထပ်တိုက်ပုလေးကို တစ်လ တစ်သိန်းနဲ့ ခြောက်လအပြတ် ငှားရမ်းနေထိုင်ရှာတဲ့ ကောင်မလေးဟာ ကျွန်တော်တို့ရပ်ကွက်ထဲက လူတွေနဲ့ ရောရောထွေးထွေး၊ ပတ်ပတ်သက်သက် မနေတတ်တာတော့ သေချာပါတယ်။ ဘာပဲဖြစ်ဖြစ် နောက်ကြောင်းရာဇဝင်မှန်သမျှ ပြည်ဖုံးကားချထားလေ့ရှိတဲ့ ခပ်ချောချော၊ ခပ်ထောထော မိန်းကလေးတချို့ တစ်ယောက်တည်း သီးသန့်နေထိုင်တယ်ဆိုရင် ဘာလိုလို ညာလိုလို ထင်တတ်ကြတဲ့ခေတ်၊ လူနေမှု အတွေးဆိုးတွေက ကောင်းတဲ့ မိန်းကလေးကို အပျက်ထင်၊ ပျက်နေတဲ့ မိန်းကလေးကို အကောင်းမြင်နဲ့ ယုန်ထင်၊ ကြောင်ထင် ထင်ကြလေ့ရှိတာကိုး။

❑

၂။

'အီးဒီးတူး တစ်ကတ်ပေးပါဦး'

အရေးပေါ် သန္ဓေတားဆေးတစ်မျိုးကို ရဲရဲတင်းတင်းပုံစံနဲ့ ဝယ်ယူလာတဲ့ ကောင်မလေးကိုကြည့်ပြီး ကျွန်တော့်ဘက်ကလည်း ခဏလောက်တော့ အံ့သြမှ[ိ]

တက်သွားခဲ့ရပါတယ်။ ဘာ[ပဲ] ဖြစ်ဖြစ် ရောင်းသူနဲ့ ဝယ်သူ ကြားမှာ စည်းခြားထားတဲ့ လူမှုဆက်ဆံရေးကိစ္စတွေ[က] အများကြီးဆိုတော့ ဘာအ[…] စကားနဲ့မှ အတွန့်မတက်[…] ဆေးအညွှန်းနဲ့ ဆောင်[…] ရောင်ရန်တချို့ကို ရှင်းပြ[…] တဲ့အခါ –

'ဘယ်လိုသုံးရမလဲ[…] တာ ကျွန်မ ဖတ်တတ်[…] တယ် ဦး။ ဒါပေမဲ့ ဒီဆေး[…] ကျွန်မ သုံးဖို့တော့ မဟုတ်[…] ဘူး'

ရှိသင့်ရှိထိုက်တဲ့ [...] မသားသိက္ခာနဲ့ မာနကြော[င်း] လား မသိပါဘူး။ ဆိုင်ရှေ့ ရောက်ခါစ ရဲတင်းလွန်း[…] တဲ့ ကောင်မလေးရဲ့မျက်[နှာ] ပေါက်ဟာ နည်းနည်းလော[က်] တော့ ရှိုးတိုးရှန့်တန့်ပုံစံ [...] သွားခဲ့ပါတယ်။ ဘာပဲ[…] ပြော လူတွေကို ယုံ[ကြည်…] တတ်၊ အထင်မသေး[…] တဲ့ ကျွန်တော်ကတော့ [...] လဲသွားတဲ့ ကောင်မ[လေး] မျက်နှာပေါက်ကို ကျေနပ်[…] ကျေနပ်သွားခဲ့ရပါတာ[…] ပါတယ်။ သေချာဆို [...] မြန်မာနိုင်ငံလေ။

'ဟေ့ ဘာဆေး[…] ဝယ်နေတာလဲ၊ ဟဲ… ဟဲ'

ဘယ်နေရာက [...] ဆိုင်ရှေ့ရောက်လာမှန်း [...] တဲ့ သူကောင်းသားကို [...] ခတ်ကြည့်လိုက်တဲ့အ[ခါ] တော့ ဟိုတစ်ခါ [...] လူငယ် ဖြစ်နေပါ[…] လက်ထဲမှာတော့ [...]



www.burmeseclassic.com

www.burmeseclassic.com

သော့ တယမ်းယမ်းနဲ့ပါ။ ချက်နှာပေါက်ကတော့ ထုံးစံအတိုင်း ပြည်တည်တည်ဆိုပေမဲ့ ကျွန်တော့်စိတ်ထင် ယစ်စေတတ်တဲ့ ဆေးပြားတစ်မျိုး သုံးစွဲထားပုံပါပဲ။

'ငါ့ဟာငါ ဘာဆေးဝယ်ဝယ် နင့်အပူလား။ နင့်ကို ကြောက်လို့ ဒီကိုပြောင်းနေခါမှ ဒီအထိ လိုက်ပြီး ဒုက္ခပေးရတယ်လို့။ ဒီမှာ ရန်နိုင်၊ နင့်ကို ငါ ကြိုပြောထားပြီးသားနော်။ ငါဟာ ဒီလို စိတ်ပျော့တဲ့ မိန်းမစားမျိုး မဟုတ်ဘူး။ နင် လုပ်သမျှ၊ နင်တို့ အုပ်စု ရန်ရှာသမျှ ငြိမ်ခံနေမယ့်အစားထဲမှာလည်း ငါ မပါဘူး။ အေး ဒီထက် ပိုဆိုးလာမယ်ဆိုရင်တော့ ရဲစခန်းတိုင်၊ တရားစွဲဖို့လည်း ဝန်မလေးဘူးနော်။ ငြိမ်ခံနေတာကို အဟုတ်ကြီး မှတ်မနေနဲ့'

'အဟုတ်...အတင့်ရဲရင် အချုပ်ထဲ ရောက်မယ်ဆိုတဲ့သဘောပေါ့။ ကြောက်နေရပါလားနော်။ ဟား...ဟား...ဟား...ဟား။ ဒီမှာ ရွှန်းလဲ့၊ ငါ့အဖေ ဘာကောင်လဲဆိုတာ နင် သိပါတယ်။ နင့်သိက္ခာ နင် ကာကွယ်တဲ့အနေနဲ့ လူကြားကောင်းအောင် အသံကုန်ဟစ်မနေနဲ့။ နင်တို့နှစ်ယောက်လုံး ဘာဆိုတာ ငါ အကုန်သိတယ်နော်။ အွန်လိုင်းကနေပြီး ဖွင့်ထုတ်လိုက်ရမလား ပြော'

'တောက်...ဖွင့်ထုတ်လေ၊ ဖွင့်ထုတ်လိုက်ပေါ့။ မဟုတ်တာ ငါ မလုပ်ထားဘူး လူယုတ်မာရဲ့။ နင့်စိတ်နဲ့ နင် နှိုင်း၊ ငါ့ကို နင်...တဲ...'

'လုပ်ရဲရင် လုပ်ကြည့်လိုက်လေ'

ဘာပဲဖြစ်ဖြစ် လွယ်ထားတဲ့ စလင်းဘက်အိတ်ကို ချွတ်ပြီး ရိုက်နှက်မလိုဟန် ပြင်နေတဲ့ ကောင်မလေးနဲ့ မထိခလုတ် ထိခလုတ်စကားတွေနဲ့ စော်ကားနေတဲ့ ရန်နိုင်ဆိုသူရဲ့ကြားမှာ ကျွန်တော် ဝင်ပါမှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်ရပါတယ်။

'ကဲ ကဲ ညီလေးကော၊ ညီမလေးပါ တော်ကြတော့။ လူမြင်ကွင်းကြီးမှာ မသင့်တော်ပါဘူးကွာ။ ညီလေးတို့ နှစ်ယောက် ဘယ်လိုပတ်သက်လဲ၊ ဘာပြဿနာဖြစ်နေကြသလဲဆိုတာတော့ ဦး မသိဘူး။ ပြဿနာတစ်ခုကို ပြေပြေလည်လည်နဲ့ အေးအေးဆေးဆေး ရှင်းကြပါကွာ။ နိုင်ငံကြီးသား ပီသချင်တယ်ဆိုရင်တော့ ဆိုင်တစ်ဆိုင်မှာ ခဏလောက် ထိုင်ပြီး ရှင်းလိုက်ကြရင် အဆင်ပြေသွားမယ် ထင်တာပဲ'

ကျွန်တော့်ရဲ့ အကြံပေးစကားကို ကောင်မလေးဘက်က နှာခေါင်းရှုံ့၊ ကန့်ကွက်လိုက်ပြီး၊ ရန်နိုင်ဆိုသူကတော့ သဘောကျသွားပုံရပါတယ်။

'ကဲ ရွှန်းလဲ့၊ ဆေးရောင်းတဲ့ ဦးကတော့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေကို အကြံပေးနေပြီ။ လာဟာ လမ်းထိပ်က လက်ဖက်ရည်ဆိုင် သွားရအောင်။ အဲဒီမှာ ဟိုကောင်တွေလည်း ရှိနေတယ်'

'လုံးဝပဲ၊ နင့်လိုလူမျိုးနဲ့ လက်ဖက်ရည်ဆိုင်ထိုင်မယ့်အတူတူ ကားတိုက်ခံပြီး သေလိုက်တာကမှ ဟုတ်ဦးမယ်။ ငါ့လက်ထဲမှာ ဘာဆိုတာ နင် တွေ့တယ်နော်။ လိုင်သာယာ စားသောက်ဆိုင်က လူသတ်မှု ဖေ့ဘုတ်မှာ တင်ထားတာ နင် ကြည့်ဖူးမှာပါ။ ငါ လက်မခံနိုင်တာတွေ လိုက်လုပ်နေသရွေ့ကတော့ ခုခံကာကွယ်ပိုင်ခွင့်ရှိတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ငါ လုပ်သင့်တာ လုပ်မှာပဲ။ ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်က အလိုတော်ရိ သူကြီးသားအချိုးမျိုးနဲ့ ငါ့ကို လာမစမ်းနဲ့။ နင့်အဖေ ဘာကောင်ကြီးပဲဖြစ်နေနေ ငါ ဂရုမစိုက်ဘူး။ နင်လုပ်ချင်ရာ လုပ်နေတာကို မျက်ကွယ်ပြုပေးမယ့် လူတွေ ရှိတဲ့နေရာမျိုးလည်း မဟုတ်ဘူး။ ဟောဒီမှာ ဆေးရောင်းတဲ့ ဦးလေး သက်သေရှိတယ်။ ကဲ နင် ဘာလုပ်ချင်သလဲ၊ ပြောလေ'

'မြတ်စွာဘုရား'

ခြောက်လက်မလောက် ရှည်ပုံရတဲ့ ဓားမြှောင်တစ်ချောင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး နိုင်လိုမင်းထက်ပြုချင်ပုံရတဲ့ ရန်နိုင်ကို စိန်ခေါ်လိုက်သူ ကောင်မလေးရဲ့ လုပ်ရပ်ကြောင့် ကျွန်တော်လည်း ဘုရားတ၊ လိုက်မိပါတယ်။ ဒါပေမဲ့ နိုင်ငံကြီးသား ပီသချင်နေပုံရတဲ့ ရန်နိုင်ကတော့ အံတစ်ချက် ကြိတ်လိုက်ပြီး ခပ်လှမ်းလှမ်းမှာ ရပ်ထားတဲ့ ပြိုင်ကားတစ်စီးပေါ်တက်ပြီး မောင်းထွက်သွားခဲ့ပါတယ်။ အသားတွေ တဆတ်ဆတ် တုန်ပြီး မီးဝင်းဝင်းတောက်နေတဲ့ မျက်ဝန်းတစ်စုံနဲ့ ကောင်မလေးကတော့-

'လူတွေ တော်တော် တရားကျဖို့ကောင်းတယ်။ ငွေကြေးဥစ္စာနဲ့ ဆိုင်ရာပိုင်ရာတွေ အားကိုးပြီး အားနည်းသူတွေကို အနိုင်ကျင့်ချင်ရတာနဲ့၊ စော်ကားချင်ရတာနဲ့ ပဒေသရာဇ်စနစ်က လုပ်ပေါက်တွေနဲ့ လူစိတ်ကို မရှိကြဘူး'

ကောင်မလေးရဲ့ အနောင့်အသွား မလွတ်တဲ့ စကားကြောင့် ကျွန်တော်လည်း နောက်ကျောမလုံသလို ဖြစ်သွားခဲ့ပါတယ်။

'အဲဒီလူတွေထဲမှာ ဦး မပါဘူးနော်'

'ရှင်'

'သြော် ဒီလိုပါ၊ သမီး ထင်သလို လူစားမျိုးထဲမှာ ဦး မပါဘူးလို့ ပြောတာ'

'ကျွတ် ဦးကလည်း တစ်မျိုး။ ဘယ်သူက ဦးပါတယ်လို့ ပြောနေလို့လဲ'

'မသိဘူးလေ၊ လူတွေ ဆိုတော့ ဦးလည်း...'

'ဦးက လူမှ မဟုတ်တာ... အဲ'

'ဗျာ'

စကား အတိမ်အနက် အဓိပ္ပာယ်ကို သေချာ မစဉ်းစားဘဲ ပြောချင်ရာပြောပြီး ဆတ်ခနဲ လှည့်ထွက်သွားတဲ့ ကောင်မလေးကြောင့် ကျွန်တော်လည်း 'ဗျာ'တစ်လုံးတည်းနဲ့ ကသိကအောက် ဖြစ်ရင်း ကျန်ရစ်ခဲ့ရပါတယ်။ သေချာတာကတော့ ရွှန်းလဲ့ဆိုတဲ့ ကောင်မလေးလေးဟာ တစ်စုံတစ်ရာကို နာကြည်းစက်ဆုပ်နေပုံရတဲ့ ခပ်လှလှ ကျားရိုင်းမကလေးတစ်ကောင်ဆိုတာပါပဲ။ ရန်နိုင်ဆိုတဲ့ ကောင်လေးကကော ဘာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်လဲ၊ ဘယ်သူ့သားလဲ၊ ကောင်မလေးနဲ့ ဘယ်လို အချိတ်အဆက်ရှိပြီး ဘယ်လို ပတ်သက်နေသလဲလို့ သိချင်လာတာ သေချာသလို ကောင်မလေးဝယ်သွားတဲ့ ဆေးကတ်ကလည်း ဘယ်သူ့အတွက်လဲလို့ ဝေခွဲမရ ဖြစ်ရပြန်ပါတယ်။ ဒါပေမဲ့ ကောင်မလေးတို့နှစ်ယောက် ဖြစ်ပျက်ခဲ့သမျှတွေကို မြင်တွေ့ကြားသိသွားဟန်ရှိတဲ့ ရပ်ကွက်ထဲက ဒေါ်စိန်ခင် တစ်ယောက် ကျွန်တော့်ဆေးဆိုင်ဆီ အရောက်မှာတော့ ကျွန်တော့်အာရုံတွေ ပိုပြီး နောက်ကျိသွားရတာပါပဲ။

'အောင်မလေး လူပျိုကြီးရယ် ညှိမရဖြစ်နေတဲ့ လူနှစ်ယောက်ကြားထဲမှာ ဘာကိစ္စ မားခုတ်ရာ လက်ဝင်လျှိုချင်ရတာလဲ။ အခြောက်တိုက် အမှုပတ်နေဦးမယ်'

'ဘာဖြစ်လို့လဲ ဒေါ်စိန်ခင်ရဲ့'

'ဘာဖြစ်ရမှာလဲ လူပျိုကြီးရယ်။ စောစောက ပြိုင်ကားနဲ့ ထွက်သွားတဲ့ကောင်လေးကို ဘယ်သူလို့ ထင်သလဲ။ အဲဒါ ဦး(    )ရဲ့ သားလေ'

'ဗျာ…ဒီလူကြီးရဲ့ သားက ဒီရပ်ကွက်ထဲအထိ လာသတဲ့လား'

'လာတာပေါ့၊ လာသင့်ရင် လာရတာပေါ့။ အညီရှိရာ ယင်အုံတယ်လေ။ သူ တစ်ယောက်တည်းလာတာ မဟုတ်ဘူးနော်။ ကျွန်မတို့ရပ်ကွက်ထဲမှာ ပြိုင်ကားတွေ တဝီဝီ ဖြစ်နေတာ အဲဒီကောင်မလေး ရောက်ကတည်းကလေ။ ရုပ်ကလေး၊ အရွယ်လေး အားကိုးပြီး ဟိုသင်းဟိုဟှာ ဖြစ်နေတာ ကြာပြီဖြစ်မှာပေါ့။ အဲဒီကောင်မလေးက အနောက်လမ်းက တစ်ထပ်တိုက်မှာ ငှားနေတာ မကြာသေးဘူးဆိုတော့ အကြောင်းသိတဲ့လူတွေက ရှိတဲ့နေရာအထိ လိုက်လာတာကို အပြစ်တင်လို့ရမလား။ မသကာ ကိုယ့်ဓာတ်ကိုယ်နိုင်အောင်က၊ ဓာတ်လမ်းဖြတ်ပြီးမှ ဒီရပ်ကွက်ထဲမှာ ခိုးကြောင်ခိုးဝှက်နဲ့ လာနေပေါ့။ ခုတော့ ဟုတ်ပေါင်။ ဘာတွေ ဇယားရှုပ်ပြီး ဘာတွေလုပ်ခဲ့ကြသလဲမှ မသိတာ။ ခုလည်း သူ့လိုပဲ ခပ်လှလှကောင်မလေး နောက်တစ်ယောက် အဲဒီတိုက် ရောက်နေပြန်ပြီလေ။ အိမ်နီးနားချင်းတွေ ပြောပုံအရတော့ နောက်ရောက်လာတဲ့ ကောင်မလေးက အချိန်ပြည့် ငိုနေတာချည်းပဲတဲ့။ ကဲချင်တိုင်းကဲပြီး၊ ဖြစ်ချင်ရာ ဖြစ်နေမှာပေါ့။ ဒါနဲ့ နေစမ်းပါဦး၊ အဲဒီကောင်မလေးက လူပျိုကြီးဆိုင်မှာ ဘာဆေးတွေ လာဝယ်တာလဲ'

'ဗျာ'

အာပေါင်အာရင်း သန်သန်နဲ့ ပြောဆိုနေတဲ့ ဒေါ်စိန်ခင်ရဲ့စကားစက်ကွင်းထဲ နစ်ဝင်သွားတဲ့ ကျွန်တော်ဟာ ဒေါ်စိန်ခင်ရဲ့ လျှပ်တစ်ပြက် အမေးစကားကြောင့် ခဏလောက်တော့ ကြောင်အအ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်က သတိရှိသူလေ။

'ဒီကိုဂျင်လာဝယ်တာပါ ဒေါ်စိန်ခင်ရယ်။ ကျွန်တော်မြင်ရ၊ ကြားရသလောက်တော့ ကောင်မလေးဘက်က လက်မခံချင်တာကို ဟိုကောင်လေးဘက်က အတင်းလိုက်လုပ်နေပုံပဲ။ ကောင်မလေး ကြည့်ရတာ ဒေါ်စိန်ခင်ပြောသလောက်တော့ ဆန်းဆန်းပြားပြား မဟုတ်နိုင်ပါဘူး။ ရိုးပုံရပါတယ်'

သမာသမတ်ကျတဲ့ ကျွန်တော့်စကားကြောင့် မျက်နှာရှစ်ခေါက်ချိုးဖြစ်သွားတဲ့ မည်းမည်းဝဝ ဒေါ်စိန်ခင်ဟာ မဲ့ကာရွဲ့ကာနဲ့ပဲ–

'အောင်မယ်လေး လူပျိုကြီးရယ်။ လူတွေရဲ့အထာကို မသိလို့ ခုချိန်အထိ လူပျိုကြီးဖြစ်နေတာပေါ့။ ခေတ်ကာလကလေးတွေကို လုံးဝ လျှော့တွက်မထားလိုက်နဲ့ လူပျိုကြီးရေ။ ငယ်ထိပ်ပြောင်တဲ့အထိ အမွေးနုတ်ပြီး ရောင်းစားခံလိုက်ရမယ် ဘာမှတ်နေသလဲ။ ကျွန်မ ကြားသလောက်တော့ အဲဒီကောင်မလေးက မော်ဒယ်လ်ဂဲလိုလို ဘာလိုလိုတဲ့။ ဟိုကောင်လေး အုပ်စုကို ချူစားမြှူစားလုပ်နေကျ အပျက်မတဲ့'

'ကျွန်မနေရာမှာ အဒေါ် သမီးဆိုရင် အဒေါ်ပါးစပ်က ဒီလိုစကားမျိုး ထွက်ရဲပါ့မလား။ လူကြီးပီပီ သားသမီးချင်း စာနာစိတ်တော့ ထားသင့်တာပေါ့ အဒေါ်'

'ဟင် နင်…နင် ငါ့ အတင်းပြောနေတာကို ခိုးနားထောင်'

ဒေါ်စိန်ခင့်စကား မဆုံးခင်မှာဘဲ ဆိုင်ရှေ့ကို ပြန်ရောက်လာတဲ့ ကောင်မလေးကြောင့် ကျွန်တော် မျက်နှာပူရတာတော့ အမှန်ပါပဲ။

'သူတစ်ပါး အကြောင်း[…] သေသေချာချာ မသိဘဲ[…] အတင်းတုတ်နေတာကို ဖမ်း[…] ချင်လို့ ပြန်လာတာ မဟုတ်[…] ဘူး။ ထီးကျန်လို့ လာပြန်ယူ[…] တာ။ အဒေါ်သိထားဖို့က သူ[…] တစ်ပါးအကြောင်း အတင်း[…] ပြောချင်တယ်ဆိုရင် နေ့ပြော[…] နောက်ကြည့်၊ ညပြော[…] အောက်ကြည့်ဆိုတဲ့ စကား[…] သတိရဖို့ပါ။ လူကြီးတစ်[…] ယောက်ဖြစ်နေပြီး၊ သူတစ်[…] ပါး သမီးပျိုကို ပုတ်ခတ်စွပ်စွဲ[…] နေတာကတော့ အသက်ကြီး[…] ပြီး အချိန်မစီးတဲ့သဘော[…] ပြနေတာပဲ။ အဒေါ့်အသက်[…] အရွယ်နဲ့ဆိုရင် ခုလိုမျိုး[…] အတင်းပြောနေတာထက် ရိပ်[…] သာသွားပြီး တရားအား[…] ထုတ်နေရမယ့် အရွယ်လို့[…] ကျွန်မ ထင်တယ်။ ခုဟာ[…] အသက်အရွယ်မှ အားမနာ[…] ငရဲတံခါး လှမ်းဖွင့်နေသလို[…] မျိုးကြီးလေ'

ကောင်မလေးရဲ့ စကား[…] ကြောင့် ဒေါ်စိန်ခင်တစ်[…] ယောက် ဆတ်ဆတ်ခါအောင်[…] နာသွားခဲ့ပါတယ်။

'အောင်မလေး၊ နင့်လို[…] ….သည်မကများ ငါ့ကို[…] ဆုံးမစကား ပြောရတယ်လို့[…] ဟုတ်ရင်ကျော်တယ် ပုပ်ရင်[…] ပေါ်တယ်ဟဲ့။ နင်တို့ အသိုင်း[…] အဝိုင်းထဲမှာ ဖြစ်ခဲ့သမျှတွေ[…] အဲဒီမှာပဲ ရှင်းပေါ့။ ဘာကိစ္စ[…] ငါတို့ရပ်ကွက်ထဲ သယ်လာ[…] တာလဲ။ ဟွန့် နင်ကပဲ နား[…] တယ်ရှိသေး။ ဟိုကောင်လေး[…] က ဘာကောင်၊ ဘယ်သူ့[…] သားဆိုတာ သိသိကြီး[…] အလိုက်အထိုက် မိန်းမနေ[…] ညည်းကများ မ[…]ရကျော[…]



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပြီး ဟန်ဆောင်နေရတယ် ထို့။ ရပ်ကွက်နာတယ်ဟဲ့'

'မြတ်စွာဘုရား၊ အဲဒီ အကောင်အကြောင်း သေချာ သိဘဲ စွတ်တင်ပေးနေတာ ပါပဲလား။ ဒီမိုကရေစီခေတ် လူကြီးသားကို ဘုရားလောင်း အောက်မေ့မနေနဲ့ အဒေါ်။ ဘျှန်မ သူငယ်ချင်းကို ဒုက္ခ ရောက်အောင်လုပ်လိုက်တာ အဲဒီအကောင်။ ဒါတွေကို အဒေါ် သိလို့လား'

'မလိုဘူး၊ သိစရာ မလို ဘူး။ ညည်းတို့ဘာသာ ညည်းတို့ ရှုပ်ိုးထိုးလို့ ဒုက္ခ ရောက်တာ ခံပေါ့။ ဟိုကောင် လေးအပြစ် မဟုတ်ဘူး။ ညည်းတို့သာ အနေအထိုင် တတ်ကြတာ။ ဟိုက လူ ကြီးလူကောင်းသားသမီး'

'ခက်လိုက်တာ အဒေါ် ရယ်၊ အဲဒီကောင်နဲ့ ပတ်သက် ပြီး အဒေါ်ဘက်က သိပ် ကြည်ညိုနေရင်လည်း အဒေါ့် သမီးနဲ့သာ ပေးစားလိုက် တော့'

'ဘာ ညည်းဘာပြော လိုက်တယ်'

'ကြားတဲ့အတိုင်းပဲ လေ'

'…သည်မ'

ကောင်မလေးနဲ့ ဒေါ်စိန် ခင်တို့ရဲ့ ရန်ပွဲကို အမြင် တော်ပုံရလာတဲ့ ကျွန်တော် အပါအဝင် ရပ်ကွက်ထဲက လူတချို့ ဝင်ထိန်းပေးလိုက်မှ ရန်ပွဲ ရပ်သွားတာမျိုးပါ။ ဘာပဲဖြစ်ဖြစ် ဒေါ်စိန်ခင်ရဲ့ အတွန့်တက် ပြဿနာရှာမှု ကြောင့် ရပ်ကွက်ရုံးမှာ ဖြေ ရှင်း၊ အရှက်ကွဲရရှာတဲ့ ကောင်မလေးဟာ ခြောက်လ အပြတ် ငှားထားတဲ့အိမ်ကို ပြန်အပ်ပြီး၊ တင်ငိုင် ဖြစ်နေ တယ်ဆိုတဲ့ သူ့သူငယ်ချင်းမနဲ့ အတူ ရပ်ကွက်ထဲက ပျောက် ကွယ်သွားပြီးနောက်မှာတော့ ပြိုင်ကားနဲ့ လာလာနေတတ် တဲ့ ကောင်လေးအုပ်စုကို လည်း မတွေ့ရတော့ပါဘူး။

❑

၃။

ကောင်မလေးတစ် ယောက် ကျွန်တော်တို့ ရပ် ကွက်ထဲက ပျောက်သွားပြီး ခြောက်လလောက်ကြာတဲ့ တစ်ရက်မှာတော့ ကောင်မ လေးနဲ့ပတ်သက်ပြီး စိတ် မချမ်းသာစရာသတင်းတွေ ကြားသိခဲ့ရပါတယ်။

'Miss ( )Myanmar ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေတဲ့ အလှမယ် ရွှန်းလဲ့စန္ဒာ ကား တိုက်ခံလိုက်ရတယ်တဲ့။ တိုက်တဲ့ကားက ထွက်ပြေး သွားတယ်တဲ့'

'ဟာ ဒီကောင်မလေး က ငါတို့ရပ်ကွက်ထဲမှာ နှစ် လလောက် အိမ်ငှားနေသွား တဲ့ ဘာလိုလို ညာလိုလို ကောင်မလေး မဟုတ်လား'

'ဟင် ပြစမ်းပါဦး'

'ဟုတ်တာပေါ့။ အဲဒီ ကောင်မလေးမှ အဲဒီကောင်မ လေးအစစ်ပဲ။ ဓာတ်ပုံထဲမှာ ထက် အပြင်မှာက ပိုငယ်၊ ပိုချောသလိုပဲနော်'

လက်ဖက်ရည်ဆိုင် ထိုင်ပြီး သတင်းစာဖတ်နေတဲ့ လူတစ်စုရဲ့စကားသံတွေဟာ ကျွန်တော့်ကို စူးစမ်းချင်တဲ့ စိတ် ပေါ်လာတဲ့အထိ နှိုးဆွ ပေးလိုက်ပါတယ်။ နေ့စဉ် ထုတ် ပုဂ္ဂလိက သတင်းစာ တစ်စောင်ကို အလှအယက် ပုံစံတွေနဲ့ ဝိုင်းအုံကြည့်ရှုနေ ကြတာမို့ စိတ် မရှည်တတ်တဲ့ ကျွန်တော်တစ်ယောက် လက်ဖက်ရည်ဆိုင်ဘေးက ဂျာနယ်ဆိုင်ဆီရောက်သွား ခဲ့ပြီး ကောင်မလေးအကြောင်း ပါတဲ့ သတင်းစာကို ဝယ်ယူ ဖတ်ရှု ဖြစ်ခဲ့ပါတယ်။

( )နိုင်ငံ၊ ( )မြို့တွင် ကျင်းပမည့် Miss ( )ပြိုင်ပွဲ ကြီးတွင် သွားရောက်ယှဉ် ပြိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ကိုယ်စားပြု Miss( ) Myanmar ရွေးချယ်ပွဲကြီး တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်နေသော အလှမယ် ရွှန်းလဲ့စန္ဒာသည် … ရက်နေ့ ညနေ ခြောက်နာရီအချိန်ခန့် တွင် မိခင်ဖြစ်သူနှင့် တွေ့ဆုံ ရန် နေအိမ်သို့ ခေတ္တပြန်လာ စဉ် ပြိုင်ကားတစ်စီးနှင့် တိုက်မိပြီး နေရာတင် ပွဲချင်း ပြီးသေဆုံးခဲ့ပါသည်။ နီးစပ် ပတ်သက်သူများ၏ အဆိုအရ ထွက်ပြေးတိမ်းရှောင်နေသော ပြိုင်ကားမောင်းသူသည် ရွှန်း လဲ့စန္ဒာ၏ အချစ်ကို ရယူရန် ကြိုးစားနေသော နာမည်ကြီး ခရိုနီတစ်ဦး၏သားဖြစ်နိုင် ကြောင်းနှင့်…။ စီးပွားရေး လုပ်ငန်းရှင် ဦး( )ကမူ ထို ကိစ္စနှင့်ပတ်သက်၍ မိမိ၏ သားတွင် တာဝန်ရှိ၊မရှိ သေချာမပြောနိုင်ကြောင်း ငြင်းဆိုခဲ့ပါသည်။

'ဟင် ဦး( )သား။ ဒါဆိုရင်…'

သတင်းစာဖတ်ပြီး ရင် ထဲမှာ တလှပ်လှပ်ဖြစ်သွားရ တဲ့ ကျွန်တော်ဟာ ရပ်ကွက် ထဲ နေသွားခဲ့ဖူးတဲ့၊ ကျွန်တော့် ဆိုင်မှာ ဆေး တစ်ခါ၊ နှစ်ခါ လာဝယ်ဖူးတဲ့ ကောင်မလေး ရဲ့ မျက်နှာကို မြင်ယောင်ပြီး မျက်ရည်ဝဲစပြုလာခဲ့ပါတယ်။ မိတ်ကပ်တွေနဲ့ အလှကြွယ်နေ တဲ့ သတင်းစာထဲက ကောင် မလေးရဲ့ပုံကို ကျွန်တော် မြင် ဖူးတဲ့ ကောင်မလေးရဲ့ပုံစံ တခြားစီဖြစ်နေပါစေလို့ မဖြစ်နိုင်တာတွေ ဆုတောင်း မိပါသေးတယ်။ သတင်းစာ ဖတ်ပြီး ဝေဖန် လေကန်နေ ကြတဲ့ လက်ဖက်ရည်ဆိုင်ထဲ က ပုရိသတွေကတော့…။

'ဒီကောင်က ဖွန်ကိစ္စမှာ ဆရာကြီးကွ။ ဒီတစ်ယောက် တော့ သူ မရနိုင်တာ ဖဲ့လိုက် တယ် ထင်တာပဲ'

'ကောင်းတယ်၊ အဲဒီလို နှမချင်း မစာမနာ သောင်း ကျန်းတတ်တဲ့ ကောင်တွေ ဂျေးထဲ အောင်းနေတာ အကောင်းဆုံးပဲ'

'အဲဒီကောင် ထောင်ကျ မှာမို့လို့လား'

'ကျရမှာပေါ့ကွ။ ဒီ ကိစ္စ အဲဒီကောင့်လက်ချက် မှန်ရင် အနည်းဆုံး ထောင် ဆယ်နှစ်လောက်တော့ အသေအချာပဲ'

'တော်စမ်းပါကွာ။ အထင်တွေနဲ့ လျှောက်ပြော မနေနဲ့။ အဲဒီကောင့်လက်ချက် သာမှန်ခဲ့မယ်ဆိုရင် အဲဒီ ကောင်ထောင်ကျမကျ၊ ဘယ်နှ နှစ်ဆိုတာ မင်းတို့ ငါတို့ မသိ နိုင်ဘူးကွ။ ဥပဒေအကြောင်း နားလည်တဲ့ရှေ့နေ၊ တရား သူကြီးတွေလည်း အတိအကျ မသိနိုင်ဘူး။ ဘုရားပဲ အတိ အကျ သိလိမ့်မယ်'

'ဟင်… ဘာဖြစ်လို့ လဲ'

■

**ထွန်းတောက်ထွန်း**

၊သဉ္ဇာ၊

www.burmeseclassic.com

ခေါင်းစဉ်ကို ဖတ်ကြည့်ပြီး ကျွန်တော့်ကို အထင်ကြီးကုန်ကြပြီလား မသိ။ အထင်မကြီးကြပါကုန်နှင့်။ ကျွန်တော့်မှာ အောက်စဖို့ဒ်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားရန် ဉာဏ်ရည်ဉာဏ်သွေး မထက်မြက် မတောက်ပြောင်ပါ။ ငယ်စဉ်က ပညာနှင့်ပတ်သက်၍ စိတ်ကူးယဉ် အိပ်မက်များစွာ ရှိခဲ့ဖူးသော်လည်း ယခုအချိန်မှာတော့ တစ်မှုန်စာမျှ မကျန်တော့ လောက်အောင် လွှင့်ပစ်ခဲ့သည်။ ဟုတ်ပါသည်။ ကိုယ်ကိုယ်တိုင် လွှင့်ပစ်ခဲ့ခြင်း ဖြစ်သည်။

အခုနေအခါမှာတော့ ငယ်ငယ်က မက်ခဲ့သည့် အိပ်မက်တွေကို စာအုပ်တွေထဲ လိုက်ရှာဖွေဖတ်ရင်း တစ်ကိုယ်ရေ အာသာဖြေခဲ့ရသည်။ စာအုပ်ကပေးသော အကျိုးကျေးဇူးမှာ ကိုယ်တိုင် ထသွား၊ ထလာ၊ ထလုပ်နေစရာ မလိုအပ်တော့ပါ။ စကား တွေနောက်ကို အသာစီးမျောလိုက်ပါရင်း နေရာသစ်များစွာကို ကိုယ်တိုင်ရောက်ရှိ တော့သည်။

အခုလည်း ဆရာ သိပ္ပံမောင်ဝ ကျေးဇူးကြောင့် ကျွန်တော်သည် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်ကို တက်ရောက်ခွင့်ရခဲ့သည်။ အောက်စဖို့ဒ်တက္ကသိုလ်က ကျောင်း

# ကျွန်တော်ရောက်သွားတဲ့ အောက်စဖို့ဒ် တက္ကသိုလ်

ထနို

သားတွေနှင့် တွေ့ဆုံခင်မင်ခွင့်ရခဲ့သည်။ လန်ဒန်မြို့ကြီးကိုလည်း ရောက်ခဲ့သည်။ ပြင်သစ်နိုင်ငံ မာဆေးမြို့သို့လည်း ခေတ္တခဏ ဝင်ခဲ့၏။ အင်္ဂလန်နိုင်ငံ နှင်းခဲများကိုလည်း မြင်ခဲ့ရ၏။ အင်္ဂလန် က ပြတိုက်တွေထဲကိုလည်း ဝင်ကြည့် ၏။ အောက်စဖို့ဒ်တက္ကသိုလ် ချပ်ချ်ကျောင်းက မြက်ခင်းပြင် တွင်လည်း လမ်းလျှောက်ခဲ့၏။ နေသော အင်္ဂလန်နိုင်ငံ ရာသီဥတု မီးလင်းဖိုနံဘေးမှာ ကွေးအိပ်ပြီး ထဲမှာ စာအုပ်တွေလည်း ဖတ်ခဲ့သည် တစ်ခုတော့ ရှိသည်။ ကျွန်တော် ရောက်ခဲ့သော အောက်စဖို့ဒ်တက္ကသိုလ် ကား ၁၉၂၇-၁၉၂၈ခုနှစ်၊ လွန်ခဲ့သော နှစ် ၉၀က တက္ကသိုလ်သာ ဖြစ်သည်။

❑

ဆရာ သိပ္ပံမောင်ဝ၏ အောက်စဖို့ဒ်တက္ကသိုလ် ခရီးသွားမှတ်တမ်းကို ဖတ်ရသည့်အခါ ဆရာ သိပ္ပံမောင်ဝနောက်ကို တကောက်ကောက်လိုက်ပါသွားရင်း သူ့လိုမျိုး ကြုံတွေ့ ခံစားရခြင်းသာ ဖြစ်သည်။ ဆရာ သိပ္ပံမောင်ဝသည် ၁၉၂၇ ခုနှစ်က အောက်စဖို့ဒ်တက္ကသိုလ် သို့ ပညာတော်သင်အဖြစ် စေလွှတ်ခံရသည်။ ထိုအချိန်က ဆရာ သိပ္ပံမောင်ဝကို ပညာ တော်အဖြစ် စေလွှတ်ခဲ့သူမှာ ဘုရင်ခံမင်းကြီး ဆာဟာကုတ်ဘတ္တလာ ဖြစ်သည်။

ထိုခေတ် ထိုအခါက လမ်းပန်းဆက်သွယ်ရေး မဖွံ့ဖြိုးမတိုးတက်သေးသည်ဖြစ်၍ ဆရာ သိပ္ပံမောင်ဝသည် အင်္ဂလန်နိုင်ငံသို့ သင်္ဘောဖြင့် တစ်လကြာမျှ ခရီးသွားခဲ့ရသည်။ သင်္ဘောဖြင့် ပင်လယ်ကို ဖြတ်ကူးရသဖြင့် ရေထဲမှာနေသော အချိန်ကသာ များလေသည်။ ရေထဲမှာချည်းသာ ခရီးသွားနေရသဖြင့် ကြုံတွေ့ရသော ခံစားမှုကို သိပ္ပံမောင်ဝက ဤသို့ မှတ်တမ်းတင်ခဲ့သည်။

*၃ ရက်တိုင်တိုင် ရေကိုချည်း မြင်ခဲ့ရသောကြောင့် စိမ်းလန်းသောသစ်ပင်၊ ကုန်းမြေ တောင်တန်းများကို အဝေးမှမြင်ရသောအခါ အထူးပင် စိတ်ကြည်နူးခြင်း ဖြစ်ကြလေသည်။ ယခင်သုံးလေးရက်က နံနက်မှမိုးချုပ်၊ မိုးချုပ်မှမိုးလင်း ရေကိုချည်း မြင်နေရသည်မှာ*



www.burmeseclassic.com

www.burmeseclassic.com

*စိတ်ပျက်စရာ ကောင်းလှ၏။ နေထွက်လည်း ပင်လယ်ထဲမှထွက်လာ၊ နေဝင်ပြန်လည်း ပင်လယ်ထဲသို့ ဝင်သွား။ အလွန် ငြီးငွေ့ဖွယ် ကောင်းလှပေသည်။ ကြယ်ဘာရာအပေါင်းနှင့် လတို့သာလျှင် ကျွန်တော်၏ အဖော်ကောင်းများ ဖြစ်ကြကုန်၏။*

ရေလမ်းခရီးကိုမသွားဖူးသော ကျွန်တော်သည် မြစ်ထဲ၊ ပင်လယ်ထဲကို သင်္ဘောဖြင့် လှည့်လည်ခရီးသွားလာချင်သည်။ ထိုသို့သွားသည့်အခါတွင်လည်း ပျော်ရွှင်ကြည်နူးရလိမ့်မည်ဟု စိတ်ထဲတွင် မှတ်ထင်ခဲ့သည်။ သို့သော် သိပ္ပံမောင်ဝလိုသာ နေ့စဉ်ရက်ဆက် ရေကိုချည်းသာ မြင်တွေ့ရလျှင် စိတ်ပျက်ငြီးငွေ့နေမည်လား မသိ။ ကျွန်တော်သည် သိပ္ပံမောင်ဝလိုသာ အခုနေအခါမှာ တွေးမိပြီး ခံစားမိပါသည်။ စိတ်ကူးနှင့်လက်တွေ့ ထင်မြင်ချက်တို့မှာ တခြားစီသာ ဖြစ်လေသည်။

ထို့ပြင် ဆရာ သိပ္ပံမောင်ဝသည် အများသူငါ သွားချင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော အင်္ဂလန်နိုင်ငံကိုရောက်ခါစက မဲဇာတောင်ခြေဟုပင် ဝမ်းနည်းအားငယ်စိတ်ဖြင့် မှတ်ထင်ခဲ့သည်။ ဤသည်မှာ မည်သူမဆို ကိုယ့်အရပ် ကိုယ့်ဌာနေကနေ အဝေးကိုရောက်သည့်အခါ အသားမကျသေးခင်ခါစကတော့ အားငယ်ဝမ်းနည်းစိတ်ဖြစ်ပေါ်ဖူးပြီး မနေနိုင် မထိုင်နိုင်ဖြစ်ကြရသည်မှာ ဓမ္မတာသာ ဖြစ်သည်။ ကိုယ်ကသည်မျှပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနေရာဆီသို့ ရောက်နေပါစေ။ ကိုယ်အသားကျပျော်ဝင်ခဲ့သော နေရာကျဉ်းကျဉ်းကလေးဆီကိုသာ စိတ်က တအောက်မေ့မေ့ ဖြစ်ကြရသည်ချည်းပင်။ နေရာသစ်ဆီသို့ ရောက်ခါစ လူတိုင်း ဤသို့နှင်နှင် ဖြစ်ကြရလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

နိုင်ငံခြားရောက် မြန်မာတိုင်း အမိမြေကို လွမ်းသည့်စိတ်၊ တမ်းတသည့်စိတ်ဖြစ်ပေါ်ခဲ့ဖူးကြသည်မှာ အမှန်ပင်။ ဆရာ သိပ္ပံမောင်ဝလည်း ဤသို့ပင် ခံစားခဲ့ရ၏။ မြန်မာနိုင်ငံက စာလာသည့်အခါတိုင်း အထပ်ထပ် အခါခါ ဖတ်မဝဖြစ်ရ၏။ မိမိကသူတို့ဆီ စာရေးသည့်အခါ စာတိုသော်လည်း မိမိဆီ စာရေးသည့်အခါ စာရှည်ရှည်ရေးမှ ကြိုက်နှစ်သက်၏။ ထိုခေတ်က ဆက်သွယ်ရေး ခေတ်မမီသေးသည်ဖြစ်ရာ စာပို့သည်ကိုပင် လကျော်ကြာခဲ့သည်။ ဖုန်းဖြင့် ဆက်သွယ်စရာမရှိ၊ အီးမေးလ်ဖြင့် စာပို့စရာမရှိ၊ Skypeဖြင့် စကားပြောခွင့်မရသေးသည့် ထိုခေတ်မှာ နိုင်ငံခြားရောက် မြန်မာတစ်ယောက်အဖို့ မြန်မာနိုင်ငံကို ဘယ်လောက်တောင် လွမ်းနေရမလဲဆိုတာ ကိုယ်ချင်းစာမိ၏။ အလွမ်းဖြေစရာဟူ၍လည်း ဘာကိုမျှ တွေးမရပေ။ မြန်မာနိုင်ငံက အမိအဖ၊ မောင်နှမများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ဝန်းကျင်မြင်ကွင်းများသာမက အစားအစာတို့ကိုလည်း လွမ်းရ၏။ အင်္ဂလန်နိုင်ငံရောက် မြန်မာတို့ မက်မောသော အစားအစာကား ငါးပိကြော်သာ ဖြစ်သည်။ ဤသည်ကိုလည်း ဆရာ သိပ္ပံမောင်ဝက မှတ်တမ်းတင်ထားခဲ့လေသည်။

*အင်္ဂလန်ပြည်တွင် ပညာသင်ကြားနေကြသော မြန်မာတို့အဖို့ ထူးမြတ်သော အစားအစာကား ငါးပိကြော်သာတည်း။ တစ်ယောက်ထံသို့ ငါးပိကြော် ရောက်လာလျှင် မိတ်ဆွေအပေါင်းတို့အား ဖိတ်ကာ ပေါင်မုန့်နှင့် ကျွေးသည်မှာ ထုံးစံပင်ဖြစ်နေလေပြီ။ အကယ်၍ မြန်မာနိုင်ငံမှ ငါးပိကြော်ရောက်လာပါလျက် မိတ်ဆွေများအား ဖိတ်၍ မကျွေးလျှင် အပြစ်တင်ခံကြရလေသည်။ မြန်မာနိုင်ငံတွင် ရှိစဉ်က ငါးပိကြော်ကို မစားတတ်သူတို့ပင်လျှင် အင်္ဂလန်သို့ ရောက်သောအခါ ငါးပိကြော်ကို ခုံခုံမင်မင် စားသောက်လေ့ရှိကြ၏။ ဟိုတယ်ဆိုင်တွင် ညစာတစ်နပ် ကျွေးသည်ထက် ငါးပိကြော်နှင့် ပေါင်မုန့်ကို ကျွေးသည်က ပိုမိုနေရာကျလေသည်။ အချို့မှာ မည်သူ့ထံ ငါးပိကြော် ရောက်သည်ဟူသော သတင်းကို နားထောင်ကာ ငါးပိကြော် ရောက်ရာ မိတ်ဆွေတို့ထံ သွား၍ အတင်းအကျွေးခိုင်းလေ့ ရှိကြ၏။ ထို့ကြောင့် မည်သူ့ထံသို့မဆို ငါးပိကြော် ရောက်လာလျှင် ကြာကြာမခံ၊ သုံးလေးရက်အတွင်းပင် ကုန်သွားလေ့ရှိ၏။*

အင်္ဂလန်ရောက်နေသည့် သိပ္ပံမောင်ဝ မပြောနှင့်၊ အိမ်ထဲမှာပင် စာထိုင်ဖတ်နေသည့် ကျွန်တော်သည်ပင် စာဖတ်နေရင်းတန်းလန်း ငါးပိကြော် ထစားချင်စိတ် ဖြစ်မိ၏။ ကိုယ်တိုင်က မြန်မာတစ်ယောက် ဖြစ်တာကြောင့်ရော၊ ဆရာ သိပ္ပံမောင်ဝ၏ စာအရေးအသားအစွမ်းကြောင့်ရော ခံစားမှုတွေ ကူးလူးခြင်းသာ ဖြစ်၏။

❑

သိပ္ပံမောင်ဝ၏ အောက်စဖို့ဒ်တက္ကသိုလ် ခရီးသွားမှတ်တမ်းတွင် ရယ်စရာတစ်ကွက်ကိုလည်း မရေးမဖြစ် ရေးပြရဦးမည်။ ဒီဇင်ဘာလတွင် လန်ဒန်မြို့၌ မြင်းစီးအစမ်း စစ်ဆေးပွဲ ကျင်းပမည်ဖြစ်ရာ သိပ္ပံမောင်ဝသည် မြင်းစီးအတတ်ကို သင်ကြားလေသည်။ သိပ္ပံမောင်ဝ မြင်းစီးအတတ်ပညာ သင်ကြားရာတွင် အခက်အခဲ တွေ့ရပုံကို **မြင်းစီးသူရဲကောင်း** ခေါင်းစဉ်ဖြင့် မှတ်တမ်းတင်ထားလေသည်။

*လက်ဦးအရှိန်မရခင် တစ်ပတ်နှစ်ပတ် လျှောက်ခိုင်းလေသည်။ မြင်းများမှာလည်း လိမ္မာပြီးသား မြင်းများဖြစ်သောကြောင့် သခင့်အမိန့်အတိုင်း လိုက်နာကြ၏။ ထိုရုံကြီးအတွင်း ၃-၄ ပတ် လျှောက်မိကြလျှင် ခပ်မှန်မှန် အပြေးခိုင်းလေသည်။ မြင်းအားလုံးပင် တစ်ကောင်ကိုတစ်ကောင် အားကျမခံ ပြေးကြ၏။ ကျွန်တော်ကား ဟန်မလုပ်နိုင်။ ယိုင်တီယိုင်တီဖြစ်၍ လာလေပြီ။ မြင်းပေါ်မှ ဓောက်ထိုးမကျစေရန် မနည်းသတိထားရလေသည်။ တစ်ကိုယ်လုံးလည်း ချွေးအတိပြီးနေ၏။ ရင်ထဲတွင်ကား တထိတ်ထိတ်ပင်။ သို့သော် မြေပေါ်သို့ မကျသောကြောင့် ဝမ်းမြောက်ရတော့၏။*

*၁၅ မိနစ်ခန့် ခပ်မှန်မှန် အပြေးခိုင်းပြီးလျှင် ဒုန်းစိုင်းရန် အမိန့်ပေးပြန်လေသည်။ ခက်ပြီ၊ အသို့လုပ်ရအံ့နည်း။ ဒုန်းမစိုင်းဝံ့ပါ၍ ဆရာအား ပြောရမှာကိုလည်း ရှက်သေး၏။ မိမိကိုယ်ကို ရဲဆေးတင်ရလေတော့သည်။ အခြားမြင်း*

www.burmeseclassic.com

*များ ဒုန်းစိုင်းကြသည်ကို မြင်လျှင် ကျွန်တော့်မြင်းလည်း အငြိမ်မနေနိုင်တော့ဘဲ ရွတတ ဖြစ်လာ၏။ မိမိ၏ အလှည့်မကျခင်ပင် ထိုမြင်းများနောက်မှ လိုက်ကာ ဒုန်းစိုင်းလေသတည်း။ ကျွန်တော့်မှာ အေးခနဲ ဖြစ်ပြီးလျှင် လက်ယာဘက်သို့ ယိုင်သွား၏။ ထိုအခါ လက်ဝဲဘက်သို့ အားပြုလိုက်လေသည်။ အားပြုလိုက်သည်မှာ အရှိန်လွန်သွားသောကြောင့် မဟန်နိုင်တော့ဘဲ လက်ဝဲဘက်တွင်ပင် ဗုန်းခနဲ ကျလေတော့သတည်း။*

ကျွန်တော်သည် ဆရာ သိပ္ပံမောင်ဝ၏အဖြစ်ကို မျက်စိထဲ မြင်ယောင်ကာ စာဆက်မဖတ်နိုင်ဘဲ တွေးကာတွေးကာ ရယ်ခဲ့မိပါသည်။

❑

ဆရာ သိပ္ပံမောင်ဝသည် ကျောင်းပိတ်ရက်များတွင် လန်ဒန်မြို့ရှိ ပြတိုက်များကို သွားရောက် လေ့လာလေသည်။ လန်ဒန်ရှိ အယ်ဘတ်နှင့် ဝိတိုရိယပြတိုက်၊ လောကဓာတ်ပြတိုက်၊ စစ်ဘက်ဆိုင်ရာပြတိုက်၊ သဘာဝဆိုင်ရာပြတိုက်တွေကို သွားရောက်လေ့လာရင်း ထိုအချိန်က သူတွေးမိသော အတွေးတစ်ခုကိုလည်း မှတ်တမ်းတင်ထားခဲ့၏။

*လန်ဒန်မြို့တွင်ကား ပြတိုက်ပေါင်းစုံ၍သာ နေပေသည်။ မြန်မာနိုင်ငံ၌မူ ပြတိုက်တစ်တိုက်ပင် ပြစရာမရှိ။ ဝမ်းနည်းဖွယ် ကောင်းလှပေတော့သည်။ အင်္ဂလိပ်ကျောင်းသား ကလေးတို့မှာ အဆိုပါ ပြတိုက်ကြီးများ ရှိသောကြောင့် ဗဟုသုတ အမျိုးမျိုးတို့ကို မပင်ပန်းဘဲနှင့် ရကြလေသည်။ မြန်မာနိုင်ငံကျောင်းသားများကား ဤသို့ ဗဟုသုတမျိုးကို အဘယ်မှာလျှင် ရနိုင်ကြပါအံ့နည်း။*

အခုခေတ်မှာတော့ မြန်မာနိုင်ငံမှာ ပြတိုက်တစ်ခုမက ပေါ်ထွက်လာခဲ့ပြီ ဖြစ်သဖြင့် ဆရာ သိပ္ပံမောင်ဝ ဝမ်းမြောက်ကြည်နူးနိုင်လိမ့်မည် ထင်သည်။ သို့သော် မြန်မာနိုင်ငံမှာ ပြတိုက်အမျိုးအစား များများစားစား ရှိမည်မထင်ပါ။

**ဤစာကို သိပ္ပံမောင်ဝ ရေးခဲ့သည်မှာ နှစ် ၈၀ မျှကြာပြီဖြစ်သည် ထိုစဉ်က သိပ္ပံမောင်ဝ တွေးခဲ့သောအတွေးမှာ ယနေ့ထက်တိုင်အောင် ခေတ်မီသော အတွေးဖြစ်သည် သို့သော် ဒီကနေ့ထိ တိုင်အောင် ကျွန်တော်တို့ မြန်မာနိုင်ငံက နာမည်ကျော် စာရေးဆရာများ၏ လက်ရေးမူများကို မြင်တွေ့ခွင့်ရမည့် ပြတိုက်တစ်တိုက်မျှ မရှိသေးပေ**

ထိုသို့ မရှိကြသေးသည့်အထဲက လိုအပ်နေသည့် ပြတိုက်အမျိုးအစား တစ်ခုကို သိပ္ပံမောင်ဝသည် ဗြိတိသျှပြတိုက်သို့ ရောက်သောအခါ တွေးမိသွားလေသည်။ သူ၏ အတွေးကိုလည်း မှတ်တမ်းတင်ထားခဲ့ရာ အဖိုးထိုက်တန်လှပါသည်။

ငှင်းပြတိုက်ကြီးအတွင်း၌ ဗဟုသုတရဖွယ် အမျိုးမျိုးတို့ကို တွေ့မြင်ခဲ့ရသော်လည်း စုံလင်အောင် ရေးသားနေရန် နေရာမရှိသောကြောင့် ချန်ခဲ့ရပေမည်။ ကျွန်တော် သဘောအကျဆုံးကား အင်္ဂလိပ် စာရေးဆရာကျော်ကြီးများ၏ လက်ရေးဖြင့် ရေးသားထားသော နာမည်ကျော်စာများ ဖြစ်လေသည်။ အချို့သော စာရေးဆ… ကျော်တို့၏ လက်ရေးများမှာ… သေးသေးကွေးကွေး၊ မှုန်မှုန်… များဖြစ်၏။ အချို့မှာလည်း … ရာ၊ ခြစ်ရာများနှင့် ပြည့်… နေပေသည်။ အချို့မှာကား … ရေးညံ့လှသဖြင့် သူတို့၏စာ… ကို ဖတ်၍ပင် ကောင်းစွာ မ… ထိုစာရေးဆရာကျော်တို့၏ … ရေးနှင့် ရေးထားသော စာ… မှန်အိမ်ကြီးများနှင့် ထည့်၍ … ထားလေသည်။ အပြင်မှ … ဖတ်နိုင်၏။ ငှင်းစာများကို … ကာ ဖတ် ကြည့်နေသည်နှင့် … အတော်ကလေး အချိန်… သွားလေသည်။ ဤသို့ လို… ဖတ်နေခိုက်တွင် ဦးပုည၊ ရှင်… မကျော်၊ ရှင်မဟာ သီလဝံသ… လက်ရေးများ မည်သို့နေပါ… မည်နည်းဟု သိလိုသောဆန္ဒ… ပေါက်လာလေသည်။ မြန်… နိုင်ငံတွင် ပြတိုက်တစ်တိုက် … သေးသည်မှာ အံ့သြစရာကြီး… ရပ်ပါတကားဟူ၍လည်း စဉ်း… မိသေး၏။

ဤစာကို သိပ္ပံမောင်ဝ ရေးခဲ့သ… မှာ နှစ် ၈၀ မျှ ကြာပြီဖြစ်သည်။ ထို… က သိပ္ပံမောင်ဝ တွေးခဲ့သော အတွေး… ယနေ့ထက်တိုင်အောင် ခေတ်မီသော… အတွေးဖြစ်သည်။ သို့သော် ဒီကနေ့… တိုင်အောင် ကျွန်တော်တို့ မြန်မာနိုင်ငံ… နာမည်ကျော် စာရေးဆရာများ၏ လ… ရေးမူများကို မြင်တွေ့ခွင့်ရမည့် ပြတို… တစ်တိုက်မျှ မရှိသေးပေ။ လွန်ခဲ့သော… နှစ် ၈၀ ကျော်က သိပ္ပံမောင်ဝ… အတွေးမှာ အခု ကျွန်တော်၏ အတွေး… လည်း ဖြစ်သည်။ ဒီကနေ့ထိတိုင်အောင်… တွေးရုံသာ တွေးနေရဆဲဆိုလျှင် … တစ်ခုမျှ ခေတ်မီတိုးတက်သည်မမြင်… လက်တွေ့ အကောင်အထည် မဖော်နိုင်… သည်ကို သိသာမြင်သာစေသည်။

စဉ်းစားကြည့်စမ်းပါ။ ကျွန်… တို့ ချစ်ခင်လေးစားရသည့် စာရေးဆ…



www.burmeseclassic.com

www.burmeseclassic.com

ကြီးတွေ၏ လက်ရေးစာလုံးလေးတွေကို ပြတိုက်ထဲမှာ အမြတ်တနိုး ထိန်းသိမ်းထားပြီး မြင်တွေ့ခွင့်ရမည်ဆိုလျှင် ညီမျှ ဝမ်းသာကြည်နူးစရာ ကောင်းလိုက်မလဲ။

ကွယ်လွန်သွားပြီဖြစ်သည့် စာရေးဆရာတွေ၏ လက်ရေးမူတွေကို လက်လှမ်းမီရာစု၊ အသက်ရှင်နေသေးသည့် စာရေးဆရာတွေ၏ လက်ရေးမူတွေကိုလည်း အချိန်မီစုပြီး ပြတိုက်ထဲမှာ ထိန်းသိမ်းစောင့်ရှောက်မည်ဆိုလျှင် မတူညီသည့် လက်ရေးအစုစုတို့ကို တစ်ထိုင်တည်း မြင်တွေ့ရလိမ့်မည်။ အဲသည့်အခါ…။

❑

ကျွန်တော့်မှာ အကြံတစ်ခု ဖြစ်ပေါ်ခဲ့ဖူး၏။ ထိုအကြံမှာ အင်္ဂလိပ်လူမျိုးတွေလို ရေချိုးကြွေဇလုံကန်ကြီးထဲမှာ ဝင်ပြီး ရေစိမ်ချိုးဖို့ ဖြစ်၏။ သို့သော် သိပ္ပံမောင်ဝ၏ မှတ်တမ်းကို ဖတ်လိုက်ရသောအခါ အတွေးတစ်မျိုး ပြောင်းသွား၏။ ဆရာ သိပ္ပံမောင်ဝက အင်္ဂလန်တွင် ရေချိုးရပုံကို ဤသို့ မှတ်တမ်းတင်ထားသည်။

*ညနေ လက်ဖက်ရည်သောက်ပြီးလျှင် ရေချိုးခန်းထဲသွား၍ ရေချိုးလေသည်။ အင်္ဂလန်၌ ရေချိုးသည် ဆိုရသော်လည်း စင်စစ်ကား ရေစိမ်ခြင်းမျှသာ ဖြစ်လေသည်။ အလွန်အေးသောတိုင်းပြည်ဖြစ်သောကြောင့် မြန်မာပြည်ကဲ့သို့ ရေလောင်း၍ မချိုးနိုင်၊ အလွန်ချမ်းလှ၏။ ရေအေးနှင့် ရေနွေးတို့ကို လိုသလောက်စပ်ကာ လူတစ်ကိုယ်ဝင်နိုင်သော စည်ကြီးအတွင်းဝင်ကာ စိမ်ချိုးရလေသည်။ လောင်း၍ ချိုးသကဲ့သို့ အားမရလှပေ။ ကိုယ်ကထွက်သော အညစ်အကြေးနှင့် ဆပ်ပြာရည်များမှာလည်း ၄င်းစည်ထဲမှာပင် လုံးထွေးနေသောကြောင့် မသတီစရာ ဖြစ်လေသည်။ မြန်မာပြည်ကဲ့သို့ ရေလောင်း၍ ချိုးခြင်းမှာ ကျန်းမာရေးနှင့် များစွာ ညီညွတ်လေသည်။ အညစ်အကြေးများ၊ ဆပ်ပြာရည်များမှာ ရေကိုလောင်း၍ ချိုးလိုက်သောအခါ ကိုယ်ပေါ်မှာ စီးဆင်း၍ သွားကြ၏။ သို့သော် မြန်မာပြည်မှာပင် အင်္ဂလန်ဆန်သူ အချို့မှာ အင်္ဂလိပ်စနစ်အတိုင်း ရေချိုးလေ့ ရှိကြလေသည်။ ကိုယ့်ဒေသနှင့် ဆန့်ကျင်ဘက်ကြီး ဖြစ်နေလေသည်။ အတုမယူသင့်သည့်နေရာတွင် အတုယူခြင်းပေတည်း။*

ဆရာ သိပ္ပံမောင်ဝ၏ မှတ်တမ်းကို ဖတ်နေရင်း၌ပင် တော်ပြီ တော်ပြီ၊ ကိုယ့်နည်းကိုယ့်ဟန် ရေခွက်နှင့် ရေလောင်းချိုးတာပဲ ကောင်းပါတယ်ဟု ချက်ချင်းပင် အကြံပြောင်းသွားလေသည်။

❑

ဆရာ သိပ္ပံမောင်ဝသည် အင်္ဂလန်နိုင်ငံ၌ မီးရထားစီးရင်း မိမိလူမျိုး၏ စရိုက်သဘာဝနှင့် အင်္ဂလိပ်လူမျိုးတို့၏ စရိုက်သဘာဝ သိသိသာသာ ကွဲပြားခြားနားပုံကို မြင်တွေ့ခဲ့သည်ဖြစ်ရာ ထိုမြင်တွေ့ခဲ့သမျှကိုလည်း အမိအရ မှတ်တမ်းတင်ထားခဲ့သည်။

စာအုပ်တစ်နေရာတွင်…

*အတန်ကြာလျှင် မီးရထားလည်း ဘူတာရုံမှ ထွက်လာခဲ့၏။ ကျွန်တော်စီးလာသည့် အတွဲတွင် ပါလာသော ခရီးသည်များအနက် သုံးယောက်မှာ သတင်းစာကို ဖတ်လာကြကုန်၏။ နှစ်ယောက်မှာ စာအုပ်ကိုယ်စီ ဖတ်လာကြလေသည်။ နှစ်ယောက်ကား ငိုက်မျဉ်းလာကြ၏။ ကျွန်တော်ကား စာကိုလည်း မဖတ်၊ သတင်းစာကိုလည်း မကြည့်၊ ငိုက်မျဉ်းခြင်းလည်း မရှိ၊ ထင်ရာမြင်ရာကို လျှောက်တွေးကာ လာခဲ့လေသတည်း။ ဤသို့ တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းကိုမျှ မပြောဘဲ လိုက်လာကြသည်မှာ လန်ဒန်မြို့သို့သာ ရောက်လေတော့၏။ အလွန်နေနိုင်ကြသော ပုဂ္ဂိုလ်များပါတကားဟု တွေးတောမိလေသည်။ အင်္ဂလန်တွင် မီးရထား၊ ဓာတ်ရထား၊ မော်တော်ဘတ်များဖြင့် ခရီးသွားကြသောအခါ ဆူညံစွာ စကားပြောသွားကြခြင်း မရှိ။ တိတ်ဆိတ်စွာ သွားလာကြသည်ကိုသာ မြင်ရလေသည်*ဟူ၍ မှတ်တမ်းတင်ထားရာဒီနိုင်ငံမှာ ကားပေါ်မှာပဲဖြစ်ဖြစ်၊ ရထားပေါ်မှာပဲဖြစ်ဖြစ် မိတ်ဆွေအချင်းချင်းဆိုလျှင် သူ့အကြောင်း ကိုယ့်အကြောင်း ခရီးတစ်လျှောက် အစုံအစေ့ ပြောလာကြသည့် သူတွေကို ဖျတ်ခနဲ သတိရမိသွားပါသည်။

နောက်တစ်နေရာတွင်လည်း…

*အများအားဖြင့် မီးရထားတွဲထဲ၌ ကျယ်လောင်စွာ စကားပြောလေ့ မရှိကြ။ အသီးသီး သတင်းစာ၊ မဂ္ဂဇင်း၊ စာအုပ်များကို ဖတ်သွားလေ့ ရှိကြလေသည်။ ထို့ကြောင့် မီးရထား စီးသွားသောအခါ မီးရထား ခုတ်သံမှတစ်ပါး အခြားဆူညံသော အသံများကို မကြားရပေ။ အချင်းချင်း စကားပြောလိုကြလျှင် တိုးတိုးလေသံဖြင့်သာ ပြောကြားသွားလေ့ ရှိကြလေသည်။ ခရီးသွားရင်း ကြံစုပ်သွားရန် အင်္ဂလန်၌ ကြံမရှိ။ ကွမ်းစားသွားရန် ကွမ်းကလည်း မရှိသောကြောင့် မြန်မာပြည် မီးရထားတွဲများမှာကဲ့သို့ ကွမ်းတံတွေး၊ ကြံဖတ်များကို မမြင်ရပေ။ ခရီးသွားရင်း မုန့်ပဲများကို စားသွားလေ့ မရှိကြသောကြောင့် စက္ကူစုတ်များကိုလည်း မမြင်ရ။ အလွန် သန့်ရှင်းလှပါပေ၏*ဟူ၍ မှတ်တမ်းတင်ထားရာ မိမိတို့နိုင်ငံက မီးရထားကို ကွက်ကွက်ကွင်းကွင်း မြင်သွားစေလေသည်။ ထို့ပြင် သိပ္ပံမောင်ဝသည် အလွန်သန့်ရှင်းလှသည်ဆိုသော အင်္ဂလန်နိုင်ငံက မီးရထားကို စီးသွားရင်း ကိုယ့်နိုင်ငံကိုလည်း တအောက်မေ့မေ့ သတိရနေဟန် တူပါသည်။

❑

စာရေးဆရာတိုင်းသည် မိမိတို့ သွားရောက်ခဲ့သော နိုင်ငံက လူမျိုးတို့ တီထွင်ထားသော၊ ကောင်းမွန်သော စနစ်တစ်ခုကို တွေ့တိုင်း မိမိတို့နိုင်ငံက လူမျိုးတို့ အားကျအတုယူစေရန် ဖောက်သည်ချပြီး စာဖြင့် ရေးဖွဲ့ခဲ့ကြသည်မှာ ခေတ်အဆက်ဆက်ကပင် ဖြစ်သည်။ ဆရာ သိပ္ပံမောင်ဝကလည်း ထိုခေတ်က သူကြုံတွေ့ဖူးသည့် အင်္ဂလိပ်လူမျိုးတို့၏ စနစ်တစ်ခုကို '**စနစ်ကောင်း**'ဟု

www.burmeseclassic.com

သော ခေါင်းစဉ်ငယ်လေးအောက်တွင် မှတ်တမ်းတင်ထားခဲ့သည်။

ဘူတာရုံမှ ပြန်လာကြပြီးနောက် ညနေသို့ ရောက်လျှင် ကိုကျင်က ခေါ်သောကြောင့် ရုပ်ရှင်ကြည့်ရန် လိုက်သွားကြလေသည်။ ရုပ်ရှင်ရုံသို့ ရောက်သောအခါ ရုံပေါက်ဝတွင် နှစ်ယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ စီတန်းကာ ရပ်နေကြသော လူတန်းကြီးကို မြင်ရ၏။ ထိုသူတို့ကား လက်မှတ်ယူရန် စောင့်နေကြသော သူတို့တည်း။ မြန်မာပြည်တွင် ရုပ်ရှင်ရုံပေါက်ဝများ၌ တိုးဝှေ့နေကြသော လူထုကြီးကို မကြာမကြာ မြင်ခဲ့ကြရသော ကျွန်တော်တို့၏ စိတ်တွင် ဤသို့ သေသေသပ်သပ် နေသော လူတန်းကြီးကို မြင်ရသောအခါ ထူးဆန်းသည်ဟု ထင်မိပေ၏။ မည်မျှ နေရာကျပါသနည်း။ မြန်မာပြည်တွင်လည်း ဤစနစ်မျိုး တီထွင်လျှင် များစွာ ကောင်းမည်ဟု တွေးတောမိလေသည်။

ကျွန်တော်တို့ လူစုလည်း ၄င်းလူတန်းကြီးနောက်မှ ဝင်၍ ရပ်ကြရ၏။ ရုံဖွင့်သောအခါ ကျမှသာ တစ်ယောက်ပြီးလျှင်တစ်ယောက် ဣန္ဒြေရရဝင်၍ သွားကြလေသည်။ ကိုကျင်အား ဤအကြောင်းကို ပြောပြသောအခါ ကိုကျင်က ရုပ်ရှင်များမှသာ မဟုတ်၊ မီးရထားဘူတာရုံများ၊ ဓာတ်ရုံများမှစ၍ လူများသောနေရာ၊ တိုးဝှေ့ရမည့် နေရာဟူသမျှတွင် ဤစနစ်အတိုင်း လိုက်နာကြသည်ဟု ပြောပြလေသည်။ ဤနေရာမျိုး၌ အင်္ဂလိပ်တို့မှာ ယဉ်ကျေးပေစွ။ အတုခိုးဖွယ် ကောင်းလှပေတော့သည်။

ဟု မှတ်တမ်းတင်ထားခဲ့ရာ ထိုမှတ်တမ်းသည် ၁၉၃၅ ခုနှစ်က ရေးသားခဲ့သည်ဖြစ်ရာ ယခုဆိုရင် နှစ်ပေါင်း ၈၀ ရှိပြီ ဖြစ်သည်။ သို့သော် သိပ္ပံမောင်ဝ လမ်းညွှန်ခဲ့သော ထိုစနစ်ကောင်းသည် ယခု မြန်မာနိုင်ငံက ကျွန်တော်တို့ လူမျိုးတွေ ကျင့်သုံးပါရဲ့

လားဆိုတာ စဉ်းစားစရာ ဖြစ်မိ
စာရေးဆရာ တိုင်းသည် ပိုမိုတိုးတ
ကောင်းမွန်သော ဘဝကို မျှော်မှန်းတ
ကြ၏။ ထို့ကြောင့် ရှေးစာရေးဆရာ
တွေကရော၊ ယခုခေတ် စာရေးဆ
တွေကရော အားလုံးသော စာရေးဆ
တွေက ပိုမိုတိုးတက်ကောင်းမွန်သေ
စနစ်၊ ဘဝတွေကို အကြံပြု ရေးသာ
ခြင်း ဖြစ်သည်။ ထိုသို့ အကြံပြု
သားချက်အတိုင်း လိုက်နာဆောင်
ခြင်း ရှိ၊ မရှိ ဆိုတာကတော့ ခေတ်
ခေတ်တိုင်းမှာ ဝေဖန်သုံးသပ်ကြဖို့
လိမ့်မည်။

ဤစာရေးနေရင်းတန်းလ
ကျွန်တော် တွေးမိသည်မှာ မြန်မာလူ
တို့သည် မည်သည့်နေရာတွင်မဆို
ကားသိုက်မြိုက်မှသာ ပျော်ရွှင်
ကောင်းသည်၊ အောင်မြင်သည်ဟု
ထင်ကြရာ၊ ထိုသို့ လူစုလူဝေးဖြင့်
ဝှေ့ တွန်းတိုက်ရသည်ကိုက မြ
လူမျိုးတို့၏ စိတ်နေစိတ်ထား၊
စရိုက် တစ်ခုပင် ဖြစ်နေလေမ
မသိပါ။ ။

■ ထ


ကိုယ်စိတ်ချမ်းသာ၊ လိမ္မာယဉ်ကျေး၊အတွေးထက်မြက်၊
တိုးတက်ကြီးပွားစေဖို့၊ မဖတ်မဖြစ်ဖတ်ရမည့်

# အနန္တဂုဏ်ရည်

ဘာသာရေးမဂ္ဂဇင်း

ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်သုံးခြင်းဖြင့် လောကီချမ်းသာ၊လောကုတ္တရာချမ်းသာ၊
နှစ်ဖြာသောချမ်းသာ တို့ပြည့်ဝစေမှာအမှန်မလွဲပဲနော် ........................

လစဉ်ထွက်ပါပြီ

မြင်းခြံစာပေ

အမှတ် (၂၅၆)၊ ၃၉ လမ်းအထက်၊ ရန်ကုန်မြို့ ဖုန်း ၂၅၃၅၈၇




www.burmeseclassic.com

www.burmeseclassic.com



ဟိုခေတ်ဒီခေတ် စစ်ကျန် ဗုံးသစ်၊ ဗုံးဟောင်း၊ လက်လုပ်ဗုံး မြေမြှုပ်ဗုံးများစွာကို သမ္မာအာဇီဝဖြင့် ဝမ်းစာရှာလျက်ကာပင် သူတို့ရွာခံပြည်သူတွေ နင်းမိပြီး ထိခိုက်ဒုက္ခတွေဖြင့် နာကျင်ရသည်။ ဘယ်သူ့ကြောင့်မှန်းလည်း အဖြေရှာမရ ဘယ်သူတွေ လုပ်မှန်းလည်း မသိ။ ကံအကြောင်းဟု တွေးလျက် တွေးယူနေရင်းပင် တစ်ယောက်၊ နှစ်ယောက် သုံးယောက်၊ လေးယောက်၊ ငါးယောက်။ . . ယောက်များစွာ

ညဥ့်က ပိုနက်လာပြီ။
အိပ်၍က မရ။
အဘယ်သော
အမုန်းတရားတွေက
သူတို့တွေကို
နာကျင်ထိခိုက်စေပါသနည်း။
ဒီတော ဒီတောင်ကြီးကို
ဘယ်လိုသော
အပြစ်တွေများ
လုပ်ခဲ့ကြပါသလဲ။
အဖြေရှာမတွေ့။
နောက်ဆုံး အဖြေက
အရုဏ်အတက်မှာ
ထွက်လာမည့်

နေလုံးနီနီကြီးကိုပဲ
ကြောက်လန့်မိသလိုလို၊
ရင်က အတွေးစုံဖြင့်
မှိုမောက်နေပြီ။
မိုးလည်း မလင်းစေချင်။
မိုးလင်း
နေထွက်လာသည်နှင့်
ဒီတော ဒီတောင် ဒီလယ်
ဒီကွင်းတွေမှာ
အစာရှာထွက်ကြရဦးမည်။
ဤသို့ အစာရှာ
ထွက်တိုင်းလည်း
တစ်ယောက်မဟုတ်
တစ်ယောက်၊ ဟိုရွာဒီရွာ

ဒီနယ်ဝန်းကျင်က
နယ်သားတွေပဲ ဒီလို
အဖြစ်မျိုးများဖြင့်
ကြုံဆုံတွေ့
ခံစားလာရသည်မှာ
နှစ်ကာလမနည်းတော့။
သူပင်
ဒီနှစ်ဝါဆိုလကျော်လျှင်
နှစ်ဆယ့်ရှစ်နှစ်ပြည့်ပြီ။
စောဖိုးသား၊ ဖိုးကျဲ၊
အဘစောဟန်၊ ဘဒွေး၊
ဦးကြီး၊ နှမ အေးမူ၊ ခင်ပု၊
သာထွန်းတို့လင်မယား၊
ကိုထွေးတို့သားအဖ၊

မြဟန်တို့ ညီအစ်ကို
ပြီးတော့ သူ။
သည့်အပြင် ရွာရှေ့ရွာဖျား
ရွာလယ်ရွာနောက်ပိုင်းက
သူ့အမျိုးအဆွေနှင့်
ရွာဝန်းကျင်ကသူတွေလည်း
ဒီအဖြစ်များနှင့်
ကြုံဆုံခဲ့ကြ၊
ကြုံဆုံဖူးကြနှင့်
ကြုံနေကြရသည်သာ။
မကြုံမဆုံချင်၍
ဒီတော ဒီနယ်အတွင်းမှ
မလုပ်လျှင်လည်း
ငတ်ရှုံ့သာရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အခြားသော အလုပ်တွေ ပြောင်းလုပ်ရန်ကလည်း ရွာစွန့်၊ အိမ်စွန့်၊ ခြံစွန့်၊ မိသားစုစွန့်နှင့် နောက်ဆုံး ကိုယ့်ဘဝကိုယ်စွန့်ပြီး အခြားတိုင်းတစ်ပါးသွားလုပ်ရန်ပင်ရှိ၏။ ဒါကလည်း မလွယ်။ ဒုက္ခနှင့်သောကပေါင်းခံစားပြီး ကျန်အကြွင်းက အသက်ကို စရန်ပေးထားရသည်သာ။

ညဉ့်နက်လေက အေးမြမြအသွင်ဆောင်လာ၍ စောင်ခြုံကာ ခြေထောက်အကွေးလစ်ဟာနေသည့် ညာခြေတစ်ချောင်းကြောင့် အားတင်း၍ အတင်းဖုံးဖိကွယ်ထားရသော ဝမ်းနည်းအားငယ်စိတ်များတစ်ကိုယ်လုံးသို့ ယိုဖိတ်စိမ့်ကျလာ၏။ လက်တွေ့ရင်ဆိုင်ကျော်ဖြတ်နေရသည့် မိသားစုအရေး၊ အရေးပေါင်းများစွာနှင့် ရှေ့ဆက်ရမည့် အနာဂတ်ခရီးတို့ ပေါင်းစုံကာ ဇောအပှုန်ထလာ၍ မျက်လွှာတို့က ပိတ်မရ။ မောင်ဦးဆိုလည်း ဘယ်လိုအိပ်ပျော်နိုင်မည်လဲ။ မိန်းမကဗိုက်ကြီးနှင့်။ သူကမှ ညာခြေတစ်ဖက်၊ မောင်ဦးက ဘယ်ခြေနှင့်ညာလက်။ သူ့ရင်တွေ ပူလောင်လွန်းလာ၏။ မိနိုင်လည်း ဘာတွေများ တွေးနေမည်လဲ။ နှလုံးသားတွေအောင့်နာလာပြန်သည်။ မိနိုင်က လက်ခံမည်ဆိုသော်လည်း မိနိုင်ဝန်းကျင်နှင့်အဝန်းအဝိုင်း၊ ပြီးတော့ သူ့စိတ်နှလုံးသားကိုယ်တိုင်ကလည်း မိနိုင်ကို တွဲလက်ကူမခေါ်ရဲ၊ မခေါ်ရက်။ မိနိုင်အစ်ကိုကြီးလည်း သူ့အဖြစ်မျိုးနှင့် ကြုံဖူးခဲ့ပြီဆိုတော့ မိသားစု ဝမ်းရေးနှင့်ရင်ဆိုင်

'အမေ ဟင်းမရှိရင်
သား
ဖလံတောင်ဇော်ပင်
တွေ
ပေါက်နေတာ
တွေ့ခဲ့တယ်
သား
သွားခူးပေးမယ်'ဟု
ပြောရင်း
ပြေးသွားသည့်
မြင်ကွင်း
မကြာမီမှာပင်
သွေးသံရဲရဲဖြင့်
အသက်ပျောက်
နေသော
ဖိုးသားခန္ဓာလေးကို
ဖလံတောင်ဇော်ပင်
တွေကြားမှာ
သွားတွေ့ခဲ့ရသည့်
အဖြစ်

ကြုံတွေ့နေရသည့် ဘဝပြဿနာများ။

ခြေလက်အားကိုး၍ ပုခုံးဖြင့် ထမ်း၊ ကျောနှင့်ပိုးကာ နေ့စဉ်အရေး ဖြေရှင်းရသည့်ဘဝအခြေအနေမှာ ယခုလို အခြေအနေမျိုးဖြင့် မိနိုင်လက်ကို ဘယ်လိုဆွဲရက်ပါမည်နည်း။ ဘယ်ဘက်ရင်အုံတစ်ခြမ်းလုံး မွန်းကျပ်ဆို့နင့်လာ၍ ခြင်ထောင်အတွင်းမှ ထွက်ထိုင်လိုက်သည်။

'သားကြီး ဘာလိုချင်လို့လဲ'အမေးနှင့် အမေ သူ့အနားရောက်လာတော့ ဝမ်းနည်းစိတ်က ပိုပြင်းသွား၏။

'ဘာမှမလုပ်ဘူး အမေ။ အမေ့ဘာသာ အမေ အိပ်ပျော်အောင် အိပ်ပါ'

အမေ ဘာစကားမှ မပြောဘဲ သက်ပျင်း မောလျှလျှချလျှက်ဖြင့် အိပ်ရာဘက်သို့ ပြန်လျှောက်သွားသည်။ အမေ့နှလုံးအိမ် သူ့ထက်ပင် ကြေကွဲနာကျင်နေမည်။

ကံတရား၊ ကုသိုလ်ကံ၊ အကြောင်းအကျိုး၊ အဖြစ်အပျက် ဆင်ခြင်တွေးဝင်အောင် စိတ်ဖြေလည်း ဖြေနိုင်မည် မထင်။

အမေ့ဦးကြီးဘတင်တုန်းက တည်င်းခူးရင်း နင်းမိသည်။ အမေ့အောက်က မောင်က တောတက်ထင်းခွေရင်း နင်းမိ၏။ အဖေတို့ညီအစ်ကိုနှစ်ယောက်က ဟိုဘက်ရွာမှာ နွားသွားကြည့်ပြီးအပြန် ရွာထိပ်မရောင်ခင်လေးမှာ။ ဘဝတွေ ခြေလက်အင်္ဂါတွေ၊ စိတ်နှလုံးသားတွေ၊ မိသားစုမျက်ရည်အပူသောကတွေ၊ သူ မစဉ်းစားဘဲ သူ့စိတ်အတွင်းမှာ အပူလှိုင်းကြွလာ၍ ခြင်ထောင်အတွင်း ပြန်ဝင်အိပ်ရပြန်၏။

အစ်မ အေးပုယောက်ျားလည်း မျှစ်ချိုးသွားရင်း၊ နှင်းရီတို့ညီအစ်မက မင်္ဂလာဆောင်မှအပြန်၊ မောင်ထူးတို့သူငယ်ချင်းတစ်စုတုန်းကလည်း သစ်ခွပန်းတွေ လိုက်ရှာခူးရင်းနှင့်ပင်။ ဘစောကြီးက နွားပျောက်ရှာရင်း၊ သူနှင့်မောင်ဦးက…။

'ဟော့ကောင်ရ၊ အရမ်းကြီးရှေ့ဆက်မသွားနဲ့တော့ကွ'

'အေးပါ။ ဟိုဘက်ထိပ်လေ၊ အရင်တစ်ခါ သွားတဲ့နေရာအထိပဲ သွားမှာ။ အဲဒီမှာ ဒီအချိန်ဆို မျှစ်စို့တွေ အများကြီးထွက်လောက်ပြီ'

'ဟုတ်တယ်။ ငါတို့ တစ်လလောက်ရှိပြီ'

'ကြိုးစားထားကွ မိန်းမက နောက်တစ်ဗိုက်—ဟား…ဟား…'

'မင်းကရော မိနိုင်အတွက် နတ်ကွ၊ မိနိုင်အတွက် ခူးကွ၊ ချိုးကွ—ဟား…ဟား…'

'မောင်ဦး ငါတို့ [illegible] တောင်ဘက်သွားမလား'

'သွားလေကွာ'

သူတို့နှစ်ဦး ပြောရင်းဆိုရင်းနှင့် မျှစ်စို့ကြီးတွေကို ချိုးယူပြီး သံတောင်ရွာဘက်သို့ အထွက်မှာပင် ပေါက်ကွဲသံကြီးနှင့်အတူ သူလည်း ဘာဖြစ်သွားမှန်း မသိ။ မောင်ဦးလည်း ဘယ်လိုဖြစ်သည် မသိ။ သူ သတိရလာတော့ တောင်ငူဆေးရုံပေါ်ရောက်နေပြီ။ ပြီး သူ့ညာဘက်ခြေလည်း ဒူးအထက်ပေါင်ဝက်မှနေ မရှိတော့။ သူ့ခုတင်ဘေးမှာ အငိုမျက်နှာတွေဖြင့် အမေနှင့် နှမအေးရီတို့ လင်မယား၊ ပြီးတော့မိနိုင်။ သည့်နောက်ပိုင်း အမျိုးသားအဖွဲ့လား၊ အမျိုးသမီးအဖွဲ့လား လုံခြုံရေးဆိုလား သေချာမသိ။ အမျိုးသမီးနှစ်ယောက်နှင့်၊ အမျိုးသားနှစ်ဦးတို့လာပြီး ဟိုမေးဒီမေး အားမငယ်ပါနှင့်၊ စိတ်ဓာတ်မကျပါနှင့် တွေပြောကာ မုန့်ထုပ်သုံးလေးထုပ်၊ ပုဆိုးနှစ်ထည်၊ စောင်တစ်ထည်၊ ငွေငါးသောင်းကို ဆေးရုံမဆင်းခင်လာပေးရင်း ပြောစကားက မိသားစုဘဝတွေ တစ်သက်လုံး ပြည့်စုံ လုံခြုံတော့မလိုလို။ [illegible] တတ်လိုက်သည့်စကားတွေ [illegible]

ဆေးရုံ ဆင်းပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

သူ့မိသားစု၊ မောင်ဦးမိသားစုတို့မှာ မြက်ခြောက်ဝါးစားရမလိုပင်ဖြစ်နေပြီ။ သူတို့မိသားစုနှစ်ဦးတင်မဟုတ်။ သူတို့နှယ် သူတို့လိုဖြစ်ခဲ့ဖြစ်နေဖြစ်ကြသောမိသားစုအားလုံးနီးပါး တစ်ရွာတစ်နယ်လုံး ဒီလိုအဖြစ်မျိုးများနှင့် အမြဲလိုလိုရင်ဆိုင်နေနေရသော သစ်ခြောက်ပင်တွေနှယ်။ ဘယ်သူဘယ်သူမှလည်း တာဝန်ယူဖြေရှင်းပေးမည့်သူ မရှိ။ ကိုယ်ဖြစ်ကိုယ်ခံသဘောနှယ်။ သူတို့နှယ်သားတွေမှာ ဘယ်သူ့ကို ဘာမှလည်းမလုပ်။ နေဝင်မိုးချုပ်အလုပ်နှင့် မပြတ်အောင်ကျောအားကိုး၊ ခြေအားကိုးနှင့် ရိုးသားစွာလုပ်ကိုင်စားသောက်ကြသည်သာ။ သဘာဝတရားကြီးက ပေးထားသော သဘာဝအတိုင်းအေးချမ်းစွာ နေထိုင်ကြသည်သာ။ ဒီတော ဒီတောင်နှင့်မျက်နှာသစ်ခဲ့သည်။ ဒီတော ဒီတောင်နှင့် ရေချိုး၊ ထမင်းစားခဲ့သည်။ ဒီတော ဒီတောင်နှင့် ဆုတောင်းအမျှဝေ မေတ္တာပို့ခဲ့ကြသည်သာ။ သည့်အပြင်ဘာမှမလုပ်ခဲ့။ ဘယ်သူ့ကိုမျှလည်း အပြစ်မလုပ်ခဲ့။ တစ်အိမ်တစ်ယောက်ထွက်ဆိုလည်း ထွက်၊ တစ်အိမ်ဘယ်လောက် အလှူငွေထည့်ဆိုလည်းထည့်၊ တကယ်ပါခုတ်ဆိုခုတ်၊ ချိုးဆိုချိုး၊ စိုက်ဆိုစိုက်၊ ငုံ့ဆိုငုံ့ အကုန်အရိုးခံသဘောနှင့် အားလုံးသဘောကျကျ၊ မကျကျ လုပ်ပေးကြသည်သာ။ ဒါကိုပင် တောတက်၊ ထင်းခွေ၊ ရေခပ်၊ မျှစ်ချိုး၊ မှိုနုတ်၊ ဟင်းရွက်ခူး၊ နွားကျောင်း၊ ဟိုရွာဒီရွာသာရေးနာရေးသွားသည်ကိုပင် ဘဝက မငြိမ်းချမ်းလှ၊ မအေးချမ်းလှ။

ဟင်းတစ်ခွက်စာ၊ မှိုရှာရင်း မိုင်းနင်းမိ၊ ထမင်းတစ်နပ်စာ မျှစ်ချိုးရင်း မိုင်းနင်းမိတွေဖြင့် ရိုးသားသည့်နယ်ခံပြည်သူတွေမှာ အပူသောကဖြင့် မအေးချမ်းလှ။

ဒါကိုလည်း အားလုံးသိသိကြီးနှင့်ပင် ခေတ်ကာလစနစ်တွေသာပြောင်းကုန်သည်။ မပြောင်းခြင်းက မငြိမ်းချမ်းမှုတစ်ခုပင်ဖြစ်နေ၏။ လုပ်ခွင့်ရှိသူ လုပ်နိုင်သူတွေ မသိကျိုးကျွန် နှာစေးနေကြသည်။ တာဝန်ရှိသူများဖြင့် လုံးဝမသက်ဆိုင်၊ မပတ်သက်ကြသလို အေးအေးဆေးဆေးနှင့်ပြည်တော်သာကြသည်။ ဒီတော့ သူတို့ရွာသား နယ်ခံပြည်သူတွေပဲ ခံရုံ၊ ခံရုံပဲပေါ့။ ဘာတတ်နိုင်မည်နည်း။ ဘယ်သူ့ကို အပြစ်ရှာပြီး ဝိုင်းအော်ထုတ်ရမည် မသိ။

ဘယ်က ဘယ်လို၊ ဘယ်သူတွေက ဘာအတွက်ကြောင့် ဘယ်လိုလူတွေအတွက် ဘယ်သူ့ကို ရည်ရွယ်ပြီး မြေမြှုပ်မိုင်းဗုံးတွေ လာမြှုပ်နေသည်မသိ။ ဟိုခေတ်ဒီခေတ် စစ်ကျန် ဗုံးသစ်၊ ဗုံးဟောင်း၊ လက်လုပ်ဗုံး၊ မြေမြှုပ်ဗုံးများစွာကို သမ္မာအာဇီဝဖြင့် ဝမ်းစာရှာလျက်ကပင် သူတို့ရွာခံပြည်သူတွေ နင်းမိပြီး ထိခိုက်ဒုက္ခတွေဖြင့် နာကျင်ရသည်။ ဘယ်သူ့ကြောင့်မှန်းလည်း အဖြေရှာမရ။ ဘယ်သူတွေလုပ်မှန်းလည်း မသိ။ ကံအကြောင်းဟု တွေးလျက်တွေးယူနေရင်းပင် တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက်၊ ငါးယောက်၊…ယောက်များစွာ။ ဟိုရွာဒီရွာနှင့် နယ်ခံပြည်သူတွေ ဒုက္ခဖြင့် နပန်းလုံး၍ ခြေလက်အင်္ဂါနှင့်အသက်တွေ မွမွကြေ။

ရွာနောက်ဘက်ပိုင်းမှ ချွေးအူသံတွေ ဆက်တိုက်ထွက်လာ၍ ဘာရယ်မှန်းမသိဘဲ သက်ပြင်းထုထုတွေ ချနေမိ၏။ စစ်မဖြစ်၊ စစ်မတိုက်၊ စစ်မြေပြင်မဟုတ်ပါဘဲ အေးချမ်းမြေဟု ကြေညာထားပါလျက်နှင့်ပင် သူတို့ နယ်ခံရွာသားတွေမှာ မြေမြှုပ်မိုင်းနင်းမိကြကာ ခြေလက်အင်္ဂါတွေ ဆုံးရှုံးကြရသည်။ ဒီတော့ ငြိမ်းချမ်းမှုက အိမ်တံခါးဝမှာပင် ကျန်ခဲ့သလို စကားလုံးအဖြစ်ပင် တင်ရှိနေသလိုဖြစ်နေပြီ။ သို့ပေလည်း ငြိမ်းချမ်းမှုကတော့ ငြိမ်းချမ်းစွာစကားလုံးစာသားတွေနှင့် အလှပြ၍ ကောင်းဆဲ။

သူတို့ရွာခံနယ်သားတွေမှာ မပြည့်ဝ၊ မပြည့်စုံချို့ချို့တဲ့တဲ့ဖြစ်ရသည့်ကြားမှာ ခန္ဓာပါပျက်စီးထိခိုက်ရတော့ ကောလေသည့်မြစ်ချောင်းဘေးမှာ ငါးထိုင်စောင့်ဖမ်းစားရ သူတွေဖြစ်နေပြီ။ ဝိုင်းကူစဉ်းစားအဖြေရှာမည့်သူမရှိ။ ကူထောက်ကိရိယာတွေက နတ္ထိ။ လွန်ခဲ့သောသုံးနှစ်ခန့်ကတော့ သူတို့နယ်ခံရွာသားတွေထံ အသင်းအဖွဲ့တစ်ခုရောက်လာဖူးသည်။ ခြေလက်မသန်စွမ်းသူများ ကူညီရေးအသင်းဆိုလားဘာလားသူသေချာတော့မသိ။ ခြေတုစက်ရုံရွှေ့လာသလို အလုပ်သမားတွေနှင့်အတူ ဘုန်းကြီးကျောင်းဝန်းအတွင်း နေထိုင်ခွင့်တောင်းကာ ခြေတုတွေလုပ်ပေး၍ လှူဒါန်းခဲ့သည်။ အဲဒီတုန်းက သူသွားနိုင်လာနိုင်နှင့် ခြေအလက်အစုံအလင်။ ရွာမှခြေတုတပ်မည့်သူနှင့် အခြားရွာမှသူတွေကိုပင် သွားရေးလာရေး လွယ်ကူအဆင်ပြေအောင် ဝိုင်းကူညီခဲ့၏။ အိမ်ထောင်ကျစမောင်ဦးလည်း ပါသည်။

တောင်ငူ အင်ဒိုင်ရွာက ကလေးမလေးနှစ်ဦးဆိုဆယ်နှစ်ဝန်းကျင်ပင်ရှိမည်။ ကျောင်းအဆင်း အဖေနွားပျောက်ရှာသည်ကို ကူလိုက်ရှာရင်း မြေမြှုပ်မိုင်းနင်းမိပြီး တစ်ဦးကညာ၊ တစ်ဦးက ဘယ်ခြေနှင့် ညာလက်။

မဟာင်ရွာမှ လင်မယားဆို နှစ်ယောက်ပေါင်းမှ ခြေတစ်ချောင်းပဲရှိသည်။ တညင်းခူးရင်းဖြစ်သည်ပြော၏။

သဖန်းကုန်း၊ ပဒမ်ကြီး၊ ကျွဲဖြူ၊ ရွာစုံမနည်းမနောလူတွေ ထိခိုက်နာကျင်ခံစားရသည်များ…။

မှတ်မိနေပါသေးသည်။ ခြေတုလာရောက်လှူဒါန်းသည့်အဖွဲ့မှ ကျွမ်းကျင်သူတစ်ဦးက ခြေတုတပ်ဆင်ရမည့်သူတွေ စာရင်းပြုစုဘယ်ခြေ၊ ဘယ်ညာ အကျယ်အဝန်း အနိမ့်အမြင့်တွေကိုတိုင်းတာမှတ်သားရင်းက-

'အဆင်ပြေလို့ မြို့တက်ပြီး ဆေးရုံမှာ ခြေတုသွားလုပ်ရင်တောင် အနည်းဆုံးတစ်လနော်။ ဒါတောင် တစ်ခါတည်း မပြီးဘူး။ ခြေတုလုပ်ပြီး ခြေတုစီးမရတဲ့သူတွေတောင် ရှိတယ်'

ပြောခြင်းကြောင့် သူအံ့သြသွားသေးသည်။ အ

www.burmeseclassic.com

အဖွဲ့က ရက်လေးဆယ်လောက်အတွင်း ခြေတုဘယ်ညာ၊ အချောင်းတစ်ရာလုပ်၍ လှူဒါန်းပေးသွားမည်ဆိုတော့၊ တစ်လတစ်ယောက်ပင်မြို့ဆေးရုံမှာက မပြီးနိုင်ဘူးဆိုတော့…

'ခြေတုလုပ်ပေးတဲ့ ဆရာတို့လို လူတွေ မရှိဘူးလား'ဟု တအံ့တသြနှင့် သူမေးတော့ ထိုသူက တစ်ချက်ရယ်ပြီးမှဖြေ၏။

'ရှိတာပေါ့ဗျာ။ ကိုယ်ချင်းမစာလို့ပေါ့။ ပစ္စည်းမရောက်သေးလို့၊ ပစ္စည်းတစ်ခုလိုနေလို့၊ ရှေ့မှာ ဘယ်နှယောက်တန်းစီထားလို့၊ နိုင်ငံခြားကော်ကုန်သွားလို့နဲ့. ပြီးတော့ ဟိုထောက်ခံစာ၊ ဒီထောက်ခံစာနဲ့ ခြေမရှိပါဘူးဆိုမှစဉ်းစားကြည့်လေ။ ရက်ချိန်းခဏခဏပေး၊ သွားတဲ့နေ့ မရဆိုတော့ ဆေးရုံကအကြောင်း သိမဟုတ်လား။ ပြီးတော့ ခြေတုက ရှေ့ပြီးပြီဆိုပေးလိုက်လို့ မရဘူး။ လေ့ကျင့်ရသေးတယ်။ လေ့ကျင့်စီးခိုင်းပြီး ဘယ်လိုအနေအထားရှိလဲကို သေချာမေးကြည့်ပြီး ခြေတုစီးတဲ့သူကို လမ်းလျှောက်ပုံ၊ ခြေထောက်ပုံစံကျမကျ၊ နာမနာ အများကြီးသေချာအောင် မေးလုပ်ပေးပြီးမှ စီးတဲ့သူလက်ထဲကို ပေးလိုက်ရတာဗျ။ လုပ်ပေးပြီး သူတို့နဲ့အံ့ဝင်ခွင်မကျရင် သူတို့အတွက် ဘာမှလုပ်လို့ မရဘူးလေ။ ဒါကြောင့် ကျွန်တော်တို့က စီးမယ့်သူတွေကို သေချာမေး၊ သေချာတိုင်းရတာ။ ခြေတုတစ်ချောင်းတန်ဖိုးက တစ်သိန်းနားကပ်လေဗျာ။ မြန်မာပြည်မှာ ခြေတုတစ်ချောင်းရဖို့ မလွယ်ဘူး'

'ခင်ဗျားကလည်း ခြေတုပြောနေသေး၊ ချိုင်းထောက်တစ်ချောင်းတောင်လွယ်လို့လား။ ဒါတောင် တစ်မျိုးသားလုံးပြန်လည်သန်စွမ်းရေးဆေးရုံနော်'

ခြေဖဝါးတုကို ဖြတ်တောက်လုပ်ကိုင်နေသူတစ်ဦးက အသံကျယ်ကျယ်ဖြင့်ပြောလိုက်တော့ ခြေတုလုပ်နေကြသည့်တစ်ဖွဲ့သားလုံး၏ ရယ်မောသံကို သူကြားယောင်မိသေးသည်။ သူတို့နယ်ကိုပင် သူ့တစ်သက် ဒီလိုမျိုးလာ လျှောက်ခြင်းကို ဒီတစ်ခါပဲမြင်ဖူးသည်။

'အလှူရှင်တွေရှိတာတောင် ခွင့်ပြုချက် ထောက်ခံချက်ရအောင် စောင့်ရတာကြာတယ်။ မလွယ်ဘူးဗျ'

သူတို့အဖွဲ့သားအချင်းချင်းပြောနေသံကို ကြားရသလို ရေနွေးကြမ်းဝိုင်းတွင်–

'ကျွန်တော်တို့တွေ သိထားရသလောက်တော့ ဒီမြေမြှုပ်မိုင်းလုပ်တဲ့အဖွဲ့သုံးဖွဲ့ ရှိတယ်ထင်ဗျ။ စစ်ကျန်ဗုံးဟောင်းတွေထား၊ မသမာလောဘနဲ့ တောတွင်းစီးပွားရေးသမားက သူတို့လုပ်ကွက်လုပ်ရပ်တွေနား လူတွေမကပ်ရဲ၊ မတွေ့အောင် လုပ်တယ်ပေါ့။ ပြီးတော့ သူပုန်အဖွဲ့၊ နောက်ထပ်တစ်ခုကတာဝန်ရှိတဲ့အဖွဲ့ဗျ…'

ထိုစကားကို သူနှင့်မောင်ဦးကြားပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ

'ငရဲကြီးမှာ မကြောက်ကြဘူးနော်'

ပြောရင်းအသက်နှစ်ဆယ်မှ ငါးဆယ်နှစ်အတွင်း ခြေတုလာလုပ်သူ အများဆုံးဦးရေကိုငေးကြည့်နေမိကြ၏။

အိမ်ခြံရှေ့အရောက်လိုပင် ခြေတုလာရောက်လှူဒါန်းသည်ကို ခြေတုတပ်စီးရန်လိုအပ်သည့်ခြေအိတ် မဝယ်နိုင်၍ ခြေတုလာရောက်မယူနိုင်သေးသောအဖြစ်ကို အဖွဲ့မှသိရှိ၍ စိတ်မကောင်းလွန်းစွာဖြင့် သူနှင့်မောင်ဦးကို မြို့တက်၍ခြေအိတ်များ အပြေးဝယ်ခိုင်းခဲ့သည်ကိုလည်း မှတ်မိနေစဉ်အတွင်း အိမ်အနောက်ဘက်အဖီမှ နှမအေးရီ၏သား သူ့တူလေး၏ ငိုသံကိုကြားလိုက်ပြီး အရွယ်ရောက်လာမည့်သူ့တူလေးအတွက် စိုးရိမ်စိတ်တွေ ထပ်ဆင့်ပွားများလာသလို၊ မောင်ဦးမိန်းမဗိုက်အတွင်းမှ မွေးလာဦးမည့်ကလေးနှင့် ရွာခံနယ်သားတို့၏ ကလေးတွေအတွက် သောကဝင်သွားပြန်၏။

တစ်မြန်နှစ် မိုးဦးကျစအိမ်ရှေ့အိမ်မှ ဖိုးသားလေးကျောင်းလွယ်အိတ်ချပြီး–

'အမေ ဟင်းမရှိရင် သား ဖလံတောင်ဝှေးပင်တွေပေါက်နေတာတွေ့ခဲ့တယ်။ သား သွားခူးပေးမယ်'ဟု ပြောရင်းပြေးသွားသည့်မြင်ကွင်း၊ မကြာမီမှာပင် သွေးသံရဲရဲဖြင့် အသက်ပျောက်နေသော ဖိုးသားခန္ဓာလေးကို ဖလံတောင်ဝှေးပင်တွေကြားမှာသွားပွေ့ခေါ်ခဲ့ရသည့်အဖြစ်။

'ကျုပ် သားလေးသေပါပြီ။ အကောင်မကိုက်ဘဲ ဗုံးနင်းမိတာတဲ့။ ကျုပ် ဟင်းမရှိလို့ ဟင်းသွားခူးပေးတာတဲ့။ အမယ်လေး သားလေး ဖိုးသား။ မသာကောင်၊ သေနာ၊ သေချင်းဆိုးတွေ ငါ့သားလေးသေပြီ။ ငါတို့ရွာ နားလာပြီးပဲ ဒီဗုံးတွေလာမြှ ရတယ်လို့ ငါတို့လည်း ဘာမ မလုပ်ပါဘူး။ အဘ ကယ်ပါဦး၊ ကျုပ်သား ကို။ ကျုပ်တို့နားမှာစစ်လည မဖြစ်ဘဲနဲ့…'

အစ်မသန်းခင် ငိုသံ ပါပြန်ကြားယောင်လာ၍ ရင်ပိုနာလာသလိုဖြစ်လာ

အဘိုး၊ အဘ၊ အ ဦးကြီး၊ ဘထွေးတို့ခေ ကာလမှသည် ယခု သူ၊ တို့အလှည့်မှာလည်း ဒီလို ကြုံတွေ့ကာ ဒုက္ခတွေဖြ မျက်နှာသစ်နေရဆဲ…။

သူ့ တူလေးတို့ခေ ကိုရောက်လာလျှင်၊ သူ အဖေ၊ ဦးလေးတို့လိုမျိုး– နောက်…သောကနှင့် အိ ဝင်ပြီး ပူပန်မှုများဖြင့် နိုး နေရလျှင်…မတွေးချင်တော့ အတွေးစကို ရပ်ပစ်လို သည်။ ညဥ့်လေကလည အေးစိမ့်လာ၍ ရရှိထားသ ဒဏ်ရာတွေက ပို၍ကို နာကျင်လွန်းလာ၏။ ဘု ဂုဏ်တော်ပွားပြီး မျက်လုံး အတင်းစုံမှိတ်အိပ်ပျော် ကြိုးစားမှ အမေ့ခြင်ထော အတွင်းမှ သက်ပြင်းပူ ကြီးများ ရှိုက်သွင်းချသံ ကြားဖြစ်အောင် ကြား လေ၏။

ညဥ့်နက်လေက စိမ့် အေးမြမြတိုက်နေလည် ဒီတော ဒီတောင်တစ်ဝန်း ကို အေးချမ်းအောင် ဆောင်မထားနိုင်ခြင်းကိုတော အိပ်ပျော်ရန် ကြိုးစား လျက်ကပင် သူ တွေးမိ လေ၏။ ■

လှုံဝေ(?)ကြည်



www.burmeseclassic.com


www.burmeseclassic.com

စာရေးဆရာအောင်နိုင်မြင့်၏ ဤစာအုပ်ပါဆောင်းပါးများသည် သာမန်ဖတ်လိုက်ပါက သာမန်လောက်အကျိုးကျေးဇူးရသည်။

ပို၍လေးလေးနက်နက်ဖတ်ပါက ပို၍အကျိုးဖြစ်သည်။

စဉ်းစားချင့်ချိန် ဆင်ခြင်သုံးသပ်သော ဉာဏ်ဖြင့်ဖတ်ပါက မမျှော်မှန်းနိုင်လောက်သည့် ကျယ်ပြန့်သော အကျိုးကျေးဇူးများကိုရရှိနိုင်ပါမည်။

ဒေါက်တာစံထွန်းအောင်
B.Sc(Engg),M.C.P(Harvard)
D.M.A.,D.E.P.D.Engg




ဖြန့်ချိရေး-မိုးကျော်စာပေ

ဇမ္ဗူတလုစာပေအတွက်
မိုးကျော်စာပေမှဖြန့်ချိသည်။
အမှတ် (၃၈၅-၃၈၇) ဗိုလ်ချုပ်လမ်း(ရွှေဘုံသာလမ်းနှင့်၂၉လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၀ ၂၉၅၉၁၊ ၀၉-၇၃၂ ၄၅၂၅၇၊ ၀၉-၅၀၈ ၉၈၈၁၊ ၀၉-၄၂၃ ၇၁ ၈၀၀

ထွက်ပြီ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



၁။
ကားပေါ်က
ဆင်းဆင်းချင်း
ဦးတက်လူ မျက်မှောင်
ကြုတ်သွားရသည်။
သူ လမ်းများ
မှားဆင်းလာခဲ့ပြီလားဟု
တွေးမိလိုက်သည်။
သူ့ရှေ့တည့်တည့်က
လမ်းသွယ်လေးကတော့
မြေနီတွေ မို့မောက်
တင်းရင်းလျက်
သူ့ကိုဆီးကြိုနေသည်။
ဦးတက်လူ
ဘေးအိမ်တွေဆီ တစ်ချက်
ငေ့ငဲ့ကြည့်လိုက်ပြန်သည်။
ခြံစည်းရိုးလေးတွေက
ခနော်ခနဲ့ပင်။
ပြီးတော့ 'မီးသွေး
ရောင်းသည်' ဆိုင်းဘုတ်
တစ်ခု။ ဒါဆို သေချာပြီ။
ဒါ သူ့အိမ်လမ်းကလေးပင်
ဖြစ်သည်။
ဘာရယ်ကြောင့်မသိ၊
ဦးတက်လူ
အိမ်ပြန်သည့်လမ်း
မှန်ပါလျက်
မြေနီလမ်းပေါ်ကို
ခပ်ရှုရှုသာ နင်းလိုက်
မိသည်။
လျှောက်ရမှာပင်
အားနာသွားသလိုလို
ဖြစ်မိသည်။
ယခင်ကာလတွေဆီတုန်းက
ဒီလမ်းပေါ်မှာ
မိုးဆို ဗွက်၊ နွေဆိုခွက်
ဆိုတာမျိုးပင်။
ဦးတက်လူ
လမ်းသွယ်လေးကို
အစအဆုံးတစ်ချက်
ပြန်ကြည့်မိပြန်သည်။
ဟိုးတစ်ဖက်
စက်မှုကွက်သစ်
အကွေ့လမ်းဘက်အထိ
နီတာရဲနေသည်။
ဘာပဲဖြစ်ဖြစ် စိတ်ထဲတော့
ကျေနပ်သွားသည်။
ရပ်ကွက်က စုကာ ရုံးကာ
ခင်းလိုက်ခြင်းလား၊
ဒါမှမဟုတ်
ဘယ်သူ့ကြောင့်များ
လမ်းလုံးပြည့်သွားရလဲဟု
သူ တွေးမိလိုက်သည်။
'ဂူး...ဝရော'
အသံကြောင့်
ဦးတက်လူ
လန့်သွားသည်။
သူ့ဘေးမှ ဆိုင်ကယ်တစ်စီး
အရှိန်ပြင်းပြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားသည်။ 'ဘယ့်နှယ်ဖြစ်တာပါလိမ့်' ဟု ဦးတက်လူ ရေရွတ်လိုက်သည်။ ပြီးတော့ 'သြော်…အေးပေါ့ လမ်းက ကောင်းသွားတော့ မောင်းလို့ကောင်းပြီပေါ့' ဟု တွေးကာ ခေါင်းညိတ်လိုက်သည်။ ဒီလမ်းလေးက မြို့လမ်းမကြီးနှင့် မြို့တောင်ဘက် စက်မှုကွက်သစ် တစ်ခါတည်းပေါက်သည်မို့ သွားတတ်လာတတ်ကြသည်။ ခုလို လမ်းကောင်းပြီဆိုလျှင် ပိုသာသွားကြလာကြပေလိမ့်မည်။

❑

၂။

သူ့အိမ်ရှေ့ ရောက်တော့ ဦးတက်လူ 'ဟုတ်ပါတယ်၊ ဒါ ငါ့အိမ်ပါဟ' ဟု ခပ်တိုးတိုးရေရွတ်မိပြန်သည်။ ခြံထဲလှမ်းဝင်လိုက်ပြီး အိမ်ပေါ် ချက်ချင်းမတက်မိသေး၊ မြေနီတွေ ဖြူးနေသည့် လမ်းသွယ်လေးကို ထပ်ပြီး ကြည့်လိုက်ပြန်သည်။

'သြော် ကိုတက်လူ၊ ပြန်ရောက်တာတောင် အသံမပေးဘာမပေးနဲ့'

'ဟေ…အေး မဟုတ်ပါဘူး မိန်းမရာ။ ငါ အံ့သြနေလို့ပါကွ'

'ဘာကိုလဲတော့'

'တို့လမ်းလေကွာ၊ ခင်းထားတာ အပြည့်၊ လမ်းဘေးမြောင်းခုံလေးတောင် ဖော်ထားသေးတယ်။ ငါ အလုပ်သွားတာ နှစ်လစွန်းစွန်းရယ်လေ၊ ဒီလောက်ကြီးဆိုတော့ မအံ့သြဘဲနေမလား မိန်းမရ'

'အမယ်တော်…လမ်းခင်းတာ ဘယ်လောက်ကြာလဲ သိရင် တော် ပိုတောင်

> ရပ်ရေး
> ရွာရေးအတွက်
> ငွေအထွက်ခက်
> အလှူအတန်း
> ဆိုလည်း
> လက်ရှောင်နှင့်
> သစ်စက်ပိုင်ရှင်
> ဦးသိန်းထွန်းက
> ဒီလမ်းကို
> ခင်းပေးသည်တဲ့
> ဒီလှူ
> ဒီလိုဆိုတော့
> တကယ့်ကို
> အံ့သြစရာပင်

အံ့သြဦးမယ်'

'ဟေ ဟုတ်လား လုပ်စမ်းပါဦး၊ ပြောပါဦးဟ'

'အိမ်ပေါ်လေးတော့ တက်ပါဦး ကိုတက်လူရယ်၊ ပြီးရင် ပြောပါ့မယ်'

ဦးတက်လူ အိမ်အပေါ် လှမ်းတက်ပြီး ကြမ်းခင်းပေါ် ထိုင်ချလိုက်သည်။ သူ့မိန်းမ ရေနွေးအိုးနှင့် ပြန်ထွက်လာသည်။

'အလုပ်ရော အဆင်ပြေခဲ့ရဲ့လား၊ ငွေရှင်းပေးလိုက်ပြီ မဟုတ်လား'

'ပြေပါတယ်ကွာ၊ မင်းကလည်း အလုပ်ပင်ပန်းလားဆိုတာ အရင်မမေးဘူး။ ငွေရှင်းပေးလိုက်လားက အရင်၊ ဟင်း…မပြောချင်ဘူး မိန်းမတွေများတော့၊ ရေနွေးငှဲ့ပေးဦး'

ဦးတက်လူ၏မိန်းမ မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး ရေနွေးငှဲ့ပေးသည်။ ဦးတက်လူ လွယ်အိတ်ထဲမှ ကျောက်ဖိုးရှင်းရသည့် ငွေများကို ထုတ်ပေးလိုက်သည်။ သူ၏အလုပ်သည် လမ်းခင်းကျောက်များကို ထုခွဲကာ ရောင်းချပေးရသောအလုပ်ဖြစ်သည်။ မြေကွက်ပိုင်ရှင် ခေါ်ရာနောက် ကျောက်ကောင်းသည့် ကျောက်ကွက်ပေါ်သည့်ဘက်လိုက်ရသည်။ တစ်ခါတစ်ရံ တစ်လနှစ်လကြာသည့် အခါများလည်း ရှိသည်။

ယခုလည်း ပေါက်ခေါင်းဘက်တွင် ကျောက်ကွက်ပေါ်သဖြင့် သွားရောက်ကာလုပ်ကိုင်ပြီး ပြန်လာခြင်းဖြစ်သည်။ သူ မသွားခင်က အိမ်ရှေ့လမ်းကလေးသည် ဗွက်များ၊ ချွက်များနှင့်ပင်။ နှစ်လစွန်းသာသာ အချိန်အတွင်းမှာတော့ ခုလိုမြေနီများ ဖြူးနေအောင် ခင်းထားခြင်းကို တွေ့လိုက်ရသည်က သူ မအံ့သြဘဲ မနေနိုင်ချေ။ သူတို့ ရပ်ကွက်သူရပ်ကွက်သားများတော့ ဒီလောက်စွမ်းမည်မထင်။

တစ်ခုတော့ ရှိသည်။ ဒီလမ်းသွယ်လေးက မြို့တောင်ဘက် စက်မှုကွက်သစ်ဘက်အထိ ပေါက်သည်။ ထို့အတွက်ကြောင့် ကားငယ်လေးများပါ သွားလာနိုင်ရေးအတွက် လူကြီးများက ခင်းပေးလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ ဘာကြောင့်ဖြစ်ဖြစ်

ဦးတက်လူ ကျေနပ်သည်[…] အရင်ကလို ဗွက်ရှန်းခွ[…] ရှောင်မဟုတ်၊ မျက်စိမှိတ်[…] လမ်းလျှောက်လို့ ရလော[…] သည်။

❑

၃။

'ပြောပြရင် တစ်[…] တစ်ခု အံ့သြစရာချည်း […] ကုန်မှာ'

'အင်း ဘာလို့လဲ […] ရ'

'အဲဒီလမ်းကို ခင်း[…] လမ်းမကြီးထိပ်ကနေ […] ဘက်လမ်းအကွေ့ဘက်အ[…] လေ'

'အေး'

'လေးရက်ပဲ ကြာ[…] တော်'

'ဟေ…တကယ်'

'ဟုတ်ပ၊ ကားကြီး[…] တစ်စီးပြီးတစ်စီး လာချ[…] အောက်က လမ်းခင်းကျော[…] လည်း တစ်လွှာခင်း[…] သေးသတော်၊ ရှင်တို့ […] တဲ့ ကျောက်တွေများ […] မလားဆိုပြီး ကျုပ်တော[…] တွေးနေမိသေးတယ်'

'ဒီလောက် တော[…] အကုန်အကျ ခံထားတ[…] တော့ ဘယ်သူကများ […] လို…'

'အဲဒါပြောရင် […] ပိုတောင် အံ့သြဦးမယ်၊ […] စက်က ဦးသိန်းထွန်းက[…] တယ်မလား'

'အေး သိတာပေါ့'

'ဒီလမ်းတစ်ခုလုံး […] ခင်းပေးတာတော်'

'ဟေ တကယ်'

ဦးတက်လူ တ[…] ပင် ထပ်ဆင့်အံ့သြ[…] သည်။ လေးရက်နှင့်[…]

www.burmeseclassic.com

www.burmeseclassic.com

သည်က ငွေရှိလျှင် ဖြစ်သည်။ သို့သော် ခင်းပေးသည်က ဦးသိန်းထွန်းဆိုတော့ ဦးတက်လူ မအံ့သြဘဲ မနေနိုင်တော့။ ရပ်ရေးရွာရေးအတွက် ငွေအထွက်ခက်၊ အလှူအတန်းဆိုလည်း လက်ရှောင်နှင့် သစ်တော်ပိုင်ရှင် ဦးသိန်းထွန်းက ဒီလမ်းကို ခင်းပေးသည်တဲ့။ ဒီလူ ဒီလိုဆိုတော့ တကယ့်ကို အံ့သြစရာပင်။

'ဒါနဲ့ သူက ဘာလို့ခင်းရတာလဲဟ'

'လုပ်ငန်းတစ်ခုလုပ်ဖို့တဲ့လေ၊ စက်မှုကွက်သစ်ဘက်အထိ ကားအသေးတွေ၊ ဆိုင်ကယ်တွေပါ ထွက်လို့ရအောင် လုပ်ပေးတာတဲ့'

'ဒီလို ဆိုတော့လည်း ဘယ်ဆိုးလို့လဲ'

❑

၄။

ညနေ ရေမိုးချိုးပြီးတော့ ဦးတက်လူ ပက်လက်ကုလားထိုင်လေးယူကာ အိမ်ရှေ့မှာ ထိုင်လိုက်သည်။

'မိန်းမရေ…မစိုး၊ မစိုး'

ဦးတက်လူ မိန်းမဖြစ်သူကို အော်ခေါ်လိုက်သည်။ ပြီးတော့-

'အိမ်ရှေ့ခြံတံခါး ဘယ်လိုဖြစ်တာလဲဟ၊ ပြုတ်ထွက်နေပါ့လား'

'လမ်းခင်းတဲ့နေ့က လေ မြေနီသယ်လာတဲ့ကားတစ်စီးနဲ့ ချိတ်သွားတာ။ တော်လာမှ လုပ်တော့မယ်ဆိုပြီး ကပ်ထောင်ထားလိုက်တာ'

'ဟော့ အဲဒါ ကားသမားကို ပြောရမှာလေကွာ မင်းကလဲ'

'ပြော် တော်ကလည်းလေ၊ ဒီလမ်းကြီးတောင် ခင်းပေးထားတာကို ဒီလောက်လေးက ရှင်ပြန်လုပ်လည်းရတာပဲကိုး'

ဦးတက်လူ ဟင်းခနဲ သက်ပြင်းချလိုက်သည်။ သူ့မိန်းမပြောတာလည်း ဟုတ်သည်။ ဒီလမ်းကို ခင်းပေးထားသည့်မျက်နှာမှမထောက်၊ ခြံတံခါးလေး ပတ္တာပြုတ်တာလာပြောနေသည်ဟု ထင်သွားနိုင်သည်။ နောက်နေ့ ကိုယ့်ဘာသာတပ်လိုက်မည်။ ဦးတက်လူ ခုမှ တစ်ခုစဉ်းစားမိပြန်သည်။

'မစိုးရေ ညနေတောင် အတော်စောင်းနေပြီ။ ဒိုလေးတို့၊ မက်ဆီတို့လည်း မတွေ့ပါလား'

ဒိုလေး၊ မက်ဆီဆိုသည်က ညနေစောင်းချိန်တိုင်း အုတ်နီခဲဂိုးတိုင်လုပ်ပြီး ဘောလုံးကစားနေကျ ကလေးငယ်လေးများ ဖြစ်သည်။ ညနေကန်ပြီဆိုသည်နှင့် ဒိုလေးကွ၊ မက်ဆီကွနှင့် ဆူညံနေတော့သည်။ ဒီကြားထဲ ဘောလုံးက သူတို့အိမ်ထရံတွေကို လာမှန်တတ်သေးသည်။ ဒီအချိန်တိုင်း သူ့မိန်းမက 'ဟဲ့ ဖြည်းဖြည်းကန်တော့ သေမှာမို့လို့လား' ဟု အော်နေကျ ကလေးများပင်။ ခုတော့ ထိုကလေးများ မရှိ။

'ဘယ်ရှိမလဲ တော်၊ ဒီလောက်ဆိုင်ကယ်တွေ တဝီဝီကို၊ ဟိုနေ့က တစ်အိမ်ကျော်က ပိုင်ပိုင့်သားဆိုင်ကယ်နဲ့ ချိတ်မိမလိုဖြစ်ကတည်းက မကန်ကြတော့တာ။ အဲဒါလည်းကောင်းတယ်။ နောက်မို့ အိမ်ကို လာလာမှန် နေတာ အကုသိုလ်အရမ်းပွားရတယ်'

မိန်းမဖြစ်သူပြောမှ ဦးတက်လူသတိထားမိသည်။ ခု သူထိုင်နေစဉ် အချိန်ခဏလေးအတွင်းမှာပင် ဆိုင်ကယ်လေး,ငါး,ဆယ်စီးမကတော့။ ယခင်ကပင် ဖြတ်လမ်းသဘောမျိုး သုံးတတ်ကြသည့်လမ်းကောင်းမွန်သွားသည်ဆိုတော့ ဒီလမ်းကိုပင် သုံးကြတော့မည်။ ကလေးတွေ ဘောလုံးကန်ဖို့ထက် ဆိုင်ကယ်တွေ ကားတွေလာတိုင်း ဂိုးတိုင်လေးတွေ ရွှေ့ပေးနေရလိမ့်မည်။

ပြီးတော့ မကန်တာ အန္တရာယ်လည်း ကင်းမည်။ ဦးတက်လူ အတွေးမဆုံးခင် အလင်းရောင်တချို့ လမ်းမပေါ် ဖြာကျလာသည်။

'ဟ မီးတိုင်လည်း လုပ်ပေးသွားတယ်လား'

'ဟုတ်ပ ဟုတ်ပ၊ မီးတိုင်တွေ နှစ်အိမ်ကြား တစ်တိုင် စိုက်ပေးသွားတာ ညဆိုလင်းလို့ထိန်လို့'

'အေး လူတစ်ယောက်ကို အမြင်နဲ့ ဆုံးဖြတ်လို့မရဘူးဆိုတာ ဟုတ်တယ်ကွနော်။ ခုပဲ ကြည့်ဦး၊ အင်း တို့လမ်းကြားလေးက အိမ်တွေကတော့ တကယ့်ကို ကံကောင်းတာပဲ။ သာခုခေါ်ကိုခေါ်ရမှာ' ဟု ဦးတက်လူ ခေါင်းတညိတ်ညိတ်နှင့် ဆိုသည်။

'အေးပေါ့၊ နည်းတဲ့ ကုန်ကျစရိတ်လားတော့။ ဒါနဲ့ တော် ထမင်းစားတော့မလား'

'သမီး ပြန်လာမှ စားမယ်လေ၊ ပြန်လာတော့မှာ မလား။ တို့ လမ်းထိပ်ထွက်ကြိုတာပေါ့'

'သမီး အပြန်နောက်ကျလိမ့်မယ်'

'ဟော…ဘာလို့လဲ'

'သူတို့ဆိုင်လေးက ရောင်းရလို့တဲ့၊ အရောင်းစာရေးတွေအကုန်လုံး အိုတီဆင်းပေးရတယ်။ အံမယ် အလကားမဟုတ်ဘူး သိလား။ သမီးတို့တွေ ပြန်လာရင် တစ်ယောက်ငါးရာစီ ပေးလိုက်တယ်'

'ဟုတ်လား၊ ဒီနှစ်လအတွင်းလေး တို့အိမ်ရောအနီးအနားပါ အတော်လေးကို ပြောင်းသွားတာပဲ။ အင်း အေးလေ အဲလိုဆိုတော့လည်း ထမင်းစားနှင့်တာပေါ့ဟာ'

ဦးတက်လူ၏သမီးသည် မြို့ထဲ စတိုးဆိုင်တစ်ဆိုင်တွင် လုပ်နေခြင်းဖြစ်သည်။ မနက်ဆို ၈ နာရီအရောက်သွားရသည်။ ညနေ ၆ နာရီလောက် ပြန်ရောက်တတ်သည်။ သမီး ပြန်လာချိန်တိုင်း ဦးတက်လူ ရှိလျှင် သွားကြိုသည်။ သူ မရှိလျှင် သူ၏မိန်းမသာ သွားကြိုနေကျ ဖြစ်သည်။

❑

၅။

ထမင်းစားပြီးတော့ အိမ်ရှေ့မှာပင် ပြန်ထိုင်လိုက်သည်။ မထိုင်လျှင်လည်း အိပ်ရုံသာ ရှိသည်။ လမ်းမီးတိုင်အလင်းဖြင့်သာ သူတို့အိမ်လေးလင်းနေခြင်း ဖြစ်သည်။ အိမ်အတွင်းရှိသည့်မီးက တစ်ပွင့်တည်း။ နာရီကို ကြည့်လိုက်တော့ ၈ နာရီထိုးပြီ။

'ကဲ မစိုးရေ…သမီးသွားကြိုရအောင် ဟော့'

'ဘာလို့ ကြိုရမှာလဲတော်၊ ဒီလောက် လင်းထိန်နေတာကို'



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တော့လည်း ဟုတ်သည်။ ယခင်က ဒီလမ်းလေးထဲ မှောင်မည်းနေတတ်သည်။ လမ်းမကြီးမှ ကျသော မီးအလင်းရောင် အနည်းငယ်သာ ရှိ၏။ ဒါတောင် နပ်မမှန်ချင်။ မီးပျက်နေလျှင် ဘာမှ မမြင်ရတော့။ ညနေစောင်းသွားလျှင် သမီးဖြစ်သူကို သွားသွားကြိုရသည်မှာ ဓာတ်မီးတစ်ဖက်၊ ဝါးရင်းတုတ်တစ်ဖက်နှင့် ပုဏ္ဏားဘကွန်းပုံစံနှင့်ပင် တူသေးသည်။ ခုတော့ ဒါတွေ မလိုတော့ထင်သည်။

‘ဝူး…ဝရူး’

‘အလွန်အေးတဲ့ရာသီဟော့၊ အလွန်ချမ်းတဲ့ရာသီဟား၊ အလွန်အေးတဲ့ရာသီဟေး’

ဦးတက်လူနှင့် မစိုး အပြန်အလှန်ပြောနေကြစဉ် လမ်းလေးထဲ ဆိုင်ကယ်များဝင်လာကာ အော်ဟစ်ကာ သွားကြသည့်အသံများ ဆက်တိုက်ဆိုသလို ကြားလိုက်ရသည်။ ဆိုင်ကယ်သံများကြောင့် ဦးတက်လူစကား ခဏရပ်ထားလိုက်ရသည်။

‘မင်း သွားမကြိုတာကြာပြီလား’

‘တစ်ပတ်ကျော်ရောပေါ့၊ ၈ နာရီကျော်လောက်ကျရင် အိမ်ရှေ့က ထွက်ကြည့်လိုက်ရုံပဲ။ တော့်သမီး ပြန်လာတာ လင်းလို့ရှင်းလို့ မြင်နေရလိမ့်မယ်’

‘တီ…တီ…တီ…’

‘ဝူး…ဝရော…’

‘ဟေး…ဟေး…’

ဆိုင်ကယ်နှစ်စီး ဟွန်းသံပြိုင်တီးကာ ဖြတ်သွားပြန်သည်။ ဦးတက်လူ စိတ်ထဲ ထင့်သွားသည်။

‘ဆိုင်ကယ်တွေကလည်း များလိုက်တာဟာ။ ဒါနဲ့ မစိုး၊ ဦးသိန်းထွန်းလုပ်တဲ့ လုပ်ငန်းက ဘာတဲ့လဲ’

‘နေပါဦး ပြောပါတယ်၊ ကျွတ် မေ့နေလိုက်တာ။ ဩော် သိပြီ ကာလာအိုခေတဲ့။ သီချင်းဆိုတဲ့ နေရာတဲ့တော့’

‘ဘာ…ဘယ်လို’

‘ကာလာအိုခေလေ’

‘တောက်…မိန်းမသွား ဓာတ်မီးယူစမ်း’

‘ဟင်…ဘာလုပ်မလို့လဲ’

‘ယူဆို ယူစမ်းကွာ၊ တံခါးကြားက တုတ်ပါ ယူလာခဲ့’

‘ဘာလုပ်မလို့လဲလို့ မေးနေတာကို’

ဦးတက်လူ မိန်းမဖြစ်သူကို ဘာမှစကားမပြန်တော့။ တုတ်နှင့်ဓာတ်မီးကို သူကိုယ်တိုင် တက်ယူလိုက်သည်။

‘အဲဒါ ဘာလုပ်မလို့လဲ’

‘သမီး သွားကြို…

နင်ပါ လိုက်ချင်လိုက်ခဲ့’

‘ဟင်း…ကိုတ…

ရယ်၊ ဒီလောက် လင်းထိ…

တာကို ဓာတ်မီးက ယူဦး…

လားတော်၊ တကတဲ’

ဦးတက်လူ မိန်း…

သူကို ဘာမှပြန်မပြော…

ဓာတ်မီးတိုင်ကို တစ်…

မော့ကြည့်လိုက်သ…

အလင်းအားက အတော်…

ကို ကောင်းသည်။ ဦး…

လူ ခေါင်းခါလိုက်သည်…

‘ဒီလောက်မီး…

လင်းထိန်နေတာကို’ ဆို…

အသံကိုထပ်ကြားလိုက်ရ…

ဦးတက်လူ မိန်းမဖြစ်သူ…

တစ်ချက်ကြည့်လိုက်ပြီး…

တစ်ခွန်းပြောလိုက်သည်…

‘အေး…အဲဒီအ…

ရဲ့အမှောင်အားကို နင်…

သေးပါဘူးဟာ’

ချမ်းထက်…





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကုထုံးသစ်ကို ရှာဖွေတွေ့ရှိခြင်း

**ကိုချစ်**

ဒဿနိကဗေဒဌာန ကထိက ဦးကြင်ဆောင် တစ်ယောက် သူ့ရဲ့တရုတ်ဆိုင်ကယ်လေးကို တွန်းရင်း မိန်းလမ်းတစ်လျှောက် ဆင်းလာခဲ့တယ်။ ရှေ့ဘီးက ပြားချပ်နေပြီမို့ စီးလို့မဖြစ်တော့ဘူး။

စက်တပ်ထားလို့သာ ဆိုင်ကယ်လို့ ပြောနေရတာပါ။

ဆိုင်ကယ်ရုပ်ကို မရှိတော့ဘူး။

သံချေးအထပ်ထပ်ကြောင့် နီကယ်ရောင်မရှိတော့ဘဲ လိမ္မော်ရောင်ရင့်ရင့်ခွေတစ်စုံ၊ ချိန်းဖုံးမပါတော့လို့ သတ္တုရောင်ပျောက်ပြီး ရွှံ့အလူးလူးနဲ့ ချိန်းကြိုးက မြင်နေရတယ်။ ထိပ်ဝမှာ မည်းနေပြီး နောက်ပိုင်းတစ်ခုလုံး သံချေးဖုံးနေတဲ့ အိတ်ဇောပိုက်၊ ပန်းပြောင်ပြီး ပါးလျှနေတဲ့ တာယာတစ်စုံ။ လှတောသားစကားနဲ့ ပြောရင် ဆံပင်ညှပ်ဆိုင်ရှေ့ကောင်

www.burmeseclassic.com

ဖြတ်မစီးရဲတဲ့ တာယာမျိုး၊ ပြီးတော့ ဆိုင်ကယ်အမျိုးအစားကို ဘယ်နေရာမှာ ရှာဖတ်လို့ မရနိုင်တော့တဲ့ ဆိုင်ကယ်၊ ခုခေတ်စကားနဲ့ပြောရင် ဝစ်သောက်၊ လိုင်စင်မဲ့ ဆိုင်ကယ်။ ဘုရားစူးရစေရဲ့လို့ ကျိန်တွယ်ပြောရမယ့် ဆိုင်ကယ်ပါ။

ဘာပဲဖြစ်ဖြစ်လေ။ ယိုးဒယားဘီးနား မကပ်နိုင်တဲ့ ကထိက ဦးကြင်ဆောင် အတွက်တော့ ဈေးပေါပေါနဲ့ ဆိုင်ကယ်တစ်စီး စီးခွင့်ရတာမို့ တရုတ်ကို စိတ်ထဲက ကျိတ်ပြီး ကျေးဇူးတင်နေမိရဲ့။

နှုတ်က ဖွင့်တော့ မပြောရဲပါဘူး။ တရားအားထုတ်တဲ့ လူလို့ အစွပ်စွဲခံရမှာစိုးလို့။

မကြာခဏဆိုသလို ဦးကြင်ဆောင် တွေးတွေးကြည့်ပါတယ်။ သင်းတို့ကြောင့် ပန်းသီးစားရတယ်။ သင်းတို့ကြောင့် အပေါ်စက်အောက်စက် ပေါပေါပဲပဲနဲ့ ကြည့်ရတယ်။ သင်းတို့ကြောင့် မိုဘိုင်းဟန်းဆက်ဈေးပေါပေါ ကိုင်ရတယ်။

လူမျိုးရေး၊ စီးပွားရေး၊ နိုင်ငံရေးတွေ မပါဘဲ ရိုးရိုးလေးပဲ တွေးတာပါ။ ဦးကြင်ဆောင့်စိတ်ထဲမှာတော့ ဂျပန်ပစ္စည်းတွေ အလျှံပယ်ပေါနေရင် ဂျပန်ကို ကျေးဇူးတင်လိုက်မယ်။ ကိုရီးယားပစ္စည်းတွေ သုံးစွဲဖို့ လွယ်ကူရင် ကိုရီးယားကို ကျေးဇူးတင်လိုက်မယ်။ ဒီလောက်ပါပဲ။

> အရစ္စတိုတယ်
> ဟာ
> မက်ဆီဒိုးနီးယား
> ဘုရင်
> ဖိလစ်ရဲ့
> သားတော်
> အလက်ဇန္ဒြားကို
> နန်းတော်ထဲထိ
> သွားပြီး
> ပညာသင်ပေးရတဲ့
> ကမ္ဘာကျော်
> ကျူရှင်ဆရာကြီး
> တစ်ဆူ
> ဖြစ်ခဲ့တယ်

တောင်ကြီးတက္ကသိုလ်ရဲ့ မိန်းအပေါက်က ထွက်ပြီး လမ်းမကြီးပေါ် တက်လိုက်တာနဲ့ ကျောင်းထဲကို ကွေ့ဝင်လာတဲ့ ကားလေးတစ်စီးက ဦးကြင်ဆောင်နဲ့ နှစ်ပေလောက်အကွာမှာ 'ကျွီ' ခနဲ ဘရိတ်အုပ်လိုက်တယ်။

အဖြူရောင်မတ်တူးကားလေး၊ မောင်းလာတာကလည်း ကျောင်းသူဖြစ်မယ်။ သူ့ဘေးမှာ ယောကျ်ားလေးတစ်ယောက်၊ နောက်မှာက မိန်းကလေး သုံးယောက်၊ ဖြီးလိမ်းဝတ်စားထားပုံကြည့်ရတာ ကျောင်းထဲမှာ ဓာတ်ပုံလာရိုက်ကြတာနဲ့ တူပါတယ်။

ကားမောင်းလာတဲ့ မိန်းကလေးက မကြည်တဲ့ပုံစံနဲ့ လှမ်းကြည့်လိုက်ပြီးမှ ဆရာမှန်းသိသွားပုံရပါရဲ့၊ ဘာမှ မပြောတော့ဘဲ အရှိန်ပြင်းပြင်းနဲ့ ဆောင့်ထွက်ပြီး ကျောင်းထဲ မောင်းဝင်သွားတယ်။

တော်ပါသေးရဲ့၊ တပည့်မတော်ဖူးပေမဲ့ ဒီကျောင်းက ဆရာမှန်း သိနေလို့။

ကားလမ်းကို ဖြတ်ကူးပြီး ဂေါက်ကွင်းဘေးက ကန်တင်းဘက်ဆီ ဆက်တွန်းလာခဲ့တယ်။ 'မိုးသောက်'လက်ဖက်ရည်ဆိုင်ရှေ့မှာ ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး ဆိုင်ထဲဝင်မယ်အလုပ်မှာ မြင်ဖူးနေကျ တပည့်တစ်ယောက်က ထလာပြီး-

'ဆရာ ဆိုင်ကယ်ဘီး ပေါက်နေလို့လား ဆရာ။ ကျွန်တော် သွားဖာပေးမယ် ဆရာ။ ဆိုင်ကယ်သော့ပေး'

လူနာမည်မသိပေမဲ့ ရင်းနှီးပြီးသားမျက်နှာပါ။ ဒီလိုတပည့်မျိုးတွေနဲ့ တွေ့ရတော့လည်း ဖော်မပြနိုင်တဲ့ ပီတိလှိုင်းက ရင်ကို လှုပ်ခတ်သွားခဲ့တယ်။ ဆိုင်ကယ်သော့ပေးလိုက်ရင်း-

'သိုင်းကျူးနော် သားငယ်'

'ရပါတယ် ဆရာ'

ကျောင်းသားကလေးက ဆိုင်ကယ်ကို သေချာလှေ့လာလိုက်သေးတယ်။ ပြီးမှ-

'ဆရာ့တာယာတွေက ပန်းမှမရှိတော့တာ၊ အသစ်လဲလိုက်မှ စိတ်ချရမှာပါ ဆရာရယ်'

ဦးကြင်ဆောင် ပြုံးပြီး ကြည့်နေရင်းက သက်ပြင်းတစ်ချက်ချလိုက်တယ်။

ဟုတ်တယ်။ ရှေ့ဘီး...
နောက်ဘီးပါ အစုံလိုက်...
လဲပစ်သင့်ပြီ။ မသိလို့...
မဟုတ်ဘဲ၊ သိတာပေါ့။ ...
ပေမဲ့...အင်း...။

'အပေါက်သာ ဖာခဲ့...
သားငယ်ရာ'

နောက်ဆုံးအဆင့်...
လို့မရတော့ဘူးဆိုရင်...
မှ လိုင်းကားနဲ့ပဲ ကျော...
တက်ရုံပေါ့။ လက်ရှိကထိ...
တစ်ယောက်ရဲ့ အရည်အချင်း...
နဲ့ကတော့ ဆိုင်ကယ် ...
ယာတွေ ကျွတ်တွေ ...
လိုက်လဲဖို့ ထားဦး၊ ...
တောင်မှ အနိုင်နိုင်။

အကြီးဆုံးသမီး...
ဆယ်တန်းကျောင်းသူ၊ ...
အောက် အလတ်မက ...
တန်း၊ အငယ်ဆုံးကော...
ယောကျ်ားလေးက ...
တန်း။ ခုလို ကျောင်း...
စ ရက်မျိုးမှာ ဖိနပ်ဖိုး...
တွက်ကြည့်တော့ နှစ်သော...
နီးပါးရှိတယ်။ ဆရာ ဦးကြ...
ဆောင်ရဲ့အမေ ရှိစဉ်တု...
တော့ ဆရာကတော်က...
မူလတန်းပြလုပ်နေခဲ့...
တယ်။ အမေဆုံးပြီး ...
ကိုယ်ခွဲလက်ခွဲမရှိတော့ ...
တန်းပြကနေ ထွက်ခဲ့ရ...
ကလေးတွေရဲ့ ဝေယျာဝစ္စ...
အိမ်မှုကိစ္စတွေမှာပဲ လုံး...
ရစ်ပတ်နေခဲ့ရတယ်။

စားဝတ်နေရေး၊ ...
ရေး၊ ကျန်းမာရေး၊ လူမှု...
ကစ အားလုံးခြုံလိုက်...
တစ်လကို တစ်သိန်းခွဲအထ...
မှာ ရှိတယ်။ ကျော်ရင်...
ကျော်မယ်၊ လျော့တော့...
မလျော့နိုင်ဘူး။ ဒါက...
ဦးကြင်ဆောင် မ...
မစားနေတတ်တာမို့ က...

www.burmeseclassic.com

www.burmeseclassic.com

တွေကလည်း ရှိတာနဲ့ပဲ ချွေချွေတာတာ စားတတ်တယ်၊ လက်ပတ်နာရီ မပူဆာဘူး၊ ဖွင်းစကတ် မပူဆာတတ်ဘူး။ အဲ···အတန်းပိုင်ဆရာမရဲ့ ကျူရှင်တက်ချင်တာကို ထားပေးနိုင်တာတော့ စိတ်ထဲမှာ မကောင်းဘူး။

ကိုယ့်ဘာသာရပ်ကလည်း ဒသမနိကဆိုတော့ ကလေးတွေကို အင်္ဂလိပ်စာက လွဲပြီး ဘာမှပြမပေးနိုင်ဘူး။ ဆယ်တန်းရောက်နေပြီဖြစ်တဲ့ အကြီးမအတွက်ကတော့ တောင်ကြီးတက္ကသိုလ်က ဆရာတွေ သင်တဲ့ဝိုင်းမှာ အပ်ထားလိုက်တော့ တစ်ပြားမှ မကုန်ဘဲ အဆင်ပြေသွားတယ်။

ဒီမိသားစုရဲ့ ကြီးမားလှတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို မနိုင်ရင်ကန်ထမ်းနေရှာတဲ့ ဦးကြင်ဆောင်အတွက် ကံတရားလို့ပဲ ပြောရမလား မသိဘူး။ အဝေးသင်တက္ကသိုလ်ကျောင်းသူကျောင်းသားတွေက ဦးကြင်ဆောင်ရဲ့အခက်အခဲကို တစ်နှစ်နှစ်ကြိမ် ဝင်ဖြေရှင်းပေးကြရှာပါတယ်။ ဒီလိုနဲ့ ဘူဖြွေမပျက်နေလို့ကတော့ ဖြစ်လာခဲ့ပါတယ်။

ပြီးတော့ မိဘရဲ့လက်ငုတ်ဝိုင်းကွက်လေးတစ်ကွက်နဲ့ အိမ်လေးတစ်လုံးက အနောက်မြို့ပတ်လမ်းက ပင်စင်ရွာထဲမှာ။ မြင့်ရာက နိမ့်ရာကို စီးတတ်တဲ့ စုန်ရေရဲ့ သဘာဝကို ဦးကြင်ဆောင် အထပ်ထပ် ကျေးဇူးတင်နေမိတယ်။

ဆိုင်ကယ်ဘီးသွားဖာတာကို စောင့်ရင်းက လက်ဖက်ရည်တစ်ခွက်လည်း ကုန်ပြီ။ ဆေးပေါ့လိပ်ကို ဆက်ဖွာရင်း စောစောလေးကမှ ပြီးလာခဲ့တဲ့ 'ဆယ်မီနာ' မှာ ဆွေးနွေးကြတဲ့အချက်အလက်တချို့ကို ကြုံသလိုပြန်စဉ်းစားရင်းက ပြုံးမိပြန်တယ်။

'ဘီစီလေးရာဝန်းကျင်လောက်ကတည်းက **ဆိုးဖစ်**တွေဟာ **ရီတိုးရစ်၊ အော်ရေထရီ** စတဲ့ ပညာရပ်တွေကို အခကြေးငွေယူပြီး သင်ကြားပို့ချတဲ့အလုပ်မျိုးတွေ လုပ်ကိုင်ခဲ့ကြတယ်။

'အဲဒီ **ဆိုးဖစ်** တွေထဲမှာ **လူသည် အရာရာကို တိုင်းတာသူ ဖြစ်သည်** ဆိုတဲ့ **ပရိုတိုဂိုးရပ်** ရဲ့အယူအဆဟာ ထင်ရှားကျော်ကြားလာခဲ့တယ်။

'ဘီစီသုံးရာလောက်မှာတော့ **ပလေတို** ဟာ အကယ်ဒမီကျူရှင်ကျောင်းကြီးကို ထူထောင်ခဲ့တယ်။ ပလေတိုရဲ့တပည့် **အရစ္စတိုတယ်** ကလည်း **လိုင်စီယမ်** ဆိုတဲ့ ကျူရှင်ကျောင်းကြီးကို ထူထောင်ခဲ့တယ်။

'**အရစ္စတိုတယ်** ဟာ မက်ဆီဒိုးနီးယားဘုရင် **ဖိလစ်**ရဲ့သားတော် **အလက်ဇန္ဒြား** ကို နန်းတော်ထဲထိ သွားပြီး ပညာသင်ပေးရတဲ့ ကမ္ဘာကျော်ကျူရှင်ဆရာကြီး တစ်ဆူဖြစ်ခဲ့တယ်။

'အေဒီထောင့်လေးရာလောက်မှာ ဒီအလေ့အထမျိုးကို ဆွီဒင်ဘုရင်မ **ခရစ္စတင်း** လည်း ကျင့်သုံးခဲ့ဖူးတယ်။ **ဒေးကား** ဆိုတဲ့ဆရာကြီးက **ခရစ္စတင်း** ကို နန်းတော်ထဲထိ သွားရောက်ပညာသင်ပေးခဲ့ရတယ်'

အတွေးတွေကြားထဲမှာ ဆေးပေါ့လိပ်ကို အားပါးတရဖွာလိုက်ရင်း ဦးကြင်ဆောင် ပြုံးနေမိတယ်။ ကျူရှင်ဆိုတာ နန်းတော်က စခဲ့တာကိုး။ အာဏာရှိတဲ့အသိုင်းအဝိုင်းက သူတို့သားသမီးတွေကို သူများထက်ပိုပြီး တတ်စေတော်စေချင်တာရယ်၊ လုံခြုံရေးအရရယ်၊ လူတန်းစားမရောနှောအောင်ရယ် စတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်ခဲ့ကြတာပဲကိုး။

မြန်မာနိုင်ငံမှာလည်း ဒီအလေ့အထ ရှိခဲ့ပါတယ်။ အမြင်သာဆုံးအချက်ကို ဆွဲထုတ်ပြရမယ်ဆိုရင် ကုန်းဘောင်ခေတ်မှာ မင်းတုန်းမင်းရဲ့သားတော် မင်းညီမင်းသားတချို့က ဒိုင်အိုဘုရားကျောင်းက ခရစ်ယာန်ဘုန်းကြီး ဒေါက်တာမတ်ဆီမှာ ပညာသင်ကြားစေခဲ့တယ်။

'မြန်မာနိုင်ငံရဲ့ကျူရှင်အစ ကုန်းဘောင်ခေတ်က' လို့ ပြောရင် မမှားပါဘူး။ နောက်ပြီး နိုင်ငံခြားကို ပညာတော်သင်လွှတ်ခဲ့တာလည်း မင်းညီမင်းသားတွေချည်းပဲ။ အရပ်သားသာမန်လူတန်းစား မပါခဲ့ဘူး။ ထားပါလေ··· ပဒေသရာဇ်ကိုး။

မှတ်မှတ်ရရပါပဲ။ ကျူရှင်ဥပဒေဆိုတာကြီးကို လွှတ်တော်အဆင့်မှာ သတ်မှတ်ပြဋ္ဌာန်းခဲ့ဖူးတယ်။ ၁၉၈၀ ဝန်းကျင်လောက်မှာပေါ့။

တက္ကသိုလ်ဆရာတွေရော၊ အထက်တန်း၊ အလယ်တန်းက ဆရာတွေရော ဘယ်သူမှ အုံနဲ့ကျင်းနဲ့ မသင်ရဲကြတော့ဘူး။ ဒီတော့ အာဏာရှိသူ လူတန်းစားက သူ့သားသမီးကို သူများထက် ပိုတော်စေချင်တယ်။ ဆရာဝန်တွေ၊ အင်ဂျင်နီယာ ပညာရှင်တွေ ဖြစ်စေချင်တယ်။ ဒီတော့ သူတို့က လက်တစ်လုံးခြား လုပ်တတ်တယ်လေ။ ဆရာတွေကို အိမ်မှာပင့်ပြီး မောင်နှမ နှစ်ယောက်၊ သုံးယောက်လောက်ကို စားပွဲတစ်လုံးနဲ့ သင်စေတယ်။ ကျိတ်ဝိုင်း သဘောမျိုးလေးပေါ့လေ။

လုပ်ငန်းစစ်ဆေးရေး ဥက္ကဋ္ဌရဲ့သားနဲ့သမီးကို အင်္ဂလိပ်စာ သွားသင်ပေးခဲ့ရဖူးတယ်။ အစတော့ စံပြအဖြစ်နဲ့ အရေးယူခံရမှာ ဦးကြင်ဆောင် ကြောက်တာပေါ့။

စာသင်ကြားခအဖြစ် ငွေကြေးပေးရင် ကျူရှင်ဖြစ်သွားမှာစိုးလို့ အာစရိယဂုဏော အဖြစ်–

'ဆရာ ဒီလတော့ ဒါလေးကို ကန်တော့ပါတယ်' ဆိုပြီး စာအိတ်ကလေးနဲ့ ကန်တော့တယ်။ အိမ်ရောက်လို့ ဖွင့်ကြည့်လိုက်တော့ ဘီလပ်မြေဆယ်လုံး ဝယ်ယူခွင့် ဆိုတဲ့ ပါမစ်စာရွက်ကလေး။ နောက်လကျတော့ သစ်ပါမစ်၊ နောက်လကျတော့ သွပ်ပြားပါမစ်၊ နောက် မီတာဘောက်···စသဖြင့်ပေါ့လေ။ သူတို့အိတ်ထဲက တစ်ပြားမှ မစိုက်ရရှာပါဘူး။ ဦးကြင်ဆောင်အတွက် နည်းနည်းတော့ အလုပ်ရှုပ်တာပေါ့လေ။ အဲဒီပါမစ်တွေ ဝယ်မယ့်သူကို ရှာပြီး ရောင်းရတာက အလုပ်တစ်ခု။

အာဏာရှိတဲ့ အသိုင်းအဝိုင်းက ဒီလိုလုပ်ကြတော့ ငွေရှင်ကြေးရှင်၊ လုပ်ငန်းရှင်တွေကလည်း မြင်တာပေါ့

www.burmeseclassic.com

သူတို့ကလည်း အိမ်မှာ သုံးယောက်၊ ငါးယောက်စသဖြင့် ကျောင်းသားကို စုစည်းပြီး ဆရာတွေကို အိမ်ခေါ်သင်ကြတော့တာပဲ။ သူတို့ကတော့ ထိုက်တန်တဲ့ငွေကြေးနဲ့ ကန်တော့ကြတာပေါ့။

*ဒီလိုနဲ့ ကျိတ်ဝိုင်း*ကလေးတွေ နေရာအနှံ့ပေါ်လာပြီး မ·ဆ·လခေတ်မှာ ဝိုင်းကျူရှင်စနစ် ကြီးထွားကျယ်ပြန့်လာခဲ့တယ်။

ဒါကလည်း ဆရာတွေ ချမ်းသာဖို့ မဟုတ်ပါဘူး။ စားဝတ်နေရေးအတွက် ရုန်းကန်ဖို့ အခွင့်အလမ်းပေါ်လာခဲ့တာပါ။ ဘယ်ဆရာမှ မချမ်းသာခဲ့ပါဘူး။

အဲဒီလို ခိုးကြောင်ခိုးဝှက် ဆရာဘဝကိုလည်း ဦးကြင်ဆောင် ကျင်လည်ခဲ့ရဖူးတယ်။

'ဆရာ…ဆိုင်ကယ်ရပြီ'

အတွေးအိပ်မက်ကနေ ရုတ်တရက်လန့်နိုးသွားတယ်။ ကျောင်းသားလေးက ဆိုင်ကယ်သော့ပြန်ပေးရင်း-

'အခုတော့ စီးလို့ဖြစ်အောင် ဖာပေးလိုက်တယ် ဆရာ၊ နောက်တစ်ခါဆိုရင်တော့ ရမှာ မဟုတ်တော့ဘူး။ အစုံလိုက်ကို အသစ်လဲပစ်လိုက်မှ စိတ်ချရမှာ'

'အေး အေး သိုင်းကျူးပဲနော်၊ ဒါနဲ့ သားငယ်က…'

'မနှစ်က ဆရာ့မေဂျာ ဒုတိယနှစ်က တပည့်ပါ ဆရာ။ ခုတော့ အေဂျီဒီမှာ အငယ်တန်းလက်ထောက်ဝင်လုပ်လိုက်လို့ အဝေးသင်ပြောင်းတက်နေတာပါ ဆရာ။ ဘဏ်နဲ့ပတ်သက်လို့ လိုတာရှိရင် လာခဲ့ပါ ဆရာ'

ဒီအလေ့အထမျိုးကို ဆွီဒင်ဘုရင်မ **ခရစ္စတင်း**လည်း ကျင့်သုံးခဲ့ဖူးတယ် **ဒေးကား**ဆိုတဲ့ ဆရာကြီးက **ခရစ္စတင်း**ကို နန်းတော်ထဲထိ သွားရောက် ပညာသင်ပေးခဲ့ရတယ်

'ဪ ကောင်းတာပေါ့၊ အဆင်ပြေတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ လစာရင်းကတော့ တစ်သိန်းသုံးသောင်းပါပဲ။ အဲ ထမင်းစရိတ်က တစ်နေ့နှစ်ထောင်နဲ့ ခရီးစရိတ်က တစ်လတစ်သောင်း ပေးပါတယ် ဆရာ'

ဆရာ ဦးကြင်ဆောင်ရဲ့ အိမ်အပြန်လမ်းမှာ ဆိုင်ကယ် အင်ဂျင်သံက အတွေးတွေနဲ့ ရောပြွမ်းပြီး ဆူညံနေတယ်။

အစိုးရဝန်ထမ်းသက်သုံးဆယ့်လေးနှစ် ရှိပြီ၊ လာမယ့်နှစ်မှာ ခြောက်ဆယ်ပြည့်လို့ သက်ပြည့်ပင်စင်ယူရတော့မယ်။ လစာတစ်သိန်းသုံးသောင်းနဲ့ ဝန်ထမ်းဘဝကို နိဂုံးချုပ်တော့မယ်၊ အင်း…။ ❑

ဦးကြင်ဆောင်ရဲ့အဖေက အထက်တန်းပြဆရာကြီးပါပဲ။

အမေကလည်း မူလတန်းပြဆရာမ။ ကလေးသုံးယောက်ရပြီးမှ အလုပ်ကထွက်လိုက်တာ။ ဦးကြင်ဆောင်တို့မှာ မောင်နှမ သုံးယောက်ပဲ ရှိတယ်။

ဦးကြင်ဆောင်က အကြီးဆုံး၊ ဒုတိယက ဒေါက်တာထင်အောင်တဲ့။ အထွေထွေရောဂါကုဆရာဝန်ကြီး မန္တလေးမှာ နေတယ်။ အငယ်ဆုံးမ ရီရီအောင်ကတော့ အခုဆိုရင် ဗိုလ်မှူးကတော်ပေါ့။ ရေဝတီတိုင်းမှာ တာဝန်ကျနေတယ်။ နှစ်ယောက်စလုံး သူ့ဟာနဲ့သူတော့ အဆင်ပြေကြရှာပါတယ်။

အဲ…မပြေတာ အကြီးဆုံးဖြစ်တဲ့ ဦးကြင်ဆောင်ပဲ။

အမေ မဆုံးခင်ကတော့ သူတို့ ငယ်ငယ်ကအကြောင်းတွေကို စပ်မိတိုင်း ပြောပြောပြနေလို့ အလွတ်ကို ရနေပြီ။ ဦးကြင်ဆောင်ရဲ့ နားထဲမှာ သံမှိုရိုက်ထားသလိုကို စွဲနေပြီ။

'အထက်တန်းပြဆိုပေမဲ့ မင်းအဖေလစာက ရွှေတစ်ကျပ်ခွဲသား ဝယ်လို့ရတယ်'

နားထဲက ဘယ်တော့မှ မထွက်တဲ့ အမေ့စကားသံ။

'ကလေးသုံးယော[…] မို့ အိမ်မှုကိစ္စတွေ မနိုင်[…] လို့ အမေအလုပ်က ထွ[…] တော့ကို တစ်လတစ်လ […] တာလေးတွေ စုဆောင်းနို[…] သေးတယ်။ အတော်[…] စုမိဆောင်းမိရင် အမေ[…] *တော့ ရွှေပဲ ဝယ်ထားလို[…]* တာပဲ'

'အို…ပန်းထိမ်ဆရာ[…] ကို မိတ်ဆွေတွေဖြစ်လို့…'

ဦးကြင်ဆောင် တ[…] သက်နဲ့တစ်ကိုယ် ရွှေပန်းထိ[…] ဆိုင် မရောက်ဖူးဘူး။ ဦးကြ[…] ဆောင် အတွေးဝင်ခဲ့ဖူးတယ်[…] လောကမှာ ရွှေရှူမှ ပျော[…] မယ့်ရောဂါမျိုးဖြစ်ခဲ့ရင် ဘု[…] စင်ပေါ်က ကိုယ်တော်ကြ[…] ချုနမ်းရမှာပဲ။

'အမေတို့ အိမ်ထော[…] ကျစက အိမ်ငှားလေးနဲ့ပဲ [—] ခဲ့ကြတာ။ အလတ်ကော[…] ထင်အောင် ရှစ်နှစ်သ[…] လောက်မှ ဒီပင်စင်ရှာထဲ[…] ဝိုင်းကွက်လေး ဝယ်ပြီး အိ[…] ဆောက်ဖြစ်တာ မင်း မှတ်[…] မှာပါ။ ဝိုင်းကွက်ဝယ်တု[…] က အိမ်ဟောင်းကလေးတ[…] လုံးပါတယ်လေ။ အဲဒီအိ[…] ကလေးဖျက်ပြီးမှ ဒီနှစ်ထ[…] ပျဉ်ထောင်အိမ်လေး [—] ဆောက်ခဲ့တာ'

ဦးကြင်ဆောင် တ[…] သက် မစဉ်းစားဝံ့တဲ့စကား[…] မြေဝယ်ဖို့၊ အိမ်ဆောက်ဖို့[…] တာ ဝန်ထမ်းတစ်ယောက်[…] လစာနဲ့ကတော့ ဘုန်းကြီး[…] ဘီးပဲ။

'အခါကြီးရက်ကြီ[…] များ လာကန်တော့လိုက်[…] တာ။ တချို့က ကိတ်[…] တချို့က ထိုးမုန့်၊ [—] ဖယောင်းတိုင်၊ [—]မ်းခြစ်ထု[…]

www.burmeseclassic.com

တချို့တတ်နိုင်တဲ့ တပည့်ကျတော့ ပုဆိုးလေး၊ တဘက်လေး ပါတာပေါ့။ လုံးဝတတ်နိုင်ရှာတဲ့ တပည့်ကျပြန်တော့ ဒီအတိုင်း လက်အုပ်လေး ချီပြီး ကန်တော့ကြရှာတာပေါ့။ မင်းအဖေမှာ ဝိတိတွေ ဖြစ်လို့…'

အခုခေတ် မျက်စိနဲ့ကတော့ ရယ်စရာဖြစ်ကောင်းဖြစ်မှာပေါ့လေ။ ဦးကြင်ဆောင် ရဲ့ရင်ထဲမှာတော့ အဖေ့လို ဝိတိမျိုးတော့ ရချင်သေး။ အဖေ့လို ဝိတိတွေ စားပြီး အားဖြစ်ချင်ပါရဲ့အဖေရယ်။ ဒါပေမဲ့ သား ကထိကကြီးအဖြစ်ကို အဖေ သိမသွားရှာဘူး။

တစ်ခါတလေ ဦးကြင်ဆောင် တွေးကြည့်မိတတ်တယ်။ ကိုယ်ကသာ တပည့်ခို့ 'ဟဲ့ကောင်'၊ 'ဟိုကောင်'၊ 'မင်း'၊ 'ငါ' နဲ့ ပြောနေရတာ။ တချို့ကျောင်းသားက အပြင်မှာ လုပ်ငန်းရှင်ကြီး၊ ဒါရိုက်တာကြီး။ သိန်းရာထောင်ချီပြီး အလုပ်လုပ်နေကြတဲ့သူတွေ၊ ကုန်သည်ပွဲစားကြီးတွေ၊ ကိုယ့်အနေအထားနဲ့ ဘယ်လိုမှယှဉ်မရနိုင်ဘူး။

အချိန်တစ်ချိန်ပြီးလို့ အခန်းပြောင်းပြီဆိုရင် သူတို့က ကားအမျိုးမျိုးနဲ့ အဖိုးတန်ဆိုင်ကယ်အမျိုးမျိုးနဲ့ ထွက်လာလိုက်ကြတာ။ ကိုယ့်မှာ ဘေးကပ်ပေးထားရတယ်။

စာသင်ခန်း စတိတ်ပေါ်ကနေ လက်ချာစတင်းပေါ် လက်ထောက်ပြီး ပြောဟောနေပေမဲ့ အောက်က တပည့်တွေရဲ့အကြည့်က လေးစားလို့ ကြည့်တာလား၊ စိတ်ဝင်စားလို့ကြည့်တာလား၊ သနားလို့ကြည့်တာလား ဆိုတာ ဦးကြင်ဆောင်စိတ်ထဲမှာ ဒွိဟဖြစ်နေတာကြာပြီ။

ကိုယ့်စိတ်၊ ကိုယ့်ကိုယ်ကိုလုံခြုံမှုမရှိသလို ခံစားနေရတယ်။

အကျီကုပ်ပိုးစုတ်နေတာများ မြင်သွားမလား၊ ပုဆိုးမီးလောင်ပေါက်က နောက်တည့်တည့်များ ရောက်နေမလား၊ အတွင်းက စွပ်ကျယ်အကျီကျောပြဲများ မြင်နေရမလား စတဲ့ အတွေးမျိုးဝင်လာရင် အတန်းကို ကျောပေးပြီး ဗို့က်ဘုတ်မှာ စာရေးရမှာကို မရွံ့မရဲဖြစ်လာတယ်။

ခေါင်းထဲက ပြောဖို့ရည်ရွယ်ထားတဲ့ သင်ခန်းစာရဲ့အရေးကြီးတဲ့အချက်အလက်တွေပါ မေ့လျော့သွားပြီး အတန်းကို အချိန်မစေ့ဘဲ ဆင်းလိုက်ရတာမျိုးတွေ ဖြစ်တတ်လာတယ်။

အားငယ်ညှိုးနွမ်းတဲ့စိတ်၊ မွန်းကျပ်နုံးချည့်နေတဲ့ အာရုံ၊ မလန်းဆန်း မရွှင်ပျနိုင်တဲ့ ခံစားမှုတွေနဲ့ လုံးထွေးရစ်ပတ်ပြီး ကိုယ့်ဘဝကိုယ် အားမလိုအားမရတွေဖြစ်ခဲ့ရတာ ကြာခဲ့ပြီ။

ကိုယ့်စိတ်ကို သံသယဝင်လာတယ်။

စိတ်ကျရောဂါဆိုတာများလား။

ဒဿနိကဗေဒပညာရှင်တစ်ယောက်အနေနဲ့ စိတ်ကုဆရာဝန်ဆီ သွားပြရရင်လည်း လူကြားလို့မှ မတော်ဘူး။ ခန္ဓာကိုယ်က ဘာမှမဖြစ်ဘူး၊ ခန္ဓာကိုယ်ကို ကုစရာမလိုဘူး။

စိတ်မှာဖြစ်တဲ့ရောဂါဆိုတော့ စိတ်ကိုပဲ ကုရမယ်။

ဒီတော့ ကုထုံးရှာဖို့ လိုတယ်။ အားငယ်နေတဲ့စိတ်ကို အားဖြစ်လာအောင် စိတ်အစာကျွေးရမယ်၊ စိတ်ဗီတာမင်ကို ဦးကြင်ဆောင် ရှာတွေ့ခဲ့တယ်။ မိမိစိတ်မှာ အားငယ်စိတ်၊ စိုးရိမ်စိတ်တွေနဲ့ မွန်းကျပ်နုံးချည့်လာရင် အခန်းတံခါးကို ပိတ်ပြီး အိပ်ရာပေါ်မှာ သက်သောင့်သက်သာလှဲလိုက်တယ်။ ပြီးရင် အမေမသေခင်က ပြောခဲ့တဲ့စကားတွေကို အာရုံနားနဲ့ကြားနိုင်အောင် စိတ်ကို စုစည်းလိုက်တယ်။ စူးစိုက်မှုအားကောင်းလာတာနဲ့ အမေကိုယ်တိုင်သူ့ဘေးမှာ လာထိုင်ပြီး ပြောပြနေတာကို တကယ့်နားနဲ့ကြားရသလို ခံစားလာရတယ်။

အဖေ အထက်တန်းပြလစာနဲ့ ရွှေဝယ်တဲ့အကြောင်း၊ မြေဝယ်အိမ်ဆောက်တဲ့အကြောင်း၊ သားသမီးတွေကို ပညာတတ်အောင် သင်ကြားစေခဲ့တဲ့အကြောင်း…စသဖြင့်။

ဒီတော့မှ ဦးကြင်ဆောင်ရဲ့စိတ်ဟာ ပုံမှန်အနေအထားကို ရောက်သွားပြီး သက်သာရာရလာခဲ့တယ်။ ဒီနည်းနဲ့ သူ့စိတ်ကို သူ ကုလာခဲ့တာ ကြာပြီ။

❑

ပြဿနာက ရောဂါဆိုတာ ကြာလာတော့ ဆေးကိုယဉ်ပါးလာတာပဲ။ ဦးကြင်ဆောင်ရဲ့စိတ်ဟာ ဦးကြင်ဆောင်ရဲ့ကုထုံးကို ကြာတော့လည်း ယဉ်ပါးလာခဲ့တယ်။ ဒါကို တဖြည်းဖြည်းနဲ့ သဘောပေါက်လာတဲ့အတွက် ကုထုံးသစ်တစ်ခု ထပ်မံရှာဖွေဖို့လိုပြီဆိုတာ နားလည်လိုက်တယ်။

အဲဒီကုထုံးသစ်ကိုတော့ ပြီးခဲ့တဲ့တစ်ပတ်ကပဲ ရှာဖွေတွေ့ရှိခဲ့တယ်။

သူ့စိတ်သူ သက်သာမကောင်းဖြစ်ပြီဆိုရင် အခန်းထဲဝင်တံခါးပိတ်လိုက်ပြီး ခေါင်းရင်းစားပွဲပေါ်က စာအုပ်တစ်အုပ်ကို လှမ်းယူလိုက်တယ်။ စာကြည့်တိုက်က ငှားလာခဲ့တဲ့စာအုပ်။ ၁၉၉၈ ခု ဩဂုတ်လ ၁ ရက်နေ့စွဲနဲ့ ရာပြည့်စာအုပ်တိုက်တတိယနှစ်လည် အထိမ်းအမှတ်ထုတ်ဝေတဲ့ ဆရာ သိန်းဖေမြင့်ရဲ့ **ဝတ္ထုတိုပေါင်းချုပ်။**

အဲဒီဝတ္ထုတိုပေါင်းချုပ်ထဲက စာမျက်နှာ ၄၄၃ မှာရှိတဲ့ **ဆရာအိုပြဿနာ** ဝတ္ထုကို လှန်လိုက်တယ်။ တတိယစာပိုဒ်အလယ်လောက်မှာ မင်နီတားထားတဲ့စာပိုဒ်ကို ပထမ စိတ်ထဲက ဖတ်တယ်။ နောက်တော့ အသံပါ ထွက်ဖတ်လိုက်တယ်။

**'လူငယ်ဆရာတွေက မော့စ်ဗစ်၊ ဘဲလောက်စ်ဗစ်တာစသော ကားကလေးများဝယ်နိုင်အောင် လခထဲမှသော်လည်းကောင်း၊ စာမေးပွဲအဖြေလွှာဖျက်ခထဲမှသော်လည်းကောင်း အပတ်တကုတ်ကြိုးစား၍ ငွေစုနေကြချိန်တွင် ကျွန်ုပ်မှာ ပင်စင်ယူလျှင် ကိုယ့်ဝင်းကိုယ့်ခြံ၊ ကိုယ့်အိမ်ကလေးနှင့် နေနိုင်အောင် စုဆောင်းနေရပေသည်'**

ဝတ္ထုတိုရဲ့အဆုံးမှာတော့ မြဝတီမဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၈၊ ဇွန်၊ ၁၉၅၉ တဲ့။

■ ကို[illegible]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတိုတစ်ပုဒ် ရွေးချယ်ခံရပြီးနောက် မြောက်တောက်တောက်ဖြစ်နေသော ကျွန်တော်သည် နောက်တစ်ပုဒ်ရေးရန် ဇာတ်လမ်းရှာမရ၊ ကုန်ကြမ်း ဒုဗ္ဘိက္ခန္တရကပ်ဆိုက်နေသည့်အချိန် မဏိမောင်ခလာနတ်သား ပန်တျာ အေးဝင်း ရောက်လာ၏။ သူငယ်ချင်းအေးဝင်းကား တစ်ချိန်က နာမည်ကျော် ပြဇာတ်မင်းသား၊ ခုတော့ ဇာတ်လောကမှ နားနေသူ။

'ဟေ့ကောင် စာရေးဆရာ နက်ဖြန် ငါနဲ့ လိုက်ခဲ့'

'ဟ ဘယ်လိုက်ရမှာတုံး ပန်တျာရ'

'ဘယ်ဖြစ်ဖြစ်ပေါ့ကွာ၊ အတွေ့အကြုံရတာပေါ့။ အားလုံး ငါ စပွန်ဆာမယ်၊ မင်းက ဇာတ်လမ်းရေး၊ ငါက ဒါရိုက်တာလုပ်မယ်'

တစ်ချိန်က သူကခဲ့ဖူးသော ရွာတစ်ရွာမှာ ယခုနှစ် ကထိန်အရပ်ဇာတ်ကမည်။ ပထမအကြိမ် စ,ကမှာဆိုတော့ ဘာအတွေ့အကြုံမှုမရှိ။ ပန်တျာအေးဝင်းကို အစစ ဦးစီးသင်ပေးရန် လာငှားသည်။ သူ့ ခရီးထွက်တိုင်း ခေါ်နေကျဖြစ်ရာ ဇာတ်လမ်းလေးဘာလေးလည်းရစေ၊ အဖော်လည်းဖြစ်စေပေါ့။ စာရေးဆရာဆိုတာ စုံနိုင်မှလေ။ 'တစ်လလောက်ကြာမယ်။ နေရေးထိုင်ရေး စားရေးသောက်ရေး အိုကေ ဖရီး' ဆိုတော့ သဘောကြီးတွေကျ၊ လိုက်ချသွားတာပေါ့။ အဲဒီရွာကို အဲဒီလိုလိုက်သွားခြင်းသည်ပင်လျှင် တစ်သက်တာ ဘဝပေးအချိန်မှာ မြလေးစိန် ဆိုသော ချစ်သူကို တွေ့ကြုံခဲ့ရသည့်အပြင် အရှင်လတ်လတ်ကနေ သေနာကောင်ဘဝ ကျွန်တော် ရောက်ခဲ့ရကြောင်းပါခင်ဗျာ။

□

# သေနာ

## ကျိုက်စကောခင်စိုး

ကျွန်တော်တို့ရောက်ပြီး နောက်နေ့ည ကထိန်မှာကမည့်ဇာတ်အတွက် သရုပ်ဆောင်ရွေးပွဲကျင်းပပါသည်။ ပြဇာတ်မင်းသမီးကတော့ ရွာသူမဟုတ်၊ မြို့က ငှားထားသည်တဲ့။ နောက်ပြီး အဓိက ပြဇာတ်မင်းသားနှစ်လက်ကလည်း ရုပ်ရည်လည်းချော၊ အဆိုအပြောလည်းကောင်းသည့် ကာလသားလေးတွေ ရွေးထားပြီးပါပြီ။ ယနေ့ည ရွေးချယ်ရမှာက လူရွှင်တော်၊ လူကြမ်းတွေ။ လူကြမ်းဆိုတော့ နုနုနယ်နယ် ငယ်ငယ်ရွယ်ရွယ်ထဲက မဖြစ်။ အသက်သုံးလေးဆယ်၊ တောင့်တောင့်တင်းတင်းရှိမှ။ ရွာလူကြီးတွေက ပဏာမ လျာထားနှင့်တာက အောင်မောင်းနှင့် ရှမ်းကြီး။ အောင်မောင်းကား စကားပြောရင် အထစ်အထစ်။ မည်သို့မျှ မဖြစ်မှန်း လူကြီးတွေက သိသည်၊ ဒါပေမဲ့ သင်းကို ပစ်ပယ်လို့မဖြစ်။ ဇာတ်အတွက် ကုန်ကျငွေတစ်ဝက်လောက်ကို သူ တစ်ယောက်တည်း ထည့်ဝင်ထားသည်။ ဒီသူဌေးကို မသုံးလို့လည်း မဖြစ်၊ ကြည့်သာလုပ်ပါဟု လူကြီးတွေက တိုးတိုးတိတ်တိတ် ကျိတ်မှာထား၏။

ဇာတ်တိုက်တာတောင် မဟုတ်သေး၊ လူရွေးပွဲလေးကိုပဲ လာကြည့်ကြတာများ ဘုန်းကြီးကျောင်းအောက်ထပ်အကျယ်ကြီးလူအပြည့်။ ကထိန်လူကြီးတွေနှင့် ကျွန်တော်တို့နှစ်ယောက် ခေါင်းရင်းခန်းမှာနေရာယူ၊ ရှေ့မှာ ဆယ်ပေပတ်လည်နေရာလေးကိုပဲ မနည်းရှင်းရသည်။ လူကြီးတစ်ယောက်က ထပြီး အော်လိုက်၏။

'ဟေ့ ကလေးတွေ တိတ်စမ်း၊ ဟိုကောင် ရှမ်းကြီးလာ'

ရှမ်းကြီးဆိုသော လူငယ် ကုပ်ချောင်းချောင်း ဝင်လာပြီး မတ်တတ်ရပ်လေရာ ဒူးနှစ်လုံးက ဆတ်ဆတ်တုန်နေ၏။ ပန်တျာက ငြိမ်ငြိမ်နေစမ်းပါယ ဆိုပြီး၊ ဒူးကို ပိတ်ရိုက်လိုက်ရာ ပရိသတ်က ဝါး

www.burmeseclassic.com

www.burmeseclassic.com

ရယ်ကြသည်။

'ကဲ ရှမ်းကြီး မင်းဟာ လူဆိုးကြီးပေါ့ကွာ ဟုတ်လား'

ပန်တျာက ရှမ်းကြီး၏ ခြေနှစ်ချောင်းကို ခပ်စောင်းစောင်းလေးကားပြီး ရင်ကို ကော့ထားစေသည်။ ပြီးမှ ကလေးကစားသည့် သေနတ်လေးကို ညာလက်ထဲထည့်၊ လက်ကိုဆန့်တန်းစေ၏။

'ရှမ်းကြီး ဘာမှ မကြောက်နဲ့၊ ငါ ပြောတဲ့အတိုင်းပြောစမ်း'

ပန်တျာသည် ခြေကိုကား၊ ဘယ်လက်ကို ခါးထောက်၊ ညာလက်မြှောက်ပြီး အော်လိုက်၏။

'ဟော့ မြလေး၊ ဆောင်းနှင်းလိုအေးတဲ့မြလေး၊ ငါ မင်းကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး။ ကဲ ပြောစမ်း ရှမ်းကြီး ရဲရဲအော်'

ရှမ်းကြီးလည်း ဆရာ့ပုံစံအတိုင်းလုပ်ပြီး အားရပါးရအော်ချလိုက်သည်။

'ဟော့မြလေး၊ မြနှင်းလိုအေးတဲ့ဆောင်းလေး၊ မင်း ငါ့ကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး'

ပရိသတ်ရယ်မောသံကား ဆူညံသွားတော့၏။

'ဆောင်းနှင်းလေးလိုအေးတဲ့မြလေးလုပ်စမ်းပါကွာ၊ ကဲထား မှားတာအရေးမကြီးဘူး၊ ရဲဖို့အဓိက၊ ဒီလောက်ဆိုရတယ်။ ကဲ ဒီလိုဆို ဆက်ပြော၊ ဒီမှာ မြလေး ကနေ့မှာတော့ မင်းကို အနုနည်းနဲ့ ရရင်ရ၊ မရရင် အကြမ်းနည်းနဲ့ သိမ်းရမှာပဲ ဟား ဟား ဟား'

ရှမ်းကြီးလည်း လမိုင်း

ဒီမှာ
တာဂျာရှူး
လုကြီး
မြလေးရဲ့
အသက်ကိုပဲ
ရမယ်
အချစ်ကို
မရဘူး
သိလား
မြအေးရဲ့
ဘဝမှာ
ကိုသာအေးက
လွဲလို့
ဘယ်သူ့
ရင်ခွင်မှ
မဝင်ဘူး
ဆိုတာ
မသေမချင်း
မှတ်ထားလိုက်

ကပ်သွားပြီမို့ မကြောက်တော့ဘဲ အော်ချလိုက်သည်။

'ဒီမှာ မြလေး ကနေ့မှာတော့ မင်းကို အကြမ်းနည်းနဲ့ ရရင်ရ၊ မရရင် အနုနည်းနဲ့ ချရမှာပဲ ဟား ဟား ဟား'

ပရိသတ်ကား တဝါးဝါးပွဲကျနေလေပြီ။

'ကိစ္စမရှိဘူး၊ ရဲဖို့အဓိက ကဲ ရှမ်းကြီး မင်းကို ရွေးတယ်။ မင်းဟာ လူဆိုးဗိုလ်ကြီးရဲ့လက်ရုံး၊ မင်းနာမည် ဗိုလ်ယက္ခ ဟုတ်လား၊ ဗိုလ်ယက္ခ မှတ်ထား'

ရှမ်းကြီးကား ရင်ကိုကော့ လက်ကိုမြှောက်ပြီး အော်လိုက်၏။

'ဗိုလ်ယက္ခကွ'

ပရိသတ်လက်ခုပ်သံ ဆူညံသွားလေသတည်း။ နောက်တစ်ယောက်က အောင်မောင်း၊ အထစ်အောင်မောင်း။ အောင်မောင်းကား လုံးဝ အရှက်အကြောက်မရှိ၊ ရဲရဲတင်းတင်းပင်။ ရှမ်းကြီး စတိုင်အတိုင်း လုပ်ခိုင်းရာ ပန်တျာထက်ပင် မာန်ပါနေသေး။

'ဟော့ကောင် အော်စမ်း၊ ဟော့ ဘယ်သူလဲ လက်မြှောက် လက်မြှောက်'

အောင်မောင်းလည်း ဟန်ပန်အပြည့် အားရပါးရ အော်လိုက်၏။

'ဟ… ဟ… ဟော့… ဟော့ ဒယ်ဒူလဲ ဒယ်ဒူလဲ လယ်ညှောက် လယ်ညှောက် ညှောက်'

ပရိသတ်ရယ်သံကား တဝုန်းဝုန်း ဆူညံပွက်လောထသွားလေပြီ။ အောင်မောင်းကား လုံးဝမရှက်။ ခြောက်လုံးပြူးကိုတောင် လှည့်ပတ်ကစားနေသေး။ ပန်တျာက သဘောတွေကျ။

'ဟော့ကောင် အောင်မောင်း မင်း လူရွှင်တော်လုပ်ရမယ် လုပ်မှာလား'

'ဘာ ဘာ ဘာလုပ်… လုပ်ရ အနုသညာညာဆိုတာ ဘာ ဘာ…'

'တော်ပါတော့ အောင်မောင်းရယ်'

❑

ကထိန်လူကြီးတွေကို ဒါရိုက်တာ ပန်တျာမောင်မောင်သန်းက တင်ပြသည်။

'အောင်မောင်းကို လူ
ကြမ်းလုပ်ခိုင်းလို့ မဖြစ်ဘူး
ရှမ်းကြီးကလည်း အချော
ချော် အလွဲလွဲ အရုက်
ကွဲကုန်မယ်။ သူ့ကို လ
ထောက်လူကြမ်းပဲထားမ
တကယ့်အရေးကြီးတဲ့ လူ
ခေါင်းဆောင် ဗိုလ်လုကြီး
နေရာ လူရှာပေးကြဦးဗျာ'

လူကြီးတွေ ခေါင်း
ကုန်ကြပြီ။ တီးတိုး တီး
တိုင်ပင်ကြ၊ ငြင်းကြ
အဖြေကမရ။ နောက်ဆုံး လူ
ကြီးတစ်ဦးက ပြောသည်။

'ခက်တယ် မော
မောင်သန်းရေ… တို့ရွာ
ရှိတာမှ အိမ်ခြေလေး တစ်
ကျော်၊ လူလတ်ပိုင်းတွေ
မလုပ်ရဲဘူးကွ၊ ဇာတ်ခုံပေါ်
တက်ဖို့ မပြောနဲ့ လူကြ
တောင် မတ်တတ်ရပ်ရဲ
မဟုတ်ဘူး။ တောသား
ဟ။ မြို့ကတောင် လာ
ကြမှာ တို့ရွာမှာ လူ
တခြားရွာက ခေါ်ရတ
လည်း ရှက်စရာ။ ဒီ
ဒီလိုလုပ်ကွာ မင်းနဲ့ပါလာ
စာရေးဆရာကိုပဲ ဘာ
ဗိုလ်လုကြီးလုပ်ခိုင်းကွာ
ရွာသားပေါ့ကွာ'

'ကောင်းတယ်
တယ် စာရေးဆရာလုပ်'

ဒီလိုနှင့် ကျွန်တော် 
ဆိုးခေါင်းဆောင် ဗိုလ်လု
ဖြစ်သွားရလေသည်။

❑

ကျောင်းသား
ကတည်းက ကျောင်း
တွေ နွဲလာခဲ့သော ကျွန်
အတွက် ဗိုလ်လုကြီးလု
တာ အခက်အခဲမရှိ။
ပိုးလေးတွေက ရှိ
ဇာတ်လမ်းကလည်း



www.burmeseclassic.com

www.burmeseclassic.com

တိုင်ရင်တွင်းညှစ်ဖွဲ့သီထားတာမဟုတ်လား။ ခက်တာက မြလေးစိန်၊ မင်းသမီး။ ကျွန်တော့်အသက် သုံးဆယ်ကျော်သာဆိုပေမဲ့ ဘယ်မိန်းမကိုမှ အီစီကလီ သရိုးသရီ စိတ်မထားခဲ့။ မိန်းမနှင့်ပတ်သက်လျှင် မိန်းခလုတ်ကို တောင် မ,မခဲ့ပါဘူး။ ဓာတ်လိုက်မှာကြောက်လို့။ မြလေးစိန်မိန်းမကျမှ ခလုတ်ကို မ,ချင်၊ ချချင်၊ ဓာတ်လိုက်ချင်နေပါ၏။ သူမကား ရှမ်းသွေးပါသဖြင့် အသားအရေမှာ အများတွေထက် ဖြူနုဝင်းဖပ်သည့်အပြင် ကိုယ်ထည်ဖွံ့ထွားထွား၊ အရပ်ကမြင့်မားမား၊ တင်ပါးဆုံက စွင့်ကားကား၊ လမ်းလျှောက်ရင် တုန်ခါနေတာက မဟားတရားဗျ။ ဒါပေမဲ့ အဲဒီအလှတွေက အသေးအမွှားပါ။ ကျွန်တော်ချစ်တာက အမွေး။ အရိုး၊ အရေ၊ အရွယ်၊ ဆံပင်၊ သွားစတဲ့ ကောင်းခြင်းငါးဖြာထဲမှာ အမွေး၏ကောင်းခြင်းကို ဘာလို့များ မထည့်ခဲ့ပါလိမ့်။ ဆံပင်၏ကောင်းခြင်း၊ လှခြင်းလည်း လိုသလို ကျန်သည့် အမွေးအမှင်များ လှခြင်းလည်း လိုတာပေါ့နော်။ မြလေးစိန်၏ ပါးပြင်မို့မို့မှာ စိမ်းညို့ညို့ပါးမုန်းမွေး ပါးမြိုင်းမွေးတွေ၊ နှုတ်ခမ်းမွေးစိမ်းရေးရေးလေးတွေကို မြင်ကတည်းက ကျွန်တော့်ဘဝင်အသည်းယားယားကျိကျိနှင့် တအားချစ်ခဲ့မိပါ၏။ ဝါသလိုလို စိမ်းမှာလိုလို ညိုညိုရယ် ညို့ပါသည့် မြလေးစိန် အပျို့လက်မွေးလေးတွေကိုလည်း ချစ်သည်။ သူ့ခြေဆစ်ကနေစပြီး ဝင်းမွတ်စိုဖပ်နေသည့်

ဟော့
မြလေး
ဟောဒီမှာ
လှကြီး
လိုချင်ရင်
ဘယ်
အပျိုစင်မဆို
ရကို
ရရမယ်
ဗိုလ်လှကြီးရဲ့
ဘဝမှာ
မရဘူး၊ မဖြစ်ဘူး
ဆိုတာ
မရှိဘူး
နင့်
အချစ်ကိုလည်း
ယူမယ်
သာအေး
အသက်ကိုလည်း
ရအောင် ယူမယ်
လှကြီးကွ
လှလေး
မဟုတ်ဘူး

ခြေသလုံးသားက အမွေးစိမ်းကြီးတွေကတော့ အရှည်ကြီးဗျ။ ကျွန်တော်မြင်လို့ရသမျှတော့ ချစ်မွေးတွေချည်းပဲ။ သို့သော် ချစ်ခွင့်ပန်ရန်တော့ မဖြစ်သေး။ ဆရာသမားဂုဏ်က ရှိသေးမဟုတ်လား။ မြို့က စာရေးဆရာ ရွာရောက်တာမှ မကြာသေး၊ မင်းသမီး ရည်းစားစကား ပြောတယ်လို့ အကဲ့ရဲ့ မခံနိုင်။

□

တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့၊ ကထိန်အစနေ့ည ရောက်ပါပြီ။ ဘုန်းကြီးကျောင်းဝိုင်းကြီးအပြည့် ပရိသတ်တွေ ကျပ်ညပ်၊ ပွဲထိန်းတဲ့မီးသတ်၊ ရဲတွေ ရှုပ်ယှက်ခတ်။ ညဦးကပင် အောင်မောင်းစိန်ဆိုင်းက ဧည့်ခံဆိုင်းတီးပါသည်။ ဘုရားကန်တော့ခန်း၊ အပျိုတော်ခန်း၊ ယိမ်း၊ အငြိမ့်စသည်တို့ကို စဉ်ဆက်မပြတ်တင်ဆက်သွားရာ အထစ်အငေါ့မရှိ အောင်မြင်ပြီး၊ ပရိသတ် ချီးမွမ်းသံတွေ လျှံနေသည်။ ကထိန်လူကြီးတွေ ပြုံးလို့ပျော်လို့ပေါ့။ အငြိမ့်ခန်းပြီးနောက်၊ နာရီဝက် အနားပေးပြီး ဆယ့်တစ်နာရီလောက်စ၍ အများမျှော်လင့်စောင့်စားနေကြသည့် **ယာတောမှာရွာတဲ့ အချစ်မိုး** ပြဇာတ် စပါပြီ။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဗရဗျစ်၊ ဘောင်းဘီရှည်ပွရောင်းရောင်း၊ ထန်းဦးထုပ်ကြီးဆောင်းပြီး တစ်ခန်းပြီးတစ်ခန်း သွက်သွက်လက်လက်၊ အာဝဇ္ဇန်းရွှင်ရွှင်၊ ရာန်ဝင်နေသည့် ကျွန်တော် ဗိုလ်လှကြီး၊ တပည့်ကျော် ယက္ခတို့ရဲ့ ချက်ကျကျ သရုပ်ဆောင်တာတွေ၊ အ,ထစ်အောင်မောင်းရဲ့ ဟာသ၊ မင်းသား သာအေး၊ မင်းသမီး မြလေးစိန်တို့ရဲ့ သဘာဝကျကျ သရုပ်ဆောင်ချက်တွေရဲ့အောက်မှာ ပရိသတ်တွေ အရမ်းသဘောကျနေ၏။ ဒီလိုနှင့် နောက်ဆုံးဇာတ်သိမ်းခန်း ရောက်လာလေတော့သည်။

□

'ကဲ ရှော့ ဟောဒီမှာ ဆရာကြီး လိုချင်လှပါတယ်ဆိုတဲ့ မြလေး'

တပည့်ကျော် ယက္ခက မြလေးစိန်ကို ကျွန်တော့်ဆီ တွန်းပို့လိုက်ပြီး ဇာတ်ခုံထဲဝင်သွား၏။ ကျွန်တော့်ရင်ခွင်ထဲက မင်းသမီး လျှောအဝင် ပူးအကပ်မှာ မနူးမနပ်သူကျွန်တော်က အရိုးတွေကျိုးကြေမတတ် ဖက်ထားလိုက်သဖြင့် ပရိသတ်လက်ခုပ်သံဆူညံသွားလေသည်။ မြလေးစိန်က တင်ပါးကိုဆွဲဆိတ်ပြီး ရုန်းထွက်လိုက်ရာ ကျွန်တော့်မှာ ဆိုးဆိုးဆတ်ဆတ် ရင်တလှပ်လှပ် ခံစားသွားရ၏။ မင်းသမီးမှာ ဒါမျိုးတွေ ရိုးနေသော်လည်း လူပျိုးသိုးနေသူ ကျွန်တော့်မှာတော့ အသည်းနှလုံးရော ကျန်တာတွေရော ခါတုန်နေတော့ပြီ။

'ဟော့ မြလေး ဆောင်းနှင်းလိုအေးတဲ့မြလေး၊ ငါ မင်းကို ဘယ်နည်းနဲ့မှ လက်လွှတ် မခံနိုင်ဘူး၊ ဒီမှာ မြလေး ကနေ့မှာတော့ မင်းကို အနုနည်းနဲ့ ရရင်ရ၊ မရင်တော့ ဟဲဟဲ အကြမ်းနည်းနဲ့ သိမ်းရမှာပဲဟေ့'

ကျွန်တော် ရာန်ဝင်နေပြီ။ ဇာတ်တိုက်စဉ်က မပါတာတွေပါ စွတ်ပြောတော့လေ၏။ သို့သော် ကွက်တိ။

'ဒီမှာ မြလေး ဟောဒီက ကိုကိုလှအသည်း ယမ်းမုံ့နဲ့ ခွဲတာလားဟင်၊ ကေသရာဇာခြင်္သေ့မင်းတို့ အဆီဆိုတာ သီဂီရွှေခွက်နဲ့သာ ထိုက်တန်ပါတယ်။ မြလေးလို ဖြူဖြူနုနု၊ ဖုဖုဥဥ အချစ်စုဘူးလေးဟာလည်း ဟောဒီ ဟောဒီက ကိုကိုလှရင်ခွင်

www.burmeseclassic.com

သာ ထိုက်တန်ပါတယ်ကွယ် နော်… နော်… လို့'

ကျွန်တော် ပြောပြောဆိုဆို ရှေ့တိုးပြီး အားရပါးရ ဖက်လိုက်သော်လည်း မြလေးက ငုံ့ပြီး ရှောင်ထွက်လိုက်ရာ လေကိုသာ ဖက်မိပြီး မှောက်ခုံလဲမတတ် ဖြစ်သွား၏။

'ဒီမှာ တဏှာရူး လှကြီး၊ မြလေးရဲ့အသက်ကို ပဲရမယ်၊ အချစ်ကို မရဘူးသိလား။ မြအေးရဲ့ဘဝမှာ ကိုသာအေးကလွဲလို့ ဘယ်သူ့ရင်ခွင်မှ မဝင်ဘူးဆိုတာ မသေမချင်း မှတ်ထားလိုက်'

'ဟား… ဟား… ဟား'

ကျွန်တော်၏ ဟားတိုက်သံကား ပွဲခင်းတစ်ခုလုံး လျှံထွက်သွားလေ၏။

'ဟေ့ မြလေး ဟောဒီမှာ လှကြီးလိုချင်ရင် ဘယ်အပျိုစင်မဆို ရကိုရရမယ်။ ဗိုလ်လှကြီးရဲ့ဘဝမှာ မရဘူး၊ မဖြစ်ဘူးဆိုတာ မရှိဘူး။ နင့်အချစ်ကိုလည်း ယူမယ်၊ သာအေးအသက်ကိုလည်း ရအောင်ယူမယ်၊ လှကြီးကွ လှလေး မဟုတ်ဘူး'

ပြောပြောဆိုဆို မြလေး၏ ဘယ်ဘက်လက်ကို ဆောင့်ဆွဲပြီး ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။ သို့သော် မြလေး၏ ညာဘက်လက်က ကျွန်တော်၏ပါးကို ဖျန်းခနဲ ရိုက်ချလိုက်ရာ ဗိုလ်လှကြီး ကျွန်တော့်မျက်လုံးများ ကြယ်နီ၊ ကြယ်ဝါ၊ ကြယ်ပြာတွေ လင်းလက်သွားတော့သည်။

'ချဟေ့ ချ ချ'

ကလေးတွေ ဝိုင်းအော်

> ဟား ဟား ဟား
> လှကြီးရဲ့
> သမိုင်းမှာ
> လက်နက်ချရိုး
> ထုံးစံမရှိဘူးကွ
> ဝဝစား
> ဝေးဝေးနေ
> ဝင်မရှုပ်နဲ့
> လှကြီးလို
> ကောင်က
> ဝါးပင်
> အောက်မှာနေ
> ဝါးရွက်ကိုစား
> ဝက်လို
> အသေခံသွားမယ့်
> လှကြီးကွ

ကုန်ပြီ။ အမှန်တော့ မင်းသမီးက ပါးကို ရိုက်တာမဟုတ်ပါ။ လည်ပင်းကိုရိုက်တာမှာ ဇာတ်သမားမဟုတ်သော အရပ်သား ကျွန်တော့်မှာ မရှောင်တတ်၊ မတိမ်းတတ်၊ သူ့လက်ဝါးကို ကိုယ့်ပါးထိုးအပ်လိုက်ခြင်းသာ ဖြစ်သည်။ ရှက်လည်းရှက်၊ နာလည်းနာ ရှက်နာကြီးဖြစ်ပြီး ကြက်နာကြီးလို ငိုင်သွားသော ကျွန်တော်သည် ခါးကြားမှ ခြောက်လုံးပြူး ဆွဲထုတ်၊ ခြေနှစ်ဖက် ကားလိုက်၏။

'ဒီမှာတွေ့လား၊ ဟေ့ မြလေး ဒါ ကလေးကစားစရာ မဟုတ်ဘူး၊ လူသတ်လက်နက်။ လှကြီးကို အာခံတဲ့သူတွေရဲ့ အသည်းနှလုံးကို ပြုံးပြုံးလေးနမ်းလာတဲ့ ဟောဒီသေနတ်ဟာ ကနေ့တော့ ချစ်ရပါသော၊ မြတ်နိုးရပါသော၊ ကြင်နာရပါသော၊ တွယ်တာရပါသော…'

လမိုင်းကပ် အာသွက်လျှာသွက်ဖြစ်နေသော ကျွန်တော်သည် စကားကို ခဏရပ်ပြီး မြလေးကို ကြင်နာကြည့်လေးစိုက်ကြည့်လိုက်၏။

'ကနေ့တော့ ဟောဒီသေနတ်နဲ့ လှကြီးရဲ့ အချစ်စုဘူး ပူတူးတူးလေးရဲ့ အသည်းနှလုံးကို နမ်းရတော့မယ်။ ကဲ တစ်ကနေ သုံးအထိအော်မယ်၊ သုံးရောက်လို့မှ လက်မခံရင်တော့ ဟဲ… ဟဲဟဲ ကျည်ဆန်၊ ကျည်ဆန် သေမင်းတမန် ဟား ဟား ဟား…'

ထိုစဉ် ပြောင်းဖူးအူတိုင်တစ်ခု ကျွန်တော့်ရင်ဝတည့်တည့် လာမှန်၏။ နာလိုက်တာ။

'ကဲ စမယ် ဟေ့မြလေး ဟောဒီ ကိုကိုလှကို ချစ်မလား… တစ်'

'မချစ်ဘူး… မချစ်ဘူး'

'မောင်မောင်လှကို ချစ်မလား… နှစ်'

'မချစ်ဘူး… မချစ်ဘူး'

'ကိုကြီးလှကို ချစ်မလား… သုံး'

'မချစ်ဘူး… မချစ်ဘူး'

'ဒိုင်း…'

သေနတ်သံမှာ ယမ်းထုပ်ကြီး နှစ်လုံးတွဲထုလိုက်သဖြင့် ဇာတ်ခုံကြီးပါ တုန်သွား၏။ သေနတ်သံနှင့်အတူ မြလေးမှာ ရင်ဝကို လက်နှင့်ဖိ၊ လဲကျမသွားဘဲ ကျွန်တော့် သေနတ်သာလျှင် ဇာတ်ခုံပေါ်စဉ်ထွက်သွားပါ၏။

'ဟေ့ လှကြီး မင်းကို ပြည်သူ့စစ်တွေဝိုင်းထားပြီ၊ လက်နက်ချ အဖမ်းခံ'

အသံရှိုးစက်မှ အောင်မြင်ခက်ထန်သော ပြည်သူ့စစ်ခေါင်းဆောင် သာအေး၏ အသံနှင့်အတူ ပရိသတ်တို့၏ လက်ခုပ်သံ ဆူညံနေတော့ပြီး ဆိုင်းကလည်း ပို့နေ၏။

'ဟား ဟား ဟား လှကြီးရဲ့သမိုင်းမှာ လက်နက်ချရိုးထုံးစံ မရှိဘူးကွ။ ဝဝစား၊ ဝေးဝေးနေ၊ ဝင်မရှုပ်နဲ့ လှကြီးလိုကောင်က ဝါးပင်အောက်မှာနေ၊ ဝါးရွက်ကိုစား၊ ဝက်လို အသေခံသွားမယ့် လှကြီးကွ'

ကျွန်တော် သေနတ်ကို ပြေးအကောက် သာအေး ခုန်ပျံဆောင့်ကန်လိုက်ရာ ဝက် လက်လန်ကျသွား၏။ အမြန် ပြန်ထပြီး သာအေး၏ ညာဝိုက်လက်သီးကို ဘယ်လက် နှင့်ခံ၊ ညာခြေနှင့်ကန်လိုက်ရာ သာအေး ဝဲဆင်းလဲကျသွား သည်။ သူက ထတဲ့ပြီး နှစ်လုံးအညွတ်၊ ထိုဒူးပေါ်သို့ ကျွန်တော် ခုန်ဝင်လိုက်၊ သူ က ကျွန်တော့်ခြေထောက်ကို စုံကိုင်လှန်ချလိုက် ကျွန်တော်က နောက်ကျော် ချလိုက်ပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းက တစ်ပတ်အပြည့် လည်၊ တစ်ဝက်သာလည် ပြီး ခေါင်းနှင့်ကျ၊ ခြေနှစ် ချောင်းမိုးပေါ်ထောင်၊ အရေး ထဲ ခြေထောက်ကကားသွား ပြီး ဘောင်းဘီခွက ဖျန်းခနဲ ပြဲထွက်သွားပါတော့၏။ ပရိ သတ်ကလည်း တအုန်းအုန်း၊ ဆိုင်းသံကလည်း တဝုန်းဝုန်း၊ မြလေးကလည်း တပြုံးပြုံး။ အခြေအနေမှန်ကို သိသော သာအေးက ခြောက်လုံးပြူး ပြေးကောက် ဒိုင်းခနဲ ပစ်ချ လိုက်သည့်အပြင် အုန်းပင် စိုက်နေသော ကျွန်တော့်ကို ဆောင့်ကန်လိုက်တော့မှပဲ ကျွန်တော် လူဆိုးဗိုလ်ကြီး အရုက်တကွဲအကျိုးနည်းဘဝက ကျွတ်ပြီးလဲကျသေဆုံးရပါ တော့သတည်း။ ကျွန်တော့်မှာ သေတာတောင် အေးအေး ဆေးဆေးမသေရပါ။ မသာ လက်ပေါ် သာအေးက ပြေး ရပ်၊ မြလေးက ခုန်ဝင်ဖက် ထားတော့၊ ဟဲဗီးကိုယ်ကြီး နှစ်ယောက်အောက်က ကျွန်တော့်လက်ဖျံဆန့်ကောလို ပြားကပ်သွား၏။ သို့သော် မသာဆိုတော့ သဘာဝကျကျ မဲ့မရ၊ ရှုံ့မရ မျက်နှာနှင့် တင်း ခံနေရသည်။ အီးခနဲ အော်ချ လိုက်ပေမဲ့ မိုက်ထဲအသံဝင် သွားလျှင် မသာက အသံ ထွက်တယ်ဖြစ်မှာစိုးလို့ ကြိတ် ခံလိုက်ရသည်။ သူတကာ နာပြီးမှ သေ၊ ကျွန်တော့်ကျမှ သေပြီးနာ သေနာ။ သေနာ ကောင်အစစ် ကျွန်တော်ပင် ဖြစ်ပါတော့သည်။

❑

မိုးမလင်းတလင်း။ ပွဲ ကြည့်သူတွေပြန်သည့်သူပြန်၊ ဈေးတန်းမှာ လည်သူလည်။ ကျွန်တော်တစ်ယောက်တည်း ဘုန်းကြီးကျောင်းကန်စောင်း မှာထိုင်ရင်း စိတ်နှလုံး ယူ ကျုံးမရဖြစ်နေမိ၏။ မင်း သမီးပါးရိုက်ခံရတာက တစ် ခါနာ၊ ဘောင်းဘီခွပြဲ သောက် ရှက်ကွဲတာက တစ်ခါနာ၊ အဆိုးဆုံးကတော့ မြလေးနှင့် သာအေး လက်ဖျံပေါ်ပြေး တက်ဖက်လိုက်လို့ သေပြီးမှ နာ။ လက်ကို ပရုတ်ဆီလေး ပွတ်ရင်း အရှုံးတွေထဲက အမြတ်ထုတ်မည်။ စိမ်းညို့ ညို့ ချစ်မွေးထူထူ၊ မြလေး စိန်ပျိုဖြူကို ချစ်ရေးဆိုတော့ မည်ဟု ယတိပြတ်ဆုံးဖြတ် လိုက်ပါ၏။ ထိုစဉ် အရဏ်ဦး အလင်းရောင်လေးမှာ လူနှစ် ယောက် ကျွန်တော့်ဆီလာနေ ရာ အနားရောက်တော့မှ သာအေးနှင့် မြလေး။

'ဆရာ သိပ်နာသွား လား ခွင့်လွှတ်ပါဆရာ၊ မတော်တဆဖြစ်ရတာပါ'

'မြလေးကိုလည်း ခွင့် လွှတ်ပါဆရာ၊ ဆရာက ရှောင်လိုက်တာကို၊ မရှောင် ရင်လွှတ်တယ်။ ကျွန်မတို့ ရှေ့လမှာ မင်္ဂလာဆောင်မယ်၊ ဆရာ့ဆီ ဖိတ်စာပို့လိုက်မယ်။ ဆရာ လာဖြစ်အောင်လာပါ၊ မြလေးတို့တစ်ရွာလုံး မျှော်နေ မယ်'

နှစ်ယောက်သား လက် အုပ်ချီကန်တော့ကြ၏။

'သာခု... သာခု ဒီ လင်ဒီမယား အိုအောင်မင်း အောင်ပေါင်းရပါစေကွယ်'

ထိုစဉ် ဝါးရုံပင်ထိပ်ဖျား က ငှက်အော်သံလေး ကြား လိုက်ရ၏။

'တီတာ... တီတာ'

ကျွန်တော့်နားထဲမှာ တော့ သေနာ... သေနာဟု သာ ကြားနေမိပါတော့သ တည်း။

■

**ကျိုက်စကော ခင်စိုး**





www.burmeseclassic.com

www.burmeseclassic.com



၁။

ထွန်းဝိုင်း နတ်တွင်းရေမှာ
ထန်းရည်သောက်နေကြတယ်တော့
ရွာအရှေ့ဘက် လယ်ကွင်းတွေဆီက
ဂူအိန်သောင်းရှက် ခွေးပြီးငြိမ်နေတဲ့
ဝါဝေးသောတေးဖြောင့် ထုံးသာရွာထဲမှာ
ရုပ်ရှင်ပြသဖြစ်တော့တယ်။
ထိတ်လန့်ဖိတ်စား ထိတ်ထောက်နေ
လူကြီးတွေ ရွာအရှေ့ဘက် နတ်တွင်းတို့
သွားကြပါရောသား။ ကလေးတွေလည်း
အထုန်းမသိဘဲ နောက်ကနေ
လိုက်သွားကြတော့ ရှင်လောင်းလှကျိုး။
ငါးတောင်းကို ကြားကြားချင်း
ချင်ကြီးတို့လှနိုင် မျက်နှာတွေ
ရုံ့မှုတာများ ရွာမကြာခင်ပျောက်က

သက်ကိုးဆယ်ကျော် အဘွားမြ
မျက်နှာထက်တောင် ဆိုးသေးတယ်။
ဆိုးရမှာပေါ့၊ နတ်တွင်းရေမှာ
ထန်းရည်သောက်ရလားဆိုပြီး ထွန်းဝိုင်း
ကြိုက်နှစ်ကောင်ပြေး လောင်းထားတာ
ရှုံးပြီကိုး။ အဲ ချက်ကြီးတို့လူစုလိုပဲ
မီးသောင်းကြွားတော့ မျက်နှာကြီးမှာ
ထောက်ရွှန်းတောင်သွပြီး နတ်တွင်းဆီ
ပြေးမှုအတွက်မှုတ ဝါသောင်းဝေ။
ဝါသောင်းဝေဆိုတာ ထုံးသာရွာမှာ
ကနားမီး သောင်းဝေဆိုပြီး နာမည်ကြီး
ဝါသောင်းဝေ စကားတစ်ခွန်းက
လူကြီးစကားထက်တောင် ပိုပြီး
ထရာရောက်တာကိုး။ လူကြီးတွေ
လူကြီးကလောက်တလောင် လက်ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တော်ကြီးရေးတဲ့ဖူးစာ

## သုတအောင်

ပုဇော်ပသရသူဆိုတော့ သူကြီးဆိုတာ ပြောမနေနဲ့တော့ပေါ့။ ဒီလို ဒေါ်သောင်းမေရဲ့အလေးအမြတ်ထားရာနေရာကိုမှ ထွန်းစိန်က အရက်သောက်နေတယ်ဆိုတော့ ဒေါ်သောင်းမေ မျက်နှာကြီး မမဲ့လို့ ဘယ်သူက မဲ့ရဦးမတုံး။ ဒေါ်သောင်းမေ နောက်မှာ ထက်ကြပ်မကွာ ပြေးလိုက်သွားတဲ့ သမီးဖြစ်သူ နှင်းမှုံမျက်နှာလည်း မဲ့နေတာပါပဲ။ ဒါပေမဲ့ နှင်းမှုံမျက်နှာမဲ့တာကတော့ အမေ ဒေါ်သောင်းမေနဲ့ ရည်းစား ထွန်းစိန်တို့ရဲ့ရန်ပွဲကို တွေးမိတာကြောင့်ပါ။ ဒေါ်သောင်းမေတစ်ယောက် နတ်ကွန်းကို ရောက်တယ်ဆိုရင်ပဲ ဝိုင်းအုံနေတဲ့လူအုပ်စုကို တွန်းဖယ်ပြီး ကိုယ်တော်ကြီးနတ်ရုပ် ရှေ့မှာ အသံတုန်တုန်နဲ့-

'ကိုယ်တော်ကြီးရယ် အမိုက်အမဲလေးကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်ကြီး ကျေနပ်အောင် ဆောင်ရွက်ပေးပါမယ်' ဆိုပြီး ဦးဆယ်ကြိမ်လောက်ချပြီး တောင်းပန်ပါလေရော။ ထွန်းစိန်ကတော့ သူနဲ့မဆိုင်သလို ထန်းရည်တောင် အသောက်မပျက်။ ဒီတော့ ဒေါ်သောင်းမေရဲ့ဒေါသက ထွန်းစိန်အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားပါရောလား။

'ဟဲ့ သေနာကောင် နင် ဘာလုပ်တာလဲ၊ ဒါ နင့်အဖေ ပိုင်တဲ့နေရာမို့လို့ မလေးမစား လုပ်တာလား ဟဲ့'

ထွန်းစိန်တို့က အေးဆေးပဲ။ ပြောတာကလည်း ကြည့်ဦး။

'အင်းပေါ့ဗျ၊ ကျုပ်အဖေပိုင်တဲ့နေရာဆို အိမ်သာကျင်း တူးပစ်တယ်၊ ကျုပ်အဖေ မပိုင်လို့ ထန်းရည်သောက်နေတာ။ ဒါနဲ့ ဒီနေရာကရော ဒေါ်ကြီးသောင်းမေ ပိုင်တဲ့နေရာလား'

'အမယ်လေးလေး ခွင့်လွှတ်ပါ ကိုယ်တော်ကြီးရယ်၊ ဒီအမိုက်အမဲလေး စကားကို ဗွေမယူပါနဲ့ဘုရား။ ဟဲ့ ထွန်းစိန် နင့်ကြောင့် တစ်ရွာလုံး ဒုက္ခရောက်လိမ့်မယ်နော်၊ ကိုယ်တော်ကြီးပိုင်တဲ့နေရာမှာ ကိုယ်တော်ကြီးကို မလေးမစား ပြောရသလား ဟဲ့'

ဒေါ်သောင်းမေခမျာ ကိုယ်တော်ကြီးရှိခိုးတုကို ပြောလိုက်၊ ထွန်းစိန်ကို ပြောလိုက်နဲ့ ပျာယာကိုခတ်လို့။

'နေပါဦး ဒီနေရာ ကိုယ်တော်ကြီးပိုင်တယ်ဆို ကိုယ်တော်ကြီးမှာ မြေဂရန်တွေ ဘာတွေရှိမှာပေါ့နော် ဒေါ်ကြီးသောင်းမေ'

ဒေါ်သောင်းမေတို့ ဆွေဆွေခုန် ဒေါသထွက်တာများ ပါးစပ်က အယုတ္တ အနတ္တတွေတောင် ထွက်တယ်။ ထွန်းစိန်တို့ကတော့ ပြုံးပြုံးပဲ။ နှင်းမှုံမှာတော့ အမေကို ဆွဲရတာတစ်ဖက်၊ အမေ မသိအောင် ရည်းစားကို မျက်ရိပ်မျက်ကဲပြရတာ တစ်ဖက်နဲ့

အမယ်လေးလေး
ခွင့်လွှတ်ပါ
ကိုယ်တော်ကြီးရယ်
ဒီအမိုက်အမဲလေး
စကားကို
ဗွေမယူပါနဲ့ဘုရား
ဟဲ့
ထွန်းစိန်
နင့်ကြောင့်
တစ်ရွာလုံး
ဒုက္ခ
ရောက်လိမ့်မယ်
နော်
ကိုယ်တော်ကြီး
ပိုင်တဲ့
နေရာမှာ
ကိုယ်တော်ကြီးကို
မလေးမစား
ပြောရသလား
ဟဲ့

အလုပ်ကိုရှုပ်ရော။ ဒီပွဲမှာ ကိုယ်တော်ကြီးဘက်က လူကြီးတွေ ရှိသလို ထွန်းစိန်ဘက်မှာလည်း လူငယ်တွေရှိတော့ ပရိသတ်အင်အားမျှနေတာပေါ့။ တစ်ယောက်တစ်ခွန်းပြောနေကြတာ တော်တော်နဲ့မပြီးဘူး။ ကလေးတွေကလည်း ဘာမှန်းမသိဘဲ ဝေးလားဝါးလား အော်ကြတော့ ဆူညံနေတာပဲ။ ဒီရန်ပွဲက သူကြီးလာမှ ပြီးသွားတယ်။ သူကြီးကတော်အလိုကျ ထိတ်တုံးနဲ့ ထွန်းစိန် တစ်ရက် ညားသွားတယ်ဆိုပါတော့။ အမှုက ကိုယ်တော်ကြီးကို စိတ်ငြိုငြင်စေမှုတဲ့။ ဒါပေမဲ့ တစ်ကောင်ကြွက် ထွန်းစိန်ကို နာရီပြန် တစ်ချက်ထိုးလောက်ကျတော့ ရွာထဲမှာ ပြန်တွေ့ရပါရောလား။ သူကြီးလည်း နေ့လယ်စာပဲ ကျွေးနိုင်မယ်၊ ညစာတော့ ထပ်မကျွေးနိုင်ဘူးဆိုပြီး လွှတ်ပေးလိုက်ရဆိုပဲ။ တစ်ရွာလုံးရဲ့ပါးစပ်ဖျားမှာ ထွန်းစိန်တစ်ယောက် ကိုယ်တော်ကြီး စီးတော်ကျားကိုက်လို့ သေတော့မလိုလို၊ ကိုယ်တော်ကြီးကပဲ ဝိဉာဉ်နုတ်တော့မလိုလိုဆိုတဲ့ သတင်းတွေကပျံ့လို့။ ထွန်းစိန်ကို မြင်ရင်တောင်မှ သနားတဲ့အကြည့်လိုလို၊ ကိုယ်ပါရောယောင်ပြီး ကျားကိုက်ခံရတော့မှာလိုလိုနဲ့ ရှောင်ဖယ်ရှောင်ဖယ် လုပ်တဲ့သူတွေကလည်း အများသား။ ဒါပေမဲ့ တစ်ရက်ပြီး တစ်ရက်သာ ကုန်သွားတယ် ထွန်းစိန်တို့ကတော့ အသွားမပျက်၊ အစားမပျက်၊ ပိုပြီး ဝ,လာတယ်လို့တောင် ထင်ရသေး။ ဒေါ်သောင်းမေကတော့ တစ်ရွာတည်းသားချင်းမို့ ကိုယ်တော်ကြီး ကျေနပ်အောင် တောင်းပန်လိုက်လို့ ထွန်းစိန် အသက်ရှင်တယ်ပြောတာပဲ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကံသာရွာမှာ ဒေါ်သောင်းမေရဲ့ ဩဇာ အထိုက်အလိုက် ကျသွားရတာတော့အမှန်။ ဒီအကြောင်းတွေက ထွန်းစိန်နဲ့ ဒေါ်သောင်းမေတို့ရဲ့ ပဋိပက္ခတွေ အစပေါ့။

❑

၂။

ဒီနောက်မှာတော့ ဒေါ်သောင်းမေနဲ့ ထွန်းစိန်တို့ရဲ့ပဋိပက္ခတွေက တစ်မျိုးပြီး တစ်မျိုး မရိုးအောင် ပေါ်လာတယ်ဆိုပါတော့။ အဲလိုပြ တိုင်းလည်း ထွန်းစိန်က နား တစ်ဖျားသာနေတော့ ဒေါ် သောင်းမေတစ်ယော တအုံနွေးနွေး ဖြစ်ရတာချည်း ပါပဲ။ ဟိုတစ်လောလေး အဖြစ်အပျက်ကိုပဲ ကြည့် လေ။ မြို့မှာ နယုန်ပွဲရှိတော့ ကားတွေ ဖြတ်သွားဖြတ် နဲ့ ကံသာရွာလေးမှာလည်း စည်ကားနေတာပေါ့။ ဒီအ မှာပဲ ကားဂိတ်နားလေးမှာ ကလေးထိုး၊ စင်ကလေးပေါ် မှာ နတ်ရုပ်တွေတင်၊ အ တိုင်တွေ လှိုင်လှိုင်ထွန်း ဒေါ်သောင်းမေတစ်ယော နတ်ကွန်းဆောက်ဖို့ အလှူ တော့တယ်။ အသံချဲ့စက်ကြီး ကလည်း နတ်ဒိုးတွေ မြိုင် မြိုင်ဆိုင်ဆိုင်နဲ့။

'ကဲ ကိုယ်တော်ကြီး စံမြန်းမယ့် ရွှေနတ်နန်းမှာ ပါဝင်လှူဒါန်းကြပါဦး။ ကိုယ်တော်ကြီး စောင်မ သွားလမ်းသာ၊ လာလမ်း ချောကြပါလိမ့်မယ်'

'နယ်ပိုင်၊ ရွာပိုင် ကိုယ် တော်ကြီး တန်ခိုးလည်း ကြီးပ၊ သာသနာ့ဒါယကာ ကိုယ်တော်ကြီးပေါ့၊ လာ တုန်းရောက်တုန်း သားသမီး များက ကိုယ်တော်ကြီးကို ဖူး တွေ့သွားကြဦး'

အသံချဲ့စက်ကနေ ဒေါ် သောင်းမေရဲ့အသံတွေကို နှစ်ရက်၊ သုံးရက်လောက် ကြားရတယ်။ ကြားဆို အလှူ ခံကလည်း အတော်လေး ရ တာကိုး။ နောက်ရက်မှာတော့ ကိုယ်တော်ကြီးနတ်နန်း အလှူခံနေရာမှာ ရွာဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဘက်စုံပြုပြင်ရေး အလှူခံလေး ရောက်လာတယ်။ ဒီစနက်က ထွန်းစိန်ကြောင့်။

'ဆရာတော်ဘုရား၊ ရွာလယ်စေတီလေးကို ထီးသင်္ကန်းတောင် မကပ်နိုင်တာကြာပါပြီ။ ခုလို ခရီးသွားတွေ ညည်တုန်း အလှူခံလေး ဘာလေးကောက်ပြီး ပြင်ရင်ကောင်းမလားဘုရား'

'အေး၊ ကောင်းတာပေါ့ ဒကာကြီး'

'ဒါပေမဲ့ ဘုရား၊ ဒေါ်ကြီးသောင်းမေက ကိုယ်တော်ကြီးနတ်နန်းဆောက်ဖို့ အလှူခံကောက်နေပါတယ်ဘုရား။ နတ်နန်းဆောက်ဖို့ အဆင်ပြေ၊ ဘုရားကိစ္စလည်း အဆင်ပြေအောင် အလှူခံကို တစ်ရက်စီကောက်ရင် ပိုပြီး အဆင်ပြေမလားလို့ ဘုရား။ အလှူခံနှစ်ခုဆိုရင် ရွာကျဉ်းကျဉ်းနဲ့ဆိုတော့ သိပ် အဆင်မပြေလှဘူး ထင်ပါတယ်ဘုရား'

'အိမ်း၊ လှမောင်ကိုပြောလိုက်၊ ဘုန်းကြီးက အဲလို စီစဉ်ချင်တယ်လို့'

ဆရာတော့်စကားဆိုတော့ သူကြီး ဦးလှမောင်လည်း ဘယ်ပယ်ရှားရဲမလဲ။ ဒေါ်သောင်းမေကတော့ အစက အင်တင်တင်ရယ်။ ဆရာတော့်ဆီ အရဏ်ဆွမ်းကပ်သလိုလိုနဲ့ စုံစမ်းကြည့်သေးတယ်။ ဆရာတော်က ရွာအတွက် ထွန်းစိန်လျှောက်တာမှုတတယ်လို့ မိန့်တော်မူလို့သာ အောင့်သက်သက်နဲ့ သဘောတူလိုက်ရတာ။ ဒီလိုတွေခံနေရတော့ ဒေါ်သောင်းမေတစ်ယောက် ထွန်းစိန်ကိုကြည့်မရတာလည်း မဆန်းပါဘူး။ ဆန်းတာက ထွန်းစိန်နဲ့ ဒေါ်သောင်းမေသမီး နှင်းမှုံက လူငယ်သဘာဝ သမီးရည်းစားဖြစ်နေတဲ့ကိစ္စ။

❑

၃။

'ကိုထွန်းစိန် တော်နော်၊ ကျုပ်ကို ချစ်တယ်ဆိုရင် နီးရအောင်ကြံဦး၊ အမေ့အကြောင်းလည်း သိသားနဲ့။ ဘူးဆို ဖရုံသီးတာ မဟုတ်ဘူး'

'အေးပါကွာ ငါကြံပါရစေဦး၊ နင့်အမေ နတ်ကတော်ကြီးနဲ့လည်း ခက်ပါတယ်၊ နင့်အမေ သဘောမတူရင် ခိုးပြေးမယ်ဟာ'

'အို အမေတစ်ယောက်တည်းတော့ မထားခဲ့နိုင်ဘူးတော်၊ အမေက သူ့ဟာသူနေတာ၊ ရှင်ကိုက ရှည်လွန်းလို့ အမေနဲ့မတည့်တာ။ ခုတောင် ကျုပ်တို့ကိစ္စ အမေသိရင် ဘယ်လိုဖြစ်မလဲ မသိသေးဘူး၊ စိတ်ညစ်ပါတယ်တော်။ ကဲ ကျုပ်လည်း အမွေးတိုင်ဝယ်ဆိုပြီး ထွက်လာတာကြာနေပြီ ပြန်ဦးမယ်'

'ငါက မရှည်ပါဘူးဟာ ဟီး ဟီး၊ နင့်အမေသာ ငါ့ကို ကြည့်မရတာပါ'

'တော်နော် စကားကိုက အနှောင့်အသွား မလွတ်ဘူး၊ အမေ သဘောတူအောင် ကြံဦးနော်'

မျက်နှာကလေး ရဲတဲတဲဖြစ်ကာပြန်သွားတဲ့ နှင်းမှုံကိုကြည့်ပြီး ထွန်းစိန် သဘောကျမဆုံး။ ဒါပေမဲ့ သိပ်မကြာပါဘူး၊ ငိုင်တိုင်တိုင်ဖြစ်ရော။ မငိုင်ဘဲ နေရိုးလား ထွန်းစိန်နဲ့ ဒေါ်သောင်းမေဆိုတာ ဒီကံသာရွာမှာ တစောင်းစေးနဲ့ မျက်ချေးကိုး။ ဘယ်လိုရှေ့ဆက်ကြမလဲလို့တွေးရတာနဲ့ ထွန်းစိန် အိပ်ရေးကို ပျက်ရောပဲ။ နှင်းမှုံခမျာလည်း ဘယ်အချိန် အမေ သိသွားမလဲဆိုပြီး ရင်တထိတ်ထိတ်နဲ့ နေရတာကလား။ ကံသာရွာလေးက ဘယ်လောက်ကျယ်လို့လဲ၊ သိပ်မကြာဘူး ထွန်းစိန်နဲ့ နှင်းမှုံအကြောင်းသိပြီး ဒေါ်သောင်းမေ ပေါက်ကွဲတော့တာပေါ့။

'ဟဲ့ နှင်းမှုံ နင် မိုက်လှချည့်လား၊ ငါ့မျက်နှာ အိုးမဲသုတ်တာလား မိနှင်းမှုံ'

'အမေကလည်း တိုးတိုးပြောပါ၊ ရှက်စရာကြီး'

'အမယ်လေးတော်၊ ရှက်စရာကြီးတဲ့ ဟုတ်လား၊ မတိုးနိုင်ဘူးဟဲ့၊ မတိုးနိုင်ဘူး။ နင်က အရှက်မရှိ သင်းလိုကောင်ကို ရည်းစားထားပြီး ခုမှ ရှက်ရသလားဟဲ့'

ဒေါ်သောင်းမေအသံက ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြားမကဘူး။ သေချာ နားစိုက်ထောင်ကြည့်ရင် တစ်ရွာလုံး ကြားရလောက်အောင်ကို ကျယ်တာ။ အပျိုလေး နှင်းမှုံ ရှက်မယ်ဆိုလည်း ရှက်စရာပေါ့။ တစ်ဖက်က ပြန်ကြည့်ရင်တော့ ထွန်းစိန်နဲ့ နှင်းမှုံအတွက်တော့ ခပ်ကောင်းကောင်းရယ်။ ဘာလို့ဆို သူတို့နှစ်ယောက် ရည်ငံနေတာကို တစ်ရွာလုံး သိအောင် ဒေါ်သောင်းမေက ကြေညာပေးသလို ဖြစ်နေတာကိုး။

'ဒါပဲ ခွေးကိုအမြီးဖြတ်ပြီး ပေးစားရင် ပေးစားမယ်၊ သင်းနဲ့တော့ တစ်သက်လုံး မပေးစားဘူး။ ကြားလား နှင်းမှုံ'

ဒေါ်သောင်းမေက အဲလို ပွဲကြမ်းပေမဲ့ တစ်ဖက်ကလည်း အနုနည်းလေးနဲ့ ချော့သေးတာ။

'သမီးလေးရယ် အမေက သမီးမျက်နှာလေးကြည့်ပြီး တစ်နေ့ တစ်နေ့ ပျော်နေရတာ၊ သမီးသာ အိမ်က ထွက်သွားရင် အမေတော့ ရင်ကွဲပြီး သေမှာပဲ'

နှင်းမှုံ မျက်ရည်ဝဲရတဲ့အထိ ဒေါ်သောင်းမေ အိုက်တင်ပိုင်တာ။ ဒီတော့ ထွန်းစိန်သာ ခိုးပြေးဖို့ ဖွတ်ပြောရင် လိုက်မယ်ဆိုတဲ့ စိတ်ကူးလည်း ပျက်ရော။ အမေနဲ့ ရည်းစားကြားမှာ နှင်းမှုံ ဗျာများနေတာ အအိပ်အစား ပျက်ပြီး ပိန်တောင်ကျသွားတဲ့အထိ။ ထွန်းစိန်နဲ့တွေ့တိုင်း ဘယ်လိုလုပ်မလဲ မေးရတာ အမော။

❑

၄။

'ထွန်းစိန်ပေါ့ နတ်ကွန်းရှေ့မှာ ဆဲတာလေ၊ အဲဒါ အခုဖျားနေပြီ။ ကယောင်ကတမ်းတွေလည်း အော်နေတယ်တဲ့၊ တစ်ခါမကတော့ ကိုယ်တော်ကြီးက ခွင့်မလွှတ်တော့ဘူးပေါ့'

အနိုပ်သည် ဒေါ်အေးရဲ့ စကားက ဒီရက်အတော အတွင်း ကံသာရွာမှာ လူပြောအများဆုံး ဖြစ်နေတယ်။ ဒီသတင်း နားထောင်ချင်တဲ့ သူတွေကြောင့် ဒေါ်အေးတစ်ယောက် ဝင်ငွေကိုစီလို့။ ဒေါ်အေးတို့ အလုပ်ကလည်း အနှိပ်ကောင်းဖို့ထက် သတင်းကောင်းဖို့က အရေးကြီးတာကိုး။

'ထွန်းစိန်တစ်ယောက် ခေါင်းထဲမှာ မခံနိုင်အောင်ကို

www.burmeseclassic.com

မူးနေတာတဲ့၊ မသက်သာတဲ့ အဆုံး ဒေါ်သောင်းမေဆီ သွားပြီး ကိုယ်တော်ကြီးကို တောင်းပန်ဖို့ ပြောရသတဲ့တော်။ တစ်လျှောက်လုံး ကိုယ်တော်ကြီးကို ခံတန်တန် လုပ်လာတဲ့ ထွန်းစိန် ခုတော့ မှတ်ရောပဲ'

ဒေါ်အေးဆိုရင် ထွန်းစိန် အိမ်ကို တစ်နေ့ နှစ်ခေါက် လူနှာ မေးသွားရတာအမော။ ဆန်ပြုတ်လေးတွေတောင် ပြုတ်ပြီး ယူသွားသေးတာ။ ဒီတော့ ထွန်းစိန်နဲ့ ပတ်သက်သမျှ သတင်းထူး၊ သတင်းဦးမှန်သမျှ သူပဲ ရတာပေါ့။ တိုက်ဆိုင်တာလား၊ ကိုယ်တော်ကြီးကပဲ စွမ်းတာလား မသိဘူး၊ ဒေါ်သောင်းမေ ကန်တော့ပွဲနဲ့ ကိုယ်တော်ကြီးဆီမှာ တောင်းပန်ပြီးတဲ့ နောက်ကစပြီး ထွန်းစိန် ပြန်နေကောင်းသွားတယ်။ နေကောင်းတော့ ကတိအတိုင်းပဲ အုန်းပွဲငှက်ပျောပွဲတင်ပြီး ကိုယ်တော်ကြီးနတ်နန်းကို ကိုယ်တိုင်ကိုယ်ကျသွား ကန်တော့ရသေးတာ။ ခုများတော့လည်း ဒေါ်သောင်းမေ တစ်ယောက် ခေါင်းကို မော့လို့။ တစ်ရွာလုံးလည်း အမေသောင်း၊ အမေသောင်းနဲ့ ဖြစ်လာကြပြီလေ။

'ဟဲ့ တင်နွဲ့ နင့်ယောကျ်ားကြည့်ရတာ တပိန်ပိန် တလိမ်လိမ်နဲ့ နေမကောင်းဘူးလား၊ ကိုယ်တော်ကြီး ပြဦးနော်၊ ထွန်းစိန်ကို နမူနာကြည့်'

'မြမေရယ် နင့်ယောကျ်ား အရက်ပြတ်စေရမယ်၊ အုန်းငှက်ပျောတစ်ပွဲနဲ့ ညနေလာခဲ့'

ဒီလို စကားတွေကို ဒေါ်သောင်းမေ ခေါင်းမော့ရင်ကော့ပြီး ပြောနိုင်ပြီလေ။ ဒီအချိန်က ဒေါ်သောင်းမေတို့ လုပ်တိုင်း တင့်တဲ့ကာလမို့လား။

❑

၅။

'ထွန်းစိန် သုံးလုံးပေါက်ပြန်ပြီတဲ့တော်။ ဒီတစ်ခါနဲ့ဆို နှစ်ခါဆက်တိုက်ပေါက်တာ။ ကိုယ်တော်ကြီးက အိပ်မက်ထဲမှာ ကျားဖြူကြီးစီးပြီး ဂဏန်းကို တဲ့ပေးသွားတာတဲ့'

အနှိပ်သည် ဒေါ်အေးရဲ့ ပိုပိုသာသာ အပြောလေးတွေကြောင့်လည်း ထွန်းစိန် သတင်းက ပိုပြီး စိတ်ဝင်စားစရာကောင်းနေတာပေါ့။ ဒေါ်အေးကလည်း ထွန်းစိန်ရဲ့ သတင်းကို မူပိုင်ယူထားသလား အောက်မေ့ရလောက်အောင် တစ်မျိုးပြီး တစ်မျိုး မရိုးအောင် သိတာ။

'ထွန်းစိန်က သုံးလုံးပေါက်တဲ့ငွေတွေနဲ့ ကိုယ်တော်ကြီးနတ်နန်းကို သွပ်မိုးမှာတဲ့တော်၊ ကိုယ်တော်ကြီးက ရွှေ၊ ငွေလိုရင် အချိန်မရွေးပြောလို့ အိပ်မက်ထဲမှာ မှာသွားတယ်တဲ့။ ကိုယ်တော်ကြီးစီးတဲ့နတ်ကျားက ကိုးတောင်မကဘူးတဲ့တော်'

ဒီလို သတင်းထူးလေးတွေရှိတော့ ဒေါ်အေးတစ်ယောက် နှိပ်ရတယ် မရှိဘူး။ တစ်အိမ်ဆင်း တစ်အိမ်တက် စကားလေးပြောပြီး ပိုက်ဆံယူရုံပဲ။ အရင်က တစ်အိမ်ဆင်း တစ်အိမ်တက် အနှိပ်ခံဦးမလားလို့ လိုက်မေးရတဲ့ ဒေါ်အေးတစ်ယောက် ခုဆို တစ်အိမ်မပြီးသေးဘူး၊ နောက် ခေါ်မယ့်အိမ်က အရန်သင့် စောင့်နေတဲ့အထိ အဆင်ပြေတာ။ ဒေါ်အေးလိုပဲ သုံးလုံးရောင်းတဲ့ ဦးဖိုးနီလည်း အဆင်ပြေတာပဲ။ တစ်ခါမှ မရောင်းရဖူးတဲ့ စံချိန်တွေနဲ့ကို ရောင်းရတာ။

'ဦးဖိုးနီ၊ ထွန်းစိန် ဘာဂဏန်းထိုးတာလဲ'

'ထွန်းစိန်က ဂဏန်းပိတ်မယ့်ရက်မှ ထိုးတာဗျ၊ အင်း မနေ့ကတွေ့တော့ ၉ ထိပ်စီးထိုးမယ်လို့ ပြောတယ်'

အဲလိုပြောလိုက် ဖိုးနီစာအုပ်ထဲမှာ ၉ ထိပ်စီးတင်မကဘူး၊ ၉ ဂဏန်းမှန်သမျှ ကုန်ပြီ။ နောက်ရက်ဆို ထွန်းစိန်က ၁ ဂဏန်းလို့ ပြောပြန်ပြီတဲ့။ ဒီလိုနဲ့ ကွက်ပြည့် ရောင်းရတာ။ ကွက်ပြည့် ရောင်းရမှတော့ ပေါက်တဲ့သူကလည်း ပေါက်တာပေါ့။ ဦးဖိုးနီမှ အဆင်မပြေရင် ဘယ်သူ အဆင်ပြေမလဲ။ တကယ်တော့ ထွန်းစိန် သုံးလုံးပေါက်တာကို ဒေါ်သောင်းမေက သိပ်ကျေနပ်တာတော့ မဟုတ်ဘူး။ ပေးစရာရှိရင် သူ့ကို မပေးဘဲ ထွန်းစိန်ကိုမှ ကိုယ်တော်ကြီးက ပေးရသလားပေါ့။ ဒါပေမဲ့ ထွန်းစိန်က ဒေါ်သောင်းမေကိုလည်း ပစ်မထားပါဘူး။ ဆန်အိတ်လိုက်၊ ဆီပုံးလိုက်နဲ့ သွားကန်တော့တာ။ နှင်းမှုံမျက်နှာလည်း ရှိသေးတာကိုး။

'အမေသောင်းရယ် ကျုပ် နေမကောင်းတာကို တောင်းပန်ပေးလို့ရော၊ ကြီးပွားချမ်းသာအောင် ကိုယ်တော်ကြီးကို လျှောက်ပေးတဲ့အတွက်ရော ကျေးဇူးဆပ်တဲ့အနေနဲ့ လာပြီး ကန်တော့တာပါ။ ကျုပ် အိပ်မက်ထဲမှာ ကိုယ်တော်ကြီးက ပြောတယ်၊ အမေသောင်းအပေါ် မှားခဲ့တာတွေ တောင်းပန်တဲ့'

ဒေါ်သောင်းမေလည်း သူပဲ လျှောက်ပေးသလိုလို ဘာသိဘာသာပဲ နေလိုက်တယ်။ ဒီတော့ ထွန်းစိန် သုံးလုံးပေါက်အောင် ဒေါ်သောင်းမေက ကိုယ်တော်ကြီးဆီမှာ လျှောက်ပေးတယ်ဆိုတဲ့ သတင်းက ရွာထဲမှာ ပျံ့သွားတယ်။ ဒေါ်သောင်းမေ လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ အချိန်ပဲ။ ဒေါ်သောင်းမေ တစ်ယောက် အိမ်မှာနေ တယ် မရှိဘူး။ ကိုယ်တော်ကြီးနတ်နန်းမှာပဲ အချိန်ကုန် တော့တယ်။

'တနင်္ဂနွေသမီး ပါ ကိုယ်တော်ကြီးဘုရား၊ ရွှေလမ်းခင်ပြီး၊ ငွေမိုးရွာ တော်မူပါဘုရား၊ ကိုယ်တော်ကြီးအကြိုက် အုန်း၊ ငှက်ပျောကို ကွမ်းလက်ဖက်နဲ့ ဆက်သပါတယ်ဘုရား၊ တနင်္ဂနွေသမီးပါ ဘုရား'

'တနင်္လာသားပါ ဘုရား၊ သွားရေးသာ လာရေးလှပြီး ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်အောင် မ,စတော်မူပါ ဘုရား၊ တနင်္လာသားပါ ဘုရား'

မနက်မိုးလင်းတာနဲ့ ကိုယ်တော်ကြီးနတ်နန်းက ဒေါ်သောင်းမေရဲ့ တင် လျှောက်သံတွေကို တစ်ရွာလုံးက ကြားရပြီ။ ခုတော့ ကံသာရွာလေးလည်း ကိုယ် တော်ကြီးမှ ကိုယ်တော်ကြီး။



www.burmeseclassic.com

www.burmeseclassic.com

အကြွေး တောင်းသွားတာက ...စေ၊ ဗိုက်နာအဆုံး ကိုယ် ...တော်ကြီးမပါရင် မပြီးတော့ ...ဒေါ်သောင်းမေတို့ လက်ညှိုး ...ထိုးရာ ရေဖြစ်တာလည်း ...ဆန်းပါဘူး။ ဒီတော့ ...ထွန်းစိန်ကိုလည်း အရင်ကလို ...အဖြစ်မမြင်တော့ဘူး။ အိမ် ...လာပြီး နှင်းမှုံကို စကားလာ ...ပြောရင်တောင် မသိမသာ ...ရှောင်ပေးတတ်လာပြီ။ နည်း ...နည်းကြာတော့ နှင်းမှုံကို ...နင့်ဟာက အိမ်ခဏခဏ လာ ...နေတာ ယူမှာဖြင့် ယူတော့၊ ...တော်ကြာ ရွာထဲမကောင်း ...ဖြစ်နေမယ်လို့ ပြောရော။ ...ဒေါ်သောင်းမေ အဲဒီစကား ...ပြောတဲ့နေ့က နှင်းမှုံခများ ...ခမ်းသာတာများ မျက်ရည် ...တောင် ကျရှာတယ်။ ဒေါ် ...သောင်းမေနဲ့ စကားပြောနေ ...ရင်းကနေ အမေ ခဏဆိုပြီး ...ဘာမပြော ညာမပြောနဲ့ ထွန်းစိန်ဆီ အပြေးသွားပါ ရောလား။

'တော့် ကိုထွန်းစိန်၊ အမေက ယူမှာဖြင့်ယူတော့တဲ့ ပြောနေပြီ၊ ဘယ်တော့ ယူမှာလဲ'

တောသူ တောင်သားဆိုတော့လည်း ဟန်တွေပန်တွေ ဘာမှမရှိဘူး။ ပွင့်ပွင့်လင်းလင်းပဲ ပြောတာ။

'ဟေ ဟုတ်လား ခုတောင် ယူချင်တာပေါ့ နှင်းမှုံရာ၊ ဒါပေမဲ့ ပိုက်ဆံမရှိသေးဘူးဟ'

'တော် သုံးလုံးပေါက်တဲ့ ပိုက်ဆံတွေရော'

ထွန်းစိန် ဘားဘယ်ညာကို ကြည့်လိုက်သေးတာ၊ ပြီးမှ နှင်းမှုံနားနားကပ်ပြီး တိုးတိုးလေး ပြောလိုက်တယ်။ ထွန်းစိန်ပြောတာ ဆုံးတော့ နှင်းမှုံ အံ့သြတကြီး ဖြစ်သွားရော။

'ဟင် ဟုတ်လား။ တကယ် မပေါက်ဘူးဆိုထားတော့။ မင်္ဂလာဆောင်ဖို့ တော် အရင်က စုထားတဲ့ ပိုက်ဆံတွေရော'

'ကုန်ပြီပေါ့ဟ၊ ကိုယ်တော်ကြီးနတ်နန်းကို သွပ်မိုးရတယ်လေဟာ။ ပြီးတော့ ဦးဖိုးနီနဲ့ ဒေါ်အေးတို့ကို ကန်တော့ရသေးတယ်လေ၊ နင့်အမေတောင် ပါသေး'

'ဟွန့် တော့် တစ်ကိုယ်လုံး အကြွေးချည်းပဲ၊ ဒီမှာ တော့ တော် နေမကောင်းဘူးဆိုတုန်းက စိတ်ပူလိုက်ရတာ ဟင်း။ ကဲပါ ဝါမဝင်ခင် အမေ့ကို မင်္ဂလာဆောင်ပေးဖို့ ပြောဦးမယ်'

နှင်းမှုံရဲ့ တမင်လုပ်ပြီး ပစ်လိုက်တဲ့ မျက်စောင်းလှလှလေးက ထွန်းစိန်ရင်ထဲကို ဒိုင်းခနဲ ဝင့်ဆောင့်တယ်။ ဒီမျက်စောင်းဒဏ်ကို ထွန်းစိန် ဘယ်ခံနိုင်မလဲ။ နှင်းမှုံကို ဖွဖွလေး ဖက်မိတော့တာပေါ့။

❑

၆။

'အခါတော်ပေး××× နတ်ရေးငယ်တဲ့××× ရွှေစာ'

မင်္ဂလာ အခါတော်ပေး သီချင်းသံက ကံသာရွာလေးမှာ လွင့်ပျံ့နေတယ်။ ထွန်းစိန်နဲ့နှင်းမှုံတို့ရဲ့ မင်္ဂလာဆောင်ပေါ့။ ထွန်းစိန်နဲ့ နှင်းမှုံပျော်နေသလို ဒေါ်သောင်းမေရဲ့ မျက်နှာကြီးကလည်း ဝင်းလဲ့နေတာပါပဲ။ ရွာလုံးကျွတ် မီးခိုးတိတ် ထမင်းကျွေးတာများ၊ စည်လိုက်သည်ဖြစ်ခြင်း။ ဒီမင်္ဂလာပွဲမှာ တစ်ကောင်ကြွက် ထွန်းစိန်ရဲ့ အဖေနဲ့အမေအဖြစ် ဦးဖိုးနီနဲ့ ဒေါ်အေးတို့ကတော့ အဝတ်အစားသစ်တွေနဲ့ ပြုံးလို့ပျော်လို့။ ■ **သုတအောင်**


ပုံနှိပ်တိုက်

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိတာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Pamphlet
- Name Card
- Table Calendar
- Box
- Voucher
- File Holder
- Booklet
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေးပြည့်စွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ် ၁၃၃၊ မြေညီထပ်၊ လမ်း၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၉၈၂၂၀




www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ဆူးရှက်တဲ့ပေါင်း၊ ဘာသွားခက်တဲ့လမ်း

## ကိုမောင်ခွေးသိုး၊ ပြေးလှ၊

တောင်ပေါ်ဆောင်းရဲ့အအေးဓာတ်က တဖြည်းဖြည်း ပိုမိုထူထပ်သိပ်သည်းအောင် ခြုံလွှမ်းနေပြီ။ အချိန်က ညနေလေးနာရီဆိုပေမဲ့ နေ့တာတိုတဲ့ ဆောင်းတွင်းကာလလည်းဖြစ်ပြန်၊ တောင်ကြားချိုင့်ဝှမ်းထဲမှာလည်း ဖြစ်ပြန်ဆိုတော့ အမှောင်ရိပ်က စောပြီးဝင်လာတယ်။ သိပ်မကြာခင်မှာ အနောက် ဘက်က ထင်းရှူးတောင်တန်းကြီးရဲ့နောက်ကို နေမင်းကြီးက နစ်မြုပ်ပျောက်ကွယ်သွားတော့မယ်။ တောင်ကြားချိုင့်ဝှမ်းထဲက ချောင်းကလေးနံဘေးမှာ ရေစုပ်မော်တာဆင်ထားတဲ့ နံကပ်အုတ်ကာ အဆောက်အအုံသေးသေးလေးဟာ ဆောင်းရဲ့ အချမ်းဒဏ်ကို ခံစားနေရတဲ့ သက်ရှိသတ္တဝါတစ်ကောင်လို ပြားပြားဝပ်ဝပ် ရှိနေတယ်။ အဆောက်အအုံရဲ့ ရှေ့မြေကွက်လပ်ကလေးမှာတော့ သက်ရှိလူသားတစ်ယောက်ဟာ ဆောင်းရဲ့ အချမ်းဒဏ်ကို အမှန်တကယ် ခံစားရင်း ရှိနေရရှာတယ်။ သူကတော့ ပုဂ္ဂလိကစက်ရုံတစ်ခုရဲ့ ရေဖြန့်ဝေရေးဌာနက လုပ်သက်ရင့်ဝန်ထမ်းကြီး ဦးတင်မောင်ပါ။

အအေးဓာတ်က ပိုလာတာနဲ့အမျှ ကျေးငှက်တွေ၊ ပိုးပုရစ်တွေရဲ့ အော်မြည်သံတွေလည်း ခပ်စောစော ရုပ်သိမ်းသွားကြပြီ။ ချောင်းထဲက ရေတွေတောင် အေးခဲရပ်တန့်နေသလားလို့ ထင်ရလောက်အောင် တိတ်ဆိတ်နေတယ်။ တဝီးဝီးအော်မြည်နေတဲ့ ရေစုပ်မော်တာ လည်ပတ်သံတစ်ခုသာ ပတ်ဝန်းကျင်ကို

www.burmeseclassic.com

နည်းနည်းသက်ဝင်နေစေတယ်။ မော်တာလည်ပတ်အားနဲ့ သုံးလက်မ ရေပိုက်လိုင်းကနေ ဆောင့်တိုးပြေးတက်သွားတဲ့ ရေတွေဟာ စက်ရုံဝင်းရဲ့အမြင့်ပိုင်းတောင်ပေါ်က ရေလှောင်ကန်ကြီးထဲ တဖွားဖွား စီးသွန်ကျနေတယ်။ ဒီနေ့ စက်လည်တဲ့နေ့မို့ ရေလှောင်ကန်ကြီးထဲမှာ ရေတွေ တော်တော်များများ လျော့သွားတယ်။ ခါတိုင်းထက် အချိန်ပိုတင်ရတော့မယ်ဆိုတာ ဦးတင်မောင် သိလိုက်တယ်။

ရေလှောင်ကန်ကြီးကနေ စက်ရုံတွင်း လုပ်ငန်းသုံးရေပိုက်လိုင်းကစလို့ ဝန်ထမ်းအဆောင်တွေ၊ မီးဖိုဆောင်တွေဆီကိုလည်း ရေပိုက်လိုင်းတွေ ခွဲဖြာဖြန့်ထွက်သွားတယ်။ ရေလှောင်ကန်ကြီးထဲမှာ ရေမပြတ်မလပ် ရှိနေအောင် ဖြည့်ထားပြီး ရေပိုက်လိုင်းတွေအားလုံး အချိန်မရွေး အသုံးပြုနိုင်အောင် ဂရုစိုက်ပေးရတာ ဦးတင်မောင်ရဲ့အဓိကတာဝန်ပါ။ ရေပိုက်အပျက်၊ အပေါက်ပြင်ဆင်တာ၊ ရေပိုက်လိုင်းအသစ်ထပ်သွယ်တာတွေကတော့ တစ်ခါတစ်ရံ ပေါ်လာတတ်တဲ့ အလုပ်ပါပဲ။

ဦးတင်မောင်အတွက်ကတော့ လိုအပ်လာတဲ့အချိန်ဟာ ဂျူတီချိန်ပါပဲ။ တခြားဆိုက်က ဝန်ထမ်းတွေလို ဘယ်နှနာရီဝင်ပြီး ဘယ်နှနာရီထွက်လို့ အတိအကျ သတ်မှတ်ထားလို့မရ။ တစ်နေကုန်စက်တွေ လည်ပတ်လို့ ရေတွေအများကြီး လျော့သွားပြီဆိုရင် ရေတင်ချိန်ဟာ ညကြီးမိုးချုပ်ဖြစ်မလား၊ သူများတွေ အိပ်လို့ကောင်းနေတုန်းဖြစ်တဲ့ မနက်လေးနာရီလောက် ဖြစ်မလားဆိုတာမျိုးပါ။ အချိန်ရရင် ရသလို နေ့ညမရွေး ရေဘား၊ ရေပိုက်အပျက်အပေါက် ရှိ၊ မရှိ လှည့်ပတ်စစ်ဆေးရသလို ညနေခင်း သူများတွေအလုပ်သိမ်းပြီးချိန်မှာ ရေလှောင်ကန်ကြီးပေါ်တက်ပြီး ရေလျော့သွားတဲ့ အတိုင်းအတာကို လိုသလို ထပ်ဖြည့်ရပါတယ်။

> **ဆယ်တန်းတက်နေတဲ့ သမီးလေးက အနွေးထည် အသစ်ကလေး တစ်ထည် လိုချင်တယ်လို့ မပွင့်မရဲ ပြောရှာတဲ့ စကားကို ဦးတင်မောင် ပြန်ကြားမိတယ် ဟုတ်တယ် ဒါဟာ တကယ်ကို လိုအပ်နေတာပဲ**

တစ်ခါတုန်းကတော့ အလုပ်သမားလေးတစ်ယောက် သစ်ပင်စိုက်ဖို့ ကျင်းတူးရင်း ရေပိုက်ကွဲသွားတာကို ဘယ်သူ့မှ မပြောဘဲ ထားခဲ့လို့ ရေလှောင်ကန်ထဲကရေတွေ တစ်ညလုံး စီးထွက်သွားတာ မနက်လင်းမှ သိရတဲ့ ဦးတင်မောင် ဗျာများသွားရဖူးတယ်။ တစ်ခါတစ်ခါမှာတော့ ရေချိုးအုတ်ကန်က ရေဘားကို ပြန်ပိတ်ခဲ့ဖို့ မေ့တတ်ကြတဲ့ မတစ်ထောင်သားတွေကြောင့် ဦးတင်မောင်ဟာ အရှင်လတ်လတ် ရေစောင့်နတ်ကြီး ဖြစ်ရပါတယ်။

လုပ်သက်ရင့်ဝန်ထမ်းဖြစ်ပေမဲ့ ဦးတင်မောင်ရတဲ့ လစာက နည်းပါတယ်။ နည်းတယ်ဆိုပေမဲ့ များတဲ့သူတွေနဲ့လည်း နှိုင်းယှဉ်ပြီး တန်းမညှိရဲ။ သူများတွေလို ပညာအခြေခံကလည်းမရှိ၊ ကြုံရာကျရာမှာ အင်အားသုံးပြီး လုပ်နိုင်စွမ်းကလည်းမရှိတော့ ရတဲ့နေရာလေးမှာ ရတဲ့ လစာလေးနဲ့ လုပ်ခွင့်ရနေတာကိုပဲ ကံကောင်းသေးတယ်လို့ မှတ်ထင်နေရလေရဲ့။ မတော်တဆ ဒီအလုပ်ကလေး ပြုတ်သွားခဲ့ရင် ပုံမှန်လည်ပတ်နေသေးတဲ့ မိသားစုစားဝတ်နေရေးလေး အခက်ကြုံမှာ တွေးမိတိုင်း အသက်ကြီးလို့ အလုပ်မလုပ်နိုင်တော့ဘူးလို့ အထင်မခံရလေအောင် ဝီရိယအားနဲ့ တာဝန်ကျေမှုကို အားကိုးအားထားပြု လှုပ်ရှားနေပါတယ်။

တောင်စွယ်မှာ နေကွယ်နေပြီမို့ ရေစုပ်မော်တာတိုက်ကလေးနံဘေးမှာ အချိန်ရသလို ကောက်စုပုံထားတဲ့ ထင်းခြောက်လေးတွေဆွဲယူပြီး မီးဖိုလိုက်တယ်။ မော်တာတိုက်လေးရဲ့ တံစက်မြိတ်က နှစ်ပေမီးချောင်းလေးကိုလည်း ဖွင့်လိုက်တယ်။ မီးဖိုရဲ့ အနွေးဓာတ်က ရှေ့အတွက် သာ လုံလောက်ပြီး ကျော ဘက်က အအေးဒဏ်ကိုတော့ မော်တာတိုက်လေးထဲမှာ အ ထည့်ထားရတဲ့ စောင်တစ် ထည် ဆွဲခြုံပြီး ကာကွယ်ထား ရတယ်။ အပေါ်ဘက် စက် ဝင်းထဲမှာ ဝန်ထမ်းတွေ အလုပ်နားသွားပြီမို့ အသံတွေ တိတ်ဆိတ်ပြီး မီးချောင်း အလင်းရောင်တွေ ပြိုးပြိုး ပြက်ပြက် တွေ့မြင်နေရပြီ။

စက်ရုံဝင်းထဲကနေ တောင်ကုန်းစောင်းကို ကိုက် ငါးရာလောက် ဆင်းလျှောက် လာမှ ရောက်နိုင်တဲ့ ဦးတင် မောင်ရဲ့ ရေစုပ်မော်တာတိုက် ကလေးဟာ သီးသန့်နေရာ လေးဖြစ်နေပြီး ငြိမ်းချမ်း လွတ်လပ်မှုတွေ ခြုံလွှမ်းနေ ပါတယ်။ ဦးတင်မောင်ရဲ့ စိတ်မှာတော့ ငြိမ်းချမ်းလွတ် လပ်မှုကို ရှာမတွေ့နိုင်ဘဲ ဆောင်းရဲ့အအေးဓာတ်က ပိုလာလေလေ စိတ်ကို နှောင် တည်းတုပ်ဖွဲ့ထားတဲ့ ပူပန်မှု က ပိုလာလေလေ ဖြစ်နေ တယ်။ ဗိုက်ကဆာတာလား စိတ်ကဆာလာတာလား မသိ တစ်ခုခုကို ဆာလောင်နေမိ တယ်။ ညနေထမင်းစားချိန် ရေစက်စောင့်ရမှာမို့ စားဖို ဆောင်ကို သတင်းပို့ပြီး ကြွပ် ကြွပ်အိတ်နဲ့ ထုပ်ယူလာခဲ့တဲ့ ထမင်းထုပ်က မော်တာတိုက် နံရံက သံငုတ်မှာ ချိတ်လျက် သား ရှိနေပေမဲ့ ယူမစားဖြစ် သေးဘူး။ အိတ်ထုပ်ထဲက



www.burmeseclassic.com

www.burmeseclassic.com

ဆေးပေါ့လိပ်ကို ထုတ်ယူပြီး မီးညှိဖွာလိုက်တယ်။ ထွက်ပေါက်ကို ရှေရှေရာရာ ရှာမတွေ့တဲ့ အတွေးတွေက ဆေးလိပ်မီးခိုးတွေနဲ့အတူ ဗွေဝဲလွင့်ပျံ့နေတယ်။

ဆယ်တန်းတက်နေတဲ့ သမီးလေးက အနွေးထည်အသစ်ကလေး တစ်ထည်လိုချင်တယ်လို့ မဝံ့မရဲ ပြောရှာတဲ့ စကားကို ဦးတင်မောင် ပြန်ကြားမိတယ်။ ဟုတ်တယ်။ ဒါဟာ တကယ်ကို လိုအပ်နေတာပဲ။ သူ့ခများ ဆယ်တန်းကျောင်းသူလေး ဘဝ နုနယ်ပျိုမျစ် တက်ကြွချိန်လေးမှာ သူတကာတွေထက် မသာရင်တောင်မှ တန်းတူလောက်တော့ ရှိချင်ရှာလိမ့်မယ်။ သူများတွေလို ဘော်ဒါမထားနိုင်ပေမဲ့ ကျောင်းနဲ့ ကျူရှင်မှာပဲ ပညာထူးချွန်အောင် ကြိုးစားရှာတဲ့ သမီးလေးမို့ ကရုဏာပိုပြီး ချစ်ခဲ့ရပါတယ်။

> သူ့ခများ
> ဆယ်တန်း
> ကျောင်းသူလေး
> ဘဝ
> နုနယ်ပျိုမျစ်
> တက်ကြွ
> ချိန်လေးမှာ
> သူတကာတွေထက်
> မသာရင်တောင်မှ
> တန်းတူ
> လောက်တော့
> ရှိချင်
> ရှာလိမ့်မယ်

အသက်ကြီးမှ ကံပေါ်ခဲ့ကြတဲ့ ဦးတင်မောင်တို့ လင်မယားမှာ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်ရခဲ့ကြတယ်။ သားအငယ်က ခုနစ်တန်း၊ သမီးအကြီးက ဆယ်တန်းဆိုတော့ ကလေးနှစ်ယောက်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းဖို့က နေ့စဉ်ရှင်သန်နေရတဲ့ ဘဝပါပဲ။ ဦးတင်မောင်ရဲ့မိန်းမ ဒေါ်မြသီကလည်း အိမ်ဆိုင်သေးသေးလေးဖွင့်ပြီး ရတတ်သမျှ ကူညီရှန်းကန် ရှာပေမဲ့ သူ့ဝင်ငွေက ဘာမှ မဖြစ်စလောက်ပါ။ သမီးလေးအတွက် လိုအပ်နေတဲ့ အနွေးထည်လေးကို ဘယ်လိုဝယ်ပေးရမလဲလို့ ဦးတင်မောင် စဉ်းစားနေတာ သုံးရက်လောက် ရှိနေပြီ။ ဈေးထဲက လကုန်ပေး အကြွေးရောင်းတဲ့ ဆိုင်မှာလည်း ကျောင်းဝတ်စုံဖိုးတွေ မပေးရသေးတော့ ထပ်ယူဖို့ မဖြစ်နိုင်ဘူး။ တစ်ယောက်ယောက်ဆီက ပိုက်ဆံချေးပြီး ဝယ်မယ်ဆိုတော့လည်း ဦးတင်မောင်မှာ ငွေကြေးခက်ခဲတတ်တာ သိနေကြတော့ ဘယ်သူမှ မချေးပေးချင်ကြဘူး။

အနွေးထည်လေး တစ်ထည်ဝယ်ဖို့ ကိစ္စက တချို့လူတွေ ကားသစ်၊ ဆိုင်ကယ်သစ်ဝယ်ဖို့ စဉ်းစားနေတာထက်တောင် ပိုခက်ခဲနေပါလားလို့ တွေးမိရင်း ဦးတင်မောင် ကိုယ့်ကိုယ်ကို လှောင်ပြောင်တဲ့ အပြုံးလေး ပြုံးမိတယ်။ လိုအပ်ချက်တွေ မပြည့်စုံလို့ သိမ်ငယ်နေရတဲ့ ခံစားမှုမျိုးကို ကိုယ်တိုင် မခံစားချင်တာထက် သမီးလေးကို မခံစားစေချင်ဘူး။ ဘဝရဲ့ ဒဏ်ရာတွေကို သားသမီးတွေအပေါ် မကျရောက်၊ မနာကျင်စေရအောင် ရင်နဲ့ဆီးခံကာကွယ်ပေးချင်တာ ဦးတင်မောင်ရဲ့ ဆန္ဒပါ။

ရေစုပ်မော်တာလည်း ပတ်သံက ပုံမှန်မဟုတ်ဘဲ တဝီးဝီး ညစ်ရှန်းတဲ့ အသံမျိုးဖြစ်လာလို့ ဦးတင်မောင်ရဲ့ အတွေးတွေ လွင့်စဉ်သွားတယ်။ ချောင်းထဲမှာ ချထားတဲ့ ရေစုပ်ဘီလူးခေါင်းထဲမှာ အမှိုက်တွေ ဝင်ဆို့နေပြီဆိုတာ အတွေ့အကြုံအရ သိလိုက်တယ်။ ချမ်းချမ်းအေးအေးနဲ့ ရေစပ်ကိုဆင်းပြီး အမှိုက်ရှင်းရမှာကို တွေးမိတော့ ခပ်တွန့်တွန့် ဖြစ်သွားမိတယ်။ ဒါပေမဲ့ ဘာမှ မတတ်နိုင်။ ရေပြည့်ဖို့ကလည်း အတော်ကို လိုသေးတာမို့ ရေစုပ်မော်တာ ခလုတ်ပိတ်ပြီး လက်နှိပ်ဓာတ်မီးအလင်းရောင်နဲ့ ချောင်းစပ်ကို ဆင်းကြည့်လိုက်တယ်။ ဘီလူးခေါင်း တပ်ထားတဲ့ လည်ချောင်းပိုက်ကို ဆွဲကြည့်လိုက်တော့ ချောင်းရေထဲ မျောပါလာတဲ့ သစ်ကိုင်း ခွကြားမှာ ညပ်နေတယ်။ အပြင်ကနေ ဆွဲမရတော့လို့ ဖိနပ်ချွတ်၊ ပုဆိုးကို ခပ်မြင့်မြင့် ပင့်ဝတ်ပြီး ရေထဲဆင်းလိုက်ရတယ်။ ချမ်းအေးလွန်းတဲ့ ဆောင်းညမှာ အေးစက်နေတဲ့ရေထဲ ဆင်းနေရတဲ့ သူ့လိုအဖြစ်မျိုး ဘယ်သူမှ ရှိနိုင်မှာ မဟုတ်ဘူးလို့ ကြံဖန်တွေးမိရသေးတယ်။

လုပ်စရာရှိတာ မြန်မြန်လုပ်ပြီး မီးဖိုဘေး ပြန်ထိုင်မှ ဖြစ်မယ်လို့ တွေးရင်း သစ်ကိုင်းကြားက ဘီလူးခေါင်းကို ဆွဲထုတ်လိုက်တယ်။ ပေါင်လယ်လောက်နက်တဲ့ ရေထဲမှာ လွယ်လွယ်နဲ့ ဆွဲထုတ်လို့မရ။ အအေးဓာတ်က ခြေထောက်ကနေ ကျောထဲထိ စိမ့်တက်ပြီး တစ်ကိုယ်လုံး ပျံ့လာတယ်။ လက်နှစ်ဖက်နဲ့ အားစိုက်ပြီးဆွဲတော့ ခြေထောက်ကယိုင်ပြီး နေရာရွေ့နင်းမိတယ်။ ချွန်ထက်တဲ့ အရာတစ်ခုခုက ခြေဖဝါးမှာ မြိခနဲ စူးဝင်သွားတာ ခံစားလိုက်ရပြီး နာကျင်မှုနဲ့အတူ ရေထဲမှာ တစ်ကိုယ်လုံး လဲပြိုကျသွားမတတ် ဖြစ်သွားတယ်။ ခန္ဓာကိုယ်ကို ခဏထိန်းရပ်ပြီး ဘီလူးခေါင်းကို ရအောင်ဖြုတ်လို့ အမှိုက်တွေ ရှင်းလိုက်တယ်။ ချမ်းအေးရတဲ့အထဲ ခြေဖဝါးမှာ တစ်ခုခု စူးမိသွားလို့ ထော့နဲ့တုန့်ခါနေတဲ့ ခြေလှမ်းနဲ့ ဦးတင်မောင် အပေါ်ပြန်တက်လာခဲ့တယ်။

ရေမော်တာခလုတ်ကို ပြန်ဖွင့်မောင်းရင်း အရှိန်လျော့နေတဲ့ မီးဖိုကို ထင်းတွေထပ်ဖြည့်လိုက်တယ်။ တစ်ပိုင်းတစ်စ ရေစိုသွားတဲ့ ပုဆိုးကို ခြောက်အောင် မီးကင်ရင်း အနွေးဓာတ်ပြန်ယူချိန် ခြေဖဝါးကို လှန်ကြည့်မိတော့ ဆူးစူးထားတဲ့ ဒဏ်ရာကို

www.burmeseclassic.com

**အမွေးထည်လေး တစ်ထည်ဝယ်ဖို့ ကိစ္စက တချို့လူတွေ ကားသစ် ဆိုင်ကယ်သစ် ဝယ်ဖို့ စဉ်းစားနေတာ ထက်တောင် ပိုခက်ခဲနေ ပါလားလို့ တွေးမိရင်း ဦးတင်မောင် ကိုယ့်ကိုယ်ကို လှောင်ပြောင်တဲ့ အပြုံးလေး ပြုံးမိတယ်**

တွေ့ရတယ်။ လက်ညှိုးလေးနဲ့ အသာဖိကြည့်လိုက်တော့ မျက်ခနဲ။ ဆူးအဖျားပိုင်းက အထဲမှာ ကျိုးပြီး စိုက်ဝင်နေတာပါပဲ။ အလင်းရောင်ကောင်းကောင်းရတဲ့ နေ့ခင်းဘက်မှာ တစ်ယောက်ယောက်ရဲ့ အကူအညီနဲ့ ထွင်ယူမှ ရမှာမို့ အသာလေး ထားလိုက်ရပါတယ်။ ထမင်းထုပ်ကို ဆွဲယူဖြေစားပြီး ဆေးပေါ့လိပ်ကလေးကို ပြန်ဖွာရင်း နေသားတကျ ရှိလာချိန်မှာတော့ ညခုနစ်နာရီ ထိုးသွားခဲ့ပြီ။ အပေါ်ဘက်စက်ရုံဝင်းထဲမှာ ဆောင်းဘောက်တွေနဲ့ သီချင်းဖွင့်သံ ကျယ်ကျယ်လောင်လောင် ကြားလိုက်ရတယ်။ ဒီနေ့ညဟာ ဒီဇင်ဘာ ၃၁ ရက်ညမို့ စက်ရုံဝန်ထမ်းတွေကို နယူးရီးယားည ပျော်ပွဲရွှင်ပွဲ ကျင်းပပေးမယ့် အစီအစဉ်ရှိတာကို ပြန်သတိရမိလိုက်တယ်။ ဦးတင်မောင်အတွက်ကတော့ ဒီလိုပွဲမျိုးတွေက ဘာမှ မဆိုင်သလိုပါပဲ။

နာရီဝက်လောက်ကြာတော့ အပေါ်ရေလှောင်ကန် ရေပြည့်သွားပြီး ရေလျှံပိုက်အောက်မှာ ခံထားတဲ့ သွပ်ပြားပေါ်က ရေလျှံကျတဲ့အသံ တဖြန်းဖြန်းနဲ့ ကြားလိုက်ရပြီ။ အပေါ်မှာ ရေပြည့်ရင် တက်ကြည့်စရာမလိုဘဲ သိနိုင်အောင် ရေလျှံပိုက်အောက်မှာ သွပ်ပြားဟောင်း တစ်ချပ် ခံထားတာပါ။ ရေစုပ်မော်တာကို ခလုတ်ပိတ်၊ တံခါးပိတ် သော့ခတ်ပြီး လက်နှိပ်ဓာတ်မီး အလင်းရောင်နဲ့ ဆူးစူးထားတဲ့ ခြေထောက်ကို ဖော့နင်းရင်း ဦးတင်မောင် အပေါ်ပြန်တက်လာခဲ့တယ်။ ပျော်ပွဲရွှင်ပွဲက အသံတွေကို ပိုပြီး ကျယ်ကျယ်လောင်လောင် ကြားရပြီ။ စက်ရုံဝင်းထဲက ကွင်းပြင်မှာ မီးပုံကြီးဖိုပြီး ကျင်းပနေတဲ့ပွဲမှာ ဝန်ထမ်းတွေအားလုံး ပျော်ရွှင်နေကြပါတယ်။

တိတ်ဆိတ်နေတဲ့ အဆောင်ထဲကို ဦးတင်မောင် လှမ်းဝင်လိုက်တယ်။ နေမကောင်းလို့ ဆေးနားခွင့် ယူထားတဲ့ ကောင်လေးတစ်ယောက်ပဲ သူ့အိပ်ရာပေါ်မှာ ထိုင်နေတယ်။

'အဘ ဦးတင်မောင် ပွဲသွားမကြည့်ဘူးလားဗျ'

ကောင်လေးက တစ်ယောက်တည်း ပျင်းနေတုန်း ဦးတင်မောင်ဝင်လာလို့ စကားပြောဖော် ရသွားသလိုပုံနဲ့ လှမ်းမေးလာတယ်။

'မကြည့်ပါဘူးကွာ၊ အခုမှ ရေစက်နားက တက်လာတာ၊ အေးအေးဆေးဆေး ထိုင်လိုက်ဦးမကွာ'

ဦးတင်မောင်က ဆေးပေါ့လိပ် မီးညှိရင်း ပြန်ပြောလိုက်တယ်။

'သွားတော့ သွားလိုက်ဦးပေါ့ အဘရယ်၊ ပျော်စရာတော့ ကောင်းသားဗျ။ အဲဒီမှာ ကော်ဖီနဲ့ ကောက်ညှင်းပေါင်းကျွေးတယ်။ ထပင်မြစ်(ထန်းမြစ်)လည်း မီးဖိုမှာ သူ့ဟာ ကိုယ့်ဟာ ယူပြီး ဖုတ်စားလို့ရတယ်။ အရက်တော့ မသောက်ရဘူးဗျ။ ပြီးရင် ကံစမ်းမဲလည်း ဖောက်ပေးဦးမှာတဲ့။ ကျွန်တော် ညနေတုန်းက ခဏသွားကြည့်ခဲ့တာ ကံစမ်းမဲပေးမယ့် ပစ္စည်းတွေကတော့ အစုံပဲ အဘရယ်။ စတီးချိုင့်တွေရော၊ အဝတ်အစားတွေရော၊ အမွေးထည်တွေရော အများကြီး လိုချင်စရာတွေချည်းပဲ အဘရာ။ ဗလာမပါ ကံစမ်းမဲဗျ၊ ဘာပဲရရ အမြတ်ပေါ့ အဘရာ။ သွားပြီးတော့ ဝင်ပြိုင်လိုက်ပါလားဗျ'

ကံစမ်းမဲတဲ့။ အမွေးထည်တွေလည်း ပါတယ်တဲ့။ ကောင်လေးရဲ့ စကားက ဦးတင်မောင်ရဲ့ အာရုံကို ဆတ်ခနဲ နိုးကြားသွားစေတယ်။ ဟုတ်ပါရဲ့။ ဒီပွဲမှာ အခန့်သင့်လို့ အမွေးထည်လေးတစ်ထည် ရခဲ့ရင် သိပ်ကောင်းမှာပဲဆိုတဲ့ အတွေးက ဦးတင်မောင်ရဲ့ရင်ကို ခုန်သွားစေတယ်။

'အေးကွာ၊ အဲဒီလိုဆိုရင်တော့ အဟုတ်သားဟ၊ ငါ သွားကြည့်လိုက်ဦးမယ်ကွာ'

ပြောပြောဆိုဆို ဆို့ ထထွက်သွားတဲ့ ဦးတင်မောင်ကိုကြည့်ရင်း ကောင်လေး တစ်ယောက်တည်း ခပ်ငေါင်ငေါင် ကျန်ခဲ့တယ်။

ပျော်ပွဲရွှင်ပွဲလုပ်နေတဲ့ မီးပုံဘေးကို ဦးတင်မောင် ရောက်လာတယ်။ မီးပုံဘေးမှာ စက်ရုံဝန်ထမ်းတွေအားလုံး ရောထွေး၊ အဆင့်အတန်းမခွဲ မိသားစုပုံစံဝိုင်းဖွဲ့ ပျော်ရွှင်နေကြတယ်။ ဒါရိုက်တာ၊ မန်နေဂျာ၊ ဂျီအမ် အစရှိတဲ့ အရာရှိကြီးတွေကိုယ်တိုင် ပျော်ရွှင်ပွဲမှာ ပါဝင်ဆင်နွှဲ အားပေးနေကြတယ်။ ကံစမ်း လက်ဆောင်ပေးမယ့် ပစ္စည်းတွေကို စားပွဲကြီးပေါ်မှာ ခင်းကျင်းပြထားတယ်။ ဝါသနာရှင်တွေ ကာရာအိုကေဆိုကြတဲ့ အစီအစဉ်ကို ရပ်နားပြီး ဆက်လက်ကျင်းပမယ့် ကံစမ်းပြိုင်ပွဲ အစီအစဉ်ကို ကြေညာတယ်။

'အခု ဆက်လက်ပြီး ကျင်းပပေးမယ့် အစီအစဉ်ကတော့ ပါဆယ်ဂိမ်းသဘောမျိုး မဲလိပ်နှိုက်ပြီး မဲလိပ်ထဲမှာ ညွှန်းဆိုထားတဲ့အတိုင်း အမူအရာလုပ် သရုပ်ဆောင် ပြရမယ့် ပြိုင်ပွဲအစီအစဉ် ဖြစ်ပါတယ်။ အကောင်းဆုံး သရုပ်ဆောင်ပြနိုင်သူ၊ ပရိ



www.burmeseclassic.com

www.burmeseclassic.com

သတ်အားပေးမှု အများဆုံးသူတွေထဲက ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအနေဖြင့် စားပွဲပေါ်မှာရှိတဲ့ လက်ဆောင်ပစ္စည်းများထဲမှ ကြိုက်နှစ်သက်ရာ ပစ္စည်းတစ်ခုကို ရွေးချယ်ယူခွင့် ရရှိမှာဖြစ်တဲ့အပြင် သီးသန့်ကံစမ်းမဲလိပ် ထပ်နှိုက်ပြီး မဲကျတဲ့ပစ္စည်းကိုပါ ထပ်မံရရှိနိုင်မယ့် အခွင့်အရေးရှိပါတယ်။ ဆုမရရှိတဲ့ ပြိုင်ပွဲဝင်များအနေနဲ့ကတော့ ဗလာမပါ ကံစမ်းမဲလိပ်နှိုက်ပြီး မဲကျရာ ပစ္စည်းကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းများအားလုံး မိသားစုစိတ်ဓာတ်ဖြင့် ရင်းနှီးချစ်ခင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ် ခင်ဗျား...'

အစီအစဉ်ကြေညာသံအဆုံးမှာ လက်ခုပ်သံတွေ ဆူညံသွားတယ်။ ပြိုင်ပွဲမှာ ပါဝင်မယ့်သူတွေ တစ်ယောက်ပြီးတစ်ယောက် နာမည်စာရင်း ပေးကြတယ်။ ဝန်ထမ်းအားလုံး ခုနစ်ဆယ်လောက်ရှိတဲ့အထဲမှာ အရာရှိပိုင်းတွေ၊ ပွဲစီစဉ်သူတွေနဲ့ အမှုအရာလုပ်ရမှာ ရှက်တတ်လို့ ပြိုင်ပွဲမဝင်တဲ့သူတွေ နုတ်လိုက်တော့ လူလေးဆယ်ကျော်လောက် စာရင်းထွက်လာတယ်။ ဦးတင်မောင် ပြိုင်ပွဲဝင်ရမလား၊ မဝင်ဘဲ နေရမလားဆိုတာ ချက်ချင်းဆုံးဖြတ်မရဘဲ ချီတုံချတုံ ဖြစ်နေမိတယ်။ ပြိုင်ပွဲမှာ ဆုရပြီး အနွေးထည်လေး ရနိုင်မယ့် အခွင့်အရေးကိုလည်း လက်မလွှတ်ချင်ဘူး။ ပြိုင်ပွဲမဲလိပ်ထဲမှာပါတဲ့အတိုင်း ကိုးရိုးကားရား အမူအရာတွေ သရုပ်ဆောင်ပြရမှာ တွေးမိတော့လည်း ရှက်မိသလိုလို ဖြစ်နေမိတယ်။ အသက်အရွယ်အရ ခပ်မှန်မှန် ခပ်တည်တည် နေလာခဲ့တဲ့ ဦးတင်မောင်အနေနဲ့ ကလေးကလားနဲ့ အမြင်မတော်စရာများ ဖြစ်နေမလား တွေးပြီး တွန့်ဆုတ်ဆုတ် ဖြစ်နေမိတယ်။ ဒါပေမဲ့ သိပ်ကြာကြာ စဉ်းစားချိန် မရတော့ဘူး။ စာရင်းပိတ်တော့မလို့ လုပ်နေပြီမို့ 'ဘာပဲဖြစ်ဖြစ်' လို့ ဖွတ်မိတ်တွေးပြီး ဦးတင်မောင် ပြိုင်ပွဲဝင်ဖို့ စာရင်းပေးလိုက်တယ်။

ပြိုင်ပွဲဝင်မယ့် လူစာရင်းကို နောက်ဆုံး အတည်ပြုကြေညာပြီးသွားတော့ အစီအစဉ် စ,ပါပြီ။ တစ်ယောက်ချင်းစီ မဲနှိုက်ပြီး မဲလိပ်မှာ ရေးထားတဲ့အတိုင်း သရုပ်ဆောင်ပြကြတော့ အားလုံး တဝါးဝါး၊ တဟားဟား ရယ်မော ပျော်ရွှင်နေကြတယ်။ ရှေ့ကလူတွေအားလုံးဟာ 'မျောက်အက ကပြပါ'၊ 'ခြေထောက်နာနေတဲ့ မော်ဒယ်လ်ပုံစံ လမ်းလျှောက်ပြပါ'၊ 'အိုပါဂန်းနားစတိုင် ကပြပါ'ဆိုတာမျိုးတွေ အမျိုးစုံအောင် သရုပ်ဆောင်ပြသွားကြပြီ။ ရယ်ရအောင်၊ ပျော်ရအောင် ရည်ရွယ်ချက်နဲ့ အားလုံး ကိုးရိုးကားရား အမူအရာတွေချည်း စီစဉ်ထားတာပါ။ အားလုံးက ဆုရနိုင်အောင် ကြိုးစားပြီး မျက်နှာပြောင်ပြောင်နဲ့ လုပ်ပြကြတယ်။ ကိုယ့်အလှည့်ကျရင် ဘာတွေများ လုပ်ပြရမလဲ တွေးရင်း ဦးတင်မောင် ရင်တထိတ်ထိတ် ဖြစ်နေရတယ်။

'အခု ဆက်လက်ပြီး ဖျော်ဖြေဖို့ အလှည့်ကျတာကတော့ အဘ ဦးတင်မောင် ဖြစ်ပါတယ် ခင်ဗျား'

အစီအစဉ်မှူးရဲ့ ကြေညာသံကြောင့် ဦးတင်မောင်မှာ ထိတ်ခနဲ တုန်ခါသွားရတယ်။

'ဝေးဟေးဟေး အဘကွ'

'တို့အဘ ဦးတင်မောင်ကွ'

ပရိသတ်တွေရဲ့ အော်သံ ဆူညံသွားတယ်။ ကြောင်တိကြောင်တောင် ရယ်မောရင်း ဦးတင်မောင် မဲနှိုက်လိုက်တယ်။ အစီအစဉ်မှူးက မဲလိပ်ကို ဖွင့်ကြည့်နေချိန်မှာ ဦးတင်မောင် ခြေဖျားလက်ဖျားတွေ အေးစက်လာသလိုလို။

'အဘ ဦးတင်မောင်ရဲ့ မဲလိပ်ကို ကြေညာပေးပါ့မယ်။ ကိုယ်တစ်ခြမ်း လေဖြတ်ထားတဲ့ ပိုလီယိုရောဂါသည် လမ်းလျှောက်တဲ့ပုံစံ သရုပ်ဆောင်ပြပါ တဲ့ ခင်ဗျား'

'ဝေးဟေးဟေး လုပ်ထားအဘရေ၊ ပထမရအောင် လုပ်ထားဗျ'

'အားပေးနေမယ် အဘရေ'

ဦးတင်မောင် ဘယ်က စရမှန်းမသိ မချိပြုံးလေး ပြုံးပြီး ခပ်တောင့်တောင့် ရပ်နေမိတယ်။ ချမ်းအေးလွန်းလှတဲ့ ဆောင်းညမှာ တစ်ကိုယ်လုံး ထူပူပြီး ချွေးပြန်လာတယ်။

'လုပ်ပါအဘရယ်၊ အားလုံး ကိုယ့်ဝန်ထမ်းအချင်းချင်းတွေ အပျော်သဘောလုပ်ကြတာပဲ။ ဘာမှ ရှက်စရာ မလိုပါဘူး။ အဘပါ ဝင်ပြိုင်တော့ ကျွန်တော်တို့ ပိုပြီးတောင် ဝမ်းသာရသေးတယ်ဗျာ'

'အေးပါကွာ၊ ဒါနဲ့နေပါဦး လုပ်ရမှာက ဘာ...'

'ဒီလိုအဘရဲ့၊ ပိုလီယို ဖြစ်နေတဲ့လူဗျာ။ ပိုလီယိုဆိုတော့ ခြေလက်တွေ၊ ခေါင်းတွေက တွန့်လိမ်ပျော့ခွေပြီး မျက်နှာကလည်း ရွဲ့စောင်းစောင်း ဖြစ်နေမယ်။ ကိုယ်တခြမ်း လေဖြတ်ထားတာဆိုတော့ လက်တစ်ဖက်၊ ခြေထောက်တစ်ဖက်က သေပြီး တွဲလောင်းကျနေရမယ်ဗျာ။ ကျန်တဲ့တစ်ဖက်တည်းကို အားပြုပြီး လိမ်ဖယ်လိမ်ဖယ်နဲ့ လျှောက်သွားလိုက်ဗျာ။ ဒါဆို သရုပ်ပေါ်ပြီ ဟုတ်လား'

အစီအစဉ်မှူးက ဦးတင်မောင်ရဲ့ လက်တွေခြေတွေကို ဟိုဆွဲဒီကပ်လုပ်ပြရင်း ပြောတယ်။ ဟုတ်ပါပြီ၊ ဒါပါပဲလေ။ ဒီထက်ပိုပြီး မထူးဆန်းပါဘူးလို့ ဦးတင်မောင် တွေးလိုက်တယ်။ ကြိုးစားအားတင်းပြီး သရုပ်ဆောင်ကွက်ကို စတင်လိုက်တယ်။

ခြေတစ်ဖက် လက်တစ်ဖက်က လှုပ်ရှားမရ၊ တရွတ်တိုက်ဆွဲပြီး ကျန်တဲ့တစ်ဖက်က ပိုလီယိုကြောင့် တွန့်လိမ်ရွဲ့စောင်းလို့ ခြေတစ်လှမ်းရှေ့ရောက်ဖို့အရေး အသက်ငင်နေရလောက်အောင် ခက်ခဲပင်ပန်းလွန်းလှတဲ့ ပုံစံမျိုး။

တဝေါဝေါနဲ့ ရယ်သံတွေ ဆူညံသွားတယ်။ ရုတ်တရက်တော့ သူ့ကို လေ့ငင်

စာမျက်နှာ(၂[illegible])သို့...

www.burmeseclassic.com



၁။

ဆိုက်ရောက်ဆိုသည့်
ဝင်ပေါက်ဝ
တစ်သုတ်ပြီးတစ်သု
ထွက်လာနေကြသည့်
လူအုပ်ကြီးကိုကြည့်ရင်း
တိုးညွှန့်တစ်ယော
စောင့်စားရခြင်း
စိတ်တိုစ ပြုလာပြီး
ကိုယ့်ဘာသာ
တက္ကစီငှားပြီး
ပြန်ခဲ့လို့ရသည်
ရေးကြီးခွင့်ကျယ်လုပ်ပြီး
လာကြိုနိုင်းသည်
ပြီးတော့
ဘယ်အချိန်ဆိုသည်ကိုလည်း
အတိအကျမသိ
တစ်နေ့က မျိုးညွှ
ဖုန်းဆက်လာတော့
ပြန်ကြရမည့်အဖွဲ့များ
လေယာဉ်ဖြင့်
သုံးသုတ်ခွဲပြီးပို့မည်
ပြောသည်
ဘယ်အသုတ်တွင်
ပါဝင်မည်
သူကိုယ်တိုင် မသိသေး
မြန်မာနိုင်ငံသားပိုင်
လေကြောင်းလိုင်းတစ်ခု
အခမဲ့ ပြန်လည်
ပို့ဆောင်ပေးခြင်း
ဖြစ်သည်
မနက်ဖြန်
ဖုန်းထပ်ဆက်မည်
ဆို
ပြန်မဆက်သွယ်တော့
မနက်မိုးမလင်းခင်
ကတည်းက အမေ
သူ့သားကြီးကို
သွားကြိုဖို့
လောဆော်နေသည်
ကိုယ့်နိုင်ငံ ကိုယ်ပြန်ရောက်ပြီ
ကိုယ့်အိမ်
ကိုယ်ပြန်လာခြင်းကို



www.burmeseclassic.com

www.burmeseclassic.com

မြန္မာယ်ယောက်ျားကို ကောင်းညွန့်တို့များ
ကိုယ်တိုင်လည်း မိသားစုကို ယောက်ငအောင်
ရှာမပေးနိုင်ဘူး။ အကူအညီ မလိုဘူးလေး ဘာလေးနဲ့
လေကျယ်နေသေးတယ်။ ညည်းယောက်ျားကို ပြောလိုက်
အိမ်ထောင်ဦးစီးဆိုတဲ့ ရာထူးက ကိုယ့်မိသားစုကို
ဦးစီးဦးဆောင် လုပ်နိုင်မယ်ထင်လို့ ပေးထားတာဟ



သွားကြိုပေးနေစရာ
မလိုဟု တိုးညွန့်
ထင်သည်။
ပညာတော်သင်
ပြန်လာသည့်သူ မဟုတ်။
နိုင်ငံ့ဂုဏ်ဆောင်
အားကစားသမားလည်း
မဟုတ်။ နောက်ဆုံး
မိသားစုအတွက်
စုမိဆောင်းမိ
ငွေစက္ကူးစကလေးများပင်
ပါလာမည့်သူ မဟုတ်။
ထိုလေကြောင်းလိုင်းက
ပြန်မပို့ပေးလျှင်
ပြန်လာစရာ
လေယာဉ်စရိတ်တောင်
ရှိမည့်သူ မဟုတ်ဘဲ
မလေးရှားနိုင်ငံ၏
လူမျိုးရေး
ပဋိပက္ခကြားတွင်
ဓားစာခံဖြစ်ကာ
ဒုက္ခရောက်မည့်သူဟု
စိတ်တိုစွာဖြင့် တိုးညွန့်
ထိုင်တွေးနေမိသည်။
မျိုးညွန့်နှင့်တိုးညွန့်က
တစ်နှစ်နှင့် ရှစ်လသာ
ကွာသည့် ညီအစ်ကို။
တိုးညွန့်အောက်
နွယ်နွယ်ထွန်းနှင့်
တိုးညွန့်က နှစ်နှစ်ကွာပြီး
ညီအငယ်ဆုံးလေးနှင့်
နွယ်နွယ်ထွန်းတို့က
လေးနှစ်ကွာကြသည်။
မိန်းကလေးတစ်ဦးတည်း
ဖြစ်သည့် နွယ်နွယ်ထွန်းက
ဘာသိဘာသာ
နေတတ်ပြီး အငယ်ကောင်
ချမ်းငြိမ်းနှင့်အကြီးဆုံး

အမှတ်စဉ် ၁၀၀၊ ဒီဇင်ဘာ၊ ၂၀၁၄

ရုပ်ပုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

မျိုးညွန့်တို့က ရှစ်နှစ်လောက်ကွာကြသဖြင့် မရင်းနှီးကြပြန်။ တိုးညွန့်နှင့်မျိုးညွန့်တို့က အထက်အောက်လည်းဖြစ်၊ အသက်ချင်းလည်း သိပ်မကွာကြသဖြင့် အချင်းချင်းနာမည်ခေါ်ပြီး မင်းနဲ့ငါ သုံးနှုန်းပြောဆိုကြသည်။ မျိုးညွန့်ပြန်လာခြင်းအပေါ်တွင် တစ်အိမ်သားလုံးက ဘာမျှ မထူးခြားလှ။ အမေတစ်ယောက်သာ 'သားကြီး ပြန်လာတော့လည်း ကောင်းတာပေါ့ကွယ်။ မိသားစု တစုတဝေးတည်း ဖြစ်တာပေါ့' ဟု မှတ်ချက်ချသံ ကြားရသည်။

တိုးညွန့် မတ်တတ်ရပ်၍ မျှော်ရသည်မှာ ညောင်းသလောက်ရှိမှ နောက်ဆုံး လေယာဉ်အသုတ်ဖြင့် မျိုးညွန့်တစ်ယောက် ပါလာတော့သည်။ သူ့ထုံးစံအတိုင်း သစ်လွင်တောက်ပြောင်သော အဝတ်အစားတို့ကိုဝတ်၍ ဆိုက်ရောက် အပေါက်မှ ခေါင်းမော့ထွက်လာပုံမှာ ပညာတော်သင်နှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများထက်ပင် ဝင့်ကြွားနေသေးသည်။

နောက်ဆုံး လေယာဉ်ခေါက်ဖြစ်၍ထင့် လေဆိပ်ထဲတွင်လည်း စောင့်နေကြသည့်သူများ နည်းပါးသွားပြီ။ လာကြိုကြသည့် သူများထဲမှ အချို့ကတော့ လူဝင်မှုကြီးကြပ်ရေး အပေါက်နားထိသွားရပ်နေကြသည်။ တိုးညွန့်ကတော့ မျိုးညွန့်တစ်ယောက်ခရီးဆောင်အိတ် ထုတ်ပြီးချိန်ထိ အထွက်အပေါက်နားမှ ရပ်စောင့်နေလိုက်သည်။ အနားရောက်လာသည့် မျိုးညွန့်ကသူ့ခရီးဆောင်အိတ်ကို

> မျိုးညွန့်
> အပါအဝင်
> ရွှေမြန်မာတို့
> မလေးရှားမှာပင်
> ပတ်စ်ပို့အတု
> လုပ်ကြသည်
> အစစ်နှင့်
> ခွဲမရအောင်
> အတော်တူသည်
> ပတ်စ်ပို့အသစ်
> ကိုင်စအချိန်တုန်း
> ကသာ
> စိတ်မလုံသလိုနှင့်
> ကြောက်မိ
> သော်လည်း
> လအနည်းငယ်တွင်
> အသားကျ
> သွားရပြန်သည်

တိုးညွန့်ဆီ လှမ်းပေးရင်း…

'မင်းကလည်း အထဲနားထိတောင် မလာဘူး' ဟု ဆိုသည်။

ကမ်းပေးလာသည့် သူ့ခရီးဆောင်အိတ်ကို မသိကျိုးကျွန်ပြုကာ…

'ရပြီမလား၊ သွားကြမယ်' ဟုသာ တိုးညွန့်ဆိုလိုက်သည်။

လေဆိပ်ထွက်ပေါက်နား ကားအဝင်အထွက် ရှုပ်နေသဖြင့် လေဆိပ်အပြင်ဘက် ကားလမ်းမပေါ်အထိ လမ်းလျှောက်ခဲ့လိုက်သည်။ လမ်းလျှောက်နေရင်း နောက်ဘက်မှ မျိုးညွန့် လှမ်းအော်သံကို ကြားလိုက်သည်။

'ဟော့ကောင် ကားမငှားဘူးလား'

လမ်းလျှောက်ရသည့် အကွာအဝေးက အနီးကလေးသာ ရှိသေးသည်။ အချိန်အားဖြင့်လည်း ငါးမိနစ်ပင် ပြည့်မည်မထင်။ လေဆိပ်ဝင်ပေါက်ထက် ကားလမ်းမကြီးပေါ်က ကားငှားရသည်မှာ ပိုလွယ်ကူသည်။ ဈေးလည်း အနည်းငယ် သက်သာနိုင်သည်။ ဒါလေးကိုပင် မစောင့်နိုင်စွာ မျိုးညွန့် အော်နေပြီ။ တစ်မနက်ခင်းလုံး ထိုင်စောင့်နေရသည်ကိုမှ အားမနာ။ တွေးရင်းပင် စိတ်ချဉ်ပေါက်လာသည်။

'လိုင်းကားနဲ့ ပြန်မှာ'

'လိုင်းကားနဲ့ ပြန်စရာလားကွ၊ ငါ့ပုံကိုလည်း ကြည့်ဦး၊ ဘယ်လိုလုပ် လိုင်းကားနဲ့ ပြန်လို့ဖြစ်မှာလဲ'

မျိုးညွန့်တစ်ယောက် စိတ်ဆိုးတကြီး အော်ပြီ။

'အဲဒါဆို မင်းမှာ တက္ကစီခပါလား'

တိုးညွန့်တစ်ယောက် မျိုးညွန့်ကို ကလိချင်စိတ် ပေါ်လာသည်။

'ပြည်ပက ပြန်လာတာ မြန်မာငွေ ပါမလားကွ'

'ဒါဆို မလေး ရင်းဂစ်တွေတော့ အများကြီး ပါလာတယ်ဆိုတဲ့ သဘောပေါ့'

တိုးညွန့်အမေးကို 'ချီးထဲမှပဲ' ဟု ရယ်ဟဟာနှင့် ဆဲလေသည်။ မျိုးညွန့်ရယ်လိုက်လျှင် ခင်မင်နှစ်လိုဖွယ်ကောင်းသည်။ ငယ်စဉ်ကတည်းက သူငယ်ချင်းများကြား၊ ဆွေမျိုးများကြားထဲတွင် သူဘယ်လောက် စိတ[…] ဆိုးအောင် လုပ်ထားလုပ်ထား[…] ထိုသို့ရယ်ပြီး ဖြေရှင်းလိုက[…] လျှင် အားလုံးက ကျေအေး[…] သွားတတ်ကြသည်။ သူ[…] ထူးခြားချက်ဟု ဆိုရမည[…] သာ။ အခုလည်း ရယ်ဟဟာ[…] နှင့် ဆဲလိုက်သည့် သူ့ပုံ[…] ကြောင့် တစ်မနက်ခင်းလုံး[…] တိုနေသည့်စိတ်တို့ အနည်း[…] ငယ် ပြေလျော့သွားရသည်[…] လက်ကလည်း အလို[…] အနားက ဖြတ်သွားသည[…] တက္ကစီတစ်စီးကို လှမ်းတား[…] မိလျက်သား ဖြစ်သွားသည်[…]

ငှားလာသည့် တက္ကစီ[…] လေးက လေဆိပ်လမ်း[…] မြောက်ဥက္ကလာပဘက်သို့[…] ထွက်၊ ထိုမှတစ်ဆင့် မြောက်[…] ဒဂုံဘက်ကို ဦးတည်မောင်း[…] နေသည်။ မြောက်ဒဂုံလမ်း[…] တွေပေါ် ရောက်သွားသည[…] အချိန်တွင် မျိုးညွန့်ပါးစပ်[…] စကားလုံးအချို့ ထွက်ကျလာ[…] သည်။

'ငါထွက်သွားတာ ငါး[…] နှစ်ကျော် ခြောက်နှစ်နီးပါး[…] လမ်းတွေကလည်း အရင်[…] အတိုင်း စုတ်ပြတ်နေတုန်းပဲ[…] လား'

ကားပေါ်တွင် ဘာ[…] စကားမျှ မဆိုချင်သဖြင့် တစ်[…] လမ်းလုံး သူ့အကြောင်းပင်[…] မမေးဘဲ လိုက်ပါလာသည[…] တိုးညွန့်တစ်ယောက် မျိုးညွန့်[…] ကို စောင်ပေပေနှင့်သာ ကြည့်[…] လိုက်မိသည်။ တက္ကစီဆရာ[…] က မနေနိုင်စွာ…

'မဟုတ်ဘူး အစ်ကိုရဲ့[…] လမ်းတွေက ကောင်းလိုက်[…] သေးတယ်။ ပြီးတော့ ပြန်[…] ပျက်သွားတာ။ မိုးရွာင်းဆိုရင်[…] တော့ ပိုဆိုးတယ်။ ကတ္တရာ[…]

www.burmeseclassic.com

www.burmeseclassic.com

…မ်းတွေပေါ် ရေကျော်နေ…တော့ လမ်းပေါ်က ကျင်း…တွေ၊ ချိုင့်တွေဆို မမြင်ရဘူး။ …ားတွေကတော်သေး၊ ဆိုက်…ကားတွေဆို ခဏခဏ …မှောက်ကြတာ'ဟု ဝင်ရှင်းပြ…နေသည်။

'အဲဒါပဲ လမ်းတွေကို အစကတည်းက ကောင်း…အောင်မှ မလုပ်ခဲ့တာ။ အထက်က လူကြီးတွေက သေချာမသိ၊ အင်ဂျင်နီယာတွေကလည်း လမ်း၊ တံတား …ရောဂျက်တစ်ခု ရပြီဆိုရင် သူတို့အိတ်ထဲ ထည့်ဖို့လောက်…ပဲ စဉ်းစားနေကြတာ။ မလေးမှာဆိုရင် လမ်းတစ်ခါခင်းထားရင် ဆယ်စုနှစ် လေးခုလောက်တော့ အသာလေးခံတယ်။ ပြုပြင်ထိန်းသိမ်းမှုတွေလည်း မပြတ်လုပ်နေကြတာကိုး။ ပြီးတော့….'

မျိုးညွန့်စကား မဆုံးခင် 'တော်ပါတော့ကွာ'ဟု တိုးညွန့် ဝင်အော်လိုက်မိတော့သည်။ အဲဒီတော့လည်း ဆက်မပြောတော့ဘဲ အိမ်ရောက်သည်ထိ ငြိမ်ငြိမ်လေး ထိုင်ကာ လိုက်ပါလာသည်။

အိမ်ရောက်တော့ ဧည့်ခန်းကြမ်းပြင်တွင် တင်ပျဉ်ခွေထိုင်ရင်း အနားရှိ ဂျာနယ်တစ်စောင်ကို ကောက်ဆွဲကာ ယပ်ခတ်နေသည်။ အမေက ပန်ကာလေး ဆွဲထုတ်လာရင်း သူ့သားကြီးနား လာချပေးသည်။ ဆောင်းလယ်လောက်ရောက်နေပြီဆိုသော်လည်း ရန်ကုန်နေက ပူပြင်းလွန်းနေသည်။ မျိုးညွန့်တစ်ယောက် အဝတ်အစား မလဲဘဲ ဧည့်သည်ထိုင်,ထိုင်ကာ အိမ်ကို မျက်လုံးဝေ့ ကြည့်နေသည်။ ပန်ကာ အနားလာချသည့် အမေ့ကို ကြည့်ရင်း…

'ဟာ အမေ ဒီပန်ကာကြီးက အခုထိ ရှိနေသေးတာလား'

မျိုးညွန့်အမေးကို အမေက…

'အေးလေ သားကြီးရယ်၊ မရှိလို့ ဘာလုပ်ရမှာလဲ။ အသံတခြစ်ခြစ် မြည်နေပေမဲ့ လည်နေသေးတော့ လေရသားပဲဟာ'

ဟု ရိုးစင်းစွာ ပြန်ဖြေသည်။

'မင်း အဝတ်အစားတွေလဲလိုက်လေကွာ။ ပြောင်ချော်ချော် ဘောင်းဘီရှည်နဲ့ အင်္ကျီလက်ရှည်ကြီးက ပူတာပေါ့'

ကိုယ်တိုင်လည်း စွပ်ကျယ်လက်ပြတ်ကို လဲရင်း တိုးညွန့် လှမ်းပြောလိုက်သည်။

ခရီးဆောင်အိတ်ကို တရွတ်တိုက်ဆွဲကာ ဘယ်အခန်းဝင်ရမှန်း မသိပုံစံဖြင့် လျှောက်နေသည့် မျိုးညွန့်ကို ကြည့်ရင်း တိုးညွန့်တစ်ယောက် စိတ်မရှည်နိုင်တော့ဘဲ အခန်းထဲသို့ တွန်းသွင်းလိုက်တော့သည်။ ဒါတောင်မှ ပါးစပ်က 'သြော် ဒီအခန်းပဲလား'ဟု ပြောဖြစ်အောင် ပြောလိုက်သေးသည်။ မျိုးညွန့်တစ်ယောက် အိမ်ရှိ ပစ္စည်းများကို ဘာကြောင့် ပြောင်းလဲရမည်ဟု ထင်နေသည်မသိ။

ညနေရောက်တော့ အငယ်ကောင် ချမ်းငြိမ်းကျောင်းက ပြန်လာရောက်လာသည်။ ချမ်းငြိမ်းကို ကြည့်ပြီး…'ဟာ ဒီကောင် မှတ်တောင် မမှတ်မိဘူး။ ထွားလာလိုက်တာ'ဟု တအံ့တသြ ရေရွတ်သည်။

'ဆယ်တန်းရောက်နေပြီလေကွာ၊ မင်းထွက်သွားတော့ ဒီကောင် လေးတန်းပဲ ရှိသေးတာကို'

တိုးညွန့်က ချမ်းငြိမ်းအကြောင်း ပြောနေစဉ်မှာပင် ကားပစ္စည်းအရောင်းဆိုင်တွင် စာရေးမ ဝင်လုပ်နေသည့် နွယ်နွယ်ထွန်းက…

'ဟယ် ကိုကြီး ပြန်ရောက်နေပြီလား'ဟုဆိုကာ အိမ်ပေါ်ပြေးတက်လာသည်။

'နွယ်နွယ် နင်လည်း နည်းနည်း လူကောင်ကြီးလာတယ်ဟ'

'မျိုးညွန့်တို့ကတော့ လုပ်ပြီ၊ လူတွေပဲ အသက်အရွယ်အရ ပြောင်းလဲရမှာပေါ့ဟ'

တိုးညွန့် လှမ်းပြောသည်ကို မျိုးညွန့်ကတော့ နားမလည်သလို ကြည့်နေသည်။

ညနေစောင်းတော့ အဖေပြန်မလာခင် ညီအစ်ကိုနှစ်ယောက် ၇/၈ လမ်းဆုံနားက ဘီယာဆိုင်သို့ ထွက်ခဲ့လိုက်ကြသည်။ ဒီတစ်ခါတော့ တိုးညွန့်နှင့်အတူ လိုင်းကားပေါ် ပြေးတက်ပါလာသည်။ အဖေပြန်လာလျှင် သူ့ဘာသာ ရေချိန်ကိုက်ပြီးသော်လည်း လိုက်မည်ဟု လုပ်နေဦးမည်။ မျိုးညွန့်ကို မလေးရှားကအကြောင်းတွေ လွတ်လွတ်လပ်လပ် မေးချင်သေးသည်။ ပြီးလျှင် သူ ရှေ့ဆက်မည့် အစီအစဉ်များကိုလည်း သိလိုသည်။

❑

၂။

မျိုးညွန့်တို့ မြန်မာဆယ်ယောက် တစ်ဖွဲ့က အားလုံး အိုဗာစတေးတွေချည်း ဖြစ်သည်။ အလုပ်ရှင်နှင့် မလေးရဲတို့ နားလည်မှုယူကာ အိုဗာစတေးအဖြစ် နေလာခဲ့သည်မှာပင် သုံးနှစ်ကျော်ပြီ။ မျိုးညွန့် မလေးရှားတွင် နေလာခဲ့သည့် ရှစ်ပေါင်း ခြောက်နှစ်နီးပါးတွင် စိတ်လုံလုံခြုံခြုံ တရားဝင် နေထိုင်ခွင့်ရခဲ့သည်မှာ နှစ်နှစ်လောက်သာ ရှိခဲ့ရသည်။ ကျန်သည့်နှစ်များကတော့ ကျီးလန့်စာစားဘဝ။ အခုဖြစ်သည့် လူမျိုးရေး ပြဿနာများကြောင့် မြန်မာအလုပ်သမားများ အလုပ်ခွင်ဝင်ရန် အခက်တွေ့နေကြသည်။ သူတို့လို အိုဗာစတေးသမားများအတွက်ကတော့ ဆိုဖွယ်မရှိတော့။ အခြေအနေတွေ မတည်ငြိမ်ခင်ကာလများအတွင်း သူဌေးက သူတို့ အိုဗာစတေးများကို လစာမထုတ်ပေးဘဲ သိမ်းထားသည်။ အခြေအနေက ပိုဆိုးရွားလာတော့ ပြည်တော်ပြန်ရန် ဖြစ်လာရသည်။ လစာလည်း ထုတ်မပေးတော့ဟု ဆိုသည်။ မြန်မာအလုပ်သမားများနှင့်အတူ ဖိလစ်ပိုင်နှင့် အိန္ဒိယနွယ်ဖွားတချို့လည်း ပါသည်။ ရရမည့် လစာက သုံးလစာတောင် ဖြစ်သည်။ မပေးတော့မလို ပြောလာသည့် မန်နေဂျာစကားကြောင့် တစ်ဖွဲ့လုံး ဂနာမငြိမ်နိုင်။ နောက်မှ မြန်မာနိုင်ငံမှ ဆရာတော်တစ်ပါး ရောက်လာပြီး ပေါက်ပေါက်ရောက်ရောက် မြန်မာများနှင့် ဆက်သွယ်မိကာ သူတို့၏ စွမ်းဆောင်ပေးမှုကြောင့် နှစ်လစာ ပြန်ရခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com

သည်။တင်နေသည့် အကြွေးများထဲမှ တစ်လစာ ပြန်ဆပ်ခဲ့လိုက်သည်။

အဆောင် ၄၁းနေရသည့် စရိတ်များ၊ စားသောက်စရိတ်များ မြင့်မားသည့် လူနေမှုအဆင့်အတန်းကို နေလိုခြင်းကြောင့် ကုန်ရသည့် စရိတ်များက မနည်း။ ဒါ့အပြင် အလုပ်ပင်ပန်းမှု၊ အထီးကျန်ဆန်မှုတို့ကို ပြေပျောက်စေရန်အတွက် အလုပ်ပိတ်ရက်များတွင် အပေါင်းအသင်းများနှင့် သောက်သောက်စားစား စရိတ်တို့ကလည်း မသေးလှ။ ရောက်ပြီးသုံးနှစ်လောက်သာ အိမ်သို့ငွေမှန်မှန် ပို့နိုင်ပြီး ကျန်နှစ်များကတော့ လေးလတစ်ခါ၊ ငါးလတစ်ခါပင် အနိုင်နိုင်ပို့နေရသည်။ ကြွေးကျေသွားပြီဆိုသည့် အမေ့အပြောများကြောင့် စိတ်က ပေါ့သွားတာလည်းပါသည်။

အဖေပင်စင်ယူပြီဆိုတော့ မိသားစု စားဝတ်နေရေးအတွက် စဉ်းစားကြရပြီ။ ထိုနှစ်မှာပင် မျိုးညွန့် ဆယ်တန်းကျသည်။ အသက် နှစ်နှစ်လောက်သာ ကွာသည့် တိုးညွန့်က ဆယ်တန်းရောက်လာသည်။ ဆယ်တန်းကျောင်းသား နှစ်ယောက်၏ ကျောင်းစရိတ်၊ ကျူရှင်စရိတ်များက မနည်းသလို အောက်မှာလည်း အငယ်နှစ်ယောက်က ရှိသေးသည်။ အစကတည်းက ပညာရေးကို စိတ်မဝင်စားလှသည့်မျိုးညွန့် ရပ်ကွက်ထဲမှာ သူငယ်ချင်းများနှင့် ပေါင်းမိကာ ပြည်ပသို့ အလုပ်ထွက်လုပ်ချင်စိတ် ပေါက်လာသည်။ မိသားစု

> ဒီအိမ်
> အပေါင်ဆုံးလျှင်
> ဘယ်နားသွားနေ
> ကြရမည်နည်း
> ဒီအိမ်သည်ပင်
> အဖေ့ပိုင်မဟုတ်။
> အဖေ့လက်ထက်
> ပွားမဟုတ်
> အဘိုးတို့
> ပေးခဲ့သည့်
> အမွေ ဖြစ်သည်
> အဖေက ဘာမှ
> ပူပင်စရာမလို
> အိမ်ပေါ်
> တက်နေရုံသာ
> အဖေ့သားသမီးများ
> ဖြစ်ကြသည့်
> တိုးညွန့်တို့
> မောင်နှမများလည်း
> အလိုအလျောက်
> နေခွင့်ရခဲ့ကြသည်

စားဝတ်နေရေးအတွက် ငွေရှာလိုသည်ဟု အကြောင်းပြလိုက်သည်။ ပွဲစားသို့ ပေးရမည့် ငွေကြေးပမာဏကနည်းတော့ မနည်းလှ။

အမေ့ကို ပူဆာရသည်။ အဖေကတော့ အစကတည်းက ဘာကိုမျှ စိတ်ဝင်စားတတ်သူ မဟုတ်။ အစိုးရ အမှုထမ်း ဘဝတုန်းက ရာထူးက စက်မှုကျွမ်းကျင် (၃)၊ အပိုဝင်ငွေအဖြစ် ပြင်ပမှအပ်သည့် စက်ပစ္စည်းများကို ကရိုင်းသပေးလို့ရသည်။ သို့သော်လည်း မလုပ်ခဲ့။ အလုပ်အပေါ် သစ္စာရှိသည်။ ထို့အတူ လူပျိုပေါက်ကတည်းက သောက်ခဲ့သည့် အရက်အပေါ်လည်း အဖေသည် သစ္စာမပျက်ခဲ့။ သားသမီးလေးယောက်၊ အဖေနှင့်အမေနှင့် ပေါင်း မိသားစုခြောက်ယောက်စရိတ်သည် အဖေ၏ လစာ ဝင်ငွေတစ်ခုတည်းနှင့် ဘယ်လိုမှ မလောက်ငနိုင်။ အမေ့အစ်မ၊ မျိုးညွန့်တို့၏ အဒေါ်အပျိုကြီးက ထောက်ပံ့ခဲ့ရသည်။ ယခုနေသည့် အိမ်ကပင် အဘိုးအဘွားတို့ အမွေပေးခဲ့သည့် အမေတို့ ညီအစ်မနှစ်ယောက်ပိုင် အိမ်ဖြစ်သည်။ အမေက အဖေနှင့် အိမ်ထောင်ကျသည့်အခါ ဒေါ်ကြီး လှနွယ်က အတူမနေဘဲ အမေ့တစ်ယောက်တည်းကိုသာ ပေးခဲ့သည်။ သူဆောက်လုပ်လှူဒါန်းထားသည့် ရိပ်သာတစ်ခုတွင်နေကာ ငယ်စဉ်က ရှာဖွေထားသည့် ပိုက်ဆံအချို့ကို အတိုးပေးစားနေသည်။ ထိုထဲမှပင် မျိုးညွန့်တို့မောင်နှမ လိုအပ်စရိတ်ကို ထောက်ပံ့ပေးနေရသေးသည်။ ဒါကို အဖေက အေးအေးမယူ၊ အရက်မူးလာလျှင် 'ငါ့မိသားစုကို ငါ့ဘာသာ ရှာကျွေးနိုင်တယ်၊ ဘယ်သူ့ အထောက်အပံ့မှ မလိုဘူး။ ငါ့ကို သိက္ခာ လာမချနဲ့' ဟူ၍ ကြွေးကြော်သေးသည်။

ဒေါ်ကြီးကတော့ အမေ့ကို 'မြနွယ်ယောကျ်ား ကိုကောင်းညွန့်တို့များ ကိုယ်တိုင်လည်း မိသားစုကို လောက်ငအောင် ရှာမပေးနိုင်ဘူး၊ အကူအညီ မလိုဘူးလေး ဘာလေးနဲ့ လေကျယ်နေသေးတယ်။ ညည်းယောကျ်ားကို ပြောလိုက်၊ အိမ်ထောင်ဦးစီးဆိုတဲ့ ရာထူးက ကိုယ့်မိသားစုကို ဦးစီးဦးဆောင် လုပ်နိုင်မယ်ထင်လို့ ပေးထားတာပဲ' ဟု အဖေကြားအောင် ပြောလေ့ရှိသည်။ ယခု အမေ့ကို ပူဆာရမည့် ကိစ္စသည် ဒေါ်ကြီး၏ သဘောတူညီမှုလည်း လိုသည်။ မျိုးညွန့် မလေးရှားသို့ အလုပ် သွားလုပ်ရန်အတွက် လိုအပ်သည့် ငွေကြေးကို ရနိုင်ရန် အိမ်ပေါင်ဖို့ဖြစ်သည်။ အမေ့အိမ်ဆိုသော်လည်း ဒေါ်ကြီးနှင့် အမွေဆိုင်ဖြစ်သည်။ အမေ တွန့်ဆုတ်ဆုတ်၊ ဒေါ်ကြီးက သဘောမတူ။ သူ့အတွက် မလိုအပ်၊ မျိုးညွန့်တို့ မောင်နှမတွေ နေစရာနေရာ ပျောက်သွားမှာကိုပဲ စိုးရိမ်သည်ဟု ဆိုသည်။ ဒေါ်ကြီးကို နားဝင်အောင် မျိုးညွန့် မနည်းပြောရသည်။ ဟိုရောက်သည်နှင့် အိမ်ပေါင်ထားသည်ကို ပြန်ရွေးနိုင်ရန် ငွေပို့ပေးနိုင်မည့် အကြောင်း။ ဒါ့အပြင် ကျန်သည့် မောင်နှမများ၏ ကျောင်းစရိတ်ပါ ထောက်ပံ့နိုင်ကြောင်း ပြောပြရသည်။

နောက်ဆုံးတော့ အိမ်ပေါင်ပြီး မလေးရှားသို့ မျိုးညွန့် အလုပ်လုပ်ရန် ထွက်ဖြစ်ခဲ့လိုက်သည်။ မြန်မာနိုင်ငံတွင် ပွဲစားများက ရွှန်းရွှန်းဝေအောင် ပြောကြသော်လည်း တကယ် မလေးရှားနိုင်ငံသို့ ရောက်သောအခါ တော်တော်နှင့် အလုပ်မရ။ နောက်ဆုံး အရင်ရောက်နေသည့် မြန်မာများ အကူအညီနှင့် ကိုယ့်ဘာသာ အလုပ်ရှာကြရသည်။ ဝင်ဝင်ချင်းရသည့် [illegible] ကိုယ့်တစ်ယောက်စာ [illegible]



www.burmeseclassic.com

www.burmeseclassic.com

စရိတ်၊ စားစရိတ်ပင် မလောက်ချင်။ ဒီတော့လည်း ရောက်ရောက်ချင်း လေးလလောက်က မြန်မာနိုင်ငံကို ငွေခလွှဲနိုင်ခဲ့။ အဲဒီနောက်ပိုင်းတော့လည်း ကိုယ့်ဘာသာ အလုပ်တွေ တစ်ခုပြီးတစ်ခု ရှာဖွေရင်း လစာ သင့်တင့်သည့် စက်ရုံတစ်ခုတွင် အလုပ်မြဲရသည်။ ခြိုးခြိုးခြံခြံနေပြီး သုံးနှစ်လောက် ငွေပြန်ပို့ဖြစ်ခဲ့ရသည်။ အိမ်ပြန်ရွေးနိုင်ပြီဆိုသည့် အမေ့စကားသံကြောင့် စိတ်အနည်းငယ် ပေါ့သွားခဲ့သည်။ မလေးရှား ရောက်ခါစကသာ အိမ်ကို လွမ်းသလိုလိုနှင့် စိတ်ညစ်မိသော်လည်း နောက်ပိုင်းတွင်တော့ ကိုယ့်အိမ်ကိုယ့်ရာလိုဖြစ်ကာ နေရတာ ပျော်လာသည်။ ရှာလို့ရသမျှ ငွေကိုလည်း အလွယ်တကူပင် သုံးမိသည်။ လေးနှစ်မြောက်လောက် ရောက်တော့ မျိုးညွန့်တို့ ပတ်စ်ပို့ သက်တမ်းက ကုန်ပြီ။ တကယ်ဆိုလျှင် မြန်မာနိုင်ငံ ပြန်ပြီး သက်တမ်းအသစ် တိုးရမည်။ ဒါပေမဲ့ ထိုသို့လုပ်ဖို့ လမ်းစရိတ်များက ကုန်ကျမည်။ လက်ထဲတွင် စုစုဆောင်းဆောင်းက မရှိကြ။

မျိုးညွန့်အပါအဝင် ရွှေမြန်မာတို့ မလေးရှားမှာပင် ပတ်စ်ပို့အတု လုပ်ကြသည်။ အစစ်နှင့် ခွဲမရအောင် အတော်တူသည်။ ပတ်စ်ပို့အသစ် ကိုင်စ အချိန်တုန်းကသာ စိတ်မလုံသလိုနှင့် ကြောက်မိသော်လည်း လအနည်းငယ်တွင် အသားကျသွားရပြန်သည်။ ထို့နောက် စက်ရုံများသို့ ရှောင်တစ်ခင် ဝင်စစ်သည့် မလေးရဲများကို ကြောက်ရပြန်သည်။ ထိုရဲများကိုတော့ ပတ်စ်ပို့ အတုပြလို့ မဖြစ်။ သူဌေးက နားလည်မှု ယူထားရသည်။ ကြောက်သည့်အခါ ကြောက်လိုက်၊ ပြေးရသည့်အခါ ပြေးလိုက်နှင့် သံသရာလည်ရင်း ခြောက်နှစ် နီးပါးရှိသွားခဲ့ရသည်။ အခု လူမျိုးရေးကိစ္စ ဖြစ်လာသည့် အခါတွင်တော့ အခြေအနေများက ပိုပြင်းထန်လာပြီး ပြန်လာရသည့် အဆင့်သို့ ရောက်သွားရသည်။ ရှေ့ဆက် ဘာလုပ်ရမည်ကတော့ မစဉ်းစားတတ်သေး။ ဒီအရွယ်ကျခါမှ ဆယ်တန်းလည်း ပြန်မဖြေချင်တော့။ အငယ်ဆုံးကောင် ချမ်းငြိမ်းတောင် ဆယ်တန်း ရောက်နေပြီ။ တိုးညွန့်နှင့် နွယ်နွယ်ထွန်းတို့ကလည်း အဝေးသင်ဖြင့် ဘွဲ့အသီးသီး ရပြီးကြပြီ။ မြန်မာနိုင်ငံက ထွက်မသွားခင်ကတည်းက ဘာအလုပ်မျှ မည်မည်ရရ လုပ်ဖူးခဲ့သည်မဟုတ်။ ဒါကြောင့်ပင် မလေးရှားရောက်စက အတော် ဒုက္ခရောက်သည်။ လက်ကြောတင်းအောင် ဘာမျှ မလုပ်နိုင်ခဲ့၊ နောက်မှသာ မဖြစ်မနေ ရုပ်တည်ဖို့ အလုပ်က သင်သွားရင်း လုပ်နိုင်လာသည်။

❑

## ၃။

မျိုးညွန့်တွင် ရှေ့ဆက်မည့် အကြောင်းအရာတို့က ရေရေရာရာရှိပုံ မပေါ်သေး။ သူရှင်းသမျှ နားထောင်ကာ အိမ်ပြန်ခဲ့ကြသည်။ အဖေက အသင့်ဆီးကြိုသည်။ ထူးထူးခြားခြား အဖေ ဒီနေ့ သောက်ထားပုံမပေါ်။ အမေနှင့် နွယ်နွယ်တို့က ညစာထမင်း ပြင်နေကြသည်။ ချမ်းငြိမ်း ကျူရှင်က ပြန်ရောက်လာချိန်တွင် မိသားစုထမင်းဝိုင်း စကြသည်။ဒီလိုဆိုတော့လည်း အမေပြောသလို မျိုးညွန့်ပြန်လာတော့ မိသားစု တစုတဝေးတည်း ဖြစ်သွားတာပေါ့ဟု တွေးရသည်။ ထမင်းစားရင်း အဖေက မလေးရှားနိုင်ငံ၏ နိုင်ငံရေးအကြောင်း မျိုးညွန့်ကို မေးနေသည်။ မျိုးညွန့်ကလည်း မစားရ ဝခမန်း အဖေ့ကို ရှင်းပြနေသည်။ တစ်မိသားစုလုံးနှင့် မသက်ဆိုင်သည့် အကြောင်းအရာ ဖြစ်နေခြင်းကြောင့် ထမင်းဝိုင်းတွင် အဖေနှင့် မျိုးညွန့်တို့ အသံသာ ကြားနေရသည်။ တိုးညွန့်ကတော့ အရင်ဦးဆုံး ထမင်းဝိုင်းမှ ထဖြစ်လိုက်သည်။ အိပ်ခန်းတွင်း အနည်းငယ် ရှင်းလင်းရင်း မျိုးညွန့်၏ ပစ္စည်းများကို နေရာချသည်။ ပြီးလျှင် အိပ်ရာပြင်ရန် ခြင်ထောင်၊ ခေါင်းအုံးတို့ကို ယူ၍ ဧည့်ခန်းသို့ ထွက်ခဲ့လိုက်သည်။ တိုးညွန့်ကို မြင်တော့ အမေက 'ဟဲ့သားရဲ့ ဆောင်းတွင်းကြီး ဧည့်ခန်းထဲ ထွက်အိပ်မလို့လား'ဟု ဆိုသည်။

'ကျွန်တော်က အိပ်နိုင်တယ်အမေ၊ အမေ့သားက ပူလို့ အိပ်နိုင်မှာ မဟုတ်ဘူး။ ဟိုမှာ သူက လေအေးပေးစက်နဲ့ နေခဲ့ရမှာ'

တိုးညွန့် အိပ်ရာပြင်နေစဉ်မှာပင် အဖေနှင့် မျိုးညွန့်တို့ ထွက်လာကြသည်။ အဖေကလည်း…

'ဆောင်းတွင်းပဲကွာ၊ ညဘက်တော့ သိပ်မပူပါဘူး။ အခန်းထဲမှာ မအိပ်ကြဘူးလား'ဟု ဆိုပြန်သည်။ ဒီတော့မှ မျိုးညွန့်က 'အေး ဟုတ်သားပဲ၊ အဲကွန်း မရှိဘူးဘဲ။ အဲဒါမှ ပြဿနာ၊ ငါက အဲကွန်း သိပ်မအေးရင်တောင် မအိပ်တတ်တော့ဘူးကွ'ဟု ဝင်ပြောသည်။

မအိပ်တတ်လျှင်လည်း မတတ်နိုင်ပြီ။ တိုးညွန့်ကတော့ ခင်းစရာရှိတာခင်းပြီး ဂျာနယ်တစ်စောင်ကို ဆွဲဖတ်နေလိုက်သည်။ အိမ်မှာက အိပ်ခန်းသုံးခန်း ရှိသည်။ မီးဖိုချောင်ထဲမှာပင် ထမင်းစားကြသည်။ ခေါင်းရင်းဘက်က အဖေနှင့်အမေ့အခန်း။ ချမ်းငြိမ်းနှင့် တိုးညွန့်တို့တစ်ခန်း အတူအိပ်ပြီး၊ နွယ်နွယ်ကို တစ်ခန်းပေးထားရသည်။ အခန်းများကလည်း သိပ်မကျယ်။ အဖေနှင့်အမေ အခန်းရှေ့မှာ ဘုရားစင်နှင့် ဧည့်ခန်း။ နွယ်နွယ့်အခန်းက လေဝင်သေးသည်။ တိုးညွန့်တို့အခန်းက နွေဘက်ဆို အခန်းထဲမှာ မအိပ်နိုင်။ ညီအစ်ကိုနှစ်ယောက် ဧည့်ခန်း ထွက်အိပ်ရသည်။ အခု မျိုးညွန့်ရောက်လာတော့ သုံးယောက်၊ အိပ်ဖို့ ဆံ့သည့်တိုင်အောင် ပူနိုင်သည်။ တိုးညွန့်လည်း အပြင်မှာပင် မျိုးညွန့်နှင့်အတူ အိပ်တော့မည်။ ချမ်းငြိမ်းကလည်း စာကြည့်စားပွဲ ထိုင်နေပြီ။ ဒီကောင်က စာအလွန်တော်သည်။ တိုးညွန့်တို့ မောင်နှမများထဲတွင် ဉာဏ်အကောင်းဆုံးနှင့် စာအကြိုးစားဆုံး ဖြစ်သည်။ မနက်ဖြန် အလုပ်ဆင်းရမည့် နွယ်နွယ်

www.burmeseclassic.com

www.burmeseclassic.com

ကလည်း အခန်းထဲ ဝင်နေပြီ။ အဖေနှင့်အမေက အစောကြီး အိပ်ရာဝင်တတ်ကြသည်။

ဒီတော့လည်း တိုးညွန့် တစ်ယောက်သာ မျိုးညွန့်နား ရှိနေရပြန်သည်။ ဆောင်းည က မအေးသည့်တိုင် မပူအိုက်ဟု တိုးညွန့်ထင်သည်။ မျိုးညွန့်ကတော့ ယပ်တောင် တဖျပ်ဖျပ်နှင့်။

'မလေးရာသီဥတုနဲ့ ရန်ကုန်ရာသီဥတုက ဆင်တယ်လို့ ပြောကြပါတယ်ကွာ။ မင်းက ဘယ်လိုဖြစ်လို့ အတင်းအိုက်နေရတာလဲ'

'မလေးရာသီဥတုက ပူပေမဲ့ စက်ရုံထဲမှာရော၊ အိမ်မှာပါ အဲယားကွန်း အပြည့်သုံးထားတာကွ။ ငါက အဲဒီ နှစ်နေရာမှာပဲ နေရတာများတာကိုး။ ဟိုမှာ အပြင်ထွက်ရင်လည်း ငါက ပူတတ်တာပါပဲကွာ'

ညီအစ်ကိုနှစ်ယောက် ဖျာပေါ်တွင် ပက်လက်လှန်နေကြရင်း စကား ဆက်ပြောဖြစ်ကြပြန်သည်။ မျိုးညွန့်က သူထွက်သွားစဉ် ကျန်ခဲ့သည့် မိသားစု စားဝတ်နေရေးကို စိတ်ဝင်တစား မေးဖော်ရသည်။ ဆယ်တန်းကို တိုးညွန့်နှင့်မျိုးညွန့်တို့ အတူတူ ဖြစ်သွားကြသည်။ မျိုးညွန့်က ဆက်မတက်လိုတော့။ ကျူရှင်လခများကို အကြောင်းပြသည့်အတွက် တိုးညွန့်သုံးဘာသာသာ ကျူရှင်ယူဖြစ်သည်။ ထောက်ပံ့ပေးသည့် အဒေါ်ကြီးကို အားနာတာလည်း ပါသည်။ ဒါတောင် ဆင်ခြေဖုံးရပ်ကွက်က ကျူရှင်လခများက ဈေးသိပ်မကြီး။ ဆယ်တန်း ဖြေပြီး

အဖေ့ဘဝတွင်
ဘာကိုမှ
ပူပင်သည်ကို
မတွေ့ဖူးခဲ့
ကံကောင်းသည်ဟု
ဆိုရမည်
ပင်စင်
ယူပြီးတော့လည်း
အေးချမ်း
သက်သာစွာ
အပြင်ဝပ်ရှော့
တစ်ခုတွင်
သူ့
သူငယ်ချင်းများနှင့်
တစ်နေကုန်နီးပါး
နေသည်
ညနေ ရောက်လျှင်
ရေချိန်ကိုက်ပြီး
ပြန်လာသည်

သည်နှင့် ဆိုင်ကယ်တစ်စီး ငှားပြီး ၇/၈ လမ်းဆုံနားမှာ ဆိုင်ကယ် ကယ်ရီဆွဲသည်။ နောက်တော့ ဆိုင်ကယ် ပွဲစားပါ ကြုံရင် ကြုံသလို လုပ်ဖြစ်သည်။ တိုးညွန့်တို့လို ဆင်ခြေဖုံး ရပ်ကွက်များတွင် ဆိုင်ကယ်က တွင်ကျယ်သည်။ အဖမ်းအဆီးလည်း နည်းပြီး သွားရေးလာရေး အဆင်ပြေလှသဖြင့် အန္တရာယ်ရှိသော်လည်း အသုံးပြုနေကြသည်။ အဖေ့ ပင်စင်လခနှင့် တိုးညွန့်ရှာလို့ ရသမျှသည် မိသားစု အိမ်စရိတ်။ အလယ်တန်းကျောင်းသူ နွယ်နွယ်က ဘာကျူရှင်မျှ မယူသေး။ နွယ်နွယ် ဆယ်တန်းရောက်သည့် အချိန်မှာတော့ ဒေါ်ကြီး အထောက်အပံ့ မယူတော့ဘဲ တိုးညွန့်ရှာသည့် ငွေဖြင့် ကျောင်းထားနိုင်ခဲ့သည်။

နွယ်နွယ် ဆယ်တန်း ဖြေပြီးတော့ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်ဝင်လုပ်လိုက်သေးသည်။ ရသည့်လခနှင့် သွားရလာရစရိတ်၊ ဝတ်ရစားရစရိတ်တို့နှင့် မကာမိသဖြင့် နှစ်လလောက်လုပ်ပြီး ထွက်လိုက်သည်။ နောက်တော့ ရိပ်သာက ဒေါ်ကြီးမိတ်ဆွေတစ်ယောက် အဆက်အသွယ်ဖြင့် မိန်းမစီး ကတ္တီပါဖိနပ်များ သဲကြိုးကို ဆီးကွင့်ထိုးသည့် အလုပ်ရသည်။ အပ်ထည်များကို အိမ်ယူထိုးခွင့် ရသည့်အတွက် အပြင်လည်း အမြဲထွက်နေစရာမလို။ နွယ်နွယ် ယူလာသည့် ပုံတော်ဖိနပ် အချို့ကို အမေကပါ ဆီးကွင့်ကူထိုးပေးသည်။ အမေတို့ ငယ်ငယ်က ခေတ်စားခဲ့သည့် ဖိနပ်ပုံများ ဖြစ်သောကြောင့် အမေက နွယ်နွယ်ထက် ပိုပြီး မျက်စိအမြင်ရှိသည်။ အမေ့လက်ရာများကို လူကြိုက်များကြသည်။ သားအမိနှစ်ယောက် အိမ်တွင်းလက်မှုလုပ်ငန်း အသေးစားလေးဖြစ်ကာ အဆင်ပြေနေသည်။ အပိုဝင်ငွေလည်း ရလာတော့ ချမ်းငြိမ်းကို အလယ်တန်းကျောင်းသားဘဝကပင် ကျူရှင်ကောင်းကောင်း ထားနိုင်ခဲ့သည်။ ချမ်းငြိမ်းကလည်း စာကြိုးစားသည်။ ကျူရှင်ဖိုးအပြင် ကျောင်းမုန့်ဖိုးတောင် မတောင်းတတ်သူ။ သူ့

ကျောင်းစာကလွဲလျှင် မိသား စုအရေးလည်း စိတ်ဝင်စား မပေါ်။ အငယ်ဆုံးဖြစ်နေ လည်း ပါပါလိမ့်မည်။

မျိုးညွန့်ပို့ပေးသည် ပိုက်ဆံတို့က အတိုးနှင့်အရင်း ပေါင်းပြီး အနိုင်နိုင် အကြွေး ဆပ်နေရသည်။ သတ်မှတ် ထားသည့် နှစ်အတွင်း အိမ် ပြန်မရွေးနိုင်ပါက အပေါင်ဆုံး ဖြစ်တော့မည်။ ဒီအိမ် အပေါင် ဆုံးလျှင် ဘယ်နား သွားနေ ကြရမည်နည်း။ ဒီအိမ်သည် ပင် အဖေ့ပိုင်မဟုတ်။ အဖေ့ လက်ထက်ပွားမဟုတ်။ အဘိုးတို့ ပေးခဲ့သည့် အမွေ ဖြစ်သည်။ အဖေက ဘာမှ ပူပင်စရာမလို၊ အိမ်ပေါ် တက်နေရုံသာ။ အဖေ့သား သမီးများဖြစ်ကြသည် တိုးညွန့်တို့ မောင်နှမများ လည်း အလိုအလျောက် နေခွင့်ရခဲ့ကြသည်။ အဖေ့ အကြောင်းကိုတော့ ရှည်ရှည် ဝေးဝေး မပြောလိုတော့။ အမေနှင့်မရခင် လူပျိုဘဝက ပင် အရက်ကို ကြိုက်နှစ် သက်ပြီး သောက်သူဖြစ် သည်။ ဒါကြောင့် ဒေါ်ကြီး က အမေနှင့် သဘောမတူ သည်ကို ရအောင် ခိုးပြေးကြ သည်။ ရပြီးသွားတော့လည်း ညီအစ်မနှစ်ယောက်တည်း ရှိသဖြင့် ဒေါ်ကြီးက ပစ် မထားနိုင်။ အဖေက အလိုလို အိမ်ပေါ်ရောက်ရတော့သည်။ အဖေ မူးလာလျှင် သွေးက ဆိုးချင်သေးသည်။ အထူး သဖြင့် အမေ့ကို ရန်လုပ်တတ် သည်။ အမျိုးမျိုးရစ်ပြီးမှ အိပ်ပျော်သွား လေ့ရှိသည် သူ့ညီမ ဒုက္ခများကို မြင်တွေ့ နေရသည်မှာ စိတ်ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် နွယ်နွယ်ထွန်း သူငယ်တန်းတက်သည့် နှစ်မှာပင် အမွေဆိုင်အိမ်ကို ပေးပစ်ခဲ့ကာ ရိပ်သာတွင်သာ သွားနေတော့သည်။ ချမ်းငြိမ်းလေးငယ်စဉ်ကလည်း အဖေလုပ်သူ့ လေဖြတ်သလို ဖြစ်သွားခဲ့သည်။ အဖေမူးလာလျှင် ချမ်းငြိမ်းကို 'ကြီးလာလျှင် စစ်ဗိုလ်ကြီး လုပ်မှာလား' ဟု မေးလေ့ရှိသည်။ ချမ်းငြိမ်းက ဘယ်တော့မှ လုပ်မည်ဟု မဖြေ။ အမေက ပြဿနာမဖြစ်စေချင်သည့် သဘောဖြင့် 'သားလေး ပြောလိုက် စစ်ဗိုလ်ကြီးလုပ်မှာလို့' ဟု သင်ပေးသော်လည်း ဘယ်တော့မှမပြော။ အရိုက်ပဲခံသည်။

ဆောင်းတစ်ညတွင် ထိုသို့ အရိုက်ခံရပြီး နောက်တစ်နေ့ မနက်တွင် ချမ်းငြိမ်းတစ်ယောက် လမ်းမလျှောက်နိုင်တော့။ လူကြီးများ လေဖြတ်သလိုမျိုး ဖြစ်သွားခဲ့ရသည်။ မြန်မာဆေးဖြင့် မနည်း ကုထားရသည်။ ညနေရောက်တော့ မျိုးညွန့်နှင့် တိုးညွန့်တို့ နှစ်ယောက် အဖေနှင့်အပြိုင် သောင်းကျန်းပေးလိုက်ကြသည်။ မျိုးညွန့် ဦးဆောင်သည်။ တိုးညွန့်က နောက်လိုက်လုပ်ပေးရုံသာ။ အဲဒီနောက်ပိုင်းတော့ အမေ့ကိုတောင် သိပ်မရစ်တော့။ သားတွေ အရွယ်ရောက်လာ၍ ဖြုံသွားတာ ဖြစ်နိုင်သည်။ အဖေ့ကို ဒီလို ဆက်ဆံရသည်မှာ ငရဲတော့ကြီးသည်။ ဒါပေမဲ့ မတတ်နိုင်။ အဖေ့ဘဝတွင် ဘာကိုမှ ပူပင်သည်ကို မတွေ့ဖူးခဲ့။ ကံကောင်းသည်ဟု ဆိုရမည်။ ပင်စင်ယူပြီးတော့လည်း အေးချမ်းသက်သာစွာ အပြင်ဝပ်ရှော့တစ်ခုတွင် သူ့သူငယ်ချင်းများနှင့် တစ်နေကုန်နီးပါး နေသည်။ ညနေရောက်လျှင် ရေချိန်ကိုက်ပြီး ပြန်လာသည်။ မျိုးညွန့် မရှိတော့သော်လည်း အရင်ကလိုတော့ ပြဿနာမရှာတော့။ နွယ်နွယ် အဝေးသင်ဆက်တက်ပြီး ဘွဲ့ရသည့်နှစ်မှာပင် ကတ္တီပါဖိနပ် ဆီးကွင့်ထိုးသည့် လုပ်ငန်းကို ဗီယက်နမ်နိုင်ငံက စိတ်ဝင်စားလာကာ မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဖိနပ်စက်ရုံ ဖက်စပ်တည်ထောင်ကြသည်။မြန်မာ အလုပ်သမားများကို ခေါ်ယူသည်။ အိမ်ကို အထည်ပေးလိုက်သည့်လုပ်ငန်း မရှိတော့။ နွယ်နွယ်တို့ သားအမိကိုတော့ စက်ရုံတွင် အလုပ်လာဆင်းဖို့ ခေါ်ကြပါသည်။ စက်ရုံ တည်နေရာက အိမ်နှင့်ဝေးပြီး ပေးသည့်လခနှင့် အဆင်မပြေနိုင်သဖြင့် နွယ်နွယ်တို့ အိမ်တွင်းမှုလုပ်ငန်းလေး ရပ်ဆိုင်းသွားခဲ့ရသည်။နွယ်နွယ်ကို ကွန်ပျူတာသင်တန်းတက်ခိုင်းပြီး သင်တန်းပြီးစမှာပင် ကားပစ္စည်းအရောင်းဆိုင်ကြီးတစ်ခုမှ အလုပ်ခေါ်သည်နှင့် ဝင်လုပ်ခိုင်းလိုက်သည်။ ရောင်းရသည့် ကားပစ္စည်းစာရင်းများကို ကွန်ပျူတာနှင့် စာရင်းသွင်းရသည့် အလုပ်ဖြစ်သည်။ ပေးသည့် လခကလည်း မဆိုး၊ သင်ထားသည့် ကွန်ပျူတာပညာလည်း အသုံးချပြီးသားဖြစ်သွားသည်။ အဓိက အိမ်နှင့် မဝေးသည့်အတွက် လမ်းစရိတ် သက်သာသည်။

တိုးညွန့် ရှင်းပြသံကို နားထောင်ကာ အင်း လိုက်နေသည့် မျိုးညွန့်အသံ တို့ တဖြည်းဖြည်း ကျဲသွားသည်။ ဆောင်းညဉ့်က နက်လာသည့်အတွက် အနည်းငယ် အအေးပိုလာပြီ။ ပေါင်နှစ်လုံးကြား လက်ညှပ်ပြီး အိပ်ပျော်နေသည့် မျိုးညွန့်ဟန်က ငယ်စဉ်ကအတိုင်း။ စောင်ပါးပါးတစ်ထည် လွှမ်းခြုံပေးလိုက်ကာ တိုးညွန့်လည်း တစ်ဖက်လှည့်ပြီး အိပ်လိုက်တော့သည်။

❑

၄။

မျိုးညွန့် နိုးလာတော့ အနားတွင် တိုးညွန့် မရှိတော့။ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေသည်။ ချမ်းငြိမ်းက ကျောင်းသွားပြီး၊ နွယ်နွယ် အလုပ်သွားပြီထင်သည်။ ဆောင်းမနက်ခင်းက နေလို့ကောင်းရုံ အေးနေသည်။ ပြန်အိပ်ဦးမည်ဟု စိတ်ကူးပြီးမှ မီးဖိုထဲမှ ဟင်းနံ့က ပျံ့လွင့်လာသည်။ မျိုးညွန့်တို့ ငယ်စဉ်ကတည်းက မနက်စာကို အမေက ထမင်းကျွေးလေ့ရှိသည်။ ညဘက် ထမင်းမကျန်လျှင်ပင် ထမင်းကြမ်းဖြစ်အောင် ညကတည်းက ချက်ထားလေ့ရှိသည်။ ဟင်းကျန်များကို ရောနွှေးပြီး ပဲပြုတ်နှင့် ထမင်းနယ်ကာ ကျွေးလေ့ရှိသည်။တစ်ခါတစ်ရံအကြော်၊ ငါးပိရည်ဖျော်တို့ဖြင့်လည်း ကျွေးတတ်သေးသည်။ မနက်မိုးလင်းလျှင် ထမင်းစားတတ်သည့် အကျင့်က မလေးရှားရောက်တော့ အတော် ဖျောက်ယူရသည်။ မနက် ထမင်းမစားရလျှင် ရင်ပူသလိုလိုနှင့် ဘာစားစားဗိုက်မဝသလို ဖြစ်နေတတ်သည်။ အခုတော့လည်း ခေါက်ဆွဲခြောက်နှင့် ပေါင်မုန့်တို့က မနက်စာအဖြစ် အကျွမ်းဝင်နေကြပြီ။ ခြေရင်းဘက်က ခြင်ထောင်ကြိုးနှစ်စကို တိုးညွန့် ဖြုတ်ခဲ့ပုံရသည်။ သူတို့ အလုပ်သွားကြဖို့ အဝင်အထွက် အပေါက်ကို ခြင်ထောင်များက ပိတ်နေသည်။ ကျန်နေသည့် ခေါင်းရင်းဘက်မှ ကြိုးနှစ်စကို ဆွဲဖြုတ်ပြီး ခေါင်းအုံး၊ စောင်ပုံတို့နှင့်ရောကာ အမေတို့အခန်းနံဘေး တွန်းကပ်ခဲ့လိုက်သည်။ ပြီးနောက် မျက်နှာသစ်ရန် ခြံထဲသို့ ဆင်းခဲ့လိုက်သည်။

အုတ်ကန်ဘေးရောက်မှ မုတ်ဆိတ်ရိတ်ရန် သတိရသည်။ ဒီတော့မှ အရင်က အတိုင်းလုပ်ဖို့ သတိပြန်ရလာသည်။ မျိုးညွန့်တို့ ညီအစ်ကိုနှစ်ယောက်က မျက်နှာသစ်ကန်တွင် မေးစေ့ကို ဆပ်ပြာသုတ်ပြီး အိမ်ပေါ် ပြန်တက်လေ့ရှိသည်။ အိမ်ရှေ့ ကျွန်းမှန်ဗီရိုကြီးရှေ့တွင် ရပ်ကာမှန်ကြည့်ပြီး မုတ်ဆိတ်ရိတ်ကြသည်။ ပြီးမှ ပြန်ဆင်းလာပြီး မျက်နှာသစ်လေ့ရှိသည်။ အဖေကတော့ ဟိုးခေတ် မတ်စေ့လေးနှစ်စေ့ကို လက်တွင်ကိုင်ကာ နုတ်လေ့ရှိသည်။ အဖေ မုတ်ဆိတ်ရိတ်သည်ကို ဘယ်တုန်းကမှ မမြင်ဖူးခဲ့။ မျိုးညွန့် အိမ်ပေါ် ပြန်တက်လာတော့မှ သတိထားမိသည်၊ ကျွန်းဗီရိုကြီးကို မတွေ့တော့။ မနေ့ကတော့ အမှတ်တမဲ့ ဖြစ်နေသည်။ မေးစေ့တွင် ဆပ်ပြာများ

www.burmeseclassic.com

တန်းလန်းနှင့် အမေ့ကို အော်မေးနေမိသည်။

'အမေ ဒီနားက ကျွန်းဗီရိုကြီး ဘယ်ရောက်သွားလဲဗျ'

'မင်းအဖေ ရောင်းစားလိုက်ပြီလေ မရှိတော့ဘူး'။ အမေ့ပြန်ဖြေသံကိုသာ ကြားရပြီး လူက ထွက်မလာ။ မျိုးညွန့် မီးဖိုချောင်ထဲထိ ဝင်လိုက်သွားသည်။

'ဘာဖြစ်လို့ ရောင်းစားရတာလဲ အမေ။ အမေကရော အဖေ ရောင်းစားတာကို ဘာမှ မပြောဘူးလား။ တိုးညွန့်ရောပဲ'

'သူ့ သူငယ်ချင်းတစ်ယောက် ကရိုင်းသ,ဖို့ အပ်ခိုင်းထားတဲ့ စက်ပစ္စည်းတစ်ခု မင်း အဖေကြောင့် ပျောက်သွားလို့တဲ့။ ပစ္စည်းက တန်ဖိုးကြီးတယ် ပြောတယ်။ မူးပြီး ဘယ်နေရာမှာ ချခဲ့မိမှန်း မသိတော့ဘူးတဲ့။ အဲဒါ ပြန်လျှော်ပေးရမှာ။ ဘာနဲ့ လျှော်မှာလဲ။ အဲဒီ သူငယ်ချင်းက အိမ်ကို လာလည်ကတည်းက ကျွန်းဗီရိုကြီးကို သဘောကျလို့ ရောင်းပါလားလို့ ပြော,ပြောနေတာ။ အမေက မရောင်းပါဘူး၊ မိဘပိုင် အမွေပါလို့ ပြောလိုက်တာ။ နောက်နှစ်လလောက်နေတော့ အဲဒီလို ဖြစ်သွားတာပဲ။ တိုးညွန့်ကတော့ ဒါ သွေးရိုးသားရိုး မဟုတ်နိုင်ဘူးလို့ ပြောနေတယ်'

'အမေတို့ ဒီအတိုင်း ပြီးသွားကြတာလား' မေးရင်းက ပင် မျိုးညွန့် စိတ်တိုလာသည်။

'မင်းအဖေ အိမ်ထောင်ဦးစီးပဲ သိရမှာပေါ့၊ ပိုက်ဆံတော့ နည်းနည်းပါးပါး ထပ်

မင်း
ပြည်ပသွား
အလုပ်လုပ်
နေတဲ့အချိန်
ငါတို့က
ဒီမှာ အခန့်သား
ထိုင်စားနေရတယ်
ထင်လို့လား
မင်းကမှ
အဆင့်မြင့်တဲ့
လူနေမှု
အဆင့်အတန်း
တစ်ခုနဲ့
နေရသေးတယ်
ငါတို့က
ဒီမှာ
အဖေနှိပ်စက်တဲ့
ဒုက္ခပါ
ခံနေရတာကွ

ပေးတယ် ထင်တာပဲ'

'ဒီ ကျွန်းဗီရိုကြီးက ဘိုးဘွားပိုင်ပစ္စည်းအမေ၊ ကျွန်တော်တို့နဲ့လည်း ဆိုင်တယ်။ အဒေါ်ကြီးနဲ့လည်း ဆိုင်တယ်။ အဖေ့သဘောတစ်ခုတည်းနဲ့ လုပ်လို့ မရဘူးလေ။ ဒေါ်ကြီးရော ဘာပြောသေးလဲ'

'မင်း ဒေါ်ကြီးလည်း ရောင်းပြီးမှ သိရတာလေ။ စိတ်ဆိုးရုံအပြင် ဘာလုပ်နိုင်မှာလဲ။ ဒီလိုပဲ ပြီးသွားတာပါပဲ'

မျိုးညွန့်တစ်ယောက် မကျေမချမ်းဖြင့် အိမ်ပေါ်မှ ပြန်ဆင်းခဲ့လိုက်သည်။ မုတ်ဆိတ်ကိုလည်း လက်ဖြင့်စမ်းရင်း ရိတ်လိုက်သည်။ တစ်လက်စတည်း ရေပါချိုးမည်ဟု စိတ်ကူးကာ ရေကန်ဘေးအဝတ်တန်းမှ ပုဆိုးတစ်ထည်ကို လှမ်းဆွဲလိုက်သည်။ ကန်ထဲတွင် ရေအပြည့် ဖြစ်နေသည်။ တိုးညွန့် အပြင်မသွားခင် ရေငင်ထည့်ခဲ့သည်ထင်သည်။ ထိုစဉ်မှာပင် ခြံထောင့်က မချစ်စု သရက်ပင်ကြီးတွင် ပွတ်နေအောင် သီးနေသည့် သရက်ကင်းတို့ကို တွေ့လိုက်ရသည်။ စိတ်တို့ကြည်လင်ပေါ့ပါးသွားသည်။ ငယ်ဘဝက ပုံရိပ်လေးတွေ ပြန်မြင်ယောင်လာသည်။ မျိုးညွန့်တို့ ခြံထဲတွင် နောက်ဘက်ခြံထောင့်၌ မချစ်စု သရက်ပင်ကြီး နှစ်ပင်က တစ်ထောင့်စီမှာ ရှိနေသည်။ ရှေ့ဘက်တွင် တစ်ဖက်ထောင့်မှာက မန္တလေးရင်ကွဲ သရက်ပင်နှင့် အခြားထောင့်တွင် ရေတွင်းတစ်တွင်း။ မျိုးညွန့်တို့ ငယ်စဉ်ကပင် ရေကိုငင်ပြီး ချိုးခဲ့ကြသည်။ အရွယ်ရောက်လာတော့ ဒေါ်ကြီးက ရေတွင်းတွင် စက်သီး တပ်ပေးသည်။ ဒီတွင်းရေက အေးပြီး အလွန်ချိုသည်။ အဘိုးလက်ထက်ကတည်းက တူးခဲ့သည်ဟုဆိုသည်။ နွေခါဆို အေးနေပြီး ဆောင်းတွင်းတွင် နွေးနေတတ်သည့် ဒီတွင်းရေကို ငင်ဖို့ မျိုးညွန့်တို့ ညီအစ်ကိုနှစ်ယောက် ဘယ်တုန်းကမှ မပျင်းခဲ့ကြ။ အခြားရပ်ကွက်များနှင့် အိမ်များတွင် နွေအခါ ရေခန်းချိန်၌ မျိုးညွန့်တို့ တွင်းရေသည် ခန်းဖို့ မဆိုထားနှင့် လျှော့ပင် မလျှော့တတ်။

ရေကို တဖွမ်းဖွမ်း ခပ်ချိုးရင်း နောက်ဖေးရေကပြင်တွင် ပန်းကန်ဆေးနေသည့် အမေ့ကို လှမ်းပြောနေမိသည်။

'အမေရေ ဒီနှစ်နွေတော့ ကျွန်တော် သရက်သီးစိမ်းကို င်ပြာရည်နဲ့ စားရပြီဗျ။ ဟိုမှာက သရက်သီးအမှည့်တွေပဲ ရတယ်။ သူတို့ဆီက သရက်သီးတွေ ဘယ်လောက်ချိုချို ကျွန်တော်တော့ မချစ်စု သရက်သီးပဲ ကြိုက်တယ်။ အစိမ်းမှာလည်း စားလို့ကောင်းတယ်။ မှည့်ရင်လည်း ချိုတယ်နော်'

'မချစ်စုကတော့ ဒီနှစ် မရတော့ဘူး သားရေ။ မင်း အဖေက အပင်ကို ပုတ်ပြတ် ရောင်းထားပြီးသား။ နောင်နှစ်မှ စားတော့'

အမေ လှမ်းပြောလိုက်သံကို ရေသံတို့ဖြင့် မျိုးညွန့်တစ်ယောက် မသဲကွဲ။

'အမေ ဘာပြောလိုက်တာလဲ၊ ဘာလို့ စားလို့မရမှာလဲ၊ သရက်ကင်းတွေ ဒီလောက် အများကြီးကို၊ နှင်းခါးရိုက်တယ်ပဲ ထားလိုက်ဦး၊ အများကြီး ကျန်ဦးမှာပါ။ ဒီပင်က နှစ်တိုင်း အများကြီး သီးနေကျပဲ'

'မဟုတ်ဘူးဟေ့ နှစ်ပင်စလုံးကို မင့်အဖေ ပုတ်ပြတ်ရောင်းထားပြီးသား'

မျိုးညွန့်တစ်ကိုယ်လုံး ရှိန်းခနဲ ခံစားလိုက်ရသည်။ အဖေ တစ်ဆိတ် လွန်လွန်းပြီ

'ရင်ကွဲတော့ မရောင်းဘဲ ဘာလို့ မချစ်စုကြီးပဲ ပင်စလုံး ရောင်းထားရတာလဲ အမေရ'

www.burmeseclassic.com

www.burmeseclassic.com

'ဝယ်တဲ့သူက မင်းရင်ကွဲအပင်ကိုမှ မကြိုက်တာ'

'မသိဘူးဗျာ။ ကျွန်တော်တော့ ခူးစားမှာပဲ။ ဝယ်ထားတဲ့ သူကလည်း လာကြည့်နိုင်တာမှ မဟုတ်တာ'

မျိုးညွန့်တစ်ယောက် ငယ်စိတ်ပေါက်ကာ တကယ်ပင် ခူးစားဖို့ ဆုံးဖြတ်ထားလိုက်သည်။

'ဟဲ့ အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ သူတို့က ပိုက်ဆံကို ကြိုပေးထားကြတာ၊ မလုပ်ကောင်းပါဘူးကွယ်။ သူတို့ မမြင်တာနဲ့ဘဲ ခူးစားစရာလား။ ကိုယ့်အပင်နဲ့ကိုယ် ခိုးစားရမယ့် အဖြစ်မျိုး'

'အဲဒီလို ခိုးစားရအောင် အဖေလုပ်ခဲ့တာလေ အမေရဲ့။ တကတဲဗျာ။ တစ်အိမ်လုံး ဖြစ်ချင်တိုင်းကို ဖြစ်လို့။ ကျွန်တော်မရှိတဲ့ ခြောက်နှစ်လောက်အတွင်း အိမ်ပေါ်က ကျွန်းဗီရိုကြီးလည်း မရှိတော့ဘူး။ ခြံထဲက သရက်ပင်လည်း အပင်ပဲ ပိုင်တော့တယ်။ သီးသမျှ သူများ ရောင်းပြီးသားတဲ့၊ ဟိုကောင် တိုးညွန့်ကရော ဘာလုပ်နေလဲ။ နည်းနည်းပါးပါး ကာကွယ်ရကောင်းမှန်း မသိဘူးလား'

နောက်ဆုံးတွင် မျိုးညွန့်ဒေါသတို့က တိုးညွန့်အပေါ်သို့ ပုံကျသွားတော့သည်။ သန်သန်မာမာ လူငယ်တစ်ယောက်လုံး အိမ်မှာ ရှိနေပါလျက် အိမ်ရှိပစ္စည်းများ တစ်စတစ်စ လျော့ပါးကုန်ရသည်ကို မကျေနပ်နိုင်။ မျိုးညွန့်တစ်ယောက်တည်း တစ်နေ့ခင်းလုံး ဒေါသ့်ခန်းကြမ်းပြင်ပေါ်တွင် ဟိုလိုမ့် ဒီလိုမ့်နှင့် အချိန်တွေ ကုန်ခဲ့လှသည်။ ညနေစောင်းတော့ တိုးညွန့် ပြန်လာသည်ထိ မစောင့်တော့ဘဲ မနေ့က သောက်ခဲ့သည့်ဆိုင်ကို တစ်ယောက်တည်း ထွက်ခဲ့လိုက်သည်။ မျိုးညွန့် ဒီပြန်ရောက်ပြီး ဘာလုပ်ရမည်ကို မစဉ်းစားတတ်သေး၊ တော်ရုံတန်ရုံအလုပ်လည်း လုပ်နိုင်မည်မထင်။ နိုင်ငံခြားသို့ တစ်ခါပြန်ထွက်ပြီး အလုပ်လုပ်ဖို့ဆိုတာလည်း မလွယ်တော့။ အလိုလိုမှ ကိုယ့်ဘာသာ စိတ်တိုင်းမကျ ဖြစ်နေရချိန်တွင် အိမ်အခြေအနေတို့က မျိုးညွန့်စိတ်ကို ပေါက်ကွဲစေသည်။ အိမ် ပြန်ရောက်တော့ တိုးညွန့်က ပြန်ရောက်ပြီး ညနေစာပင် စားနှင့်နေပြီ။

'မိသားစုဆိုတာ စုံစုံညီညီ ထမင်းစား စောင့်ရတယ်ကွ တိုးညွန့်ရ၊ အဖေလည်း ပြန်မလာသေးဘူး။ မင်းက စားနှင့်နေပြီလား'

ရန်စကားဆိုရင်း မျိုးညွန့် မီးဖိုခန်းထဲ ဝင်လိုက်သည်။

'မစောင့်နိုင်ဘူးဟော့၊ ငါက အလုပ်လုပ်နေရတာ။ ဒီနေ့ နေ့လယ်စာ မစားလိုက်ရဘူး။ ဆိုင်ကယ်တစ်စီး ဝယ်လက်ရှိတုန်း လိုက်ပြပေးနေရလို့။ ညကျရင်လည်း အိုဗာတိုင်ကျတဲ့ ဟိုဘက်လမ်းက အန်တီကြီးကို ဖယ်ရီဂိတ်မှာ သွားကြိုပေးရဦးမှာ'

တိုးညွန့်ကလည်း မခံခွန်းတုံ့ပြန်သည်။ ခပ်ထွေထွေဖြစ်နေသည့် မျိုးညွန့် အနားပေါ် တုတ်ကျသလို ခံစားလိုက်ရသည်။

'ဟော့ကောင် မင်းဘာပြောတာလဲ။ မင်းက အလုပ်လုပ်နေတာဆိုတော့ ငါက ထိုင်စားနေသလို။ သူများနိုင်ငံမှာ ကျွန်သွားခံပြီး အလုပ်လုပ်ခဲ့ရတာပါ။ ပြန်ရောက်တာမှ နှစ်ရက် မပြည့်သေးဘူး၊ မင်းက ဒီစကား ပြောတယ်ပေါ့။ မိသားစု ဒုက္ခရောက်နေတဲ့အချိန် အနစ်နာခံပြီး ထွက်သွားခဲ့ရတာ ဘယ်သူလဲကွ။ ပြောပါဦး၊ အိမ်မှာ မိသားစုနဲ့ နွေးနွေးထွေးထွေး ကျန်ခဲ့ရပြီး မိသားစုပိုင် ပစ္စည်းတွေကို တောင် မစောင့်ရှောက်နိုင်တဲ့ ကောင်ကများ'

တိုးညွန့်တစ်ယောက် စားလက်စ ထမင်းပန်းကန် ချထားပြီး လက်ဆေးကာ မျိုးညွန့်ကို မီးဖိုထဲမှ ဆွဲထုတ်လာသည်။

'လာပါ ထိုင်ပါဦးကွ၊ မင်း ခုနက ဘာပြောလိုက်တယ်။ မိသားစု ဒုက္ခရောက်နေတဲ့အချိန် အနစ်နာခံပြီး ထွက်သွားခဲ့ရတာ ဟုတ်လား။ ဘာတွေများ အနစ်နာခံခဲ့လို့လဲ။ မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာ မင်းက အရင်စ ပြောတော့ ပြောရတာပေါ့ကွာ၊ နားထောင်။ မင်းသွားရဖို့ အိမ်ပေါင်ပေးလိုက်ရတယ်။ လေးလလောက်ထိ မင်း ငွေပြန်မပို့နိုင်ခဲ့ဘူး။ မင်း မပို့နိုင်ပေမဲ့ အတိုးတွေက မပေးဘဲ နေလို့မရဘူး။ အတိုးမပေးနိုင်ရင် အတိုးပေါ်အတိုးဆင့်ပြီး အရင်းကပါ များသွားရော။ ဒီတော့ အမေ၊ ငါနဲ့နွယ်နွယ်တို့ ဖြစ်အောင် အတိုးဆပ်ပေးနေရတယ်။ မင်းပို့လာတဲ့ အချိန်ကျတော့ အတိုးနဲ့အရင်း မှျဆပ်ပေးတယ်။ နောက်ဆုံးတော့ အိမ်ပြန်ရွေးနိုင်ခဲ့တယ်။ အမေကတော့ မင်း စိတ်ပေါ့ပါစေတော့ဆိုပြီး အိမ်ပြန်ရွေးပြီးတာကို ပြောပြလိုက်တယ်။ အဲဒီနောက် မင်း ငွေဆက်ပို့သေးလား။ ငါးလ၊ ခြောက်လမှတစ်ကြိမ် မဖြစ်စလောက်ငွေလေး ပို့ပေးတယ်။ အစကတည်းက မင်းမသွားခဲ့ရင် ဒီအိမ်ကို ပေါင်စရာမလိုဘူး၊ ဒါဆို ပြန်ရွေးစရာလည်း မလိုတော့ဘူးပေါ့။ မင်းကြောင့် ပေါင်လိုက်ရတဲ့ အိမ်ကို မင်း ပြန်ရွေးရတာ မိသားစုအတွက်တဲ့လား။ ပြန်စဉ်းစားကြည့်ပါ။ မင်း ပြည်ပသွား အလုပ်လုပ်နေတဲ့အချိန် ငါတို့က ဒီမှာ အခန့်သား ထိုင်စားနေရတယ် ထင်လို့လား။ မင်းကမှ အဆင့်မြင့်တဲ့ လူနေမှု အဆင့်အတန်းတစ်ခုနဲ့ နေရသေးတယ်။ ငါတို့က ဒီမှာ အဖေနှိပ်စက်တဲ့ ဒဏ်ပါ ခံနေရတာကွ။ အိမ်က ပစ္စည်းတွေကို မင်းတစ်ယောက်တည်း နှမြောနေတယ် မထင်နဲ့။ ငါတို့မောင်နှမတွေလည်း နှမြောတာပဲ။ သူက အဖေကွ။ ဒါတောင် ဒေါ်ကြီး ဝင်ပါနေလို့ ဒီလောက်ကျန်တာ။ ဒေါ်ကြီးလည်း အသက်ကြီးလှပြီ၊ ဘယ်လောက် တားပေးနိုင်၊ လုပ်ပေးနိုင်တော့မှာလဲ'

တစ်ဆက်တည်း ပြောချလိုက်ပြီး တိုးညွန့် ငြိမ်နေလိုက်တော့သည်။ သူ့ဘာသာ ဆက်တွေးစေတော့၊ ထိုအချိန် အဖေလည်း အိမ်ပြန်ရောက်လာသည်။ မျိုးညွန့်က

www.burmeseclassic.com

www.burmeseclassic.com

မကျေနပ်သံနှင့် အဖေ့ကို လှမ်းမေးလိုက်သည်။

'အဖေ ဘာဖြစ်လို့ မချစ်စု သရက်သီးတွေကို ပုတ်ပြတ် ရောင်းစားလိုက်ရတာလဲ'

ခပ်ထွေထွေဖြစ်လာသည့် အဖေက…

'ခြံစည်းရိုးခတ်ဖို့လေ မင်း မမြင်ဘူးလား၊ ခြံစည်းရိုး အသစ်ခတ်ထားတာ။ အိမ်တစ်အိမ်မှာ လုံခြုံရေးကလည်း အရေးကြီးတယ်လေကွာ'

'ဒါဆို ကျွန်းဗီရိုကြီး ရောင်းစားတာကျတော့ရော'

'အဲဒါလည်း လိုအပ်လို့ပေါ့ကွာ'

ပြောပြီး မီးဖိုခန်းထဲ ဝင်သွားတော့သည်။

❑

၅။

ဒီနေ့ နွယ်နွယ်ထွန်း အလုပ်နားရက် ဖြစ်သည်။ ဆိုင်ကတော့ ပိတ်ရက်မရှိ။ အလုပ်သမားများက တစ်ပတ်တစ်ရက် နားခွင့်ရသည်။ လူငယ့်အလင်းရောင် ပရဟိတအဖွဲ့နှင့် တွံတေးမြို့သို့ လိုက်သွားမည်။ နွယ်နွယ်က ထိုအဖွဲ့ဝင် တစ်ဦးဖြစ်သည်။ အလုပ်အားသည့် အချိန်များတွင် ပါဝင်ကူညီဖြစ်သည်။ သွားမည့်အချိန်က နေ့လယ်မှ ဖြစ်သည်။ အမေ့ကို မီးဖိုချောင်ဝင်ကူရင်း သားအမိနှစ်ယောက် စကားပြောနေကြသည်။ အမေက မနေ့ညက ကိုကြီး၊ ကိုလေးနှင့် အဖေတို့၏ သုံးပွင့်ဆိုင် ဆွေးနွေးပွဲ အကြောင်း ပြောပြနေသည်။ ကိုကြီး မျိုးညွန့်နှင့် နွယ်နွယ်တို့ စကားအေးအေးဆေးဆေး မပြောရသေး။ ကိုယ့်အလုပ်သွားချိန်တွင် သူက မနိုးသေး။ ဒီနေ့ အလုပ်နားမည် ဖြစ်သဖြင့် စာရင်းများကို တစ်ဖြတ် ချုပ်ပေးခဲ့ရသည်။ ထို့ကြောင့် မနေ့ညနေက အိမ်ပြန်နောက်ကျသည်။ အဖြစ်အပျက်တို့ကို ချမ်းငြိမ်းကတော့ အတိုချုံး ပြောပြထားသည်။ နွယ်နွယ်ကတော့ ဘယ်သူ့မှ အပြစ်မတင်လိုတော့။ ပြီးခဲ့တာတွေ ပြီးခဲ့ပြီ။ ရှေ့လျှောက် အဆင်ပြေဖို့ပဲ လိုသည်။ ကိုကြီးမျိုးညွန့်ကိုလည်း အလုပ်တစ်ခုခု လုပ်စေချင်သည်။ ယခင်ကထက်စာလျှင် အခုဆို အနည်းငယ် အဆင်ပြေလာပြီဟု ပြောနိုင်ပြီ။ နေစရာ အိမ်ပိုင်လေးရှိသည်။ နေ့စဉ်စားဖို့ အဆင်ပြေသည်။ ချမ်းငြိမ်း ကျူရှင်လခလည်း ပေးနိုင်နေပြီ။ ဒေါ်ကြီး အကူအညီပင် မယူရတော့။ တစ်ခုပဲရှိသည်။ ချမ်းငြိမ်းက စာတော်သည်၊ ဆယ်တန်းအောင်မှတ်ကောင်းပြီး လိုင်းကောင်းကောင်း တက်ခွင့်ရခဲ့လျှင် ထားနိုင်ဖို့ စဉ်းစားရမည်။

နွယ်နွယ်တို့သားအမိ စကားမဆုံးခင် ကိုကြီးမျိုးညွန့် ဝင်လာသည်။

'မိနွယ် ဒီနေ့ အလုပ်မသွားရဘူးလား'

'ဟုတ်တယ် ကိုကြီး ပရဟိတအဖွဲ့နဲ့ တွံတေးလိုက်သွားမလို့၊ အဲဒီက အပြန် အမှိုက်ဝင်ကောက်ကြမယ်'

'ဘာရယ် တစ်ခါမှ မကြားဖူးပါဘူး၊ ဘယ်မှာ အမှိုက်ဝင်ကောက်ကြမှာလဲ'

'ကိုကြီးကလည်း နွယ်တို့ လူငယ့်အလင်းရောင်အဖွဲ့က တစ်ပတ်ခြားစီ ရန်ကုန်မြို့လယ်ကောင် လူစည်ကားတဲ့ မီးပွိုင့်တွေနားမှာ အမှိုက် လိုက်ကောက်ကြတယ်။ တူညီဝတ်စုံတွေ ဝတ်ပြီးတော့ပေါ့'

'နင်တို့ကို ဘယ်သူက လုပ်ခိုင်းတာလဲ'

'အို ဘယ်သူမှ မလုပ်ခိုင်းပါဘူး။ ကိုယ့်အသိစိတ်နဲ့ ကိုယ် လုပ်ကြတာပေါ့'

'ရယ်ရတယ် မိနွယ်။ နင်က အိမ်က အမှိုက်တွေကျတော့ အလွယ်တကူ အိမ်ရှေ့မြောင်းထဲ ပစ်ချနေပြီးတော့ မြို့လယ်ကောင်က အမှိုက်တော့ သွားကောက်ပေးတယ်ဟုတ်လား'

'ကိုကြီးကလည်း အဲဒီမြောင်းက မိုးတွင်းဆို ရေစီးကောင်းတော့ သူ့အလိုလို အမှိုက်တွေ ပါသွားရော။ ဆောင်းနဲ့ နွေကျတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူး လုပ်ပေးရမှာလေ။ သူတို့ မဲဆွယ်တုန်းက သူတို့ ပါတီနိုင်ရင် ရပ်ကွက်ထဲက အဲဒီမြောင်းကြီးကို အမြဲ သန့်ရှင်းနေအောင် လုပ်ပေးမယ်ဆိုတာပါတယ်၊ အခုမှ မသိချင်ယောင် ဆောင်နေကြတာ'

'ဒါဆို နင်တို့ ပရဟိတအလုပ်ဆိုတာ ဘာတွေ လုပ်ကြတာလဲ။ ငါမသိလို့ မေးတာပါ'

'ဒီနေ့ဆို တွံတေး မိဘမဲ့ ဘုန်းကြီးကျောင်းက ကလေးတွေကို စာရေးကိရိယာနဲ့ လိုအပ်တဲ့ အသုံးအဆောင်တွေ သွားလှူကြမှာ။ နွယ်တို့ အဖွဲ့က အဲဒါတွေရဖို့ ရပ်ကွက်တွေထဲမှာ အလှူလိုက်ခံပေး ထားကြတာ။ အဲဒီလို ပရဟိတအဖွဲ့တွေ မြန်မာနိုင်ငံမှာ အများ ကြီးရှိနေပြီ ကိုကြီးရဲ့ အားရစရာ'

'မိနွယ်ရေ နိုင်ငံတစ်နိုင်ငံမှာ ပရဟိတအဖွဲ့တွေ အများကြီး ရှိလာပြီဆိုရင် အဲဒီနိုင်ငံရဲ့ ဆုတ်ယုတ်မှုပဲ ဟဲ့။ တာဝန်ရှိ အစိုးရအဖွဲ့က လုပ်မပေးနိုင်တာတွေ များနေ လို့ ဝင်ကူညီရတဲ့ ပြည်တွင်း ပြည်ပအဖွဲ့တွေ များလာရ တာ။ အားရစရာ မဟုတ်ပါ ဘူး'

'နွယ်နွယ်သွားဖို့ ပြင် လိုက်ဦးမယ်'

ကိုကြီးမျိုးညွန့် စကား ကို ပြန်မချေပတော့ဘဲ မီးဖို ထဲမှ နွယ်နွယ်ထွက်ခဲ့လိုက် တော့သည်။

နွယ်နွယ်ထွန်းနှင့် မျိုးညွန့်တို့ ပြောနေကြသည် ကို ဧည့်ခန်းထဲမှ တိုးညွန့် နား ထောင်နေမိသည်။ မျိုးညွန့်၏ စကားအချို့က မှန်သင့် သလောက် မှန်သည်။ သူ့မှာ အတွေးအခေါ်ကောင်းတို့ ရှိ သည်။ နိုင်ငံတကာ အမြင် လည်းရှိသည်ဟု ပြောနိုင်သည်။ ခက်တာက လက်တွေ့ ဘ မှု အကောင်အထည် မဖော် ခြင်းပင်။ ပြည်ပမှာ အလုပ် လုပ်ပြီး ပြန်လာသူတစ် ယောက်အတွက် ဒီနိုင်ငံတွင် အခြေကျရန် အချိန်အနည်း ငယ်ယူဖို့ လိုမည်ထင် သည်။ တိုးညွန့်ကတော့ နွယ်နွယ်လုပ်နေသည့် အလု ကို မှားသည်ဟု မဆိုချ အရွယ်ရောက်နေသည့် ကလေးတစ်ယောက် ပရ တလုပ်ငန်း စိတ်ဝင်စားခြ

www.burmeseclassic.com

သည် အခြားဘက်များတွင် အာရုံလျှော့သွားနိုင်သည်ဟု မြင်သည်။ လတ်လျားလတ်လျား လုပ်တာချင်း တူခဲ့လျှင် တောင် ပရဟိတဆိုသည့် ကောင်းမှုလုပ်ချင်သည့် စိတ်ကလေး ဝင်သွားသေးသည်ဟု တိုးညွန့် တွေးမိသည်။ ❑

၆။

ဆောင်းကုန်၍ နွေဝင်လာပြီ။ မျိုးညွန့်တစ်ယောက် ဘာလုပ်ရလျှင် ကောင်းမည်လဲ စဉ်းစားရင်း၊ အတူပြန်လာကြသည့် မိတ်ဟောင်း၊ ဆွေဟောင်းတို့နှင့် ဆက်သွယ်ကြည့်သည်။ အချို့လည်း နယ်ပြန်ပြီး မိဘလက်ငုတ်လက်ရင်း အလုပ်လုပ်နေကြပြီ။ အချို့ ရန်ကုန်မှာ အိမ်ပွဲစား၊ မြေပွဲစား၊ ကားပွဲစား ဝင်လုပ်နေကြသည်။ ရာသီဥတု ပူပြင်းလှသဖြင့် ညဘက်ဆို တော်တော်နှင့် အိပ်မပျော်တတ်။ ချမ်းငြိမ်း စာမေးပွဲလည်း နီးကပ်လာပြီ။အိပ်မပျော်သည့်အတူတူ ချမ်းငြိမ်း စာကျက်သည်ကို ထိုင်စောင့်ပေးနေမိသည်။ ကော်ဖီဖျော်ပေးလိုက်၊ ခြင်ဆေးလေး ထွန်းပေးလိုက်နှင့် ချမ်းငြိမ်းအိပ်မှ လိုက်အိပ်ဖြစ်တော့သည်။ အမေကတော့ မျိုးညွန့်ကို ကျေးဇူးတင်နေသည်။ စာမေးပွဲဖြေသည့် ရက်များတွင်လည်း နေ့တိုင်း မျိုးညွန့် လိုက်စောင့်ပေးသည်။ ဖြေနိုင်သလားဟု မေးနေစရာ မလိုလောက်အောင် ချမ်းငြိမ်း ကြိုးစားမှုများက အားရဖွယ် မြင်တွေ့ထားပြီး ဖြစ်သည်။ စာမေးပွဲခန်းမှ ထွက်လာကြသည့် ကလေးများကိုကြည့်ရင်း ဆယ်တန်းတော့ အောင်အောင်ဖြေခဲ့သင့်တယ်ဟု ကိုယ့်ဘာသာ အပြစ်မြင်စိတ်များ ပေါ်လာမိသည်။ တကယ်တော့ ဘဝမှာ စာကျက်ရတဲ့ အလုပ်က အသက်သာဆုံးပါလားဟုလည်း တွေးထင်မိသည်။

ချမ်းငြိမ်းနှင့် မျိုးညွန့်တို့က ငယ်စဉ်က ခပ်စိမ်းစိမ်းဖြစ်နေကြသော်လည်း ဒီရက်ပိုင်းများတွင်တော့ အတော်ရင်းနှီးလာကြသည်။သူနှင့်အတူ လိုက်စောင့်ပေးသည့် မျိုးညွန့်ကိုလည်း ခင်တွယ်လာပုံရသည်။ စာမေးပွဲဖြေနေသည့် ရက်ပိုင်းများတွင် ညီအစ်ကိုနှစ်ယောက် အိမ်သားများနှင့်ပင် ကောင်းကောင်း စကားမပြောဖြစ်တော့။ အိမ်သားများကလည်း ဖြေနိုင်တယ်မလား ဆိုရုံလောက်သာ မေးကြသည်။ ချမ်းငြိမ်းကို ယုံကြတာလည်း ပါမည်ထင်သည်။ နောက်ဆုံးနေ့ စာမေးပွဲဖြေပြီးချိန်တွင် မျိုးညွန့်ကိုယ်တိုင်ပင် ပေါ့ပါးလွတ်လပ်သလို ခံစားသွားရသည်။ အိမ်ပြန်ရောက်တော့ ချမ်းငြိမ်းက 'မေ့ဘီမှာ ကလေးတရားစခန်း သွားဝင်ချင်တယ်။ သူငယ်ချင်းတွေနဲ့ စာရင်းပေးထားပြီးသား။ဒီညနေ ကိုကြီးလိုက်ပို့'ဟု ဆိုလာသည်။

'မင်း မပင်ပန်းဘူးလား ကွာ၊ နားပါဦးလား'ဆိုတော့…

'တရားစခန်းမှာလည်း နားရတာပါပဲ၊ သွားမယ်'ဟု ဆိုသဖြင့် အထုပ်အပိုးများပြင်ကာ တစ်ခါ ထွက်ကြရပြန်သည်။

မှော်ဘီက အိမ်ပြန်ရောက်တော့ မိုးအတော်ချုပ်နေပြီ။ ရာသီဥတုပူပူမှာ လိုင်းကားများ အဆင့်ဆင့် စီးသွားရသဖြင့် လူကလည်း တော်တော်ပင်ပန်းနေပြီ။ အိမ်ပြန်ရောက်လျှင် ထမင်းပင် မစားချင်တော့ ရေမိုးချိုးပြီး တန်းအိပ်လိုက်တော့မည်ဟု စိတ်ကူးထားသည်။ အိမ်ရောက်တော့ အမေ၊ အဖေနှင့် တိုးညွန့်တို့ ဧည့်ခန်းထဲတွင် ဝိုင်းထိုင်နေကြသည်။ တိုးညွန့် မျက်နှာ ကြည့်ရသည်မှာ သုန်မှုန်နေသည်။ စိတ်ဆိုးနေသည့်ပုံ ပေါ်နေသည်။ အမေကလည်း မျက်နှာမကောင်း။ အဖေကတော့ ခန့်မှန်းရခက်သည့် မျက်နှာမျိုးနှင့်။ မျိုးညွန့်ဝင်လာသည်ကို တွေ့ကြသော်လည်း ဘာမျှ မပြောကြ။ တိုးညွန့် စကားသံကို အရင် စ,ကြားလိုက်ရသည်။

'အဖေ ကျွန်တော်တို့ကို ဘာလို့ မတိုင်ပင်တာလဲ၊ ဒါ အဖေတစ်ယောက်တည်းပိုင် မဟုတ်ဘူးလေ။အရင်ကိစ္စတွေတုန်းက ကျွန်တော်တို့ ဘာမှ မပြောခဲ့လို့ အဖေတိုးလုပ်လာတာလား။ ဒေါ်ကြီးသိရင် ဘာပြောမလဲ'

'မင်းဒေါ်ကြီးက မင်းအမေကို အပိုင်ပေးထားပြီးသားပဲ၊ သူနဲ့မှ မဆိုင်တော့တာ'

'အပိုင်ပေးထားတယ်ဆိုတာ ပါးစပ်နဲ့ပဲ ပြောထားတာ။ စာချုပ်ထဲမှာ အမေတို့ညီအစ်မနှစ်ယောက်ပိုင် နာမည်နဲ့လေ'

'ငါကလည်း မိသားစုအတွက်ပဲ လုပ်တာလေ။ မင်းက ဘာဖြစ်လို့ အပြစ်တင်နေရတာလဲ။ မင်းကအဖေလား၊ ငါက အဖေလား'

'အဖေ အဲဒီလို အဖေပါဝါ မသုံးပါနဲ့။ အဖေလုပ်ခဲ့သမျှ ကျွန်တော်တို့ ဘာပြောဖူးလဲ။ ပြီးတော့ မိသားစုအတွက်လို့ အမြဲပြောပြီး လက်တွေ့မှာ ဘာတွေဖြစ်လာခဲ့ဖူးလို့လဲ၊ အခုဟာက ကျွန်တော်တို့ခြံထဲမှာရှိတဲ့ တစ်ခုတည်းသော ရေတွင်းဗျ၊ ကြံကြံဖန်ဖန် အဖေမို့လို့ ရောင်းစားရက်တယ်'

တိုးညွန့်အသံက ပြောရင်းနှင့် ငိုသံပါလာသည်။ မျိုးညွန့်က အံ့သြသွားရသည်။ ရုတ်တရက် နားမလည်နိုင်။ အဖေက ဘာလို့ ရေတွင်းကို ရောင်းစားတာပါလိမ့်။

'ခြံထောင့်က ရေတွင်း တစ်နေရာတင် ကွက်ပြီးယူကြမှာလေကွာ။ ပြီးရင် သူတို့က တွင်းရေကို စက်နဲ့ မောင်းတင်ပြီး တစ်ရပ်ကွက်လုံးကို ရေပြန်ရောင်းပေးမှာ၊ ရေပိုက်တွေနဲ့ အိမ်အရောက်ပို့တဲ့ စနစ်တဲ့။ ဘယ်သူမှ ရေစည်လှည်း တွန်းစရာမလိုဘူး။ မင်းတို့လည်း တွင်းရေမငင်ရတော့ သက်သာတာပေါ့ကွာ။ ရေ အကျိုးဆယ်ပါးတဲ့ကွ၊ ကိုယ့်အိမ်နီးနားချင်းတွေကို မျှရတာ ကုသိုလ်တောင် ရသေးတယ်။ ဒီရပ်ကွက်ထဲမှာ တို့ရေတွင်းက ရေအသန့်ဆုံးနဲ့ အချိုဆုံးလေ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက



www.burmeseclassic.com

www.burmeseclassic.com

လည်း တိုက်တွန်းတာနဲ့ ရောင်းပေးလိုက်တာ'

'မပြောနဲ့တော့အဖေ၊ ကိုယ့်ရေတွင်းကို သူများပေးလိုက်ရပြီး လက်မဲ့ဖြစ်သွားတာထက်စာရင်၊ ပင်ပန်းချင်ပင်ပန်းပါစေ၊ ကိုယ့်ခြံထဲက ကိုယ့်တွင်းရေ ကိုယ်ငင်ချိုးရတဲ့ ဘဝကိုပဲ ကျေနပ်တယ်'

တိုးညွှန့် ကုန်းအော်ပါလေတော့သည်။ အခြေအနေတို့ကို မျိုးညွှန့် နားလည်လိုက်သည်။ ဘာမှ ဝင်မေးနေစရာ မလိုတော့၊ တစ်ခုပဲ သိချင်နေသည်။ ရေတွင်းရောင်းလိုက်လို့ရသည့် ပိုက်ဆံ အဖေ ဘာလုပ်မည်ဆိုသည်ကို သိချင်နေသည်။

မျိုးညွှန့်အတွေးတို့ ပွံ့လွင့်နေစဉ် အမေ့စကားသံကို ကြားလိုက်ရသည်။

'အဲဒီပိုက်ဆံတွေ ရှင် ဘာလုပ်ပစ်လိုက်လဲ ကိုကောင်းညွှန့်'

BURMESE CLASSIC

'သူငယ်ချင်းတစ်ယောက်ရဲ့ ဝပ်ရှော့မှာ ရှယ်ယာဝင်မလို့ လုပ်ထားတယ်'

'ရှင့် သူငယ်ချင်းတွေက ဘယ်တုန်းကမှ ကောင်းကျိုးမပေးခဲ့ဘဲနဲ့ အမှတ်မရှိ ရှင်လုပ်ပြန်ပြီ'

ဒီလောက်သာ အမေ ပြောနိုင်သည်။ အဖေက ထထွက်သွားပြီး၊ ဧည့်ခန်းထဲတွင် တိုးညွှန့် အသက်ရှူသံ ပြင်းပြင်းတို့သာ ကျန်ရစ်ခဲ့တော့သည်။

နောက်နှစ်ရက်လောက်နေတော့ ရိပ်သာမှ ဒေါ်ကြီး ရောက်လာသည်။ မျိုးညွှန့်တို့ ပြောသမျှ အကျိုးအကြောင်း အကုန်နားထောင်ပြီး…

'သူ ပြောသလိုပဲ ဒေါ်ကြီးက အပြင်လူဖြစ်နေပြီ၊ ဒီအချိန်မှာ ဒေါ်ကြီးစကားလည်း နားဝင်မှာ မဟုတ်တော့ဘူး။ မမြနွယ် အသုံးမကျလို့ ဖြစ်ရတာ။ တရားသဘောအရ ပြောရရင်တော့ ကိုကောင်းညွှန့်နဲ့ သားတို့ကသာ ရေစက်ရှိလို့ ပတ်သက်မှုရှိလာကြတာ၊ ဆိုင်လာကြတာ။ ကိုယ့်ဘာသာ ကာကွယ်နိုင်ရင် ကာကွယ်ကြ။ ဒီလိုမှမဟုတ်ရင် သားတို့ ကံပဲပေါ့'ဟု ဆိုလာသည်။ ဒီလိုနှင့် နောက်တစ်ပတ်အကြာ ရေတွင်းက သူများခြံထဲ ပါသွားတော့သည်။ ရက်အနည်းအတွင်း ရေစက်သံ တချုန်းချုန်းနှင့် ရေတင်သံတို့၊ ရေကျသံတို့ ကြားရသည်။ ဒီနောက်တော့ မျိုးညွှန့်တို့ ညီအစ်ကိုတစ်တွေ ရေငင်စရာ မလိုတော့ဘဲ ကိုယ့်ရေတွင်း ဖြစ်ခဲ့ဖူးသည့် တွင်းရေကို ရေဖိုးပေးကာ ပိုက်သွယ်၍ ပြန်သုံးနေကြတော့သည်။ တစ်လ၊နှစ်လ ကြာလာတော့လည်း အသားကျသွားကြပြန်သည်။ သူတို့၏ ရေတွင်းကို ကျွန်းဗီရိုကြီးကို မေ့သွားသလို၊ မချစ်စုသရက်သီးများကို မေ့သွားသလို မေ့သွားကြတော့သည်။

❑

၇။

ဇွန်လ ဒုတိယပတ်တွင် ဆယ်တန်းအောင်စာရင်းတွေ ထွက်သည်။ ချမ်းငြိမ်း သုံးဘာသာဂုဏ်ထူးပါသည်။ အမှတ်စာရင်းအရ သွားဘက်ဆိုင်ရာ တက္ကသိုလ်တက်ခွင့်ရသည်။ တစ်အိမ်သားလုံး ပျော်နေကြသည်။ ရပ်ကွက်ထဲတွင်လည်း မော်ကြွားနိုင်ကြသည်။ သားအငယ်ဆုံးလေးကို တက္ကသိုလ်ပို့ရမည့် စရိတ်တို့ကို မမြနွယ် တွက်ချက်နေမိသည်။ မျိုးညွှန့်တစ်ယောက်လည်း မြေပွဲစားယောင်ယောင်၊ အိမ်ပွဲစားယောင်ယောင် လုပ်နေသည်။ ကိုကောင်းညွှန့်ကို ဘာမျှ မပြောလိုတော့။ ဒီလိုယောက်ျားနှင့် ဖူးစာဆုံရခြင်းသည် သူ့အတိတ်ကံ မကောင်းခဲ့လို့ ဖြစ်သည်ဟုသာ ယူဆလိုတော့သည်။ နွယ်နွယ်ကလည်း ဝတ်ချင်စားချင်သည့် အရွယ်ရောက်နေပြီ။ သူရှာသည့်ငွေ သူပြန်သုံးချင်လာပြီ။ ကိုယ်က ပြန်မဆင်ပေးရသည်ပင် တော်လှပြီ။ သူ အနစ်ခံခဲ့ရသည့် အချိန်တုန်းက ခံခဲ့ရပြီးပြီ။ တိုးညွှန့်လည်း ထို့အတူပင်။ ဟိုတစ်နေ့က မျိုးညွှန့်ပြောလာသည်ကို စဉ်းစားနေမိသည်။ ဒီခြံကို ရောင်းပစ်လိုက်ဖို့ဖြစ်သည်။ အိမ်က သိပ်မကောင်းတော့သော်လည်း ခြံက အဖိုးတန်နေသည်။ အိမ်ပြန်ပြင်ဖို့ဆိုသည်မှာလည်း အိမ်အသစ်တစ်လုံးစာနီးပါးလောက် ပြင်ရမလို ဖြစ်နေသည်။ ပြီးလျှင် တိုက်ခန်းတစ်ခန်း ပြန်ဝယ်မည်။ ပိုသည့်ငွေ အနည်းငယ်ဖြင့် ဒီထက် မြို့စွန်ကျသော၊ ဆင်ခြေဖုံးကျသော နေရာတွင် မြေပြန်ဝယ်ထားလိုက်မည်။ သူကတော့ ထိုမြေကို အလဲအထပ်ဖြင့် ပွဲစားလုပ်မည်။ ဒါဆိုလျှင် မျိုးညွှန့်လည်း အလုပ်မည်မည်ရရ ရှိမည်။ သားငယ်အတွက် တက္ကသိုလ်စရိတ်လည်း ပိုထွက်လာနိုင်မည်။

ယခုနေရာက မိုးတွင်းဆိုလျှင် ရေဝပ်သည်။ မျိုးညွှန့်ကတော့ ရောင်းမည်ဆိုလျှင် မြန်မြန်ရောင်းစေချင်သည်။ ဇွန်လက တော်သေးသည်၊ ရေဝင်သော်လည်း နေပူလျှင် ပြန်ခြောက်သွားတတ်သည်။ ဇူလိုင်၊ ဩဂုတ်ဆိုလျှင် မိုးပိုကြီးလာမည်။ဝပ်သည့် ရေပမာဏက များတော့ နေပူလည်း ပြန်ခြောက်မသွားတော့။ ထိုသို့ဆိုလျှင် ဝယ်လက် မကြိုက်ဖြစ်နိုင်သည်ဟု မျိုးညွှန့်က လောဆော်သည်။ မမကြီးကို ရိပ်သာလူကြုံနဲ့ အကျိုးအကြောင်း စာရေးပေးလိုက်သည်။ဒီတစ်ခါ ကိစ္စမှာတော့ သူနှင့် သားကြီး မျိုးညွှန့်တို့သာ သိကြသည်။

တိုးညွှန့် သိသွားလျှင် ဝမ်းပန်းတနည်း ငိုသံကြီးနှင့် 'လုပ်ရက်လိုက်တာ အမေရာ' ဟု ပြောနေမည်လား။ ကိုကောင်းညွှန့် သိသွားလျှင်တော့ သူ့ထက် လက်စွမ်းထက်သည့် မမြနွယ်ကို အံ့ဩတကြီး မျက်လုံးများနှင့် ကြည့်ကာ ကန့်ကွက်မည်လော။ မမကြီးကရော စာဖတ်ပြီးသည့်အခါ အမိုက်မဟု အော်ကာ ကဆုန်စိုင်း ပြေးချလာမည်လား၊ ဒါမှ မဟုတ် သူ့ထိုက်နှင့်သူ့ကံ တစ်ဖတ်လမ်း ပြတ်တာပဲဟု သဘောပိုက်ကာ မလာဘဲ နေလိုက်မည်လား။ ထိုသုံးယောက်တွင် မည်သူက မမြနွယ်အတွက် ကယ်တင်ရှင် ဖြစ်မည်ကိုတော့ စောင့်မျှော်ရန်မှ တစ်ပါး…..။

■

ခင်သန္တာ



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၂၃၅)မှ…

ပြောင်နေကြတာလားလို့ အတွေးဝင်ပြီး ထူပူသွားမိတယ်။ ရှေ့ကလူတွေလည်း ဒီလိုပါပဲလေလို့ ဖြေသိမ့်ပြီး သရုပ်ဆောင်ကွက်ကို အာရုံစိုက်လိုက်တယ်။ ခြေတစ်လှမ်း ရှေ့တိုးလိုက်တိုင်း ဆူးကျိုးစိုက်ဝင်နေတဲ့ ခြေဖဝါးတစ်ဖက်ကို အားပြုပြီး ဖိဖိနင်းပစ်ရသလို ဖြစ်နေတယ်။ ခြေဖဝါးထဲက ဆူးဒဏ်ကြောင့် မျက်ခနဲဖြစ်ဖြစ်သွားတိုင်း ခန္ဓာကိုယ်က သူ့အလိုလို တွန့်လိမ်တုန်ခါသွားတယ်။ အဲဒီအချိန်မှာ နာကျင်မှု အရှိန်ကြောင့် မျက်နှာကလည်း ရှုံ့စောင်းစောင်း ဖြစ်သွားတော့ ဦးတင်မောင်ရဲ့ အမူအရာက အလိုလို ကောင်းပြီးသား ဖြစ်နေတယ်။

တွန့်လိမ်၊ ထော့နဲ့၊ ရှုံ့စောင်း။

တွဲလောင်းကျ၊ တရွတ်တိုက်၊ တရွေ့ရွေ့လျှောက်။

ခြေတစ်လှမ်း၊ ပြီးတော့ နောက်တစ်လှမ်း။

ခြေဖဝါးထဲက ဆူးဟာ အသားထဲ ပိုစိုက်ဝင်သွားပြီး နာကျင်တဲ့အရှိန်ကြောင့် မျက်ရည်ချဉ်တောင် ကျလာရတယ်။ ပွဲကြည့်သူတွေကတော့ ဦးတင်မောင် အမူအရာလုပ်ပြတာ ကောင်းလွန်းတယ်။ ပထမရဖို့ သေချာတယ်လို့ ဝေဖန်နေကြပြီ။ အမှန်တကယ်တော့ ဦးတင်မောင်ဟာ အမူအရာလုပ်သရုပ်ဆောင်နေတာ မဟုတ်တော့ဘဲ အမှန်တကယ် ဖြစ်ပျက်ခံစားနေရတယ်ဆိုတာကို ဘယ်သူမှ မသိကြပါဘူး။ ဘဝထဲမှာ တကယ်လျှောက်လှမ်းနေရတဲ့ ခရီးလမ်းကလည်း ဒီအတိုင်းပါပဲလေလို့ တွေးမိလိုက်သေးရဲ့။ အဲဒီလို ခက်ခဲပင်ပန်းစွာ ဆယ့်နှစ်ပေလောက် လျှောက်ပြီးချိန်မှာ ဦးတင်မောင်ရဲ့ သရုပ်ဆောင်မှု အောင်မြင်စွာ ပြီးဆုံးသွားတယ်။ အားပေးလက်ခုပ်သံတွေ ဆူညံသွားတယ်။

ပြိုင်ပွဲအကဲဖြတ်ဒိုင်တွေ ခေါင်းချင်းဆိုင်နေတုန်း ကျွေးမွေးတဲ့ ကောက်ညှင်းပေါင်းနဲ့ ကော်ဖီကို ဦးတင်မောင် မစားသောက်နိုင်ပါဘူး။ စိတ်တွေပြန်ငြိမ်သွားအောင် ဆေးလိပ်သာ ထိုင်ဖွာနေမိတယ်။ နာရီဝက်လောက်ကြာတော့ ပထမ၊ ဒုတိယ၊ တတိယ ရသူတွေရဲ့ အမည်စာရင်း ကြေညာပေးဖို့ အစီအစဉ်မှူး ထွက်လာတယ်။ အစီအစဉ်မှူးက တတိယ နေရာကနေစပြီး ကြေညာပေးတယ်။ ပွဲခင်းထဲမှာ ဝမ်းလျှာနေတဲ့လူ အိမ်သာရှာမတွေ့ဖြစ်နေရပုံ သရုပ်ဆောင်သူက တတိယရသွားတယ်။ လကုန်ရက်မှာ ပိုက်ဆံမကျန်တော့လို့ အကြွေးရှင်ကို ရှောင်ပုန်းနေရပုံ သရုပ်ဆောင်သူက ဒုတိယ ရသွားပြီ။

'ယနေ့ည ပျော်ပွဲရွှင်ပွဲအစီအစဉ်မှာ အကောင်းဆုံးသရုပ်ဆောင်ပြပြီး ပထမဆုကို ရရှိသွားတဲ့သူကတော့…'

အစီအစဉ်မှူးက ချက်ချင်းမပြောဘဲ ပရိသတ်ကို ရင်ခုန်အောင် လုပ်နေတယ်။ ဦးတင်မောင်ကတော့ ပထမတကယ်ရနိုင်ပါ့မလားဆိုတဲ့ မယုံမရဲ အတွေးနဲ့ ရင်ခုန်နေမိတယ်။

'ပထမဆုကို ရရှိသွားသူကတော့ ရေစောင့်နတ်ကြီး အဘဦးတင်မောင်ပါခင်ဗျား… အားလုံး အဘဦးတင်မောင်ကို ဂုဏ်ပြုလက်ခုပ်သံများနဲ့ ကြိုဆိုကြရအောင်ပါခင်ဗျား'

ဦးတင်မောင် ဝမ်းသာလွန်းလို့ မျက်စိတွေတောင် ပြာသွားသလို ခံစားလိုက်ရတယ်။ အကယ်ဒမီဆုရတဲ့ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်လို လက်နှစ်ဖက်ကို အားရပါးရမြှောက်ပြီး 'ဟေး' ခနဲ အော်မိသွားတယ်။

'ပထမဆုအနေနဲ့ စားပွဲပေါ်က နှစ်သက်ရာပစ္စည်းတစ်ခုကို ရွေးယူနိုင်ရန် အဘဦးတင်မောင်ကို ဖိတ်ခေါ်ပါတယ်ခင်ဗျား'

အစီအစဉ်မှူးရဲ့ ကြေညာချက်အဆုံးမှာ အားပေးလက်ခုပ်သံတွေနဲ့အတူ ဦးတင်မောင် ထော့နဲ့တဲ့ ခြေလှမ်းနဲ့ ထွက်လာတယ်။ တုန်ယင်နေတဲ့ လက်အစုံနဲ့ မိန်းကလေးဝတ်ဖို့ သင့်တော်မယ်လို့ ယူဆရတဲ့ ဂျာကင်ပုံစံ အနွေးထည်လှလှလေးကို ရွေးယူလိုက်တယ်။ အနွေးထည်လေးကို ခပ်တင်းတင်းပွေ့ထားတဲ့ ဦးတင်မောင် မျက်လုံးအိမ်မှာ မျက်ရည်စတွေ ရစ်ဝဲလို့။ ကြည့်စမ်း၊ သမီးလေးကို ဝယ်ပေးဖို့ ခက်ခဲလွန်းနေတဲ့ အနွေးထည်လေးကို ခုတော့ ပိုင်ပိုင်နိုင်နိုင် ရခဲ့ပြီ။

'ဟာ အဘကလည်း အဲဒီအနွေးထည်က နှစ်သောင်းခွဲလောက်ပဲ တန်တာဗျ၊ သုံးသောင်းလောက်တန်တဲ့ လျှပ်စစ်ထမင်းအိုးကြီး ယူလိုက်ပါလား၊ ညံ့ပါ့ အဘရာ'

ဦးတင်မောင်ရဲ့ ရွေးချယ်မှုကို အားမလိုအားမရဖြစ်တဲ့ အသံတွေ ထွက်လာတယ်။ ဘယ်သူတွေ ဘာပဲပြောပြော ဦးတင်မောင်ကတော့ အနွေးထည်လေးကိုပဲ ရွေးလိုက်ပြီး ဟက်ပီးနယူးရီးယား အော်သံတွေနဲ့ ပျော်ရွှင်စရာ မီးပုံပွဲကို ကျောခိုင်းလို့ အဆောင်ထဲ ပြန်ဝင်လာခဲ့တယ်။ အဆောင်ထဲမှာ ဆေးနားနေတဲ့ ကောင်လေးက ပွဲခင်းက အသံတွေကြောင့် အိပ်မရဟန်နဲ့ ထိုင်နေတယ်။

'အဘ တယ်ဟုတ်ပါလား၊ အနွေးထည်တွေ ဘာတွေ ရလာတာပဲ။ ဟင် ခြေထောက်က ထော့နဲ့ထော့နဲ့၊ သွေးတွေလည်း ထွက်လို့ပါလား၊ ဘာဖြစ်လာတာလဲ အဘရဲ့'

ဆေးနားကောင်လေးက ဦးတင်မောင်ကို လှမ်းကြည့်ပြောရင်း ခြေထောက်မှာ သွေးထွက်နေတာ မြင်သွားတယ်။ ဟုတ်ပါရဲ့။ ခြေဖဝါး ဆူးစူးဒဏ်ရာကို ဖိဖိပြီး နင်းမိထားတဲ့ဒဏ်ကြောင့် သွေးထွက်လာတဲ့အထိ ဖြစ်သွားတာကိုး။

'အေးကွာ၊ ညနေတုန်းက ရေစက်နားသွားရင်း ကံကောင်းလို့ ဆူးစူးသွားတဲ့ ဒဏ်ရာပေါ့ကောင်လေးရာ'

သွေးထွက်နေတဲ့ ခြေဖဝါးကို ကြည့်ပြီး ကျေကျေနပ်နပ်ကြီး ပြောလိုက်တဲ့ ဦးတင်မောင့်စကားကို တအံ့တသြ နားထောင်ရင်း ဆေးနားကောင်လေးက နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ ■

**ကိုမောင်ဌေးသိန်း၊ပျော်ဘွယ်၊**